

# Rich Kid, Smart Kid

by

Robert T.Kiyosaki

# အနာဂတ်၏ လူငယ်သူကြွယ်များ ပျိုးထောင်ခြင်း

စာအုပ်တိုက်

## မြတ်ငြိမ်း

(ဒုတိယအကြိမ်)

designed by tin htoon

ပထမအကြိမ် ပုံနှိပ်ခြင်း

၂၀၁၄ ခုနှစ်၊ မေလ၊ အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးဒီဇိုင်း

ပန်းချီတင်ထွဏ်း

တစိ

Dream City

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကျော်မိုးစိန် (အောင်သာပုံနှိပ်တိုက်)

၁၇၂၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးလှတိုး (ရန်အောင်စာပေ)

တိုက် ၁၇၊ အခန်း ၂၃၊ ရွှေအုန်းပင်အိမ်ရာ

အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

စာအုပ်ချုပ်

ငွေအိမ်စည်

**တန်ဖိုး - ၃၀၀၀ ကျပ်**

စာအုပ်ကတ်တလောက် အချက်အလက်များ - CIP

မြတ်ငြိမ်း ၈၀၀ . ၈၄

အနာဂတ်၏ လူငယ်သူကြွယ်များ ပျိုးထောင်ခြင်း/ မြတ်ငြိမ်း။

ရန်ကုန်၊ ရန်အောင်စာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၄။

၃၂၆ စာ၊ ၁၄ × ၂၁ စင်တီ။

(၁) အနာဂတ်၏ လူငယ်သူကြွယ်များ ပျိုးထောင်ခြင်း

# အနာဂတ်၏ လူငယ်သူကြွယ်များ ပျိုးထောင်ခြင်း

## မြတ်ငြိမ်း

(ဒုတိယအကြိမ်)



# မာတိကာ

ဘာသာပြန်သူ၏ အမှာ ၁
မိတ်ဆက်စကား ၃

**အပိုင်း (၁)**

ငွေဆိုတာ စိတ်ကူးတစ်ခုပါပဲ ၂၁

**အခန်း (၁)**

ကလေးတွေသည် မွေးလာကတည်းက ချမ်းသာသည် ပါးနပ်ချက်ချာသည် ၂၃

**အခန်း (၂)**

သင့်ကလေးသည် ပါရမီရှင်ကလေးလား ၃၅

**အခန်း (၃)**

သင့်ကလေးများကို ငွေမပေးမီ စွမ်းအားကိုပေးပါ ၆၇

**အခန်း (၄)**

ချမ်းသာလိုလျှင် ကြိုတင်ပြင်ဆင်မှု ပြုရမည် ၉၇

**အခန်း (၅)**

သင့်ကလေးအတွက် အောင်နိုင်ရေးကျင့်စဉ် ဘယ်လောက်များများ လိုအပ်သလဲ ၁၁၇

**အခန်း (၆)**

သင့်ကလေးအသက် (၃၀) အရွယ်တွင် ခေတ်နောက်ကျန်သူ ဖြစ်နေမည်လား ၁၃၇

**အခန်း (၇)**

သင့်ကလေး အသက် (၃၀) မတိုင်မီ အငြိမ်းစားယူနိုင်မည်လား ၁၅၉

## အပိုင်း (၂)

ငွေက ချမ်းသာအောင် လုပ်မပေး ၁၈၉

**အခန်း (၈)**

ကျွန်တော့်ဘဏ်မန်နေဂျာက ကျွန်တော့်ပညာရည်
စစ်ဆေးမှုမှတ်တမ်းကို ဘယ်တုန်းကမျှ မပေး ၁၉၁

**အခန်း (၉)**

ကလေးများက ဆော့ကစားပြီး သင်ယူသည် ၂၀၉

**အခန်း (၁၀)**

ငွေစုသူများသည် ဘာ့ကြောင့် အရှုံးသမားဖြစ်ရသလဲ ၂၂၇

**အခန်း (၁၁)**

ကြွေးကောင်းနှင့် ကြွေးဆိုး ခြားနားချက် ၂၄၅

**အခန်း (၁၂)**

တကယ့်ငွေဖြင့် သင်ယူဆည်းပူးခြင်း ၂၅၉

**အခန်း (၁၃)**

သင့်ကလေး၏ ငွေကြေးဆိုင်ရာ ဉာဏ်ရည်ပြကိန်း
တိုးမြှင့်စေမည့် အခြားနည်းလမ်းများ ၂၇၃

**အခန်း (၁၄)**

ပုံမှန်အသုံးစရိတ်သည် ဘာအတွက်လဲ ၂၈၇

## အပိုင်း (၃)

သင့်ကလေး၏ ပါရမီကို ဖော်ထုတ်ခြင်း ၃၀၃

**အခန်း (၁၅)**

သင့်ကလေး၏ ပင်ကိုပါရမီကို ဘယ်လိုဖော်ထုတ်မည်လဲ ၃၀၇

**အခန်း (၁၆)**

အောင်မြင်ခြင်းဆိုသည်မှာ ကိုယ်ဖြစ်ချင်သူမျိုး
ဖြစ်လာအောင် ဖန်တီးခွင့်ရခြင်း ဖြစ်သည် ၃၁၃

**နိဂုံး**

ကမ္ဘာပေါ်မှာ အရေးအကြီးဆုံးအလုပ် ၃၂၁

# ဘာသာပြန်သူ၏ အမှာ

စာရေးဆရာ ရောဘတ်ကီယိုဆာကီ (Robert Kiyosaki) သည် ရှာရွန် လက်(ချ်) တာ Sharon Lechter, C.P.A ဆိုသည့် မှတ်ပုံတင် စာရင်းကိုင် တစ်ဦးနှင့် တွဲပြီး ချမ်းသာတဲ့ ဖေဖေနှင့် နွမ်းရှာတဲ့ ဖေဖေ (Rich Dad Poor Dad) စာအုပ်ကို ရေးခဲ့သည်။ အောင်မြင်သည်။ ကမ္ဘာ့ရောင်းအကောင်း ဆုံးစာရင်း ဝင်ခဲ့သည်။ ထိုစာအုပ်ကို **ဖအေနှစ်ဦး သင်ပေးတဲ့ ဆင်းရဲနည်း ချမ်းသာနည်း** ခေါင်းစဉ်ဖြင့် ကျွန်တော် မြန်မာပြန်ခဲ့သည်။ တူဒေး စာအုပ် တိုက်က ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် စာရေးသူများက ရှေးရိုးစဉ်လာ ဆုံးမစကားဖြစ်သော "ကျောင်းတက်၊ စာကြိုးစား၊ အလုပ်အကိုင် ကောင်း ကောင်းတစ်ခု ဝင်လုပ်" ဆိုသည်ကို တိုက်ခိုက်ထားသည်။ မိမိတို့ သားသမီး များကို လခစား ဝန်ထမ်းဘဝဖြင့် ငွေကြေး မပြေလည်အောင်လုပ်နေရာ ကျသည်ဟု စွပ်စွဲထားသည်။

ယခု ကီယိုဆာကီနှင့် လက်(ချ်)တာတို့နှစ်ဦးပင် ပူးတွဲပြီး ချမ်းသာတဲ့ ချာတိတ်၊ ချက်ချာတဲ့ ချာတိတ် နာမည်ဖြင့် စာအုပ်တစ်အုပ် ရေးထုတ်လိုက် ပြန်ပြီ။ ဤစာအုပ်တွင်တော့ သူတို့က ကလေးတိုင်း မွေးလာကတည်းက ပင်ကိုစွမ်းရည်များ ပါလာကြောင်း၊ ကလေးတိုင်း မွေးလာကတည်းက ချမ်း သာဖို့ ပါရမီပါလာကြောင်း၊ ၎င်းပါရမီကို မိဘများက ကာကွယ်စောင့် ရှောက်ပေးဖို့၊ ၎င်းပါရမီကို ပြုစုပျိုးထောင်ပေးဖို့နှင့် ပြုစုပျိုးထောင်နည်း အချို့ကိုလည်း တင်ပြထားသည်။ ထိုသို့ မိဘတွေဘက်ကသာ အလေးထား မည်၊ တာဝန်ကျေမည်ဆိုလျှင် ယနေ့ ကလေးသူငယ်များသည် အနာဂတ်၏

လူငယ်သူကြွယ်များ ဖြစ်လာမည်ဖြစ်ကြောင်း တင်ပြထား၏။ မိဘများနှင့် ကျောင်းဆရာ၊ ဆရာမများကိုလည်း တပ်လှန့် နိုးဆော်ထား၏။

နောက်ပြီး ယနေ့ စာသင်ကျောင်းများတွင် သင်ပေးဖို့ ပျက်ကွက်နေသည့် ငွေကြေးပညာ အခြေခံကိုလည်း လူတိုင်း နားလည်နိုင်အောင် ရှင်းလင်းလွယ်ကူစွာ မိတ်ဆက်ပေးထားသည်။ လူတိုင်း၊ လူတိုင်းတွင် မိမိအားသန်သည့် သင်ယူနည်းများရှိကြောင်း၊ ထို့ကြောင့် ကလေးသူငယ်များ သင်ယူတတ်မြောက်အောင် သူတို့အားသန်သည့် သင်ယူပုံဟန်များကို ရှာဖွေဖော်ထုတ်သင့်ကြောင်း အကြံပေး တိုက်တွန်းထားသည်။

ဤစာအုပ်သည် အနောက်တိုင်းသားများ ရေးသားပြုစုထားသည့် အတွက် သူတို့အနောက်တိုင်းနှင့်သာ သင့်လျော်မည်ဟု မှုသေ မှတ်လို့မရပါ။ သူတို့ ကြုံတွေ့နေသည့် ပြဿနာမျိုးတွေ ကျွန်တော်တို့ဆီမှာလည်း ကြုံတွေ့နေရသည်သာ။ ဤစာအုပ်ကိုဖတ်ပြီး ကျွန်တော်တို့ ပြုပြင်လိုသည့်ဆန္ဒရှိလျှင် ပြုပြင်လို့ရတာတွေ အများကြီးတွေ့ရမည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ဤစာအုပ်ကို ဘာသာပြန်ရာ၌ မြန်မာ စာဖတ်ပရိသတ်နှင့် စိမ်းလွန်းသော အကြောင်းအရာများကို ချန်လှပ်ခဲ့ကြောင်း ဝန်ခံစကားပြောလိုပါသည်။

သင့်မှာ သားသမီးရှိလျှင်၊ သားသမီးရှိဖို့ အလားအလာရှိသည်ဆိုလျှင်၊ မြေတောင်မြှောက်ပေးရမည့် ကလေးသူငယ်များကို တာဝန်ယူထားရသည်ဆိုလျှင် ဤစာအုပ်ကို ဖတ်ကြည့်ပါ။ အတွေးသစ်၊ အမြင်သစ်၊ ကလေးတွေ ဖျိုးခနဲ ဖျတ်ခနဲ ပေါ်လာပါလိမ့်မည်။ နောက်ဆုံး မိမိနှင့်ပတ်သက်ရာ ပတ်သက်ကြောင်း ကလေးများအား ပြုပြင်သင်ကြားပေးရင်း သင်ကိုယ်တိုင်ပါ လူသစ်၊ စိတ်သစ် ဖြစ်သွားနိုင်ကြောင်း အမှာစကား ပြောကြားအပ်ပါသည်။

**စာချစ်သူများအား လေးစားလျက်**
**မြတ်ငြိမ်း**
**၂၂-၁၂-၂၀၁၃**

# မိတ်ဆက်စကား

## သင့်ဘဏ်မန်နေဂျာက သင့်ပညာရည် စစ်ဆေးမှုမှတ်တမ်းကို ဘာကြောင့် မတောင်းသလဲ

ပညာရေးသည် မျက်မှောက်ခေတ်တွင် ပို၍ပို၍ အရေးကြီးလာ၏။ သမိုင်းကြောင်းတစ်လျှောက် ဖြတ်သန်းခဲ့သည့် ခေတ်အသီးသီးမှာတုန်းကထက်ကို ပို၍ပို၍ အရေးကြီးလာ၏။ ကျွန်တော်တို့ စက်မှုခေတ်ကို နောက်မှာ ထားခဲ့ပြီး သတင်းခေတ်ထဲသို့ ဝင်လာခဲ့ကြပြီ။ ထိုအခါ တစ်ဦးတစ်ယောက်၏ ပညာတန်ဖိုးသည် ဆက်လက် ကြီးမြင့်လာ၏။ ယနေ့ မေးနေကြသည့် မေးခွန်းမှာ သင် (သို့မဟုတ်) သင့်ကလေး ကျောင်းမှာ သင်ယူခဲ့သည့် ပညာရေးသည် ကျွန်တော်တို့ ဝင်ရောက်လာသည့် ခေတ်သစ်ကမ္ဘာကြီး၏ စိန်ခေါ်ချက်များကို ရင်ဆိုင်နိုင်လောက်အောင် ပြည့်စုံလုံလောက်ပါရဲ့လား ဟူ၏။

စက်မှုခေတ်တုန်းကဆို သင် ကျောင်းသို့ သွားနိုင်သည်။ ဘွဲ့ယူနိုင်သည်။ ပြီးတော့ ဝမ်းကျောင်းလုပ်ငန်းကို လုပ်နိုင်သည်။ ထုံးစံအားဖြင့် သင့်ဘဝအောင်မြင်ရေးအတွက် ထပ်ဆင့်ပညာရေးဆိုတာ မလိုတော့။ ဘာကြောင့်ဆို ထိုခေတ်က အပြောင်းအလဲများသည် သည်လောက် မြန်မြန်ဆန်ဆန်ကြီး မဖြစ်ပေါ်သောကြောင့်ပင်။ တစ်နည်းဆိုသော် သင် ကျောင်းမှာ သင်ယူဆည်းပူးခဲ့သည့် ပညာသည် သင့်ဘဝ တစ်သက်တာလုံးအတွက် ပြည့်စုံလုံလောက်နေသောကြောင့် ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် မွေးဖွားလာသူများသည် ယနေ့ဆိုလျှင် လုပ်ငန်းခွင်မှ အနားယူရမည့်အရွယ်သို့ ရောက်နေကြပြီ။ သို့ဖြစ်သော်လည်း

သူတို့တော်တော်များများသည် သူတို့ ရင်ဆိုင်ရမည့် ကမ္ဘာသစ်နှင့် လိုက်လျောညီထွေဖြစ်လောက်သည့် ပညာကို မသင်ယူခဲ့ရကြောင်း သိမြင်သဘောပေါက်နေကြပြီ ဖြစ်၏။ ကမ္ဘာသမိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် အဆင့်မြင့် ပညာတတ်များသည် သူတို့လောက် ပညာမတတ်သူများ ကြုံတွေ့ရသည့် စီးပွားရေးအကျပ်အတည်းများကို ကြုံတွေ့နေရ၏။ သူတို့၏ လက်ရှိအလုပ်အတွက် လိုအပ်ချက်များနှင့် ကိုက်ညီအောင် ထပ်ဆင့်ပညာသင်ယူမှုများ အကြိမ်ကြိမ်၊ အဖန်ဖန် လုပ်နေကြရသည်ကိုလည်း တွေ့ရ၏။

## သင့်ပညာရေး၏ အောင်မြင်မှုကို ဘယ်အချိန်မှာ တိုင်းတာမည်လဲ

သင့်ပညာရေး၏ အောင်မြင်မှုကို ဘယ်အချိန်၊ ဘယ်ကာလမှာ တိုင်းတာမည်လဲ။ ဘွဲ့ယူသည့်နေ့တွင် ကျောင်းက နောက်ဆုံးထုတ်ပေးသည့် ပညာရည်စစ်ဆေးမှုမှတ်တမ်းကို ကြည့်ပြီး တိုင်းတာမှာလား။ ဆိုပါစို့၊ အသက် နှစ်ဆယ့်ငါးနှစ် အရွယ်မှာပေါ့။ သို့မဟုတ် ပညာရေး၏ ထိရောက်မှုကို တိုင်းတာလို့ရသည့် အလုပ်မှ အငြိမ်းစားယူချိန်မှာလား။ ဆိုပါစို့၊ အသက် ခြောက်ဆယ့်ငါးနှစ်မှာပေါ့။

၁၆-၇-၂၀၀၀ တနင်္ဂနွေနေ့ထုတ် ***အရိုစုံးနားရီပတ်ဘလစ်*** သတင်းစာတွင် ဖော်ပြပါရှိသည့် ဆောင်းပါးတစ်ပုဒ်၌ စာရင်းအင်းတစ်ခု ပါလာ၏။ အမေရိကန် ကျန်းမာရေးစီမံကိန်းအဖွဲ့၏ ဆန်းစစ်လေ့လာချက်တစ်ခုက ဖော်ပြထားသည်မှာ အမေရိကန် သက်ကြီးရွယ်အို ၇၀၀,၀၀၀ ခန့်ကို ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့် ရပ်ဆိုင်းတော့မည် ဆို၏။

ဆောင်းပါးတွင် ဆက်လက်ဖော်ပြထားသည်မှာ သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်စီမံကိန်းမှာ ငွေကုန်ကြေးကျများလွန်းကြောင်း၊ နောက်ပြီး အသက်အာမခံကုမ္ပဏီများအတွက် အကျိုးအမြတ် မရနိုင်ကြောင်း၊ ထို့ကြောင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်ခံစားခွင့် ပေးတော့မည်မဟုတ်ကြောင်း ပါရှိလေသည်။ သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုပြဿနာသည် တဖြည်းဖြည်းကြီးသည်ထက် ကြီးလာမည်သာ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် နောင်ဆယ်နှစ်ဆိုလျှင် ခုနစ်ဆယ့်ငါးသန်းမျှရှိသော ဒုတိယကမ္ဘာစစ်အပြီးတွင် မွေးဖွားခဲ့သူများသည် ကျန်းမာရေးစောင့်ရှောက်မှု ခံယူရမည့် အသက် အပိုင်းအခြားသို့ ရောက်လာမည်ဖြစ်သောကြောင့်တည်း။

## ကျန်းမာရေး အသိပညာနှင့် လူမှုဖူလုံရေး စာရင်းအင်းများ

ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ စစ်တမ်းတစ်ခုအရဆိုလျှင် အသက်ခြောက်ဆယ့်ငါးနှစ်ပြည့်သည့် လူ တစ်ရာတိုင်းတွင် တစ်ယောက်က ချမ်းသာသည်။ လေးယောက်က ချောင်ချောင်လည်လည် ရှိသည်။ ငါးယောက်က အလုပ်လုပ်နေရဆဲ ဖြစ်သည်။ ငါးဆယ့်ခြောက်ယောက်က အစိုးရ၏ ထောက်ပံ့မှု (သို့မဟုတ်) မိသားစု၏ ထောက်ပံ့မှုကို လိုအပ်နေပြီး ကျန် အဘိုးကြီး၊ အဘွားကြီးတွေကတော့ ကွယ်လွန်ကုန်သည် ဟူ၏။

ဤစာအုပ်သည် ချမ်းသာသည့် သက်ကြီးရွယ်အို တစ်ယောက်နှင့် မပတ်သက်၊ မသက်ဆိုင်ပါ။ ကျွန်တော် စာနာထောက်ထားမိသည်မှာ တစ်စုံ တစ်ဦး၏ အထောက်အပံ့ကို လိုအပ်နေဆဲဖြစ်သည့် ငါးဆယ့်ခြောက်ယောက် သော သက်ကြီးရွယ်အိုများကိုသာ ဖြစ်၏။ ကျွန်တော်က သင် (သို့မဟုတ်) သင့်သားသမီးတွေ ထိုမျှ များပြားသည့် အထောက်အပံ့ခံ လူဦးရေစာရင်း ထဲတွင် မပါစေချင်ပါ။

လူတွေက ကျွန်တော့်ကို မကြာမကြာ ပြောတတ်ကြ၏။ "ကျုပ် အငြိမ်းစားယူလိုက်ပြီဆိုတဲ့ အခါကြတော့ ... လူနေမှုစရိတ်တွေ လျော့ကျ သွားမယ်လေ။ ဒီတော့ အငြိမ်းစားယူချိန်မှာ ကျုပ်ငွေတွေ သိပ် များများစားစား ကြီး လိုမှာ မဟုတ်ပါဘူး" ဟူ၍။ သင် အငြိမ်းစား ယူပြီးသောအခါ သင့် လူနေမှုစရိတ်တွေ သက်သာသွားမည်ဆိုတာ မှန်ပါသည်။ သို့ပေမဲ့ သိသိ သာသာ တိုးတက်သွားတတ်သော စရိတ်စကတစ်မျိုး ရှိနေသည်။ ထိုအရာ ကား ကျန်းမာရေး စရိတ်များပေတည်း။ ထို့ကြောင့် အထက်တွင် ဖော်ပြခဲ့ သည့် ဆောင်းပါးတွင် ပါရှိသည့် ကျန်းမာရေး ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့အစည်းများက သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးစောင့်ရှောက်မှု စရိတ်တွေကို ဖြတ်တောက်တော့မည်ဆိုခြင်း ဖြစ်၏။ သက်ကြီးရွယ်အိုများ ကို စောင့်ရှောက်ဖို့ စရိတ်တွေ မြင့်မားလွန်းနေပြီး နောင် နှစ်အနည်းငယ် ဆိုလျှင် အဘိုးအဘွားတို့အား ကျန်းမာရေး စောင့်ရှောက်မှုသည် သေရေး ရှင်ရေးတမျှ အရေးကြီးသော ပြဿနာကြီး ဖြစ်လာတော့မည်မှာ မြေကြီး လက်ပုတ်မလွဲ ဖြစ်နေတော့၏။ ဘွင်းဘွင်းရှင်းရှင်း ပြောရမည်ဆိုလျှင်တော့ သင့်မှာ ငွေရှိလျှင် အသက်ရှင်နိုင်သည်။ သင့်မှာ ငွေမရှိလျှင် သေပေရော့။

သည်တော့ မေးရမည့် မေးခွန်းတစ်ခုရှိသည်။ ထိုထိုသော အဘိုးအို၊ အဘွားအိုများ သင်ယူခဲ့သည့် ပညာရေးကို သူတို့တစ်တွေ ဘဝနေဝင်ချိန်

တွင် ကြုံရမည့် ငွေကြေးပြဿနာများကို ဖြေရှင်းနိုင်လောက်အောင် ကြိုတင် ပြင်ဆင်ပေးခဲ့သလား။

နောက်မေးခွန်းတစ်ခု ရှိသေးသည်။ ထိုထိုသော အဘိုး၊ အဘွားအို များ ကြုံရမည့် အကျပ်အတည်းများနှင့် သင့်ကလေး၏ ပညာရေး ဘယ်လို ပတ်သက်နေသလဲ။

သည်မေးခွန်းနှစ်ခုအတွက် အဖြေနှစ်ခုရှိ၏။

အဖြေနံပါတ်တစ်မှာ သန်းပေါင်းများစွာသော သက်ကြီးရွယ်အိုများ သည် သူတို့ကိုယ်သူတို့ စောင့်ရှောက်နိုင်စွမ်း မရှိဘူးဆိုလျှင် နောက်ဆုံး တွင် သူတို့၏ ကျန်းမာရေး ထိန်းသိမ်းစောင့်ရှောက် စရိတ်တွေကို ကျခံရ မည့်သူမှာ သင့်ကလေး ဖြစ်၏။

အဖြေနံပါတ်နှစ်ကတော့ နောက်ထပ် မေးခွန်းတစ်ခု ဖြစ်နေ၏။ ၎င်းမေးခွန်းမှာ သင့်ကလေးတွေ အရွယ် ထောက်လာပြီး လုပ်ငန်းခွင်မှ အနားယူချိန်တွင် အစိုးရ၏ ငွေကြေးထောက်ပံ့မှုနှင့် ဆေးဝါးကုသစရိတ် ထောက်ပံ့မှု မယူဘဲ ရပ်တည်နိုင်လောက်အောင် သင့်ကလေးတွေ၏ ပညာ ရေးက အသင့်ပြင်ပေးလိုက်သလား ဟူ၏။

## စည်းကမ်းဥပဒေတွေ ပြောင်းကုန်ပြီ

စက်မှုခေတ်တွင် လိုက်နာရမည့် စည်းကမ်း ဥပဒေများမှာ ကျောင်းတက်၊ စာတော်အောင် ကြိုးစား၊ ခံစားခွင့်တွေ အများကြီးရှိပြီး ရေရှည် အာမခံချက် ရှိသည့် အလုပ်တစ်ခုရှာ၊ နောက်ပြီး ထိုအလုပ်ကို စွဲစွဲမြဲမြဲလုပ်။ နှစ်ပေါင်း နှစ်ဆယ်လောက် လုပ်သက်ရတော့ လုပ်ငန်းခွင်မှ အငြိမ်းစားယူ။ ထိုအခါ သင်၏ လက်ကျန် သက်တမ်းတစ်လျှောက်အတွက် ကုမ္ပဏီနှင့် အစိုးရ က တာဝန်ယူ စောင့်ရှောက်။

ယခု သတင်းခေတ်မှာတော့ စည်းကမ်းဥပဒေတွေက ပြောင်းလဲကုန် ပြီ။ ယခု သင် လိုက်နာရမည့် စည်းကမ်း ဥပဒေများမှာ ကျောင်းတက်၊ စာတော်အောင် ကြိုးစား၊ အလုပ်တစ်ခုရှာ။ ထို့နောက် ထိုအလုပ်အတွက် မွမ်းမံသင်တန်းတက်။ ကုမ္ပဏီအသစ်နှင့် အလုပ်သစ်တစ်ခုရှာ။ အလုပ်သစ် အတွက် သင်တန်းတက်။ ကုမ္ပဏီအသစ်တစ်ခုရှာ။ အလုပ်အသစ် တစ်ခုရှာ။ သင်တန်းအသစ် ထပ်တက်။ ပြီးတော့ အသက် ခြောက်ဆယ့်ငါးနှစ်ထက် ဆော်တော်ကြီးသည်အထိ မကြောင့်မကြနေနိုင်အောင် ငွေကြေး လုံလုံလောက်

လောက် စုမိပါစေဟု မျှော်လင့်နေ၊ ဆုတောင်းနေ။ ဘာကြောင့်ဆို သင်က အသက်ခြောက်ဆယ့်ငါးနှစ်ထက် အများကြီး ပိုပြီး အသက်ရှည်နေဦးမည် ဖြစ်သောကြောင့်ပင်။

စက်မှုခေတ်တွင် ပြောင်းလဲမှုတွေက နှေးကွေးသည်။ သတင်းခေတ်မှာတော့ ပြောင်းလဲမှုတွေက လျင်မြန်လွန်းလှသည်။ လက်ရှိခေတ်ကာလတွင် တစ်နှစ်ခွဲ ကြာသွားတိုင်း သတင်းပမာဏသည် နှစ်ဆတိုးလာသည် ဆို၏။ အဓိပ္ပာယ်ကတော့ ကျွန်တော်တို့ ခေတ်မီနေဖို့၊ ပြောင်းလဲမှုတွေကို အမီလိုက်နေနိုင်ဖို့ တစ်နှစ်ခွဲကြာတိုင်း အစစအရာရာကို ပြန်လည် သင်ယူဆည်းပူးနေရမည်ဟူ၏။

စက်မှုခေတ်မှာတုန်းက သင် ကျောင်းတက်ပြီး သင်ယူလာသည့် ပညာ၏တန်ဖိုးသည် ရေရှည်ခံ၏။ ကာလအကြာကြီး အသုံးချလို့ရ၏။ သတင်းခေတ်တွင်မူ သင်သိထားသည့် အသိပညာများသည် မြန်မြန်ဆန်ဆန်ကြီး ခေတ်နောက်ကျနေလေ့ ရှိ၏။ သင် သင်ယူလေ့လာသည့် ပညာသည် အရေးကြီးသည်မှန်၏။ သို့ပေမဲ့ သတင်းသစ်ကို ဘယ်လောက် မြန်မြန်ဆန်ဆန် သင်ယူ လေ့လာနိုင်သလဲ။ သတင်းသစ်နှင့် လိုက်လျောညီထွေဖြစ်အောင် ဘယ်လောက် လျင်လျင်မြန်မြန် ပြုပြင်ပြောင်းလဲနိုင်သလဲ ဆိုတာလောက် အရေးမကြီးတော့ချေ။

ကျွန်တော့်မိဘနှစ်ပါးစလုံးသည် စီးပွားပျက်ကပ်ဆိုးကြီးကျရောက်သည့် ကာလအတွင်း မွေးဖွားခဲ့ကြသည်။ သူတို့အတွက် အလုပ်အကိုင်တည်တံ့ခိုင်မြဲရေးသည် အစစအရာရာ ဖြစ်၏။ ထို့ကြောင့်ပင် “မင်း ကျောင်းတက်ပြီး စာသင်ရမယ်နော်။ ဒါမှ ဘဝအာမခံချက်ရှိတဲ့ အလုပ်တစ်ခု ရမယ်” ဆိုသော စကားကိုပြောတိုင်း သူတို့အသံတွင် ကြောက်လန့်တုန်လှုပ်မှုကလေး စွက်နေတတ်ခြင်း ဖြစ်ပေသည်။ သင် သတိမထားမိလျှင် ပြောလိုက်ပါရစေ။ ယနေ့ခေတ် ယနေ့အခါတွင် အလုပ်တွေ တောင်လိုပုံနေပါသည်။ ယနေ့ ကျွန်တော်တို့ ရင်ဆိုင်နေရသည့် စိန်ခေါ်ချက်မှာ လက်ရှိ အလုပ်ထဲမှာ နှစ်ပြီး အများသူငါထက် ခေတ်နောက်ကျမကျန်ရစ်ရေး ဖြစ်၏။

ခေတ်နှစ်ခေတ်အကြား သိမ်မွေ့သော်လည်း သိသာသည့် အခြားပြောင်းလဲမှုများမှာ စက်မှုခေတ်တွင် သင်၏အငြိမ်းစား ဘဝအစီအစဉ်အတွက် အလုပ်ရှင်မှာ တာဝန်ရှိသည်။

သတင်းခေတ်တွင် အလုပ်သမားမှာပဲ တာဝန်ရှိသည်။ သင် အသက်ခြောက်ဆယ့်ငါးနှစ် ကျော်ချိန်တွင် ငွေကြေး ချို့တဲ့ခြင်းသည် သင့်ပြဿနာသာ ဖြစ်၏။ ကုမ္ပဏီ၏ ပြဿနာမဟုတ်။

စက်မှုခေတ်တွင် သင် အသက်အရွယ်ကြီးရင့်လာလေ တန်ဖိုးလျော့လာလေ ဖြစ်၏။

စက်မှုခေတ်တွင် လူတွေသည် တစ်သက်လုံး အမှုထမ်းဘဝဖြင့် နေထိုင်ကြ၏။

သတင်းခေတ်တွင် လွတ်လွတ်လပ်လပ် လုပ်ကိုင်စားသူတွေ များလာ၏။

စက်မှုခေတ်တွင် လူတော်ကလေးတွေသည် ဆရာဝန်တွေ၊ ဥပဒေပညာရှင်တွေ ဖြစ်လာ၏။ သူတို့ ဝင်ငွေ တနင့်တပိုး ရကြ၏။

သတင်းခေတ်တွင် ဝင်ငွေ တနင့်တပိုး ရသူများမှာ အားကစားသမားတွေ၊ သရုပ်ဆောင်တွေနှင့် ဂီတသမားတွေ ဖြစ်၏။ ဆရာဝန် တော်တော်များများနှင့် အခြားဝမ်းကျောင်းပညာရှင်များသည် စက်မှုခေတ်တုန်းကလောက် ဝင်ငွေ မကောင်းကြတော့ချေ။

စက်မှုခေတ်တွင် သင်နှင့် သင့်မိသားစု ငွေကြေးအခက်အခဲကြုံလျှင် သင့်အား ကယ်ဆယ်ဖို့ အစိုးရကို အားထားလို့ရ၏။

သတင်းခေတ်တွင် လူမှုဖူလုံရေး စီမံကိန်းနှင့် အခြားသော အစိုးရအထောက်အပံ့ပေးရေး စီမံကိန်းများကို ထိန်းသိမ်းထားမည်ဖြစ်ကြောင်း နိုင်ငံရေးသမားတွေ အပြောများ၊ ကတိပေးတာတွေ များလာသည်ကို ကျွန်တော်တို့ ကြားကြားနေရသည်။ တစ်စုံတစ်ခုကို ကာကွယ်ဖို့၊ ထိန်းသိမ်းဖို့၊ နိုင်ငံရေးသမားတွေ ကတိတွေ စပေးလာပြီဆိုလျှင် သူတို့ ထိန်းသိမ်းကာကွယ်ဖို့ အဆိုပြုနေသည့် အရာသည် မရှိတော့ဖို့ အလားအလာများကြောင်း သိနေလောက်အောင် သင်တို့၊ ကျွန်တော်တို့ကလည်း ပါးနပ်နေပြီဖြစ်၏။

အပြောင်းအလဲများ ဖြစ်ပေါ်လာသောအခါ ထုံးစံအားဖြင့် ဆန့်ကျင်ခုခံလေ့ရှိကြ၏။ လွန်ခဲ့သည့် နှစ်အနည်းငယ်တုန်းက အပြောင်းအလဲကာလအတွင်း ပေါ်ပေါက်လာသော အခွင့်အလမ်းများကို ကြည့်တတ်၊ မြင်တတ်၊ အသုံးချတတ်သူများရှိကြောင်း သာဓက တော်တော်များများ တွေ့ရ၏။

၁။ ဘီလ်ဂိတ်သည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးပုဂ္ဂိုလ် ဖြစ်လာသည်။ အဘယ့်ကြောင့်ဆိုသော် အိုင်ဘီအမ်ကုမ္ပဏီရှိ လူကြီးတွေက စျေးကွက်

ကို မကြည့်တတ်၊ မမြင်တတ်သောကြောင့် ဖြစ်၏။ နောက်ပြီး စည်းကမ်း ဥပဒေတွေ ပြောင်းလဲနေသည်ကို မသိ၊ မမြင်သောကြောင့် ဖြစ်၏။ အိုင်ဘီအမ်ရှိ အဆိုပါအရာရှိကြီးတွေ အပြောင်းအလဲများကို မသိ၊ မမြင်မှုကြောင့် အိုင်ဘီအမ်တွင် ရင်းနှီးမြှုပ်နှံခဲ့သူများသည် ဒေါ်လာကုဋေပေါင်းများစွာ အရှုံးပေါ်ခဲ့ကြသည်။

၂။ ယနေ့ဆိုလျှင် သတင်းခေတ်ကုမ္ပဏီတွေ ပေါ်ပေါက်လာပြီ။ ၎င်းကုမ္ပဏီများကို အသက်နှစ်ဆယ်ဝန်းကျင် လူငယ်တွေက စီမံခန့်ခွဲနေသည်။ သူတို့က လေးဆယ့်ငါးနှစ်ဝန်းကျင် ဆရာကြီးတွေ စီမံခန့်ခွဲနေသည့် ကုမ္ပဏီများကို ဝယ်ယူနေကြ၏။

၃။ ယနေ့ဆိုလျှင် အသက်နှစ်ဆယ်ဝန်းကျင် လူငယ်တွေ ကုဋေကြွယ်သူဌေးတွေ ဖြစ်ကုန်ပြီ။ အကြောင်းမှာ လေးဆယ့်ငါးနှစ်ဝန်းကျင် အရာရှိကြီးတွေက နှစ်ဆယ်ဝန်းကျင်လူငယ်တွေ မြင်သော၊ တွေ့သော အခွင့်အလမ်းများကို သူတို့ မမြင်၊ မတွေ့ကြသောကြောင့် ဖြစ်၏။

၄။ ယနေ့ဆိုလျှင် ဘယ်တုန်းကမှ လခစားအလုပ်ကို မလုပ်ခဲ့ဖူးသော ကိုယ့်ထူးကိုယ်ချွန် ကုဋေကြွယ် အသက်နှစ်ဆယ်ဝန်းကျင်လူငယ်များ ရှိနေပြီ။ တစ်ချိန်တည်းတွင် အသက်လေးဆယ့်ငါးနှစ်ဝန်းကျင် ဆရာကြီးတွေ လုပ်ငန်းသစ်ကို လုပ်ကိုင်နိုင်ဖို့ ပြန်လည် သင်တန်းတက်နေကြရသည်။ လုပ်ငန်းခွင်မှာ ပိုင်နိုင်ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ဖို့ တစ်ကနေ ပြန်စနေကြရသည်။

၅။ သိပ်မဝေးတော့သော အနာဂတ်ကာလအတွင်း လူတွေသည် တစ်ဦးတစ်ယောက်ချင်းအနေဖြင့် အလုပ်ရအောင် လျှောက်လွှာတင်မည့်အစား "အွန်လိုင်း" ပေါ်တက်ပြီး အလုပ်ပေးချင်သူများကို ဈေးပြိုင်စနစ်ဖြင့် ခေါ်ယူကြတော့မည်ဟု ပြောဆိုနေကြပြီ။ နောက်ပြီး အလုပ်တစ်ခုတွင် တစ်နှစ်ထက် ပိုကြာအောင် (ပိုပြီး လုံခြုံစိတ်ချစွာ) လုပ်လိုသူများသည် အဆိုပါ အာမခံချက်ကို မက်သည့်အတွက် လခနည်းနည်းပဲ ရကြလိမ့်မည်ဟု ပြောနေကြ၏။

၆။ ရောမကုမ္ပဏီကြီးတစ်ခုတွင် ရာထူးကြီးကြီး၊ လခကောင်းကောင်း ရသည့် အလုပ်တစ်ခုရအောင် မျှော်လင့်တမ်းတနေမည့်အစား သူတို့၏ အဆောင်အခန်းထဲတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်သည့်

စာသင်သားတွေ တစ်နေ့တခြား များများလာလေပြီ။ ဟားဗတ်တက္ကသိုလ်မှာဆိုလျှင် ထိုသို့ ကိုယ်ထူကိုယ်ထစာသင်သားများကို အကူအညီ အထောက်အပံ့ပေးဖို့ အထူးရုံးခန်းတစ်ခန်းပင် ဖွင့်ပေးထား၏။

၇။ တစ်ချိန်တည်းတွင် အမေရိကန်၌ အလုပ်အကိုင် အများဆုံး ခန့်ထားပေးနိုင်သည့် အလုပ်ရှင်တစ်ဦး၏ အလုပ်သမားဦးရေ ထက်ဝက်လောက်သည် လောက်လောက်လားလား လုပ်ခ မရကြ။ ထို့ကြောင့် သူတို့သည် အစိုးရက ထုတ်ပေးသော အစားအစာ ထောက်ပံ့ကြေး ထုတ်ယူလို့ရသည့် "တန်း" ဝင်နေလေသည်။ ၎င်းအလုပ်သမားတွေ အိုမင်းမစွမ်းဖြစ်လာပြီး အလုပ် မလုပ်နိုင်တော့ဘူးဆိုလျှင် သူတို့ ဘယ်ဘဝမျိုး ကြုံကြရမည်လဲ။ သူတို့ သင်ယူခဲ့သည့် ပညာရေးသည် ထိုသို့သော ဆင်းရဲဒုက္ခမျိုးကို အကာအကွယ်ပေးနိုင်လောက်အောင် ပြည့်စုံလုံလောက်မှုရှိရဲ့လား။

၈။ အိမ်မှာ စာသင်ပေးခြင်းသည် မထိရောက်သော ပညာသင်ပေးနည်း တစ်ရပ် မဟုတ်တော့။ ယနေ့ဆိုလျှင် အိမ်မှာသင်ပြီး ပညာတတ်လာသည့် ကလေးအရေအတွက်သည် တစ်နှစ်လျှင် ၁၅ ရာခိုင်နှုန်း တိုးနေသည်။

၉။ ယနေ့ဆိုလျှင် အခြားအခြားသော ပညာရေးစနစ်များကို စူးစမ်းရှာဖွေနေသည့် မိဘတွေ များသည်ထက် များလာပြီဖြစ်၏။ သူတို့က သူတို့၏ ကလေးများအား အစိုးရ ဦးစီးသည့် ဘိုးတော်ဘုရားလက်ထက်သုံး ပညာရေးစနစ် အိုမင်းရွတ်တွကြီးထဲမှ ဆွဲထုတ်ချင်နေကြပြီ။ ဘာကြောင့်ဆို သည်ပညာရေးစနစ်အိုကြီးက သူတို့ကလေးတွေ၏ လိုအပ်ချက်များကို ဖြည့်ဆည်းမပေးနိုင်သောကြောင့်ပင်။ ကလေးတစ်ဦး၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ကောလိပ်ကျောင်းသည် အရေးပါ အရာရောက်သလို ရှေးဦးသင် ပညာရေးသည်လည်း အရေးပါ အရာရောက်ကြောင်း သဘောပေါက်သည့် မိဘတွေ များများလာပြီ ဖြစ်၏။

၁၀။ ရိုးရိုးရှင်းရှင်းပြောရလျှင် သတင်းခေတ်က စီးပွားရေးအပြောင်းအလဲတွေကို ပေါ်ပေါက်စေလိမ့်မည်။ ၎င်းပြောင်းလဲမှုများကြောင့် ဆင်းရဲချမ်းသာကွာဟမှု ကြီးမားသည်ထက် ကြီးမားလာပါလိမ့်မည်။ တချို့လူတွေအတွက် ၎င်းအပြောင်းအလဲများသည် ကောင်းချီးမင်္ဂလာတစ်ခု ဖြစ်နေလိမ့်မည်။ အခြားသူများအတွက်မူ ၎င်းအပြောင်းအလဲများသည် ကျိန်စာတစ်ခု

ဖြစ်နေလိမ့်မည်။ နောက်ထပ် အခြားသူများအတွက် ၎င်းအပြောင်းအလဲများကြောင့် ဘာမျှ ပိုပြီး ထူးခြားသွားမည် မဟုတ်ပါချေ။ ကျွန်တော့် ချမ်းသာဖေဖေ ပြောခဲ့သည့် စကားရှိသည်။

"ဖြစ်ရပ်တွေ ဖြစ်ပေါ်လာအောင် စွမ်းဆောင်နိုင်တဲ့ လူစားတွေ ရှိတယ်။ နောက်ပြီး ဖြစ်ရပ်တွေ ဖြစ်ပေါ်လာတာကို စောင့်ကြည့်နေတဲ့ လူစားတွေ ရှိတယ်။ ပြီးတော့ "ဟာ. . .ဘာတွေဖြစ်ကုန်တာလဲဟ" လို့ ရေရွတ်တဲ့ လူစားတွေလည်း ရှိတယ်" ဟူ၏။

## ပညာရေးသည် ယခင်ကထက်ပို၍ အရေးကြီးလာသည်

ပညာရေးသည် ယခင်က အရေးကြီးခဲ့ဖူးသည်ထက်ပို၍ အရေးကြီးလာသည်။ အဘယ့်ကြောင့်ဆိုသော် အပြောင်းအလဲများသည် ယခင်က ကျွန်တော်တို့ ကြုံတွေ့ဖူးသည်ထက်ပို၍ လျင်လျင်မြန်မြန်ကြီး ပြောင်းလဲနေလိမ့်မည် ဖြစ်သောကြောင့်ပင်။ သမိုင်းကြောင်းတွင် ပထမဦးဆုံး အကြိမ်အဖြစ် ကျောင်းမှာ စာတော်ခဲ့သူတွေလည်း ကျောင်းမှာ စာညံ့ခဲ့သူတွေ ရင်ဆိုင်ခဲ့ရသည့် စီးပွားရေး စိန်ခေါ်ချက်များကိုပင် ရင်ဆိုင်ရနိုင်ပေသည်။ ကျွန်တော်တို့၏ ဘဏ်မန်နေဂျာများက ကျွန်တော်တို့၏ ပညာရည် စစ်ဆေးမှုမှတ်တမ်းကို မတောင်းဘဲ ကျွန်တော်တို့၏ ငွေစာရင်း ရှင်းတမ်းများကို တောင်းကြည့်ကြတော့မည်။ ထိုသို့ပြုလုပ်လာမည့် အချိန်တွင် ကျွန်တော်တို့အားလုံး ကျပ်ကျပ်သတိထားရတော့မည်။ သင့်ဘဏ်မန်နေဂျာက သင့်အား တစ်ခုခုပြောဖို့ ကြိုးစားနေခြင်း ဖြစ်သည်။ ဤစာအုပ်သည် လက်တွေ့ပုဂ္ဂလိက အောင်မြင်မှုနှင့် ငွေကြေးဆိုင်ရာ အောင်မြင်မှုအကြောင်း ဖြစ်၏။

သင့်ကလေးတွေ ယနေ့ သင်ယူဆည်းပူးနေသည့် ပညာများသည် သူတို့ရင်ဆိုင်နေရမည့် အနာဂတ်ကာလအတွက် လုံလောက်စွာ ပြင်ဆင်ပေးထားသလား။

သင့်ကလေး၏ အထူးလိုအပ်ချက်ကို ကျောင်းပညာရေးစနစ်က ကူပံ့ဖြည့်ဆည်းပေးနိုင်ရဲ့လား။

သူတို့ကလေးသည် ကျောင်းမပျော်တော့ဘူး (သို့မဟုတ်) ကျောင်းစာမှာ ညံ့ဖျင်းနေသည်ဆိုလျှင် မိဘများအနေဖြင့် ဘာလုပ်ကြမည်လဲ။

စာမေးပွဲ အောင်မှတ်ကောင်းကောင်းများက ဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အောင်မြင်မှုနှင့် ငွေကြေးဆိုင်ရာ အောင်မြင်မှုကို တစ်သက်လုံး ရရှိသွားအောင် အာမခံလေသလား။

သင့်ကလေးသည် သူ လိုအပ်နေသော ပညာကို သင်ယူဆည်းပူးဖို့ ရှေးရိုးစဉ်လာ စာသင်ကျောင်း အဆောက်အအုံသို့ သွားနေဖို့ပင် လိုသေးရဲ့လား။

## ဤစာအုပ်သည် ဘယ်သူ့အတွက်လဲ

ကမ္ဘာကြီးက ပြောင်းလဲနေပြီ။ သည်တော့ ယခုခေတ်ကလေးများ၏ အထူးလိုအပ်ချက်များကို လက်ရှိပညာရေးစနစ်က ထောက်ကူဖြည့်တင်းပေးနိုင်ပါမည်လားဟု သံသယဝင်သည့် မိဘများ ရှိနေပြီ။ ဤစာအုပ်သည် ထိုသို့သော မိဘများအတွက် ဖြစ်၏။ မိမိတို့ကလေး၏ ပညာရေးကို ကျောင်းသင်ပညာရေးစနစ်အပေါ် ပုံအပ်မထားဘဲ မိမိတို့က တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလိုသည့် မိဘများအတွက် ရည်စူးပြီး ဤစာအုပ်ကို ရေးသားထားပါသည်။

ကျောင်းနေချိန် ကုန်ဆုံးသည့်အခါ လက်တွေ့ ကမ္ဘာလောကကြီးသို့မဟုတ် ပကတိ အရှိတရားများနှင့် ရင်ဆိုင်နိုင်ဖို့ အသင့်ပြင်ပေးထားလိုသည့် မိဘများအား အထောက်အကူပြုဖို့ ဤစာအုပ်ကို ရေးသားပြုစုပါသည်။

ဤစာအုပ်ကို အထူးရည်စူး ရေးသားသည်မှာ အောက်ဖော်ပြပါ မိဘမျိုးတွေအတွက် ဖြစ်ပါသည်။

သူတို့၏ ချမ်းသာသရွေ့ စည်းစိမ်ဥစ္စာတွေ ပုံအော၊ အကုန်အကျခံစရာ မလိုဘဲ သူတို့ကလေးအား ဘဝခရီးတစ်လျှောက်တွင် အများသူငါထက် ငွေရေးကြေးရေးအရ တစ်ပန်းသာစေလိုသည့် မိဘများ၊ သူတို့ကလေး၏ ပင်ကိုစွမ်းရည်နှင့် အားသန်သော သင်ယူမှုပုံစံကို ထိန်းသိမ်းကာကွယ်ပေးရန်နှင့် သူတို့ကလေး ကျောင်းမှထွက်ချိန်တွင် ရာသက်ပန် သင်ယူဆည်းပူးသူ ဖြစ်ချင်လာအောင် ပျိုးထောင်ပေးလိုသော မိဘများ။

ကျောင်းမပျော်သော ကလေးတစ်ယောက်ရှိသော မိဘများ (သို့မဟုတ်) သင်ယူကျက်မှတ်ဖို့ အခက်အခဲတွေနေသည့် ကလေးတစ်ယောက်ရှိသော မိဘများ။

အထက်ပါ အမျိုးအစားအားလုံး အကျုံးဝင်သော မိဘများ။

## ဤစာအုပ်ကို ဘယ်လိုဖွဲ့စည်းထားသလဲ

ဤစာအုပ်ကို အပိုင်း သုံးပိုင်းခွဲပြီး ရေးထား၏။

အပိုင်းတစ်သည် ကျောင်းသင်ပညာရေးရော၊ ငွေကြေးပညာရေးကိုပါ ခြုံငုံသုံးသပ်ချက် ဖြစ်၏။ ကျွန်တော်ရေးသော အခြားစာအုပ်များ ဖတ်ဖူးသူများသည် ကျွန်တော့်ဘဝတွင် ဖအေအဖြစ် သတ်မှတ်သူနှစ်ဦး ရှိခဲ့ကြောင်း သိကြပါသည်။ ချမ်းသာတဲ့ဖေဖေဟု ကျွန်တော် ကင်ပွန်းတပ်သူမှာ ကျွန်တော့်အချစ်ဆုံးသူငယ်ချင်း မိုက်၏ ဖေဖေဖြစ်၏။ နွမ်းရှာတဲ့ဖေဖေဟု ကျွန်တော် အမည်ပေးထားသူကတော့ ကျွန်တော့်အဖေအရင်းပဲ ဖြစ်သည်။ ကျွန်တော် ခံစားရရှိခဲ့သော အကျိုးအမြတ်မှာ ဖအေကြီးနှစ်ဦးစလုံး သူ့နည်းသူ့ဟန်ဖြင့် ပင်ကိုစွမ်းရည် ထူးချွန် ထက်မြက်သူများ ဖြစ်နေခြင်းပင်။ ကျွန်တော့် ထင်မြင်ချက်အရ နွမ်းရှာတဲ့ဖေဖေဟု နာမည်တပ်ထားသူသည် ပညာ ပါရမီထူးသည့် ကျောင်းဆရာတစ်ဦး ဖြစ်၏။ ကျွန်တော့်အသက် ကိုးနှစ် ကျော်လာတော့ ကျောင်းမှာ အကြီးအကျယ် ပြဿနာ ပေါ်တော့၏။ ကျောင်းမှာ ကျွန်တော် သင်ယူကျက်မှတ်နေရတာတွေကို ကျွန်တော် မကြိုက်။ ကျွန်တော့်အား သင်ပေးပုံ၊ သင်ပေးနည်းကိုလည်း သဘောမကျ။ ကျွန်တော့် ဦးခေါင်းထဲသို့ အတင်း ရိုက်သွင်းထားသည့် စာများကို လက်တွေ့ကမ္ဘာမှာ ဘယ်လိုအသုံးချလို့ရမည်လဲဆိုတာကို ကျွန်တော် ဆက်စပ်စဉ်းစားလို့မရ။

ဤစာအုပ်၏ အပိုင်းတစ်တွင် ပညာ တော်သော်လည်း နွမ်းပါးရှာသည့် ကျွန်တော့်ဖေဖေက ကျွန်တော့်အား အလွန်ခက်ခဲသော ဤဘဝအစဦးပိုင်းကို ကျော်ဖြတ်နိုင်အောင် မည်သို့မည်ပုံ ထိန်းကျောင်း လမ်းညွှန်ခဲ့သည်ကို ဖော်ပြထား၏။ ပညာတော်သော ဖေဖေကြောင့်သာ မဟုတ်လျှင် ကျွန်တော် စောစောစီးစီး ကျောင်းထွက်ခဲ့မည်သာ ဖြစ်၏။ တက္ကသိုလ်သို့လည်း ရောက်မည်မဟုတ်။ တက္ကသိုလ်ဘွဲ့တစ်ခုလည်း ဒီတစ်သက် ရတော့မည်မဟုတ်။

ဤစာအုပ်၏ အပိုင်းတစ်တွင် အခြားဖအေ တစ်ဦး (သို့မဟုတ်) ဆေဖေ ချမ်းသာ၏ ပညာသင်ပေးပုံ၊ သင်ပေးနည်းကိုလည်း ဖော်ပြထား၏။ ဆေဖေချမ်းသာသည် ငွေရေးကြေးရေးအပိုင်းတွင် ပါရမီထူးချွန်ပြီး သင်ကြားပို့ချမှုဘက်တွင် ဉာဏ်ကြီးရှင်ဖြစ်သည်ဟု ကျွန်တော် ညွှန်းဆိုပါမည်။ ကျွန်တော်၏ နုနယ်သော စိတ်ကလေးဖြင့် လူချမ်းသာတစ်ဦး တွေးပုံ

တွေးနည်းမျိုး တွေးခေါ်တတ်အောင် ဖေဖေချမ်းသာက မည်သို့မည်ပုံ အစပြု ပျိုးထောင်ပေးသွားသည်ကို ဤစာအုပ်၏ အပိုင်းတစ်တွင် ဖော်ပြထားပါသည်။ ဖေဖေချမ်းသာ၏ သွန်သင်ညွှန်ပြမှုကြောင့် ကျွန်တော့်အသက် ကိုးနှစ်နှင့် တစ်ဆယ့်နှစ်နှစ်အကြားမှာပင် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်အဝ ရှိနေလေပြီ။ ကျွန်တော် ကျောင်းမှာ စာတော်တော်၊ မတော် တော် ရာထူးကြီးကြီး၊ အလုပ်ကောင်းကောင်းတစ်ခု ရရ၊ မရရ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကျွန်တော် သူဌေးဖြစ်ရမည်ဟူသော ယုံကြည်မှု။ အသက် တစ်ဆယ့်နှစ်နှစ်ရောက်တော့ ကျွန်တော် ချမ်းသာကြွယ်ဝလာရေးသည် ကျောင်းမှာ သင်နေရသည့်စာတွေနှင့် ဘယ်လိုမျှ မပတ်သက်ကြောင်း သိနေ ပြီ။ ကျောင်းမှာ စာတော်သည်ဖြစ်စေ၊ မတော်သည်ဖြစ်စေ...တစ်နေ့ ချမ်း သာလာမည်ဆိုတာ သိနေသောအခါ ကျောင်းစာသင်ချိန် ကာလများအတွင်း ခံယူချက်ပြဿနာများ ပေါ်လာတော့၏။ ဤစာအုပ်၏ အပိုင်းနှစ်တွင် ကျွန်တော့်ဖအေ နှစ်ဦးစလုံးက ကျွန်တော့်သဘောထား၊ ကျွန်တော့်ခံယူချက် ကိစ္စကို ဘယ်ပုံဘယ်နည်း ဝိုင်းဝန်းဖြေရှင်းပေးကြကြောင်း တက္ကသိုလ်ပညာ ရေးကို ဆုံးခန်းတိုင် သင်ယူနိုင်အောင် မည်သို့မည်ပုံ သွန်သင်ဆုံးမခဲ့ကြ ကြောင်း ဖော်ပြထား၏။

မိမိ၏ကလေး လက်တွေ့ကမ္ဘာလောကကြီးနှင့် ရင်ဆိုင်ဖို့ အသင့် ဖြစ်နေအောင် ပြင်ဆင်ပေးရာတွင် မိဘများ ဆောင်ရွက်လို့ရသည့် ရိုးရိုး ရှင်းရှင်း ကျင့်စဉ်အချို့ကို အပိုင်းနှစ်တွင် ဖော်ပြထား၏။ ကျောင်းနှင့် ပတ်သက်၍ ကျွန်တော့်သဘောထားခံယူချက်တွေ ပြောင်းလာသောကြောင့် အထက်တန်းကျောင်းတွင် စာမေးပွဲကျလုခမန်း ဖြစ်ခဲ့ရသည့် ဇာတ်လမ်းဖြင့် အပိုင်းနှစ်ကို ဖွင့်ထား၏။ အပိုင်းနှစ်တွင် ကျွန်တော် ကျောင်း ဆက်နေဖြစ် အောင် စာတော်သောဖေဖေနှင့် ငွေရှာတော်သော ဖေဖေတို့က ဘယ်နည်း ဘယ်ပုံ ထိန်းကျောင်း ဖျောင်းဖျခဲ့သည်ကို တွေ့ရပါမည်။ နောက်ပြီး ကျောင်း စာညံ့သော ကျွန်တော့်ကို ချမ်းသာကြွယ်ဝလာအောင် ဖေဖေချမ်းသာက ဘယ်လိုပျိုးထောင်ပေးသွားကြောင်းကိုလည်း လေ့လာလို့ရပါမည်။

သူ့ ဆက်ဆံခဲ့ရသော ဘဏ်မန်နေဂျာက သူ၏ ပညာရည် စစ်ဆေးမှု မှတ်တမ်းကို ဘယ်တော့မျှ မတောင်းကြောင်း၊ ဘာကြောင့် ထိုသို့ မတောင်း သလဲဆိုကာ ရှင်းပြပုံကို အပိုင်းနှစ်မှာ ထည့်သွင်းထား၏။ "ဖေဖေ ဆက်

ဆံရတဲ့ ဘဏ်မန်နေဂျာက ဖေဖေ စာမေးပွဲမှာ အောင်မှတ်တွေ ကောင်းခဲ့ရဲ့လားလို့ ဘယ်တော့မှ မမေးဘူး။ သူက ဖေဖေ့ငွေစာရင်းရှင်းတမ်းဆိုတာ ဘာမှန်းမသိဘဲ ကျောင်းပြီးလာခဲ့ကြတာပဲ။ ငွေစာရင်းရှင်းတမ်း တစ်စောင်မှာ ဘာတွေပါပြီး ဘာတွေကို အကဲခတ်လို့ရတယ်ဆိုတာ နားလည်သဘောပေါက်ထားဖို့ဆိုတာ ငွေကြေး အာမခံချက်ရှိတဲ့ ဘဝတစ်ခု ထူထောင်ချင်သူ ဘယ်သူမဆိုအတွက် အရေးကြီးတယ်ကွ" ဟု ဖေဖေချမ်းသာက ပြောလေ့ရှိ၏။ အလုပ် အာမခံချက် နည်းသည်ထက် နည်းလာနေသော ယနေ့ကမ္ဘာတွင် သင့်ကလေး၌ ငွေကြေး အာမခံချက်ရှိသော ဘဝတစ်ခုထူထောင်နိုင်စွမ်းသည့် ကျွမ်းကျင် လိမ္မာမှုများ ရှိနေဖို့ အရေးကြီးပါသည်။

လက်ရှိကျင့်သုံးနေသည့် ပညာရေးစနစ်ကို ခြုံငုံ သုံးသပ်ကြည့်လျှင် အဓိက ပညာနယ်ပယ်နှစ်မျိုးကိုသာ အာရုံစိုက် အလေးပေးထားကြောင်း သိသာထင်ရှားလာ၏။ ၎င်းနယ်ပယ်နှစ်မျိုးမှာ...

**ကျောင်းပညာ** ။ ။ စာဖတ်၊ စာရေးနှင့် သင်္ချာတွက်နိုင်စွမ်းရှိအောင် သင်ကြားပေးခြင်း။

**ဝမ်းကျောင်းပညာ** ။ ။ ကျောင်းပြီးသွားသည်နှင့် သင် စိတ်အား ထက်သန်သည့် ဝင်ငွေရှာ အလုပ်တစ်ခု လုပ်နိုင်အောင် သင်ကြားပေးခြင်း။ ဥပမာ ဆရာဝန်၊ ရှေ့နေ၊ အင်ဂျင်နီယာ... စသည်ဖြင့် ဖြစ်လာအောင် သင်ကြားပေးခြင်း။

အမေရိကနှင့် အနောက်နိုင်ငံ တော်တော်များများသည် သူတို့နိုင်ငံသားများအား အဆိုပါ အခြေခံကျသော ပညာရေးနှစ်မျိုး သင်ကြားပေးရာတွင် စွမ်းစွမ်းတမံ ရှိခဲ့၏။ အနောက်နိုင်ငံများအနေဖြင့် ကမ္ဘာပေါ်တွင် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်ဖို့ ဤပညာရေးက များစွာ အထောက်အကူပြုခဲ့၏။ ခက်သည်မှာ စောစောက ကျွန်တော် ပြောခဲ့သည့်အတိုင်း စည်းကမ်းဥပဒေတွေ ပြောင်းလဲသွားခြင်းပင်။ သတင်းခေတ်တွင် ကျွန်တော်တို့ပညာတွေ ပိုတတ်ဖို့လိုလာသည်။ လက်ရှိသင်ပေးနေသည့် ပညာရပ်တွေ ပိုတတ်လာဖို့ မဟုတ်၊ ပညာရပ်အသစ်ကို ပိုတတ်ဖို့ လိုအပ်ခြင်းဖြစ်၏။ မျက်မှောက်ခေတ်ကာလတွင် စာသင်သားတိုင်းသည် ကျွန်တော့်ဖေဖေချမ်းသာ ကျွန်တော့်ကို သင်ပေးခဲ့သည့် အခြေခံပညာ နည်းနည်းပါးပါးလောက် တတ်ထားဖို့ လိုအပ်နေပါသည်။ ၎င်းပညာမှာ...

**ငွေကြေးပညာ** ။ ။ ဝမ်းကျောင်းလုပ်ငန်းမှ သင်ရှာဖွေလို့ရသည့် ဝင်ငွေကို ဘဝ တစ်သက်တာလုံးအတွက် ငွေကြေး အာမခံချက်ရှိသည့် ဥစ္စာဓနများအဖြစ်သို့ ပြောင်းလဲပစ်နိုင်စွမ်းရှိအောင် သင်ကြားပေးသည့် ပညာ၊ လူဦးရေ ခုနစ်သိန်းရှိသော သက်ကြီးရွယ်အိုများ မတတ်မြောက်ခဲ့သည့် ပညာ၊ မိသားစုတစ်ခုထူထောင်ဖို့ တစ်သက်လုံး ခါးချိုးလုပ်ခဲ့ပြီး ဘဝနေဝင်ချိန်ရောက်သောအခါ ငွေကြေး ချို့ချို့တဲ့တဲ့ဖြင့် ခိုကိုးရာမဲ့ ဘဝမျိုး သင့်ကလေးမကြုံရအောင် အကူအညီပေးမည့် ငွေကြေးပညာ ဖြစ်၏။

သင့်ဘဏ်မန်နေဂျာက သင်၏ ပညာရည်စစ်ဆေးမှုမှတ်တမ်းကို မကြည့်လိုခြင်းမှာ သင် ကျောင်းပြီးလာပြီး နောက်ပိုင်းတွင် သင် ဘယ်လောက်ထိ ပါးရည်နပ်ရည် ရှိသလဲဆိုတာကိုသာ သူ သိချင်နေသောကြောင့်ဖြစ်၏။ ဘဏ်မန်နေဂျာက သင် ကျောင်းစာ ဘယ်လောက်တော်ခဲ့သလဲဆိုတာ မသိချင်။ သူသိချင်သည်မှာ သင်၏ ငွေကြေးဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေး အတိမ်အနက်ကိုသာ ဖြစ်၏။ သင်၏ ငွေကြေးဆိုင်ရာ ဉာဏ်ရည်ကို တိုင်းတွာရာ၌ သင်၏ ပညာရည်စစ်ဆေးမှု မှတ်တမ်းထက် ငွေစာရင်း ရှင်းတမ်းများက များစွာ ပိုပြီး အထောက်အကူရပါသည်။

အလုပ်အကိုင်တွေ၊ ပိုက်ဆံတွေဖြင့် ရှုပ်ထွေးပွေလီနေသည့် လက်တွေ့ လောကကြီးထဲတွင် သင့်ကလေးသည် အများသူငါထက် ငွေကြေးအရ တစ်ကျော့သာနေဖို့လိုသည်။ ထိုသို့ဖြစ်လာအောင် မိဘများဘက်က ဆောင်ကြဉ်းပေးလို့ရသည့် ရိုးရိုးရှင်းရှင်း အကြောင်းအရာများကို အပိုင်းနှစ်တွင် ထည့်သွင်းထား၏။

အပိုင်းသုံးကတော့... ပညာရေးလောကတွင် နောက်ဆုံး ဖော်ထုတ်တွေ့ရှိထားသော နည်းပညာသစ်တွေထဲက နည်းပညာတချို့အကြောင်း ဖြစ်၏။ ၎င်းနည်းပညာများက မိမိကလေး၏ ပင်ကို သင်ယူနိုင်စွမ်းနှင့် ပင်ကိုထူးချွန်မှုကို ဖော်ထုတ်မည့် မိဘများ၏ စွမ်းရည်အား မြှင့်တင်ပေးပါလိမ့်မည်။ အပိုင်းသုံးသည် ပညာရေးတွင် သင့်ကလေးက အများသူငါထက် တစ်ကျော့သာရေးအကြောင်း ဖြစ်၏။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာတုန်းက အဲလ်ဘတ်အိန်စတိန်း၏ ဆရာများက "ဒီကောင် ဘာမှ လောက်လောက်လားလား ဖြစ်လာမှာ မဟုတ်ဘူး" ဟု ပြက်ရယ်ပြုခဲ့ကြ၏။ ကျောင်းဆရာ တော်တော်များများက သူ့အား

ဘုဏ်ထိုင်းသူဟုပင် သတ်မှတ်ခဲ့ကြ၏။ အကြောင်းမှာ သူသည် စာအလွတ်ကျက်မှတ်သည့်ဘက်တွင် ညံ့ဖျင်းလှသောကြောင့်ဟူ၏။

နောက်တစ်နှစ်အကြာတွင် ထင်ရှားကျော်ကြားလာသော တီထွင်ဖန်တီးသူ တစ်ဦးက... အချက်အလက် သိမှတ်ခြင်းသည် အလွန် အရေးပါအရာရောက်သည်ဟု အိန်စတိန်းအား ပြောခဲ့၏။ သို့သော် သူ့အယူအဆကို အိန်စတိန်းက သဘောမတူ။ "အချက်အလက်တွေ သင်ယူကျက်မှတ်ဖို့ လူတစ်ယောက်ဟာ တက္ကသိုလ်တက်နေဖို့ မလိုဘူး။ စာအုပ်တွေဖတ်ရင် အဲဒါတွေ လေ့လာဆည်းပူးလို့ရတာပဲ။ ဘက်စုံပညာရစေတဲ့ တက္ကသိုလ်ပညာရေးတစ်ရပ်ရဲ့ တန်ဖိုးက ဘာလဲဆိုတော့... အဲဒီပညာရေးက စိတ်ကိုတွေးခေါ် စဉ်းစားတတ်အောင် လေ့ကျင့်ပေးတာပဲ" ဟု ပြောခဲ့၏။ ထို့ပြင် "အသိပညာထက် စိတ်ကူးစိတ်သန်းက ပိုပြီး အရေးကြီးတယ်" ဟုလည်း ပြောခဲ့သေးသည်။

သူ့အား သတင်းထောက်များက ပိုင်းဝန်း မေးခွန်းထုတ်သောအခါ သတင်းထောက်တွေထဲမှ တစ်ယောက်က "အသံရဲ့ အမြန်နှုန်းက ဘယ်လောက်ရှိပါသလဲ" ဟုမေးရာ အိန်စတိန်းက... "ကျုပ် မသိဘူး၊ စာအုပ်တွေထဲမှာ ရှိပြီးသား သတင်းအချက်အလက်တွေကို ကျုပ်စိတ်ထဲမှာ မှတ်မထားဘူး" ဟု ဖြေခဲ့၏။

ကျွန်တော် တွေ့ဖူးကြုံဖူးသည့် မိဘအားလုံးနီးပါးက သူ့ကလေးသည် ပါးနပ်ချက်ချာကြောင်း၊ ပါရမီထူးချွန်သူဖြစ်ကြောင်း ယုံကြည်သည်ကို တွေ့ရ၏။ သို့ဖြစ်စေကာမူ ထိုကလေး ကျောင်းတက်ရပြီဆိုသည်နှင့် သူ၏ပင်ကိုထူးချွန်မှုကို ဘေးချိတ်ထားခြင်း ခံရတော့၏။ သူသည် လက်ရှိ ပညာရေးစနစ်က သင်ယူနည်းအမှန်ဟု သတ်မှတ်ထားသည့် တစ်မျိုးတည်းသော သင်ယူနည်းကိုသာ လိုက်နာကျင့်သုံးရတော့၏။ တကယ်တော့ ကလေးသူငယ်များတွင် မတူခြားနားသော မွေးရာပါထူးချွန်မှုများ ရှိ၏။ လက်ရှိပညာရေးစနစ်က ထိုသို့ အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားသော ပါရမီများအားလုံး ထွန်းပြောင်လာအောင် ဖြည့်တင်းပေးနိုင်စွမ်းမရှိဟု ကျွန်တော့်ဖေဖေ ပညာရှိနှင့် အခြားကျောင်းဆရာ တော်တော်များများက သိမြင်သဘောပေါက်ကြ၏။

စိတ်ဆင်းရဲစရာ ကောင်းသည်မှာ ကျွန်တော်တို့၏ လက်ရှိပညာရေးစနစ်သည် အငြင်းပွားစရာနှင့် အတွေးအခေါ်ဟောင်းများထဲတွင် နှစ်

မွန်းနေခြင်း ဖြစ်၏။ ကျွန်တော်တို့၏ လက်ရှိပညာရေးစနစ်က ပညာရေး ဆိုင်ရာ ထိုးဖောက်သိမြင်မှုအသစ်များကို သတိမူမိကောင်း မူမိပါလိမ့်မည်။ သို့သော် ပညာရေးလောကကို ဝန်းရံထားသည့် နိုင်ငံရေးနှင့် ကြိုးနီစနစ် တို့က သင့်ကလေး၏ ပါရမီကို အရောင်တင်ပေးမည့် နည်းသစ်၊ လမ်း သစ် တော်တော်များများကို တားဆီးပိတ်ပင်ထားလေသည်။

ကျွန်တော့်အဖေ ပညာရှင်သည် ဟာဝိုင်ရီပညာရေးဌာန၏ အကြီး အကဲ ဖြစ်၏။ သူတို့ကျင့်သုံးနေသည့် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲ ဖို့ သူ အစွမ်းကုန် ကြိုးစားခဲ့၏။ သို့သော် စနစ်ပြောင်းရမည့်အစား စနစ် က သူ့ကို နင်းချေပစ်ခြင်းသာ ခံခဲ့ရ၏။ နောင်တစ်ချိန်တွင် သူက ကျွန် တော့်အား ပြောပြသည်မှာ "ကျောင်းဆရာတွေနဲ့ စီမံခန့်ခွဲသူတွေကို အုပ်စု သုံးစု ခွဲလို့ရတယ်။ တစ်အုပ်စုက လက်ရှိစနစ်ကို ပြုပြင်ပြောင်းလဲပစ်ဖို့ ဖွဲခတ်ကြိုးစားကြတယ်။ တခြားအုပ်စုတစ်စုက ဘယ်လိုပြုပြင်ပြောင်းလဲရေး ကိုမှ လက်မခံဘူး။ ပြုပြင်ပြောင်းလဲဖို့ အားထုတ်မှုမှန်သမျှကို သဲကြီးမဲ ကြီး ဆန့်ကျင်ကြတယ်။ အဲ... တတိယ အုပ်စုကတော့ စနစ်ကြီး ပြောင်း ပြောင်း၊ မပြောင်းပြောင်း ဂရုမစိုက်ဘူး။ သူတို့အုပ်စု လိုလားတာက အလုပ် မပြုတ်ရေးနဲ့ လခ ထုတ်ယူဖို့လောက်ပဲ ရှိတယ်။ အဲဒါနဲ့ ဒီစနစ်ကြီးဟာ ဒီအတိုင်းနဲ့ နှစ်ပေါင်းများစွာ သက်ဆိုးရှည်နေတာပေါ့ကွယ်" ဟူ၏။

## နိဂုံးချုပ်ရသော်

ပညာတတ်ဖေဖေ မကြာမကြာ ပြောတတ်သည့် စကား တစ်ခွန်းရှိ၏။

"ကလေးတစ်ယောက်ရဲ့ အရေးအကြီးဆုံးအရာဟာ သူ့မိဘတွေပဲ။ မိဘ တော်တော်များများက သူတို့ကလေးတွေကို ပြောတတ်ကြတယ်။ "ကျောင်းတက်၊ စာကြိုးစား၊ ပညာကောင်းကောင်းတတ်ဖို့ အရေးကြီးတယ်" တဲ့။ ခက်တာက အဲဒီစကားတွေပြောတဲ့ မိဘတော်တော်များများဟာ သူတို့ ကိုယ်တိုင်ရဲ့ ပညာရေး (ဒါမှမဟုတ်) လေ့လာဆည်းပူးမှုတွေကိုတော့ ဆက် မလုပ်ကြဘူးကွ။ မှန်တယ်။ မိဘဆိုတာ ကလေးတွေရဲ့ အရေးကြီးဆုံး ဆရာတွေပဲ။ ဒါပေမဲ့ စာသင်သားတွေက နားထောင်ပြီး သင်ယူတာထက် စောင့်ကြည့်ပြီး သင်ယူတတ်ကြတယ်။ ကလေးတွေက အပြောနဲ့အလုပ်အကြား ကွာဟချက်တွေကို စောင့်ဖမ်းတတ်ကြတယ်"

ကလေးတွေက မိဘများ၏ ပြောတော့တစ်မျိုး လုပ်တော့ တခြား ဖြစ်တတ်သည်ကို စောင့်ဖမ်းဖို့ ဝါသနာပါကြလေသည်။ ဖေဖေချမ်းသာ ကတော့ "အပြုအမူတွေက စကားလုံးတွေထက် ပိုပြီး ကျယ်ကျယ်လောင် လောင် စကားပြောတယ်" ပြောလေ့ရှိ၏။ ထို့ပြင် "မင်း မိဘကောင်း ဖြစ်ချင်ရင် ပြောတဲ့အတိုင်းလုပ်ပြ" ဟုလည်း ပြောခဲ့ပါတယ်။

သင့်မှာ ကလေးတွေ ရှိသည်ဆိုလျှင် သင့်ကလေးတွေ၏ ပညာရေးကို စိတ်ဝင်တစားရှိသည့်အတွက် ပညာရေးနှင့်ပတ်သက်သော စာအုပ် တစ်အုပ်ကို စိတ်ဝင်စားသည့်အတွက် အရေးကြီးကြောင်း ပြောကြ၏။ သို့ပေမဲ့ သူတို့ကလေးတွေကို ပညာအလင်းရောင်ပေးမည့် စာအုပ်များကို ကောက် ကိုင်သည့်မိဘကတော့ အလွန့်အလွန် နည်းပါးလှပါသည်။

❐

# အပိုင်း(၁)

## ငွေဆိုတာ စိတ်ကူးတစ်ခုပါပဲ

ကျွန်တော် ချာတိတ်ဘဝတုန်းက ဖေဖေချမ်းသာ မကြာမကြာ ပြောလေ့ရှိတဲ့ စကားရှိတယ်။ "ငွေဆိုတာ စိတ်ကူးတစ်ခုပါပဲ" တဲ့။ နောက်ပြီး သူက ပြောသေးတယ်။ "ငွေဟာ မင်းဖြစ်စေချင်တာ ဘာမဆိုကို ဖြစ်စေနိုင်တယ်။ မင်းက ပြောမယ်၊ "ကျွန်တော် ဘယ်တော့မှ ချမ်းသာမှာ မဟုတ်ဘူးလို့"။ အေး... အဲဒီအခါ မင်းဘယ်တော့မှ ချမ်းသာလာမှာမဟုတ်ဖို့ အခွင့်အလမ်းများသွားပြီ။ "ဒါတော့ ကျွန်တော် မတတ်နိုင်ဘူး" လို့ မင်းပြောရင် မင်းတကယ်ကို တတ်နိုင်မှာ မဟုတ်တော့ဘူး"

ကျွန်တော့် ပညာတတ်ဖေဖေကလည်း ပညာရေးအကြောင်းပြောရာမှာ အဲဒီအတိုင်း ထပ်တူထပ်မျှနီးပါး ပြောခဲ့ပါတယ်။

နောက်ပြီး ကလေးတိုင်းမှာ ချမ်းသာကြွယ်ဝဖို့နဲ့ ပညာတော်ဖို့ တတ်ဖို့ မွေးရာပါစွမ်းရည်တွေ ရှိတယ်လို့ ပြောကြတယ်။ အဲဒီဖြစ်နိုင်ခြေ ရှိပါသလားဗျာ။ အဲ... တချို့ကတော့ အဲဒီလို မယူဆဘူး။ ခင်ဗျားတို့ရဲ့ ကလေးတွေအတွက် အဲဒီလို ဖြစ်နိုင်တဲ့ အလားအလာရှိတယ် ဆိုတဲ့ အယူအဆကို ထောက်ခံပြီး ဒီစာအုပ် ပထမပိုင်းကို ရေးပါတယ်။

# အခန်း(၁)

## ကလေးတွေသည် မွေးလာကတည်းက ချမ်းသာသည်၊ ပါးနပ်ချက်ချာသည်

ကျွန်တော့်အဖေနှစ်ဦးစလုံး အဓိပတိ တင်လောက်သည့် ဆရာကဝိများဖြစ်၏။ သူတို့နှစ်ဦးစလုံး အလွန် တော်သည်။ သို့ပေမဲ့ သူတို့သည် ဘာသာရပ် တစ်မျိုးတည်းပေါ်မှာ တော်နေခြင်းတော့ မဟုတ်။ နောက်ပြီး သူတို့က အကြောင်းတူ၊ ဘာသာရပ်တူများကို သင်ကြားပို့ချခြင်း ပေးနေခြင်းလည်း မဟုတ်။ သူတို့နှစ်ယောက် အသွင်မတူသော်လည်း ကလေးအားလုံးနှင့် ပတ်သက်သည့် ယုံကြည်ချက်ချင်းတော့ တူညီခဲ့ကြသည်။ ကလေးအားလုံး သည် မွေးလာကတည်းက တော်သည်၊ ချက်ချာ ပါးနပ်သည်။ ***နောက်ပြီး ကလေးအားလုံးသည် မွေးလာကတည်းက၊ ချမ်းသာသည်။ ကြွယ်ဝသည်။ ဤကား သူတို့နှစ်ဦးစလုံး၏ တူညီသော ယုံကြည်ချက်။ ကလေးတစ်ဦးသည် ဆင်းရဲလာအောင် သင်ယူဆည်းပူးသည်။*** နောက်ပြီး သူသည် အခြား ကလေးတွေလောက် မတော်ဟုလည်း သင်ယူဆည်းပူးသည်။ ထိုအချက် ကိုလည်း သူတို့နှစ်ဦးစလုံး ယုံကြည်သည်။ ကျွန်တော့်ဖအေ နှစ်ဦးစလုံးသည် ကြီးမြတ်သော ဆရာများဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် သူတို့က ကလေး တစ်ဦးချင်းမှာရှိသည့် မွေးရာပါ ပါရမီကို ဆွဲထုတ်ရမည်ဟု ယုံကြည်ကြ သောကြောင့် ဖြစ်သည်။ တစ်နည်းဆိုရလျှင် သူတို့ အသိပညာ ***ရိုက်သွင်းခြင်း*** ကို မနှစ်မြို့။ သူတို့က ကလေး၏ပါရမီကို ***ဆွဲထုတ်ခြင်း*** ကို နှစ်မြို့သည်။

ပညာရေး (Education) ဆိုသော စကားလုံးသည် (Educare) ဟူသော လက်တင်စကားလုံးမှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'ဆွဲထုတ်ရန်' ဟူ၏။ ကျွန်တော်တို့ တော်တော်များများအတွက် ကံမကောင်းအကြောင်းမလှချင်တော့ ကျွန်တော်တို့ မှတ်ဉာဏ်ထဲရှိ ပညာရေးလမ်းကြောင်းကြီးမှာ ရှုပ်လှုပ်လှ၏။ ပင်ပန်းဆင်းရဲလှ၏။ သတင်းအချက်အလက် အပိုင်းအစကလေးများကို ခေါင်းထဲရိုက်သွင်းရသည်။ စာမေးပွဲအတွက် အလွတ်ရအောင် ကျက်မှတ်ရသည်။ စာမေးပွဲဖြေရသည်။ စာမေးပွဲဖြေပြီးသည်နှင့် ကျွန်တော်တို့ သင်ယူကျက်မှတ်ထားသရွေ့ကို မေ့လျော့သွားကြလေသည်။

ကျွန်တော့်အဖေနှစ်ဦးစလုံးသည် ကြီးမြတ်သော ဆရာနှစ်ဆူဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် သူတို့က သူတို့၏ အယူအဆများကို ကျွန်တော့်ခေါင်းထဲသို့ ရိုက်သွင်းတာမျိုး မရှိသလောက်ရှားသောကြောင့်ပင်။ သူတို့က မကြာမကြာဆိုသလို နှုတ်ဆိတ်နေတတ်၏။ စကားတွေ ပြောမည့်အစား ကျွန်တော် သိချင်တာကို ကျွန်တော် မေးအလာကို စောင့်နေလေ့ရှိ၏။ သို့မဟုတ်ပါကလည်း သူတို့ သိထားသည်များကို ကျွန်တော့်အား ပြောပြနေမည့်အစား ကျွန်တော် ဘာတွေ သိထားသလဲဆိုတာ သိရအောင်သာ မေးခွန်းများ မေးလေ့ရှိ၏။ သူတို့နှစ်ဦးကို ကျွန်တော့်ဘဝမှာ ခံစားခွင့်ရသည့် အထွဋ်အမြတ်ဆုံး ကောင်းချီးမင်္ဂလာနှစ်ပါးအဖြစ် ခံယူထားပါသည်။

နောက်ပြီး မေမေတို့ကိုလည်း မေ့ထားလို့ မဖြစ်ပါ။ ကျွန်တော့်မေမေဆိုလျှင် ကျွန်တော်၏ လက်ဦးဆရာပင်။ ကျွန်တော် လေးစားမြတ်နိုးရသော စံနမူနာယူရသော အမျိုးသမီးကြီးဖြစ်၏။ တစ်ပါးသူများအား အရေးထားဂရုစိုက်ခြင်း၊ အကြင်နာတရားထားခြင်း၊ အကြွင်းမဲ့မေတ္တာထားခြင်းတို့နှင့် ပတ်သက်လာလျှင် မေမေသည် ကျွန်တော့်ဆရာဖြစ်၏။ ကံမကောင်းအကြောင်းမလှချင်တော့ မေမေသည် အသက် လေးဆယ့်ရှစ်နှစ် အရွယ်ကောင်းတုန်းမှာပင် ကွယ်လွန်သွားရှာသည်။ သူ့ခမျာ ကလေးဘဝကတည်းက အဆစ်ရောင် အဖျားတက်ရောဂါကြောင့် ဖြစ်ပေါ်လာသော နှလုံးရောဂါကို တစ်သက်လုံး ခံစားသွားရသည်။ သူမသည် ပုဂ္ဂလိက ဝေဒနာများကို အလူးအလဲ ခံစားနေရသည့်ကြားကပင် အခြားသူများအပေါ် မေတ္တာပွားနိုင်ခဲ့လေသည်။ အကြင်နာ ထားနိုင်သည်။ ဤသည်ကား သူ့အရည်အချင်းပါတည်း။ မေမေ၏ ဤအရည်အချင်းသည် ကျွန်တော့်အတွက် အလွန် အရေး

ပါသော သင်ခန်းစာတစ်ခု ဖြစ်ခဲ့၏။ ကျွန်တော် ထိခိုက် နစ်နာပြီး နင့်နင့်နဲနဲ ခံစားရတာတွေ အကြိမ်ကြိမ်ကြုံခဲ့ရ၏။ ထိုသို့သောအခါတိုင်း ဒေါသတကြီးနှင့် ရမ်းရမ်းကားကား တုံ့ပြန် ရန်ပြုချင်စိတ်တွေ ပေါ်ပေါ်လာ၏။ ထိုသို့ စိတ်ရိုင်းဝင် လာတိုင်း မေမေ့ကို သတိရသည်။ မေမေ့အကြောင်း တွေးသည်။ ပြီးတော့ ရန်လိုအမျက်ထွက်နေမည့်အစား ကြင်နာစိတ်ကလေး ပိုပြီး မွေးလိုက်ဖို့ သတိမူ ဖော်ထုတ်နေရသည်။ ကျွန်တော့်အတွက်တော့ ဤသင်ခန်းစာသည် နေ့စဉ် နေ့တိုင်း နှိုးဆော် သတိရနေမည့် အရေးကြီးသော သင်ခန်းစာတစ်ခု ဖြစ်နေ ပေသည်။

တစ်ခါကြားဖူးတာ ရှိသည်။ ယောကျ်ားကလေးတွေသည် သူတို့ မေမေများနှင့် အသွင်တူသည့် မိန်းကလေးနှင့်သာ အိမ်ထောင်ပြုကြသည် တဲ့။ ကျွန်တော့်အတွက်တော့ ထိုအဆို မှန်သည်ဟုပဲ ဆိုရပေမည်။ ကျွန်တော့် ဇနီးကင်မ်သည်လည်း သူ့သားကို အလွန်မတန် ချစ်ပြီး အလွန်မတန် အကြင်နာကြီးသူ ဖြစ်၏။ ကင်မ်နှင့် ကျွန်တော့်မေမေ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူး မဆုံဖူးခဲ့ကြ။ ဤအတွက် ကျွန်တော် စိတ်မကောင်းဖြစ်ရပါသည်။

ကျွန်တော်က ကျွန်တော့် စီးပွားရေးလုပ်ငန်းတွင် လုပ်ဖော်ကိုင်ဖက် ဖြစ်မည့် မိန်းမမျိုးကိုသာ အိမ်ထောင်ပြုလို၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့် မိဘနှစ်ပါး၏ အိမ်ထောင်သက်တစ်လျှောက်လုံးတွင် အပျော်ရွှင်ဆုံးနေ့ရက်များသည် ငြိမ်းချမ်းရေးတပ်ဖွဲ့တွင် သူတို့နှစ်ယောက်အတူ တာဝန်ထမ်းခဲ့ချိန်များဖြစ်ကြောင်း သိနေသောကြောင့်ပင်။

မိုက်၏ မေမေကိုလည်း ကျွန်တော် သိပ်ရင်းရင်းနှီးနှီး မသိ။ သို့သော် သူတို့အိမ်တွင် ကျွန်တော် မကြာခဏ ညစာစားဖြစ်သည်။ ထိုအခါများတွင် သူမနှင့် တွေ့ရကြုံခဲ့ရ၏။ သို့ပေမဲ့ သူမကို ထဲထဲဝင်ဝင် သိသည်ဟု ကျွန်တော် မပြောနိုင်။ သို့ဖြစ်သည့်တိုင် မိုက်တို့အိမ်မှာ ကျွန်တော် ရောက်နေချိန်များတွင် မိုက်၏မေမေက ကျွန်တော်တို့ လုပ်နေတာတွေကို အလေးထား ဂရုစိုက်ခဲ့ သည်။ ကြင်ကြင်နာနာ ဆက်ဆံခဲ့၏။ နောက်ပြီး သူမသည် မိုက်ဖေဖေ၏ အချစ်ဆုံးဘဝ အဖော်မွန်ဖြစ်ခဲ့ကြောင်းလည်း ကျွန်တော် ပြောနိုင်ပါသည်။ သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး မြတ်နိုးသည်။ ကြင်နာသည်။ တစ်ဦး လုပ်နေတာကို တစ်ဦးက အရေးစိုက်သည်။ အလေးထားသည်။

မိုက်၏ မေမေသည် တသီးတသန့် နေတတ်သူ ဖြစ်သော်လည်း မိုက်နှင့် ကျွန်တော်တို့၏ စာသင်ခန်း အခြေအနေ၊ အလုပ်အကိုင် အခြေ

အနေများကို အမြဲတမ်းစိတ်ဝင်တစားရှိသည်။ သည်တော့ သူ့ကို ကျွန်တော် ရင်းရင်းနှီးနှီး မသိကျွမ်းသော်လည်း သူ့ထံမှ အရေးကြီးသည့် သင်ခန်းစာများ ရခဲ့၏။ အခြားသူများအား စကားပြောခွင့် ပေးခြင်း၊ အခြားသူများ ပြောသရွေ့ကို ဂရုတစိုက်နားထောင်ခြင်း၊ မိမိ၏ အတွေးအမြင်နှင့် ဆန့်ကျင်ဖီလာဖြစ်နေသည့်တိုင် အခြားသူများ၏ အတွေးအမြင်များကို တန်ဖိုးထား လေးစားခြင်း။ သူသည် စကားနည်းနည်း၊ အနေအေးအေးဖြင့် ဆက်ဆံရေး အလွန်ကောင်းသူ ဖြစ်ပေသည်။

## မေမေနှင့် ဖေဖေထံမှ ရသော သင်ခန်းစာများ

မိဘတစ်ဦးတည်းရှိသည့် မိသားစု အရေအတွက်ကို ကြည့်ပြီး ကျွန်တော် စိုးရိမ်စနာမိ၏။ ကျွန်တော် လူလားမြောက်လာသည့် ခရီးလမ်းတစ်လျှောက် တွင် လက်ဦးဆရာများအဖြစ် ဖေဖေရော မေမေပါရှိနေခြင်းသည် လွန်စွာ အရေးပါ အရာရောက်လှ၏။ ဥပမာပြရလျှင် ကျွန်တော်သည် ချာတိတ် အများစုထက် လူကောင်ကြီးသည်။ အလေးချိန်စီးသည်။ သည့်အတွက် လူကောင်ကြီးထွားမှုအပေါ် အခွင့်ကောင်းယူပြီး ကျွန်တော် အနိုင်ကျင့် မိုလ် ကျသူ ဖြစ်လာမှာကို မေမေက အမြဲစိုးရိမ်ပူပန်ခဲ့၏။ သည်တော့ သူက ရေရေလည်လည် ဖိအားပေးခဲ့သည်။ သည်အတွက် ကျွန်တော်သည် ယနေ့ လူတွေခေါ်သည့် 'မိန်းမဆန်စွာ' ကြီးပြင်းလာခဲ့ရသည်။ ကျွန်တော် ပြော ခဲ့သည့်အတိုင်း မေမေက အလွန်ကြင်နာတတ်သူ၊ နောက်ပြီး အလွန် မေတ္တာ ထားတတ်သူ… သူက ကျွန်တော့်ကိုလည်း သူ့လို ကြင်နာတတ်စေချင်သည်။ မေတ္တာထားတတ်စေချင်သည်။ ကျွန်တော်ကလည်း မေမေဖြစ်စေလိုသည့် ပုံစံအတိုင်း ဝင်အောင် နေခဲ့၏။

တစ်နေ့တွင်တော့ ကျွန်တော်၏ ပထမတန်း ပညာရည် စစ်ဆေးမှု မှတ်တမ်းကို ကိုင်ပြီး အိမ်ပြန်ခဲ့၏။ မှတ်တမ်းပေါ်တွင် အတန်းပိုင်ဆရာမက မှတ်ချက်ရေးထားသည်မှာ "ရောဘတ်အနေဖြင့် မိမိ၏ရုပ်တည်ချက်ကို ယခု ထက်ပိုပြီး အားမာန်ပါပါ ကာကွယ်သင့်သည်။ သူ့ကို ကြည့်ရတာ နွားသိုးကြီး ဖာဒီနန်ကို သတိရစေသည်။ (ရောမ နွားသိုးကြီး ဖာဒီနန်သည် သတ်ကွင်း ထဲတွင် နွားရိုင်းသတ်သမားကို တိုက်ခိုက်ရမည့်အစား ပရိသတ်များ ပစ် ပေါက်ပေးသည့် ပန်းများကို နမ်းနေသည့်ပုံပြင်။ တိုက်တိုက်ဆိုင်ဆိုင်ပင် အဆိုပါအိပ်ရာဝင်ပုံပြင်သည် ကျွန်တော့်ကို ပြောပြဖို့ မေမေ အနှစ်သက်ဆုံး

ပုံပြင်ဖြစ်နေ၏) ရောဘတ်သည် အခြားကလေးငယ်များထက် လူကောင်းကြီးသော်လည်း အခြားကလေးအားလုံးက သူ့ကို အပြစ်ရှာကြသည်။ ရန်ရှာကြသည်။ သြဇာပေး ဗိုလ်ကျကြသည်"

ထိုမှတ်ချက်ကို ဖတ်ရတော့ ရင်ဗိုဗီတိဖြာသည်။ ထိုမှတ်ချက်ကိုပင် ဖေဖေဖတ်ရတော့ ဖေဖေသည် ပန်းတွေ အနံ့ရှူနေသည့် နွားသိုးကြီး မဟုတ်တော့။ ရှူးရှူးရှားရှား ဒေါသတကြီးဖြစ်နေသည့် နွားသိုးကြီးဖြစ်သွားတော့သည်။ "တခြားကောင်လေးတွေက မင်းကို သြဇာပေးကြတယ်၊ ဗိုလ်ကျကြတယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ။ မင်းက ဘာဖြစ်လို့ အဲဒီလို ဗိုလ်ကျတာကို ခံနေရတာလဲ။ မင်းက ငပျော့ကြီး ကြောက်ကြီး ဖြစ်နေတာလား" ဟု မေးသည်။ ဖေဖေက ကျွန်တော် ရသည့် အဆင့်တွေထက် ကျွန်တော် အမူအကျင့်အကြောင်းကို ပိုပြီး သတိထားမိသွားသည့်ပုံ။ ကျွန်တော်က မေမေ့ သွန်သင် ဆုံးမချက်အတိုင်း နေထိုင်ကျင့်ကြံတာဖြစ်ကြောင်း ရှင်းပြတော့ ဖေဖေက မေမေဘက်လှည့်ပြီး ပြောသည်။

"ကောင်လေးတွေက အနိုင်ကျင့်ဗိုလ်ကျသူတွေကွ။ ဗိုလ်ကျသူတွေကို ဘယ်လိုဆက်ဆံရမယ်ဆိုတာ ကလေးအားလုံး သင်ယူဆည်းပူးထားဖို့ အရေးကြီးတယ်။ သူတို့ ငယ်ဘဝကတည်းက အဲဒါကို မသင်ယူ မဆည်းပူးခဲ့ရင် ကြီးလာတော့လည်း အနိုင်ကျင့် ဗိုလ်ကျခံရသူတွေ ဖြစ်သွားရော။ အကြင်နာတရားထားဖို့ဆိုတာ နိုင်ရာစား သမားတွေကို ဆက်ဆံနည်း တစ်နည်းပဲ။ ဒါပေမဲ့ အကြင်နာတရား ထားလို့မရတဲ့ အခါမျိုးမှာ ကျင့်သုံးရမယ့် နောက်တစ်နည်းကတော့… ပြန် ခံချဖို့ပဲ ရှိတယ်လေ"

ထို့နောက် ကျွန်တော့်ဘက်လှည့်ပြီး ဖေဖေက မေးပြန်သည်။ "တခြားကောင်လေးတွေက မင်းကို ရန်ရှာ ဗိုလ်ကျတော့ မင်းစိတ်ထဲမှာ ဘယ်လိုနေလဲ"

ကျွန်တော် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာပြီး "သား မခံချည့်မခံသာဖြစ်ရတာပေါ့၊ အားကိုးစရာလည်း မရှိ၊ ကြောက်လည်း ကြောက်လာတယ်၊ သား ကျောင်းကို မသွားချင်တော့တာ။ သားက ပြန်ချချင်တာ။ ဒါပေမဲ့ သားက လိမ္မာတဲ့သားလည်း ဖြစ်ချင်တာ။ ဖေဖေနဲ့ မေမေ ဖြစ်စေချင်တဲ့ သားလိမ္မာ ဖြစ်ချင်တာ။ သားကို 'ဝတုတ်' လို့ ခေါ်တာ 'ငတုံး' လို့ ခေါ်တာကို အရမ်း မုန်းတာ။ မထိတထိ ရန်စကြတာကို မခံချင်ဘူး၊

သား အမုန်းဆုံးက သူတို့ဗိုလ်ကျသရွေ့ကို ပေပြီး ခံနေရတာကိုပဲ ဖေဖေရဲ့။ သားဟာ ငကြောက်တစ်ယောက်လို ငပျော့တစ်ယောက်လို အားငယ်တယ်။ ကောင်မလေးတွေကတောင် ဝိုင်းရယ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က သူတို့လုပ်သမျှ ပေခံပြီး ငိုနေလို့လေ”

ဖေဖေက မေမေ့ဘက်ကို ဘုကြည့် လှည့်ကြည့်သည်။ ကျွန်တော့် ခေါင်းထဲဝင်နေသည့် သင်ခန်းစာများကို မကြိုက်ကြောင်း အမူအရာဖြင့် ပြသည်။ “ဒီတော့ သားက ဘာလုပ်ချင်သလဲ”

“ပြန်ချချင်တယ်။ သူတို့ကို ချနိုင်တယ်ဆိုတာ သား သိတာပေါ့။ သူတို့က တခြားလူတွေကို လိုက် ရန်စနေတဲ့ ကလေကချေကောင်တွေပါ ဖေဖေရာ။ သူတို့ကို မထိုးနဲ့ မချနဲ့လို့ လူတိုင်းက ပြောတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သားက လူကောင်ကြီးလို့တဲ့။ ဒါပေမဲ့ သူတို့ လူးပါးဝသမျှ ခေါင်းငုံ့ခံနေရတာကို သားမုန်းတယ် ဖေဖေ။ သားတစ်ခုခု ပြန်လုပ်လို့ရရင် သိပ်ကောင်းမှာလို့ တွေးမိတယ်။ သားက ဘာမှ ပြန်မလုပ်ဘူးဆိုတာ သူတို့ သိထားတယ်လေ။ ဒီတော့ လူအားလုံးရှေ့မှာ ကျွန်တော့်ကို ဝိုင်းပြီး အနိုင်ကျင့် နေကြတာပေါ့။ သားလေ သူတို့အင်္ကျီရင်ဘတ်ကိုဆွဲပြီး အဲဒီကောင်တွေ မှောက်သွားအောင် ‘ကစ်’ ပစ်လိုက်ချင်တာ ဖေဖေရဲ့”

“အင်း... သူတို့ကို ထိုးတော့ မထိုးနဲ့ကွာ”...ဟု ဖေဖေက အေးအေး ချမ်းချမ်း ပြောသည်။ “ဒါပေမဲ့ သူတို့အနိုင်ကျင့်တာကို နောက်ထပ် မခံတော့ဘူးဆိုတာ သိသွားအောင် မင်းကြိုက်တဲ့နည်းနဲ့ပြကွာ။ မင်းဟာ ကိုယ့်ကိုယ်ကိုယ် လေးစားတတ်ဖို့နဲ့ ကိုယ့်ရပိုင်ခွင့်ကိုယ် ကာကွယ်တတ်ဖို့ အရေးကြီးတဲ့ သင်ခန်းစာကို သင်ယူနေတာကွ။ ဒီတော့ သူတို့ကို လက်သီး စာတော့ မကျွေးလိုက်နဲ့ပေါ့ကွာ။ နောက်ထပ် အနိုင်ကျင့်တာကို ငုံ့ခံနေမှာ မဟုတ်တော့ဘူးဆိုတာ သူတို့သိအောင်လုပ်ပြဖို့ ဉာဏ်သုံးကွာ ဟုတ်လား”

ကျွန်တော် အငိုရပ်သွားပြီ။ ရင်ထဲမှာ ပေါ့သွားသည်။ မျက်ရည်တွေ သုတ်ပစ်လိုက်သည်။ သတ္တိတွေ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှုတွေ ကျွန်တော့် ရင်ထဲသို့ ပြန်တိုးဝင်လာသည်။ ခုတော့ ကျွန်တော် ကျောင်းပြန်တက်ဖို့ အသင့်ဖြစ်နေပြီ။

နောက်တစ်နေ့တွင် ဖေဖေနှင့်မေမေတို့ ကျောင်းသို့ ဆင့်ခေါ်ခံရ သည်။ ကျွန်တော့်အတန်းပိုင်ဆရာမနှင့် ကျောင်းအုပ်ဆရာမကြီးသည် မျက်စိ

မျက်နှာပျက်နေသည်။ ဖေဖေနှင့်မေမေ အခန်းထဲဝင်လာချိန်တွင် ကျွန်တော်က အခန်းထောင့်တစ်ထောင့်မှာ ထိုင်နေ၏။ တစ်ကိုယ်လုံး ရွှံ့တွေ ပေကျံလျက်။ "ဘာတွေများ ဖြစ်နေလို့ပါလိမ့်" ဟု ဖေဖေက ကုလားထိုင်မှာ ဝင်ထိုင်ရင်းမေးသည်။

"အဲ… ကောင်လေးတွေကတော့ ဒီလိုဖြစ်လာမယ်လို့ ထင်မထားကြဘူးရှင့်။ ဒါပေမဲ့ ရောဘတ်ရဲ့ ပညာရည်စစ်ဆေးမှုမှတ်တမ်းမှာ ကျွန်မ မှတ်ချက်ရေးလို့ပြီးတဲ့နောက်ပိုင်း အပြောင်းအလဲတစ်ခုခုတော့ ဖြစ်လာမှာပဲ" လို့ ကျွန်မ သိနေတယ်လေ"

"ဒီကောင် ဟိုကလေးတွေကို ထိုးလိုက်လို့လားဟင်" ဖေဖေ စိုးရိမ်ကြောင့်ကြကြီးစွာ မေး၏။

"ဟင့်အင်း… မထိုးပါဘူး" ကျောင်းဆရာကြီးက ဖြေသည်။ "ဖြစ်ရပ်အစအဆုံး ကျွန်တော် ကြည့်နေတာဗျ။ သူ့ကို ကောင်လေးတွေက ဝိုင်းစကြတယ်။ ဒီတစ်ခါတော့ ရောဘတ်က ခါတိုင်းလို ခေါင်းငုံ့ခံမနေဘဲ မစကြဖို့ ပြောတယ်။ ဒီကြားထဲက ဒီကောင်တွေ ဆက်ပြီး စကြတယ်လေ။ ရောဘတ်က စိတ်ရှည် သည်းခံပြီး တစ်ကြိမ်ပြီး တစ်ကြိမ် သုံးကြိမ်တိတိ ပြောတယ်။ မစကြဖို့လေ။ ဒါပေမဲ့ ကောင်လေးတွေက မခံချိမခံသာ ဖြစ်လောက်အောင် ထပ်ပြီး စကြတာကလား။ ဒါနဲ့ ရောဘတ်က ကောက်ကာငင်ကာ စာသင်ခန်းထဲပြန်သွားတယ်။ ကောင်လေးတွေရဲ့ ထမင်းဘူးတွေ ကောက်ယူပြီး အဲဟို ရွှံ့ဗွက်ထဲသွားသွန်ပစ်တော့တာပဲ။ ဒါနဲ့ ကျွန်တော်လည်း သူတို့ရှိရာရောက်အောင် မြက်ခင်းပြင်ကို ဖြတ်ပြေးသွားရတာပေါ့။ အဲဒီအချိန်မှာပဲ ကောင်လေးတွေက ရောဘတ်ကို ဝိုင်းထိုးကြတော့တာပဲ။ ဒါပေမဲ့ ရောဘတ်က ပြန်မထိုးဘူးဗျ"

"သူ ဘာလုပ်သလဲဗျ" ဟု ဖေဖေက မေးသည်။

"လူစုခွဲဖို့ သူတို့ဆီ ကျွန်တော် ရောက်မသွားမီမှာပဲ ရောဘတ်က ကောင်လေးနှစ်ယောက်ကို ဆွဲဖက်ပြီး အဲဒီရွှံ့ဗွက်ထဲကိုပဲ တွန်းချလိုက်တော့တယ်။ အဲဒါကြောင့် သူလည်း ရွှံ့တွေပေကျံကုန်တာပေါ့။ တခြားကောင်လေးတွေကိုတော့ အဝတ်အစားတွေလဲဖို့ အိမ်ပြန်လွှတ်လိုက်တယ်။ သူတို့တစ်ကိုယ်လုံး ရွှံ့နစ်နေပြီလေ"

"ဒါပေမဲ့… သား သူတို့ကို မထိုးပါဘူး" ကျွန်တော်က ကျွန်တော်ထိုင်နေသည့် အခန်းထောင့်မှ လှမ်းပြောလိုက်သည်။

ဖေဖေက ကျွန်တော့်ကို မျက်လုံးပြူးကြည့်သည်။ သူ့နှုတ်ခမ်းပေါ် လက်ညှိုးဖြတ်တင်ပြီး တိတ်တိတ်နေဖို့ အချက်ပြသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီးနှင့် အတန်းပိုင်ဆရာမဘက် လှည့်ကာ "ဒီကိစ္စကို ကျွန်တော်တို့ အိမ်မှာ ဆုံးမလိုက်ပါ့မယ်" ဟု ပြောသည်။

ကျောင်းအုပ်ကြီးနှင့် ဆရာမတို့ ခေါင်းညိတ်သည်။ အတန်းပိုင် ဆရာမက...

"လွန်ခဲ့တဲ့ နှစ်လကစပြီး ဖြစ်ထွန်းလာခဲ့တဲ့ ဒီပြဿနာတစ်ခုလုံးကို မျက်မြင်သက်သေဖြစ်နေခဲ့ရတဲ့အတွက် ကျွန်မ ဝမ်းသာမိပါတယ်။ ဒီ့ရှေ့ဗွက် ပြဿနာအထိ ဖြစ်လာစေမယ့် ပြဿနာ သမိုင်းကြောင်းကိုသာ ကျွန်မ သိမထားရင် ကျွန်မ ရှောဘတ် တစ်ဦးတည်းကိုပဲ အပြစ်ပေးမိမှာပဲ။ ဒါပေမဲ့ ရှင်တို့ကိုလည်း ကတိပေးလိုက်ပါတယ်။ ကျွန်မ ဟိုကောင်လေးနှစ်ယောက်ရဲ့ မိဘတွေနဲ့လည်း ခေါ်တွေ့ပြီး ညှိနှိုင်းတိုင်ပင်ကြဦးမှာပါ။ ကောင်လေးတွေကိုရော... သူတို့ရဲ့ နေ့လယ်စာတွေကိုပါ ရွှံ့ဗွက်ထဲ ပစ်ချတဲ့ ပြစ်မှုကိုတော့ ကျွန်မ ခွင့်မလွှတ်ပါဘူး။ ဒါပေမဲ့ ကောင်လေးတွေကြားမှာ ဖြစ်ပေါ်နေတဲ့ အနိုင်ကျင့် ဗိုလ်ကျကိစ္စတွေ အဆုံးသတ်သွားလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်ရှင်"

နောက်နေ့ကြတော့ ထိုကောင်လေးနှစ်ယောက်နှင့် ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးပွဲကလေး ပြုလုပ်ပေးသည်။ ကျွန်တော်တို့၏ ကွာဟချက်များကို ဆွေးနွေးကြသည်။ ပြီးတော့ ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။ ထိုနေ့ မုန့်စားဆင်းချိန်တွင် တခြားကောင်လေးတွေ ကျွန်တော့်ဆီ လာကြသည်။ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ကြသည်။ ကျွန်တော့်ကျောကို ပုတ်ကြသည်။ ထိုအနိုင်ကျင့်သမားနှစ်ကောင်ကို ပြန်ချခဲ့သည့်အတွက် ကျွန်တော့်ကို ချီးကျူးကြသည်။ ဟိုနှစ်ကောင်က သူတို့ကိုလည်း ဗိုလ်ကျခဲ့ကြသည်လေ။ သူတို့ လာရောက်ချီးကျူးသည့်အတွက် သူတို့ကို ကျေးဇူးတင် စကားပြောသည်။ သို့သော် "မင်းတို့ ကိုယ့်တိုက်ပွဲတွေကိုလည်း တိုက်တတ်အောင် တစ်သက်လုံး ခံရပြီး မင်းတို့ သရဲဘောကြောင်တဲ့ကောင်တွေ ဖြစ်နေလိမ့်မယ်" ဟုလည်း ပြောပြလိုက်၏။

ရန်ပွဲနေ့ နောက်ပိုင်းမှစပြီး ပထမတန်းမှာ စာသင်ရခြင်းသည် ပျော်ရွှင်ကြည်နူးစရာ ကောင်းလာတော့၏။ တန်ဖိုးရှိလှသော ကိုယ့်ကိုယ်ကိုယ်

လေးစား တန်ဖိုးထားစိတ်တွေ ရလာ၏။ အတန်းသူအတန်းသားများက ဘလေးတစားဖြစ်လာသည်။ အတန်းထဲတွင် အချောဆုံးဆိုသည့် ကောင်မလေးသည် ကျွန်တော့် အချစ်ဆုံးသူငယ်ချင်းဖြစ်လာသည်။ သို့သော် ပို၍ စိတ်ဝင်စားစရာကောင်းသည်မှာ ဗိုလ်ကျ စိုးမိုးရေးသမား နှစ်ယောက်သည်လည်း နောက်ဆုံးကျတော့ ကျွန်တော့်သူငယ်ချင်းများ ဖြစ်လာခြင်းပင်။ ကိုယ့်ဘက်က ပျော့ညံ့သောကြောင့် ကိုယ့်ဘဝကို ကြောက်စိတ်တွေ၊ ထိတ်လန့်မှုတွေ အလွှမ်းမိုးခံမည့်အစား ကြံ့ခိုင်စွာ ဖြောင့်မှန်စွာ နေထိုင်ကျင့်ကြံခြင်းဖြင့် ငြိမ်းချမ်းသော ဘဝကို ထူထောင်နိုင်ကြောင်း ကျွန်တော် ပညာရခဲ့ပါသည်။

ရန်ပွဲနေ့နောက်ပိုင်း သီတင်းတစ်ပတ်လုံးလုံး ရွှံ့ဗွက် အရေးအခင်းအကြောင်းသည် ညစာထမင်းဝိုင်းတွင် စိတ်ဝင်တစား ဆွေးနွေးရမည့်အကြောင်းရပ် ဖြစ်ခဲ့လေသည်။ ထိုဆွေးနွေးချက်များမှတစ်ဆင့် ကျွန်တော်သည် ဖေဖေနှင့်မေမေထံမှ တန်ဖိုးမဖြတ်နိုင်သော ဘဝသင်ခန်းစာများ ရခဲ့၏။ ကျွန်တော် ဆည်းပူးခဲ့ရသည်မှာ ဘဝတွင် အဖြေမှန်တစ်ခု (သို့မဟုတ်) အဖြေမှား တစ်ခုရယ်လို့ မရှိဟူ၏။ ဘဝတွင် ကျွန်တော်တို့ ရွေးချယ်မှုများ ပြုလုပ်ကြရသည်။ ရွေးချယ်မှုတစ်ခုချင်းမှာ အကျိုးဆက် တစ်ခုစီရှိသည်။ ရွှံ့ဗွက် အရေးတော်ပုံ ပေါ်ပေါက်ခဲ့သည့်အတွက် လူတစ်ဦးသည် အကြင်နာတရား ထားတတ်ဖို့နှင့် မေတ္တာတရား ပွားတတ်ဖို့ အရေးကြီးကြောင်း မေမေ့ထံမှ ပညာရခဲ့၏။ ထိုနည်းတူစွာပင် စိတ်ဓာတ်ကြံ့ကြံ့ခိုင်ခိုင်နှင့် ခုခံတိုက်ခိုက်နိုင်အောင် အသင့်ပြင်ထားဖို့ အရေးကြီးကြောင်းကို ဖေဖေ့ထံမှ ပညာရခဲ့၏။ တစ်မျိုး (သို့မဟုတ်) ကျန်တစ်မျိုးဘက်တွင် အလေး သာနေလွန်ခြင်း (သို့မဟုတ်) တစ်မျိုးသာရှိပြီး ကျန်တစ်မျိုး မရှိခြင်းမှာမူ မိမိကိုယ်မိမိ ဘောင်ကန့်ပစ်သလို ဖြစ်စေတတ်ကြောင်းလည်း ပညာရခဲ့၏။ ရေပြတ်နေသည့်အတွက် ရေလိုအပ်နေသော အပင်တစ်ပင်အပေါ် ရေတွေ ဒလဟော လောင်းချလိုက်သောကြောင့် အပင်ကလေး ရေမြုပ်ပြီး သေသွားရသည့် အဖြစ်မျိုးနှင့် တူပါသည်။ ကျွန်တော်တို့လူသားတွေလည်း တစ်ဘက်ဘက်သို့ အစွန်းရောက်သွားတတ်ကြ၏။

ကျောင်းအုပ်ကြီးရုံးခန်းမှ ပြန်လာရသည့် ညကတော့ ဖေဖေက ကျွန်တော်တို့ကို ပြောပြသည့်စကားမှာ "လူတော်တော်များများဟာ အဖြူအမည်း ကမ္ဘာကြီး (ဒါမှမဟုတ်) အမှန်အမှား ကမ္ဘာကြီးထဲမှာပဲ နေထိုင်နေကြ

တာကလား။ လူတော်တော်များများက မင်းကို ဆုံးမလိမ့်မယ်၊ "ဘယ်တော့မှ ပြန်မချနဲ့" လို့။ အဲ တခြားလူတွေကကျတော့ "ပြန်ချပစ်" လို့ ပြောကြလိမ့်မယ်။ ဒါပေမဲ့ ဘဝအောင်မြင်ရေးသော့ချက်က ဟောဒီလိုကွ။ "မင်းပြန်ချမှ ဖြစ်တော့မယ်ဆိုရင် ဘယ်လောက် ပြင်းပြင်းထန်ထန် ပြန်ချရမလဲဆိုတာကို မင်း တိတိကျကျ သိနေရမယ်။ ဘယ်အတိုင်းအတာထိ ပြင်းပြင်းထန်ထန် ပြန်ချရမလဲဆိုတာကို တိတိကျကျ သိဖို့ဆိုတာ... "ပြန်မချနဲ့" လို့ ပြောတာတို့၊ "ပြန်ချပစ်လို့" ပြောတာတို့ထက် အများကြီးပိုပြီး ဉာဏ်ရည်ရှိဖို့ လိုအပ်တယ် သားရဲ့" ဟူ၏။

"ဉာဏ်ရည်အစစ်အမှန်ဆိုတာ ဘယ်ဟာက မှန်တယ်၊ ဘယ်ဟာက မှားတယ် ဆိုတာလောက်ကို သိရုံမဟုတ်ဘဲ ဘယ်ဟာကတော့ သင့်မြတ်တယ်ဆိုတာကိုပါ သိနေတာပဲ"ဟု ဖေဖေက မကြာခဏ ပြောခဲ့၏။ ခြောက်နှစ်သားအရွယ် ကောင်ကလေးဖြစ်သော ကျွန်တော်သည် ကြင်နာတတ်ဖို့လိုကြောင်း၊ ညင်သာသိမ်မွေ့တတ်ဖို့လိုကြောင်း မေမေ့ထံမှ သင်ယူခဲ့ရ၏။ သို့သော် အကြင်နာလွန်ပြီး အညင်သာ လွန်သွားတတ်ကြောင်းလည်း ပညာရခဲ့၏။ ဖေဖေ့ဆီကကျတော့ ကြံ့ခိုင်ဖို့၊ သို့သော် ကျွန်တော့်ခွန်အားကို သင့်မြတ်စွာ အသုံးပြုတတ်လောက်အောင် ဉာဏ်ရှိဖို့ကို မှတ်သားနာယူခဲ့ရ၏။ ပြားစေ့တစ်စေ့တွင် မျက်နှာစာ နှစ်ဖက်ရှိကြောင်း ကျွန်တော် မကြာမကြာ ပြောခဲ့၏။ မျက်နှာစာတစ်ဖက်တည်းရှိသည့် အကြွေစေ့တစ်စေ့ကို ကျွန်တော် တစ်ကြိမ်တစ်ခါမှ မမြင်ဖူး မတွေ့ဖူးခဲ့ပါ။ သို့ပေမဲ့ သည်အချက်ကို အကြိမ်ကြိမ် အခါခါ ဆိုသလို မေ့လျော့သွားတတ်၏။ ကျွန်တော်တို့ မြင်နေရသည့်ဘက်သည်သာ ၎င်းအကြွေစေ့မျက်နှာစာဟု ယူဆတတ်ကြ၏။ ထိုသို့ပြုမူမိပြီဆိုသောအခါ ကျွန်တော်တို့သည် ပါးနပ်ကောင်း ပါးနပ်ပါမည်၊ အချက်အလက်များကို သိကောင်း သိနေပါမည်။ သို့သော် ကျွန်တော်တို့၏ ဉာဏ်ရည်ကို ဘောင်ကန့်ပစ်ရာလည်း ရောက်ကောင်း ရောက်သွားနိုင်ပါသည်။

လူ့အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ကျွန်တော်တို့၏ ဉာဏ်ရည်ကို ယခုထက် ပိုပြီး 'လွှာ' သုံးတတ်ဖို့လိုမည်ဟု ကျွန်တော် ထင်ပါသည်။ ကျွန်တော်တို့၏ ခွန်အားနှင့် ကျွန်တော်တို့၏ အားပျော့ချက်များကို ချင့်ချင့်ချိန်ချိန် ဉာဏ်ရှိရှိသုံးစွဲတတ်ရပါမည်။ မိန်းမသားဆန်သော စွမ်းရည်များနှင့် ကျားကျားလျားလျား စွမ်းရည်များကို နှိုင်းနှိုင်းချိန်ချိန် အသုံးပြုပြီး နေ့စဉ်ဘဝ အရေး

အခင်းများကို ဆောင်ရွက်ကြရပါမည်။ ၁၉၆၀ ပြည့်လွန် နှစ်များအတွင်း သွန်တော် တစ်စုံတစ်ယောက်နှင့် စိတ်ဆိုးရန်ဖြစ်ပြီဆိုလျှင် ကျွန်တော်တို့ ကျောင်းအားကစားရုံ အနောက်ဘက်သို့ သွားကြသည်။ ပြီးတော့ လက်သီးဖြင့် ထိုးသည်။ လက်သီးတစ်လုံးနှစ်လုံး ပစ်သွင်းပြီးသည်နှင့် လူချင်း ပူးသွားသည်။ ဖက်ပြီး နပန်းလုံးကြသည်။ နောက်တော့ ပင်ပန်းမောဟိုက်လာသည်။ မကြာမီအတွင်း ရန်ပွဲပြီးဆုံးသွားသည်။ ထိုသို့ ရန်ဖြစ်သည့်အတွက် ဖြစ်ပေါ်လာသည့် အဆိုးဆုံးရလဒ်မှာ အင်္ကျီစုတ်ပြဲသွားခြင်း၊ နှာခေါင်းမှ သွေးထွက်ခြင်းတို့လောက်ပဲ ရှိ၏။ ထိုသို့ ရန်ဖြစ်ပြီးသွားသည်နှင့် ကျွန်တော်တို့ သူငယ်ချင်းတွေ ဖြစ်သွားလေ့ရှိ၏။

ယနေ့ခေတ်ချာတိတ်တွေလည်း စိတ်ဆိုးဒေါသထွက်ကြတာပါပဲ။ သူတို့ 'အမှားနှင့်အမှန်' တွေးနည်းကို ဉာဏ်ရည် သိပ်မသုံးဘဲ တွေးကြသည်။ သူတို့က သေနတ်ကိုင်ကြသည်။ တစ်ဦးကိုတစ်ဦး ပစ်ကြသည်။ ထိုသို့ ပြုမူကြသည်မှာ ကောင်ကလေးတွေရော ကောင်မကလေးတွေပါ အတူတူ ဖြစ်၏။ ယနေ့ဆိုလျှင် ကျွန်တော်တို့ သတင်းခေတ်ထဲ ရောက်ကောင်းရောက်နေမည်။ ယနေ့ချာတိတ်တွေသည် သူတို့မိဘများထက်ပိုပြီး အတွေ့အကြုံ စုံကောင်းစုံနေမည်။ သို့သော် ကျွန်တော်တို့၏ သတင်းများ၊ စိတ်ခံစားချက်များနှင့် ပတ်သက်လာလျှင် ယခုထက်ပိုပြီး ဉာဏ်သုံးတတ်အောင် လေ့လာဆည်းပူးဖို့ လိုအပ်နေ၏။ စောစောက ကျွန်တော် ပြောခဲ့သလို ကျွန်တော်တို့ အနေဖြင့် ကျွန်တော်တို့၏ မအေများ၊ ဖအေများထံမှ ပညာယူဖို့ လို၏။ သင်ယူဆည်းပူးဖို့ လို၏။ အဘယ့်ကြောင့်ဆိုသော် သည်လောက်များလွန်းသည့် သတင်းများနှင့် လုံးထွေးနေရပြီဆိုတော့ ကျွန်တော်တို့ ပိုပြီး ဉာဏ်သုံးတတ်ဖို့ လိုလာသောကြောင့်ပါ။

ဤစာအုပ်သည် မိမိတို့၏ ကလေးများကို ပိုပြီး ပါးနပ်လာအောင်၊ ပိုပြီး ချမ်းသာလာအောင် နောက်ပြီး ငွေရေးကြေးရေး ဉာဏ်ရည် ပိုပြီး ထက်မြက်လာအောင် ပြုစုပျိုးထောင်လိုသော မိဘများအတွက် ရည်စူးပါသည်။

❐

# အခန်း(၂)

## သင့်ကလေးသည် ပါရမီရှင်ကလေးလား

"ဘာတွေထူးခြားလာလဲကွ" ဟု နှစ်ပေါင်းအတန်ကြာ မတွေ့ရသည့် သူငယ်ချင်းတစ်ဦးကို ကျွန်တော် မေးလိုက်၏။ ထိုအခါ သူက သူ့ပိုက်ဆံအိတ်ကို ကောက်ကာငင်ကာ ဆွဲထုတ်သည်။ ပြီးတော့ ပိုက်ဆံအိတ်ထဲထည့်ထားသည့် ဆယ့်တစ်လသမီးအရွယ် သူ့သမီးဓာတ်ပုံကို ပြသည်။ သူက ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြုံးပြုံးကြီးပြောသည်။ "သမီးက အရမ်းလည်တာပဲကွာ။ အတတ်မြန်လိုက်တာများ ယုံတောင်မယုံနိုင်အောင်ပဲကွာ" ဤမော်မော်ကြွားကြွားဖအေကြီးက သူ့သမီးကလေး ဘယ်လောက်ဉာဏ်ရည်ထက်မြက်ကြောင်း၊ ဘယ်လောက်သင်ယူမှုစွမ်းရည် မြင့်ကြောင်းကို မိနစ်နှစ်ဆယ့်လုံးလုံး မရပ်မနား အသေးစိတ်ပြောတော့၏။ နောက်ဆုံးတွင်မှ သူတစ်ယောက်တည်း တောက်လျှောက်ပြောနေကြောင်း သတိရပြီး တောင်းပန်စကားဆိုရှာသည်။

"စိတ်မကောင်းပါဘူး သူငယ်ချင်းရာ... ငါက ငါ့သမီးလေးအတွက် ဂုဏ်ယူလွန်းနေလို့ပါ။ သူ ဘယ်လောက် ပါးနပ်ချက်ချာပြီး ဘယ်လောက် အတတ်မြန်တယ်ဆိုတာ ကြည့်ပြီး ငါဖြင့် အံ့သြလို့ မဆုံးဘူးကွ။ ဒီကောင်မလေး ပါရမီရှင်ကလေးဖြစ်မယ်ဆိုတာ ငါတော့ ယုံမှားသံသယ မဖြစ်ဘူးကွ"

ထိုသို့ ဂုဏ်ယူဝင့်ကြွားမှုများကို မိဘအသစ်စက်စက်များသာ ပြုလုပ်တတ်ပါသလား။ မဟုတ်ဟု ကျွန်တော်ထင်သည်။ ယုတ်စွဆုံး ကျွန်တော့်အတွေ့အကြုံအရတော့ မဟုတ်။ မိဘများကို အကဲခတ်လေ့လာချက်များမှ သတိပြုမိသော အချက်တစ်ချက်မှာ သူတို့အားလုံး သူတို့၏ ကလေးတွေ

ဘယ်လောက် သင်ယူနှုန်း မြန်ကြောင်း တအံ့တသြဖြစ်နေကြသည်ချည်းပင်။ ကျွန်တော်နှင့် တွေ့ဆုံရသည့် မိဘ အသစ်စက်စက်တိုင်းကတော့ သူ့ကလေးသည် ကမ္ဘာပေါ်မှာ အပါးနပ် အချက်ချာဆုံးဖြစ်သည်ဟု ယုံကြည်စိတ်ချသည်ချည်းဖြစ်၏။ သို့ရာတွင် ကလေးသူငယ် တော်တော်များများသည် ကြီးပျင်းလာသည့်ကာလ အတောအတွင်း တစ်ခုခု ဖြစ်သွားတတ်ကြသည်။ တချို့ကလေးများအတွက်တော့ အဆိုပါ ပါရမီသည် ကွယ်ပျောက်သွားသယောင် ရှိသည်။ သို့မဟုတ် တခြားတစ်ဘက်ဘက်တွင်သွားပြီး ထူးချွန်သလို ဖြစ်သွားတတ်၏။

ကင်မ်နှင့် ကျွန်တော့်တွင် သားသမီးတွေ မရှိသော်လည်း ကျွန်တော်က ကလေးပေါက်စတွေဆိုလျှင် အရမ်းချစ်သည်။ သူတို့၏ မျက်လုံးကလေးတွေထဲသို့ ကြည့်ရသည်ကိုက စိတ်ဝင်စား စွဲမက်စရာ။ သူတို့မျက်လုံးကလေးတွေထဲသို့ ကြည့်လိုက်လျှင် စူးစမ်းသော၊ စပ်စုသော မျက်လုံးကလေးတွေက ပြန်စိုက်ကြည့်နေတတ်၏။ သူတို့ကလေးတွေသည် အရှိန်အဟုန်ပြင်းစွာ သင်ယူဆည်းပူးပြီး တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲနေကြောင်း သိသာလှ၏။ သူတို့၏ သင်ယူအားသည် ထပ်တိုးကိန်းဖြင့် ပွားယူသလို အကြီးအကျယ် တိုးတက်ပြောင်းလဲနေလေသည်။ သူတို့၏ အသိပညာသည် တစ်စက္ကန့်ပိုင်းတွင် နှစ်ဆတိုးနေတာ ဖြစ်ရမည်။ မြင်မြင်သမျှသည် သူတို့အတွက် အဆန်းချည်း ဖြစ်နေ၏။ ၎င်းအချက်အလက်အဆန်းများကို သူတို့မှတ်ဉာဏ်ဘဏ်တိုက်ထဲ သွင်းလိုက်ကြ၏။

တစ်နေ့ကပင် နောက်ထပ်မိတ်ဆွေတစ်ယောက်၏ အိမ်သို့ရောက်ခဲ့သေးသည်။ မိတ်ဆွေနှင့် သုံးနှစ်အရွယ် သူ့သမီးကလေးကို ရေကူးကန်ထဲမှာ တွေ့ရ၏။ ကျွန်တော် လက်ဝှေ့ယမ်းပြပြီး ရေကူးကန် နံဘေးသို့ရောက်သွားတော့ မိတ်ဆွေက လှမ်းအော်သည်။ 'ကျွန်တော့်သမီးကလေးကို ကြည့်စမ်းပါဦး။ သူက အိုလံပစ်ရေကူးချန်ပီယံဖြစ်မှာဗျ' ကျွန်တော် သူ့သမီးကလေးကို ကြည့်လိုက်၏။ ရေနစ်လုနီးပါးဖြစ်နေသော်လည်း ရေထဲမှာ ရဲရဲဝံ့ဝံ့ ယက်ကန်နေသည့် ကလေးမကလေး။ သို့ဖြစ်သည့်တိုင် ဝင့်ဝင့်ကြွားကြွား စောင့်ကြို့နေသည့် သူ့ဖအေကြီးဆီသို့ တဖြည်းဖြည်း ရွေ့လျားသွားလာနေသည်။ သူ့ကိုယ်ပေါ်မှာ ရေပေါ်တွင် ပေါ်နေစေမည့် အစီအမံတစ်ခုမျှ မပါ။ ဦးခေါင်းကို ရေပေါ်မှာ ပေါ်အောင် အနိုင်နိုင် အားထုတ်ပြီး အသက်ရှူနေ

ရသည်။ ဘာပဲဖြစ်ဖြစ် ရေနက်ပိုင်းမှာ စောင့်ကြိုနေသည့် သူ့အဖေဆီသို့ ရောက်သွားသည်။ ခုမှ ကျွန်တော် သက်ပြင်းချနိုင်သည်။ သူ့ဖေဖေက သူ့သမီးပခုံးကို ဖက်ထားပြီး "ဒါမှ သတ္တိရေကူးမယ်လေးကွ။ သမီးကတော့ တစ်နေ့နေ့ကျရင် အိုလံပစ်ချန်ပီယံဖြစ်မှာဗျ..." ကျွန်တော်လည်း ထိုအတိုင်း ထင်ပါသည်။

ကျွန်တော် အံ့ဩနေတာတစ်ခုရှိသည်။ လွန်ခဲ့သည့် သီတင်းပတ်တုန်းကပင် ရေထဲဆင်းရမှာ အထိတ်တလန့်ဖြစ်ခဲ့သည်မှာ သည်ချာတိတ်မမှ သည်ချာတိတ်မကလေးပါပဲ။ ခုတော့ သူ့ဖေဖေကပင် အနာဂတ်၏ အိုလံပစ်ရေကူးချန်ပီယံကလေးဟု ခေါ်ဝေါ်သမုတ်နေရပြီ။ ကျွန်တော့်အမြင်မှာတော့ ဤအခြင်းအရာသည် အရှိန်အဝါကြီးစွာ သင်ယူဆည်းပူးနိုင်စွမ်းရှိခြင်းပင် ဖြစ်၏။ သည်လိုသင်ယူနိုင်စွမ်းမျိုးကို ပါရမီထူးချွန်သူများသာ ပြုလုပ်နိုင်၏။

တစ်ခုကော့ရှိသည်။ ဤအဆင့်ဖြင့် သင်ယူ ဆည်းပူးနိုင်စွမ်းသည် ကလေးတိုင်း၌ ပါရှိလာသည့် မွေးရာပါ အရည်အချင်းပင် ဖြစ်ပါသည်။

## ကလေးတိုင်းသည် မွေးရာပါ ပါရမီရှင်များဖြစ်ကြောင်း ကျွန်တော့် ဖေဖေက ယုံကြည်သည်

*ချမ်းသာတဲ့ဖေဖေနှင့် နွမ်းရှာတဲ့ ဖေဖေ* စာအုပ်ထဲတွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော့် ဖအေအရင်းသည် ၁၉၆၀ ပြည့်လွန်နှောင်းပိုင်း နှစ်များနှင့် ၁၉၇၀ ပြည့်လွန်စောစောပိုင်း နှစ်များအတွင်း ဟာဝိုင်ရီတွင် ပညာရေးဌာနအကြီးအကဲအဖြစ် အမှုထမ်းခဲ့သူဖြစ်၏။ သူက ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲလိုသူ။ သို့ဖြင့် လက်ထောက်ပြည်နယ် အုပ်ချုပ်ရေး ဝင်ရောက် အရွေးခံရန် ပညာရေးဌာနမှ အလုပ်ထွက်လိုက်၏။ သူက အစိုးရ အဖွဲ့အစည်းထဲတွင် စာရိတ္တမဏ္ဍိုင် ခြစားနေသည်ကို အကြီးအကျယ် အော့နှလုံးနာနေသူဖြစ်၏။ ရွေးကောက်ပွဲတွင် သူအနိုင်ရချင်မှရမည်။ သို့ပေမဲ့ သူတည့်မတ်ပစ်ချင်သည့် အမှားများကို လူအများသိမြင်လာစေလိုသည့်အတွက် မဲဆွယ်တရားပွဲတွေ ပြုလုပ်သည်။ ဟောပြောသည်။ သို့သော် ကျွန်တော်တို့အားလုံး သိထားသည့်အတိုင်း အဖြောင့်မတ်ဆုံးနှင့် သစ္စာအရှိဆုံး ကိုယ်စားလှယ်လောင်းများကို အများပြည်သူက အမြဲတစေ မဲပေး မနေကြပါ။

ကျွန်တော့်ဖေဖေသည် ပညာပါရမီ ထူးချွန်သူအဖြစ် ယနေ့တိုင် ယုံကြည်နေဆဲပါ။ သူသည် သဲကြီးမဲကြီး စာဖတ်သူ၊ စာရေးကောင်းသူ၊

အပေါအပြောကောင်းသူနှင့် အသင်အပြကောင်းသော ကျောင်းဆရာတစ်ဦး ဖြစ်၏။ ကျောင်းသားဘဝတစ်လျှောက်လုံးတွင် စာအတော်ဆုံး စာရင်းဝင် အဖြစ် ရပ်တည်ခဲ့သူ။ အတန်းခေါင်းဆောင် အမြဲဖြစ်နေခဲ့သူ။ သူသည် ဝင်ငွေတွေ ဘယ်လောက်ပဲကောင်းကောင်း ထာဝစဉ် ဘိုင်ကျနေသူ။ ထို့ကြောင့် ကျွန်တော်က သူ့ကို နွမ်းရှာတဲ့ ဖေဖေဟု နာမည်ပေးခဲ့ခြင်းဖြစ်၏။ ဘာပဲ ဖြစ်ဖြစ် သူနှင့်ပတ်သက်လာလျှင် ကျွန်တော် ဂုဏ်ယူဝင့်ကြွားမိပါသည်။ သူပြောနေကျစကားမှာ "ငါက ငွေကို စိတ်ဝင်စားတာ မဟုတ်ဘူး" ဟူ၏။ နောက်ပြီး "ငါက ဘယ်တော့မှ ချမ်းသာမှာ မဟုတ်ဘူး" ဟုလည်း ပြော တတ်သေးသည်။ ၎င်းစကားလုံးများသည် ကိုယ့်ဘဝကိုယ် နိမိတ်ဖတ်သည့် ဟောကိန်းများဖြစ်နေတော့၏။

ချမ်းသာတဲ့ ဖေဖေနှင့် နွမ်းရှာတဲ့ ဖေဖေကို ဖတ်ပြီးသောအခါ လူ တော်တော်များများက "ဒီစာအုပ်ကို အနှစ်နှစ်ဆယ်လောက် စောပြီး ဖတ်ခဲ့ မိရင် ဘယ်လောက်ကောင်းမလဲ" ဟု ပြောကြ၏။ တချို့က ကျွန်တော့်ကို မေးကြသည်။ "ခင်ဗျားက ဒီစာအုပ်ကို ဘာဖြစ်လို့ စောစောကတည်းက မရေးခဲ့ရတာလဲ" ဟူ၍။ "ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဖေဖေ ကွယ်လွန် ချိန်အထိ စောင့်နေခဲ့လို့ပါ" ဟု ကျွန်တော် ဖြေခဲ့သည်။ ဖေဖေ့ကို ရိုသေ လေးစားသောအားဖြင့် ကျွန်တော် ငါးနှစ်တိတိ စောင့်ခဲ့ပါသည်။ သူ သက်ရှိ ထင်ရှား ရှိနေစဉ် ဤစာအုပ်ကို ဖတ်ရလျှင် သူနာကြည်းရှာမည်ဆိုတာ ကျွန်တော် သိနေသည်လေ။ သို့သော် စိတ်ဓာတ်ရေးရာအရဆိုလျှင်တော့ သူ့ဘဝကိုကြည့်ပြီး ကျွန်တော်တို့ ထုတ်ယူလို့ရသည့် သင်ခန်းစာအားလုံးကို သူထောက်ခံမည်ဟု ကျွန်တော် ယုံကြည်ပါသည်။

ဤစာအုပ် 'သူကြွယ်ချာတိတ် လူလည်ချာတိတ်' တွင် ပါဝင်သည့် ကလေးတွေ ဘယ်ပုံဘယ်နည်း သင်ယူဆည်းပူးတတ်ကြသလဲ။ ကလေးတွေ သည် ဘာကြောင့် မွေးလာကတည်းက ပါးနပ်ချက်ချာကြသလဲဆိုသည့် အယူအဆတော်တော်များများသည် ကျွန်တော့် ဖေဖေထံမှရသော အတွေး အမြင်များဖြစ်ပါသည်။ အောက်ဖော်ပြပါ ဇာတ်လမ်းမှာ ငယ်ဘဝကတည်းက ပါရမီ ထူးချွန်သူကလေးဟု တံဆိပ်တပ်ခံရသည့် ကျွန်တော့်သူငယ်ချင်း တစ်ယောက်အကြောင်း ဖြစ်၏။ နောက်ပြီး ကျွန်တော်တို့အားလုံးပင် တစ် နည်းမဟုတ်တစ်နည်းဖြင့် ပါရမီရှင်များဖြစ်နေသည့် အကြောင်းလည်း ဖြစ် ပါသည်။

## သင့်ကလေး၏ ဉာဏ်ရည်ပြကိန်းမြင့်သလား

တစ်ဦးတစ်ယောက်၏ ဉာဏ်ရည်ပြကိန်းသည် တော်တော်မြင့်သည်ဟု သင်ပြောလျှင် ထိုစကား၏ အဓိပ္ပာယ်က ဘာလဲ။ ဉာဏ်ရည်ပြကိန်းက ဘာကိုတိုင်းထွာသလဲ...၊ သင့်ဉာဏ်ရည်ပြကိန်း မြင့်မားခြင်းသည် သင် အောင်မြင်မှုရလိမ့်မည်ဆိုသည့် သဘောလား...၊ မြင့်မားသည့် ဉာဏ်ရည်ပြကိန်းက သင့်အောင်မြင်ရေးကို အာမခံပါသလား...၊ မြင့်မားသော ဉာဏ်ရည်ပြကိန်းရှိလျှင် သင်ချမ်းသာကြွယ်ဝလိမ့်မည်ဆိုသည့် အဓိပ္ပာယ်လား။

ကျွန်တော် လေးတန်း ကျောင်းသားဘဝတုန်းက ကျွန်တော်တို့အထဲတွင် ပါရမီရှင်လေးတစ်ဦးရှိနေကြောင်း တစ်နေ့တွင် အတန်းပိုင်ဆရာမကကြေညာသည်။ "သူက အရမ်းပါရမီထူးချွန်တဲ့ ကလေးကွဲ့။ သူ့ရဲ့ ဉာဏ်ရည်ပြကိန်းကလည်း အရမ်းမြင့်တယ်" ဟု ပြောသည်။ ထိုသူသည် ကျွန်တော့်အချစ်ဆုံးသူငယ်ချင်းလည်းဖြစ်၊ အတန်းထဲတွင် စာအတော်ဆုံး ကျောင်းသားလည်း ဖြစ်သည့် "အင်ဒရူး" ဆိုသူဖြစ်ကြောင်း ဆက်ပြောသည်။

ဉာဏ်ရည်ပြကိန်းဆိုတာ ဘာမှန်းမသိသည့် ကျွန်တော်က လက်ထောင်ပြပြီး ဆရာမကို မေးလိုက်သည်။

"ဉာဏ်ရည်ပြကိန်းဆိုတာ ဘာလဲဆရာမ"

ဆရာမက တောင်ပြောမြောက်ပြော နည်းနည်းပါးပါး လျှောက်ပြောသည်။ ပြီးတော့ "ဉာဏ်ရည်ပြကိန်းဆိုတာ ဉာဏ်ဘယ်လောက် ကောင်းသလဲဆိုတာ တိုင်းတာလို့ရတဲ့ အမှတ်ပေါ့" ဟု ပြောသည်။ ထို့နောက် ဉာဏ်ရည်ပြကိန်းဆိုတာ သိပြီလားဆိုသည့် အဓိပ္ပာယ်ဖြင့် စိန်းစိန်းဝါးဝါး ကြည့်သည်။

ခက်တာက ဉာဏ်ရည်ပြကိန်းဆိုတာကို ခုထိ ကျွန်တော် သဘောမပေါက်သေးခြင်းပင်။ သည်တော့ ကျွန်တော် လက်ထောင်လိုက်ပြန်သည်။ ဆရာမက တတ်နိုင်သလောက် မသိကျိုးကျွန် လုပ်နေသည်။ မတတ်သာသည့်အဆုံးမှ ကျွန်တော့်ဘက် လှည့်လာသည်။ အိုင်ကျူဆိုတာကို ကျွန်တော်နားမလည်သေးကြောင်း ပြောလိုက်၏။ ဆရာမက ဟိုဟိုသည်သည် လျှောက်ပြောပြန်သည်။ နောက်ဆုံးကျတော့ ဝေါဟာရအဘိဓာန်ထဲမှာ ရှာကြည့်ဟုပြောတော့သည်။ ကျွန်တော် ကျိုးနွံစွာပင် ဝေါဟာရအဘိဓာန်ကို လှန်ကြည့်သည်။ သို့တိုင် ကျွန်တော် အဓိပ္ပာယ်မပေါက်သေး။ သည်တော့ ဆရာမနှင့် ကျွန်တော် အချီအချ အငြင်းပွားရတော့သည်။

နောက်ဆုံးတွင် အင်ဒရူး ထိုင်နေရာက မတ်တတ်ရပ်ပြီး "အတန်းကို ကျွန်တော် ရှင်းပြပါ့မယ် ဆရာမ" ဟု ပြောသည်။ ပြီးတော့ သင်ပုန်းရှိရာသို့ သွားပြီး သင်ပုန်းပေါ်မှာ ရေးချသည်။

၁၈ (ဉာဏ်သက်)
—————————— × ၁၈၀ အိုင်ကျူ (ဉာဏ်ရည်ပြကိန်း)
၁၀ (ဇာတာသက်)

"ဒီတော့ လူတွေက ပြောကြတယ် ကျွန်တော်ဟာ ပါရမီရှင်လို့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အသက်က ဆယ်နှစ်၊ ဉာဏ်ရည်စစ်ဆေးချက်မှာ ရမှတ်က ဆယ့်ရှစ်နှစ်သားတစ်ယောက်ရဲ့ ရမှတ်ကို ရတယ်"

အတန်းတစ်တန်းလုံး ငြိမ်တိတ်နေသည်။ သင်ပုန်းပေါ်မှာ အင်ဒရူး ရေးပြသည်ကို လေ့လာနေသည်။

"တစ်နည်းပြောရရင် မင်းအသက်ကြီးလာတာနဲ့အမျှ သင်ယူမှုစွမ်းရည်တွေ တိုးတက်မလာရင် မင်းရဲ့ဉာဏ်ရည်ပြကိန်းဟာ နိမ့်သွားနိုင်တယ် ဆိုပါတော့" ဟု ကျွန်တော် ထောက်လိုက်သည်။

"အဲဒီအတိုင်းပဲ အဓိပ္ပာယ်ဖွင့်ရမှာပဲ။ ငါဟာ ဒီနေ့ ပါရမီရှင်ဖြစ်ကောင်း ဖြစ်နေမယ်။ ဒါပေမဲ့ ငါ့ရဲ့ အသိပညာတွေ တိုးမလာရင် တစ်နှစ်ပြီး တစ်နှစ် ငါ့အိုင်ကျူဟာ နိမ့်ကျလာမှာပဲ။ ယုတ်စွအဆုံး ဒီညီမျှခြင်းက ဖော်ပြနေတာတော့ အဲဒါပဲ"

"ဒီတော့ မင်း ဒီနေ့ ပါရမီရှင်ဖြစ်နေပေမယ့် မနက်ဖြန်ကျ ငတုံးကြီးဖြစ်နေနိုင်တယ် ဆိုပါတော့" ကျွန်တော် တစ်ချက် ဟက်ခနဲ ရယ်ပြီးပြောလိုက်၏။

"သိပ်ရယ်ရတယ်ကွ။ ဒါပေမဲ့ အဲဒီအတိုင်း အတိအကျပဲ။ ဒါပေမဲ့ မင်း ငါ့ကို နိုင်သွားမှာကို စိုးရိမ်စရာ မရှိဘူးဆိုတာတော့ ငါသိနေတယ်ကွ"

"ကျောင်းဆင်းချိန်ကျရင် မင်းနဲ့ငါ တန်းညှိကြမယ်။ မင်းနဲ့ငါ ဘော့စ်ဘောကွင်းမှာ ဆုံကြမယ်လေ။ အဲဒီအခါကျ ဘယ်သူက အိုင်ကျူမြင့်သလဲ ဆိုတာ တို့တွေ့ရမှာပေါ့ကွာ"

ကျွန်တော် ပြန်အော်ပြောပြီး ရယ်လိုက်၏။ သည်တော့ အခြားအတန်းသူအတန်းသားတွေလည်း ရယ်မောကြ၏။ အင်ဒရူးသည် ကျွန်တော့် အချစ်ဆုံးသူငယ်ချင်းတွေထဲတွင် တစ်ဦးအပါအဝင်။ သူ စာတော်ကြောင်း

ကျွန်တော်တို့အားလုံး သိကြသည်။ သို့သော် အောင်မြင်သော အားကစား သမားတစ်ယောက် ဖြစ်လာမည်မဟုတ် ဆိုတာကိုလည်း ကျွန်တော်တို့ သိထားသည်။ သူက ဘောလုံးကို ဖမ်းနိုင်သူမဟုတ်။ ပစ်နိုင်သူမဟုတ်။ သို့ပေမဲ့ ကျွန်တော်တို့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ တကယ်တော့ သူငယ်ချင်းမိတ်ဆွေ ဆိုတာလည်း သည်အတိုင်းပဲ မဟုတ်ပါလား။

## သင်၏ ငွေရေးကြေးရေး ဉာဏ်ရည်ပြကိန်းဆိုတာ ဘာလဲ

သည်တော့ လူတွေ၏ ငွေရေးကြေးရေးဉာဏ်ရည်ပြကိန်းကို ဘယ်လို တိုင်းတာမည်လဲ။ သူတို့ရသည့်လခ ဘယ်လောက်များသလဲဆိုတာ အခြေပြုပြီး တိုင်းတာမည်လား။ သူတို့၏ အသားတင် ခနတန်ဖိုးပေါ်မှာ အခြေပြုမည် လား။ သူတို့စီးသည့် မော်တော်ကားပေါ်မှာလား။ သို့မဟုတ် သူတို့အိမ် အရွယ်အစားပေါ်မှာလား။

အင်ဒရူးအား ပါရမီရှင်အဖြစ် သတ်မှတ်သည့်နေ့က ဆွေးနွေးပြီး နောက်ပိုင်း နှစ်ပေါင်းတော်တော်ကြာတော့ ငွေရေးကြေးရေးဉာဏ်ရည်ပြကိန်း ဆိုတာကို ဘယ်လို အဓိပ္ပာယ်ဖွင့်မည်လဲဟု ကျွန်တော် ဖေဖေချမ်းသာ ကို မေးကြည့်ခဲ့၏။ သူက မဆိုင်းမတွပင် အဖြေပေးခဲ့သည်။

"ငွေရေးကြေးရေးဉာဏ်ရည်ဆိုတာ မင်းဘယ်လောက်များများ ရှာနိုင် သလဲဆိုတာနဲ့ မဆိုင်ဘူး။ ငွေရေးကြေးရေးဉာဏ်ရည်ဆိုတာ ငွေဘယ်လောက် များများ မင်း ထိန်းထားနိုင်သလဲ။ အဲဒီငွေတွေက မင်းအတွက် ဘယ်လောက် စွမ်းစွမ်းတမံ အလုပ် လုပ်ပေးသလဲဆိုတာနဲ့ ဆိုင်တယ်ကွ"

သို့တိုင် အချိန်ကာလတွေ ရွေ့လျားလာတော့ သူ၏အဓိပ္ပာယ်ဖွင့်ဆို ချက်ကို ထပ်ပြီး မွမ်းမံခဲ့သည်။

"မင်းအသက်ပိုကြီးလာမယ်၊ ဝင်ငွေတွေ ပိုရလာမယ်၊ မင်းဘဝမှာ မင်းကို ပိုလွတ်လပ်မှုရအောင်၊ ပိုပြီး ပျော်ရွှင်မှုရအောင်၊ ပိုပြီး ကျန်းမာအောင် နောက်ပြီး ဘဝမှာ ပေါ်ပေါက်လာတဲ့ ရွေးချယ်စရာတွေ ပိုပြီး များများ ရွေးချယ်လို့ရအောင်... အဲဒီငွေတွေက ဖန်တီးပေးနိုင်တယ်ဆိုရင် မင်းဟာ ငွေရေးကြေးရေးဉာဏ်ရည် တိုးတက်လာတယ်လို့ ပြောရမယ်"

သူက ဆက်ရှင်းပြသည်မှာ လူတွေ အသက်ကြီးလာပြီး ဝင်ငွေတွေ ပိုရလာကြောင်း၊ သို့သော် အနှောင်အဖွဲ့ကင်းမှု လျော့နည်းသွားကြောင်း၊ ကျားကြီးခြေရာကြီးဆိုသလို ပေးဆပ်စရာကြွေးတွေများလာသည့်အတွက် လွတ်

လပ်မှု လျော့နည်းသွားကြောင်း၊ ကြွေးတွေများလာသည့်အတွက် ကြွေးတွေကျေအောင် အလုပ်ကိုပိုပြီး အားထုတ် လုပ်ကိုင်ရတော့ကြောင်း… ဖေဖေချမ်းသာက ရှင်းပြသည်။ ထိုသို့ဖြစ်လာခြင်းသည် ဖေဖေချမ်းသာ၏ အမြင်တွင် ငွေရေးကြေးရေးဉာဏ်ရည် ထက်သည်ဟု မမြင်။ ဝင်ငွေအများကြီး ရသူတွေကို သူတွေ့ဖူးကြောင်း။ သို့သော် သူတို့၏ငွေက သူတို့ကိုပိုပြီး စိတ်ချမ်းသာလာအောင် ဖန်တီးမပေးနိုင်ကြောင်းကိုလည်း ပြောပြသေးသည်။ ထိုသို့ဖြစ်ခြင်းသည် ဖေဖေချမ်းသာ၏အမြင်တွင် ငွေရေးကြေးရေး ဉာဏ်ရည်ထက်သည်ဟု မမြင်။

"ငွေရအောင် အလုပ် လုပ်ပြီး ဘာကိစ္စ စိတ်ဆင်းရဲနေရမှာလဲ။ ငွေရအောင် အလုပ် လုပ်ပြီဆိုမှတော့ အလုပ် လုပ်ပြီး စိတ်ချမ်းသာမှုရမယ့်နည်း တစ်နည်းကို ရှာပေတော့။ ငွေရေးကြေးရေးဉာဏ်ဆိုတာ အဲဒါပဲပေါ့"

ကျန်းမာရေးနှင့်ပတ်သက်၍ သူက ရှင်းပြသည်မှာ …

"လူတော်တော်များများဟာ ပိုက်ဆံရဖို့အလုပ်ကို ကျုံးရုန်းလုပ်ပြီး သူတို့ကိုယ်သူတို့ အမှည့်ခြွေ ခြွေ သတ်နေကြတယ်ကွ။ မင့်မိသားစုနဲ့ မင်းကိုယ်တိုင်ရဲ့ စိတ်ချမ်းသာရေး ကိုယ်ချမ်းသာရေးကို စွန့်ပစ်ပြီး ဘာကိစ္စသေကောင်းပေါင်းလဲ အလုပ်လုပ်နေမလဲ။ အဲဒါ ငွေရေးကြေးရေး ဉာဏ်ရည်ထက်တာ မဟုတ်ဘူး"

"လောကမှာ ရုတ်တရက် နှလုံးရောဂါ ဖောက်တယ်ဆိုတာ မရှိဘူး။ နှလုံးရောဂါဖောက်တာတွေ၊ တခြား ကင်ဆာလိုရောဂါတွေဆိုတော့ အချိန်ယူပြီး ဖြစ်လာတာချည်းပဲ။ ဒါတွေ ဖြစ်လာတာဟာ ကျန်းမာရေး လေ့ကျင့်ခန်းမလုပ်လို့၊ အစားအသောက်ညံ့လို့၊ အချိန်ကာလအရှည်ကြီးအတွင်းမှာ ပျော်ရွှင်စရာ မရှိခဲ့လို့ပဲ။ အဲဒီသုံးမျိုးထဲမှာ ပျော်ရွှင်မှုကင်းမဲ့တာဟာ နှလုံးရောဂါနဲ့ တခြားရောဂါတွေဖြစ်ပေါ်ဖို့ အဓိကအကျဆုံး အကြောင်းတရားကြီးပဲကွ။ လူတော်တော်များများဟာ ရတောင့်ရခဲလူ့ဘဝကြီးမှာ ပျော်ပျော်နေနိုင်အောင် ကြိုးစားဖို့မစဉ်းစားဘဲ ကျုံးရုန်း အလုပ်လုပ်ဖို့လောက်သာ စဉ်းစားနေကြတာကလား"… ဟူ၏။

ရွေးချယ်မှုများနှင့် ပတ်သက်၍မူ သူက အောက်ပါအတိုင်း ပြောပြလေသည်။

"လေယာဉ်ပျံစီးရင်း ပထမတန်းကပဲစီးစီး၊ ရိုးရိုးတန်းကပဲစီးစီ သွားမယ့်ခရီးကို ပြိုင်တူရောက်မှာပဲဆိုတာ ငါသိတယ်။ အဲဒါက ပြဿနာ

မဟုတ်ဘူး။ ပြဿနာက ပထမတန်းက စီးမလား၊ ရိုးရိုးတန်းက စီးမလား၊ ခင်းမှာ ရွေးချယ်ခွင့်ရှိသလား ဆိုတာပဲ။ ရိုးရိုးတန်းက လူများစုမှာ ရွေးချယ်ခွင့် မရှိဘူး”

ထို့နောက် ငွေရေးကြေးရေးဉာဏ်ရည်က လူတစ်ယောက်အား ဘဝတွင် ရွေးချယ်စရာများ ပိုမိုဖန်တီးပေးကြောင်း ဆက်ပြီးရှင်းပြသည်။

“ငွေဟာ စွမ်းအားပဲ။ ဘာဖြစ်လို့လဲဆိုတော့ ငွေများများရှိတာဟာ ရွေးချယ်စရာ များများကို ဖန်တီးပေးလို့ပဲ”

သို့သော် သူအရွယ်ကလေး ထောက်လာလေလေ သူပို၍ပို၍ အရေးထား ဂရုစိုက်လာသည်မှာ စိတ်ချမ်းသာမှုနှင့် ပတ်သက်သည့် သင်ခန်းစာများ ဖြစ်လာ၏။ ဘဝနေဝင်ချိန်ပိုင်းရောက်လာပြီး သူစိတ်ကူးယဉ် မျှော်မှန်းထားသည်ထက်ပိုပြီး ချမ်းသာလာလေ သူ ထပ်ကာတလဲလဲ ပြောလာသည့် စကားမှာ...

“ငွေက မင်းကို စိတ်ချမ်းသာအောင် လုပ်မပေးဘူး။ မင်း ချမ်းသာလာရင် စိတ်ချမ်းသာလာလိမ့်မယ်လို့ ဘယ်တော့မှ မထင်လေနဲ့။ မင်း ချမ်းသာလာလည်း စိတ်ဆင်းရဲနေရမယ့် အလားအလာတွေ ရှိနေသေးတာပဲ။ ဒီတော့ မင်းချမ်းသာသည်ဖြစ်စေ ဆင်းရဲသည်ဖြစ်စေ စိတ်ချမ်းသာနေအောင် နေထိုင်ကျင့်ကြံဖို့ သတိထား” ဟူ၏။

ဖေဖေချမ်းသာသည် ငွေရေးကြေးရေးဉာဏ်ရည်ပြကိန်းကို ထုံးတမ်းစဉ်လာ ငွေရေးကြေးရေးအတိုင်းအတွာများပေါ် အခြေပြုပြီး မတိုင်းတာပါ။ ထုံးတမ်းစဉ်လာ ငွေရေးကြေးရေး အတိုင်းအတွာများဆိုသည်မှာ သူ့တွင်ရှိသော ငွေကြေးပမာဏ (သို့မဟုတ်) သူ၏ အသားတင်တန်ဖိုး (သို့မဟုတ်) သူပိုင်ရင်းနှီးမြှုပ်နှံမှု အစုစု၏ ပမာဏတို့ဖြစ်ပါသည်။ သည်တော့ ဖေဖေချမ်းသာ ပြောသည့် ငွေရေးကြေးရေးဉာဏ်ရည်ကြောင့် သူ ရလာသည့် ဆုလာဘ်မှာ ‘လွတ်လပ်မှု’ ဖြစ်သည်ဟု ကျွန်တော်အဓိပ္ပာယ်ဖွင့်ရပါမည်။

သူက အလုပ် လုပ်ဖို့ (သို့မဟုတ်) မလုပ်ဖို့ကို လွတ်လပ်စွာ ဆုံးဖြတ်ချင်သည်။ နောက်ပြီး ဘယ်သူနှင့်တွဲပြီး အလုပ်လုပ်မည်၊ ဘယ်သူနှင့်တွဲပြီး အလုပ် မလုပ်ဆိုသည်ကို လွတ်လပ်စွာ ရွေးချယ်ချင်သည်။ သူလိုချင်သည့် ပစ္စည်းကို ဈေးနှုန်းမငဲ့ဘဲ လွတ်လွတ်လပ်လပ် ဝယ်ချင်သည်။ သူသည် လွတ်လပ်နေသည်။ အနှောင်အဖွဲ့ ကင်းနေသည်။ ထို့ကြောင့် သူတတ်နိုင်

သရွေ့ ဖန်တီးရယူထားသော ကျန်းမာရေး၊ ပျော်ရွှင်မှုနှင့် ရွေးချယ်မှုများကို မြတ်နိုးသည်။ သူယုံကြည်သော အကြောင်းကိစ္စများအတွက် စိတ်လွတ်လက်လွတ် လှူဒါန်းရတာကို သူမြတ်နိုးသည်။ နောက်ပြီး လက်ရှိကျင့်သုံးနေသည့် စနစ်ကို ပြုပြင်ဖို့ မိမိမှာ အာဏာ မရှိသည့်အတွက် နိုင်ငံရေးသမားများကို ထိုင်ဆဲနေသည့်အစား နိုင်ငံရေးသမားများ သူ့ဆီလာပြီး သူ့ထံမှာ အကြံဉာဏ်များ တောင်းခံစေသည်။ (မဲဆွယ်ပွဲများအတွက် ရန်ပုံငွေထည့်ဝင်ဖို့ လာရောက်မေတ္တာရပ်ခံခြင်းလည်း ပါသည်) သည်နိုင်ငံရေးသမားများအပေါ် ဩဇာလွှမ်းမိုးရတာကို သူ သဘောကျသည်။

"သူတို့က ငါ့ဆီ ဖုန်းဆက်ရတာကွ။ ငါက ဘယ်တော့မှ သူတို့ဆီ ဖုန်းမဆက်ဘူး။ နိုင်ငံရေးသမားတိုင်းက ဆင်းရဲသားတွေရဲ့ မဲကို လိုချင်ကြတယ်။ ဒါပေမဲ့ ဆင်းရဲသားပြောတဲ့စကားကြတော့ နားထောင်ကြတာမဟုတ်ဘူး။ အဲဒါ စိတ်မကောင်းစရာပဲ" ဟု သူက ပြောသည်။

သို့တိုင် သူတကယ်တမ်း မြတ်နိုးတွယ်တာသည်မှာ ငွေက ဆောင်ကြဉ်းပေးသည့် လွတ်လပ်သော အချိန်များဖြစ်၏။ သူက ငွေရေးကြေးရေးဉာဏ်ရည်ကို တိုင်းထွာရာ၌ ငွေကြေးထက် အချိန်ကိုပိုပြီး အဓိက ထားတိုင်းတာသည်။ ဖေဖေချမ်းသာ၏ ဘဝနှောင်းပိုင်းကာလများသည် သူ့အတွက် ပျော်စရာ၊ စိတ်ချမ်းမြေ့စရာ အကောင်းဆုံး ကာလများဖြစ်ခဲ့၏။ ထိုကာလများအတွင်း သူသည် သူ့မှာရှိသည့် ဥစ္စာနေများကို ဖက်တွယ်မနေဘဲ ပေးကမ်းလှူဒါန်းပစ်ခဲ့၏။ အရင်းရှင်တစ်ဦးအဖြစ် ရှာခဲ့သော ငွေများကို ဒါနရှင်တစ်ဦးအဖြစ် အလှူဒါနပြုပစ်ခဲ့လေသည်။ အရေးအကြီးဆုံးကတော့ သူသည် အတိုင်းမဲ့ လွတ်လပ်သောဘဝဖြင့် နေထိုင်သွားခဲ့၏။ ဤကား ငွေရေးကြေးရေး ဉာဏ်ရည်ပြကိန်းကို သူတိုင်းထွာပုံ တိုင်းထွာနည်း ဖြစ်ပါသည်။

## ဉာဏ်ရည်ဆိုတာ ဘာလဲ

နောက်ဆုံးတစ်နေ့ကျတော့ ကျွန်တော်တို့အတန်းထဲက ပါရမီရှင်ကလေး အင်ဒရူးကို သီးသန့်ကျူရှင်ပေးရသူမှာ ပညာရေးဌာန အကြီးအကဲဖြစ်ပြီး ကျောင်းဆရာအဖြစ် ထူးချွန်လှသော ကျွန်တော့် ဖအေအရင်း ဖြစ်လာတော့သည်။ စင်စစ် အင်ဒရူးသည် ငါးတန်းမှာ သင်ယူနေရခြင်းထက် အထက်တန်းကျောင်းတွင် ရောက်နေသင့်သည်။ အတန်းပိုင်ဆရာတွေက သူ့ကို ခုန်ပျံကျော်လွှား အတန်းတင်ပေးလိုကြသော်လည်း သူ့မိဘနှစ်ပါးက သူတို့

သားအား သက်တူရွယ်တူတွေနှင့်ပင် ပုံမှန် သင်ယူစေချင်သည်။ သည်ဆုံးဖြတ်ချက်ကို လေးနှစ်တက်ရသော တက္ကသိုလ်ကို နှစ်နှစ်ဖြင့် ဖြတ်ခဲ့သည့် ဖေဖေက ထောက်ခံသည်။ ပညာသက်သည် စိတ်ခံစားမှုပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလောက် အရေးမကြီးဟု ဖေဖေက ပြောသည်။ ထို့ကြောင့် သူ့ထက် အသက်နှစ်ဆလောက် ကြီးသူတွေနှင့် ရောပြီး အထက်တန်းကျောင်း (သို့မဟုတ်) ကောလိပ် တက်မနေဘဲ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ရင့်ကျက်အောင် စောင့်သင့်ကြောင်း ဖေဖေက သဘောတူသည်။ သည်တော့ အင်ဒရူးသည် ပုံမှန်စာသင်သားများနှင့်အတူ မူလတန်း တက်သည်။ ကျောင်းဆင်းသောအခါ ဖေဖေ့ထံ သွားသည်။ ဖေဖေက သူ့ကို သီးခြား ကျူရှင်ပေးသည်။ တစ်ဖက်တွင် ကျွန်တော်ကတော့ ကျောင်းဆင်းသည်နှင့် ဖေဖေချမ်းသာ၏ ရုံးခန်းသို့ သွားသည်။ ပြီးတော့ ငွေရေးကြေးရေး ဉာဏ်ရည်မြင့်မားရေးအတွက် ငွေကြေးနှင့်ပတ်သက်သည့် ပညာတွေ သင်ယူသည်။

ပြန်စဉ်းစားကြည့်တော့ စိတ်ဝင်စားစရာတော့ ကောင်းသား။ တခြားကလေးဖအေငွေက တခြား မိဘတွေ၏ ကလေးများကို အချိန်ပေးပြီး ပညာသင်ပေးကြခြင်း။ ယနေ့အထိလည်း ကလေးအမေတွေ၊ ကလေးအဖေတွေက တခြားမိဘတွေ၏ သားသမီးများကို အားကစားပညာတွေ၊ ပန်းချီပညာတွေ၊ ဂီတပညာတွေ၊ အကပညာတွေ၊ လက်မှုပညာတွေ၊ စီးပွားရေးပညာတွေ စသည်ဖြင့် သင်ကြားပေးကြဆဲပါ။ နောက်ဆုံးတော့ လူကြီးတွေသည် တစ်နည်းနည်းဖြင့် ဆရာဖြစ်နေသူများသာ ဖြစ်နေ၏။ နောက်ပြီး လူကြီးများဖြစ်လာကြသော ကျွန်တော်တို့သည် စကားလုံးများဖြင့် သင်ကြားခြင်းထက် လုပ်ဆောင်မှုများဖြင့် သင်ကြားလိုကြ၏။ ကျွန်တော်တို့ဆရာမက အင်ဒရူးသည် ဉာဏ်ရည်ပြကိန်းမြင့်သော ပါရမီရှင်ကလေးဖြစ်ကြောင်း ကြေညာခဲ့သည်။ သူထိုသို့ ကြေညာခြင်းကို ကောက်ချက်ဆွဲကြည့်တော့ ကျန်အတန်းသူ အတန်းသားတွေအားလုံးကတော့ ပါရမီရှင်များ မဟုတ်ဟု ပြောလိုက်ခြင်းသာ မဟုတ်ပါလား။ ကျွန်တော် အိမ်ပြန်ရောက်တော့ ဉာဏ်ရည်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျွန်တော့်ဖေဖေအား မေးကြည့်ခဲ့၏။ သူ့အဖြေက ရိုးရိုးကလေးပင်။ "ဉာဏ်ရည်ဆိုတာ ပိုပြီး ကောင်းတဲ့ ထူးခြားမှုတွေ ထုတ်ပြနိုင်တဲ့ စွမ်းရည်ကို ပြောတာ" ဟူ၏။

ကျွန်တော် ထိုနေရာမှာပင် ဆက်ရပ်နေမိ၏။ သူက ဆရာကောင်းတစ်ယောက်ပဲ။ ကျွန်တော် ခုလို ငူငူငေါင်ငေါင်ကြီး ရပ်နေတာကို သည်

အတိုင်း ကြည့်နေမည် မဟုတ်ကြောင်း ကျွန်တော် သိနေသည်။ သူ့ရှင်းလင်းချက်ကို ကျွန်တော် နားမလည်မှန်းသိတော့ ဖေဖေက ဆယ်နှစ်သား နားလည်မည့်စကားများကို စပြောတော့၏။

"အားကစားဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို မင်းသိလား"

"သိတာပေါ့။ သားက အားကစားဝါသနာပါတာပဲဟာ"

"ဟုတ်ပြီ… ဒါဆို ဘောလုံး၊ ဂေါက်သီးနဲ့ ရေလွှာလျှောစီးတာ ကွာခြားမှုရှိလား"

"ရှိတာပေါ့။ အဲဒီအားကစားနည်းတွေ တစ်ခုနဲ့တစ်ခု အကြီးအကျယ် ကွာခြားတယ်လေ"

"ဟုတ်ပြီ… အဲဒီကွာခြားမှုတွေကို ထူးခြားမှုတွေလို့ ခေါ်တယ်"

"ဒါဆို ထူးခြားမှုတွေဆိုတာ ကွာခြားမှုတွေနဲ့ အတူတူပဲလို့ ပြောတာလားဟင်"

ဖေဖေ ခေါင်းညိတ်ပြသည်။

"ဒါဆို တစ်ခုခုနဲ့ တစ်ခုခု ကွာခြားတာတွေ များများ ပြောနိုင်လေ ကျွန်တော် ဉာဏ်ရည်ထက်လာလေပေါ့… ဟုတ်လား ဖေဖေ"

"အဲဒါ အမှန်ပဲ။ ဒီတော့ မင်းမှာ အင်ဒရူးထက်မြင့်မားတဲ့ အားကစားစွမ်းရည်ရှိတယ်။ ဒါပေမဲ့ အင်ဒရူးရဲ့ စာသင်ယူနိုင်တဲ့ စွမ်းရည်ကတော့ မင်းထက် အများကြီး မြင့်တာပေါ့။ အဓိပ္ပာယ်ကတော့ အင်ဒရူးက စာဖတ်ပြီး သင်ယူရာမှာ အတော်ဆုံးဖြစ်နေပြီး မင်းက လုပ်ဆောင်ပြီး သင်ယူရာမှာ အတော်ဆုံးဖြစ်နေတယ်။ ဒီတော့ အင်ဒရူးက စာသင်ခန်းထဲမှာ တော်ပြီး မင်းက အားကစားကွင်းထဲမှာ တော်နေတော့တာပေါ့။ အင်ဒရူးက သမိုင်းနဲ့ သိပ္ပံပညာကို သွက်သွက်လက်လက် သင်ယူနိုင်ပြီး မင်းက ဘော့စ်ဘောနဲ့ ဘောလုံးပညာကို လျင်လျင်မြန်မြန် သင်ယူနိုင်လိမ့်မယ်"

ထိုနေရာမှာပင် ကျွန်တော် ဆက်ရပ်နေမိသည်။ အသင်အပြ ကောင်းသည့်ဆရာဖြစ်သော ကျွန်တော့်ဖေဖေက ကျွန်တော့်ကို သည်အတိုင်း ပစ်ထားသည်။ ထူးခြားမှုတွေအကြောင်း ကျွန်တော့်ခေါင်းထဲ စွဲထင်သွားသည်အထိ။ နောက်ဆုံး ကျွန်တော် မိန်းမောနေရာမှ သတိလည်လာပြီး… "ဒါဆို ကျွန်တော်က ကစားပွဲတွေ ကစားပြီး သင်ယူတယ်၊ အင်ဒရူးက စာဖတ်ပြီး သင်ယူတယ်ပေါ့" ဟု မေးလိုက်သည်။

ဖေဖေ ခေါင်းညိတ်ပြပြန်သည်။ ခဏစောင့်နေပြီးမှ သူက ပြောသည်။

"ငါတို့ရဲ့ ပညာရေးစနစ်က စာသင်ယူမှု စွမ်းရည်အပေါ် အရမ်းအလေးပေးထားတယ်ကွ။ ဒီတော့ တစ်ယောက်ယောက်က ဉာဏ်ရည်ပြကိန်း မြင့်တယ်လို့ သူတို့ပြောရင် အဲဒါဟာ ကျောင်းစာ သင်ယူမှု ဉာဏ်ရည်မြင့်တယ်လို့ ပြောတာပဲ။ လက်ရှိ ဉာဏ်ရည်ပြကိန်း စစ်ဆေးတဲ့စနစ်က လူတစ်ယောက်ရဲ့ နှုတ်ရေးစွမ်းရည် (ဒါမှမဟုတ်) စာရေးစာဖတ် စွမ်းရည်ကို စစ်ဆေးတိုင်းထွာတာကွ။ ဒီတော့ နည်းပညာပိုင်းအရပြောရရင်... ဉာဏ်ရည်ပြကိန်း မြင့်တဲ့လူဆိုတာ... စာဖတ်ပြီး အတတ်မြန်တဲ့ လူကို ပြောတာ။ လူတစ်ယောက်ရဲ့ ဉာဏ်ရည်အားလုံးကို တိုင်းထွာထားတာ မဟုတ်ဘူး။ ဒီတော့ အဲဒီဉာဏ်ရည်ပြကိန်းဟာ... လူတစ်ယောက်ရဲ့ အနုပညာ ဉာဏ်ရည်ပြကိန်း မဟုတ်ဘူး။ ရုပ်ပိုင်းဆိုင်ရာ ဉာဏ်ရည်ပြကိန်း မဟုတ်သလို သချာ်ဉာဏ်ရည်ပြကိန်းလည်း မဟုတ်ဘူး"

"ဒီတော့ ကျွန်တော်တို့ဆရာမက အင်ဒရူးဟာ ပါရမီရှင်ကလေးလို့ ပြောရင် သူက စာဖတ်ပြီး သင်ယူရာမှာ ကျွန်တော့်ထက် တော်တယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့နော်။ ကျွန်တော်ကတော့ လုပ်ဆောင်ပြီး သင်ယူတဲ့နေရာမှာ သူ့ထက် တော်တယ်ပေါ့... ဟုတ်လားဟင်"

"ဟုတ်တယ်" ဟု ဖေဖေဖြေသည်။

ကျွန်တော် ခဏရပ်ပြီး စဉ်းစားနေသည်။ ဤသတင်းအချက်အလက်အသစ်ကလေးတစ်ခုကို ကျွန်တော် ဘယ်လို အသုံးချရမည်ဖြစ်ကြောင်း တစိမ့်စိမ့် သဘောပေါက်လာသည်။

"ဒါဆို ကျွန်တော် အားသန်တဲ့... သင်ယူဟန်နဲ့ အကိုက်ညီဆုံး အကြောင်းရပ်တွေကို သင်ယူဖို့နည်းလမ်းတွေ ရှာရမှာပေါ့နော်"

ဖေဖေ ခေါင်းညိတ်သည်။ "မင်း စာဖတ်တတ်အောင် သင်ယူဖို့တော့ လိုသေးတာပဲ။ ဒါပေမဲ့ မင်းကိုကြည့်ရတာ... စာဖတ်ပြီး သင်ယူတာထက် လုပ်ဆောင်ပြီး သင်ယူတာ အတတ်မြန်မယ့်ပုံပဲ။ အင်ဒရူးဟာ အဖတ်တော်တယ်။ ဒါပေမဲ့ အလုပ် မတော်ဘူး။ အဲဒါ ပြဿနာကွ။ လက်တွေ့ကမ္ဘာကြီးထဲ တိုးဝင်တဲ့အခါကျ သူဟာ မင်းထက် ပိုပြီး အခက်အခဲကြုံရလိမ့်မယ်။ သူဟာ ကျောင်းစာလောကထဲမှာ နေနေသရွေ့ ကာလပတ်လုံး စာတော်နေမှာပဲ။ ဒါကြောင့်လည်း ဘော့စ်ဘောကွင်းထဲရောက်တဲ့အခါ တခြားကလေး

တွေနဲ့ စကားပြောတဲ့အခါ သူ ဒုက္ခရောက်နေတာပေါ့။ အဲဒါကြောင့် မင်းတို့ရဲ့ အားကစားအဖွဲ့တွေမှာ သူ့ကိုပါ ကစားခွင့်ပြုတာ မင်းတို့ဘက်က သဘောထားကြီးရာ ရောက်တယ်လို့ ငါထင်တယ်။ သူ့ကို ကျောင်းစာအုပ်တွေက ဘယ်တော့မှ သင်မပေးနိုင်တဲ့အရာတွေကို မင်းတို့က သင်ပေးနေတာ။ အဲဒီ အကြောင်းအရာတွေနဲ့ ကျွမ်းကျင်မှုတွေဟာ လက်တွေ့ကမ္ဘာလောကကြီးမှာ အောင်မြင်မှုရဖို့ သိပ်အရေးကြီးတဲ့စွမ်းရည်တွေပေါ့"

"အင်ဒရူးဟာ... ကျွန်တော့် သူငယ်ချင်းကောင်းတစ်ယောက်ပါ။ ဒါပေမဲ့ သူက ဘော့စ်ဘော ကစားရမှာထက် စာဖတ်နေချင်တဲ့ကောင်။ ကျွန်တော်ကလည်း စာဖတ်နေဖို့တက် ဘော့စ်ဘောပဲ ကစားချင်တဲ့ကောင်။ ဒီတော့ အမိပ္ပာယ်က သူဟာ စာသင်ခန်းထဲမှာ ကျွန်တော့်ထက် ပိုတော်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက စာသင်ယူတာ ပိုတော်တယ်လေ။ ဒါပေမဲ့ အဲဒါကြောင့် သူက ကျွန်တော့်ထက် အစစအရာရာ ပိုတော်တယ်လို့ ပြောလို့ မရဘူး။ သူ့ရဲ့ ဉာဏ်ရည်ပြကိန်း မြင့်တယ်ဆိုတာ သူက စာဖတ်ပြီး သင်ယူတဲ့ဘက်မှာ ထူးချွန်တာကို ပြောတာ။ ဒီတော့ ထူးခြားမှုတွေပိုပြီး မြန်မြန် ဆန်ဆန် ဖြစ်ပေါ်လာအောင် စွမ်းဆောင်နိုင်မယ့် နည်းလမ်းတစ်ခုတော့ ကျွန်တော် ရှာဖို့ လိုနေပြီ။ ဒါမှ ကျွန်တော် ပိုပြီး မြန်မြန် သွက်သွက် သင်ယူနိုင်မယ်လေ။ တစ်နည်းအားဖြင့် ကျွန်တော့်အတွက် အကျိုးရှိဆုံးဖြစ် စေမယ့် နည်းလမ်းတစ်ခုပေါ့ ဖေဖေရာ"

## စားပြီး မြှောက်ခြင်း

ကျွန်တော့်ဖေဖေ ကျောင်းဆရာက ပြုံးသည်။ "အဲဒါ မင်းခံယူထားရမယ့် သဘောထားပဲ။ ထူးခြားချက်တွေ မြန်မြန်ဆန်ဆန် ဖြစ်ပေါ်လာစေမယ့် နည်းတစ်နည်း ရှာမယ်။ အဲဒီအခါ မင်း မြန်မြန်ထက်ထက် သင်ယူတတ် မြောက်လာလိမ့်မယ်။ မင်း အမြဲတမ်း စွဲမှတ်ထားရမှာက... သဘာဝတရား ဟာ စားပြီး မြှောက်လို့ရတယ်ဆိုတာပဲ။ ကလာပ်စည်းကလေး တစ်ခုကို ခွဲထုတ်လိုက်ရင် အရေအတွက် ပွားလာသလိုပေါ့။ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ပတ်သက်ရင်လည်း အဲဒီအတိုင်းပဲကွ။ အကြောင်းအရာတစ်ခုကို နှစ်ပိုင်းခွဲ ထုတ်လိုက်တာနဲ့ ဒါ... ဉာဏ်ရည်တိုးလာတော့တာပဲ။ အဲဒီနှစ်ခုကို နောက် ထပ် နှစ်ပိုင်းစီခွဲ ထုတ်လိုက်တော့ တို့ လေးခု ရလာရော။ ကဲ... တို့ရဲ့

ဉာဏ်ရည်ဉာဏ်သွေးတွေ ဆပွားလာပြီ။ အဲဒါကို တစ်ဟုန်ထိုး သင်ယူခြင်းလို့ ခေါ်တယ်။ တစ်ဆင့်ပြီးတစ်ဆင့်သင်ယူခြင်း မဟုတ်ဘူး"

ကျွန်တော် ခေါင်းညိတ်လိုက်မိသည်။ ကျွန်တော့် သဘာဝနှင့် အကိုက်ညီဆုံး သင်ယူနည်းကို တွေ့ပြီဆိုသည်နှင့် သင်ယူမှု ဘယ်လောက်ထိ သွက်လက် မြန်ဆန်လာနိုင်ကြောင်း သဘောပေါက်လာသည်။ "ကျွန်တော် ဘောလုံး စကန်တုန်းက ဘောလုံးကန်တဲ့အကြောင်း သိပ် မသိဘူး။ နောက်မှ ဘောလုံးကို လိမ်တာ ခေါက်တာ၊ သူများခြေထဲက ဘောလုံးကို လုတာ၊ ကိုယ့်လူဆီပို့ပေးတာ၊ နောက်ဆုံး ဂိုးသွင်းတာ...စတဲ့ ခြားနားချက်တွေ သိလာတယ်။ ခွဲထုတ်တဲ့နည်း၊ ဒါမှမဟုတ် ပိုပြီး အနုစိတ်တဲ့ ထူးခြားမှုကလေးတွေ ပြုလုပ်ခြင်းအားဖြင့် ကျွန်တော့်ဉာဏ်ရည်တိုးမြင့်လာမယ်လို့ ဖေဖေပြောတာ အဲဒီသဘောလားဟင်"

"မှန်တာပေါ့။ မင်းကစားတာများလာလေ မင်းပိုပြီး သစ်ဆန်းပြီး ပိုပြီး အနုစိတ်တဲ့ ထူးခြားမှုတွေကို သိမြင်လာမှာပဲ။ မင်း ပိုပြီး သင်ယူလာလေ ပိုပြီး သိလာလေ၊ မင်းကစားတာ ပိုပြီး ကောင်းလာလေ၊ မဟုတ်ဘူးလား"

"ဟုတ်ကဲ့။ ကျွန်တော် ဘောလုံးကန်စကတော့ ဘောလုံး ဝေးဝေးသွားအောင် မကန်တတ်ဘူး ဖေဖေရဲ့။ ခုတော့ ဝေးဝေးသွားအောင်လည်း ကန်တတ်ပြီ။ ကွေ့ဝိုက်သွားအောင်၊ သက်တံကွေးလို ခုံးခုံးကလေး ကျသွားအောင်။ ဝါးလုံးထိုးသွားအောင် စသည်ဖြင့်... အမျိုးမျိုး ကန်တတ်နေပြီလေ။ ဒီနှစ်ဘောလုံးရာသီမှာ ဖေဖေ့သား ငါးဂိုးတောင် သွင်းထားတယ်လေ။ ဖေဖေရဲ့"... ကျွန်တော် ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြုံးပြုံးကြီး ကြွားလိုက်၏။

"အင်း... ဖေဖေ သိပါတယ်။ သားအတွက် ဖေဖေ ဂုဏ်ယူပါတယ်ကွာ။ နောက်ပြီး မင်းပြောတဲ့ ဝါးလုံးထိုးသွားအောင် ကန်နည်းတို့၊ ကွေ့ဝိုက်သွားအောင် ကန်နည်းတို့ဆိုတာတွေရဲ့ ခြားနားချက်ကို လူတော်တော်များများ သဘောမပေါက်ဘူးဆိုတာ မင်းသိရဲ့လား။ မင်း ဘာတွေ ပြောနေတယ်ဆိုတာ သူတို့ နားမလည်ဘူး။ ဒီတော့ မင်းလုပ်သလိုမျိုး သူတို့ လိုက်မလုပ်တတ်တာ သေချာတာပေါ့ကွာ"

"ဒါဆို ကျွန်တော့် ဘောလုံးဉာဏ်ရည်ပြကိန်းက တကယ်မြင့်တာပေါ့နော်" ကျွန်တော် ပြုံးပြုံးကြီး မေးလိုက်မိသည်။

"သိပ်မြင့်တာပေါ့ကွာ။ အင်ဒရူးရဲ့ ကျောင်းစာသင်ယူခြင်း ဉာဏ်ရည် ပြကိန်း အရမ်းမြင့်သလိုပဲပေါ့။ သူက ဘောလုံးကို မြောက်အောင်တောင် မကန်တတ်ဘူးလေ"

"အင်ဒရူးဟာ... ဘောလုံး ဝါးလုံးထိုး သွားတာနဲ့ ကွေ့ပိုက်သွားတာရဲ့ ကွာခြားချက်ကို သိကောင်းသိမယ်။ ဒါပေမဲ့ အဲဒီနည်း နှစ်နည်းထဲက တစ်နည်းနည်းကို ကန်မပြနိုင်ရင် သူ့ကို အသေ သတ်မယ်ဆိုလည်း သူ ကန်မပြတတ်ဘူးလို့ ဖေဖေ ပြောနေတာလား"

"ပြဿနာက အဲဒါပဲပေါ့။ လူတစ်ယောက်က သူ့ရဲ့ကျောင်းစာ သင်ယူမှု ဉာဏ်ရည်ပြကိန်းပေါ်မှာ ကြည့်ပြီး အကဲဖြတ်နေကြတာလေ။ ကျောင်းစာ သိပ်တော်တဲ့လူတွေ လက်တွေ့ကမ္ဘာကြီးထဲကြတော့ သိပ် မအောင်မြင်တာ ခဏခဏ တွေ့နေရတယ်ကွ"

"အဲဒါ ဘာဖြစ်လို့လဲဟင်"

"အဲဒါ သိပ်ကောင်းတဲ့ မေးခွန်းပေါ့။ ဒါပေမဲ့ အဲဒီမေးခွန်းအတွက် ဖေ့ဖေ့မှာ အဖြေ မရှိဘူး။ ငါ ထင်တာကတော့ ပညာရေးတာဝန်ခံတွေဟာ စိတ်ပိုင်းစွမ်းရည်တွေကိုပဲ အလေးပေး အာရုံစိုက်ပြီး စိတ်ပိုင်း စွမ်းရည်တွေကို ရုပ်ပိုင်းစွမ်းရည်တွေအဖြစ် ပြောင်းလဲပစ်ဖို့ အာရုံ မထားကြဘူး။ နောက်ပြီး ပညာရေးတာဝန်ခံတွေက အမှားလုပ်မိတဲ့လူတွေကို အပြစ်ပေးကြတယ်။ ဒီတော့ အမှားလုပ်မိမှာ ကြောက်နေတဲ့နောက်... မင်း ဘာမှ လုပ်ချင်တော့မှာ မဟုတ်တော့ဘူး။ တို့ရဲ့ပညာရေးစနစ်မှာ မှန်ဖို့ လိုအပ်တာကို သိပ် အလေး ပေးလွန်းပြီး မှားမှာကို ကြောက်နေစေတယ်။ အမှားလုပ်မိမှာ ကြောက်စိတ် ရယ်နဲ့ ငပေါကြီးပုံ ပေါက်သွားမှာ စိုးရိမ်စိတ်က လူတွေကို မလှုပ်ရှား မဆောင်ရွက်ဝံ့အောင် တားဆီးထားတာကွ"

"အမှားတွေ ကျူးလွန်ရာကနေ သင်ယူဆည်းပူးရတယ်ဆိုတာ တို့ အားလုံး သိကြတယ်။ ဒါပေမဲ့ တို့ကျောင်းပညာရေးစနစ်မှာတော့ အမှား ကျူးလွန်မိတာ များရင် အဲဒီလူတွေကို အပြစ်ဒဏ် ခတ်တော့တာပဲ။ ဖေဖေ တို့ရဲ့ ပညာရေးလောကမှာ... ဘောလုံးပွဲနဲ့ပတ်သက်ပြီး မင်း သိသင့်သိထိုက် တာတွေ အကုန်အစင်ပြောပြနိုင်ပြီး ကိုယ်တိုင်ကျတော့ ဘောလုံးကို မြောက် အောင်တောင် မကန်တတ်တဲ့ လူမျိုးတွေ ပြည့်နေတာကလား"

"ဒါဆို အင်ဒရူးက ပါရမီရှင်လို့ ဆရာမက ပြောတာ သူဟာ ကျွန်တော့်ထက် တော်တယ်ဆိုတဲ့ သဘောလားဟင်"

"မဟုတ်ဘူး...၊ ဒါပေမဲ့ ကျောင်းမှာ စာသင်ယူတဲ့အခါမှာတော့ သူက မင်းထက် ပိုပြီး လွယ်လွယ်ကူကူ ကျက်မှတ်နိုင်လိမ့်မယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ရဲ့ စာဖတ်စွမ်းရည်ဟာ ပါရမီရှင်အဆင့်မှာ ရှိနေလို့ပဲ။ ဒါပေမဲ့ အားကစားကွင်းထဲမှာကျတော့ မင်းက သူ့ထက်ပိုပြီး အတတ်မြန်လိမ့်မယ်။ အဓိပ္ပာယ်က အဲဒါပါပဲကွာ"

"ဒါဆို ဉာဏ်ရည်ပြကိန်းမြင့်တယ်ဆိုတာ သူဟာ စာဖတ်ပြီး သင်ယူတာ အတတ်မြန်တယ်ဆိုတဲ့ သဘောပေါ့နော်။ ဒါပေမဲ့ သူသိသလောက် တတ်သလောက် ကျွန်တော် မသင်ယူနိုင်ဘူးလို့ ဆိုလိုတာတော့ မဟုတ်ဘူး ပေါ့။ တစ်နည်းပြောရရင် ကျွန်တော် တစ်ခုခုကို တတ်ကျွမ်းချင်တဲ့ ဆန္ဒရှိရင် အဲဒီတစ်ခုခုကို သင်ယူလို့ရနိုင်တယ်ပေါ့... ဟုတ်တယ် မဟုတ်လားဟင်"

"မှန်တာပေါ့... ပညာရေးဆိုတာ သဘောထားပဲ။ သင်ယူမှုနဲ့ ပတ်သက်လို့ မင်းမှာ အဲဒီလို အပြုသဘောဆောင်တဲ့ သဘောထားရှိနေရင် မင်း ကောင်းကောင်း တတ်မှာ တော်မှာပဲ။ ဒါပေမဲ့ မင်းမှာ အရှုံးသမားရဲ့ သဘောထား (ဒါမှမဟုတ်) အညံ့ခံ သဘောထားရှိနေလို့ကတော့... မင်း ဘယ်တော့မှ တတ်မှာ မဟုတ်ဘူး"

ကျွန်တော့်ကျောပိုးအိတ်ထဲမှ ဘောလုံးမဂ္ဂဇင်းတစ်စောင်ကို ဆွဲထုတ်လိုက်၏။ မဂ္ဂဇင်းက ဟောင်းနွမ်းစုတ်ပြဲနေပြီ။ "ကျွန်တော် ဒီမဂ္ဂဇင်းကို ဖတ်ရတာ သိပ် သဘောကျတာ။ အသင်းတွေရဲ့ ရမှတ်တွေ၊ သွင်းဂိုးတွေ၊ ပေးဂိုးတွေ၊ ဘောလုံးသမားတွေရဲ့ လခတွေအားလုံး ကျွန်တော် ပြောနိုင်တယ်။ ဒါပေမဲ့ စာသင်ခန်းထဲမှာ ဒီမဂ္ဂဇင်းကို ဖတ်တာတွေ့တာနဲ့ ဆရာမက သိမ်းသွားတော့တာပဲ"

"သူ သိမ်းရမှာပေါ့။ ဒါပေမဲ့ ဒီမဂ္ဂဇင်းကို ကျောင်းချိန်လွန်မှ ဖတ်ဖို့ အတွက်တော့ သူ အားပေးသင့်တယ်ကွ"

ကျွန်တော် ခေါင်းညိတ်လိုက်၏။ အင်ဒရူး၏ ဉာဏ်ရည်ပြကိန်း မြင့်နေတာ ဘာကြောင့်ဆိုသည်ကို ခုတော့ နားလည်သွားပြီ။ ကျွန်တော့် သဘာဝက တစ်ခုခုတတ်ကျွမ်းလိုလျှင် ထိုတစ်ခုခုကို ဦးစွာ လုပ်ကိုင်ကြည့်၊ ထို့နောက်မှာမှ ထိုတစ်ခုခု အကြောင်းကို ဖတ်ကြည့်၊ သို့ဆိုလျှင် ကျွန်တော် သင်ယူတတ်မြောက်လွယ်ဆုံး ဖြစ်မည်ဆိုတာကို ထိုနေ့က ကျွန်တော် အထာ ပေါက်သွားသည်။ ပမာဆိုရလျှင် ဘောလုံးကစားခြင်း။ ကျွန်တော် ဘောလုံး

များများကန်လေ... ဘောလုံးအကြောင်းများများ ဖတ်ချင်လေဖြစ်၏။ ဘောလုံးမကန်ဘူး ဆိုလျှင်တော့ ဘောလုံးကစားခြင်းအကြောင်း ဖတ်ကြည့်ဖို့ စိတ်ဝင်စားမည် မဟုတ်။ ဤကား ကျွန်တော့်အတွက် အသင့်မြတ်ဆုံး သင်ယူနည်း တစ်နည်းပေတည်း။ လက်ကျန်သက်တမ်းတစ်လျှောက်လုံး ကိုင်စွဲကျင့်သုံးရမည့် သင်ယူဆည်းပူးနည်းပေတည်း။

**တစ်စုံတစ်ခုကို ဦးစွာ စမ်းလုပ်ကြည့်ပြီး ကျွန်တော့် စိတ်ဝင်စားမှုနှင့် ကိုက်ညီသည်ဆိုလျှင် ၎င်းတစ်စုံတစ်ခုအကြောင်း ဖတ်ကြည့်ဖို့ ပိုပြီး တက်ကြွလာမည်ဖြစ်၏။ သို့သော် တစ်စုံတစ်ခုအကြောင်း ဖတ်ရုံပဲ ဖတ်ကြည့်ခွင့် ရပြီး ဦးစွာ ကိုယ်တိုင်ကိုယ်ကျ လုပ်ကြည့်ခွင့် မရလျှင် ထိုအကြောင်းကို စိတ်ဝင်စားမှု နည်းတော့မည်။ ထိုသို့ စိတ်ဝင်စားမှုနည်းပြီ ဆိုသည်နှင့် ထိုအကြောင်းကို ဖတ်ချင်မည် မဟုတ်တော့။**

အသက်အားဖြင့် ဆယ်နှစ်သာရှိသေးသော ကျွန်တော်သည် ထိုနေ့ တစ်နေ့စာအတွက် လုံလုံလောက်လောက် လေ့လာဆည်းပူးလိုက်ရပြီ ဖြစ်၏။ ဘောကန်ဖိနပ်နှင့် ဘောကန်အဝတ်အစားများ ပွေ့ပိုက်ပြီး အိမ်ထဲမှ ထွက်ခဲ့သည်။ ဘောလုံးကန်ခြင်းနှင့်ပတ်သက်၍ ပို၍ အနုစိတ်သော ပညာခန်းများကို တတ်ကျွမ်းအောင် လေ့ကျင့်ရဦးမည်။ ကျွန်တော် ဘောလုံးဉာဏ်ရည် *ပြကိန်း တိုးတက်မြင့်မားအောင် ကြိုးစားရမည်။* ထိုသို့မြင့်မားဖို့အတွက် ကိုယ်တိုင်လေ့ကျင့်ခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်သည်။ ထို့အပြင် ကျွန်တော် ထိုသို့ တစိုက်မတ်မတ် လေ့ကျင့်မနေလျှင် ကျွန်တော့်နေရာကို ဉာဏ်ကျယ်ကလေး အင်ဒရူးက ဝင်ယူသွားလိမ့်မည်ဖြစ်ကြောင်း ကျွန်တော် သိနေသည်။

ထိုနေ့က ကျွန်တော့်ဖေဖေ ကျောင်းဆရာ၏ ရှင်းပြချက်တစ်ခုသည် ကျွန်တော့်ဘဝအတွက် အဓိက လမ်းညွှန်ချက် တစ်ရပ်ဖြစ်ခဲ့၏။ ကျွန်တော် အထက်တန်းကျောင်းပြီးမြောက်အောင် ကျောင်းနေခဲ့ခြင်းနှင့် ခက်ခဲကြမ်းတမ်း ပြီး စည်းကမ်း တင်းကျပ်သော ပြည်ထောင်စု စစ်သင်တန်းကျောင်းကို ပြီးမြောက်အောင် တက်နိုင်ခဲ့ခြင်းတို့မှာ ဖေဖေကျောင်းဆရာ၏ ရှင်းပြချက်က အဓိက ထိန်းကျောင်းပေးသွားသောကြောင့်ပင်။ ကျွန်တော်၏ ကျောင်းစာ ကျက်မှတ်မှု ဉာဏ်ရည်ပြကိန်းက သိပ်မြင့်မြင့်မားမား မရှိ။ ထိုသို့ မမြင့်မား ရခြင်းမှာ ကျွန်တော် မတော်သောကြောင့် မဟုတ်ကြောင်းကို ထိုရှင်းပြ

ချက်ကြောင့် သိခဲ့ရ၏။ အဓိပ္ပာယ်ကတော့ ကျွန်တော့် ဗီဇနှင့် **အကိုက်ညီဆုံး** ဖြစ်မည့် သင်ယူ ဆည်းပူးနည်း တစ်နည်းကို ကြံဆဖို့သာ ဖြစ်၏။ **တန်ဖိုးရှိ** လှသော ဤအသိပညာကလေးသာ မရခဲ့လျှင် ကျွန်တော် အထက်တန်း ကျောင်း ပြီးဆုံးအောင် တက်မိမည် မဟုတ်။ ကျွန်တော့်အနေဖြင့် ပြောရလျှင် စာသင်ကျောင်းမှာ စာသင်ရတာ နေးကွေးလွန်းသည်၊ ငြီးငွေ့စရာ၊ စိတ်ပျက်စရာ ကောင်းလွန်းသည်ဟု ထင်၏။ ကျွန်တော် သင်ယူဖို့ လိုသည့် ဘာသာရပ် အများစုကို ကျွန်တော် စိတ်မဝင်စားခဲ့ပေ။ သို့ပေမဲ့ လေ့လာ ဆည်းပူးနည်း တစ်နည်းကို တွေ့ရှိခဲ့ကာ စာမေးပွဲများတွင် ထိုဘာသာရပ်များကို အောင်မြင် အောင် ဖြေနိုင်ခဲ့၏။

ထိုသို့ ဖွဲကောင်းကောင်းဖြင့် ကျောင်းစာတွေ တစ်တန်းပြီး တစ်တန်း အောင်မြင်စွာ ဖြေနိုင်အောင် တွန်းအားပေးနေသည်မှာ ဘွဲ့ရပြီး ကျောင်းမှ ခွာသည်နှင့် ကျွန်တော်အတွက်... တကယ့်ပညာရေး အစပြုပြီဖြစ်ကြောင်း သိနေသောကြောင့်ပါတည်း။

## ထူးချွန်မှု ဘယ်နှမျိုးရှိသလဲ

*စိတ်အခြေအနေများ* ဆိုသည့် စာအုပ်တစ်အုပ်ကို ဟောင်းဝပ်ဂါဒနာ (Howard Gardner) ဆိုသည့် ပုဂ္ဂိုလ်ကြီးက ၁၉၈၀ ပြည့်လွန်နှစ်များ စောစောပိုင်းတွင် ရေးသားပြုစုခဲ့၏။ သူ့စာအုပ်ထဲတွင် သူက ခွဲခြား စိတ်ဖြာ တင်ပြထားသည်မှာ ထူးချွန်မှု သို့မဟုတ် ဉာဏ်ရည်ထက်မြက်မှု ခုနစ်မျိုး ရှိသည်ဆို၏။ ၎င်းတို့မှာ–

**၁။ နှုတ်ပြောဘာသာစကားနှင့်ဆိုင်သော ထူးချွန်မှု။** လူတစ်ဦး၏ ဉာဏ်ရည်ညွှန်းကိန်းကို တိုင်းထွာရာ၌ ကျွန်တော်တို့၏ ပညာရေးစနစ်က လက်ရှိကျင့်သုံးနေသည့် ထူးချွန်မှုဖြစ်၏။ ဤထူးချွန်မှုမှာ ဤထူးချွန်မှုမှာ လူတစ်ဦး၏ အမိဘာသာစကားဖြင့် စကားလုံးများ ဖတ်နိုင်စွမ်းနှင့် ရေး နိုင်စွမ်းကို ဖော်ပြပါသည်။ ဤထူးချွန်မှုသည် အလွန် အရေးကြီးသော စွမ်းရည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် လူသားတွေ သတင်းအချက် အလက်တွေ စုဆောင်းဖို့နှင့် ဖြန့်ဝေဖို့ အသုံးပြုသည့် နည်းလမ်းတွေထဲတွင် ဤနည်းသည် အဓိကကျသော နည်းတစ်နည်းဖြစ်သောကြောင့်ပင်။ သတင်းစာ ဆရာတွေ၊ စာရေးဆရာတွေ၊ ရှေ့နေတွေနှင့် ကျောင်းဆရာများသည် ဤပါရမီမျိုး ပါလာသူများ ဖြစ်နေတတ်သည်။

**၂။ ကိန်းဂဏန်းနှင့်ဆိုင်သော ထူးချွန်မှု။** ကိန်းဂဏန်းများဖြင့် တိုင်းထွာသည့် အချက်အလက်များတွင် ထက်မြက်သည့် ထူးချွန်မှုဖြစ်၏။ သင်္ချာသမားတစ်ဦးတွင် ဤပါရမီမျိုးရှိမည်မှာ သေချာပါသည်။ စနစ်တကျ လေ့ကျင့်သင်ယူထားသည့် အင်ဂျင်နီယာတစ်ဦးသည် နှုတ်ပြောဘာသာစကား နှင့်ဆိုင်သော ထူးချွန်မှုကော ကိန်းဂဏန်းနှင့်ဆိုင်သော ထူးချွန်မှုပါ ပြည့်စုံဖို့ လိုပါသည်။

**၃။ နေရာအကွာအဝေးနှင့်ဆိုင်သော ထူးချွန်မှု။** ပန်းချီဆရာများ၊ ဒီဇိုင်းပညာရှင်များစသည့် တီထွင်ဖန်တီးမှုပညာရှင် တော်တော်များများတွင် ပါရှိသည့် ပါရမီဖြစ်၏။ ဗိသုကာတစ်ဦးတွင် ယခုဖော်ပြခဲ့သည့် ပထမ ပါရမီသုံးမျိုးစလုံးရှိရပါမည်။ အဘယ့်ကြောင့်ဆိုသော် ဤဝမ်းကျောင်းပညာ ဖြင့် အသက်မွေးကျောင်းဖို့အတွက် စကားလုံးများ၊ ကိန်းဂဏန်းများနှင့် ဒီဇိုင်းတီထွင်ဆန်းသစ်မှုဘက်တွင် ထူးချွန်ထက်မြက်ရမည်ဖြစ်ပါသည်။

**၄။ ရုပ်ပိုင်းနှင့်ဆိုင်သော ထူးချွန်မှု။** အားကစားအကျော်အမော်များ နှင့် ကချေသည်များမှာ ပါရှိတတ်သည့် ထူးချွန်မှုဖြစ်၏။ ရုပ်ပိုင်းဆိုင်ရာ ဘက်တွင် ထူးချွန်ထက်မြက်မှုရှိပြီး ကျောင်းစာဘက်တွင် မထူးချွန်မထက်မြက် သူ တော်တော်များများလည်းရှိပါသည်။ သည်လူတွေသည် လက်တွေ့လုပ်ပြီး သင်ယူဆည်းပူးတတ်သည့် လူစားများဖြစ်၏။ သည်ဘက်တွင် ပါရမီထူးချွန် သူများသည် စက်ပြင်အလုပ်များ၊ ဆောက်လုပ်ရေး အလုပ်များကို အားသန် တတ်ကြသည်။ သူတို့က သူတို့ကိုယ်တိုင် ကြည့်ခြင်း၊ ကိုင်တွယ်ခြင်း၊ လုပ်ဆောင်ခြင်း ပြုလေ့ရှိသည့် ပါရမီရှင်များပေတည်း။ ပြိုင်ကားပုံစံများ ဒီဇိုင်းထုတ်သူတစ်ဦးသည် ယခုဖော်ပြခဲ့သည့် ပါရမီလေးမျိုးစလုံး ပိုင်ဆိုင်ဖို့ လိုအပ်ပါသည်။

**၅။ စိတ်ခံစားမှုနှင့်ဆိုင်သော ထူးချွန်မှု။** စိတ်ခံစားမှုနှင့်ပတ်သက်ပြီး ဆင်ခြင်နိုင်စွမ်းရှိသည့် ပါရမီဖြစ်၏။ ဥပမာအဖြစ်ပြောရလျှင် ကျွန်တော် တို့ ကြောက်စိတ်ဝင်နေလျှင် (သို့မဟုတ်) စိတ်ဆိုးဒေါသ ထွက်နေလျှင် ကိုယ့်ကိုယ်ကိုယ် ပြောသည့် စကားဖြစ်၏။ မကြာမကြာတွေ့ကြုံရတတ်သည်မှာ လူတွေ မအောင်မြင်ဖြစ်ခြင်းသည် အသိပညာနုံနဲ့ခြင်းကြောင်း မဟုတ်ဘဲ ရှုံးနိမ့်မှာ ကြောက်ရွံ့နေသောကြောင့် ဖြစ်လေသည်။ ဥပမာပြရလျှင် ကျွန်တော် မိတ်ဆွေ စာတော်သူတော်တော်များများသည် သူတို့အောင်မြင်သင့်သလောက် မအောင်မြင်ကြချေ။ သို့ဖြစ်ရခြင်းမှာ သူတို့သည် အမှားတစ်ခု ကျူးလွန်မိမှာ (သို့မဟုတ်) မအောင်မြင်မှာ ကြောက်ရွံ့စိတ်ဖြင့် ကျင်လည် နေထိုင်ကြ

သောကြောင့် ဖြစ်ပါသည်။ လူတွေသည် ငွေရအောင် မရှာနိုင်ကြချေ။ အကြောင်းမှာ သူတို့သည် ငွေတွေရလျှင် ပျော်ရွှင်ခံစားလို့ရသည် ဟူသော အတွေးထက် ငွေရှာရင်း ရှုံးသွားမှာ စိုးရိမ်သည့်စိတ်က ပိုကဲနေသောကြောင့် ဖြစ်၏။

စိတ်ခံစားမှုနှင့်ပတ်သက်သည့် ဆင်ခြင်နိုင်စွမ်းရှိသော ခေါင်းစဉ်ဖြင့် ဒင်နီယယ်လ်ဂိုးလ်မင်းက စာအုပ်တစ်အုပ်ပြုစုခဲ့၏။ ထိုစာအုပ်ထဲတွင် စိတ်ခံစားမှု နှယ်သော စဉ်းစားတွေးခေါ်မှုသည် အကျိုးသင့်အကြောင်းသင့် စဉ်းစားတွေးခေါ်မှုထက် ၂၄ ဆ ပိုပြီး စွမ်းအား ထက်မြက်ကြောင်း ဖော်ပြထားပေသည်။

ကျွန်တော်တို့ အများစုသည် စိတ်ခံစားချက် နှယ်သော အတွေးများက အကျိုးသင့်အကြောင်းသင့် အတွေးများထက် အားကောင်းသည်ကို ကိုယ်တွေ့ကြုံခဲ့ဖူးမှာ သေချာပါသည်။ အထူးသဖြင့် အကျိုးသင့်ကြောင်း သင့်ကြောက်သင့်သည်ထက်ပိုပြီး ကြောက်စိတ်ဝင်နေသော အဖြစ်မျိုး (သို့မဟုတ်) မပြောသင့် မပြောထိုက်သည့် ကိစ္စတစ်ခုကို ပါးစပ်က လွှတ်ခနဲပြောမိသည့် အဖြစ်မျိုးတွေ ကြုံဖူးပါလိမ့်မည်။

စိတ်ခံစားချက်နှင့်သက်ဆိုင်သော ပါရမီသည် ပါရမီ အားလုံးထဲတွင် အရေးအကြီးဆုံးဖြစ်ကြောင်း ဂိုးလ်မင်း၏ တင်ပြချက်ကို ကျွန်တော် သဘောတူ လက်ခံပါသည်။ ထိုသို့ သဘောတူလက်ခံရခြင်းမှာ စိတ်ခံစားချက်နှင့် ဆိုင်သော ပါရမီသည် ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ပြောသည့်စကားကို ထိန်းချုပ်နိုင်စွမ်းဖြစ်နေသောကြောင့်ပင်။ ကျွန်တော့်ကိုယ်ကို ပြောနေသူမှာ ကျွန်တော်ဖြစ်ပြီး သင့်ကို ပြောနေသူသည် သင်သာဖြစ်ပါသည်။

**၆။ လူချင်းအပြန်အလှန်ဆက်သွယ်ခြင်းနှင့်ဆိုင်သော ထူးချွန်မှု။** အခြားတစ်ပါးသူများနှင့် လွယ်လွယ်ကူကူ ချောချောမောမော စကားပြောနိုင်စွမ်းရှိသူများတွင် တွေ့ရသည့် ပါရမီဖြစ်၏။ ဤပါရမီမျိုးပါရှိသူများသည် ကြည်ညို လေးမြတ်ဖွယ်ကောင်းသော အဟောအပြောသမားများ၊ အထင်ကရ တေးသံရှင်များ၊ ဓမ္မကထိကများ၊ နိုင်ငံရေးသမားများ၊ သရုပ်ဆောင်များ၊ အရောင်းသမားများနှင့် စကားပြောကောင်းသူများ ဖြစ်နေလေ့ရှိ၏။

**၇။ သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သော ထူးချွန်မှု။** မိမိပတ်ဝန်းကျင်မှာရှိသော အရာများနှင့်ပတ်သက်၍ လူသားများထံမှ ထွက်ပေါ်လာသည့် ပါရမီဖြစ်၏။ သဘာဝပစ္စည်းများဖြစ်သည့် သစ်ပင်များ၊ ဟင်းသီးဟင်းရွက်ပင်များ၊ ငါး၊ ပင်လယ် တိရစ္ဆာန်များနှင့် ကုန်းမြေများနှင့် ပတ်သက်လာလျှင်

ပင်ကို စွမ်းရည်ထက်မြက်သူများရှိ၏။ ဤပါရမီမျိုးရှိသူများမှာ အဓိကရ လယ်သမားကြီးများ၊ တိရစ္ဆာန်လေ့ကျင့်ရေးသမားများ၊ အဏ္ဏဝါဗေဒပညာရှင် များနှင့် ဘေးမဲ့တော တောခေါင်းများဖြစ်ပါသည်။

ထိုသို့ပါရမီ အမျိုးအစားများ သတ်မှတ်ခွဲခြားပြီးသည့်နောက်ပိုင်းတွင် အခြားအမျိုးအစားပေါင်း သုံးဆယ်ကျော် ခွဲခြားသတ်မှတ်ခဲ့ကြသေး၏။ သို့ရာ တွင် ပါရမီနှင့်ပတ်သက်သည့် ကျွန်တော်တို့၏ ဉာဏ်ရည်တွေ တိုးတက် ထက်မြက်လာနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ပို၍ အနုစိတ်သော ခွဲခြား သတ်မှတ်မှုတွေ ပြုလုပ်နေသောကြောင့်ဖြစ်၏။

## စာသင်ကျောင်းတွင် ရှုံးနိမ့်သူများ

တချို့က အသည်းအသန် စာကြိုးစားကြ၏။ သို့ဖြစ်သည့်တိုင် သူတို့တတွေ ကျောင်းမှာ စာမတော်ကြ။ သူတို့သည် နှုတ်ပြောဘာသာစကားတွင် ထူးချွန် သူများ မဟုတ်ကြချေ။ သည်လူတွေက ငြိမ်ငြိမ်ကလေးထိုင်ပြီး စာကျက် လို့ မရ။ သင်ကြားပို့ချချက်တွေ ထိုင်ပြီး နားထောင်မနေချင်။ သို့မဟုတ် စာဖတ်နေရတာကို မနှစ်မြို့။ သူတို့သည် သည်နည်းများဖြင့် သင်ယူဆည်းပူး လို့ မရကြ။ သူတို့သည် အခြားနယ်ပယ်များတွင် ထူးချွန်ထက်မြက်ကြ၏။

ကျွန်တော့်အဖေအရင်းသည် နှုတ်ပြောဘာသာစကားအရာတွင် ထူးချွန် သူ ကေန်အမှန်ဖြစ်၏။ ထို့ကြောင့်ပင် သူသည် စာကောင်းကောင်း ဖတ်နိုင် ခြင်း၊ စာကောင်းကောင်းရေးနိုင်ခြင်းနှင့် ဉာဏ်ရည်ပြကိန်း မြင့်ခြင်း ဖြစ်သည်။ သူသည် အပြောအပြောလည်း ကောင်းသည်။ သဘောကတော့ သူသည် လူချင်း အပြန်အလှန် ဆက်ဆံသည့်ဘက်တွင် ပါရမီထူးချွန်သူ ဖြစ်သည် ဆိုသည့်သဘော။

တစ်ဖက်တွင် ဖေဖေချမ်းသာကတော့ ဒုတိယ ပါရမီအမျိုးအစား ဖြစ်သည့် သင်္ချာပါရမီ ထူးချွန်သူဖြစ်၏။ နှုတ်ပြောဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုများတွင် ဖေဖေချမ်းသာသည် ပုံမှန်ရမှတ်စံနှုန်းကိုပင် မမီ။ ထို့ကြောင့်လည်း သူကျောင်းပြန်မတက်တာ ဖြစ်မည်။ သူက စာရေးညံ့သည်။ စာဖတ်လည်း ညံ့သည်။ သို့သော်ငြား သူက စကားပြော အလွန်ကောင်းသူ ဖြစ်၏။ သူ၏ အပြန်အလှန်ဆက်ဆံရေးစွမ်းရည်များက မြင့်မားလှသည်။ သူ့မှာ သူ့အတွက် လိုလိုချင်ချင် အလုပ်လုပ်ပေးမည့် အလုပ်သမားတွေ ရာချီပြီးရှိသည်။ နောက်ပြီး သူက အရဲကိုးစွန့်စားရမှာလည်း ကြောက်သူ

မဟုတ်။ အဓိပ္ပာယ်ကတော့ စိတ်ခံစားချက်နှင့်ပတ်သက်သည့် ပါရမီဘက်တွင် အလွန်ထူးချွန်သည့် သဘောပင်။

တစ်နည်းဆိုရလျှင် သူက ကိန်းဂဏန်းဆိုင်ရာ အသေးစိတ် အချက်အလက်များကို အာရုံစိုက်နိုင်စွမ်းရှိသူ။ ထို့ပြင် ထိုအရည်အချင်းနှင့် ပေါင်းစပ်ထားသည့် အရည်အချင်းမှာ စွန့်စွန့်စားစား ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သည့် ပါရမီဖြစ်၏။ နောက်ပြီး သူ့အတွက် လိုလိုလားလား အလုပ် လုပ်ပေးမည့် အလုပ်သမားများရှိသည့် ကုမ္ပဏီတွေလည်း တည်ထောင်နိုင်စွမ်းရှိသူပါတည်း။

ကျွန်တော့် ဖအေအရင်းသည် ပါရမီ အမျိုးအစား အများစုတွင် ထူးချွန်ထက်မြက်သူဖြစ်၏။ သို့သော် ငွေဆုံးရှုံးမှာ စိုးရိမ်ခြင်းသည် သူ၏ ပျော့ညံ့ချက် ဖြစ်နေသည်။ သူသည် ကိုယ်ပိုင်စီးပွားရေး လုပ်ဖို့ ကြိုးစားခဲ့၏။ ထိုသို့ လုပ်ရင်းကိုင်ရင်း ငွေပြတ်သွားသည်နှင့် မျက်ကလူးဆန်ပျာဖြစ်ပြီး လခစား အလုပ်ကို ပြန်လုပ်တော့သည်။ အဓိကရ စွန့်ထွင်လုပ်ငန်းရှင်တစ်ဦးသည် အထူးသဖြင့် ငွေမရှိဘဲ လုပ်ငန်းတစ်ခုကို ထူထောင်တော့မည်ဆိုလျှင် ရှိရမည့်အရာသည် စိတ်ခံစားချက်ဆိုင်ရာ ပါရမီဖြစ်ပါသည်။

လူတစ်ယောက်သည် လဲပြိုသွားသည်။ သူပြန်ပြီး ကျုံးထသည်။ ထိုသို့ပြုမူခြင်းကို ထိုသူသည် စိတ်ခံစားချက်ဆိုင်ရာ ပါရမီကို လှုပ်နှိုးခြင်းဟု ခေါ်ကြသည်။ ထိုပါရမီကို 'ဇွဲခတ်ခြင်း' ဟု လည်းကောင်း၊ 'သန္နိဋ္ဌာန်ပြတ်ခြင်း' ဟုလည်းကောင်း ခေါ်ကြ၏။ လူတွေသည် သူတို့လုပ်ရမှာကြောက်သည့် အရာများကို လုပ်ပြီဆိုသောအခါ သူတို့သည် သူတို့၏ စိတ်ခံစားချက်ဆိုင်ရာ ပါရမီကို အရေးတကြီး ဆင့်ခေါ်ကြရတော့၏။ ထိုအချင်းအရာကို လူတွေက 'သွေး' (သို့မဟုတ်) 'သတ္တိ' ဟု ခေါ်ကြ၏။ လူတစ်ယောက်သည် အမှားတစ်ရပ် ကျူးလွန်မိသည့်အတွက် စိတ်ခံစားချက်ဆိုင်ရာ ပါရမီက ဝန်ခံပြီး တောင်းပန် ဝန်ချစကား ပြောရ၏။ ၎င်းပါရမီကို 'ရိုကျိုးနိမ့်ကျခြင်း' ဟု မကြာမကြာ ကင်ပွန်းတပ်ကြပါသည်။

**တချို့လူတွေက အခြားသူတွေထက် ဘာကြောင့်ပိုပြီး အောင်မြင်သလဲ**

တိုက်ဂါးဝုဒ်၏ဘဝကို ကျွန်တော် စူးစမ်း လေ့လာခဲ့၏။ ထိုအခါ သူ ဘာကြောင့် ပြည်သူ့အသည်းစွဲ ဖြစ်နေသည်ကို လွယ်လွယ်ကူကူပင် နားလည်သဘောပေါက်သွားခဲ့ရပေသည်။

သူသည် ထူးကဲသော စာသင်သားဖြစ်ခဲ့သည်။ စတင်းဖို့တက္ကသိုလ်တွင် တက်ခွင့်ရခဲ့၏။ ကမ္ဘာပေါ်တွင် သက်ရှိထင်ရှားရှိခဲ့ဖူးသည့် ဂေါက်သီးအားကစားသမားများထဲတွင် အတော်ဆုံး ဖြစ်နိုင်စရာရှိ၏။ လူထု ဆက်သွယ်ရေး အခန်းကဏ္ဍတွင် ဩဇာတိက္ကမကြီးမားသူဖြစ်၏။ ထိုသို့ အောင်မြင်ကျော်ကြား စူပါစတားဖြစ်ဖို့ ဆိုသည်မှာ ကျွန်တော် ဖော်ပြခဲ့သည့် ပါရမီခုနစ်မျိုးတွင် ခုနစ်မျိုးစလုံး ပြည့်စုံ အားကောင်းနေမှသာ ဖြစ်နိုင်ပါမည်။

မည်သည့် ဂေါက်သမားကိုမဆို မေးကြည့်ပါ။ ဂေါက်သီးရိုက် အားကစားနည်းတွင် ထူးချွန်ဖို့ ရုပ်ပိုင်းဆိုင်ရာ ပါရမီထူးချွန်ရမည်ဖြစ်ကြောင်း ပြောပြပါလိမ့်မည်။ သို့သော် ပို၍အရေးကြီးသည်မှာ စိတ်ခံစားချက်ဆိုင်ရာ ပါရမီထူးချွန်ဖို့ အလွန်မတန် လိုအပ်ခြင်းပင်ဖြစ်၏။ ထို့ကြောင့် ဂေါက်သီးရိုက် ကစားနည်းသည် သင့်အတွက် စိတ်တွင်းမှာ ကစားရသည့် ကစားနည်းဟု လူတွေ ပြောကြခြင်းဖြစ်သည်။

ရုပ်မြင်သံကြားကြော်ငြာတွေကို ကြည့်ပါ။ ကုန်ပစ္စည်းများ ကြော်ငြာပေးသည့်အတွက် တိုက်ဂါးဝုဒ် ဘာကြောင့် ဒေါ်လာတွေ သောက်သောက်လဲ ရနေကြောင်း သင်သိလာလိမ့်မည်။ သူ့ကို ငွေတွေ ပုံအောပေးကြသည်။ ဘာကြောင့်ဆို သူက လူထုဆက်သွယ်ရေး အားကောင်းသူဖြစ်သောကြောင့်။ အဓိပ္ပာယ်ကတော့ သူ့မှာရှိသော လူချင်း အပြန်အလှန် ဆက်သွယ်ရေး ပါရမီက အားကောင်းလွန်းသောကြောင့် ဟူ၍ဖြစ်၏။

၁၉၃၀ ပြည့်လွန်နှစ်များအတွင်း ကာနက်ဂျီအဖွဲ့က အောင်မြင်သူများအား လေ့လာဆန်းစစ်မှုတစ်ခုပြုခဲ့၏။ သူတို့၏ လေ့လာတွေ့ရှိချက်များက ဖော်ပြနေသည်မှာ ထိုသူများအောင်မြင်မှုရသည့်အကြောင်းရင်းတွေထဲတွင် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု ပါဝင်နှုန်းက ၁၅ ရာခိုင်နှုန်းပင် မပြည့်ဟု ဆို၏။ တစ်နည်းဆိုရသော် တချို့ဆရာဝန်များက အခြားဆရာဝန်များထက် ပိုပြီးအောင်မြင်ကြ၏။ ထိုသို့ဖြစ်ရခြင်းမှာ သူတို့တက်ခဲ့သည့် ကျောင်း (သို့မဟုတ်) သူတို့ ဘယ်လောက် စာတော်ခဲ့သည်ဆိုသည့် အချက်များနှင့် မပတ်သက်ဟု ဆိုပါသည်။ ကျောင်းမှာ စာတော်ပြီး အောင်အောင်မြင်မြင်ဖြစ်ခဲ့သော်လည်း လက်တွေ့ဘဝထဲ ရောက်သောအခါ ထွန်းထွန်းတောက်တောက် မဖြစ်သူတွေကို ကျွန်တော်တို့အားလုံး သိကြသည်။ မတူခြားနားသော ပါရမီခုနစ်မျိုးကို လေ့လာကြည့်ပါ။ ထိုအခါ လူတစ်ယောက်

အောင်မြင်ခြင်းနှင့် မအောင်မြင်ခြင်းကို ထောက်ပြနေသည့် အခြားအကြောင်းအချက်များကို ဖော်ထုတ်လို့ ရနိုင်ပါသည်။

လူတစ်ဦး၏ ဘဝအောင်မြင်မှုများသည် 'ကြဲ့ရည်ဖန်ရည်' များပေါ်တွင် ၈၅ ရာခိုင်နှုန်း မူတည်ကြောင်း ကာနက်ဂျီအဖွဲ့ အစီရင်ခံစာက ဖော်ပြထားသည်။ အပေါအပြောကောင်းခြင်း၊ လူအများနှင့်ဝင်ဆံ့အောင် ပေါင်းသင်းဆက်ဆံတတ်ခြင်းသည် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုထက် များစွာ ပိုပြီး အရေးကြီးသည် ဆိုပါသည်။

ကာနက်ဂျီအဖွဲ့၏ လေ့လာချက်ကိုပိုပြီး သိသာပေါ်လွင်စေသည်မှာ အမေရိကန်ပြည်ထောင်စု၊ အလုပ်သမားရှာဖွေရေး၊ လေ့ကျင့်ရေးနှင့် စီမံခန့်ခွဲရေးဗျူရို၏ သုတေသနပြုချက်များဖြစ်၏။ သူတို့က အလုပ်ရှင်ပေါင်း သုံးထောင်ကို တွေ့ဆုံပြီး 'အလုပ်သမား ခန့်ထားဖို့ လူရွေးပြီဆိုရင် လူကြီးမင်းတို့ ထိပ်တန်း ဦးစားပေးပြီး ရွေးတဲ့ အရည်အချင်းမျိုးတွေက ဘာတွေလဲ' ဟု မေးမြန်းကြည့်ခဲ့သည်။ အလုပ်ရှင်အများစုက ဦးစားပေးရွေးချယ်သည့် ထိပ်တန်း အရည်အချင်း ခြောက်မျိုးမှာ...

၁။ စိတ်နေစိတ်ထား ကောင်းခြင်း
၂။ အပြောအဆို ရည်မွန်လိမ္မာခြင်း
၃။ ယခင်အလုပ် အတွေ့အကြုံ
၄။ ၎င်းအလုပ်သမားနှင့်ပတ်သက်၍ အလုပ်ရှင်ဟောင်း၏ ပြောဆိုချက်
၅။ ၎င်းအလုပ်သမားသည် လေ့ကျင့်သင်ယူမှုတွေ ဘယ်လောက်များများ လုပ်ခဲ့သလဲ
၆။ ၎င်းအလုပ်သမားသည် ကျောင်းပြီးအောင် ဘယ်နှနှစ် ကျောင်းတက်ခဲ့သလဲ

ဤသုတေသနပြုချက်တွင်လည်း စိတ်နေစိတ်ထားနှင့် ပြောရေးဆိုတာ လိမ္မာကျွမ်းကျင်မှုသည် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၏ အထက်မှာ ရှိကြောင်း ဖော်ပြနေပြန်ပါသည်။

## သင့်ထူးချွန်မှုကို တွေ့အောင်ရှာ၊ ပြီးတော့ ပါရမီရှင်ဖြစ်လာပါစေ

ပညာရေးဌာန အကြီးအကဲဖြစ်သော ကျွန်တော့်ဖေဖေက ကျောင်းတွင် ကျွန်တော် စာတော်မည်မဟုတ်ကြောင်း သိနေသည်။ စာသင်ခန်းထဲမှာ ထိုင်

နေရခြင်း၊ သင်ကြားပို့ချချက်တွေ နားထောင်နေရခြင်း၊ စာအုပ်တွေ ဖတ်နေရခြင်း၊ ရုပ်ပိုင်းဆိုင်ရာ တွဲစပ်မှု မပါဘဲ ဘာသာရပ်များကို လေ့လာဆည်းပူးရခြင်းတို့သည် ကျွန်တော့်အတွက် အသင့်မြတ်ဆုံး သင်ယူလေ့လာနည်းများ မဟုတ် ဆိုတာကို ဖေဖေ ကျောင်းဆရာက သိထားသည်။ တကယ်တော့ သူ မကြာမကြာ ပြောခဲ့သည့် စကားရှိပါသည်။ 'ငါ့ကလေးတွေထဲက ဘယ်သူမှ ကျောင်းစာတော်မယ် မထင်ဘူး' တဲ့လေ။ ချာတိတ်တွေ အားလုံး တစ်နည်းတည်း၊ တစ်ပုံစံတည်းဖြင့် သင်ယူဆည်းပူးလို့ မရကြောင်း သူ သိနေသည်။

ကျွန်တော့်အစ်မ တစ်ယောက်ဆိုလျှင် အလွန်တော်သော ပန်းချီဆရာမဖြစ်၏။ အရောင်တွေ ဒီဇိုင်းတွေနှင့်ပတ်သက်လာလျှင် ထူးချွန်သည်။ ပြောင်မြောက်သည်။ ယခုအခါ သူသည် ကြော်ငြာ ပန်းချီဆရာမဖြစ်နေပြီ။ နောက်အစ်မ တစ်ဦးကတော့ သီလရှင်။ သူက သဘာဝ ပတ်ဝန်းကျင်နှင့် အရမ်းအဆင်ပြေသည်။ သူက လောကသဘာဝများနှင့် လိုက်လျောညီထွေ နေထိုင်ရခြင်းကို နှစ်သက်မြတ်နိုးသူ။

အစ်ကိုကတော့ ရုပ်ပိုင်းဖြင့် သင်ယူဆည်းပူးသူ။ သူက သူ့လက်များဖြင့် လုပ်ကိုင်ရင်း ဆည်းပူးလေ့လာသူ။ သူ့လက်ထဲသို့ ဝက်အူလှည့်တစ်ချောင်းထည့်ပေးလိုက်ပါ။ သူက ပစ္စည်းကိရိယာများကို ပြင်လိမ့်မည်။ တပ်ဆင်လိမ့်မည်။ သူက အပြောအဟောကောင်းသူလည်း ဖြစ်၏။ ထို့ကြောင့် အကူအညီလိုသူများကို ကူညီကြဖို့ အခြားသူများအား စည်းရုံးတိုက်တွန်းသည့် အလုပ်ကို သူနှစ်သက်မြတ်နိုးနေခြင်းဖြစ်သည်။ ထို့ကြောင့် သူသည် သွေးလှူဘဏ်တွင် အလုပ်လုပ်ရခြင်းကို နှစ်သက်နေခြင်းဖြစ်သည်။

ကျွန်တော်ကတော့ စိတ်ခံစားချက်နှင့်ဆိုင်သော ပါရမီဘက်တွင် ထူးချွန်သည် ဆိုရပါမည်။ သည်ပါရမီက ကျွန်တော့်အား ကြောက်စိတ်ကို ချိုးနှိမ်ပြီး ဆောင်ရွက်မှု ပြုလုပ်နိုင်စွမ်းရှိစေပါသည်။ ထို့ကြောင့်ပင် ကျွန်တော်က စွန့်ဦးတီထွင်လုပ်ငန်းရှင် လုပ်ရခြင်းနှင့် ငွေကြေးရင်းနှီးမြှုပ်နှံသူ လုပ်ရခြင်းကို နှစ်သက်သဘောကျရခြင်း ဖြစ်ပါလိမ့်မည်။ သို့မဟုတ်ပါကလည်း ဗီယက်နမ်တွင် တာဝန် ထမ်းဆောင်ရသော ကမ်းတက် တပ်သားဘဝနှင့် လက်နက်တပ်ဆင်ထားသော ရဟတ်ယာဉ်မောင်း ဘဝကို ပျော်ပိုက်ခဲ့ခြင်း ဖြစ်ပါမည်။ ကျွန်တော်က ကျွန်တော့်ကြောက်စိတ်ကို အသိအမှတ်ပြုပြီး ၎င်းကြောက်စိတ်ကို တက်ကြွမှုအဖြစ်သို့ ပြောင်းလဲတတ်အောင် လေ့ကျင့်ခဲ့၏။

ကျွန်တော့်ဖေဖေသည် ထိုက်သင့်သလောက် လိမ္မာပါးနပ်ခဲ့သည်။ သူက သူ့သားသမီးတွေကို ကိုယ့်ပါရမီ ကိုယ်သိအောင် လုပ်ပြီး ကိုယ်အားသန်သည့် သင်ယူလေ့လာနည်းများကို ဖော်ထုတ်ကြဖို့ အားပေးခဲ့လေသည်။ သူ့သားသမီးတွေ တစ်ယောက်နှင့်တစ်ယောက် မတူကြောင်း၊ တစ်ယောက် တစ်မျိုးစီ ထူးချွန်ကြကြောင်း၊ ပြီးတော့ သင်ယူ ဆည်းပူးနည်းများ မတူကြောင်း ဖေဖေက သိထားသည်။ သူက သူ စိတ်မဝင်စားသော ပိုက်ဆံနှင့် အရင်းရှင်စနစ်အကြောင်းကို ကျွန်တော် စိတ်ဝင်စားကြောင်း သိသောအခါ ၎င်းဘာသာရပ်များ သင်ကြားပေးနိုင်မည့်ဆရာများ ရှာဖွေဖို့ ကျွန်တော့်ကို အားပေးခဲ့သည်။ ထို့ကြောင့် ကျွန်တော် ကိုးနှစ်သားကတည်းက ဖေဖေချမ်းသာထံမှ သင်ယူ ဆည်းပူးမှုများ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော့် အဖေအရင်းက ကျွန်တော့်ဖေဖေချမ်းသာကို လေးလေးစားစား ရှိခဲ့သော်လည်း ဘာသာရပ်တော်တော်များများတွင် သူတို့နှစ်ယောက် အမြင်ချင်း မတူကြချေ။ ကလေးတစ်ယောက်သည် ဘာသာရပ်တစ်ခုကို စိတ်ဝင်စားလျှင် သူသည်သူ၏ ပါရမီအခံကို ဖော်ထုတ်တွေ့ရှိဖို့ အလားအလာများကြောင်း ကျွန်တော့် ဖေဖေ ကျောင်းဆရာက သိထားခဲ့လေသည်။ သူက သူကိုယ်တိုင် နှစ်သက်သဘောကျခြင်း မရှိသော်လည်း ကျွန်တော် နှစ်သက်သဘောကျသည့် ဘာသာရပ်များကို လေ့လာဆည်းပူးခွင့် ပြုခဲ့၏။

နောက်ပြီး သူသည် ပညာရေးဌာန အကြီးအကဲတစ်ဦးဖြစ်နေသည့်တိုင် ကျောင်းတွင် ကျွန်တော်အဆင့် ကောင်းကောင်း မရသော်လည်း စိတ်ဆိုးခြင်း မရှိ။ ဒေါသထွက်ခြင်း မရှိ။ စာသင်ကျောင်းသည် အရေးပါအရာရောက်ကြောင်း သူသိထားသည်။ သို့ပေမဲ့ စာသင်ကျောင်းသည် ကျွန်တော့် ပါရမီကို တွေ့အောင် ရှာလို့ရမည့် နေရာဌာန မဟုတ်ကြောင်းလည်း သိထားသည်။ အကယ်၍ ကလေးတွေသည် သူတို့စိတ်ဝင်စားတာကို လေ့လာဆည်းပူးရလျှင် သူတို့၏ ပါရမီကို သူတို့ ရှာဖွေတွေ့ရှိပြီး အောင်မြင်မှု ရကြမည်ဆိုတာကို လည်း ဖေဖေကျောင်းဆရာက သိထားသည်လေ။ သူ့ကလေးတွေ ပါးနပ်ချက်ချာကြောင်း သူသိသည်။ ကျွန်တော်တို့တတွေ ကျောင်းမှာ စာမတော်ကြသည့်တိုင် ကျွန်တော်တို့သည် ပါးနပ်ချက်ချာသူများဖြစ်ကြောင်း သူက ပြောလေ့ရှိ၏။

ပညာရေး၏ စစ်မှန်သော အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ... သင့်ခေါင်းထဲသို့ သတင်းအချက်အလက်တွေ ရိုက်သွင်းဖို့သာမဟုတ်ဘဲ သင့်ပါရမီကို ဖော်

ထုတ်ဖို့လည်းဖြစ်ကြောင်း အထင်ကရကျောင်းဆရာကြီး ဖြစ်သည့် ကျွန်တော့် ဖေဖေက သဘောပေါက်နေခဲ့ပါသည်။

## သင့်ကလေး၏ ပါရမီကို ကာကွယ် စောင့်ရှောက်ခြင်း

ကလေးအားလုံး၏ ပါရမီကို ကာကွယ်စောင့်ရှောက်ရေးကိစ္စကို ကျွန်တော့် ဖေဖေက မလျှော့စတမ်း ဆုပ်ကိုင်ထားခဲ့၏။ ကျောင်းသင်ပညာရေးစနစ်က နှုတ်ပြော ဘာသာရပ်ဆိုင်ရာ ထူးချွန်မှုကိုသာ အဓိကထား အသိအမှတ်ပြု ထားကြောင်း ဖေဖေက သိသည်။ ကလေးတစ်ဦးသည် ဉာဏ်ရည် ညွှန်းကိန်း တွက်ချက်ယူသော ထူးချွန်မှုဘက်တွင် အားနည်းနေသည်ဆိုလျှင် ထိုကလေး ၏ ပါရမီသည် စာသင်ကျောင်းတွင် ချေမှုန်း အဖျက်ဆီး ခံရနိုင်စရာရှိကြောင်း ကိုလည်း ဖေဖေက သိထားသည်။

ဖေဖေက ကျွန်တော့်အတွက် စိုးရိမ်ကြောင့်ကြခဲ့၏။ အဘယ့်ကြောင့် ဆိုသော် ကျွန်တော်က အလွန်ဖျတ်လတ် တက်ကြွပြီး နှေးကွေး ငြီးငွေ့စရာ ဘာသာရပ်များကို မုန်းတီးကြောင်း သူသိနေသောကြောင့် ဖြစ်၏။ ကျွန်တော် သည် မှတ်ဉာဏ်နည်းသူဖြစ်ကြောင်း၊ ထို့ကြောင့် စာသင်ကျောင်းတွင် အခက် တွေ့စရာအကြောင်းရှိသည်ကိုလည်း ဖေဖေက သိထားသည်။ ထိုထိုအကြောင်း များကြောင့်ပင် အားကစားပွဲများတွင် ကျွန်တော် ပါဝင် ကစားဖြစ်အောင် အားပေးခဲ့၏။ ထို့နောက် ဖေဖေချမ်းသာထံတွင် ပညာဆည်းပူးဖို့လည်း ခွင့်ပြုခဲ့၏။ သူက ကျွန်တော့်ကို ဆက်ပြီး ဖျတ်ဖျတ်လတ်လတ် တက်တက် ကြွကြွနေစေချင်သည်။ ကျွန်တော် စိတ်ဝင်စားသည့် ဘာသာရပ်ကို သင်ယူ ဆည်းပူးစေချင်သည်။ သို့မှ ပါရမီထူးချွန်မှုနှင့် တိုက်ရိုက် ဆက်စပ်နေသည့် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားစိတ် မပျက်မယွင်းအောင် ထိန်းထားနိုင်မည်ဟု သူက ယုံကြည်သည်။ ကျွန်တော့် အစ်ကိုများ၊ အစ်မများကိုလည်း ဖေဖေက သည်ပုံသည်နည်းအတိုင်း ထိန်းကျောင်းပျိုးထောင်ခဲ့လေသည်။

ယနေ့ဆိုလျှင် ကျွန်တော့်တွင် အာရုံစိုက်နိုင်စွမ်း ချို့တဲ့သည့် ရောဂါ ရှိသည်ဟု ပြောလို့ရ၏။ ကျွန်တော် စိတ်မဝင်စားသည့် ဘာသာရပ်များကို အတင်းအကျပ် လေ့လာခိုင်းမည်ဆိုလျှင် ကျွန်တော့်ကို ဆေးခပ်ပြီး လေ့လာ ခိုင်းမှသာ ရနိုင်ပေလိမ့်မည်။ အာရုံစိုက်နိုင်စွမ်း ချို့တဲ့ရောဂါဆိုတာ ဘာလဲဟု လူတွေက ကျွန်တော့်ကို မေးကြ၏။ သို့မဟုတ် သူတို့မှာရော... ထိုရောဂါ ရှိသလားဟု မေးကြ၏။ ကျွန်တော်တို့ တော်တော်များများတွင် ထိုရောဂါ ရှိကြောင်း ကျွန်တော် ဖြေကြားခဲ့ပါသည်။ ကျွန်တော်တို့မှာ ထိုရောဂါ မရှိ

လျှင် ကမ္ဘာပေါ်တွင် ရုပ်မြင်သံကြား လိုင်းတစ်လိုင်းတည်းသာ **ရှိပေလိမ့်မည်။** ကျွန်တော်တို့အားလုံး ထိုတစ်လိုင်းတည်းသော အစီအစဉ်ကိုသာ **ရည်ရွယ်** ချက်မဲ့စွာ ထိုင်ကြည့်နေကြလိမ့်မည်ဖြစ်၏။ ထို့ကြောင့် အာရုံစိုက်နိုင်စွမ်း ချို့တဲ့ရောဂါကို 'ရုပ်သံလှိုင်းစီးကျင့်' ဟု ခေါ်လို့ ရနိုင်ပါသည်။ ကျွန်တော်တို့ ရုပ်မြင်သံကြားကြည့်ရင်း ငြီးငွေ့လာသောအခါ ခလုတ်နှိပ်ပြီး စိတ်ဝင်စားစရာ အစီအစဉ်တစ်ခုခုကို လိုက်ရှာတော့၏။ စိတ်မချမ်းသာစရာ ကောင်းသည်မှာ ကျွန်တော်တို့၏ သားငယ်သမီးငယ်များခမျာ သူတို့ကျောင်းများတွင် ထိုသို့ရွေးချယ်ခွင့် မရကြခြင်း ဖြစ်ပါသည်။

## ယုန်နှင့်လိပ်

ဖေဖေက ယုန်နှင့် လိပ်ပုံပြင်ကို တော်တော် သဘောကျသည်။ သူ့သားသမီးများကို သူပြောလေ့ရှိသည်မှာ...

"သားတို့သမီးတို့ထက် တစ်နည်းတစ်ဖုံ ပိုတော်နေတဲ့ ကလေးတွေ ကျောင်းမှာရှိတယ်ကွဲ့။ ဒါပေမဲ့ သားတို့ အမြဲတမ်း သတိရနေရမှာကတော့ ယုန်နဲ့လိပ်ပဲ"

ဟု စကားချီပြီး ဆက်ပြောပြတတ်သည်မှာ...

"သားတို့ သမီးတို့ထက် စာတတ်မြန်တဲ့ ကလေးတွေ ရှိတယ်။ ဒါပေမဲ့ အဲဒီလို အတတ်မြန်တာဟာ သူတို့က မင်းတို့ထက် တစ်ကျော့သာနေပြီလို့ ပြောလို့ မရဘူးကွဲ့။ မင်းတို့က မင်းတို့နိုင်တဲ့နှုန်းနဲ့ တစိုက်မတ်မတ် ဆက်ပြီး ပညာဆည်းပူးနေရင် မြန်မြန်ထက်ထက် စာတတ်ပေမဲ့ သင်ယူမှု ရပ်ဆိုင်းနေသူတွေကို မင်းတို့ကျော်တက်သွားမှာပဲ"

"ကလေးတစ်ယောက်ဟာ ကျောင်းမှာ အောင်မှတ်တွေ ကောင်းတယ်ဆိုရုံနဲ့ သူ့ဘဝမှာ ထွန်းထွန်းပေါက်ပေါက်ဖြစ်မယ်လို့ တရားသေ တွက်လို့မရဘူး။ မှတ်ထားကြ၊ မင်းတို့ရဲ့ ပညာရေးအစစ်အမှန်ဟာ မင်းတို့ ကျောင်းထွက်တဲ့အချိန်မှာမှ စတာကွ"

ဤကား သူ့ကလေးတွေကို ရာသက်ပန် ပညာသင်ယူသူတွေဖြစ်လာအောင် ကျွန်တော့်ဖေဖေ၏ အားပေးနည်း၊ အားပေးဟန်ဖြစ်၏။ သူကိုယ်တိုင်လည်း တစ်သက်တာလုံး ပညာဆည်းပူးနေသူဖြစ်၏။

## သင့်ဉာဏ်ရည်ပြကိန်းကျသွားနိုင်သည်

ဘဝဆိုသည်မှာ တစ်သက်တာလုံး သင်ယူဆည်းပူးမှု အတွေ့အကြုံတစ်ရပ်ဖြစ်သည်ဆိုသည့် အယူအဆသည် ကျွန်တော့်အတွက်တော့ သွေးထွက်အောင်

မှန်နေသည်။ အပြေးမြန်သော ယုန်ကလေးက လမ်းဘေးမှာ လှဲပြီး တခေါခေါ အိပ်နေတတ်ကြ၏။ အရှိန်အဟုန်ပြင်းစွာ ပြောင်းလဲနေသော ယနေ့ကမ္ဘာကြီးထဲတွင် ထိုသို့သော အပြုအမူမျိုးသည် တန်ဖိုးကြီးကြီး ပေးဆပ်ရနိုင်၏။ ဉာဏ်ရည်ပြကိန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြန်လည်ဆန်းစစ်ကြည့်ပါ။

$$\frac{\text{ဉာဏ်သက်}}{\text{ဓာတ်သက်}} \times ၁၀၀ = \text{ဉာဏ်ရည်ပြကိန်း}$$

သူ့အဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် သင့်အသက်တစ်နှစ်ကြီးလာတိုင်း သင့်ဉာဏ်ရည်ပြကိန်း ကျသွားသည်ကို တွေ့ရပါမည်။ ထို့ကြောင့် ဖေဖေ ပြောပြသည့် ယုန်နှင့်လိပ်ပုံပြင်သည် မှန်နေခြင်းဖြစ်၏။ အထက်တန်း ကျောင်းသားဟောင်းများ ပြန်လည် တွေ့ဆုံပွဲသို့ သွားရောက်လျှင် လမ်းဘေးမှာ အိပ်ပျော်နေသော ယုန်ကလေးများကို တွေ့ရတတ်ပါသည်။ သူတို့သည် 'အောင်မြင်ဖို့ အလားအလာ အကောင်းဆုံး' စာသင်သားအဖြစ် အကြိမ်ပေါင်းများစွာ မဲပေးခံရသူများ ဖြစ်နေတတ်၏။ တကယ့်တကယ်ကျတော့ သူတို့ မအောင်မြင်ခဲ့ကြပါ။ ကျောင်းပြီးသွားပြီး နောက်ပိုင်းတွင်မှ ဘဝပညာရေးသည် တစ်ဆက်စပ်တည်း အစပြုသည်ဆိုသည်ကို သူတို့မေ့လျော့နေကြလေသည်။

## သင့်ကလေး၏ ပါရမီကို ရှာဖွေ ဖော်ထုတ်ပါ

"သင့်ကလေးသည် ပါရမီရှင်ကလေးလား"

ဟုတ်ကဲ့၊ ပါရမီရှင်ကလေးဖြစ်မည် ထင်ပါသည်။ ခင်ဗျားလည်း ကျွန်တော် ယူဆသလို ယူဆလိမ့်မည် ထင်ပါသည်။ စင်စစ် သင့်ကလေးတွင် ပါရမီတွေ အများကြီး ရှိနေနိုင်၏။ ပြဿနာမှာ လက်ရှိပညာရေးစနစ်က ပါရမီ တစ်မျိုးတည်းကိုသာ အသိအမှတ်ပြုထားခြင်းဖြစ်၏။ အကယ်၍ သင့်ကလေးသည် စနစ်က အသိအမှတ်ပြုထားသော ပါရမီရှင် မဟုတ်လျှင်တော့ သူ့ခမျာ ကျောင်းမှာ ငတုံးအေ တစ်ယောက်လို ခံစားရရှာပေမည်။ အဆိုးတကာ့ အဆိုးဆုံးကတော့ သင့်ကလေး၏ ပါရမီကို လျစ်လျူရှုကောင်းရှု ထားကြလိမ့်မည်။ သို့မဟုတ်ပါကလည်း သူ့ပါရမီသည် စနစ်အောက်တွင် ပြားချပ်ပြီး ပျက်စီးသွားနိုင်၏။

တချို့က ကလေးတွေဆိုလျှင် တခြားကလေးများနှင့် အနိုင်းအယှဉ်ခံရသည့်အတွက် သူတို့သည် သိပ်မတော်ဟု စိတ်အထင် ရောက်တတ်ကြလေသည်။ ကလေးတစ်ယောက်ချင်းစီ၏ ထူးခြားသော ပါရမီကို ဖော်ထုတ်အသိအမှတ်ပြုမည့်အစား ကျွန်တော်တို့၏ ပညာရေးစနစ်က ကလေးအားလုံးကို ဉာဏ်ရည်ပြက္ခဒိန်း စံတစ်ခုတည်းဖြင့် တိုင်းထွာ အသိအမှတ်ပြုနေလေသည်။ ကလေးတွေသည် ငါတို့ စာမတော်ပါကလား ဟူသော အစွဲကြီးဖြင့် ကျောင်းထွက်သွားကြသည်။ မိမိသည် အခြားကလေးတွေလောက် စာမတော်ဟု အထင်ရောက်သွားသည့် ကလေးများသည် စိတ်ပိုင်းအရ၊ စိတ်ခံစားချက်ပိုင်းအရ ချို့တဲ့သွားတော့၏။ ထိုသို့သော ကလေးများသည် ကြီးမားသော စိတ်ပိုင်းဆိုင်ရာချို့တဲ့မှုကြီးဖြင့် ဘဝကို ကျင်လည်ရပေတော့မည်။

မိဘများအနေဖြင့် မိမိကလေး၏ ပင်ကိုထူးချွန်ချက်ကို စောစောစီးစီး ငယ်ငယ်ရွယ်ရွယ်ကတည်းက ရှာဖွေ ဖော်ထုတ်ထားဖို့ အထူးအရေးကြီး၏။ ၎င်းထူးချွန်မှုများ အားကောင်းလာစေရေးနှင့် ၎င်းထူးချွန်မှုများကို 'ပါရမီတစ်မျိုးတည်း' ပညာရေးစနစ်၏ ရန်ဘေးမှ ကင်းဝေးအောင် ကာကွယ်စောင့်ရှောက်ရေးသည် သေရေးရှင်ရေးတမျှ အရေးကြီးပါသည်။ ကျွန်တော့်ဖေဖေ သူ့သားသမီးများကို ပြောလေ့ရှိသည့် စကားရှိပါသည်။

"ငါတို့ရဲ့ စာသင်ကျောင်းစနစ်က တချို့ကလေးတွေကို ပညာသင်ပေးဖို့ စီမံထားတာပဲ။ စိတ်မကောင်းစရာဖြစ်နေတာက အဲဒီစနစ်က ကလေးအားလုံးကို သင်ကြားပေးဖို့ စီမံထားတာ မဟုတ်တာပဲ"

ကလေးတွေအားလုံး ချက်ချာပါးနပ်ကြသလား၊ တော်ကြသလားဟု လူတွေက ကျွန်တော့်ကို မေးမြန်းကြ၏။ သူတို့ ထိုသို့မေးတိုင်း ကျွန်တော်ဖြေကြားသည့်စကားမှာ...

"သိချင် တတ်ချင်စိတ် မရှိတဲ့ကလေး၊ သင်ယူဖို့ တက်တက်ကြွကြွမရှိတဲ့ ကလေးဆိုလို့ တစ်ယောက်မှ ကျွန်တော် မတွေ့ဖူးဘူး။ စကားပြောပါဟဲ့ (ဒါမှမဟုတ်) လမ်းလျှောက်ပါဟဲ့လို့ ဘေးက တဖွဖွ ပြောပေးနေရတဲ့ကလေးမျိုးလည်း တစ်ခါမှ ကျွန်တော် မတွေ့ဖူးပါဘူး။ ကလေးတစ်ယောက်လမ်းလျှောက်သင်ရင်း လဲကျတယ်။ အဲဒီလို ဝမ်းလျားမှောက်ကြီး လဲနေရာကနေ ပြန်မထတော့ဘဲ 'သား လဲပြန်ပြီ။ သားတော့ လမ်းလျှောက်တတ်မှာမဟုတ်ဘူး ထင်ပါရဲ့' လို့ ပြောတဲ့ ကလေးမျိုး ကျွန်တော် တစ်ခါမှ

မတွေ့ဖူးဘူး။ ကလေးတွေ မတ်တတ်ရပ်ပြီး လဲကျတယ်။ နောက်ဆုံး မတ်တတ်ရပ်နိုင်ပြီး လမ်း စလျှောက်။ နောက်တော့ ဒေါင်းဒေါင်းပြေးတာမျိုးပဲ ကျွန်တော် တွေ့ဖူးတယ်။

"ကလေးတွေဟာ ပင်ကို သဘာဝကိုက သင်ယူဆည်းပူးဖို့ နိုးကြားတက်ကြွနေတဲ့ သတ္တဝါကလေးတွေပါ။ ဒါပေမဲ့ ကျောင်းတက်ရတာ ငြီးငွေ့နေတဲ့ ကလေးတွေ (ဒါမှမဟုတ်) စိတ်ဆိုးမာန်ဆိုးနဲ့ ကျောင်းထွက်လာတဲ့ ကလေးတွေ၊ ဒါမှမဟုတ် အရှုံးသမားစိတ်တွေ ဝင်ပြီး ကျောင်းထွက်လာခဲ့ရတဲ့ ကလေးတွေ၊ ဒါမှမဟုတ် ဘယ်တော့မှ ကျောင်းပြန်မတက်တော့ဘူးလို့ အမိဌာန်ပြုပြီး ကျောင်းထွက်လာတဲ့ ကလေးတွေကိုလည်း ကျွန်တော် အများအပြား တွေ့ဖူးပါတယ်"

ဟူ၍ ဖြစ်ပါသည်။

သည်ကလေးတွေဆိုလျှင် သူတို့၏ သင်ယူ ဆည်းပူးလိုသည့် သဘာဝစိတ်သည် သူတို့အား မွေးဖွားချိန်နှင့် ကျောင်းထွက်ချိန်အကြားတွင် တစ်ခုခု ဖြစ်ခဲ့မှာ သေချာပါသည်။

"မိဘတွေရဲ့ အရေးကြီးဆုံး တာဝန်က သူတို့ကလေးတွေရဲ့ ပါရမီတွေနဲ့ သင်ယူဆည်းပူးချင်စိတ်ရှင်သန်နေအောင် ကြံဆောင်ဖို့ပဲ။ အထူးသဖြင့် ကိုယ့်ကလေးတွေက ကျောင်းမပျော်တဲ့ ကလေးတွေဖြစ်နေတဲ့အခါမျိုးမှာပေါ့"

အကယ်၍သူသာ ထိုသို့ကြံဆောင်ခြင်း မပြုခဲ့လျှင် ကျွန်တော်သည် ကျောင်းမပြီးမီ အစောကြီးကတည်းက ကျောင်းထွက်ခဲ့မည်ဖြစ်၏။ ဤစာအုပ်တွင် ရေးသားထားသည့် အကြောင်းအရာ အများစုသည် အကင်းပါးသော ဖေဖေကျောင်းဆရာက ကျွန်တော်၏ သင်ယူဆည်းပူးချင်စိတ် ရှင်သန်နေအောင် ထိန်းကျောင်းပေးခဲ့ပုံများ ဖြစ်ပါသည်။ ကျွန်တော်သည် ကျောင်းတက်ရတာကို မုန်းသော်လည်း ကျောင်းဆက်တက်ဖြစ်ခဲ့သည်။ တကယ်တော့ ကျွန်တော်က ကျောင်းစာသင်ပညာရေးတွင် ထူးချွန်သူမဟုတ်။ သို့ဖြစ်သည့်တိုင် ကျွန်တော်၏ ထူးချွန်ထက်မြက်သည့် ပါရမီတွေ ဖွံ့ဖြိုးတိုးတက်အောင် အားပေးအားမြှောက်လုပ်ခဲ့၏။ သည်နည်းဖြင့် ကျွန်တော်၏ သင်ယူဆည်းပူးချင်စိတ်တွေ တိုးတက်ရှင်သန်နေအောင် ထိန်းကျောင်းပေးခဲ့လေသည်။

❐

# အခန်း(၃)

## သင့်ကလေးများကို ငွေမပေးမိ စွမ်းအားကိုပေးပါ

တစ်နေ့တွင် ကျွန်တော့်အတန်းဖော်သူငယ်ချင်း ရစ်ချီက သီတင်းပတ်ကုန်ရက်များတွင် သူတို့မိသားစုပိုင် ကမ်းခြေ အပန်းဖြေစံအိမ်မှာ လိုက်ပြီး အပန်းဖြေဖို့ ဖိတ်ကြားခဲ့၏။ ကျွန်တော် ပျော်မဆုံး မော်မဆုံး ဖြစ်ရသည်။ ရစ်ချီက ကျောင်းရှိ အပြတ်သားနားသော ကောင်ကလေးတွေထဲမှာ တစ်ယောက် အပါအဝင်ဖြစ်သူ။ လူတိုင်းက သူနှင့်သူငယ်ချင်းဖြစ်လိုကြသည်။ ယခု ကျွန်တော့်ကို လူတိုင်းရောက်ဖူးချင်သည့် ကမ်းခြေစံအိမ်သို့ ဖိတ်ကြားထားပြီ။ သူတို့၏ ကမ်းခြေစံအိမ်က ကျွန်တော့်အိမ်နှင့် မိုင်သုံးဆယ်လောက်ပဲ ဝေးသည်။

မေမေက ကျွန်တော့် အထုပ်အပိုးကို ကူပြီး ပြင်ပေးသည်။ ကျွန်တော့်ကို လာခေါ်ကြတော့ ရစ်ချီ ဖေဖေနှင့်မေမေကို ကျေးဇူးတင်စကားပြောသည်။ ရစ်ချီတွင် သူ့ကိုယ်ပိုင်လှေရှိသည်။ သားသားနားနား ကစားစရာအရုပ်တွေလည်း တစ်ပုံကြီးရှိသည်။ ကျွန်တော်တို့ မနက်မိုးလင်းမှ ညမိုးချုပ်ထိတိုင် ကစားကြသည်။ သူ့မိဘများက ကျွန်တော့်အား ကျွန်တော့်အိမ်သို့ ပြန်ပို့ပေးချိန်တွင် ကျွန်တော့်အသားအရေတွေ နေလောင်ပြီး ညိုမောင်းနေပြီ။ လူလည်း ခြေကုန်လက်ပန်းကျနေသည်။ ပျော်လိုက်သည်မှာလည်း ပြောလို့ပင် မတတ်တော့။

နောက်ရက်အနည်းငယ်အတွင်း အိမ်မှာရော... ကျောင်းမှာပါ ကျွန်တော် ပြောသည့်စကားများ ကမ်းခြေအပန်းဖြေစံအိမ်တွင် နေထိုင်ခဲ့သည့် သီတင်းပတ်ကုန်ရက်များ အကြောင်းသာ ဖြစ်နေတော့၏။ ပျော်စရာ၊ မြူးစရာ ကစားစရာအရပ်တွေ၊ အပျော်စီး လှေ၊ စားကောင်းသောက်ဖွယ်တွေ၊ လှပ သားနားသော ကမ်းခြေအပန်းဖြေစံအိမ်... ပြောမဆုံးပေါင် တောသုံးထောင်။ ဗုဒ္ဓဟူးနေ့ရောက်တော့ ကျွန်တော့် အတွေ့အကြုံတွေ နားထောင်ရသော ကျွန်တော့်မိသားစုသည် နားကလောလှပြီ။ ကြာသပတေးနေ့ ညဘက် ရောက် တော့ ရစ်ချီတို့၏ အပန်းဖြေစံအိမ်နံဘေးတွင် ကျွန်တော်တို့ရော... အပန်းဖြေ စံအိမ်တစ်လုံး ဝယ်လို့ ရနိုင်မလားဟု မေမေနှင့်ဖေဖေကို မေးမိသည်။ သည်မှာတွင် ဖေဖေ ပေါက်ကွဲတော့၏။ သူတော်တော်ကြီး နားကလောနေပြီ။

"လေးရက်လုံးလုံး ဒီမိသားစု ကြားနေရတာ ကျောင်းပိတ်ရက်မှာ မင်းသွားနေတဲ့ ရစ်ချီအပန်းဖြေအိမ် အကြောင်းချည်းပဲ။ ဒီအကြောင်း နား ထောင်ရတာ ငါသေချင်စော် နံနေပြီ။ ခုမင်းက ကမ်းခြေအပန်းဖြေစံအိမ် တစ်လုံး ဝယ်ပေးစေချင်နေပြန်ပြီ။ ဒါကတော့ မင်း လွန်လွန်းလာပြီ။ မင်းက ငါ့ကို ဘာနဲ့ ထုလုပ်ထားတယ် ထင်နေသလဲဟင်။ ငွေစက္ကူတွေနဲ့ ပုံသွန်းထား တယ်များ ထင်နေလား။ လှလှပပအပန်းဖြေစံအိမ်တစ်လုံး ငါတို့ဝယ်မထားတာ ငွေမတတ်နိုင်လို့ကွ သိရဲ့လား။ ငါ့မှာ အကြွေးတွေဆပ်ပြီး ဒီစားပွဲပေါ်ကို စားစရာတွေ ရောက်အောင် တင်ဖို့တောင် အနိုင်နိုင်ကွ"

"ငါ့မှာ တစ်နေ့လုံး ခါးကျိုးမတတ် အလုပ်လုပ်ရတယ်။ အိမ်ပြန်လာ တော့ ငါဆပ်လို့မနိုင်တဲ့ အကြွေးဟောင်းစာတွေက ဆီးကြိုနေတယ်။ ဒီကြား ထဲ မင်းက အပန်းဖြေစံအိမ်တစ်လုံး ဝယ်ပေးစေချင်တယ်။ နောက်ပြီး အပျော်စီး လှေတစ်စီးပေါ့ကွာ ဟုတ်လား။ အင်း... ငါ မတတ်နိုင်ဘူးဟေ့။ ငါက ရစ်ချီမိဘတွေလို မချမ်းသာဘူးကွ။ ငါ့မှာ မင်းတို့ဝမ်းခေါင်းထဲ အစာ ထည့်ရသေးတယ်။ မင်းတို့ ကျောပေါ် အဝတ်အစားတွေ တင်ပေးရသေး တယ်။ အဲဒါတွေ ပြည့်စုံအောင်တောင် ငါ့မှာ အနိုင်နိုင်ကျုံးနေရတာ။ ဒီတော့ မင်း ရစ်ချီလိုနေချင်သပါ့ဆိုရင် ရစ်ချီတို့နဲ့သာ သွားနေပေတော့"

ထိုညနှောင်းပိုင်းတွင် ကျွန်တော့်အခန်းသို့ မေမေ တိုးတိုးတိတ်တိတ် ရောက်လာသည်။ သူ့နောက်မှ တံခါးကို ပိတ်ထားလိုက်သည်။ သူ့လက်ထဲ မှာတော့ စာအိတ်တွေ အထပ်လိုက်။ ကျွန်တော့် အိပ်ရာနံဘေးမှာ ထိုင်ပြီး မေမေက ပြောသည်။

"သားဖေဖေဟာ ငွေရေးကြေးရေးကြောင့် စိတ်ဆင်းရဲနေရတာ သားရဲ့"

မှောင်မည်းသောအခန်းထဲတွင် ကျွန်တော်လဲလျောင်းနေသည်။ ရင်ထဲမှာ ဗလောင်ဆူလျက် မေမေ့ကို မော်ကြည့်နေမိသည်။ ကိုးနှစ်သားအရွယ်သာ ရှိသေးသည့် ကျွန်တော်သည် ကြေကွဲနေသည်။ တုန်လှုပ်နေသည်။ ဒေါသထွက်နေသည်။ ပြီးတော့ မကျေမချမ်း ဖြစ်နေသည်။ ဖေဖေ စိတ်ဆင်းရဲစေလိုသည့် စေတနာ ကျွန်တော့်မှာ မရှိ။ ကျွန်တော်တို့ စီးပွားရေး အကျပ်အတည်းတွေ့နေရကြောင်း ကျွန်တော် သိတာပေါ့။ ကျွန်တော်က ကျွန်တော့်အပျော်ကလေးတွေကို မိသားစုနှင့် မျှဝေခံစားလိုသည့် ဆန္ဒသက်သက်ဖြင့် ပြောခြင်းပါ။ ငွေဖြင့် ဝယ်လို့ရသည့်ဘဝတစ်ခု၊ သာယာချမ်းမြေ့သောဘဝတစ်ခုကို သူတို့စိတ်ကူးပုံဖော်ကြည့်စေချင်သည်။ သူတို့လည်း ကျွန်တော့်လို အာရုံခံကြည့်ပြီး ထိုဘဝမျိုးဖြင့် နေချင်စိတ်တွေ တဖွားဖွားပေါ်မေချင်သည်။ ဒါပါပဲ။

မေမေက ကျွန်တော့်အား ငွေတောင်းခံလွှာတွေ ပြသည်။ တော်တော်များများတွင် ဂဏန်းများကို အနီရောင်ဖြင့် ရိုက်ထားသည်။

"ဘဏ်မှာလည်း မေမေတို့ ပိုထုတ်ငွေတွေ ပိုများနေပြီ။ နောက်ပြီး ဒီအကြွေးတွေ ဆပ်ရဦးမယ်။ တချို့အကြွေးတွေဆို နှစ်လတောင် ရှိနေပြီ သားရဲ့"

"သား သိပါတယ် မေမေ၊ သားသိပါတယ်။ သားက ဖေဖေ စိတ်မချမ်းသာအောင် ပြောတာ မဟုတ်ပါဘူး။ သားက ကိုယ့်မိသားစုလည်း နည်းနည်းပါးပါး ပျော်စေချင်လို့ပါ။ ငွေနဲ့ဝယ်လို့ရတဲ့ဘဝဆိုတာ ဘယ်လိုနေလဲဆိုတာ သားရဲ့ ကိုကိုတို့ မမတို့လည်း မျှဝေခံစားကြည့်စေချင်တာ သက်သက်ပါ မေမေ"

မေမေက ကျွန်တော့်နဖူးကိုလက်ဖြင့် ပွတ်ပေးသည်။ ပြီးတော့ ဆံပင်ကို နောက်ဘက်သို့ သပ်တင်လိုက်၏။

"သား စေတနာနဲ့ပြောတာ မေမေ သိပါတယ်။ ခုတလော မေမေတို့မိသားစုတွေ သိပ်ပျော်ပျော်ရွှင်ရွှင် မရှိကြတာလည်း မေမေ သိတာပဲ။ ဒါပေမဲ့ လောလောဆယ်မှာတော့ မေမေတို့ ငွေကြေးအကျပ်အတည်းနဲ့ ကြုံနေရတယ် သားရဲ့။ မေမေတို့က ချမ်းသာသူတွေ မဟုတ်ဘူးလေ။ ဘယ်တော့မှလည်း ချမ်းသာလာမယ့် အလားအလာလည်း မရှိပါဘူးကွယ်"

"ဘာဖြစ်လို့လဲဟင်"

ကျွန်တော် မေးလိုက်၏။ ဖြေရှင်းချက်တစ်ခုခုကြားရရေးအတွက် ငိုယိုတောင်းပန်မိတော့မတတ် ဖြစ်သွားသည်။

"မေမေတို့မှာ အကြွေးတွေ များလွန်းတယ်လေ။ သားရဲ့ဖေဖေက လည်း အဲဒီလောက် ငွေများများစားစား မရှာနိုင်ဘူးကွဲ့။ ဒီကြားထဲ မင့် ဘွားအကြီးက သူ့ဆီငွေပို့ပေးဖို့ လှမ်းအကူအညီတောင်းနေတယ်။ အဲဒီစာ ကို သားဖေဖေ ဒီနေ့ပဲရလာတယ်။ မင့်ဘွားဘွားတို့လည်း ငွေကြေး ကျပ် တည်းနေမှန်း သိထားတော့ သားဖေဖေခမျာ စိတ်ပူတာပေါ့နော်။ မေမေတို့က ရစ်ချီမိဘတွေ တတ်နိုင်တဲ့ ကိစ္စမျိုးတွေကို မတတ်နိုင်ကြဘူးလေ"

"ဒါပေမဲ့ ဘာဖြစ်လို့လဲ မေမေရယ်"

"ဘာဖြစ်လို့လဲဆိုတော့ မေမေလည်း မသိဘူးသားရဲ့။ သူတို့ ဝယ်နိုင် တာတွေကို မေမေတို့ မဝယ်နိုင်ဘူးဆိုတာလောက်ပဲ မေမေသိတယ်။ မေမေ တို့က သူတို့လို သူဌေးတွေမှ မဟုတ်ဘဲ။ ကဲ ခု သားလေး... မျက်စိမှိတ်ပြီး အိပ်ပျော်အောင် အိပ်တော့။ မနက်ကျ ကျောင်းတက်ရဦးမယ်။ နောက်ပြီး မင်းဘဝမှာ အောင်မြင်ချင်တယ်ဆိုရင် ပညာကောင်းကောင်းတတ်မှ ဖြစ်မယ်။ သား ပညာကောင်းကောင်း တတ်ရင် ရစ်ချီမိဘတွေလို ချမ်းသာနိုင်တယ်လေ"

"ဖေဖေက ပညာ ကောင်းကောင်းတတ်တာပဲ။ မေမေလည်း ပညာ ကောင်းကောင်း တတ်တာပဲ။ ဒါပေမဲ့... သားတို့ကြတော့ ဘာဖြစ်လို့ မချမ်းသာရတာလဲလို့။ ကျွန်တော်တို့မှာ ချမ်းသာတာက အကြွေးတွေချည်းပဲ။ သားတော့ နားမလည်နိုင်လောက်အောင်ပဲ မေမေ... နားကို မလည်တော့ဘူး"

"ကိစ္စမရှိပါဘူး သားရယ်။ ငွေရေးကြေးရေး အကြောင်းတွေးပြီး စိတ်ညစ်မနေနဲ့။ မေမေတို့ရဲ့ ငွေကြေးပြဿနာတွေကို သားဖေဖေနဲ့မေမေ ကြည့်ရှင်းသွားမှာပေါ့။ သားက မနက်ကျ ကျောင်းတက်ရဦးမှာ။ ဒီတော့ သားလေး အိပ်ပျော်အောင် အိပ်လိုက်နော်"

၁၉၅၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းတွင် ဖေဖေသည် ဟာဝိုင်ယီ တက္ကသိုလ်မှ ထွက်လိုက်ရ၏။ အကြောင်းမှာ အကြွေးတွေ လည်ပင်းနိုက် နေသောကြောင့်။ သူ့အစီအစဉ်ကတော့ ကျောင်းဆက်တက်ပြီး ပီအိပ်ချ်ဒီ ဘွဲ့ယူဖို့ပင်။ သို့ပေမဲ့ သူ့မှာဇနီးနှင့် ကလေး လေးယောက်ဆိုတော့ အကြွေး

တွေ လည်ပင်းခိုက်လာသည်။ ထို့နောက် မေမေ နေမကောင်း။ ကျွန်တော် နေမကောင်း။ ကျွန်တော့်အစ်မနှစ်ယောက် နေမကောင်း။ ပြီးတော့ ကျွန်တော့် အစ်ကိုက နံရံတစ်ခုပေါ်မှ လိမ့်ကျပြီး ဆေးရုံတက်ရသည်။ ဆေးရုံ မတက် ရသူ (သို့မဟုတ်) ဆေးကု မခံရသူဆိုလို့ ဖေဖေတစ်ယောက်ပဲ ရှိသည်။

သို့ဖြင့် ဖေဖေသည် ဘွဲ့ယူဖို့ အစီအစဉ်ကို စွန့်လွှတ်လိုက်သည်။ မိသားစုကို တခြားကျွန်းတစ်ကျွန်းသို့ ပြောင်းရွှေ့ခေါ်ယူခဲ့သည်။ ထို့နောက် ဟာဝိုင်ယီကျွန်း ပညာရေးမှူး၏လက်ထောက်အဖြစ် အလုပ်ဝင်လုပ်သည်။ နောက်ဆုံးတစ်နေ့တွင် ထိုရာထူးကို သူရမည်။ ထိုအခါ ဟိုနိုလူလူသို့ ပြန်ပြောင်းလာပြီး ဟာဝိုင်ယီပြည်နယ်တစ်ခုလုံး၏ ပညာရေးမှူးဖြစ်လာမည်။

ထို့ကြောင့် ကျွန်တော်တို့မှာ မိသားစုတစ်စုအနေဖြင့် အကြွေးတွေ တင်နေခြင်း ဖြစ်၏။ ထိုအကြွေးတွေကြေဖို့ နှစ်ပေါင်းများစွာ ပေးဆပ်ခဲ့ရ သည်။ သို့သော် အကြွေးတစ်မျိုး ပေးဆပ်ပြီးတိုင်း နောက်ထပ် အကြွေးတစ်မျိုး တင်နေပြန်သည်ကို တွေ့ရသည်။ နောက်ဆုံးတော့ ကျွန်တော်တို့မိသားစုသည် အကြွေးသံသရာထဲတွင် တဝဲဝဲတလည်လည်ဖြစ်နေတော့၏။

ကျွန်တော် ကိုးနှစ်သားအရွယ် ရစ်ချီလို အတန်းဖော်နှင့်ဆုံတွေ့သော အခါ ကျွန်တော့်မိသားစုနှင့် အတန်းဖော် တော်တော်များများ၏ မိသားစုများ အကြား ကြီးမားသော ကွာခြားချက်တစ်ခုရှိနေကြောင်း ကျွန်တော် သိလာ ရသည်။ ချမ်းသာတဲ့ဖေဖေနှင့် နွမ်းရှာတဲ့ဖေဖေ စာအုပ်ထဲတွင် ဖော်ပြခဲ့သည့် အတိုင်း ကျွန်တော်သည် နယ်မြေစည်းသတ်မှတ်မှုကြောင့် ဆင်းရဲသားများနှင့် လူလတ်တန်းစားများ၏ သားသမီးများတက်ရသော အခြေခံပညာရေးကျောင်း ကို မတက်ရဘဲ ကံအကြောင်းသင့်ပြီး လူချမ်းသာ သားသမီးများတက်ရသော ကျောင်းကို တက်ခွင့်ရခဲ့၏။ အသက်အရွယ်က နုနုနယ်နယ် ကိုးနှစ်သား အရွယ်။ မိသားစုက အကြွေးတွေလည်ပင်းခိုက်နေသည့် မိသားစု။ ထိုအခြေ အနေမျိုးဖြင့် ချမ်းသာသော သူငယ်ချင်းများနှင့် ပေါင်းသင်းဆက်ဆံနေရခြင်း သည် ကျွန်တော့်ဘဝလမ်းကြောင်းတစ်ဆစ်ချိုး ပြောင်းသွားစေသည့် အနေ အထားပင် ဖြစ်တော့သည်။

## ငွေရှာရန် ငွေရင်းဖို့ မလိုဘူးလား

ကျွန်တော့်အား မေးလေ့မေးထ အရှိဆုံး မေးခွန်းတစ်ခုမှာ... 'ငွေ ရှာမယ် ဆိုရင် ငွေရင်းဖို့ မလိုဘူးလား' ဟူ၏။

ကျွန်တော့်အဖြေကတော့ ရိုးရိုးစင်းစင်းကလေးပါ။

"ဟင့်အင်း… မလိုပါဘူး။ ငွေဆိုတာ ခင်ဗျားတို့ရဲ့ စိတ်ကူးကနေ ဖြစ်ပေါ်လာတာ။ ဘာဖြစ်လို့လဲဆိုတော့ ငွေဆိုတာ စိတ်ကူးတစ်ခုမို့လို့ပဲ"

ကျွန်တော်အား မေးလေ့ရှိသော နောက်မေးခွန်း တစ်ခုကတော့ "ကျွန်တော့်မှာ ရင်းနှီးမြှုပ်နှံဖို့ငွေ မရှိဘဲ ဘယ်လိုလုပ်ပြီး ငွေရအောင် ရင်းနှီးမြှုပ်နှံလို့ရမလဲ။ ကျွန်တော့်မှာ အကြွေးတွေတောင် အနိုင်နိုင်ပေးဆပ်နေရတဲ့နောက်… ဘယ်လိုလုပ်ပြီး ရင်းနှီးမြှုပ်နှံလို့ရမလဲ" ဟူ၍။

ထိုအခါ ကျွန်တော်က "ကျွန်တော် ပထမဦးဆုံး ထောက်ခံ အကြံပေးချင်တာကတော့… ကျွန်တော် မတတ်နိုင်ဘူး" လို့ ပြောတာကို ရပ်ပစ်ဖို့ပါပဲ" ဟု အဖြေပေးလေ့ရှိသည်။

ကျွန်တော့်အဖြေများကို လူတော်တော်များများက ကျေနပ်နှစ်သက်မည် မဟုတ်ကြောင်း ကျွန်တော် သိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် လူတွေသည် သူတို့ဘဝရှေ့ရေးအတွက် ရင်းနှီးမြှုပ်နှံဖို့ ဒေါ်လာအနည်းငယ်လောက် အလျှင်အမြန်ရနိုင်မည့် တိုက်ရိုက်အဖြေမျိုး သာလိုချင်ကြမည် ဖြစ်သောကြောင့်ပင်။ စင်စစ်လူတွေတွင် သူတို့လိုချင်သည့် ငွေတွေအားလုံး ပိုင်ဆိုင်နိုင်လောက်သည့် စွမ်းအားနှင့် စွမ်းရည်ရှိနေကြောင်း သိစေချင်ပါသည်။ ၎င်းစွမ်းအားသည် ငွေထဲမှာ မရှိပါ။ ၎င်းစွမ်းအားကို သူတို့၏ ပြင်ပမှာ မတွေ့နိုင်ပါ။ ၎င်းစွမ်းအားသည် သူတို့၏ စိတ်ကူးတွေထဲမှာ ရှိ၏။ ၎င်းစွမ်းအားသည် သူတို့၏ စိတ်ကူးတွေထဲမှာရှိ၏။ ၎င်းစွမ်းအားသည် ငွေနှင့် ဘယ်လိုမျှ မပတ်သက်။ ၎င်းစွမ်းအားဆိုသည်မှာ သူတို့ စိတ်ကူးများ၏ စွမ်းအားဖြစ်ပါသည်။ မင်္ဂလာသတင်းတစ်ခု ပြောရမည်ဆိုလျှင် ၎င်းစွမ်းအား ရရန် ငွေကုန်ကြေးကျခံဖို့ မလိုခြင်းပင်ဖြစ်၏။ ၎င်းစွမ်းအားရဖို့ လိုအပ်သည်မှာ စိတ်ကူးအနည်းငယ်ကို ပြုပြင်ပြောင်းလဲဖို့ လိုလိုလားလား ရှိရေးသာ ဖြစ်၏။ စိတ်ကူးအနည်းငယ်ကို ပြုပြင်ပြောင်းလဲခြင်းအားဖြင့် သင်သည် ငွေ၏ လွှမ်းမိုးမှုကို ခံရမည့်အစား ငွေကို လွှမ်းမိုးနိုင်သည့် စွမ်းအားတစ်ရပ် ဖြစ်ထွန်းပိုင်ဆိုင်လာနိုင်ပါသည်။

ကျွန်တော့်ဖေဖေချမ်းသာ မကြာမကြာ ပြောလေ့ရှိသည့်စကားမှာ "ဆင်းရဲတဲ့လူတွေ ဆင်းရဲနေတာ ရှင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ စိတ်ကူးတွေက ညံ့ဖျင်းနေလို့ပဲ" ဟူ၍။ ထိုနောက် ဆက်ပြောလေ့ရှိသည်မှာ…

"ဆင်းရဲသား လူများစုဟာ ငွေကြေးနဲ့ပတ်သက်တဲ့စိတ်ကူးတွေ ဘဝနဲ့ ပတ်သက်တဲ့ စိတ်ကူးတွေကို သူတို့မိဘတွေဆီက သင်ယူ ဆည်းပူးကြရ တာကလား။ စာသင်ကျောင်းတွေက ငွေကြေးအကြောင်း ဘာတစ်ခုမှ သင်မပေးတော့ ငွေကြေးနဲ့ပတ်သက်တဲ့ စိတ်ကူးတွေကို မျိုးဆက်ပေါင်း များစွာကြာတဲ့အထိ မိဘကနေ သားသမီးကို သင်ကြားပေးခဲ့ကြရတယ်လေ" ဟူ၍ ဖြစ်ပါသည်။

*ချမ်းသာတဲ့ ဖေဖေနှင့် နွမ်းရှာတဲ့ဖေဖေ* စာအုပ်တွင် ဖေဖေချမ်းသာ ၏ သင်ခန်းစာ နံပါတ်တစ်ခုမှာ "ချမ်းသာသူတွေက ဝင်ငွေအတွက် အလုပ် မလုပ်ဘူး" ဟူ၍ဖြစ်ကြောင်း ကျွန်တော် ဖော်ပြခဲ့ပါသည်။ ကျွန်တော့်လက်ထဲ တွင် ငွေရှိအောင်လုပ်ခြင်းမှာ ၎င်းငွေက ကျွန်တော့်အတွက် အလုပ်လုပ်ပေး နိုင်အောင်ဖြစ်ကြောင်း ဖေဖေချမ်းသာက သင်ကြားပေးခဲ့၏။ ကျွန်တော် ကိုးနှစ်သားတုန်းက ရစ်ချီမိသားစုသည် ကျွန်တော့်မိသားစုထက် ဘာကြောင့် ပိုပြီးချမ်းသာရသလဲဆိုတာကို ကျွန်တော် နားမလည် သဘောမပေါက်ခဲ့။ သို့သော် နှစ်ကာလတွေ ကြာလာသောအခါမှာတော့ သဘောပေါက် နားလည် လာပါတော့သည်။ ရစ်ချီမိသားစုသည် သူတို့အတွက် ငွေကို ဘယ်လိုခိုင်းရ မည် ဆိုတာကို သိနားလည်ခဲ့သည်။ နောက်ပြီး သူတို့က သူတို့၏ အသိ ပညာကို သူတို့သားသမီးများအား သင်ကြားပေးခဲ့၏။ ရစ်ချီသည် ယခုထက် တိုင် အလွန်တရာ ချမ်းသာကြွယ်ဝနေဆဲ၊ ပို၍ပိုလည်း ချမ်းသာနေဆဲ ဖြစ်သည်။

ယနေ့ဆိုလျှင် ကျွန်တော်တို့နှစ်ယောက်ဆုံတွေ့မိတိုင်း အချစ်ဆုံး သူငယ်ချင်းများအဖြစ် ခင်မင်နေကြဆဲပင်။ တစ်ဦးနှင့်တစ်ဦး မတွေ့တာ ငါးနှစ်လောက် ကြာချင်ကြာသွားမည်။ သို့သော် ဆုံတွေ့ပြီဆိုလျှင်တော့ ကျွန်တော်တို့ မနေ့ကမှ ကွဲသွားသည့်နှယ်ရှိ၏။

သူ့မိဘများ ကျင့်ကြံခဲ့သည့်နည်းအတိုင်း ရစ်ချီကလည်း သူ့သားသမီး များအား ငွေကြေးနှင့်ပတ်သက်သော အသိပညာများကို လက်ဆင့်ကမ်း ဖြန့်ဝေပေးနေသည်။ သို့သော် ရစ်ချီသင်ကြားပေးနေသည်မှာ ငွေကို 'ဘယ်လို' ရှာရမည် ဆိုတာလောက်မဟုတ်ဘဲ ငွေကြေးအပေါ် လွှမ်းမိုးနိုင်သည့်စွမ်းအား အကြောင်းကိုပါ သင်ပေးနေခြင်းဖြစ်ကြောင်း တွေ့ရ၏။ တကယ်တော့ လူတွေ ချမ်းသာကြွယ်ဝလာအောင် ဆောင်ကြဉ်းပေးသည်မှာ ငွေကြေးတစ်ခု

တည်းက မဟုတ်ဘဲ ငွေကြေးအပေါ် လွှမ်းမိုးနိုင်သည့် စွမ်းအားလည်း ပါဝင်ပါသည်။ ဤစာအုပ်တွင် သင့်အား ကျွန်တော် လက်ဆင့်ကမ်းချင်သည်မှာ ငွေကြေးအပေါ် လွှမ်းမိုးနိုင်သည့် စွမ်းအားအကြောင်းဖြစ်၏။ သို့မှသည်အသိပညာကို သင်က သင့်သားသမီးများအား ထပ်ဆင့်လက်ဆင့်ကမ်းနိုင်မည် ဖြစ်ပါသည်။

*ချမ်းသာတဲ့ဖေဖေနှင့်နွမ်းရှာတဲ့ဖေဖေ* စာအုပ်တွင် ဖေဖေချမ်းသာက ကျွန်တော့်အား လုပ်ခတစ်ပြားမျှမပေးဘဲ အခမဲ့ အလုပ်လုပ်ခိုင်းကြောင်း ဖော်ပြခဲ့၏။

## ချမ်းသာသူတွေ ငွေမလို

ဖေဖေချမ်းသာက ကျွန်တော့်ကို ပေးနေသည့် တစ်နာရီ ဆယ်ဆင့် လုပ်ခကို ရုတ်သိမ်းခဲ့၏။ ထိုသို့ ငွေ မပေးတော့ခြင်းမှာ ငွေကြေးအပေါ် လွှမ်းမိုးနိုင်သည့် စွမ်းအားတစ်ရပ်ရှာဖွေတွေ့ရှိစေလို၍ ဖြစ်ပေသည်။ ကျွန်တော့်အနေဖြင့် ငွေအရင်း မရှိဘဲ ငွေရအောင် ရှာလို့ရနိုင်ကြောင်း ဖေဖေ ချမ်းသာက သိစေချင်သည်။ သူက ကျွန်တော့်အား ငွေရအောင် အလုပ်လုပ်ခြင်းထက် ငွေကို ဖန်တီးယူနိုင်သည့် စွမ်းအားကို ရှာဖွေစေချင်သည်။

"မင်း ငွေ လိုအပ်မနေရင် ငွေတွေအများကြီး ရှာလို့ရလိမ့်မယ်။ ငွေလိုနေသူတွေဟာ ဘယ်တော့မှ လောက်လောက်လားလား ချမ်းသာ မလာကြဘူး။ အဲဒီလိုအပ်နေမှုက မင်းရဲ့စွမ်းအားကို လုယူသွားတာပဲ။ မင်း ဘယ်တော့မှ ငွေလိုမနေအောင်ကြိုးပမ်းပြီး ပညာယူရမယ်" ဟု ဖေဖေချမ်းသာက ပြောပြခဲ့၏။ ဖေဖေချမ်းသာက အခြားသားသမီးများကို ပုံမှန်မုန့်ဖိုးပေးခဲ့သော်လည်း သားတော်မောင်မိုက်ကိုတော့ မပေး။ နောက်ပြီး သူ့ဆိုင်တွင် အလုပ်လုပ်ပေးသည့်မိုက်နှင့် ကျွန်တော့်ကို လုပ်ခ မပေးခဲ့ချေ။

"ကလေးတစ်ယောက်ကို မုန့်ဖိုးပေးတာဟာ အဲဒီကလေး ငွေကို ဖန်တီးယူတတ်အောင် သင်ပေးရာမရောက်ဘဲ ငွေအတွက် အလုပ်လုပ်ဖို့ သင်ပေးရာရောက်တယ်" ဟု ဖေဖေချမ်းသာက ပြောခဲ့၏။

သည်တော့ ယခု ကျွန်တော် ပြောနေခြင်းမှာ သင့်ကလေးများအား အခမဲ့ အလုပ်လုပ်ခိုင်းဖို့ ပြောနေခြင်း မဟုတ်ပါ။ ထိုနည်းတူစွာပင် ကလေးများအား မုန့်ဖိုးမပေးဖို့ ပြောနေခြင်းလည်း မဟုတ်ပါချေ။ ကလေးတွေအားလုံး တစ်ဦးနှင့်တစ်ဦး မတူခြားနားကြ၏။ အခြေအနေများသည်လည်

တစ်ခုနှင့်တစ်ခု မတူခြားနား၏။ သည်တော့ သင့်ကလေးအား ဘာတွေ ပြောပါ၊ ဘယ်လိုပြောပါဟူ၍ ပြောရလောက်အောင် ကျွန်တော် မမိုက်ပါ။

ယခုကျွန်တော် ပြောနေသည်မှာ ငွေသည် စိတ်ကူးများမှ ဖြစ်ထွန်းလာကြောင်းပါ။ နောက်ပြီး သင့်ကလေးအား အမှန်တကယ်ပင် ဘဝမှာ ငွေရေးကြေးရေးအရ သူတစ်ပါးထက် တစ်ကျော့ သာစေလိုသည်ဆိုလျှင် သင့်စိတ်ကူးများနှင့် သင့်ကလေး၏ စိတ်ကူးများကို ကျွန်တော် သတိကြီးကြီးထားပြီး စောင့်ကြည့်ပါမည်။ ဆီသည်မ လက်သုတ်ဖြစ်နေသည့် ဆိုရိုးစကားတစ်ခုရှိပါသည်။ မိုင်တစ်ထောင်ခရီးကို ပထမဆုံး ခြေတစ်လှမ်းဖြင့် စတင်သည်တဲ့။ သည့်ထက်ပိုပြီး တိတိကျကျဆိုရလျှင် မိုင်တစ်ထောင်ခရီးကို ခရီးထွက်မည်ဆိုသော စိတ်ကူးဖြင့် စတင်သည်ဟု ဆိုရပါမည်။ ငွေနှင့် ပတ်သက်လာသောအခါ လူတော်တော်များများသည် စိတ်ကူးအညံ့စားများ (သို့မဟုတ်) ဘဝ၏နောင်တစ်ချိန်တွင် အကန့်အသတ်ဖြစ်စေမည့် စိတ်ကူးများဖြင့် ဘဝခရီးလမ်းကို စတင် လျှောက်လှမ်းတတ်ကြလေသည်။

## သင့်ကလေးအား ဘယ်အရွယ်တွင် ငွေအကြောင်း သင်ပေးမည်လဲ

"ငွေကြေးအကြောင်းကို ကျွန်တော့်ကလေး ဘယ်အရွယ်လောက်မှာ စပြီး သင်ပေးသင့်သလဲ" ဟူသော မေးခွန်းကိုလည်း ကျွန်တော့်အား မကြာမကြာ မေးတတ်ကြသည်။

ကျွန်တော့်အဖြေက "ခင်ဗျားကလေး ငွေကို စပြီး စိတ်ဝင်စားလာတဲ့ အရွယ်မှာပေါ့" ဟူ၍ ဖြစ်သည်။ ထို့နောက် သာဓကတစ်ခုဖြင့် ဆက်ရှင်းပြသည်။

"ကျွန်တော့်မိတ်ဆွေတစ်ဦးမှာ ငါးနှစ်အရွယ် သားကလေးတစ်ယောက် ရှိတယ်ဗျ။ ကျွန်တော်က ငါးဒေါ်လာတန်တစ်ရွက်နဲ့ ဒေါ်လာနှစ်ဆယ်တန် တစ်ရွက်ကို ထောင်ပြီး 'သားလေး ဘယ်ဟာကို ယူမလဲကွယ်' လို့ မေးမယ် ဆိုပါတော့ ကလေးက ဘယ်ငွေစက္ကူကို ယူမယ် ထင်သလဲ"

ကျွန်တော့်အား အထက်ပါ မေးခွန်းမေးခဲ့သူကပင်... "ဒေါ်လာနှစ်ဆယ်တန်ကို ယူမှာပေါ့" ဟု မဆိုင်းမတွ ဖြေသည်။

"အတိအကျပေါ့ဗျာ။ ငါးနှစ်သားကလေး တစ်ယောက်တောင် ငါးဒေါ်လာတန် ငွေစက္ကူနဲ့ ဒေါ်လာနှစ်ဆယ်တန် ငွေစက္ကူရဲ့ ခြားနားချက်ကို သိနေတယ်လေ" ဟု ကျွန်တော်က ပြောပြသည်။

ကျွန်တော့် ဖေဖေချမ်းသာသည် ကျွန်တော့်အား တစ်နာရီ ဆယ်ဆင့် ပေးနေသည်ကို ရုတ်သိမ်းခဲ့သည်။ အကြောင်းမှာ ကျွန်တော်က ကျွန်တော်အား ချမ်းသာရာ ချမ်းသာကြောင်း သင်ကြားပေးဖို့ပြောခဲ့သောကြောင့် ဖြစ်၏။ သူက ငွေအကြောင်း တစ်စုံတစ်ရာ သင်ပေးလိုသောကြောင့် လုပ်ခ ဆယ်ဆင့် ပေးနေခြင်းကို ရုတ်သိမ်းခဲ့ခြင်း မဟုတ်။ ကျွန်တော်က ချမ်းသာကြွယ်ဝရန် ဝင်ငွေရှာဖို့ ပြောခဲ့ခြင်းဖြစ်၏။ ကျွန်တော်က ငွေကြေးအကြောင်း လေ့လာ ဆည်းပူးချင်ခြင်းသက်သက် မဟုတ်။ တကယ်တော့ သည်နှစ်မျိုး မတူ၊ ခြားနားသည်။

အကယ်၍ ကလေးတစ်ယောက်သည် ချမ်းသာကြွယ်ဝရေးကို မလေ့လာ မဆည်းပူးချင်ဘူးဆိုလျှင် သင်ပေးရမည့် သင်ခန်းစာက တစ်မျိုး တစ်မည်ဖြစ်ရတော့မည်မှာ သေချာသည်။ ဖေဖေချမ်းသာက သူ၏ အခြား သားသမီးများကို အသုံးစရိတ်ပေးခြင်းမှာ သူတို့သည် ချမ်းသာဖို့ စိတ်မဝင် စားသောကြောင့်ဖြစ်၏။ သည်တော့ ဖေဖေချမ်းသာက သူတို့အား ငွေ အကြောင်း တစ်နည်းတစ်ဖုံ သင်ပေးခဲ့လေသည်။

သင်ပေးသည့် သင်ခန်းစာများ ခြားနားသည် မှန်၏။ သို့သော် သူက ငွေကြေးအပေါ် လွှမ်းမိုးနိုင်သည့် စွမ်းအားများ ရှိနေအောင် ကြိုးစားဖို့ တော့ သင်ကြားပေးသည်။ သူက သူ့သားသမီးတွေ တစ်သက်တာလုံး ငွေလိုနေသည့်ဘဝမျိုး မကြုံစေချင်။

ထို့ကြောင့် "မင်းတို့ ငွေများများလိုလေ... မင်းတို့မှာ စွမ်းအား နည်းလာလေပဲ"ဟု ဖေဖေချမ်းသာက ပြောလေ့ရှိပါသည်။

## ကိုးနှစ်နှင့် တစ်ဆယ့်ငါးနှစ်ကြား အသက်အရွယ်များ

ကိုးနှစ်နှင့် တစ်ဆယ့်ငါးနှစ်ကြား အသက်အရွယ်များသည် ကလေး တစ် ယောက်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတိမ်းအစောင်း မခံလောက်အောင် အရေးကြီးသော ကာလများဖြစ်ကြောင်း ပညာရေးဆိုင်ရာ စိတ်ပညာရှင် အမျိုးမျိုးက ကျွန်တော့်ကို ပြောပြခဲ့၏။ စိတ်ပညာသည် ပုံသေကားကျ သိပ္ပံပညာမဟုတ်ပါ။ သို့ဖြစ်ရာ ပညာရှင်အသီးသီးက အမျိုးမျိုး အဖုံဖုံ ပြောကြပါလိမ့်မည်။ ကလေးဖွံ့ဖြိုးတိုးတက်ရေးဘာသာရပ်တွင် ကျွန်တော် ပညာရှင် မဟုတ်ပါ။ သို့ဖြစ်ရာ ကျွန်တော့်ပြောကြားချက်များကို ဝမ်းကျောင်း

ပညာရှင်၏ သမ္မာဖြင့် ပြောသောစကားများအဖြစ် မမှတ်ယူဘဲ ယေဘုယျ သုံးသပ်ချက်အဖြစ်သာ မှတ်ယူစေချင်ပါသည်။

ကျွန်တော် ဆွေးနွေးခဲ့သော ပညာရှင်တစ်ဦးက ပြောသည်မှာ ပျမ်းမျှ အသက်ကိုးနှစ်အရွယ်လောက်တွင် ကလေးများသည် သူတို့မိဘများ၏ ကိုယ်ပိုင်သရုပ်လက္ခဏာများမှခွဲထွက်ပြီး သူတို့၏ ကိုယ်ပိုင် သရုပ်လက္ခဏာ (identity) ရှာဖွေကြသည် ဆို၏။ ကျွန်တော့်အတွက်တော့ ထိုအချက်မှန်ကန် ကြောင်း ကျွန်တော် သိသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော် ကိုးနှစ်သား အရွယ်ကစပြီး ဖေဖေချမ်းသာနှင့်တွဲပြီး အလုပ်လုပ်ခဲ့သောကြောင့်ပင်။ ကျွန်တော်က ကျွန်တော့်မိဘရင်းများ၏ ကိုယ်ပိုင်သရုပ်လက္ခဏာမှ ခွဲထွက် ချင်သည်။ သည်တော့ ကျွန်တော့်အတွက် ကိုယ်ပိုင် သရုပ်လက္ခဏာ တစ်ခု လိုအပ်နေလေသည်။

အခြားပညာရှင်တစ်ဦးကတော့ ထိုအသက်အရွယ်နှစ်ခုအကြားတွင် ကလေးများသည် သူတို့၏ 'အောင်နိုင်ရေးကျင့်စဉ်' ကို ပုံဖော်ကြသည် ဆို၏။ အောင်နိုင်ရေးကျင့်စဉ် ဆိုသည်မှာ သူဘယ်သို့ ဘယ်ပုံ ပြုမူကျင့်ကြံ လျှင် ရှင်သန်ဖို့နှင့် အောင်နိုင်ဖို့ အကောင်းဆုံးဖြစ်မည်ဟူသော ထိုကလေး၏ ကြံဆချက်၊ ထိုကလေး၏ စိတ်ကူးဖြစ်သည်ဆို၏။

စာသင်ကျောင်းသည် ကျွန်တော့်အောင်နိုင်ရေးကျင့်စဉ်၏ အစိတ်အပိုင်း တစ်ခုမဟုတ်ကြောင်းကို ကျွန်တော့်အသက် ကိုးနှစ်အရွယ်တွင် သိနေပြီ။ အထူးသဖြင့် ကျွန်တော်က ပါရမီရှင်မဟုတ်ဘဲ ကျွန်တော့်သူငယ်ချင်း အင်ဒရူး သာ ပါရမီရှင်ဖြစ်ကြောင်း အတန်းပိုင်ဆရာမက တံဆိပ်ကပ်ကြေညာပြီးနောက် ပိုင်းက စလို့ပေါ့။ ကျွန်တော်သည် အင်ဒရူးနှင့် ကျွန်တော့်ဖေဖေလို ကျောင်း စာတော်သူဖြစ်လာမည် မဟုတ်။ သို့ပေမဲ့ အားကစားထူးချွန်သူဖြစ်ဖို့ (သို့ မဟုတ်) ချမ်းသာကြွယ်ဝသူဖြစ်ဖို့တော့ အလားအလာ ပိုကောင်းကြောင်း စဉ်းစားခဲ့၏။ တစ်နည်းဆိုသော် ကလေးတစ်ဦးသည် ကျောင်းမှာ စာတော် သည်ဟု သူ့ကိုယ်သူ ထင်လျှင် သူ၏အောင်နိုင်ရေးကျင့်စဉ်မှာ ကျောင်းဆက် တက်ပြီး စာမေးပွဲကို ဂုဏ်ထူးများဖြင့် အောင်မြင်အောင် ကြိုးစားဖို့ ဖြစ်ပေ သည်။ အကယ်၍ ထိုကလေးများသည် ကျောင်းစာ မတော်လျှင် (သို့မဟုတ်) ကျောင်း မပျော်လျှင် သူသည် ကွဲပြားခြားနားနေသော အောင်နိုင်ရေးကျင့်စဉ် ကို ကြံဆပေလိမ့်မည်။

ဤပြဿနာရှင်က အောင်နိုင်ရေးကျင့်စဉ်နှင့်ပတ်သက်၍ အခြားမှတ်သားဖွယ် အချက်အနည်းငယ်ကိုလည်း ပြောပြသွားပါသေးသည်။ ကလေးတစ်ဦး၏ အောင်နိုင်ရေးကျင့်စဉ်နှင့် မိဘများ၏ အောင်နိုင်ရေးကျင့်စဉ် မတူညီသော အခါ မိဘနှင့်သားသမီးအကြား ပဋိပက္ခများ စပြီး ဖြစ်လာတော့သည်ဟု ဤပြဿနာရှင်က ရှင်းပြသည်။ မိဘများက ကလေး၏ အောင်နိုင်ရေးကျင့်စဉ် ကို ဦးစွာ လေးလေးစားစား နားမထောင်ဘဲ သူတို့၏ အောင်နိုင်ရေးကျင့်စဉ် ကိုသာ လိုက်နာဖို့ စတင် ပြဋ္ဌာန်းလာသည်နှင့် မိသားစုပြဿနာတွေ စတင် ဖြစ်ပေါ်တော့ကြောင်းကိုလည်း ဤပြဿနာရှင်က ပြောပြခဲ့၏။ သည်တော့ မိမိကလေး၏ အောင်နိုင်ရေးကျင့်စဉ်ကို မိဘတစ်ဦးဦးက စေ့စေ့စပ်စပ် နားထောင်ပေးဖို့ လိုအပ်ပေသည်။

ကလေးတစ်ယောက်၏ အောင်နိုင်ရေးကျင့်စဉ် အရေးကြီးပုံကို ဤ စာအုပ်နောက်ပိုင်းတွင် ထပ်မံဖော်ပြပါဦးမည်။ သို့သော် သင့်ကလေးအား ငွေကြေးအပေါ် လွှမ်းမိုးနိုင်သည့် စွမ်းအား တပ်ဆင်ပေးသည့်အကြောင်း ဆက်မပြောမီ လူကြီးတွေ သိထားသင့်သည့်အချက်တစ်ချက် ရှိသေးသည်။

ကလေးဘဝက ပုံဖော်ခဲ့သော အောင်နိုင်ရေးကျင့်စဉ်သည် သူတို့ အတွက် အလုပ်မဖြစ်တော့ကြောင်း သိမြင်လာသောအခါ လူကြီး တော်တော် များများသည် ဘဝနှောင်းပိုင်းတွင် ဒုက္ခရောက်ကြရသည်ဟု ဤပြဿနာရှင် ကပင် သတိပေးသွားသည်။ ထိုအခါ အရွယ်ရောက်ပြီးသူ တော်တော်များများ သည် အလုပ်ရှာကြတော့၏။ သို့မဟုတ် ဝမ်းကျောင်းလုပ်ငန်း ပြောင်းလဲဖို့ ကြံကြတော့၏။ သူတို့ငယ်ငယ်က ပုံဖော်ခဲ့သည့် မဟာဗျူဟာသည် အလုပ် မဖြစ်တော့မှန်း သိမြင် သဘောပေါက်ပြီးသည့်တိုင် တချို့လူတွေက သူတို့၏ ကျင့်စဉ်ကို အလုပ် မဖြစ်ဖြစ်အောင် ဆက်ကြိုးစားကြ၏။ အခြားသူတွေ ကတော့ သူတို့မအောင်မြင်ခြင်းမှာ သူတို့၏ အောင်နိုင်ရေးကျင့်စဉ်ကြောင့်ဟု သဘော မပေါက်ဘဲ သူတို့ကိုယ်သူတို့ ဘဝမှာ ရှုံးနိမ့်သူများအဖြစ် သတ်မှတ် ကာ စိတ်ကျဝေဒနာကို ခံစားကြရလေသည်။ တစ်နည်းဆိုရသော် လူတွေ သည် သူတို့၏အောင်နိုင်မှုကျင့်စဉ်နှင့်ပတ်သက်၍ နှစ်သိမ့်ကျေနပ်နေလျှင် သူတို့သည် ယေဘုယျအားဖြင့် စိတ်ချမ်းသာနေကြသည်။ သူတို့၏ အောင်နိုင် ရေးကျင့်စဉ်ကို ငြီးငွေ့စိတ်ပျက်လာပြီ (သို့မဟုတ်) သူတို့၏ ကျင့်စဉ်က အောင်နိုင်မှုများ ဆောင်ကြဉ်းမပေးနိုင်တော့ဘူးဆိုလျှင် သူတို့ဘဝမှာ နေထိုင် ကျင်လည်ရတာ မပျော်မရွှင်ဖြစ်လာကြတော့၏။

## အယ်လ်ဘန်ဒီ၏ အောင်နိုင်ရေးကျင့်စဉ်

မိမိအတွက် အလုပ်မဖြစ်တော့သော အောင်နိုင်ရေးကျင့်စဉ်များကို ဖက်တွယ်ထားသူများအကြောင်း ဥပမာပြရလျှင် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ 'ကလေးများနှင့် လက်ထက်ခြင်း' ကို ပြရပေမည်။ ပထမတုန်းက သည်ဇာတ်လမ်းတွဲကို ကျွန်တော် မနှစ်မြို့။ မကြည့်ဘဲ နေခဲ့သည်။ သို့သော် ခုတော့ ကျွန်တော် သဘောပေါက်လာပြီ။ သည်ဇာတ်လမ်းတွဲကို မုန်းနေခြင်းမှာ သူတို့က ကိုယ့်အကြောင်း စောင်းပြီးပြောနေသလို ဖြစ်နေသောကြောင့် ဖြစ်သည်။

သည်ဇာတ်လမ်းထဲက မင်းသား အယ်လ်ဘန်ဒီသည် အထက်တန်းကျောင်း ဘောလုံးအကျော်အမော်ဖြစ်၏။ သူက သူတို့အထက်တန်းကျောင်းအတွက် ကစားပေးသည့်ပွဲတွင် ဂိုးသွင်း စံချိန်တင်ထားသူ။ ထို့ကြောင့် မြို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်နေသူ။ သူ့မိန်းမကတော့ သူ၏ သဘာဝအလှများကို အောင်နိုင်ရေးကျင့်စဉ်အဖြစ် အသုံးချသူဖြစ်၏။ အယ်လ်ဘန်ဒီက ဘောလုံးသမားအကျော်မော်ဖြစ်သည့်အတွက် မိန်းကလေးက တစ်ကိုယ်လုံး ပုံအပ်လိုက်သည်။ သို့ဖြင့် ကောင်မလေးမှာ ကိုယ်ဝန်ရှိလာသည်။ သူတို့နှစ်ယောက် လက်ထပ်ပြီး သားသမီးတွေ ယူကြသည်။

နောင်နှစ်ပေါင်း နှစ်ဆယ်ကြာသောအခါ အယ်လ်ဘန်ဒီက ဖိနပ်အရောင်းသမားဖြစ်နေပြီး အတိတ်ကာလ၏ အောင်မြင်မှုတွေထဲမှာပဲ ယစ်မူးကျင်လည်နေသည်။ သူက ယခုထိတိုင် ဂိုးသွင်းဘုရင် ဘဝတုန်းကလိုပဲ တွေးသည်။ ပြုမူသည်။ ပြောဆိုသည်။ သူ့မိန်းမက အိမ်မှာထိုင်ပြီး ရုပ်မြင်သံကြား ကြည့်သည်။ အထက်တန်းကျောင်းသူ ခပ်ကဲကဲ ကောင်မလေးဘဝတုန်းက ဝတ်ပုံစားပုံအတိုင်း ဝတ်စားဆင်ယင်ဆဲ။

သူတို့၏ ကလေးနှစ်ယောက်က သူတို့ခြေရာအတိုင်း လိုက်နင်းကြသည်။ သည်ဇာတ်လမ်းထဲမှ ဟာသကို ကျွန်တော် ရှာကြည့်လို့ရသည်။ ဘာကြောင့်ဆို ကျွန်တော့်ရင်ထဲမှာ ရှိနေသည့် အယ်လ်ဘန်ဒီကို ကျွန်တော် သိမြင်နေသောကြောင့်ပင်။ ကျွန်တော်ကိုယ်တိုင်လည်း ဘောလုံးသမားဘဝ အောင်မြင်မှုတွေထဲက ရုန်းမထွက်နိုင်။ ကမ်းတက်တပ်သားဘဝ စွန့်စား အောင်မြင်မှုတွေထဲက ယစ်မူးဂုဏ်ယူနေဆဲ။ သည်ဇာတ်လမ်းနှင့် ကိုယ့်ဘဝကို ပြန်ကြည့်ပြီး ရယ်မောပစ်နိုင်သောအခါ တကယ့်ဘဝထဲမှာလည်း အယ်လ်ဘန်ဒီတို့လင်မယားလို လူစားတွေ တော်တော်များများရှိကြောင်း

တွေ့မြင်လာ၏။ အဆိုပါ ရုပ်မြင်သံကြားဇာတ်မြူးသည် အောင်မြင်မှု မရစေသော အောင်နိုင်ရေးကျင့်စဉ်ကို ဖော်ပြသည့် ဥပမာတစ်ခု ဖြစ်ပေသည်။

## စွမ်းအားပါသော အောင်နိုင်ရေးကျင့်စဉ်များ

ငွေနှင့်ပတ်သက်လာသောအခါ လူတော်တော်များများသည် စွမ်းအား လုံးဝ မပါသော အောင်နိုင်ရေးကျင့်စဉ် တစ်ရပ်ကို ချမှတ်ကြ၏။ တစ်နည်းဆိုရလျှင် လူတွေသည် ငွေမျက်နှာကိုကြည့်ပြီး ဘဝရှုံးနိမ့်ရေးကျင့်စဉ်ကို မကြာမကြာ ချမှတ်တတ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့တွင် စွမ်းအား မရှိသော ကြောင့်ပင်။ ထူးဆန်းသလိုတော့ ရှိသည်။ သူတို့က ငွေရှုံးမည့်ကျင့်စဉ်ကို ချမှတ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သိသည်မှာ သည်ကျင့်စဉ် တစ်မျိုးသာ ရှိသောကြောင့်ဖြစ်သည်။

ဥပမာပြရလျှင် မကြာသေးမီက ကျွန်တော်နှင့်ဆုံတွေ့ခဲ့သူတစ်ဦးသည် သူမနှစ်မြို့တော့သော ဝမ်းကျောင်းလုပ်ငန်းတစ်ခုတွင် ငြိနေသည်။ သူက သူ့ဖခင်၏ ကားအရောင်းအဝယ်လုပ်ငန်းကို ဦးစီးဆောင်ရွက်ပေးရသည်။ သူ့ဝင်ငွေက ကောင်းသည်။ သို့ပေမဲ့ သူ မပျော်။ သူ့ဖခင်၏ ဝန်ထမ်းဖြစ်နေရတာကို သူ မကျေနပ်နိုင်။ နောက်ပြီး အလုပ်ရှင်၏သား ဖြစ်နေရတာကို မုန်းသည်။ သို့တိုင် ထိုအလုပ်ကိုပဲ ဆက်လုပ်နေသည်။ ဘာကြောင့် ထိုအလုပ် ထဲမှာပဲ တွယ်ကပ်နေသလဲဟု ကျွန်တော့်မေးတော့ သူက… "အဲ… ဒီ ဖို့ဒ်ကား အရောင်းအဝယ်လုပ်ငန်းကြီးမျိုးကို ကျွန်တော် ကိုယ့်ဘာသာကိုယ် ဘယ်ထူထောင်နိုင်ပါ့မလဲဗျာ။ ဒီတော့ ကျွန်တော် အဘိုးကြီး အနားယူချိန် အထိ ဒီအလုပ်မှာပဲ တွယ်ကပ်နေတာ အကောင်းဆုံးဖြစ်မယ်လို့ တွေးမိ တယ်လေ။ နောက်တစ်ခုရှိတာက ကျွန်တော့် ဝင်ငွေက အရမ်းကောင်းတာ ဗျ" … ဟု ဖြေသည်။

သူ့ကျင့်စဉ်မှာ ငွေဖြင့် အောင်နိုင်ရေးဖြစ်၏။ သို့သော် လုံခြုံစိတ်ချ ရသည့်အနေအထားထဲမှ ရုန်းထွက်လိုက်ခြင်းအားဖြင့် သူဘယ်လောက် စွမ်းအားကြီးမားကြောင်း ဖော်ထုတ်ရေးမှာတော့ သူ ရှုံးနိမ့်သွားပါတော့သည်။

ရှုံးနိမ့်နေသည့် အောင်နိုင်ရေးကျင့်စဉ် ဥပမာနောက်တစ်ခုအဖြစ် မိတ်ဆွေတစ်ဦး၏ ဇနီးအကြောင်း ပြောရပါမည်။ ထိုအမျိုးသမီးသည် သူနှစ်သက်သည့် အလုပ်ကို လုပ်နေရသည်တော့ မှန်၏။ သို့ပေမဲ့ ငွေရေး ကြေးရေးအနေအထားအရ တိုးတက်မှုမရှိ။ သူ့အနေဖြင့် ကျွမ်းကျင်မှုအသစ်

တွေ တတ်မြောက်လာအောင် သင်ယူမှုတွေပြုလုပ်ပြီး သူ့ကျင့်စဉ်ပြောင်းလဲသင့်၏။ သို့သော် သူက ထိုသို့ မလုပ်ဘဲ သီတင်းပတ်ကုန် ရက်များတွင် ကျပန်းအလုပ်တွေ လျှောက်လုပ်သည်။ ထို့နောက် သူ့ကလေးတွေနှင့်နေဖို့ အချိန်မရကြောင်း ညည်းညူနေသည်။ သူ့ကျင့်စဉ်က ရှင်းပြပါသည်။ 'ကိုယ်မြတ်နိုးတဲ့အလုပ်ကို ကျိုးလုပ်။ ပြီးတော့ ဓွဲကောင်းကောင်းနဲ့ အောင့်အည်းပြီးခံ' ပေါ့။

## အောင်နိုင်စေသော အောင်နိုင်ရေးကျင့်စဉ်ဖန်တီးနိုင်ရန် စွမ်းအားကို ရှာဖွေခြင်း

မိဘတစ်ဦးက ပြုလုပ်ပေးနိုင်သည့် အရေးကြီးဆုံးအလုပ်တစ်ခုမှာ သူ့ကလေးကို အောင်နိုင်စေသော အောင်နိုင်ရေးကျင့်စဉ် တစ်ရပ် ဖန်တီးနိုင်အောင် ကူညီခြင်းဖြစ်ပါသည်။ နောက်ပြီး ကလေး၏ဖွံ့ဖြိုးတိုးတက်မှုကို အုနှောင့်အယှက်မဖြစ်စေဘဲ ကျင့်စဉ်ချမှတ်ရေးကို ဖေးကူပေးရပါမည်။ ထိုအချက်ကို မိဘအနေဖြင့် သတိမလစ်ဖို့ အလွန်အရေးကြီး၏။

မကြာသေးမီက လူသိများကျော်ကြားသော သင်းအုပ်ဆရာတော်တစ်ပါးက သူ့ဘုရားကျောင်းတွင် လာရောက်ဟောပြောပေးဖို့ ကျွန်တော့်ကို ပြောခဲ့သည်။ ကျွန်တော်က ဘုရားကျောင်းသို့ အလားအလာ အရောက်အပေါက် အလွန့်အလွန်နည်းသူ။ ကျွန်တော့်မိသားစုက မက်သဒစ်ဘုရားကျောင်းတက်သူများဖြစ်၏။ သို့သော် ကျွန်တော်က ဆယ်နှစ်သားကတည်းက အခြားအခြားသော ဘုရားကျောင်းများသို့ သွားကြည့်၊ လေ့လာကြည့်နေပြီ။ ထိုစဉ်က ကျွန်တော်သည် မေရီကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာနေသည်ဖြစ်ရာ မိမိကြိုက်နှစ်သက်ရာ ဘာသာတရား ရွေးချယ်ကိုးကွယ်ခွင့်ဆိုတာကို နှလုံးတွေ့နေပြီဖြစ်၏။

သည်တော့ကျောင်းတွင် သူငယ်ချင်းများအား မေးမြန်းစုံစမ်းပြီး သူတို့တက်သည့်ဘုရားကျောင်းများသို့ လိုက်တက်ကြည့်သည်။ ကွဲပြားခြားနားသော သူငယ်ချင်းတွေတက်သည့် ကွဲပြားခြားနားသောဘုရားကျောင်းတွေသို့ သုံးလေးနှစ်လောက် လိုက်တက်ကြည့်ရသည့် အတွေ့အကြုံကို သဘောကျနေခဲ့သည်။ ကျွန်တော်သွားသည့် ဘုရားကျောင်းတွေထဲတွင် အလွန်ခမ်းနားထည်ဝါသော ဘုရားကျောင်းတွေ၊ ရိုးရိုးရှင်းရှင်းဘုရားကျောင်းတွေ၊ လူနေအိမ်တွေမှာရှိသည့်

ဘုရားကျောင်းတွေ၊ ဝါးလုံး လေးတိုင်၊ သွပ်မိုးနှင့်အကာ မရှိသော ဘုရားကျောင်းတစ်ကျောင်းပင် ပါဝင်သည်။ ဘုရားကျောင်းထဲတွင် ထိုင်နေခိုက် မိုးရွာချသည့်အတွက် ရေတွေရွှဲနစ်နေသည့် အတွေ့အကြုံမျိုးကတော့ ရှားတောင့်ရှားပါး အတွေ့အကြုံဖြစ်ပေသည်။

ထို့ပြင် ကျွန်တော်က ဘာသာတရား အမျိုးမျိုး ကိုးကွယ်သည့် အိမ်များသို့လည်း သွားရောက် လည်ပတ်ခဲ့၏။ သည်တော့ သင်းအုပ်ဆရာတွမ်အင်ဒါဆင်က သူ့ဘုရားကျောင်းမှာ လာရောက်ဟောပြောဖို့ ဖိတ်ကြားတော့ ကျွန်တော် နည်းနည်းမြောက်သွားသည်။ နောက်ပြီး ဘုရားကျောင်းသို့ အရောက်အပေါက် နည်းလွန်းသည့်အတွက် ရှက်လည်းရှက်သွားသည်။ သူ့ဘုရားကျောင်းတွင် ဟောပြောဖို့ ကျွန်တော့်ထက် အရည်အချင်းမီသူများရှိကြောင်း ကျွန်တော်ပြောတော့ သူက "ဒကာ့ကို ဘာသာရေး တရားဟောဖို့ ဖိတ်နေတာ မဟုတ်ဘူး။ ကျုပ်ပြောနေတာက ငွေနဲ့ပတ်သက်တဲ့ ဒကာ့ရဲ့ ပို့ချချက်တွေကို ဟောပြောပေးဖို့ပြောနေတာ" ဟု ပြောသည်။

သူထိုသို့ပြောသောအခါ ကျွန်တော် ကုလားထိုင်ကျောမှီကို မှီချပြီး တခစ်ခစ်ရယ်မိသည်။

"သင်းအုပ်ဆရာ့ဘုရားကျောင်းကိုသွားပြီး ငွေအကြောင်း ဟောရပြောရမယ် ဟုတ်လား" ကျွန်တော် ကိုယ့်နားကိုယ်မယုံနိုင်ဘဲ မေးမိ၏။

"ဟုတ်တယ်လေ… ကျုပ်ရဲ့ မေတ္တာရပ်ခံချက်က ဘာတွေ ဒီလောက်ထူးဆန်းနေလို့လဲ"

ကျွန်တော်က ကျွန်တော့်မေးခွန်းကိုပင် နောက်တစ်ခါ ထပ်မေးသည်။ သူကလည်း သူ့အဖြေအတိုင်း ထပ်ဖြေသည်။

ကျွန်တော် ပြုံးဖြီးဖြီးနှင့် ထိုင်နေသည်။ နာမည်ကြီး သင်းအုပ်ဆရာကို ပြန်ကြည့်နေမိသည်။ အသင်းဝင် တစ်သောင်းနှစ်ထောင်ရှိသည့် ဘုရားကျောင်းသို့သွားပြီး ကျွန်တော်က ငွေအကြောင်း ဟောပြောရမည်ဆိုပဲ။ ဟုတ်ရော… ဟုတ်ရဲ့လားမသိ။

"ဘာဖြစ်လို့လဲဆိုတော့… တပည့်တော် ဘုရားကျောင်းမှာ… သင်ယူဖူးတာက ငွေကို မက်မောတာဟာ မကောင်းမှုတဲ့။ နောက်ပြီး ဆင်းရဲသားတွေက ချမ်းသာသူတွေထက်ပိုပြီး ကောင်းကင်ဘုံကို ရောက်ဖို့ အခွင့်သာတယ်တဲ့။ ကုလားအုပ်တစ်ကောင် လူချမ်းသာတစ်ဦးနဲ့ အပ်နဖားဖောက် သင်ခန်းစာ

လည်း ကြားဖူးတယ်လေ။ အဲဒီသင်ခန်းစာကို တပည့်တော် ဘယ်တုန်းကမှ ပတ်ပတ်နပ်နပ် သဘော မပေါက်ခဲ့ပါဘူး။ ဒါပေမဲ့ သူ့အာဘော်ကို မကြိုက်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော်က လူချမ်းသာဖြစ်လာအောင် စီမံကိန်းတွေ ချထားခဲ့သူကိုး။ ဒါကြောင့် ဘုရားကျောင်းမှာလာပြီး ချမ်းသာကြွယ်ဝရေးအကြောင်း ဟောပြောပေးပါဆိုတော့... တပည့်တော်စိတ်ထဲမှာ ဆန်းနေတာ"

သည်တစ်ခါ ကုလားထိုင်ကျောမှီကိုမှီပြီး ပြုံးစိစိလုပ်နေသူမှာ သင်းအုပ်ဆရာတွမ်ဖြစ်နေ၏။

"အင်း ဒကာ... ဘယ်ဘုရားကျောင်းတွေ လျှောက်တက်တယ်ဆိုတာ ကျုပ် မသိဘူး။ ဒါပေမဲ့ ကျုပ်ရဲ့ဘုရားကျောင်းမှာတော့ အဲဒီလို မသင်ကြားမပို့ချခဲ့ဘူး"

"ဒါပေမဲ့ ငွေဆိုတာ မကောင်းမှုလို့ သင်ကြားနေတဲ့ ဘာသာရေးအဖွဲ့တွေ ရှိနေတယ် မဟုတ်လား။ ဆင်းရဲသားတွေက သူဌေးတွေထက် ကောင်းကင်ဘုံကို ရောက်ခွင့်သာတယ်လို့ ယုံကြည်သူတွေလည်း ရှိတယ် မဟုတ်လား"

"ဟုတ်တယ်၊ အဲဒီလိုရှိတာ အမှန်ပဲ။ မတူတဲ့ဘုရားကျောင်းတွေက မတူတဲ့အယူအဆတွေ သင်ပေးကြတယ်။ ဒါပေမဲ့ ကျုပ်ရဲ့ ဘုရားကျောင်းမှာ သင်ပေးချင်တာက အဲဒီလို မဟုတ်ဘူး။ ကျုပ်သိတဲ့ ဘုရားသခင်ကတော့ ချမ်းသာသူရော ဆင်းရဲသူကိုပါ တန်းတူရည်တူ မေတ္တာထားပါတယ်"

သင်းအုပ်ဆရာ တွမ်အင်ဒါဆင်က သူ့အတွေးအခေါ်များကို ဆက်ပြောနေတော့ ကျွန်တော်က ကျွန်တော့်အတွေ့အကြုံများကို ပြန်တွေးမိ၏။ ချမ်းသာချင်စိတ်ရှိသောကြောင့် အပြစ်မကင်းသလို ခံစားရခြင်းအကြောင်း။ ဘုရားကျောင်း၏ ဆိုလိုရင်းကို တိတိကျကျ အဓိပ္ပာယ် မဖော်နိုင်တာ ဖြစ်ချင်ဖြစ်နေနိုင်သည်။ ငွေမက်သောကြောင့် အပြစ်ရှိသည်ဟူသော လိပ်ပြာမသန့်မှုက ဘုရားကျောင်း၏ အာဘော်ကို တလွဲတချော် အဓိပ္ပာယ်ကောက်မိတာလည်း ဖြစ်နိုင်သည်။ တစ်နည်းဆိုရလျှင် ကျွန်တော့် ခံစားချက်က အပြစ်ကျူးလွန်သူလိုဖြစ်နေတော့ အပြစ်ကျူးလွန်သည့် အာဘော်ကိုပဲကြားမိတာ ဖြစ်မည်။ သည်စိတ်ကူးကို တွမ်အား ပြောပြလိုက်ရာ တွမ်ပြန်ပြောလိုက်သော စကားတစ်ခွန်းကြောင့် ကျွန်တော် ကုလားထိုင်ကျောမှီကို မှီချလိုက်မိပြန်သည်။

သူပြောလိုက်သည့်စကားမှာ... "တစ်ခါတလေကျ အသိအမြင်ကလေး တစ်အောင်စစာလောက် ပြောင်းလဲသွားဖို့အတွက် သင်ကြား လေ့ကျင့်မှုတွေ တစ်တန်စာလောက် လိုအပ်တာကလား" ဟူ၏။

ဉာဏ်အမြော်အမြင်ကြီးလှသော ထိုစကားလုံးများသည် ကျွန်တော့်ရင်ထဲစွဲမြဲစွာ ကိန်းအောင်းနေ၏။ သူ့အဆိုအမိန့်ကို ကျွန်တော် အကြာကြီး ချင့်ချိန်နေမိ၏။ ထိုစကားလုံးတွေထဲမှာ တွေ့ရသော အတွေးအခေါ်၏ လေးနက်မှုနှင့် တိကျမှုကား ကြီးမားလှပါသည်။ နောက်သုံးလကြာတွင် သူ့ဘုရားကျောင်းသို့သွားပြီး ကျွန်တော် ဟောပြောခဲ့၏။ ဘုရားကျောင်းထဲရှိ တရားဟောစင်ပေါ်မှာ ဟောပြောခွင့်ရခြင်းသည် ကျွန်တော့်ကိုယ်ပိုင် အသိအမြင်ကလေး တစ်အောင်စလောက် ပြောင်းလဲသွားစေသည့် အတွေ့အကြုံဖြစ်နေတော့၏။

## တစ်တန်နှင့် ရင်ဆိုင်ရသည့် တစ်အောင်စ

"ဆင်းရဲသားတစ်ယောက်ကို ချမ်းသာအောင် ဘယ်တော့မှ သင်ပေးလို့မရဘူး။ ချမ်းသာသူတစ်ယောက်ကိုသာ ချမ်းသာလာအောင် သင်ပေးလို့ရတယ်" ဆိုသောစကားကို ဖေဖေချမ်းသာ မကြာမကြာ ပြောလေ့ရှိ၏။

နွမ်းပါးသော ဖေဖေ မကြာမကြာ ပြောလေ့ရှိသည့် စကားကတော့ "ငါက ဘယ်တော့မှ ချမ်းသာမှာ မဟုတ်ဘူး။ ငါက ငွေကို စိတ်မဝင်စားဘဲ" နှင့် "ငါမတတ်နိုင်ဘူး" ဟူ၍ဖြစ်၏။ သည်စကားတွေ ပြောဖြစ်လာခြင်းမှာ အရွယ်ရောက်လာပြီးသည့် သူ့သက်တမ်း တော်တော်များများတွင် ဆေးဖိုးဝါးခတွေချည်း ကျုံးဆပ်နေရသောကြောင့် ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ် ကျွန်တော်ကတော့ ထိုသို့မထင်။ ကျွန်တော်က တစ်အောင်စမျှသော သူ့အသိအမြင်က သူ၏ငွေကြေး အကျပ်အတည်းများကို ဖြစ်ပေါ်စေသည်ဟု ထင်၏။

ကျွန်တော်နှင့်တွဲဖက်စာရေးသည့် ရှရွန်လက်ခ်တာက ဤစာအုပ်ကို မိဘများအတွက် ရေးချင်သလားဟု မေးသောအခါ ကျွန်တော် ဝမ်းသာအားရ လက်ခံခဲ့၏။ သင်းအုပ်ဆရာ တွမ်အင်ဒါဆင်နှင့် တွေ့ရသည့် အတွေ့အကြုံကလည်း ဤစာအုပ်ကို ရင်နှင့်ရင်းပြီး ရေးဖြစ်စေပါသည်။ အဘယ့်ကြောင့်ဆိုသော် ကလေးတစ်ဦး၏ ဘဝအသိအမြင်များကို အများဆုံး ဩဇာလွှမ်းမိုးနိုင်သည်မှာ မိဘများဖြစ်နေသောကြောင့်ပင်။

ယခင်က တင်ပြပြီးဖြစ်သည့်အတိုင်း ကျွန်တော်တို့ ဇနီးမောင်နှံတွင် သားသမီး မရှိပါ။ သည်တော့ မိဘများကို ပိုတော်၊ ပိုကောင်းသည့် မိဘများ ဖြစ်လာအောင် ဘယ်လိုလုပ်ပါဟု ဆရာ မလုပ်ဝံ့ပါ။ ငွေနှင့်ပတ်သက်သည့် ကလေး၏ အသိအမြင်တစ်ရပ် ဖြစ်ထွန်းလာအောင် ဘယ်ပုံဘယ်နည်း ကူညီရမည်ဆိုတာကိုသာ ကျွန်တော် ရေးပါမည်။ ငွေနှင့်ပတ်သက်လာသောအခါ မိဘတစ်ဦးအနေဖြင့် အရေးပါအရာရောက်ဆုံး ပြုလုပ်လို့ရသည်မှာ ငွေနှင့် ပတ်သက်သည့် ကလေး၏အမြင်အပေါ်တွင် ဩဇာလွှမ်းဖို့သာ ဖြစ်၏။ မိမိသည် ငွေ၏ ကျေးကျွန်မဟုတ်ဘဲ ငွေကို လွှမ်းမိုးနိုင်သည့် စွမ်းအားရှိသည်ဟူသော အသိအမြင်တစ်ရပ် ကလေး၏ ခေါင်းထဲမှာ စွဲနေအောင် မိဘများက ဖေးမပေးစေချင်ပါသည်။ ဖေဖေချမ်းသာ ပြောလေ့ရှိသည့် "မင်း ငွေများများလိုလေလေ… ငွေအပေါ် လွှမ်းမိုးနိုင်တဲ့စွမ်းအား ချို့တဲ့လေလေပဲ" ဆိုသော စကားအတိုင်း ဖြစ်ပါသည်။

ယခုခေတ် လူငယ်လူရွယ်များသည် အသက်တော်တော်ငယ်ငယ် ကတည်းက ကြွေးဝယ်ကတ်ပြားများကိုင်နေကြပြီ။ ကျွန်တော့်တွဲဖက် စာရေးဆရာမ ရှရွန်လက်ခ်တာဆိုလျှင် သူ့သားကို ငွေကြေးစီမံခန့်ခွဲမှု ပညာသင်ပေးထား၏။ သို့ဖြစ်သည့်တိုင် သူ့သားသည် ကြွေးဝယ်ကတ်ပြား ကျော့ကွင်းထဲ ဝင်သွားပြီး အကြွေးတွေ ဝိုင်းဝိုင်းလည်သည့် ပြဿနာနှင့် ကြုံခဲ့ရ၏။ ထိုသို့ ငွေကြေးစီမံခန့်ခွဲတတ်အောင် သင်ကြားပေးထားသည့် ရှရွန့်သားပင် ကြွေးဝယ်ကတ်ပြားနှင့် ဒုက္ခရောက်သည်ဆိုလျှင် အခြား သန်းပေါင်းများစွာသော ကလေးများနှင့် မိဘများလည်း ငွေကြေးဒုက္ခတွေ့ကြုံရမည်မှာ မြေကြီး လက်ခတ်မလွဲ ဖြစ်နေတော့၏။

## သင်ဆင်းရဲသားဖြစ်ရန် မွေးကတည်းက ဆင်းရဲလာဖို့ မလို

ဆင်းရဲသားတော်တော်များများ ဆင်းရဲနေခြင်းမှာ သူတို့သည် အိမ်မှာထိုင်ပြီး ဆင်းရဲအောင် ပြုမူကျင့်ကြံနေကြသောကြောင့်ဖြစ်၏။ လူတွေသည် ချမ်းသာသော မိသားစုနှင့် လူလတ်တန်းစား မိသားစုများမှ ပေါက်ဖွားလာသည့်တိုင် သူတို့ကိုယ်သူတို့ ရှုမြင်ရာ၌ နံချာသောအမြင် တစ်ရပ်ရှိနေနိုင်၏။ သူတို့ လျှောက်ခဲ့သည့် ဘဝလမ်းခရီးတွင် တစ်စုံတစ်ခု ဖြစ်ခဲ့ပျက်ခဲ့၏။ ထိုအခါ သူတို့သည် ရာသက်ပန် ဆင်းရဲနေလိမ့်မည်ဟူသော အသိအမြင်ကို ကိုင်စွဲကြတော့သည်။

ကျွန်တော့် ဖေဖေကြုံခဲ့သည်မှာ ထိုအတိုင်းဖြစ်ရမည်ဟု ကျွန်တော် ထင်ပါသည်။ သင်းအုပ်ဆရာ တွမ်အင်ဒါဆင် မိန့်ကြားခဲ့သည့်အတိုင်း အဆိုပါ အသိအမြင်လေး ပြောင်းသွားဖို့ သင်ကြားလေ့ကျင့်မှုတွေ တစ်ပုံကြီး လို တတ်လေသည်။ ဖေဖေ့ကိစ္စမှာကျတော့ ဖေဖေက ပိုက်ဆံပိုရအောင် အလုပ်ကို ပိုပြီး ကျုံးလုပ်သည်။ သို့သော် လေ့ကျင့်သင်ကြားမှုများနှင့် အသွင်တူသည့် ငွေတွေ တစ်ပုံတစ်ပင်ကြီးကလည်း ဖေဖေ့အသိအမြင်ကို စိုးစဉ်းမျှ ပြောင်းလဲအောင် မစွမ်းဆောင်နိုင်ပါချေ။

ကျွန်တော်၏ ပထမဆုံး ကုမ္ပဏီ အရှုံးပေါ်ပြီး ပြုတ်သွားစဉ်က ကျွန်တော် လုပ်ခဲ့ရသည့် အခက်ခဲဆုံး အလုပ်မှာ ကိုယ့်ကိုယ်ကိုယ် ရှုမြင်သည့် အသိအမြင်ကို ယိမ်းယိုင်ပျက်စီးမသွားအောင် ထိန်းထားရခြင်းသာ ဖြစ်၏။ ကိုယ့်ကိုယ်ကိုယ် မြင်သည့်အမြင် (self-persception) အကြောင်းကို ဖေဖေ ချမ်းသာက သင်ကြားပေးမထားခဲ့လျှင် ကျွန်တော် ပြန်ပြီး နာလံထူပါဦးမည်လား မသိ။ ကုမ္ပဏီပြုတ်သော အတွေ့အကြုံမှ သင်ခန်းစာယူပြီး ပိုမို ကြံ့ခိုင်သူ ဖြစ်လာပါဦးမည်လား မသိ။ ယနေ့ဆိုလျှင် လုပ်ငန်းကိုင်ငန်းတွေ ပြုတ်ပြုတ်ပြုန်းသွားသည့် ကျွန်တော့်မိတ်ဆွေတွေ ရှိ၏။ သူတို့သည် ငွေရေးကြေးရေးအရ နာလံထူနိုင်ကြသော်လည်း ကိုယ့်ကိုယ်ကိုယ် မြင်သည့်အမြင်ကတော့ အားပျော့နုံချာကျန်ရစ်လေသည်။ ထို့ကြောင့် သင့်ကလေး၏ ကိုယ့်ကိုယ်ကိုယ် မြင်သည့်အမြင်ကို သတိထားဖို့၊ ကာကွယ်စောင့်ရှောက်ဖို့ အရေးကြီးကြောင်း မိဘများအား ကျွန်တော် သင်ကြားပို့ချချက်များ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဤစာအုပ်တွင် တော်တော်များများဖော်ပြထားသည်မှာ စွဲမြဲခိုင်မာသော ကိုယ့်ကိုယ်ကိုယ်အမြင်ကို ဘယ်သို့ဘယ်ပုံ စွဲကိုင်ထားရမည်ဖြစ်ကြောင်း မိမိတို့ ကလေးများအား သင်ကြားပေးရမည်ဖြစ်ပါသည်။ ထိုသို့ကိုယ်တိုင်မြင်သော အမြင်ခိုင်မာပြတ်သားပါမှ သူတို့ဘဝတွင် တွေ့ကြုံရမည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေးဆိုင်ရာ အတက်အကျများ၊ အကောင်းအဆိုးများကို ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားနိုင်မည် ဖြစ်၏။ ကျွန်တော်၏ ကိုယ့်ကိုယ်ကိုယ် မြင်သောအမြင်ကို ထိန်းသိမ်းစောင့်ရှောက်ရေးသည် ကျွန်တော့်ဖေဖေ နှစ်ဦး သင်ပေးခဲ့သည့် သင်ခန်းစာထဲတွင် အရေးပါအရာရောက်ဆုံး သင်ခန်းစာ ဖြစ်ပါသည်။ ဖေဖေတစ်ဦးက ကျောင်းစာနှင့်ပတ်သက်၍ ကိုယ့်ကိုယ်ကိုယ်

အမြင်ကောင်းအောင် သင်ပြခဲ့ပြီး အခြားဖေဖေတစ်ယောက်ကတော့ ငွေရေးကြေးရေးနှင့်ပတ်သက်၍ ကိုယ့်ကိုယ်ကိုယ် အမြင်ကောင်းအောင် သင်ပြခဲ့လေသည်။

လူတော်တော်များများသည် ဘဝခရီးလမ်းတစ်လျှောက်တွင် လျှောက်လှမ်းရင်း ပျော့ညံ့နုံ့ချာသော ကိုယ့်ကိုယ်ကိုယ် အမြင်ကို ရရှိလာတတ်ကြ၏။ အောက်ဖော်ပြပါ စကားမျိုးတွေပြောလာပြီဆိုလျှင် သူတို့အသံတွေထဲတွင် ပျော့ညံ့သည့် အမြင်တွေ လွှမ်းနေကြောင်း ကြားသိနိုင်ပါသည်။

- အကြွေးတွေက လည်ပင်းခိုက်နေပြီ။ ကျွန်တော်အလုပ်မလုပ်ဘဲ နေလို့မဖြစ်တော့ဘူး။
- ကျွန်တော် အလုပ်ထွက်လောက်အောင်လည်း မတတ်နိုင်ဘူး။
- ဒေါ်လာနည်းနည်းပါးပါးလေးလောက် ပိုပြီးရအောင် ရှာဖွေနိုင်ရင်ဗျာ။
- ကျွန်မမှာ သားသမီးတွေသာမရှိရင် ဘဝက ဒီထက်ချောင်လည်မှာရှင့်။
- ကျုပ်ကတော့ ဘယ်တော့မှ ချမ်းသာမှ မဟုတ်ပါဘူး။
- ကျွန်တော် ငွေအရှုံးမခံနိုင်ဘူးဗျ။
- ကျုပ် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ချင်ပါတယ်။ ဒါပေမဲ့ ပုံမှန်ဝင်ငွေကလေးရှိနေဖို့ကလည်း လိုအပ်သေးတယ်ဗျ။
- ကျွန်တော့်အကြွေးတွေတောင် မဆပ်နိုင်ဘဲနဲ့ ဘယ်လိုလုပ်ပြီး ရင်းနှီးမြှုပ်နှံနိုင်မှာလဲ။
- ကြွေးဝယ်ကတ်ပြားဖိုးတွေ ချေနိုင်အောင် ကျုပ်အိမ်ကို ပေါင်လိုက်မယ်လေ။
- လူတိုင်းလူတိုင်း မချမ်းသာနိုင်ပါဘူးဗျာ။
- ကျုပ်က ငွေကို ဂရုစိုက်နေတာ မဟုတ်ဘူး။ ငွေက ကျုပ်အတွက် ဒီလောက်အရေးကြီးတာ မဟုတ်ပါဘူး။
- ဘုရားသခင်က ကျုပ်ကို ချမ်းသာစေလိုတယ်ဆိုရင် ဘုရားသခင်က ကျုပ်ကို ငွေတွေပဲ ပေးတော့မှာပေါ့။

ဖေဖေချမ်းသာပြောခဲ့သည့် "မင်းငွေလိုလေလေ မင်းမှာ စွမ်းအားချို့တဲ့လေလေပဲ" ဆိုသော စကားအတိုင်းဖြစ်ပါသည်။ ကျောင်းမှာ စာတော်ပြီး အပြင်မှာလခကောင်းရသည့် အလုပ်ရသွားသူတော်တော်များများ ရှိ၏။

သို့သော် မိမိကြီးပွားရေးအတွက် ငွေကို ခိုင်းပုံခိုင်းနည်း သင်မပေးလိုက်သည့်အတွက် သူတို့သည် ငွေရရေးအတွက် ကျုံးရုန်း အလုပ်လုပ်ရင်း အကြွေးပင်လယ်ကျောတွင် နစ်မျောကြရလေသည်။ သူတို့ငွေများများလိုလေ... ငွေလိုချိန် ကြာမြင့်လေ၊ သူတို့၏ ကိုယ့်ကိုယ်ကိုယ် အမြင်သည် မရေမရာ ဖြစ်လာလေ ဖြစ်တော့၏။

ကျွန်တော့်သူငယ်ချင်းတွေထဲတွင် ဝမ်းကျောင်းပညာရှင် စာသင်သားတွေ ရှိ၏။ သူတို့သည် တစ်သက်လုံး ကျောင်းပဲဖိတက်နေသည်။ အလုပ်တော့ ယခုထက်တိုင် မရှိသေး။ သူငယ်ချင်းတစ်ယောက်ဆိုလျှင် မဟာဘွဲ့နှစ်ဘွဲ့နှင့် ဒေါက်တာဘွဲ့တစ်ဘွဲ့ပင် ရထားပြီ။ သူ့ပညာက တစ်တန် မဟုတ်တော့။ တန်ပေါင်းများစွာ ရှိနေပြီ။ သို့တိုင်သူသည် ဝမ်းကျောင်းပညာအရရော... ငွေရေးကြေးရေးအရပါ ရုန်းကန်နေဆဲရှိသေးသည်။ ကျွန်တော်ထင်ပါသည်... သူ၏ အသိအမြင် တစ်အောင်စ၊ နှစ်အောင်စလောက်သည် သူ့ရှေ့စမှာ ကာဆီးပိတ်ဆို့နေသည်ဟု။

## သင်ချမ်းသာအောင် ငွေက ဆောင်ကြဉ်းမပေးပါ

လူတော်တော်များများသည် သူဌေးသူကြွယ်ဖြစ်ရေး မျှော်လင့်ချက်ဖြင့် ငွေစုကြ၏။ ထိုအချိန်တွင် အခြားသူများက လူတော်လူကောင်းဖြစ်ရေး မျှော်လင့်ချက်ဖြင့် ဘွဲ့ထူး၊ ဂုဏ်ထူးတွေ စုဆောင်းကြ၏။ ကျွန်တော်၏ ပုဂ္ဂလိကတိုက်ပွဲကတော့ ငွေရေးကြေးရေးနှင့်ပတ်သက်သည့် ကိုယ့်ကိုယ်ကိုယ်အမြင်ညှိနေခြင်းကို ဖျောက်ဖျက်ရေးနှင့် ကျွန်တော်သည် တခြားကလေးတွေလောက် မထူးချွန်ဟူသောအမြင်ကို ချိုးနှိမ်ရေးပဲ ဖြစ်သည်။ ယင်းအသိအမြင်များမှာ ကျွန်တော့်ကိုယ်ကျွန်တော် တခြားကလေးများနှင့် နှိုင်းယှဉ်ကြည့်မိမှ ဖြစ်ပေါ်လာသည့် အသိအမြင်များပါတည်း။ တစ်နည်းဆိုရသော် ငွေကြေးကြွယ်ဝသည့်မိသားစုများမှ ပေါက်ဖွားလာသည့် ကလေးများနှင့် မသိမကျွမ်းသေးခင်အထိ ကျွန်တော်ဆင်းရဲသည်ဟူသော အသိအမြင် မရှိခဲ့ချေ။ နောက်ပြီး အတန်းထဲတွင် အဆင့်ကောင်းကောင်းရသည့် ကလေးများနှင့် မနှိုင်းမယှဉ်သေးမီအထိ ကျွန်တော် သိပ်ပြီး မထူးချွန်ဟူသော အသိအမြင်မရှိခဲ့ချေ။

ထို့ကြောင့်ပင် ဤစာအုပ်ကို ချမ်းသာတဲ့ကလေး၊ ထက်မြက်တဲ့ကလေးဟု နာမည်ပေးထားခြင်းဖြစ်၏။ ကလေးသူငယ်အားလုံးသည် အမိဝမ်းမှ ကျွတ်ကတည်းက ချမ်းသာနိုင်သည့် အစွမ်းအစနှင့် ထူးချွန်ထက်မြက်

နိုင်သည့် အစွမ်းအစများ အပြည့်အဝပါလာသည်ဟု ကျွန်တော်ရိုးသားစွာ ယုံကြည်၏။ တစ်ခုတော့ရှိသည်၊ သူတို့ကိုယ်သူတို့... အမြင်ကို ခိုင်မာအောင်တော့ အားဖြည့်ပေးထားရပါမည်။ စာသင်ကျောင်း၊ ဘုရားကျောင်း၊ စီးပွားရေးလုပ်ငန်း၊ ပြည်သူ့ဆက်သွယ်ရေးယန္တရားများနှင့် ကမ္ဘာလောကကြီးကိုယ်တိုင်က သင်ပေးမည့် တန်ပေါင်းများစွာသော ပညာတွေ၏ နှောင့်ယှက်ဖျက်ဆီးမှုနှင့်ကင်းဝေးအောင် ကာကွယ်စောင့်ရှောက်ထားရပါမည်။

ဘဝဆိုသည်မှာ တော်တော်ကြီးကြမ်းပါသည်။ သို့သော်သင်၏ ကိုယ့်ကိုယ်ကိုယ် အမြင်က နုံချာနေလျှင် သင့်ဘဝကြမ်းသည်ထက်ပိုပြီး ကြမ်းသွားပါလိမ့်မည်။ မိဘတစ်ဦးအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်သည့် အရေးကြီးဆုံးအလုပ်မှာ ကလေးများ၏ ကိုယ့်ကိုယ်ကိုယ် အမြင်ကို ပီပြင်ရပြတ်သားလာအောင် ပုံသွန်းပေးဖို့ မြေတောင်မြှောက်ပေးဖို့နှင့် ကာကွယ်စောင့်ရှောက်ဖို့ ဖြစ်ပါသည်။

## သူတို့တတ်ထားတာတွေ မေ့ပစ်ဖို့ လူကြီးတွေကို သင်ပေးခြင်း

လူကြီးတွေကို သင်ကြား ပို့ချပေးနေသော ဆရာတစ်ဦးအနေဖြင့် ကျွန်တော်တွေ့ရှိရသည့် အချက်တစ်ချက်မှာ... ချမ်းသာသူတစ်ဦး ပိုချမ်းသာလာအောင် သင်ပေးဖို့ ပိုလွယ်ခြင်းနှင့် တော်သူတစ်ဦးကို ပိုတော်လာအောင် သင်ပေးဖို့ ပိုလွယ်ခြင်းပဲ ဖြစ်လေသည်။ ချမ်းသာလာအောင် သင်ပေးဖို့ အလွန်လက်ဝင်သူများ ရှိ၏။ အထူးသဖြင့် တစ်စုံတစ်ဦးသည် အောက်ဖော်ပြပါစကားမျိုးတွေချည်း ပြောနေပြီဆိုလျှင် ထိုသူသည် မွဲဆေးဖော်နေပြီ ဖြစ်သည်။

- ကျွန်တော့်ငွေတွေ ရှုံးသွားရင် ဘယ်နှယ့်လုပ်မလဲ။
- ကိုယ့်မှာ စိတ်ချရတဲ့ အာမခံချက်ရှိတဲ့ အလုပ်တစ်ခုတော့ ရှိထားဦးမှာပေါ့။
- ဘာသဘောလဲဗျ။ အခမဲ့ အလုပ်လုပ်ပေးဖို့ဆိုတာ။ ခင်ဗျားလူတွေကို လုပ်ခတော့ ပေးရမှာပေါ့။
- အကြွေးမတင်စေလေနဲ့။
- ကြိုးစားပမ်းစား အလုပ်လုပ်သူအဖြစ် နာမည်ယူပြီး ငွေသာစု။
- စိတ်ချရတဲ့အလုပ်ကို လုပ်။ အရဲကိုးတာတွေ မလုပ်လေနဲ့။
- တကယ်လို့ ချမ်းသာလာတယ်ဆိုရင် ကျုပ်အကုသိုလ်များပြီး မောက်မောက်မာမာ ဖြစ်လာမှာပေါ့။

- ချမ်းသာသူတွေဟာ လောဘကြီးသူတွေပဲ။
- ကျုပ်တို့ ညစာထမင်းဝိုင်းမှာ ငွေအကြောင်း မဆွေးနွေးဘူး။
- ငါက ငွေကို စိတ်ဝင်စားတဲ့ကောင် မဟုတ်ဘူး။
- အဲဒါတော့ ငါ မတတ်နိုင်ဘူး။
- ဒီဟာကြီးက အရမ်းကိုဈေးကြီးလှတာပါကလား။

အထက်ပါ မှတ်ချက်များ (သို့မဟုတ်) မေးခွန်းမျိုးတွေသည် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည့် ပုဂ္ဂလိက အသိအမြင်များမှ ထွက်ပေါ်လာခြင်းပဲ ဖြစ်ပါသည်။ ကျွန်တော် သင်ကြားပို့ချနေသည့် သင်တန်းကြေးများကို ဒေါ်လာ ရာနှင့်ထောင်နှင့်ချီပြီး ဈေးတင်လိုက်သောအခါမှာတော့ ထိုထိုသော မှတ်ချက်တွေ ဝေဖန်ချက်တွေ တော်တော်များများ ပျောက်သွားတော့၏။ ထိုအခါကျမှ ကျွန်တော် သင်ကြားရမည့် အကြောင်းအရာများကို ဖြောင့်ဖြောင့်တန်းတန်း ဆက်သင်လို့ရတော့၏။

## ဒါတော့ ငါ မတတ်နိုင်ဘူးဟု ဘယ်တော့မှ မပြောပါနှင့်

ကျွန်တော့်ဖေဖေချမ်းသာသည် စနစ်တကျ သင်ယူလေ့ကျင့်ထားသော ကုထုံးပညာရှင်ကြီးတစ်ဦး မဟုတ်ပါ။ သို့သော် ငွေသည် စိတ်ကူးတစ်ခုမျှသာ ဖြစ်ကြောင်း သိနားလည်လောက်အောင်တော့ ဉာဏ်ရည်ထက်မြက်သူ ဖြစ်၏။ သူက သူ့သားနှင့်ကျွန်တော့်ကို "ဒါတော့ ငါမတတ်နိုင်ဘူး" ဆိုသော စကားကို မပြောဖို့တားမြစ်သည့်နည်းဖြင့် ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ သိမြင်သည့် အသိအမြင်များ ပြောင်းလဲလာအောင် ကူညီခဲ့သည်။

"ဒါတော့ ငါမတတ်နိုင်ဘူး" ဆိုသည့်စကားကို ပြောမည့်အစား "ဒါကို ငါဘယ်လိုနည်းနဲ့ တတ်နိုင်အောင် လုပ်မလဲ" ဟု ပြောရမည်ဆို၏။ "ဒါတော့ ငါမတတ်နိုင်ဘူး" ဟူသော စကားကို မပြတ်ပြောနေခြင်းမှာ ကျွန်တော်သည် ဆင်းရဲသားဖြစ်သည်ဟူသော အသိအမြင်ကို အားဖြည့်ပေးရာ ရောက်ကြောင်း ကျွန်တော် သဘောပေါက်ခဲ့သည်။ "ဒါကို ဘယ်လိုနည်းနဲ့ တတ်နိုင်အောင် လုပ်မလဲ" ဟူသော စကားကို ထပ်ကာတလဲလဲ ပြောခြင်းမှာ ကျွန်တော်သည် ချမ်းသာသူဖြစ်သည်ဟူသော အသိအမြင်ကို အားဖြည့်ပေးရာ ရောက်ပါသည်။

ထို့ကြောင့် "ဒါတော့ ငါမတတ်နိုင်ဘူး" ဆိုသည့် စကားမျိုးကို သင့်ကလေးအနီးအနားမှာ မပြောဖို့ ကျွန်တော် အကြံပြုပါသည်။ သင့်

ကလေးက သင့်ထံမှ ပိုက်ဆံတောင်းလာပြီလျှင် "အဲဒီငွေကို ဖေဖေ့ဆီက မတောင်းဘဲ သားဘာသာသား ရှာဖို့… သား လုပ်လို့ရမယ့် အလုပ် ဆယ်မျိုး စာရင်း ရေးပြပါလား။ သား လုပ်မယ့်အလုပ်တွေဟာ တရားဥပဒေဘောင်ထဲ က ဖြစ်ပြီး ကိုယ်ကျင့်တရား မပျက်တဲ့ အလုပ်မျိုးတွေ ဖြစ်ရမယ်နော်" ဟု ပြောကြည့်ပါ။

အထက်ပါ ပြောဆိုချက်နှစ်မျိုးကို စေ့စေ့စပ်စပ် ဆန်းစစ်ကြည့်ပါ။ ထိုအခါ "ဒါကို ငါဘယ်လိုနည်းနဲ့ တတ်နိုင်အောင် လုပ်မလဲ" ဆိုသည့် စကားက ဉစ္စာနေတိုးပွားလာနိုင်သည့် အလားအလာများကို ဆန်းစစ်လေ့လာ လို့ရအောင် သင့်စိတ်ကို ဖွင့်ပေးရာ ရောက်ပါသည်။ တစ်ဖက်က "ဒါတော့ ငါမတတ်နိုင်ဘူး" ဟူသော စကားကတော့ သင့်လိုအပ်ဆန္ဒ ပြည့်ဝရေး အလားအလာများကို ပစ်ပယ်ထားဖို့ သင့်စိတ်တံခါးကို ပိတ်ထားရာ ရောက် ပါသည်။

ဤစာအုပ်အစပိုင်းတွင် ကျွန်တော်ဖော်ပြခဲ့သည့်အတိုင်း (**education**) သည် လက်တင်စကား (**educare**) မှ ဆင်းသက်လာကြောင်းနှင့် ဆွဲထုတ်ယူရန်ဟု အဓိပ္ပာယ်ရလေသည်။ ကျွန်တော်တို့ ပြောသည့် ဆိုသည့် စကားလုံးများကို သတိကပ်ပြီး ဆန်းစစ်ကြည့်ရုံမျှဖြင့် ကျွန်တော်တို့၏ ကိုယ့်ကိုယ်ကိုယ်မြင်သော အသိအမြင်ကို တွေ့ရှိနိုင်၏။ ကျွန်တော်တို့ ပြောဆို သုံးနှုန်းနေသည့် စကားလုံးများကို ပြောင်းလဲပစ်ခြင်းအားဖြင့် ကျွန်တော်တို့၏ ကိုယ့်ကိုယ်ကိုယ်အမြင်ကို ပြောင်းလဲလိုသည့် ဆန္ဒရှိလျှင် စတင်ပြောင်းလဲ လို့ ရနိုင်ပါသည်။

သည်တော့ "ဒါကို ငါဘယ်လိုနည်းနဲ့ တတ်နိုင်အောင် လုပ်ရမလဲ" ဟူသော စကားကို ပြောဖြစ်အောင် သတိသွင်းထားရုံမျှဖြင့် ကျွန်တော့် ရင်တွင်းမှ လူချမ်းသာကို ဆွဲခေါ်ထုတ်နိုင်စွမ်းရှိလာ၏။ "ဒါတော့ ငါမတတ် နိုင်ဘူး" ဟူသောစကားကိုပြောလျှင်မူ ကျွန်တော့်ရင်တွင်းမှာ ရှိနေပြီးဖြစ် သည့် ငါသည် လူဆင်းရဲဖြစ်နေသည်ဟူသော အမြင်ကို အားဖြည့်ပေးရာ ရောက်သွားတော့၏။

## အသိအမြင်များဖြင့် ဘဝစသည်

ဟိုတစ်လောက ကျွန်တော့်အား သတင်းထောက်တစ်ယောက်မှ တွေ့ဆုံ မေးမြန်းခဲ့သည်မှာ "ဆရာကြီး… သန်းကြွယ်သူဌေး ဘယ်ပုံဘယ်နည်းနဲ့ ဖြစ်လာတယ်ဆိုတာ ပြောပြပါ" ဟူ၏။

"ကျွန်တော် စီးပွားရေးလုပ်ငန်းတွေ ထူထောင်ပြီး အိမ်တွေ မြေတွေ ဝယ်ခဲ့တယ်" ဟု ကျွန်တော်က ဖြေလိုက်သည်။

ထိုအခါ သတင်းထောက်က "အင်း… အဲဒီလိုမျိုး လူတိုင်းလုပ်လို့ မရပါဘူး။ အဲဒီလိုမျိုး ကျွန်တော် လုပ်လို့ မရဘူးဆိုတာ ကျွန်တော် သိနေတယ်လေ။ ကျွန်တော် သန်းကြွယ်သူဌေးဖြစ်လာအောင် ဘာတွေလုပ်လို့ ရမလဲဆိုတာ ပြောပြပေးပါခင်ဗျာ"… တဲ့။

"အင်းလေ… ခင်ဗျားလုပ်လက်စ အလုပ်ကို ဆက်လုပ်ပြီး အိမ်မြေတွေ ဝယ်ပေါ့"

"ဒါပေမဲ့ အိမ်မြေဈေးတွေက မြင့်လွန်းအားကြီးတယ်ခင်ဗျာ။ ကျွန်တော် ဘယ်တတ်နိုင်ပါ့မလဲ။ နောက်ပြီး ကျွန်တော်က အိမ်တွေ မြေတွေ မထိန်းချင်ဘူး။ ကျွန်တော် တခြားဘာလုပ်လို့ရဦးမလဲ… ပြောပါဦး"

"အင်း… လောလောဆယ်မှာ စတော့ဈေးကွက်က လူကြိုက်များနေတာပဲ။ ခင်ဗျား စတော့နည်းနည်းပါးပါး ဝယ်စုပါလား။ ဘာဖြစ်လို့ စတော့တွေ ဝယ်ပြီး မရင်းနှီးတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ စတော့ဈေးကွက်က အရဲကိုးရလွန်းလို့ ခင်ဗျ။ ဒီဈေးကွက်က ခုဆို အချိန်မရွေး ပြိုလဲသွားနိုင်တယ်လေ။ နောက်ပြီး ကျွန်တော့်မှာ မိန်းမနဲ့ ကလေးတွေနဲ့။ ပေးဆပ်ရမယ့် အကြွေးတွေကလည်း ရှိသေးတယ်။ ဒီတော့ ကျွန်တော်က ဆရာကြီးလို ငွေအဆုံးရှုံး မခံနိုင်ဘူး ခင်ဗျ"

နောက်ဆုံးတော့ ကျွန်တော် သဘောပေါက်သွားသည်။ ဖေဖေချမ်းသာသင်ပေးထားသည့် အရာတွေထဲတွင် မလုပ်ရမည့် ကိစ္စတွေလည်း ပါသည်။ ယခု ဖေဖေချမ်းသာ သင်ပေးထားသည့် မလုပ်ရမည့်ကိစ္စတစ်ခုကို ကျွန်တော် လုပ်နေမိပါကလား။ ဦးစွာ အသိအမြင်ပြောင်းလဲဖို့ လိုအပ်နေသူတစ်ဦးကို ကျွန်တော်က အဖြေတွေ ပေးနေမိခြင်း။ သည်တော့ ကျွန်တော် အဖြေပေးနေတာတွေရပ်ပြီး မေးခွန်းတွေ စမေးတော့၏။

"ခင်ဗျား… သန်းကြွယ်သူဌေးဖြစ်လာအောင်… ဘာလုပ်လို့ရမလဲ ကျွန်တော့်ကို ပြောပြဗျာ"

"အဲ ကျွန်တော် စာအုပ်တစ်အုပ်ရေးပြီး ဆရာကြီးလို စောင်ရေ နှစ်သန်းလောက် ရောင်းပစ်နိုင်တာပေါ့"

"ကောင်းတာပေါ့။ ခင်ဗျားက စာရေးဆရာကောင်း တစ်ယောက်ပဲဟာ။ ဒီအကြံသိပ်ကောင်းတဲ့အကြံလို့ ကျွန်တော် ထင်တယ်ဗျ"

"ဒါပေမဲ့ ကျွန်တော့်စာအုပ်ကို ရောင်းပေးမယ့် ကိုယ်စားလှယ် ရှာ[illegible]င် ဘယ့်နှယ့်လုပ်မလဲ။ နောက်ပြီး အဲဒီကိုယ်စားလှယ်က ကျွန်တော့် [illegible]သွားရင်ရော... ဘယ့်နှယ့်လုပ်မလဲ။ သိတယ်မဟုတ်လား။ ကျွန်တော် စာအုပ်တစ်အုပ် ရေးဖူးပါတယ်။ ဒါပေမယ့် အဲဒီစာအုပ်ကို ဖတ်ချင်တဲ့ လူတစ်ယောက်မှ မရှိဘူးခင်ဗျ"

မောင်မင်းကြီးသား သတင်းထောက်သည် အကြောင်းအရာအသစ်ကို ပြောနေသည်။ သို့သော် သူ၏ ကိုယ့်ကိုယ်ကိုယ်အမြင်က အရင်အတိုင်း ဖြစ်နေသည်။

မိဘတစ်ဦးအနေဖြင့် အရေးပါ အရာရောက်ဆုံး စလုပ်ပေးလို့ရသည့် အလုပ်တစ်ခုမှာ မိမိသားသမီး၏ ကိုယ့်ကိုယ်ကိုယ်အမြင်များ ဖွံ့ဖြိုးလာအောင် ပျိုးထောင်ပေးပြီး ၎င်းအမြင်များကို ကာကွယ်စောင့်ရှောက် ပေးဖို့ပဲ ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံးတွင် အခြားသူများအပေါ် ထားရှိသည့် အမြင်များရှိ၏။ ၎င်းအမြင်များသည် မှန်ချင်လည်း မှန်မည်။ မှားချင်လည်း မှားမည်။ လူတစ်ဦးကို သင်က ငကြောင်ဟု မြင်ချင်မြင်မည်။ (သို့မဟုတ်) ငတုံး (သို့မဟုတ်) လူတော် သို့မဟုတ် လူချမ်းသာ... မြင်ချင်သလို မြင်နိုင်သည်။

အထက်တန်းကျောင်းတုန်းက ကောင်မလေးတစ်ယောက်အကြောင်း သတိရနေသေးသည်။ သည်မိန်းကလေးသည် ဘဝင်မြင့်ပြီး ဟိတ်ကြီးဟန်ကြီး နိုင်လွန်းသည်ဟု ကျွန်တော် သိမြင်ထားသည်။ သည်တော့ ကျွန်တော် သူ့ကို ကြွေနေသည့်တိုင် သူ့ကို အပြင်ထွက်လည်ဖို့ မဖိတ်မခေါ်ဖြစ်အောင် ကျွန်တော့် အသိအမြင်က ဟန့်တားမိနေတော့သည်။ တစ်နေ့မှာတော့ ကျွန်တော် သူနှင့် တွေ့တွေ့ဆိုင်ဆိုင် စကားပြောဖြစ်သည်။ ထိုအခါကျမှ သူသည် ကြင်နာတတ်သူ၊ ရင်းနှီးဖော်ရွေတတ်သူဖြစ်ကြောင်းတွေ့ရ၏။ သူ့အပေါ် ထားရှိသည့် ကျွန်တော် အသိအမြင်ကို ပြောင်းလဲပြီးသောအခါတွင်မှ အပြင်ထွက်လည်ဖို့ သူ့ကို ဖိတ်ခေါ်မိသည်။ ထိုအခါ သူက "ဟယ်... နင် ငါ့ကို စောစောစီးစီးကတည်းက ဖိတ်ခေါ်ခဲ့ဖို့ကောင်းတာ။ ခုတော့ ငါ ဂျယ်ရီနဲ့ ထွက်လည်နေပြီဟဲ့။ နောက်ပြီး ငါတို့ အတွဲဖြစ်သွားပြီလေ" ဟု

ပြန်ပြောခဲ့လေသည်။ သည်ဇာတ်လမ်းကလေးက ပေးသွားသည့် သင်ခန်းစာမှာ တခြားလူများအပေါ် ကျွန်တော်တို့၏ အသိအမြင်များရှိသလို မိမိကိုယ် မိမိမြင်သည့် အသိအမြင်များလည်း ရှိ၏။ နောက်ပြီး တခြားသူများအပေါ် ထားရှိသည့် ကျွန်တော်တို့၏ အသိအမြင်များကို ပြောင်းလဲလို့ရသလို မိမိကိုယ်မိမိ အမြင်များကို ပြောင်းလဲလို့ရကြောင်း ဖြစ်ပါသည်။

## ချမ်းသာခြင်းနှင့် ထက်မြက်ခြင်းဆိုသည်မှာ အသိအမြင်များသာ ဖြစ်သည်

ကျွန်တော့်ဖေဖေကျောင်းဆရာ ပြောပြခဲ့သည့် နာမည်ကြီးလေ့လာချက်တစ်ခု ရှိ၏။ လေ့လာဆန်းစစ်ချက်မှာ လွန်ခဲ့သည့် နှစ်အနည်းငယ်တုန်းက ပြုလုပ်ခဲ့သည့် ချီကာဂိုပညာရေးစနစ်အကြောင်းဖြစ်၏။ ပညာရေးဆိုင်ရာသုတေသန မှူးများက သူတို့၏ သုတေသနလုပ်ငန်းအတွက် ဆရာ၊ ဆရာမများကို အကူအညီတောင်းခဲ့သည်။

သူတို့အား ထိုသို့ အကူအညီတောင်းခြင်းမှာ သူတို့၏ သင်ကြားမှု စွမ်းရည်မြင့်မားမှုကြောင့်ဖြစ်ကြောင်း ဆရာ၊ ဆရာမများကို ပြောပြထား၏။ နောက်ပြီး သူတို့၏ စာသင်ခန်းထဲသို့ ပါရမီထူးချွန်သော ကလေးများကိုသာ လွှတ်ပေးမည်ဖြစ်ကြောင်းလည်း အသိပေးထား၏။ သည်လက်တွေ့စမ်းသပ် လေ့လာမှုအကြောင်းကို ကလေးတွေရော သူတို့မိဘများကိုပါ အသိပေးမထား။ အဘယ့်ကြောင့်ဆိုသော် သူတို့ကိုယ်သူတို့ ပါရမီ ထူးချွန်သူများဟု သိမထား သည့်ကလေးတွေ ဘယ်လိုစွမ်းဆောင်ကြမည်လဲဆိုတာ သိချင်သောကြောင့် ဖြစ်ကြောင်း ဆရာ၊ ဆရာမတွေကို ပြောပြထား၏။

မျှော်လင့်ထားသည့်အတိုင်းပင် ပါရမီထူးချွန်သည့်ကလေးများသည် သူမတူအောင် တော်ကြကြောင်း ဆရာဆရာမများက သတင်းပို့သည်။ သည် ကလေးများနှင့် အလုပ်တွဲလုပ်ရတာ အလွန်ကြည်နူး ကျေနပ်စရာကောင်း ကြောင်း၊ သည်လိုကလေးများနှင့် အမြဲတမ်း အလုပ်တွဲလုပ်ရလျှင် သိပ်ကောင်း မည်ဟု ဆန္ဒပြုမိကြောင်း ပြောပြကြသည်။

သည်စီမံကိန်းတွင် မြှုပ်ကွက်ကလေးတစ်ကွက်ရှိခဲ့သည်။ ဆရာ ဆရာမများ သိထားသည်မှာ သူတို့၏ သင်ကြားမှုစွမ်းရည်မြင့်မားသော ကြောင့် ဤစီမံကိန်းအတွက် သူတို့ကို ရွေးချယ်ထားသည်ဟူ၍ ဖြစ်၏။

ဘာကယ်တော့ သူတို့ကို နံကြား လက်ထောက်ပြီး ရွေးချယ်ထားခြင်းဖြစ်ကြောင်း သူတို့မသိကြချေ။ ထိုနည်းတူစွာပင် ကလေးတွေကို ပါရမီ ထူးချွန်သောကြောင့် ရွေးထားခြင်း မဟုတ်ဘဲ ကြုံရာကျပန်း ရွေးထားခြင်းသာဖြစ်ကြောင်း ဆရာ၊ ဆရာမတွေခမျာ မသိကြချေ။

သို့သော် မျှော်လင့်ချက်တွေက မြင့်မားလွန်းသည့်အတွက် ထွက်ပေါ်လာသော စွမ်းဆောင်မှုတွေကလည်း မြင့်မားလှသည်။ ကလေးများနှင့် ဆရာ ဆရာများအားလုံးသည် ထူးခြားထက်မြက်သူများဖြစ်သည်ဟု သိမြင်ထားသည့်အတွက် သူတို့သည် ထူးထူးခြားခြား စွမ်းဆောင်ခဲ့ကြလေသည်။

သည်တော့ သည်ရလဒ်၊ သည်အဖြေ၏ အဓိပ္ပာယ်က ဘာလဲ။ အဓိပ္ပာယ်ကတော့… သင့်ကလေးများ အပေါ်ထားရှိသည့် သင့်အသိအမြင်များသည် သူတို့ဘဝများ၏ ရလာဒ်ကို အကြီးအကျယ် အကျိုးသက်ရောက်စေလိမ့်မည်ဟူ၍ဖြစ်၏။ တစ်နည်းဆိုရသော် သင့်ကလေး၏ ပါရမီတူးချွန်ချက်ကို သင်ကြည့်နိုင်မြင်နိုင်လျှင် သင့်ကလေး ပိုတော် ပိုတတ်လာအောင် သင်ကူညီနိုင်ပါလိမ့်မည်။ သင်က သင့်ကလေးကို ချမ်းသာသူကလေးအဖြစ် ရှုမြင်လျှင် သင့်ကလေးပိုပြီး ချမ်းသာလာအောင် သင်ကူညီနိုင်ပါမည်။ နောက်ပြီး သူတို့ကိုယ်တိုင်မှာလည်း ထိုအသိအမြင်အတိုင်း ထားရှိနိုင်အောင် သင်ကြားပေးထားလျှင် သူတို့က အခြားသူများကို ဆင့်ပွား သင်ကြားပေးနိုင်လိမ့်မည် ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် ပြောရလျှင် ဤအဆင့်တွင် သင့်ကလေး၏ ပညာရေး အစပြုသည့် အဆင့်ဖြစ်ပါသည်။ ထို့ကြောင့်ပင် "သင့်ကလေးကို ငွေမပေးမီ စွမ်းအားကို အရင်ပေးပါ" ဟု ပြောခဲ့ခြင်းဖြစ်၏။ သူတို့တွင် ခိုင်မာပြတ်သားသော မိမိကိုယ်မိမိ အသိအမြင်များဖြစ်ထွန်းလာအောင် ကူညီပါ။ ထိုအခါ သင်သည် သူတို့ကို ***ချမ်းသာသော ကလေးများ ထက်မြက်သော ကလေးများ*** ဖြစ်လာအောင် ကူညီရာ ရောက်ပါသည်။ အကယ်၍ သူတို့မှာ ထိုအသိအမြင်မျိုးမရှိလို့ကတော့ ကမ္ဘာပေါ်မှာ ရှိရှိသမျှ ပညာတွေ သို့မဟုတ် ငွေတွေက သူတို့ကို ကယ်မနိုင်လိမ့်မည် မဟုတ်။ အကယ်၍ ထိုအသိအမြင်ရှိနေသည်ဆိုလျှင်တော့ သူတို့ ပိုထက်မြက်လာရေး၊ ပိုချမ်းသာလာရေးသည် ပိုလွယ်လာပေလိမ့်မည်။

## ကျွန်တော့်ဖေဖေနှစ်ဦးပေးခဲ့သည့် လက်ဆောင်မွန်များ

ကျွန်တော် ဒုက္ခအရောက်ဆုံးအချိန်များတွင် ကျွန်တော် ရရှိခဲ့သည့် အကောင်းဆုံး လက်ဆောင်မွန်များသည် ကျွန်တော့်ဖေဖေနှစ်ဦးထံမှသာ ဖြစ်ဖွယ်ရာရှိပါသည်။ အထက်တန်းကျောင်းမှာတုန်းက စာမေးပွဲကျပြီး ကျောင်းထွက်ရသောအခါ ကျွန်တော် ဘယ်လောက်ထူးချွန်ထက်မြက်ကြောင်း အမြဲသတိပေးခဲ့သူမှာ ကျွန်တော့်ဖေဖေ ကျောင်းဆရာဖြစ်၏။ ကျွန်တော် ကုန်းကောက်စရာမရှိလောက်အောင် စီးပွားပျက်သွားသောအခါ ဖေဖေချမ်းသာက မပြတ်သတိပေးနေခဲ့သည်မှာ လူချမ်းသာအစစ်အမှန်များသည် လုပ်ငန်းတစ်ခုထက်မက ပျက်စီးခဲ့ဖူးသည်ဟူ၍ဖြစ်၏။ နောက်ပြီး ငွေပမာဏအနည်းဆုံး ဆုံးရှုံးသူများသည် ဆင်းရဲသားများဖြစ်ပြီး ရှိစုမဲ့စု မဖြစ်စလောက်ငွေကလေး ဆုံးရှုံးမှာ အကြောက်ဆုံး ဖြစ်နေသူများမှာလည်း ဆင်းရဲသားများသာ ဖြစ်နေလေ့ရှိကြောင်းလည်း ပြောတတ်၏။

သည်တော့ ဖေဖေတစ်ဦးက ကျောင်းတွင် စာမေးပွဲ ရှုံးနိမ့်မှုများကို လက်သင့်ခံပြီး ၎င်းဆုံးရှုံးမှုများကို အားမာန်များအဖြစ် ပြောင်းလဲပစ်နိုင်အောင် အားပေးခဲ့၏။ နောက်ပြီး ဖေဖေချမ်းသာကတော့ ကျွန်တော့် ငွေကြေးအရှုံးများကို ငွေကြေး အကျိုးအမြတ်များအဖြစ် အသွင်ပြောင်းနိုင်အောင်အားပေးခဲ့၏။ သူတို့နှစ်ယောက်သည် ကွဲပြားခြားနားသော ဘာသာရပ်များကို သင်ကြားကောင်း သင်ကြားခဲ့ကြပေမည်။ သို့သော် သူတို့၏ ပြောစကားတွေကတော့ နည်းလမ်းတော်တော်များများဖြင့် တူညီနေကြောင်း တွေ့ရ၏။

ကလေးတွေက သူတို့ကိုယ်သူတို့ အဆိုးဆုံး ရှုမြင်နေချိန်တွင် သူတို့အကြောင်း အကောင်းချည်း ရှုမြင်ပေးရန်မှာ မိဘများ၏ တာဝန်ဖြစ်တော့၏။ ဤသို့ အသိအမြင် ထားတတ်ခြင်းသည် ကလေးသူငယ်များအတွက်သာမဟုတ်ဘဲ အရွယ်ရောက်ပြီးသူ လူငယ်များအတွက်လည်း အကျိုးရှိပါသည်။

သင့်ကလေးငယ်၏ဘဝတွင် အဆိုးဆုံးတွေသာ ဖြစ်ပေါ်နေသောအခါ သင်သည် မိဘတစ်ဦးအနေဖြင့် အခွင့်ထူးကြီး ရရှိခြင်းဖြစ်သည်ဟု မှတ်ယူပါ။ အခွင့်ထူးကြီးဆိုသည်မှာ သင့်ကလေးအတွက် အတော်ဆုံးဆရာနှင့် အချစ်ဆုံးမိတ်ဆွေ ဖြစ်ခွင့်ရခြင်းပင် ဖြစ်တော့၏။

❒

## အခန်း(၄)
## ချမ်းသာလိုလျှင် ကြိုတင်ပြင်ဆင်မှု ပြုရမည်

ကျွန်တော့်မိဘနှစ်ပါးကရော မိုက်၏ မိဘနှစ်ပါးကပါ ကျွန်တော်တို့နှစ်ယောက်အား ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားဖို့ မပြတ်သတိပေးခဲ့၏။ သည်နေရာမှာလည်း သူတို့တွေ ပြုလုပ်နိုင်းသည့် ပြင်ဆင်နည်းများမှာ တစ်ဦးနှင့်တစ်ဦး မတူညီကြပြန်ချေ။

"မင်း အိမ်စာလုပ်ပြီးပြီလား" ဟု ကျွန်တော့်မေမေက မေးသည်။

"ကစားပြီးပြီးချင်း ကျွန်တော်လုပ်ပါ့မယ် မေမေ" ဆိုသည်က ကျွန်တော့်အဖြေ။

"မင်းကစားတာ ကြာလွန်းလှပြီ။ ကစားတာ ခုချက်ချင်းရပ်ပြီး စာအုပ်တွေ ကိုင်တော့။ မင်းစာမေးပွဲမှာ အဆင့်တွေမကောင်းရင် ကောလိပ်တက်ခွင့်ရမှာ မဟုတ်ဘူး။ အဲဒီအခါကျ မင်းအလုပ်ကောင်းကောင်းရမှာ မဟုတ်ဘူး" ဟု မေမေက ဆူသည်။

"ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ။ ကစားစရာတွေ သိမ်းလိုက်ပါတော့မယ်။ ဒါပေမဲ့ ဟိုတယ်တစ်လုံးဝယ်ပြီးမှ သိမ်းလိုက်မယ်နော် မေမေ"

"ဟော့... မေမေပြောတာ နားထောင်ပြီး မင်းဟာတွေ ခုသိမ်းတော့။ ဒီကစားနည်းကို မင်းသိပ်သဘောကျမှန်း ငါသိတယ်။ ဒါပေမဲ့ ခုစာကျက်ချိန်ရောက်နေပြီကွ"

ဤကား ဖေဖေ့အသံ။ နောက်ပြီး သူ့အသံက သိပ်ရှင်ရှင်ပျပျ မရှိလှ။ အချိန်ကလေးနည်းနည်းပိုရအောင် စျေးဆစ်မနေတာကောင်းမည်ဆိုတာ သိနေသော ကျွန်တော်က ကစားနေတာ ချက်ချင်းရပ်လိုက်သည်။ ပြီးတော့ မိုနိုပိုလီကစားသည့် ပစ္စည်းတွေကို သိမ်းသည်။ အစိမ်းရောင်အိမ်ကလေးတွေ၊ အနီရောင်ဟိုတယ်တွေ၊ ပြီးတော့ ကျွန်တော် နာရီပေါင်းများစွာ ငွေရှာပြီး ဝယ်ယူစုဆောင်းထားသည့် အိမ်မြေအရောင်းအဝယ် စာချုပ်တွေ၊ ဒါတွေကို သိမ်းကျုံးသိမ်းဆည်းပစ်ရတာ ရင်ထဲမှာ နာကျင်လှပါသည်။ ကစားသည့် ဘုတ်ပြား၏ တစ်ဖက်ခြမ်းကို ကျွန်တော် အပိုင်းစီးနိုင်လုနီးပါးဖြစ်နေပြီ။ သို့ဖြစ်သည့်တိုင် မိဘနှစ်ပါးပြောတာမှန်ကြောင်းလည်း ကျွန်တော် သိနေ၏။ မနက်ဖြန် စာမေးပွဲရှိသည်။ သို့သော် ကျွန်တော် ခုထိ စာမကျက်ရသေး။

ကျွန်တော့်ဘဝတွင် မိုနိုပိုလီကစားနည်းကို စွဲစွဲလမ်းလမ်းဖြစ်ခဲ့သည့် ကာလတစ်ဖြတ် ရှိခဲ့သည်။ သည်ကစားနည်းကို ကျွန်တော် အသက်ရှစ်နှစ်မှသည် ဆယ့်လေးနှစ်ထိ တောက်လျှောက်ကစားခဲ့၏။ ဆယ့်လေးနှစ်တွင် ဘောလုံး စကစားသည်။ ကျွန်တော်နှင့် သက်တူရွယ်တူ ချာတိတ်တွေထဲက မိုနိုပိုလီ ကစားနည်း ကစားသူများရှိခဲ့လျှင် သည်ကစားနည်းကို ကျွန်တော် ဆက်ကစားနေမိဦးမည်ဖြစ်ပါသည်။ သို့သော် အထက်တန်းကျောင်းတက်သည့် အရွယ်လောက်ရောက်တော့ သည်ကစားနည်းကို ကစားနေလို့ သိပ်မနိပ်တော့။ သည်ကစားနည်းဖြင့် ကစားတာ အကြိမ်လျော့သွားသည်မှန်သော်လည်း သည်ကစားနည်းကို မြတ်နိုးမှုတော့ လျော့မသွား။ ထို့ကြောင့် ကျွန်တော် အချိန်တန် အရွယ်ရောက်သည်နှင့် သည်ကစားနည်းကို လက်တွေ့ဘဝတွင် စတင်ကစားပါတော့သည်။

## ဖေဖေချမ်းသာထံမှရသည့် ငွေကြေးအခြေခံပညာများ

ခိုင်မာသော ကောင်းမွန်သော ကိုယ့်ကိုယ်ကိုယ် အမြင်စွဲကိုင်ထားပြီးနောက် ချမ်းသာကြွယ်ဝရေးအတွက် အရေးပါ အရာရောက်ဆုံး ဆောက်လုပ်ရေး ဘလောက်တုံးများမှာ ကြိုတင်ပြင်ဆင်ခြင်း (Homework) ဖြစ်ပါသည်။

ကျွန်တော့်အသက် ကိုးနှစ်အရွယ်ကစပြီး ကောလိပ်ကျောင်းတက်သည့် နှစ်များအထိ စနေနေ့တိုင်း ဖေဖေချမ်းသာထံတွင် အလုပ်လုပ်ရင်း ငွေအကြောင်း လေ့လာသင်ယူခဲ့ရ၏။ စနေနေ့ဆိုလျှင် အပေါင်းအသင်းများနှင့်

ရေလွှာလျှောစီးခြင်း (သို့မဟုတ်) အခြား ကစားနည်းတစ်ခုခု ကစားခြင်း ပြုမည့်အစား ဖေဖေချမ်းသာ၏ရုံးခန်းထဲမှာထိုင်ပြီး တစ်နေ့တွင် ဟာဝိုင်ယီကျွန်းမှာ အချမ်းသာဆုံးဖြစ်လာမည့် ပုဂ္ဂိုလ်ကြီးထံမှ ကြီးပွားချမ်းသာရေးပညာများ သင်ယူနေခဲ့ရကြောင်း ချမ်းသာတဲ့ဖေဖေနှင့် နွမ်းရှာတဲ့ဖေဖေစာအုပ်တွင် ဖော်ပြခဲ့ပြီးပါပြီ။

အဆိုပါ စနေဝိုင်းတွေထဲမှ စနေတစ်ဝိုင်းတွင် ဖေဖေချမ်းသာက မိုက်နှင့် ကျွန်တော့်ကို မေးသည်။

"ငါဟာ ငါ့ဆီမှာ အလုပ်လုပ်တဲ့လူတွေထက် အမြဲတမ်း ချမ်းသာနေလိမ့်မယ်။ အဲဒါ ဘာကြောင့်လဲ မင်းတို့ သိကြလား"

မိုက်နှင့်ကျွန်တော် ခဏကြာအောင် ငေါင်နေသည်။ သင့်တင့်မည့်အဖြေကို အသည်းအသန်စဉ်းစားနေကြသည်။ ပထမတော့ သူ့မေးခွန်းက ခပ်တုံးတုံးမေးခွန်းကြီးလို ထင်နေသည်။ သို့ပေမဲ့ ဖေဖေချမ်းသာအကြောင်း သိနေတော့ ကျွန်တော်တို့ သင်ယူဆည်းပူးရမည့် အရာတစ်ခုခု သူ့မေးခွန်းမှာ ပါနေပြီဆိုတာ ကျွန်တော်တို့ သိနေသည်။ နောက်ဆုံး ဘယ်လိုမှ မမှားနိုင်ဟု ထင်သည့်အဖြေကို ကျွန်တော်ပြောချလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ ဦးက သူတို့ထက်ပိုပြီး ဝင်ငွေကောင်းလို့ပေါ့"

"ဟုတ်တာပေါ့" မိုက်က ခေါင်းညိတ် သဘောတူသည်။ "နောက်ဆုံးတော့ ဖေဖေက ကုမ္ပဏီပိုင်ရှင်ပဲဟာ။ နောက်ပြီး ဖေဖေက လခ ဘယ်လောက်ယူမယ်၊ သူတို့ကို ဘယ်လောက်ပေးမယ်ဆိုတာ ဖေဖေပဲ ဆုံးဖြတ်နေတာပဲဟာကို"

ဖေဖေချမ်းသာ လှုပ်ကုလားထိုင်တွင် ကျောမှီပြီး လှုပ်ယမ်းနေသည်။ ပြုံးနေသည်။ "လူတိုင်း ဘယ်လောက် လခရမယ်ဆိုတာ ငါဆုံးဖြတ်တာဆိုတာ မှန်တယ်။ ဒါပေမဲ့ အမှန်က ငါ့အတွက် အလုပ် လုပ်ပေးနေသူတော်တော်များများထက် ငါက လခလျော့ပြီးရတာကွ"

မိုက်နှင့်ကျွန်တော် ဖေဖေချမ်းသာကို သံသယအကြည့်ဖြင့် ကြည့်နေကြသည်။

"ဒီစီးပွားရေးလုပ်ငန်းကို ဖေဖေပိုင်နေမှတော့ ဘယ်လိုလုပ်ပြီး တခြားလူတွေက ဖေဖေ့ထက် လခ များနိုင်ဦးမှာလဲ" ဟု မိုက်က မေးသည်။

"ဘာကြောင့်လဲဆိုတော့ အကြောင်းအရင်း အများကြီးရှိတယ်။ မင်းတို့ကို ပြောပြစေချင်လို့လား"

"ပြောစေချင်တာပေါ့" ဟု မိုက်က ပြန်ပြောသည်။

"အင်း၊ မင်းတို့ စီးပွားရေးလုပ်ငန်းတစ်ခုစပြီး ထူထောင်ပြီဆိုရင် ငွေသား အကျပ်အတည်းနဲ့ ကြုံရလေ့ရှိတယ်။ ပြီးတော့ ထုံးစံအားဖြင့် လုပ်ငန်းရှင်က နောက်ဆုံးမှ လခရတာချည်းပဲ"

"ဖေဖေဆိုလိုတာက အမှုထမ်းတွေက အမြဲတမ်း လခ အရင် ရကြတာချည်းပဲလား"

ဖေဖေချမ်းသာ ခေါင်းညိတ်သည်။ "အဲဒါ အမှန်ပဲ။ သူတို့က လခ အရင်ရကြရုံ မဟုတ်ဘူး၊ သူတို့က ငါ့ထက်တောင် လခ များနေတတ်သေးတယ်ဗျာ့"

"အဲဒါက ဘာဖြစ်လို့လဲ။ လခကို နောက်ဆုံးမှလည်း ယူရသေးတယ်၊ အနည်းဆုံးလည်း ယူရသေးတယ်ဆိုမှတော့ ဘာဖြစ်လို့ လုပ်ငန်းတစ်ခု ထူထောင်နေဦးမှာလဲ" ဟု ကျွန်တော်က စောဒကတက်သည်။

"ဘာဖြစ်လို့လဲဆိုတော့… အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းကြီးတစ်ခု ထူထောင်ဖို့ စီမံကိန်းချမယ်ဆိုရင် လုပ်ငန်းပိုင်ရှင်တစ်ဦးက အစပထမပိုင်းမှာ အဲဒီလိုလုပ်ဖို့ လိုအပ်လို့ပေါ့"

"သိပ်တော့ အဓိပ္ပာယ်မရှိပါဘူးဗျာ၊ ဒါဆိုလည်း ဦး ဘာဖြစ်လို့ အဲဒီလိုလုပ်သလဲ ပြောပါ"

"ဘာကြောင့်လဲဆိုတော့ ဝန်ထမ်းတွေက ငွေရရေးအတွက် အလုပ်လုပ်ပြီး၊ ငါကတော့ ရပိုင်ခွင့်တစ်ခု တည်ဆောက်ဖို့ အလုပ် လုပ်တာမို့လို့ပေါ့"

"ဒီတော့ ဒီလုပ်ငန်းကို ထူထောင်ရင်း ဖေဖေ့လခက တိုးလာမှာလား" ဟု မိုက်က မေးသည်။

"တိုးချင်တိုးမယ်၊ မတိုးချင်လည်း မတိုးဘူး။ ငါ ဒီစကားပြောတာ မင်းတို့ကို ငွေနဲ့ရပိုင်ခွင့်ရဲ့ခြားနားချက်ကို သိစေချင်လို့ကွ။ နောက်ပိုင်းမှာ ငါ့ကိုယ်ငါ လခ တိုးပေးချင်ပေးမယ်၊ မပေးချင် မပေးဘူး။ တစ်ခုရှိတာက ငါက လခရဖို့ အလုပ်ကျုံးလုပ်နေတာ မဟုတ်ဘူး။

ငါကြိုးစားပမ်းစား အလုပ်လုပ်နေတာက တန်ဖိုးမြင့်ပြီးရင်း မြင့်တက်လာမယ့် ရပိုင်ခွင့်တစ်ခုတည်ဆောက်ဖို့။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အဲဒီ

[illegible] ဒေါ်လာသန်းပေါင်းများစွာနဲ့ ရောင်းချင် ရောင်းပစ်မယ်။ ဒါမှ မဟုတ် အဲဒီလုပ်ငန်းကို ဦးစီးဖို့ ဥက္ကဋ္ဌတစ်ယောက် ခန့်ထားပြီး ငါက တခြားလုပ်ငန်းတစ်ခု ထူထောင်ဖို့ ကြိုးစားချင်ကြိုးစားမှာပေါ့"

"ဒီတော့ ဦးအနေနဲ့က စီးပွားရေးလုပ်ငန်းတစ်ခု တည်ထောင်တယ်ဆိုတာ ရပိုင်ခွင့်တစ်ခု တည်ထောင်တာပေါ့နော်။ နောက်ပြီး ဦးအတွက် ရပိုင်ခွင့်က ငွေထက် ပိုအရေးကြီးပါတယ်ပေါ့"

ကျွန်တော်က ငွေနှင့်ရပိုင်ခွင့်ခြားနားချက်ကို သိမြင်အောင် အစွမ်းကုန် အားထုတ်ရင်းပြောလိုက်၏။

"မှန်တယ်။ နောက်ပြီး ငါ လခ နည်းနည်းပဲ ရတဲ့ ဒုတိယအကြောင်းအရင်းက ငါ့မှာ တခြားဝင်ငွေရလမ်းတွေ ရှိနေပြီးသားမို့လို့ပေါ့"

"ဦးရဲ့တခြားရပိုင်ခွင့်တွေကနေ ဝင်ငွေရှိနေတယ်လို့ ဆိုလိုတာလား ဟင်"

ဖေဖေချမ်းသာ ခေါင်းညိတ်လိုက်ပြန်သည်။

"အဲဒါကြောင့် ဘယ်သူဘယ်လောက်ပဲ လခများများရရ... ငါ့အလုပ်သမားတွေထက် ငါက အမြဲတမ်း ပိုချမ်းသာနေမှာ။ ဘာကြောင့်လဲလို့ မင်းတို့ကို မေးခဲ့တာပေါ့။ မင်းတို့နှစ်ယောက်ကို သိပ်အရေးကြီးတဲ့ သင်ခန်းစာတစ်ခု သင်ပေးဖို့ ငါကြိုးစားနေတာကွ"

"ဒီတော့ သင်ခန်းစာက ဘာလဲ" ဟု မိုက်က မေးသည်။

"သင်ခန်းစာက မင်း... လုပ်ငန်းခွင်မှာ အလုပ်လုပ်ရင် မချမ်းသာနိုင်ဘူး။ မင်းအိမ်မှာ အလုပ်လုပ်မှ ချမ်းသာမယ်"

ဖေဖေချမ်းသာ လေးလေးနက်နက်ပြောသည်။ သူ့စကားလုံးတွေကို ကျွန်တော်တို့ ပေါ့ပေါ့တန်တန် သဘောမထားအောင် ပြုလုပ်လိုက်ခြင်းဖြစ်သည်။

"ကျွန်တော် နားမလည်ဘူးခင်ဗျ။ အိမ်မှာမှ ချမ်းသာမယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ"

"အဲ၊ မင်းလုပ်ခ ရတာ အလုပ်ခွင်မှာ၊ ဒါပေမဲ့ မင့် ငွေကို ဘာလုပ်မလဲဆိုတာကို ဆုံးဖြတ်တာက အိမ်မှာလေ။ နောက်ပြီး မင်းချမ်းသာအောင် (ဒါမှမဟုတ်) ဆင်းရဲအောင် ဖန်တီးပေးတာက မင်းလုပ်ခရပြီးတဲ့အခါ အဲဒီငွေကို ဘာလုပ်သလဲဆိုတာက ဖန်တီးပေးတာ"

"အိမ်စာလုပ်သလိုပေါ့" ဟု မိုက်က ပြောလေသည်။

"အတိအကျပေါ့။ ဖေဖေနာမည်ပေးထားတာ အဲ့ဒီအတိုင်းပဲ။ အိမ်စာလုပ်သလို အိမ်မှာ ကြိုတင်ပြင်ဆင်ထားတာကို ချမ်းသာအောင် လုပ်တယ်လို့ ငါက ခေါ်တာကွ"

"ဒါပေမဲ့ ကျွန်တော့်ဖေဖေလည်း အိမ်ကို အလုပ်တွေ ယူလာတာပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့ မချမ်းသာဘူးလေ" ဟု ကျွန်တော် ခပ်ကာကာ ပြောလိုက်သည်။

"အဲ၊ မင်းဖေဖေက အလုပ်တွေ အိမ်ကို ယူလာတာကွ၊ ဒါပေမဲ့ တကယ်တမ်းကျတော့ ကြိုတင်ပြင်ဆင်မှုကို အိမ်မှာလုပ်တာ မဟုတ်ဘူး။ မင်းဖေဖေ… အိမ်အလုပ်တွေ လုပ်တာကို အိမ်မှာ ပြင်ဆင်မှုလုပ်တယ်လို့ ငါက မခေါ်ဘူး"

"ဒါမှမဟုတ် ခြံလုပ်ငန်းမျိုးပေါ့"

ဖေဖေချမ်းသာ ခေါင်းညိတ်သည်။

"ဟုတ်တယ်။ ခြံအလုပ်တွေ၊ အိမ်ကို ယူလာတဲ့ ကျောင်းအလုပ်တွေ… မင်းဖေဖေယူလာတဲ့ရုံးအလုပ်တွေ… အဲဒီအလုပ်တွေနဲ့ ငါဆိုလိုတဲ့ အိမ်မှာလုပ်တဲ့ ပြင်ဆင်မှုအလုပ်ဆိုတာနဲ့… မတူဘူး"

ထို့နောက်တွင်မှ ကျွန်တော့်တစ်သက်မမေ့နိုင်မည့် စကားတစ်ခွန်းကို ပြောလိုက်သည်။

"ချမ်းသာသူတွေ၊ ဆင်းရဲသားတွေနဲ့ လူလတ်တန်းစားတွေဟာ သူတို့ရဲ့ အချိန်ပိုတွေမှာ ဘာတွေလုပ်သလဲဆိုတာမှာ အဓိက ခြားနားသွားတာပဲ"

"သူတို့ရဲ့ အချိန်ပို ဟုတ်လား။ သူတို့ရဲ့ အချိန်ပိုဆိုတာ ဘယ်လိုအချိန်မျိုးကို ပြောတာလဲခင်ဗျ"

ဖေဖေချမ်းသာက သူ့သားနှင့်ကျွန်တော့်ကို ခဏမျှ ပြုံးကြည့်နေသည်။

"ဒီစားသောက်ဆိုင်လုပ်ငန်း ဘယ်က စခဲ့တယ်လို့ မင်းတို့ထင်သလဲ။ မိုးပေါ်က ကျလာတယ် ထင်လို့လား"

"ဟင့်အင်း... ဒီလုပ်ငန်းကို မေမေနဲ့ဖေဖေတို့ စားဖိုဆောင် စားပွဲမှာ စခဲ့ကြတာလေ။ ဖေဖေ့လုပ်ငန်းတွေ အစပြုခဲ့တာ အဲဒီမှာ ကြီးပဲလေ" ဟု မိုက်က ပြောသည်။

"မှန်တာပေါ့။ လွန်ခဲ့တဲ့ နှစ်ပေါင်းတော်တော်ကြာတုန်းက တို့တတွေ စပြီး တည်ထောင်ခဲ့တဲ့ စတိုးဆိုင်သေးသေးကလေးကို မှတ်မိသေးလား"

မိုက် ခေါင်းညိတ်သည်။

"ဟုတ်ကဲ့၊ မှတ်မိတယ်။ အဲဒီတုန်းက ကျွန်တော်တို့မိသားစု အရမ်းကျပ်တည်းနေတဲ့အချိန်ပေါ့။ ကျွန်တော်တို့မှာ ငွေဆိုလို့ နည်းနည်းလေးပဲ ရှိတယ်လေ"

"ကဲ၊ ခုတော့ တို့မှာ စတိုးဆိုင် ဘယ်နှဆိုင်ရှိသလဲ"

"ငါးဆိုင်"

"နောက်ပြီး စားသောက်ဆိုင်တွေရော"

"ခုနစ်ဆိုင် ပိုင်နေပြီ"

"ဒီတော့ ဒီစားသောက်ဆိုင်ကနေ ဦး လခနည်းနည်းပဲ ယူတာ တခြားစားသောက်ဆိုင်တွေက ဝင်ငွေရနေလို့ပေါ့နော်"

"အဲ့ဒါ အဖြေရဲ့ တစ်စိတ်တစ်ပိုင်းပဲ ရှိသေးတယ်၊ ကျန်တဲ့အပိုင်းက ဟောဒီ မိုနိုပိုလီဘုတ်ပြားပေါ်မှာ ရှိတယ်။ မိုနိုပိုလီကစားနည်းကို နားလည်သဘောပေါက်အောင် အားထုတ်တာဟာ မင်းတို့လုပ်နိုင်တဲ့ အိမ်အလုပ်ထဲမှာ အကောင်းဆုံးအိမ်အလုပ်ပေါ့ကွာ"

ထို့နောက် ဖေဖေချမ်းသာက မိုနိုပိုလီကစားနည်းကို လိမ္မာပါးနပ်စွာ ကစားတတ်ခြင်းအားဖြင့် ၎င်းကစားနည်းမှ ပုံသေနည်းများ ထုတ်ယူလို့ ရကြောင်း၊ ၎င်းပုံသေနည်းများကို လက်တွေ့ဘဝမှာ အသုံးချပြီး ချမ်းသာကြွယ်ဝအောင် လုပ်လို့ရကြောင်း စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"ဒီတော့ အိမ်ခြံမြေ အရောင်းအဝယ်လုပ်တမ်း ကစားတာဟာ ကြီးပွားချမ်းသာရေးအတွက် ကြိုတင်ပြင်ဆင်မှုပြုတာပဲ။ မင်းတို့ အိမ်စာတွေ လုပ်သလိုပေါ့ကွာ။ နောက်ပြီး ငါပြောလိုက်မယ်၊ အဲဒါကမှ မင်းတို့ကို ချမ်းသာစေမှာ။ မင်းတို့ရဲ့ လခက ချမ်းသာအောင် လုပ်မပေးနိုင်ဘူး"

"ဒါဆို လခတွေ အများကြီးရလည်း ကျွန်တော်တို့ မချမ်းသာနိုင်ဘူးပေါ့"

"အဲဒါ အမှန်ပဲ။ လခကြောင့် မင်းတို့ မချမ်းသာဘူး။ လူတစ်ယောက် ချမ်းသာမလား၊ ဆင်းရဲမလား၊ လူလတ်တန်းစားဖြစ်မလားဆိုတာ သူတို့ရဲ့လခကို သူ ဘာလုပ်သလဲဆိုတာက ပြဋ္ဌာန်းတယ်"

"ကျွန်တော် နားမလည်ဘူးခင်ဗျ၊ ကျွန်တော့်ဖေဖေကတော့ အမြဲတမ်းပြောတယ်။ သူ့လခတွေ အများကြီးတိုးလာရင် ကျွန်တော်တို့ ချမ်းသာလာမယ်တဲ့"

"လူများစုက အဲ့ဒီလို ထင်ကြတယ်လေ။ ဒါပေမဲ့ တကယ့် လက်တွေ့မှာကျတော့ လူတွေဟာ လခကောင်းလေ အကြွေးပိုတင်လေပဲ။ ဒီတော့ သူတို့ ပိုပြီး ကျုံးရုန်း အလုပ်လုပ်ကြရရော"

"အဲဒါ ဘာဖြစ်လို့လဲဟင်"

"အဲဒါ သူတို့အိမ်မှာ လုပ်တဲ့အလုပ်ကြောင့်ပေါ့၊ သူတို့ရဲ့ အချိန်ပိုမှာ လုပ်တဲ့အလုပ်ကြောင့်ပေါ့။ လူအများစုဟာ ငွေရအောင် ရှာကြတယ်။ အဲဒီငွေကို ဘာလုပ်မလဲဆိုတာကျတော့ သူတို့မှာ စီမံကိန်းမရှိဘူး။ ရှိလည်း ချာတူးလံတဲ့ စီမံကိန်း၊ ချာတူးလံတဲ့ ပုံသေနည်းတွေပဲ ရှိတတ်ကြတယ်"

"ဒီတော့ လူတစ်ယောက်ဟာ ကြီးပွားချမ်းသာရေးအတွက် ပုံသေနည်းကောင်းတစ်ခုရအောင် ဘယ်မှာ ရှာရမလဲ ဖေဖေ" ဟု မိုက်က မေးသည်။

"အဲ၊ ကြီးပွားချမ်းသာရေးအတွက် ပုံသေနည်းတွေ အများကြီးရှိတဲ့အထဲက နည်းတစ်နည်းကတော့ ဟောဒီ မိုနိုပိုလီ ဘုတ်ပြားပေါ်မှာ ရှိတယ်ကွ"

ထို့နောက် မိုနိုပိုလီကစားပွဲတွင် အနိုင်ရအောင် ငွေရှာရကြောင်း၊ ရသည့်ငွေဖြင့် အိမ်တွေ၊ မြေတွေ ဝယ်ရကြောင်း။ အိမ်မြေများမှတစ်ဆင့် ဟိုတယ်များ ဝယ်ရကြောင်း ရှင်းပြသည်။

"ကြီးပွားချမ်းသာရေးနည်းလမ်းက အဲဒီလောက်တောင် လွယ်သလားခင်ဗျ"

ကျွန်တော် မယုံနိုင်စွာ မေးမိ၏။

"အဲဒီလောက်ကိုပဲ လွယ်တယ်။ ငါဆိုရင် ငါရတဲ့လခကို စုဆောင်းပြီး အိမ်၊ ခြံ၊ မြေအရောင်းအဝယ်လုပ်ငန်းထဲမှာ ရင်းနှီးမြှုပ်နှံထားတာ နှစ်ပေါင်းတော်တော်ကြာပြီ။ အဲဒီလုပ်ငန်းက ရတဲ့ဝင်ငွေနဲ့ လောက်ငအောင်

နေထိုင်တယ်။ ပြီးတော့ ငါရင်းနှီးမြှုပ်နှံမှုကို ဆက်ပြီး တိုးချဲ့တယ်။ အဲဒါ လူတော်တော်များများအတွက် နည်းကောင်းတစ်လက်ပဲ"

"ဒါဆို အဲဒီလောက် လွယ်တဲ့နည်းကို ဘာဖြစ်လို့ လူတွေ မသုံးကြတာလဲ"

"သူတို့လုပ်ရမယ့် အိမ်အလုပ်ကို မလုပ်ကြလို့ပေါ့"

"ကြီးပွားချမ်းသာနည်းဟာ ဒီတစ်နည်းပဲရှိသလားခင်ဗျ"

"ဟင့်အင်း။ ဒါပေမဲ့… ဒီနည်းဟာ ရာစုနှစ်ပေါင်းများစွာ ဖြစ်လာခဲ့တဲ့နည်းကွ"

"ဒါဆို ဖေဖေက တကယ့်ဘဝမှာ မိုနိုပိုလီ ကစားနည်းကို ကစားနေတာပေါ့လေ"… ဖေဖေချမ်းသာ ခေါင်းညိတ်ပြသည်။

"အဓိကဆိုလိုရင်းကတော့ မင်းတို့ အိမ်အလုပ်လုပ်မှ ချမ်းသာမယ်၊ ရုံးလုပ်လုပ်လို့ မချမ်းသာနိုင်ဘူး ဆိုတာပဲ။ အဲဒီအချက်ကို မင်းတို့ နားလည်သဘောပေါက်စေချင်တယ်။ မင်းတို့ရဲ့ စီးပွားရေးလုပ်ငန်းကို အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်နဲ့ပဲ ထူထောင်ထူထောင်၊ စတော့နဲ့ရှယ်ယာလုပ်ငန်းနဲ့ပဲ ထူထောင်ထူထောင်၊ တခြားစီးပွားရေးလုပ်ငန်းတစ်ခုပဲ လုပ်လုပ်၊ ကြိုက်ရာလုပ်လို့ရတယ်။ ငါဂရုမစိုက်ဘူး။ ငါဂရုစိုက်တာက လူများစုဟာ အလုပ်ခွင်မှာ အလုပ်လုပ်ရင်း သူဌေးမဖြစ်နိုင်ဘူးဆိုတာ မင်းတို့သဘောပေါက်ဖို့ပဲ။ မင်းတို့အိမ်မှာ အိမ်အလုပ်လုပ်မှ သူဌေးဖြစ်မှာ"

ချမ်းသာတဲ့ဖေဖေနှင့် နွမ်းရှာတဲ့ဖေဖေ စာအုပ်တွင် ဖေဖေချမ်းသာ သင်ပေးသည့် သင်ခန်းစာအမှတ် (၁) မှာ ချမ်းသာသူတွေက ဝင်ငွေအတွက် အလုပ် မလုပ်ကြ ဟူ၍ဖြစ်၏။ သူတို့က ထိုသို့ဝင်ငွေအတွက် အလုပ်လုပ်မည့်အစား သူတို့အတွက် ငွေကို ဘယ်လိုခိုင်းရမည်ဆိုတာကို အာရုံစိုက်ကြသည် ဟူ၍ဖြစ်၏။ သူတို့၏ စည်းစိမ်ချမ်းသာများ ဖြစ်ထွန်းလာသည်။ ဖေဖေချမ်းသာ၏စကားအတိုင်းပြောရလျှင် 'သူတို့၏ အိမ်အလုပ် (သို့မဟုတ်) ကြိုတင်ပြင်ဆင်မှု' ကို လုပ်ကြသောကြောင့် ဖြစ်ကြောင်း နောင်တွင် ကျွန်တော် သိလာခဲ့၏။

၁၉၇၃ ခုနှစ်၊ ကျွန်တော် ဗီယက်နမ်စစ်ပွဲမှ ပြန်ရောက်လာသောအခါ ရုပ်မြင်သံကြားကြော်ငြာတစ်ခု တွေ့ရသည်။ အိမ်၊ ခြံ၊ မြေ၊ အရောင်းအဝယ်

သင်တန်းကြော်ငြာ။ ကျွန်တော် ချက်ချင်း စာရင်းသွင်းလိုက်၏။ ထိုသင်တန်း အတွက် ၃၈၅ ဒေါ်လာပဲ ကုန်သည်။ ထိုသင်တန်းတစ်ခုတည်းက ကျွန်တော် နှင့် ကျွန်တော့်မိန်းမကို သန်းကြွယ်သူဌေးများဖြစ်အောင် ဆောင်ကြဉ်းပေး ခဲ့၏။ ထိုသင်တန်းက ပို့ချလိုက်သည့် ပုံသေနည်းကို သုံးပြီး ဝယ်လိုက် သည့် အိမ်၊ ခြံ၊ မြေတို့မှရသည့် ဝင်ငွေက ကျွန်တော်တို့နှစ်ယောက်အား ငွေကြေး အမှီအခိုကင်းသူများဖြစ်အောင် ဖန်တီးပေးခဲ့လေသည်။

ကျွန်တော်တို့ ဇနီးမောင်နှံ နောက်ထပ် အလုပ်ဝင်လုပ်ဖို့ မလိုတော့ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံထားသည့် အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်လုပ်ငန်း မှရသည့် ဝင်ငွေဖြင့် ကျွန်တော်တို့ လူတန်းစေ့ နေထိုင်နိုင်ကြသည်။ သည်တော့ အဆိုပါသင်တန်းကြေး ၃၈၅ ဒေါ်လာက ကျွန်တော့်အား ငွေကြေးထက်မက သော အကျိုးအမြတ်များ ပြန်ပေးခဲ့၏။ ထိုသင်တန်းမှ တတ်သိလာသည့် အသိပညာက ကျွန်တော်နှင့် ကျွန်တော့်ဇနီးကို အလုပ်အာမခံချက်ထက် မကသော အကျိုးအမြတ်များ ပြန်ပေးခဲ့၏။ ထိုသင်တန်းက ကျွန်တော်တို့အား ငွေရေးကြေးရေး အာမခံချက်နှင့် ငွေရေးကြေးရေး အနှောင်အဖွဲ့ကင်းမှု အမြတ်များ ပြန်ပေးခဲ့၏။ ထိုသင်တန်းက ကျွန်တော်တို့အား ငွေရေးကြေးရေး အနှောင်အဖွဲ့ကင်းမှု အမြတ်ရအောင် ဖန်တီးပေးခဲ့၏။ ကျွန်တော်တို့က လုပ်ငန်းခွင်မှာ ကျားကုတ်ကျားခဲ အလုပ်လုပ်၏။ ပြီးတော့ ကျွန်တော်တို့၏ အိမ်အလုပ် သို့မဟုတ် ကြိုတင်ပြင်ဆင်မှုကိုလည်း ပြုလုပ်ခဲ့၏။

ဖေဖေချမ်းသာက မိုက်ရယ် ကျွန်တော်ရယ်နှင့်အတူ မိုနိုပိုလီကစား ရင်း ပြောခဲ့သည့်အတိုင်း ကျွန်တော်တို့ ဖြစ်လာခဲ့ပါသည်။

"မင်းတို့လုပ်ငန်းခွင်မှာ သူဌေး မဖြစ်ဘူး၊ အိမ်မှာမှ သူဌေးဖြစ်မယ်" တဲ့။

## ကစားပွဲများ ကစားဖို့ ပါရမီတစ်မျိုးထက်မက ရှိဖို့လိုသည်

ကျောင်းစာသင် စနစ်က နှုတ်ပြော ဘာသာစကား ထူးချွန်မှုကို အဓိကထား ဦးစားပေး၏။ အကယ်၍ ကလေးတစ်ဦးသည် နှုတ်ပြောဘာသာစကားတွင် မထူးချွန်လျှင် သူရင်ဆိုင်ရဖွယ်ရှိသည့် စိန်ခေါ်ချက်များအကြောင်း စောစော ပိုင်းက ကျွန်တော်ဆွေးနွေးခဲ့ပြီး ဖြစ်၏။

ကျောင်းမှာတုန်းက ကျွန်တော်သည် စာဖတ်ခြင်း၊ စာရေးခြင်း၊ သင်ကြားပို့ချချက်ကို နာယူခြင်း၊ ကိုယ့်ဘာသာကိုယ် စစ်ဆေးကြည့်ခြင်းတို့တွင် ညံ့ဖျင်းပါသည်။ ယခုထက်တိုင် အငြိမ်မနေတတ်သော ကျွန်တော်သည် ရုပ်ပိုင်းနွယ်သည့် ထူးချွန်မှုများ ထုတ်သုံးရပါမှ သင်ယူတတ်မြောက်လွယ်ဆုံး ဖြစ်ပါသည်။ ကျွန်တော်က လုပ်ဆောင်ခြင်း၊ စကားပြောခြင်း၊ အုပ်စုတွေထဲတွင် အလုပ်လုပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြိုင်ဆိုင်ခြင်းနှင့် ဟေးလားဝါးလားလုပ်ခြင်းတို့ဖြင့် သင်ယူတတ်မြောက်လွယ်ဆုံး ဖြစ်၏။ ကျွန်တော် စာဖတ်တတ်၏။ စာရေးတတ်၏။ သို့ရာတွင် မိမိသိထားသည့် သတင်းကို လေ့လာမှတ်သားရန်နှင့် ဖြန့်ဝေရန် အားထုတ်ရာ၌ ထိုနည်းများသည် ကျွန်တော့်အတွက် စိတ်ဆင်းရဲစရာ အကောင်းဆုံးနည်းများ ဖြစ်နေလေသည်။

ထို့ကြောင့် ကျောင်းတက်ရတာကို ကျွန်တော် စိတ်ဆင်းရဲခြင်း ဖြစ်၏။

ထို့ကြောင့် ကျွန်တော် ချာတိတ်ဘဝက ကစားပွဲများကို မြတ်နိုးပြီး ယခု လူကြီးဖြစ်လာသည့်တိုင် ကစားပွဲများကို မြတ်နိုးနေဆဲ ဖြစ်နေခြင်းပင်။ ကစားပွဲတစ်ပွဲကို ကျွမ်းကျွမ်းကျင်ကျင် ကစားတတ်ဖို့နှင့် အနိုင်ရဖို့ဆိုသည်မှာ ထူးချွန်မှုတစ်မျိုးထက်မက ရှိဖို့လို၏။ ကစားပွဲများသည် စာသင်ခန်းရှေ့မှာ မတ်တတ်ရပ်ပြီး သင်ကြားပို့ချနေသည့် ကျောင်းဆရာတစ်ဦးထက် ပိုတော်၊ ပိုထိရောက်သော ဆရာများ ဖြစ်နေတတ်လေသည်။

ကျွန်တော်က လှောင်ပိတ်နေသော စာသင်ခန်းထဲမှာ ထိုင်နေရတာကို မုန်းသည်။ ယနေ့ထက်တိုင် ရုံးခန်းထဲမှာ ထိုင်နေဖို့ ကျွန်တော် ငြင်းဆန်ဆဲဖြစ်၏။ "တစ်နေ့နေ့ကျရင် မျက်နှာစာနှစ်ဖက်ရှိတဲ့ လမ်းထောင့်ရုံးခန်း တစ်ခန်းတော့ ပိုင်အောင် လုပ်ရမယ်" ဟု လူတွေ ပြောသည်ကို ခဏခဏ ကြားဖူးသည်။ ကျွန်တော်ကတော့ ဘယ်တုန်းကမှ ရုံးခန်းကြီးဖြင့် ရုံးထိုင်နေချင်စိတ် မရှိခဲ့။ ရုံးခန်းများဖွင့်သည့် အဆောက်အဦတွေ ကျွန်တော် ပိုင်ခဲ့၏။ သို့သော် ကျွန်တော့်မှာ ရုံးခန်းတစ်ခန်းမျှ မရှိ။ ကျွန်တော်အစည်းအဝေးတွေ ပြုလုပ်စရာ ရှိ၏။ အစည်းအဝေးကျင်းပဖို့ ကုမ္ပဏီအစည်းအဝေးခန်းမကို အသုံးပြုသည်။ သို့မဟုတ် စားသောက်ဆိုင် တစ်ဆိုင်ဆိုင်မှာ တွေ့ဆုံသည်။ ကျွန်တော်ငယ်ဘဝကတည်းက လှောင်ပိတ်သောအခန်းကို

မုန်းသည်။ ယခုလူကြီးဖြစ်လာတော့လည်း ထိုအခန်းမျိုးတွေကို မနှစ်မြို့။ လှောင်ပိတ်နေသောအခန်းထဲမှာ ကျွန်တော့်ကို ထိုင်စေလိုလျှင် အကောင်းဆုံး နည်းလမ်းမှာ ကစားပွဲတစ်ပွဲကစားဖို့ စီစဉ်ပေးထားခြင်းဖြစ်၏။ ယနေ့ဆိုလျှင် ကျွန်တော်လုပ်ငန်းခွင်ရှိရာသို့ သွားသည်။ ပြီးတော့ ကစားပွဲတွေ ကစားမြဲ ဆက်ကစားသည်။ သို့ပေမဲ့ ယနေ့ကစားနေတာကတော့ မိုနိုပိုလီ ကစားနည်း ကို တကယ့်ငွေဖြင့် ကစားနေခြင်းပါ။ ကျွန်တော်ကစားသည့်အကြောင်းမှာ ထိုနည်းသည် ကျွန်တော် သင်ယူတတ်မြောက်ဖို့ အလွယ်ဆုံးနည်းဖြစ်သော ကြောင့်ပင် ဖြစ်၏။

ကျောင်းသင်ပညာရေးဘက်တွင် ကျွန်တော် ထူးချွန်မည် မဟုတ်မှန်း သိနေသော ကျွန်တော့်ဖေဖေက ကျွန်တော့်အား အာရုံစိုက် နားထောင်ပြီး သင်ယူဆည်းပူးရသည့် ကျောင်းများထက် လက်တွေ့လုပ်ဆောင်ပြီး သင်ယူ ဆည်းပူးရသည့် ကျောင်းများသို့ သွားဖြစ်အောင် အားပေးခဲ့လေသည်။

ထို့ကြောင့် ကျွန်တော် အမေရိကပြည်ထောင်စု၊ ကုန်သွယ်ရေကြောင်း သိပ္ပံတက္ကသိုလ် လျှောက်ထားခဲ့ခြင်းဖြစ်၏။ ကျွန်တော် သင်္ဘောပေါ် တက်ခွင့် ရသည့်အတွက် သင်္ဘောအရာရှိဖြစ်အောင် သင်ယူခဲ့၏။ ကျောင်းဆင်းပြီးသော အခါ ကမ်းတက် တပ်ဖွဲ့ထဲ ဝင်ခဲ့သည်။ ကမ်းတက်တပ်ဖွဲ့တွင် လေယာဉ် မောင်း သင်ယူခဲ့သည်။ လေယာဉ်မောင်းရတာကို ကျွန်တော် မြတ်နိုးသည်။ သင်္ဘောပေါ်မှာ သင်္ဘောနှင့်လိုက်ရင်း လေ့လာဆည်းပူးရတာကို သဘောကျ သည်။ လေယာဉ်ထဲဝင်ပြီး လေယာဉ်နှင့်လိုက်ရင်း လေ့လာဆည်းပူးရတာကို နှစ်သက်သည်။

ပိတ်လှောင်သော စာသင်ခန်းထဲမှာ သင်ယူရတာကို ကျွန်တော်ခံနိုင် စွမ်း ရှိခဲ့၏။ ဘာကြောင့်ဆိုသည် ပညာတွေ တတ်ခြင်းက လက်တွေ့ဘဝတွင် ကျွန်တော့်အား သင်္ဘော မောင်းတတ်စေ၏။ လေယာဉ် မောင်းတတ်စေ။ ပိတ်လှောင်သော စာသင်ခန်းထဲမှာ ကျွန်တော် သင်ယူ ဆည်းပူးခဲ့၏။ အကြောင်းမှာ သင်ယူဆည်းပူးလိုသောကြောင့် ဖြစ်၏။ ကျွန်တော်ကိုယ်နှိုက် က သင်ယူဆည်းပူးလိုပြီဆိုလျှင် ပျင်းရိငြီးငွေ့ခြင်း မရှိတော့။ ကျားကုတ် ကျားခဲ ကြိုးစားတော့၏။ ကိုယ့်ကိုယ်ကိုယ် ပိုတော်သည်ထင်လာ၏။ သို့ဖြင့် အဆင့်ကောင်းကောင်းတွေ ရလာ၏။ အဆင့်တွေကောင်းကောင်း ရလာခြင်း သည် ပိုပြီး ရင်ဖိုလှိုက်မောစရာကောင်းသည့် အလုပ်တွေ လုပ်ခွင့် ရလာခြင်း

ပင်တည်း။ သင်္ဘော (သို့မဟုတ်) လေယာဉ်ဖြင့် ကမ္ဘာ့ဒေသအသီးသီးသို့ သွားရောက်ခွင့်ရခြင်း။ တဟီတီ၊ ဂျပန်၊ အလာစကာ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဥရောပ၊ တောင်အမေရိက၊ အာဖရိက၊ ပြီးတော့... ဗီယက်နမ် လည်း ပါတာပေါ့လေ။

အကယ်၍ ကျွန်တော့်ဖအေအရင်းကသာ သင်ယူဆည်းပူးမှုပုံစံ အမျိုးမျိုးအကြောင်း ရှင်းလင်းပြောပြခြင်း မပြုခဲ့လျှင် ကျွန်တော် ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်လာဖြစ်မှာ မုချ။ ကျွန်တော် စာသင်ခန်းဖြင့် သင်သည့် သာမန်ကျောင်းကို သွားတက်မိမည်။ ငြီးငွေ့လာမည်။ အပျော်အပါးများ နောက်သို့ လိုက်မည်။ ကျောင်းပြေးမည်။ နောက် ကျောင်းထွက်မိပေလိမ့်မည်။

ကျွန်တော်က အခန်းထဲမှာ လှောင်ပိတ် အထားခံရတာကို မနှစ်မြို့။ ပျင်းပျင်းရိရိ ငြီးငြီးငွေ့ငွေ့ဖြင့် သင်ခန်းစာပို့ချချက်တွေ နားထောင်ရတာ မုန်းသည်။ နောက်ပြီး ကျွန်တော် မမြင်နိုင်၊ မထိနိုင်၊ ခံစားလို့ မရနိုင်သည့် ဘာသာရပ်များကို လေ့လာဆည်းပူးရတာ မကြိုက်။ ကျွန်တော့်ဖေဖေက နှုတ်ပြောဘာသာစကားတွင် ပါရမီ ထူးချွန်သူ။ သို့ပေမဲ့ သူ့ကလေးတွေက သူ့လို မဟုတ်သည်ကို သိတတ်လောက်အောင် ပါးနပ်ချက်ချာသူ။ ဤကားကျောင်းမှာ စာမတော်သည့် ကျွန်တော်တို့တတွေကို ဖေဖေ အပြစ်မတင် မဝေဖန်ခဲ့သည့်အကြောင်းရင်း။ ကျွန်တော်တို့ မောင်နှမတွေ ကျောင်းစာမတော်သည့်အတွက် အပြစ်တင်ဝေဖန်မည့်အစား ကျွန်တော်တို့၏ ပင်ကိုစရိုက်နှင့်အသင့်တော်ဆုံး သင်ယူမှုပုံစံကို ရှာဖွေဖော်ထုတ်နိုင်အောင် အားပေးခဲ့လေသည်။

ကျွန်တော်သင်ယူလေ့လာမှုများပြီးဆုံးချိန်တွင် ခံစားရမည့် ဆုလာဘ်တစ်ခုခုရှိနေဖို့ လိုအပ်ကြောင်းလည်း ကျွန်တော့်ဖေဖေ ကျောင်းဆရာကနားလည်ထားသည်။ ပြောရိုးပြောစဉ် "ကျောင်းသွားတက်" ဆိုသည့် အမိန့်လောက်ကို ဖီလာ ကန့်လန့် လုပ်ဝံ့သည့် ဂျစ်ကန်ကန်ကောင်မှန်း သူသိသည်။ ကျွန်တော်ဆိုသည့်ကောင်က ကြောင်းကျိုးခိုင်လုံမှ လုပ်ချင်သည့် ချာတိတ်မဟုတ်လား။ "ကျောင်းတက်၊ အမှတ်ကောင်းကောင်း ရအောင် ကြိုးစား၊ ဒါမှ အလုပ်ကောင်းကောင်းရပြီး ရုံးခန်းကြီးထဲမှာ စမတ်ကျကျ ထိုင်နိုင်မယ်" ဆိုသော စကားမျိုး ပြောရုံလောက်ဖြင့် ကျွန်တော် ကျောင်း ခင်အောင်

မလှုံ့ဆော်နိုင်မှန်းသိလောက်အောင် ဖေဖေက နပ်သည်။ ကျွန်တော် စိတ်ဆန္ဒရှိတာကို သင်ယူဖို့ လိုအပ်ကြောင်း၊ အားသန်သည့်ပုံစံဖြင့် သင်ယူဖို့ လိုအပ်ကြောင်း၊ သင်ယူဆည်းပူးမှု ပြီးဆုံးချိန်တွင် စိတ်လှုပ်ရှားစရာ ဆုလာဘ်တစ်ခု ရှိနေသည်ကို ကျွန်တော် သိနေဖို့ လိုအပ်ကြောင်းတို့ကို ဖေဖေက နောကျေအောင်ကို သိနေသည်။ သည်အကြောင်းတွေကို ကိုယ့်ဘာသာကိုယ် နားလည်သဘောပေါက်လာအောင် ဖေဖေက ထိန်းကျောင်းပေးခဲ့ပါသည်။

ကျွန်တော် ဖေဖေချမ်းသာဆီသွားပြီး နာရီပေါင်းများစွာကြာအောင် မိုနိုပိုလီ ကစားနေခြင်းကို သူ သိပ်သဘောတွေ့လှသည် မဟုတ်။ သို့သော် သည်ကစားနည်းမှ ပေါ်ထွက်လာမည့် ဆုလာဘ်များအတွက် ကစားနေခြင်းဖြစ်ကြောင်း အထာပေါက်လောက်အောင် ပါးနပ်သည့် ကျောင်းဆရာတစ်ဦးလည်း ဖြစ်၏။ ကျွန်တော့် အနာဂတ်ကို ကျွန်တော် ကြိုမြင်ထားကြောင်းကိုလည်း သူသိသည်။ ထို့ကြောင့် ဖေဖေကျောင်းဆရာက ပြောခဲ့ခြင်း ဖြစ်မည်။ "ကျောင်းတက်...၊ ပြီးတော့ ကမ္ဘာကြီးကို လေ့လာ...၊ မင်း တစ်ကမ္ဘာလုံး နေရာအနှံ့လျှောက်ပြီး မိုနိုပိုလီကစားလို့ရတယ်။ ငါကတော့ မင်းကို ကမ္ဘာအနှံ့ သွားဖို့ ပို့မပေးနိုင်ဘူး။ ဒါပေမဲ့ ကမ္ဘာပတ်ပြီး လေ့လာခွင့်ပေးမယ့် ကျောင်းမျိုး သွားတက်ရရင် မင်း ကျောင်းတက် ပညာယူရတာ ပျော်လာလိမ့်မယ်"... တဲ့။

ဖေဖေပြောခဲ့သည့် ထိုစိတ်ကူးသည် ကျွန်တော့်ခေါင်းထဲမှာ အမြစ်တွယ်နေခဲ့လေသည်။ သို့ဖြင့် ကမ္ဘာပတ်ပြီး ဆည်းပူးလေ့လာလိုသည့် စိတ်ကူးသည် ကျွန်တော့်ခေါင်းထဲမှ မထွက်တော့၊ ဖေဖေကျောင်းဆရာကလည်း ထိုစိတ်ကူးကို အားပေးအားမြှောက်လုပ်ခဲ့သည်။ နောက်ဆုံး မိုနိုပိုလီကစားခြင်းကိုပါ လိုလိုလားလား အားပေးလာသည်။

ကျွန်တော် မိုနိုပိုလီ ကစားနေသောအခါ ကစားပွဲအပြီးတွင် ဖြစ်ပေါ်လာမည့် ကျွန်တော့်အနာဂတ်ဘဝကို ကျွန်တော် ကြိုမြင်နေကြောင်း ဖေဖေက တစ်နည်းနည်းဖြင့် သိနေသည်။ ၎င်းအနာဂတ်အနေအထားကို သူမသိ။ သူမမြင်။ သို့သော် ကျွန်တော် သိမြင်နေကြောင်းတော့ သူသိနေသည်။ နောက်ပြီး ကျွန်တော် မြင်နေသည့် အနာဂတ်ဘဝကို သူက မက်လုံးအဖြစ် အသုံးချကာ ကျွန်တော် ကျောင်းမှန်မှန်တက်ပြီး စာကြိုးစားအောင် ကြံဆောင်ခဲ့လေသည်။

ယနေ့ဆိုလျှင် ကျွန်တော်ကမ္ဘာပတ်ပြီး တကယ့်ငွေဖြင့် မိုနိုပိုလီ ကစားနေပြီ။ ကျွန်တော် စာရေး၊ စာဖတ် စွမ်းရည်များ မပြေင့်မားလှသော်လည်း ကျွန်တော် စာဖတ်သည်။ စာရေးသည်။ အဘယ့်ကြောင့်ဆိုသော် ဖေဖေ ကျောင်းဆရာက ကျွန်တော် စိတ်မဝင်စားသည့် ဘာသာရပ်များကို ဖွတ်အတင်း ဖတ်ခိုင်း၊ ရေးခိုင်းမည့်အစား ကျွန်တော် စိတ်ဝင်စားမည့် ဘာသာရပ်များကို ရှာဖွေပေးလောက်အောင် လိမ္မာပါးနပ်သည့် ကျောင်းဆရာတစ်ဦး ဖြစ်နေသောကြောင့်တည်း။

## အောင်နိုင်ရေး ကျင့်စဉ်

မိုနိုပိုလီကစားနည်းမှ ကျွန်တော် သင်ယူရရှိခဲ့သော အရေးပါအရာရောက်ဆုံး အရာမှာ အောင်နိုင်ရေးကျင့်စဉ်ပင်ဖြစ်၏။ သည်ကစားနည်းတွင် လုပ်ရမည်မှာ အစိမ်းရောင် အိမ်ကလေး လေးလုံး ရအောင် ဝယ်၊ နောက်ပြီး ထိုအိမ်ကလေးတွေရောင်းပြီး အနီရောင်ဟိုတယ် တစ်လုံးဖြစ်အောင် ဖန်တီး၊ ဒါပါပဲ။ သည်ကစားနည်းအတိုင်း ဘယ်လောက် တိတိကျကျ ပီပီပြင်ပြင် ကစားနိုင်မည်ဆိုတာ ကျွန်တော် မသိ။ သို့ပေမဲ့ ကစားလို့ရသည်ဆိုတာတော့ သိနေသည်။ ယုတ်စွအဆုံး ထိုစဉ်က ကိုယ့်ကိုယ်ကိုယ် အမြင်မှာ ထိုအတိုင်းဖြစ်၏။

တစ်နည်းဆိုရသော် အသက်ကိုးနှစ်နှင့် ဆယ့်ငါးနှစ်အကြားတွင် ကျွန်တော်သည် ကျွန်တော့်သူငယ်ချင်း အင်ဒရူးလို ကျောင်းစာတော်သော ပါရမီရှင်ကလေးမဟုတ်မှန်း ကိုယ့်ကိုယ်ကိုယ် သိနေပြီ။ မိုနိုပိုလီကစားသည့် ဘုတ်ပြားပေါ်က အောင်နိုင်ရေးကျင့်စဉ်ကို ရသောအခါ ကျွန်တော်ကိုယ်တိုင် တွေ့၊ ထိ၊ ခံစားလို့ရသည့် ဖေဖေချမ်းသာ၏ အစိမ်းရောင်အိမ်များကို သွားကြည့်သည်။ ထိုသို့ကြည့်ရင်းပင် ကျွန်တော့်အတွက် အောင်နိုင်ရေးကျင့်စဉ်ကို သဘောပေါက်သိရှိလိုက်လေသည်။ စာကြိုးစား အလုပ်မပြုတ်အောင် အလုပ်ကြိုးစား၊ တစ်နေ့လုံး ရုံးခန်းထဲမှာ ဖင်မြဲမြဲထိုင်ဆိုသော ဖေဖေ ဆွမ်းပါး၏ ကျင့်စဉ်သည် ကျွန်တော်နှင့် အံမဝင်မှန်း ကျွန်တော် သိနေပြီ။ ဤကား မင်္ဂလာသတင်း မဟုတ်ပါလား။ သို့သော် ကျွန်တော် တင်ပြခဲ့သည့်အတိုင်း အကြွေစေ့တိုင်းတွင် မျက်နှာစာ နှစ်ဖက်ရှိပါသည် မကောင်းသတင်းကတော့ ကျွန်တော်အသက် ဆယ့်ငါးနှစ် ရောက်သောအခါ "မင်းစာမကြိုးစားလို့ အဆင့်တွေ ကောင်းကောင်းမရရင် အလုပ်ကောင်းကောင်း မရဘူး၊ မင်း

အောင်မြင်မှာလည်း မဟုတ်ဘူး" ဆိုသည့် ခြိမ်းခြောက်ချက်သည် ကျွန်တော့် အတွက် ကိုယ်စိတ် မဝင်စားသည့် ဘာသာရပ်များကို မလေ့လာဘဲနေလို စိတ်အပေါ် သိပ်ပြီး သက်ရောက်မှုမရှိတော့ခြင်း ဖြစ်သည်။

ယခုခေတ်ချာတိတ်တွေ၏ ကျပြီးရင်းကျနေသည့် စာမေးပွဲရမှတ်များကို ကျွန်တော် မြင်ရသောအခါ သူတို့လည်း ကျွန်တော်လိုပင် စိတ်ပါဝင်စားမှု သို့မဟုတ် စိတ်ခတ်လှုံ့ဆော်မှုနည်းသည့် ဒဏ်ခံနေရပြီဖြစ်ကြောင်း ကျွန်တော် သိနေသည်။ ချာတိတ်တွေက တုံးတွေ မဟုတ်။ စင်စစ်ချာတိတ်တွေက လူကြီးတော်တော်များထက်ပင် ပိုပြီး လက်တွေ့ဘဝအကြောင်း သိနေကြပါသေးသည်။ ကျောင်းပညာရေးစနစ်က သူတို့ကို သင်ကြားပေးဖို့ ခက်နေရသည့် အကြောင်းရင်းတစ်ချက်မှာ စာကြိုးစားပြီး ကျောင်းမှန်မှန်တက်လျှင် စိတ်လှုပ်ရှားစရာကောင်းသည့် ဘယ်လို ဆုလာဘ်မျိုး ရနိုင်ကြောင်း ရှင်းပြမည့်သူ မရှိသောကြောင့် ဖြစ်၏။

ပထမတန်းစာသင်သားများကို "သင်တို့စာမေးပွဲအောင်ပြီးချိန်တွင် သန်းကြွယ်သူဌေး ဘယ်သူဖြစ်ချင်သလဲ" သင်ရိုးညွှန်းတန်းကို ဘယ်သူ သင်ချင်သလဲဟု မေးကြည့်ပါ။ ချာတိတ်တစ်ယောက်သည် အမှန်တကယ် သန်းကြွယ်သူဌေးဖြစ်လိုကြောင်း စာရင်းပေးလျှင် သူ့ကို ကျွန်တော် ငယ်ငယ်က သင်ခဲ့သည့် သင်ရိုးညွှန်းတန်းကိုပဲ သင်ပေးပါ။ ထိုချာတိတ်သည် ထိုသင်ရိုးကို လိုလိုလားလား သင်ယူပါလိမ့်မယ်။ အကြောင်းမှာ သင်ရိုးကုန်လျှင် ခံစားရမည့်ဆုလာဘ်မှာ စိတ်လှုပ်ရှားစရာကောင်းပြီး ကြိုးစားထိုက်သောကြောင့် ဖြစ်ပေသည်။

သည်တော့ ကောင်းသတင်းမှာ ကျွန်တော့်အနာဂတ်ကို ကျွန်တော် သိမြင်ခန့်မှန်းနိုင်လာခြင်းဖြစ်၏။

မကောင်းသတင်းကတော့ ကျွန်တော် ဂနာမငြိမ်ဖြစ်လာခြင်းပင်။ ကျောင်းဆရာဖေဖေနှင့် သူဌေးဖေဖေတို့၏ ထိန်းကျောင်းအားပေးမှုသာ မရှိလျှင် ကျွန်တော်အစောကြီးကတည်းက ကျောင်းထွက်ခဲ့မည်ဖြစ်၏။ ကောလိပ်တက်ပြီး ဘွဲ့ရမည်လည်း မဟုတ်တော့။ ဖေဖေကျောင်းဆရာနှင့် ဖေဖေသူဌေးတို့၏ ဉာဏ်အမြော်အမြင်ကြီးမှု၊ အထက်တန်းကျောင်းဆရာအချို့၏ ထိန်းကျောင်းပဲ့ပြင်မှုတို့ကို ကျွန်တော် ကျေးဇူးတင်မဆုံး ဖြစ်ရပါသည်။ သူတို့၏ ကူညီဖေးမမှုကြောင့် ကျွန်တော် ကျောင်းဆက်တက်ပြီး ကျောင်းသား

ကောင်းတစ်ဦးအဖြစ် နေနိုင်အောင် နည်းလမ်းတစ်ခု ရှာကြံနိုင်ခဲ့၏။ ကျောင်းပညာရေးစနစ်က ပြဋ္ဌာန်းထားသည့် သင်ယူမှုပုံစံအတိုင်း ကျွန်တော့်ကို ဖွတ်ပုံစံမသွင်းဘဲ ကျွန်တော်နှင့် အံအဝင်ဆုံး သင်ယူမှုပုံစံတစ်ခုရှာတွေ့အောင် သူတို့ဝိုင်းကူခဲ့ကြလေသည်။

## ချမ်းသာပြီး ထက်မြက်သော ကလေးများအား သင်ကြားပေးခြင်း

ထိပ်တန်း ကွန်ရက် ရောင်းဝယ်ရေး ကုမ္ပဏီများက သူတို့၏ "မျိုးဆက်သစ်များ" ကို ရင်းနှီးမြှုပ်နှံခြင်းအကြောင်း သင်ကြားပို့ချပေးရန် ၂၀၀၀ ပြည့်နှစ်အစောပိုင်းတွင် မေတ္တာရပ်ခံခဲ့၏။ သူတို့ခေါ်နေသည့် မျိုးဆက်သစ် အကြောင်း မေးကြည့်သောအခါ ကွန်ရက်ရောင်းဝယ်ရေးလောကတွင် အောင်မြင်နေသည့် မိဘများ၏ ကလေးများကို ခေါ်ခြင်းဖြစ်ကြောင်း ပြောပြကြသည့် ၎င်းချာတိတ်တွေက ဘာကြောင့်ရင်းနှီးမြှုပ်နှံခြင်းအကြောင်း ဆည်းပူးဖို့ လိုသလဲဟု ကျွန်တော် ထပ်မေးကြည့်သည်။ အဖြေမှာ "ဘာဖြစ်လို့လဲဆိုတော့ ဒီချာတိတ်တွေထဲက အများစုဟာ အမွေတွေ သန်းချီရကြလိမ့်မယ်။ တချို့ဆို သန်းပေါင်းများစွာ၊ တချို့ဆို ကုဋေချီပြီး တန်ဖိုးရှိတဲ့ လုပ်ငန်းကြီးတွေ အမွေဆက်ခံကြရမှာ။ ကျွန်တော်တို့က သူတို့ကို လုပ်ငန်းဆိုင်ရာ အတတ်ပညာ ကျွမ်းကျင်မှုတွေ သင်ပေးဖို့ လိုအပ်နေလို့ပါ" ဟူ၏။ သည်အဖြေကို ကြားရုံဖြင့် သည်ချာတိတ်တွေကို ဟောပြောပို့ချဖို့ ကျွန်တော့်အား ဘာ့ကြောင့် မေတ္တာရပ်ခံကြောင်း အထာပေါက်လိုက်ပါသည်။

နှင်းလျှောစီးအပန်းဖြေစခန်းတစ်ခုတွင် အသက်ဆယ့်ငါးနှစ်မှ သုံးဆယ့်ငါးနှစ်အထိရှိသော ချာတိတ် ခုနစ်ဆယ့်ငါးယောက်ကို ရင်းနှီးမြှုပ်နှံခြင်းအရေးပါအရာရောက်ပုံကို နှစ်ရက်တိတိ ဟောပြောပို့ချပေးခဲ့ရသည်။ ဟောပြောပို့ချရတာ နိပ်ပါသည်။ အကြောင်းမှာ "ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော် ငွေ ဘယ်က ရမလဲ" ဆိုသော မေးခွန်းမျိုး ထပ်မလာသောကြောင့်ပင်။ ဖေဖေ ချမ်းသာ ပြောလေ့ရှိသည့် စကားတစ်ခွန်းရှိပါသည်။ "ငွေပြဿနာဆိုလို့ နှစ်မျိုးပဲ ရှိတယ်။ ပြဿနာတစ်မျိုးက ငွေ မလုံလောက်တဲ့ ပြဿနာ၊ နောက်တစ်မျိုးကတော့ ငွေ များလွန်းနေတဲ့ ပြဿနာ"ဟူ၏။ ယခု သည်ချာတိတ်တွေ ကြုံနေရသည့်ပြဿနာမှာ ဒုတိယအမျိုးအစား ဖြစ်ပါသည်။

သင်တန်းဒုတိယနေ့ရောက်တော့ သည်ချာတိတ်တွေ ဘယ်လောက်ထိ မတူခြားနားနေသည်ကို ကျွန်တော် သတိမပြုဘဲမနေနိုင်တော့။ သူတို့တစ်တွေ

သည် ကျွန်တော် ယခင်တွေ့ဖူးသည့် လူငယ်လူရွယ်တော်တော်များများနှင့် မတူခြားနားနေ၏။ ဆယ်ကျော်သက်ကလေးများကပင် ငွေအကြောင်း စီးပွား ရေးလုပ်ငန်းကြောင်း၊ နောက်ပြီး ရင်းနှီးမြုပ်နှံမှုအကြောင်းများကို လူကြီးချင်း ပြောသလို ပြောနိုင်၊ ဆွေးနွေးနိုင်စွမ်းရှိကြ၏။ ကျွန်တော်ဆို သူတို့အဖေ အရွယ်လောက်ရှိနေပြီ။ သို့တိုင် ကျွန်တော်သည် လုပ်ဖော်ကိုင်ဖက်တစ်ဦးအား ဘုတ်အဖွဲ့အစည်းစားပွဲမှာ ပြောဆိုဆွေးနွေးနေရသလိုမျိုး မကြာမကြာ ခံစား ရ၏။

ထို့နောက်တွင်မှ ကျွန်တော် သဘောပေါက်မိသည်။ သည်လူငယ် လူရွယ်တော်တော်များများသည် စီးပွားရေးလောကထဲမှာ ရှင်သန်ကြီးပြင်း လာသူများ မဟုတ်လား။ သူတို့အထဲက တော်တော်များများသည် ငွေသား စီးဆင်းမှုကို စီမံခန့်ခွဲနေကြပြီ။ ကျွန်တော့်လုပ်ငန်းပမာဏထက်ကြီးသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်နေကြပြီ။ သည်ချာတိတ်တွေ သည် လောက် ချမ်းသာကြွယ်ဝနေသည့်တိုင် သူတို့၏အနေအထိုင်များက ရိုရို ကျိုးကျိုး နှိမ့်နှိမ့်ချချပင်။ လူငယ်တချို့တွင် တွေ့ရတတ်သည့် ကြွပ်ဆတ်ဆတ် မောက်မာဝံ့ကြွားအမူအရာမျိုး၊ ကြွစောင်းစောင်းအနေအထိုင်မျိုး၊ ခပ်ထည် ထည် ခပ်တန်းတန်း တစ်သီးတစ်သန့်နေတာမျိုးတွေ သူတို့တွင် လုံးဝ မတွေ့ရ။ သူတို့သည် လူကြီးများနှင့် စိတ်ချမ်းသာလက်ချမ်းသာ ပေါင်းသင်း ဆက်ဆံနိုင်သလို လူကြီးများနှင့် အလုပ်အကြောင်း၊ ငွေအကြောင်းများကိုလည်း သက်သောင့်သက်သာ ဆွေးနွေးနိုင်ကြ၏။ သူတို့လို လူငယ်တချို့ ကျွန်တော် တွေ့ဖူး၏။ တချို့ဆို အသက် ဆယ့်လေးနှစ်လောက်ပဲ ရှိဦးမယ်။ သူတို့ ကလေးတွေသည် လူလေးသောင်းလောက်ရှေ့ရှိ စင်မြင့်ပေါ်မှာရပ်ပြီး ဟောပြောခဲ့၏။ သူတို့ဟောပြောသည်မှာ မည်ကာမတ္တမျှမဟုတ်။ ခန်းမကြီး ထဲရှိ လူလေးသောင်းစလုံး အားတွေမာန်တွေ တက်ကြွလာအောင် ဟောပြော သွားကြခြင်းဖြစ်၏။ ကျွန်တော်ဆို အသက်သုံးဆယ်ခုနစ်နှစ်ကျမှ စင်ပေါ် တက်ဖူး၊ ဟောပြောဖူးသည်။ ဟောပြောတော့လည်း ပရိသတ်အပေါင်း အိပ်ပျော်အောင် ဟောပြောပစ်ခဲ့ပါသည်။

တောင်ပေါ်အပန်းဖြေစခန်းမှ လေယာဉ်ကွင်းသို့ ကျွန်တော့်ကို လိုက်ပို့ ကြချိန်တွင် ကျွန်တော် စဉ်းစားလာသည်။ အတွေးပေါက်လာသည်။ ကျွန်တော့် အချစ်ဆုံး သူငယ်ချင်းမိုက်နှင့် ကျွန်တော်သည်လည်း သည်အတွေ့အကြုံမျိုး

တွေ့ကြုံခဲ့ဖူးကြောင်းပင်။ သူဆိုလျှင် ကောလိပ်တွင် ပို၍ စာကြိုးစားခဲ့သေးသည်။ ဘာ့ကြောင့်ဆို ဘွဲ့ရပြီးလျှင် သူရရှိမည့် ဆုလာဘ်မှာ ဒေါ်လာသန်းပေါင်းများစွာ တန်သော စီးပွားရေးလုပ်ငန်းကြီးတစ်ခုဖြစ်မှန်း သိနေသောကြောင့် ဖြစ်၏။ ကျွန်တော်သည်လည်း အိမ်မှာ အခြေစိုက်ပြီး အလုပ်လုပ်သည့် ဖအေတစ်ဦးထံမှ အကျိုးကျေးဇူးများ ရရှိလိုက်သူဖြစ်ကြောင်း သဘောပေါက်သည်။ သည်ဖအေကြီးက အိမ်မှာနေပြီး အလုပ်လုပ်သည့်အတွက် သူ့သားနှင့်ကျွန်တော့်ကို လက်တွေ့ဘဝမှာ ကျင့်သုံးလို့ရသည့် ကျွမ်းကျင်လိမ္မာမှုတွေ သင်ကြားပေးဖို့ အချိန်ရခဲ့လေသည်။

နေအိမ်အခြေစိုက် စီးပွားရေးလုပ်ငန်းဆိုသည်မှာ ကွန်ရက် ရောင်းဝယ်ရေးလုပ်ငန်းမှသည် ကိုယ်စားလှယ်ယူပြီးလုပ်သည့် လုပ်ငန်းအထိ အမျိုးမျိုးအကျုံးဝင်၏။ ထိုသို့သော လုပ်ငန်းတစ်ခုခုကို နေအိမ်မှာ အခြေစိုက်ပြီး လုပ်ငန်းစသည့်အကြောင်း လူတွေကို ပြောပြရပြီဆိုလျှင် တောင်ပေါ်အပန်းဖြေစခန်းမှာ တွေ့ခဲ့ရသည့် လူငယ်ကလေးတွေအကြောင်း ပြောပြလေ့ရှိ၏။ နေအိမ်အခြေအိမ်လုပ်ငန်းတစ်ခုက အလွန်အကျိုးရှိတတ်ပါသည်။ အပိုဝင်ငွေကောင်းမည်။ အမြတ်ခွန် သက်သာစေနိုင်သည်။ ထို့အပြင် တိုင်းတာနှိုင်းဆလို့မရသည့် အဖိုးတန်အကျိုးကျေးဇူးများ ရနိုင်၏။

သားတွေ သမီးတွေ ရှိသူ အချို့အတွက် နေအိမ်အခြေစိုက်လုပ်ငန်းထူထောင်ခြင်းသည် သူ့နည်းသူ့ဟန်ဖြင့် အိမ်အလုပ်လုပ်ကြခြင်းဖြစ်၏။ နောက်ပြီး သူတို့လို လုပ်တတ်ကိုင်တတ်အောင် သားသမီးများကို သင်တန်းပို့ချပေးရာလည်း ရောက်၏။ “မင်းလုပ်ငန်းခွင်မှာ အလုပ်လုပ်ပြီး မချမ်းသာနိုင်ဘူး။ အိမ်မှာနေပြီး အလုပ်လုပ်မှ ချမ်းသာနိုင်မယ်” ဟု ဖေဖေချမ်းသာပြောသည့်အတိုင်း ဖြစ်ပါသည်။ ချမ်းသာသည်ဆိုသည့်အထဲတွင် ငွေကြေးထက် မကသော ချမ်းသာမှုများ ပါဝင်နိုင်ပါသည်။

သမိုင်းကြောင်းတစ်လျှောက် ပြန်ကြည့်ပါ။ အချမ်းသာဆုံး လူတချို့သည် လုပ်ငန်းကို အိမ်မှာ စလုပ်ရင်း ချမ်းသာလာသူများဖြစ်၏။ ဟင်နရီဖို့ဒ်သည် သူ့လုပ်ငန်းကို သူ့ကားဂိုဒေါင်ထဲမှ စခဲ့၏။ ကျူးလက်ပက်ကတ်သည် ကားဂိုဒေါင်တစ်ခုထဲတွင် လုပ်ငန်း စတင် ထူထောင်ခဲ့၏။ မိုက်ကယ်ဒဲလ်က သူ၏ကောလိပ်အိပ်ဆောင်ထဲမှ လုပ်ငန်းစခဲ့၏။ ဗိုလ်မှူးကြီး ဆင်းဒါးစ်သည် သူ့စားသောက်ဆိုင်အပေါ်ကဖြတ်ပြီး မော်တော်ကားလမ်းဖောက်လိုက်ကြသည့်

အတွက် သူ့ဆိုင်ပြုတ်သွားသည်။ ထို့နောက်ပိုင်းကျမှ သူစတင် ချမ်းသာလာသည်။ သည်တော့ သင်လုပ်ငန်းခွင်မှာ အလုပ်လုပ်နေလို့ သူဌေးမဖြစ်နိုင်ဆိုသည့်စကားသည် ကျိုကျိုတက် ချမ်းသာသူ တော်တော်များများအတွက် အလုပ်ဖြစ်ခဲ့ပါသည်။

❒

# အခန်း(၅)

# သင့်ကလေးအတွက် အောင်နိုင်ရေးကျင့်စဉ် ဘယ်လောက်များများ လိုအပ်သလဲ

ချမ်းသာတဲ့ဖေဖေနှင့် နွမ်းပါးတဲ့ဖေဖေတို့၏ ဘဝများကို ပြန်ပြောင်းငဲ့စောင်းကြည့်တော့ ကျွန်တော်အသိအမြင်တစ်ခုရလာသည်။ တစ်ယောက်က ကျန်တစ်ယောက်ထက် ပိုပြီး အောင်မြင်သူဖြစ်ရခြင်းမှာ သူ့တွင် အောင်နိုင်ရေးကျင့်စဉ်များ ပို၍ ရှိသောကြောင့်ဖြစ်၏။

များမကြာသေးမီက ကျွန်တော့်သူငယ်ချင်းမတစ်ယောက် ကျွန်တော့်ဆီ တယ်လီဖုန်းဆက်ပြီး အကြံဉာဏ်တောင်းခံခဲ့၏။ အက်ဒရီယံသည် ရောမကော်ပိုရေးရှင်းကြီးတစ်ခုတွင် နှစ်ပေါင်းများစွာကြာအောင် အလုပ်လုပ်ခဲ့၏။ တစ်နေ့တွင်တော့ သူသည် လူလျှော့သည့်အထဲတွင် ပါသွားသည်။ အလုပ်ပြုတ်သွားသည့်အတွက် အက်ဒရီယံ တစ်စက်မျှ အားမငယ်။ စိတ်မပျက်။ သူက နဂိုကတည်းက ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထူထောင်ချင်နေသူ။ သို့ဖြင့် သူ့ဆုငွေနှင့် ကုမ္ပဏီက ပေးလျော်သော နစ်နာကြေးများ စုပေါင်းပြီး ခရီးသွားကိုယ်စားလှယ် လုပ်ငန်းတစ်ခု ဝယ်လိုက်၏။ ထိုလုပ်ငန်းကို စတင်ကိုင်တွယ်လို့မှ မကြာသေး၊ ခရီးသွား ကိုယ်စားလှယ်များက ရောင်းပေးသည့် လေယာဉ်လက်မှတ်များပေါ်တွင် ပေးနေကျ ကော်မရှင်များကို လေကြောင်းကုမ္ပဏီများက ဖြတ်ချလိုက်တော့၏။ ယခင်က လက်မှတ်တစ်စောင်ရောင်းရလျှင် ကော်မရှင်ဒေါ်လာ ၈၀၀ ပေးနေသည်ကို ဒေါ်လာ ၁၀၀ ပင် ပြည့်အောင် မပေးတော့။ နောက်ဆုံး ဒေါ်လာ ၅၀ အထိ လျှော့ချလိုက်ကြသည်။ အက်ဒရီယံမှာ သူ့လုပ်ငန်းကို ပိတ်ပစ်ရမည့်ကိန်းဆိုက်နေသည်။သည်တစ်ချီမှာတော့ သူ့တွင် ဆုငွေ မရှိတော့။ နောက်ပြီး ကိုယ် တည်ထောင်

ထားသည့် ကုမ္ပဏီမှ နစ်နာကြေးကိုလည်း မျှော်မှန်းနေလို့ မဖြစ်။ သူ့ကိုယ်စား လှယ်လုပ်ငန်းကို ရောင်းပစ်ရုံပဲရှိသည်။ သို့သော် လေကြောင်းကုမ္ပဏီတွေ ဘက်က ဝင်သည့် ဝင်ငွေမှာ မတရားလျော့ကျနေသည့်အတွက် သူ့လုပ်ငန်း မှာ မတန်တဆ ဈေးကျနေတော့၏။

အက်ဒရီယံ တစ်ယောက် အရှယ်တော် တစ်ဆိတ်ဟိုင်းပါမှ အလူး အလဲ ရုန်းကန်နေရရှာသည်။ သည်သူငယ်မသည် သို့ဖြစ်ရခြင်းမှာ သူ့သက် တမ်းတစ်လျှောက်တွင် အလဲလဲ အလှယ်လှယ် သုံးလို့ရသည့်အောင်နိုင်ရေး ကျင့်စဉ်များ ရှိသင့်သလောက် မရှိသောကြောင့်ဟု ကျွန်တော် ကောက်ချက်ဆွဲ ပါသည်။ အောင်နိုင်ရေးကျင့်စဉ်များ လုံလုံလောက်လောက် မရှိသည့်အတွက် ဘဝမှာ အလူးအလဲ ရုန်းကန်နေရသူများမှာ ကျွန်တော် တွေ့ဖူးသလောက် အက်ဒရီယံတစ်ယောက်တည်း မဟုတ်ချေ။ ကျောင်းမှာတုန်းက စာတော်သူ တွေလည်း ရှိ၏။ သို့သော် လက်တွေ့ဘဝမှာ ကြီးပွားချမ်းသာစေမည့် အောင်နိုင်ရေးကျင့်စဉ်များ လုံလုံလောက်လောက်ရှိအောင် ပြင်ဆင်မထားခဲ့ ကြချေ။

အောက်ဖော်ပြပါအခန်းသည် မိမိတို့သားသမီးများ ဘဝကစားပွဲတွင် အောင်နိုင်စေရန် လုံလောက်သောအောင်နိုင်ရေးကျင့်စဉ်များဖြင့် ပြင်ဆင် ပေးလိုသော မိဘများအတွက် ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။

**သင့်ကလေးအတွက် အောင်နိုင်ရေးကျင့်စဉ် အနည်းဆုံး သုံးရပ် လိုအပ် သည်** သင့်ကလေးသည် ဘဝနှောင်းပိုင်းတွင် ဝမ်းကျောင်းလုပ်ငန်းအရ အောင်မြင်မှုရရန်နှင့် ငွေရေးကြေးရေးအရ အောင်မြင်မှုရရန် သင်ယူဆည်းပူး ဖို့ လိုအပ်သည့် အခြေခံအောင်နိုင်ရေးကျင့်စဉ်သုံးရပ်ရှိပါသည်။

*အောင်နိုင်စေသော သင်ယူဆည်းပူးခြင်းဆိုင်ရာ ကျင့်စဉ်။*
*အောင်နိုင်စေသော ဝမ်းကြောင်းပညာဆိုင်ရာ ကျင့်စဉ်။*
*အောင်နိုင်စေသော ငွေကြေးဆိုင်ရာ ကျင့်စဉ်။*

## သင့်ကလေး၏ အောင်နိုင်သောသင်ယူဆည်းပူးခြင်းဆိုင်ရာ ကျင့်စဉ်ကို ဖော်ထုတ်ခြင်း

ကျွန်တော့် သူငယ်ချင်းမ အက်ဒရီယံသည် ကျောင်းမှာ စာတော်သူတစ်ဦး ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူက အတတ်မြန်သူဖြစ်ပြီး ကျောင်းပျော်

သူ ဖြစ်သောကြောင့်ပင်။ အက်ဒရီယံက အရေး၊ အဖတ်၊ အတွက် ဆိုသည့် 'အ' သုံးလုံးကို လွယ်လွယ်လေးဟု သဘောထားသူဖြစ်၏။ နောက်ပြီး ကောလိပ်တွင် ငြိမ့်ငြိမ့်ကလေး စာထွက်သင်ပြီး ဘီအေ ဘွဲ့ရထားသူ။

အက်ဒရီယံက ကျောင်းမှာ စာတော်သည်။ ကျောင်းပျော်သည်။ ထို့ကြောင့် သူ၏ ကျောင်းနှင့်ပတ်သက်သော အတွေ့အကြုံသည် အပြုသဘော ဆောင် အတွေ့အကြုံဖြစ်၏။ သူ၏ကျောင်းအတွေ့အကြုံသည် အကောင်း ဘက်နွယ်သော အတွေ့အကြုံဖြစ်နေသည့်အတွက် သူ၏ခရီးသွား အေဂျင်စီ ကို ပိတ်ပြီး အောင်နိုင်ရေးကျင့်စဉ်တစ်ခု ထပ်ရှာဖို့ ကျောင်းပြန်တက်ရန် ကျွန်တော် အကြံပေးလိုက်သည်။ အက်ဒရီယံသည် အသက် ငါးဆယ့်သုံးနှစ် ရောက်မှ ကျောင်းပြန်တက်လေသည်။ ဥပဒေပညာသင်ကျောင်းတက်ခွင့်ရ အောင် ဂုဏ်ထူးအမှတ်တွေ စုဆောင်းနေသည်။ ကျွန်တော့်ဖေဖေ ပြောပြ ခဲ့သည့် လူအမျိုးမျိုးအတွက် အောင်နိုင်ရေးကျင့်စဉ် အမျိုးမျိုးရှိသည်ဆိုသော အချက်ကို အက်ဒရီယံ၏ဖြစ်ရပ်က အထောက်အထားပြနေသည်။ အက်ဒရီယံ ၏ အောင်နိုင်သော သင်ယူမှုဆိုင်ရာ ကျင့်စဉ်သည် သူ့အတွက်အလုပ်ဖြစ် သော်လည်း ကျွန်တော့်အတွက် အလုပ်ဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။ ကျွန်တော် က ကျောင်းချစ်သူ မဟုတ်။ ကျွန်တော်သည် သည်တစ်သက်တွင် ကျောင်းစာ သင်ယူဖို့ ကျောင်းပြန်တက်ဖြစ်ပါဦးမည်လား ဆိုတာကို သံသယဖြစ်မိပါသည်။

## အောင်နိုင်စေသော သင်ယူမှုကျင့်စဉ်ပုံဖော်ခြင်း

အမိဝမ်းမှ ကျွတ်ပြီးချိန်ကစပြီး နောင်ဆယ့်ငါးနှစ်တာ ကာလသည် အလွန် အရေးကြီးပါသည်။ ဤအချိန် ဤကာလသည် သူတို့ကိုယ်ပိုင် အောင်နိုင်သော သင်ယူမှုကျင့်စဉ်များကို ပုံဖော်နေသည့် ကာလဖြစ်၏။ အကယ်၍ ကလေး တစ်ယောက်သည် ကျောင်းပျော်သည်၊ သင်ယူကျက်မှတ်ရတာ လွယ်ကူသည်၊ အဆင့်တွေကောင်းသည်ဆိုလျှင် ထိုကလေးအနေဖြင့် အလားအလာကောင်း သော သင်ယူမှုကျင့်စဉ်တစ်ရပ်ကို ဖော်ဆောင်သင့်ပေသည်။

သို့သော် ကလေးတွေအနေဖြင့် 'အ' သုံးလုံးကို သင်ယူ ကျက်မှတ် ရတာ အခက်အခဲတွေ့နေသည်ဆိုလျှင်တော့ သူတို့၏ စာသင်နှစ်တွေသည် စိတ်ဆင်းရဲစရာ ကောင်းနေလိမ့်မည်။ အသက်အရွယ်ငယ်နုသေးသည့် သူတို့ ကလေးတွေ ကျောင်းမှာ စာမလိုက်နိုင်သောအခါ (သို့မဟုတ်) သူတို့သည် တခြားကလေးတွေလောက် မတော်ဟု ခံစားရအောင် ဖန်တီးခံရသောအခါ

သူတို့ကိုယ်သူတို့ တန်ဖိုးထားစိတ် လျော့သွားနိုင်၏။ နောက်ပြီး ယေဘုယျအားဖြင့် ကျောင်းအပေါ်ထားသည့် သဘောထားသည်လည်း မကောင်းတော့ချေ။

ကလေးတွေအနေဖြင့် ငါဟာ 'ငတုံး' ပါကလားဟု ခံစားချက်ပေါ်သွားနိုင်၏။ နောက်ပြီး သည်ပညာရေးစနစ်ထဲတွင် သူတို့ရှင်သန်နေနိုင်မည် မဟုတ်ဟု စွဲထင်သွားစေနိုင်၏။ သူတို့သည် 'အားနည်းချက်' ဟုခေါ်သောအရာများကြောင့် တံဆိပ်တွေအမျိုးမျိုး အတပ်ခံရတော့၏။ တံဆိပ်တပ်ရာ၌ သူတို့မက်မောတောင့်တသည့် 'ထူးချွန်သည်'၊ 'ဉာဏ်ကောင်းသည်' ဆိုသော တံဆိပ်များမဟုတ်ဘဲ 'ဉာဏ်ထိုင်းသည်'၊ 'စာမလိုက်နိုင်' ဆိုသော တံဆိပ်များသာ အတပ်ခံရတော့သည်။

လူကြီးတစ်ယောက်အနေဖြင့် ကျွန်တော့်ကို 'ငတုံး' ဟု အခေါ်ခံရခြင်း (သို့မဟုတ်) လူညံ့ဟု ခံစားရအောင် အပြုခံရခြင်းကို မနှစ်မြို့နိုင်ပါ။ သည်တော့ အသက်ဆယ့်နှစ်နှစ် (သို့မဟုတ်) ထိုထက်ငယ်ရွယ်သည့် ကလေးများအနေဖြင့် ထိုသို့သော တံဆိပ်များကို ဘယ်လို သဘောထားမည်ဟု သင် ထင်မြင်ပါသလဲ။ စိတ်ခံစားရေးအရ၊ စိတ်လှုပ်ရှားမှုအရ၊ နောက်ပြီး ရုပ်ပိုင်းအရ ဘယ်လောက်ရင်းနှီးပေးဆပ်ရမည် ထင်ပါသလဲ။

## ကိုးနှစ်အရွယ် ပြောင်းလဲမှု

ပညာရေးလောကတွင် အထင်ကရဖြစ်ပြီး မကြာမကြာ အငြင်းပွားရတတ်သူမှာ ပညာရေးမှူး ရူးဒေါ့စတိန်နာပဲ ဖြစ်ပါသည်။ သူ၏ ပညာရေးဆိုင်ရာ အတွေးအခေါ်များ ယနေ့လူကြိုက်များ ခေတ်စားလာပြီး စာသင်ကျောင်းများတွင် စတင်ကျင့်သုံးနေပြီဖြစ်ကြောင်း သိရ၏။

သူက "ကိုးနှစ်အရွယ်ပြောင်းလဲမှု" ဟု ခေါ်သည့် အကြောင်းအရာကို မကြာမကြာ ရေးသားသည်။ မကြာမကြာ ဟောပြောသည်။ သူ၏ တွေ့ရှိချက်များအရဆိုလျှင် ကလေးတွေသည် အသက်ကိုးနှစ်ဝန်းကျင်တွင် သူတို့မိဘများ၏ ကိုယ်ပိုင်သရုပ်လက္ခဏာများမှ စတင်ခွဲထွက်ပြီး သူတို့၏ ကိုယ်ပိုင်သရုပ်လက္ခဏာကို ရှာဖွေဖော်ထုတ်သည်ဆို၏။ ထိုအချိန်ထိုကာလများသည် ကလေးအတွက် အလွန်အထီးကျန်နိုင်သောကာလများဖြစ်ကြောင်း စတိန်နာက ပြော၏။ ကလေးသည် သူ့ကိုယ်သူမိသားစုဝင်အဖြစ် "ငါတို့" ဟု မကြည့်တော့ဘဲ "ငါ" ဟု စတင် ကြည့်မြင်လာသည်။ ဤကာလအတွင်း ကလေးများသည် ရှင်သန်မှုဆိုင်ရာ လက်တွေ့ကျွမ်းကျင်မှုများသင်ယူဖို့ လိုအပ်၏။

ပန်းဥယျာဉ်စိုက်ပျိုးခြင်း၊ အကာအကွယ်ဆောက်လုပ်ခြင်း၊ ပေါင်မုန့်ဖုတ်ခြင်း ကဲ့သို့သော အတတ်ပညာများဖြစ်၏။ ၎င်းအကာတ်ပညာများ သင်ကြား ပေးခြင်းမှာ၊ သူတို့အသက်ရှင်ရေးအတွက် ကိုယ့်အားကိုယ်ကိုးနိုင်စွမ်းရှိကြောင်း ယုံကြည်စိတ်ဝင်လာစေရန်ဖြစ်၏။

သူတို့၏ ကိုယ်ပိုင်သရုပ်လက္ခဏာကို ရှာဖွေနေသည့်ကာလအတွင်း သူတို့ရှင်သန်နေထိုင်နိုင်ကြောင်း ကလေးများသိထားဖို့ လိုအပ်၏။ ဤကာလ အတွင်း ပုဂ္ဂလိကလုံခြုံမှုသဘောဖြစ်ထွန်းမလာလျှင် ကလေးများ၏ အနာဂတ် ဘဝလမ်းကြောင်းနှင့် ရွေးချယ်မှုများကို အကြီးအကျယ် ထိခိုက်စေနိုင်၏။ ထို့ကြောင့် မိဘများ၏ ဂရုတစိုက် လေ့လာအကဲခတ်မှုများနှင့် စာနာ နားလည် မှုတို့သည် အလွန့်အလွန် အရေးကြီးခြင်း ဖြစ်ပါသည်။ ကလေးသုံးဆယ် လောက်ကို စာသင်ပေးနေရသည့် ကျောင်းဆရာတစ်ယောက်အနေဖြင့် ကလေး တစ်ဦးချင်း၏ ခြားနားသောရွေးချယ်မှုများနှင့် လိုအပ်ချက်များကို သတိမပြုတ် အကဲခတ်နေနိုင်မည် မဟုတ်ပါ။

ကျွန်တော့် ဖေဖေကျောင်းဆရာသည် ရှူးဒေါ့စတိန်နာ၏ ရှာဖွေတွေ့ ရှိချက်များကို မသိခဲ့။ သို့ပေမဲ့ ကလေးတစ်ယောက်သည် အသက်အရွယ် ရောက်လျှင် ဖြစ်ပေါ်တတ်သည့် ပြောင်းလဲမှုအကြောင်းကိုတော့ သတိပြု မိခဲ့၏။ ကျွန်တော်က ကျောင်းမှာ စာညံ့သည့်ကျောင်းသားအုပ်စုထဲ ပါနေ သည်။ ကျွန်တော့်သူငယ်ချင်း အင်ဒရူးကို ပါရမီထူးချွန်သူအဖြစ် အသတ် မှတ်ခံရပြီး ထိုအထဲတွင် ကျွန်တော် မပါကြောင်းသိရသောအခါ ကျွန်တော် စိတ်ပျက်နာကြည်းမိ၏။ ဒါတွေကို သိရသောအခါ ဖေဖေကျောင်းဆရာက ကျွန်တော့်ကို ခါတိုင်းထက်ပိုပြီး နီးနီးကပ်ကပ် ထိန်းကျောင်း လမ်းညွှန်မှု ပြုခဲ့၏။ ထို့ကြောင့် သူက ကျွန်တော့်အား အားကစားပွဲများတွင် ပိုမို ပါဝင်ဆင်နွှဲဖို့ အားပေးခဲ့ခြင်းဖြစ်မည်။ ကျွန်တော်သည် ကျောင်းတွင် ကိုယ်နည်းကိုယ့်ဟန်ဖြင့် ရှင်သန်ရပ်တည်နိုင်ကြောင်း သဘောပေါက်စေ လိုဟန် ရှိ၏။ ဖေဖေက ကျွန်တော် ကျောင်းမှာရှိနေစဉ်အတွင်း ကိုယ့်ကိုယ် ကိုယ် ယုံကြည်ချက်ကို ထိန်းထားနိုင်မည့် နည်းလမ်းတစ်ခု ရှာဖွေစေလိုဟန် ရှိ၏။ ကျောင်းစာအရ မဟုတ်ဘဲ အားကစားထူးချွန်မှုဖြင့်ပဲ ဖြစ်ဖြစ်ပေါ့။

ကျွန်တော့်ဘဝ ထိုအချိန်၊ ထိုအဆင့်တွင်ကျွန်တော့်မိသားစုသည် ငွေရေးကြေးရေး အကျပ်အတည်းများနှင့် ကြုံနေခဲ့ရ၏။ ဖအေတစ်ဦးအနေ

ဖြင့် မိသားစုအတွက် ဝင်ငွေလုံလုံလောက်လောက် ရှာဖွေပေးနိုင်စွမ်းမရှိခြင်းက ကျွန်တော့်အပေါ် ဘယ်လောက်ထိခိုက်မည်ဆိုသည်ကို သူသဘောပေါက်ပုံရပါသည်။ ကျွန်တော်အိမ်ပြန်လာသောအခါ ကြွေးစာရင်းတွေ ကိုင်ပြီး ငိုနေသည့် မေမေ့ကို မကြာမကြာ တွေ့ခဲ့သည်ကိုလည်း သူသိခဲ့၏။ ကျွန်တော်သည် သူနှင့်မတူ ခြားနားသည့် ကိုယ်ပိုင်သရုပ်လက္ခဏာကို ရှာကြံလိမ့်မည်ဆိုတာ သူသိနေပုံရ၏။ သူထင်ထားသည့်အတိုင်းလည်း ကျွန်တော် ရှာကြံဖော်ထုတ်ခဲ့၏။ ကျွန်တော့် အသက်ကိုးနှစ်အရွယ်ကစပြီး ဖေဖေချမ်းသာထံတွင် သင်ယူဆည်းပူးမှုများ ပြုခဲ့၏။

ခုနေနောက်ကြောင်းပြန်ကြည့်တော့ အဆိုပါ စီးပွားရေး အကျပ်အတည်းကာလအတွင်း ကျွန်တော့်မိသားစုကို ဘယ်လိုကယ်ထုတ်ရမည်လဲဆိုတာ ကိုယ့်ဘာသာကိုယ် အဖြေများရှာနေခဲ့၏။ ကျွန်တော်သည် ကျွန်တော့်ဖေဖေနှင့်ရော... မေမေနှင့်ပါ မတူသည့် ကိုယ်ပိုင် သရုပ်လက္ခဏာကို ရှာဖွေကြံဆခဲ့သည်တော့ သေချာပေါက်ဖြစ်ပါသည်။

## အက်ဒရီယံ၏ကျင့်စဉ်နှင့် ကျွန်တော့်ကျင့်စဉ် ရင်ဆိုင်တွေ့ခြင်း

အက်ဒရီယံ၏ စာသင်ကျောင်းအတွေ့အကြုံသည်ကောင်းသော အတွေ့အကြုံဖြစ်နေသည်ဖြစ်ရာ သူ့အနေဖြင့်စာသင်ခန်းများသို့ ပြန်သွားပြီး ဝမ်းကျောင်းပညာအသစ်တစ်မျိုး တတ်မြောက်အောင်သင်ယူခြင်းသည် အဓိပ္ပာယ်ရှိနေ၏။ ကျွန်တော်၏သင်ယူမှုကျင့်စဉ်ကတော့ ကွဲပြားခြားနားခဲ့၏။ ကျွန်တော့်ကျင့်စဉ်က ကျွန်တော် ကိုးနှစ်သားအရွယ်မှာ ဆည်းပူးခဲ့သည့်ကျင့်စဉ်။ ၎င်းကျင့်စဉ်အရ ကျွန်တော့်ကို ထိန်းကျောင်းပဲ့ပြင်ပေးမည့်ဂုရုတစ်ဦး ရှာမည်။ ပြီးတော့ လုပ်ဆောင်ခြင်းဖြင့် သင်ယူမည်။ ကျွန်တော်က ယနေ့ထက်တိုင် သူတို့ခြေစုံကို ဦးခိုက်ပြီးပညာယူရမည့် ဂုရုများကို ရှာဖွေနေဆဲပါ။ ကျွန်တော် လုပ်ဆောင်လိုသည်များကို ကျွန်တော့်ရှေ့က စွမ်းစွမ်းတမံ လုပ်ပြသွားသည့် ဂုရုများကို ရှာဖွေသည်။ သို့မဟုတ်ပါကလည်း သူတို့ဘာတွေ ဘယ်လိုလုပ်သွားကြောင်း ပြောပြသည့် အသံသွင်းတိပ်ခွေများ နားထောင်သည်။ တခြားရွေးစရာလမ်း မရှိတော့ဘူးဆိုလျှင်တော့ စာအုပ်တွေလည်း ဖတ်ပါသည်။

ကျွန်တော်က စီးပွားရေးတက္ကသိုလ်သို့ပြန်သွားပြီး စီးပွားရေးလုပ်ငန်းအကြောင်း သင်ယူလေ့လာမည့်အစား ကျွန်တော့်ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း

တစ်ခု ထူထောင်ခဲ့၏။ ဘာကြောင့်ဆို ကျွန်တော်က စာသင်ခန်းထဲထိုင်ပြီး သင်ယူခြင်းထက် လက်တွေ့လုပ်ဆောင်ပြီး သင်ယူတတ်သူ မဟုတ်လား။ ကျွန်တော်က ဂုရုတစ်ပါးကို ရှာမည်။ လုပ်ဆောင်မည်။ အမှားတွေ ပြုမည်။ ပြီးတော့ ကျွန်တော် ဘာတွေမှားခဲ့ကြောင်း၊ ၎င်းအမှားများမှ ဘာသင်ခန်းစာတွေ ရနိုင်ကြောင်း ပြောပြသည့်စာအုပ်များ၊ အသံသွင်းတိပ်ခွေများ ရှာဖွေမည်။

ဥပမာပြရသော် ကျွန်တော့်လုပ်ငန်းတွေထဲမှတစ်ခုတွင် အရောင်းကျသည့် ပြဿနာနှင့် ကြုံရသည်။ သည်တော့ လေ့လာရေးနှင့် သုတေသနလုပ်ငန်းကို ထုနှင့်ထည်နှင့် ဖိဖိစီးစီးလုပ်ပြီး အဖြေသစ်များရှာသည်။ ယနေ့ဆိုလျှင် ကျွန်တော်က ဈေးကွက်ဖော်ဆောင်ရေးတွင် တော်တော်ကြီးကျွမ်းကျင်သူဖြစ်နေပြီ။ သို့သော် ပြဿနာကြုံစဉ်က စာသင်ခန်းထဲမှာပဲ ထိုင်နေမည်၊ စာအုပ်တွေဖတ်မည်၊ ကိုယ်ပိုင်ကုမ္ပဏီပင် ရှိချင်မှရှိမည့် ဆရာတွေ ပြောသမျှသာ နားထောင်နေမည်ဆိုလျှင်မူ ကျွန်တော်ကျွမ်းကျင်သည့် ဈေးကွက်ဖော်ဆောင်သူဖြစ်လာမည် မဟုတ်ပါချေ။

ကလေးတစ်ဦးတစ်ယောက်ချင်းတွင် ထူးခြားပြီး တစ်သီးတစ်သန့်ဖြစ်သော သင်ယူမှုကျင့်စဉ်တစ်ခု ရှိနေပါလိမ့်မည်။ မိမိ၏ကလေးသည် သူနှင့် အသင့်လျော်ဆုံးကျင့်စဉ်ကို ရွေးချယ်နိုင်အောင် လေ့လာအကဲခတ်ပြီး အထောက်အကူပြုရန်မှာ မိဘများ၏ အလုပ်ဖြစ်၏။ အကယ်၍ ကလေးသည် ကျောင်းမှာ စာမလိုက်နိုင်ဘူးဆိုလျှင် ကလေးကို ဆူပူကြိမ်းမောင်းခြင်းမပြုဘဲ သူနှင့် နီးနီးကပ်ကပ်နေပြီး သူ့အတွက် အကောင်းဆုံး သင်ယူနည်းကို ရှာနိုင်အောင် အထောက်အကူပြုရပါမည်။

အကယ်၍ သင့်ကလေးတွေ ကျောင်းပျော်လျှင်၊ စာတော်လျှင် သင့်ကိုယ်သင် ဦးကံထူး၊ ဒေါ်ကံထူးဟု ကင်ပွန်းတပ်လိုက်ပါ။ သူတို့ဉာဏ်စွမ်းတွေ ပြပါစေ။ အမှတ်ကောင်းကောင်းရသည့် အတွေ့အကြုံကို ပီတိဖြာဝမ်းသာကြပါစေ။ အကယ်၍ သူတို့တွေသည် ကျောင်းမပျော်၊ စာမတော်ဆိုလျှင်လည်း သူတို့သည် ပါရမီထူးချွန်သူ ကလေးများဖြစ်နေသေးကြောင်း သူတို့ကို အသိပေးပါ။ ပြီးတော့ ထူးချွန်မှုတစ်မျိုးတည်းကိုသာ အသိအမှတ်ပြုသည့်စနစ်ကြီးထဲတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သင်ယူနည်းတစ်နည်းရှာဖွေနိုင်အောင် ကူညီဖေးမပေးပါ။ သူတို့ ထိုသို့ ပြုလုပ်နိုင်လျှင် လက်တွေ့

ကမ္ဘာထဲတွင် ရှင်သန်ရပ်တည်နိုင်မည့် အတတ်ပညာ အကောင်းစားများ ရရှိလာပါလိမ့်မည်။ ကျွန်တော်ထိုသို့ ပြုလုပ်ချင်လာအောင် ကျွန်တော့်ဖေဖေ က အားပေးအားမြှောက်လုပ်ခဲ့လေသည်။ ကျွန်တော်သင်ယူဆည်းပူးနေရ တာတွေကို မနှစ်ခြိုက်သော်လည်း သင်ယူလို့ရမည့် ကိုယ်ပိုင်နည်းလမ်းများ ရှာနိုင်အောင် ဖေဖေက ကူညီအားပေးခဲ့သည်။ ဤကား တကယ့်ဘဝကို ရင်ဆိုင်ဖို့ များစွာအထောက်အကူရသည့် လေ့ကျင့်မှုတစ်ရပ်ဖြစ်ပေသည်။

## ဝမ်းကျောင်းပညာသင် ဖြစ်အောင် အားထုတ်နည်း

ဘဝတွင် ရှင်သန်ရပ်တည်နိုင်စွမ်းမရှိမှာ ကြောက်ရွံ့စိုးရိမ်စိတ်ကြောင့် စာကြိုး စားရင်း ကျောင်းမှာ စာတော်လာသူများကိုလည်း ကျွန်တော် အကြိမ်ပေါင်း များစွာ တွေ့ဖူးကြုံဖူးသည်။ အဆင့်တွေကောင်းကောင်းရခြင်းသည် ရှင်သန် ရပ်တည်နိုင်ရန် အကောင်းဆုံးအနေအထားဖြစ်ကြောင်းကို ကလေးတွေ သိမှတ် ထားသည်။ သို့ဖြင့် ‘အဆင့်ကောင်းတွေ များများရခြင်း’ မည်သော ရှင်သန် ရေးဆိုင်ရာ ကျွမ်းကျင်မှုတွေ ပိုင်ဆိုင်လာတော့၏။ ဤသို့ဖြစ်ရခြင်းသည် ငယ်ရွယ်စဉ်မှာတော့ ကောင်းသည်။ သို့သော် သူတို့အသက်ကြီးလာသော အခါ ပြဿနာတွေ ပေါ်လာသည်။ ထိုအခါ သူတို့အနေဖြင့် အဆင့်ကောင်း တွေ နောက်မှာထားရစ်ခဲ့ပြီး လက်တွေ့ဘဝအတွက် လိုအပ်သော အခြား ရှင်သန်ရေးဆိုင်ရာ ကျွမ်းကျင်မှုများကို မှီခိုအားထားရမည့် အခြေဆိုက်လာ တော့၏။

ကျောင်းမှာစာတော်အောင် ကြိုးစားခြင်းဖြင့် ရှင်သန်ရပ်တည်နိုင် အောင် အားထုတ်သည့် ကလေးများသည် ဝမ်းကျောင်းပညာသင်များအဆင့် သို့ လွယ်လွယ်ကူကူ ချောချောမွေ့မွေ့ တက်လှမ်းနိုင်ပါမည်လားဟု ကျွန်တော် သံသယဖြစ်မိ၏။ တချို့က စာတော်အောင် ကြိုးစားပြီး ရှင်သန်ရပ်တည်နိုင် အောင် အားထုတ်သည့်စနစ်ကို တစ်သက်လုံးစွန့်လွှတ်ချင်မှ စွန့်လွှတ်မည်။ သို့ဖြင့် တချို့က ပါရဂူဘွဲ့ရတွေ ဖြစ်ကောင်းဖြစ်လာကြမည်။ သူတို့သည် လုပ်ပိုင်ခွင့်ဖြင့် လုံခြုံမှုကို ရှာဖွေကြခြင်းဖြစ်လေသည်။

ကျွန်တော့်ဖေဖေကျောင်းဆရာသည် သည်လမ်းကြောင်းပေါ် ရောက် ခဲ့၏။ သို့သော် သူ့မိသားစုဝင်တွေ နာဖျားမကျန်းဖြစ်မှုကြောင့် သူသည် ပြင်ပကမ္ဘာထဲသို့ မဖြစ်မနေတိုးဝင်ခဲ့ရလေသည်။

"ပြင်ပကမ္ဘာနှင့် မထိတွေ့အောင် ပညာရေး တံတိုင်းတွေနဲ့ ကာရန် ထားဖို့ လိုမယ်ဆိုလျှင် ပညာရေးတံတိုင်းတွေ အတွင်းမှာပဲ နေရတာ လွယ်လွယ်ကလေးရယ်" ဟု ဖေဖေက ပြောခဲ့ပါသည်။

## ကိုယ့်ကိုယ်ကိုယ်အမြင် ယိုယွင်းပျက်စီးခြင်း

အကြွေးတင်ခြင်းနှင့် ငွေကြေးဖူလုံမှု မရှိခြင်းသည် လူတစ်ဦး၏ ငွေကြေးဆိုင်ရာ ကိုယ့်ကိုယ်ကိုယ်အမြင်ကို ယိုယွင်းပျက်စီးစေကြောင်း ကျွန်တော် ဖော်ပြခဲ့ပြီး ဖြစ်၏။ တစ်နည်းဆိုရသော် သင့်မှာ ငွေကြေး အကျပ်အတည်း တွေ့ကြုံနေရလျှင်၊ သို့မဟုတ် အလုပ်အကိုင်နှင့် လခရဖို့ အရမ်း လိုအပ်နေပြီဆိုလျှင် သင်၏ ငွေကြေးနှင့် ပတ်သက်သော ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုသည် ဒယီးဒယိုင်ဖြစ်လာနိုင်၏။

ကလေးတွေမှာလည်း ပညာရေးအရ ထိုအဖြစ်မျိုးဖြစ်နိုင်၏။ သူတို့သည် စာညံ့ကြောင်း၊ တစ်စုံတစ်ဦးလောက် မတော်ကြောင်းဆိုတာတွေချည်း အပြောခံနေရလျှင် သူတို့၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်တွေ တဖြည်းဖြည်း ယိုင်နဲ့ပျက်စီးသွားနိုင်ပါသည်။

ကျွန်တော်လည်း ကျွန်တော့်ဖေဖေ၏ ကူညီဖေးမမှုသာ မရခဲ့လျှင် စောစောစီးစီး ကျောင်းထွက်ခဲ့မည်သာ ဖြစ်၏။ ဘာကြောင့်ဆို မိမိအား ငတုံး၊ ငအအဖြစ် သတ်မှတ်သည်ကို ဘယ်သူမျှ မခံနိုင်သောကြောင့်ပင်။ ကျွန်တော် ငတုံး၊ ငအ မဟုတ်မှန်း ကျွန်တော် သိသည်။ ကျွန်တော်တို့ကို သင်ပေးနေသည့် ဘာသာရပ်များကို ကျွန်တော် စိတ်မဝင်စားမှန်း၊ ငြီးငွေ့ စိတ်ပျက်နေမှန်း ကျွန်တော် သိသည်။ မည်သို့ဆိုစေကာမူ ကျောင်းမှာ ကျွန်တော်ရသည့် ခပ်ညံ့ညံ့အဆင့်များက ကျောင်းပညာရေးနှင့်ပတ်သက်သော ကိုယ့်ကိုယ်ကိုယ်အမြင်ကို တိုက်စား ယိုင်နဲ့စေခဲ့၏။

ကျွန်တော့်ဘဝ၏ စိတ်ပျက်၊ စိတ်ဆင်းရဲစရာကောင်းသော ကာလများတွင် ကျွန်တော့်အား ကာကွယ်စောင့်ရှောက်ခဲ့သူမှာ ကျွန်တော့်ဖေဖေ ကျောင်းဆရာဖြစ်ပါသည်။ ကျောင်းမှာ ကျွန်တော်ရသည့် အဆင့်တွေက နိမ့်သည်။ တစ်ခါတစ်ခါ စာမေးပွဲကျသည့် အဆင့်တွေပင် ရခဲ့သည်။ သို့ဖြစ်သည့်တိုင် ကျွန်တော် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ထက်မြက်သူဖြစ်ကြောင်း ဖေဖေက မပြတ်အားပေးသည်။ ကျောင်းမှာ လူတော်တိုးနိုင်ဖို့ ကိုယ်ပိုင် သင်ယူနည်းများ ရှာဖွေဖို့လိုကြောင်း တစ်စိုက်မတ်မတ် နားသွင်းသည်။

ရှုပ်ထွေးချက်များကြောင့် ကျောင်းပေါင်း ၃၀ မှ ဆရာ၊ ဆရာမများနှင့် အုပ်ချုပ်ရေးမှူး စုစုပေါင်း ၄၈ ဦးသည် စုံစမ်းစစ်ဆေးခံနေရသည်။

စာမေးပွဲတွင် ခိုးချသည့်အတွက် ကလေးများကို ကျောင်းထုတ်ပစ်ခြင်းသည် ရုပ်ဆိုးသင့်သလောက် ရုပ်ဆိုးနေပါပြီ။ သို့သော် စာသင်နှစ် ကုန်ဆုံးကာနီးရောက်လာသောအခါ ကလေးတစ်ဦးချင်းအတွက် အရေးကြီးပြီး သက်ဆိုင်ရာ တိုက်နယ်၏ တစ်နှစ်စာ ဘတ်ဂျက်မှ ပညာသင်ထောက်ပံ့ကြေးပေးရန် အရည်အချင်းစစ် စာမေးပွဲများတွင် မရိုးမသားပြုခဲ့သည် ဆိုသောစွဲချက်များကို ရင်ဆိုင်နေရသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းအုပ်များအရေအတွက်သည် ကြောက်ခမန်းလိလိ များပြားနေသည်။

ဆောင်းပါးတွင် ဆက်လက်ဖော်ပြထားသည်မှာ...

ပြဿနာမှာ အလိုချင် အတပ်မက်ဆုံး အရာသည် ပညာရေး အဆင့်အတန်း မြင့်မားမှု မဟုတ်ဘဲ အောင်နှုန်းမြင့်မားရေးဖြစ်နေခြင်းပင်။

တိုင်းပြည်၏ အချို့ဒေသများတွင် စာသင်သားများ၏ အောင်ချက်မြင့်မားအောင် စွမ်းဆောင်နိုင်လျှင် ပညာရေးမှူးများသည် ဆုကြေးငွေ ဒေါ်လာ ၂၅,၀၀၀ အထိ ရကြသည်။ အခြားဒေသများတွင်မူ စာသင်သားများအောင်ချက်မကောင်းလျှင် ကျောင်းအာဏာပိုင်များအနေဖြင့် အလုပ်ပင် ဖြုတ်နိုင်ကြပေသည်။

ဆောင်းပါးတွင် ဆက်လက်ဖော်ပြထားသည်မှာ ယခုအခါ စာသင်ကျောင်းများသည် ကလေးတွေကို ခိုင်မာသောအခြေခံပညာ သင်ကြားပေးရမည့်အစား စာမေးပွဲဖြေနည်းကို သင်ကြားပေးနေသည် ဆို၏။ တစ်နည်းဆိုရသော် ဆရာ၊ ဆရာမများသည် ကလေးများကို ပိုတော်၊ ပိုတတ်သောကလေးများဖြစ်လာအောင် ပျိုးထောင်ပေးရမည့်အစား စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် စာမေးပွဲများတွင် ကလေးတွေကို အဖြေတွေ ပြောပြပေးနေသည် ဟူ၏။

ကျွမ်းကျင်သူအချို့၏ ယူဆချက်အရဆိုလျှင် 'စာမေးပွဲဖြေဖို့ သင်ပေးခြင်း' သည် စာမေးပွဲတွင် ခိုးချခြင်းထက် ဆိုးသည်ဆိုပါသည်။ ရင်ဖူလီက 'အဖတ်၊ အရေး၊ အတွက်' ဟူသော 'အ' သုံးလုံး သင်ရိုး မဟုတ်ဘဲ 'အတင်းရိုက်သွင်း၊ အတင်းကျက်၊ အတင်းပြန်ရွတ်' ဟူသော 'အ' သုံးလုံး သင်ရိုး ဖြစ်နေပြီဟု ဆိုပါသည်။ ရိုက်စ်တက္ကသိုလ်၊ ပညာရေးဌာနပါမောက္ခ လင်ဒါမက်နီးလ်ကတော့... 'အဓိပ္ပာယ် မရှိတဲ့ လုပ်ရပ်တွေ' ဟု မှတ်ချက်ချ

သည်။ တက္ကဆက်မှာဆိုလျှင် ကလေးတွေသည် လပေါင်းများစွာ ဘာမှမလုပ်ဘဲ စာမေးပွဲဖြေဖို့ပဲ ပြင်ဆင်နေသည်ဟု သူက ပြောသည်။ "အဲဒီလုပ်ရပ်ဟာ 'ပယ်ဖျက်' ခလုတ်ကို နှိပ်ဖို့ ကလေးတွေ စိတ်ထဲ စွဲသွားအောင် သင်ပေးနေတာပဲ။ အဲဒါဟာ သူတို့ကို မေ့ပစ်လိုက်ဖို့ သင်ပေးနေတာ။ သူတို့ဟာ လိမ္မာတဲ့နည်းနဲ့ ခိုင်မာတဲ့ ကျောင်းသင်ပညာရေးကို ဖျက်ဆီးပစ်နေကျတာ" ဟု ပါမောက္ခ လင်ဒါမက်နီးလ်က ထောက်ပြဝေဖန်ခဲ့ပါသည်။

## ဆရာ၊ ဆရာမများ၏ အလိမ်အညာတွေ ဘယ်လို ပေါ်ကုန်သလဲ

ကလေးတွေက လူကြီးတွေထက် လျင်သည်ဟု ကျွန်တော် ပြောမိတိုင်း ဉာဏ်ရည်ဉာဏ်သွေး ပိုမိုထက်မြက်သည့် လူကြီးတွေ၏ မျက်စောင်း အထိုးခံခဲ့ရသည်ချည်းဖြစ်၏။ ကျွန်တော်သည် ချာတိတ်တစ်ယောက်အနေဖြင့် ကျွန်တော့်ဆရာ၊ ဆရာမများ သို့မဟုတ် မိဘများထက်ပိုပြီး ပြင်ပကမ္ဘာနှင့် အထိအတွေ့ရှိခဲ့ကြောင်း ကျွန်တော် မှတ်မိနေသေးသည်။ ကျွန်တော်က ပလေးဘွိုင်မဂ္ဂဇင်း ပထမဆုံး စာအုပ်အကြောင်းကို ကျွန်တော့်မေမေနှင့် သူ့မိတ်ဆွေတွေထက် အများကြီး စောပြီး သိခဲ့သည်။ ယနေ့ဆိုလျှင် ကျွန်တော်သိရ၊ ကြားရမှာ လက်တွန့်နေသည့် အကြောင်းအရာများကို ချာတိတ်တွေက အင်တာနက်ပေါ်မှာ ရှာဖွေလေ့လာလို့ရနေပြီ။ သို့ဖြစ်သည့်တိုင် ကျွန်တော်တို့သည် ကလေးများကို ကလေးများလိုပဲ ဆက်ပြီး သတ်မှတ်နေကြ၏။

မေရီလင်းပြည်နယ်တွင် ကျောင်းအုပ်တစ်ဦး လိမ်ညာနေသည်ကို ကလေးတွေက သိနေသည့်အတွက် သူ့လိမ်ညာမှုတွေ ဘူးပေါ်သလို ပေါ်သွားကြောင်း နယူးစ်ဝိခ် မဂ္ဂဇင်းက ဖော်ပြခဲ့၏။

ဤအရှုပ်တော်ပုံတွင် ကလေးတွေဇာ ဇာတ်လိုက်တွေ ဖြစ်နေသည်။ မေလလယ်တွင် ကျင်းပသည့် အစိုးရစစ်စာမေးပွဲတွင် သူတို့ ကျောင်းအုပ်ဆရာမကြီး၏ ထူးခြားအပြုအမူများကို ငါးတန်းကျောင်းသူ၊ ကျောင်းသားကလေးများက သတိထားမိသည်။ သည်အကြောင်းကို သူတို့အချင်းချင်း ကျောင်းစင်္ကြံလမ်းများပေါ်မှာ ပြောကြသည်။ ကျောင်းကစားကွင်းထဲမှာ ပြောကြသည်။ ထို့နောက် အိမ်ပြန်ရောက်တော့ သူတို့မိဘများကို ပြောပြကြသည်။

စာမေးပွဲဖြေဆိုပြီးသွားသည့် ကလေးတချို့ကို ဆရာမကြီးက ခေါ်ခိုင်းပြီး သူတို့အဖြေများကို 'ပြန်ကြည့်' ခိုင်းသည် ဆို၏။ အခြားကလေးများကိုမူ

စာမေးပွဲဖြေချိန်ကို မိနစ် ၂၀ မှ ၄၅ မိနစ်အထိ အချိန်ပို ပေးခဲ့သည်ဟု ကလေးများက ပြောသည်။ ပထဝီနှင့် သိပ္ပံ စာမေးပွဲတွင် ဆရာမကြီးက မြေပုံကားချပ်တစ်ခုကို ထောင်ပြပြီး စာမေးပွဲတွင် မေးထားသည့်နိုင်ငံကို လက်ဖြင့် ထောက်ပြခဲ့သည် ဆို၏။

ထို့နောက် ပဥ္စမတန်း ကျောင်းသူ၊ ကျောင်းသားကလေးများက သူတို့ အတွေ့အကြုံများကို နယူးစ်ဝိခ်ကို ပြောပြခဲ့သည် ဆို၏။ ကလေးတစ်ဦးကို သင်္ချာစာမေးပွဲတွင် သတ်မှတ်ချိန်ထက် အချိန်ပိုပေးခဲ့ကြောင်း၊ ကျောင်းသား တစ်ဦးကိုတော့ အဖြေမှန်ပြောပြခဲ့ကြောင်း။ သူ့လုပ်ရပ်များကြောင့် မိမိတို့ ပြဿနာပေါ်မှာကြောက်သော ကလေးများက မိဘများက ပြန်ပြောခဲ့ကြောင်း နယူးစ်ဝိခ် ဆောင်းပါးတွင် ဆက်လက်ဖော်ပြထားလေသည်။

## ပညာတတ်ဖေဖေ၏ စိုးရိမ်သောကများ

လွန်ခဲ့သည့် နှစ်ပေါင်း တော်တော်ကြာကြာတုန်းက ကျွန်တော့်ဖေဖေ ကျောင်း ဆရာသည် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲဖို့ အားထုတ်ခဲ့၏။ ခြားနား သော ကလေးများတွင် ခြားနားသော ပါရမီများရှိကြောင်း ဖေဖေက သတိပြု မိခဲ့၏။ လက်ရှိကျင့်သုံးနေသည့် ပညာရေးစနစ်သည် 'တစ်ရွယ်တည်း အကုန် ဆံ့' စနစ်ဖြစ်ကြောင်းလည်း သူသတိပြုမိခဲ့၏။ သည်စနစ်သည် ကလေး အားလုံး၏ ၃၀ ရာခိုင်နှုန်းလောက်အတွက်သာ သင့်တော် ကောင်းမွန်ပြီး အခြားသူများအတွက်မူ ဆိုးရွားကြောက်မက်ဖွယ်ကောင်းနေပေသည်။

"ဒီစနစ်ကြီးက ဒိုင်နိုဆောထက်တောင် ကြောက်စရာကောင်းတယ်။ ယုတ်စွအဆုံး ဒိုင်နိုဆောတွေက ဆိတ်သုဉ်းသွားသေးတယ်။ ဒါပေမဲ့ စာသင် ကျောင်းစနစ်က ကွယ်ပျောက်သွားမှာ မဟုတ်ဘူး။ ဒါကြောင့် ဒိုင်နိုဆော တစ်ကောင်ထက် ကြောက်စရာကောင်းတာပေါ့။ ကျောင်းသင်ပညာရေးစနစ်က မိကျောင်းနဲ့ ပိုတူတယ်ကွ၊ ဒိုင်နိုဆောတွေ ကွယ်ပျောက်သွားပေမဲ့လည်း ရှင်သန်ကျန်ခဲ့တဲ့ တွားသွားသတ္တဝါတစ်မျိုးလေ။ ကျောင်းသင်ပညာရေးစနစ် ပြောင်းလဲသွားမှာ မဟုတ်တဲ့အကြောင်းရင်းတစ်ရပ်က ဒီစနစ်ကိုက ပြုပြင် ပြောင်းလဲဖို့ ပုံဖော်ထားတဲ့စနစ် မဟုတ်ဘဲ ရှင်သန်နေအောင် ဖန်တီးထားတဲ့ စနစ်ဖြစ်နေလို့ပဲ"

ကျောင်းဆရာ၊ ဆရာမတွေသည် ကလေးများကို ပညာသင်ပေးဖို့ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားအားထုတ်ကြကြောင်း ကျွန်တော် တို့ အများစုက သိထား၏။

ကျွန်တော် သိထားသည့် လုပ်ငန်းတွေထဲတွင် မိမိ၏ဖောက်သည်များ လိုလားသည်ကို ဖြည့်ဆည်းပေးရန် ပျက်ကွက်ပြီး မိမိ၏ ရှုံးနိမ့်မှုများအတွက် ဖောက်သည်များအပေါ် အပြစ်ပုံချသည့်လုပ်ငန်းဆိုလို့ သည်လုပ်ငန်းတစ်မျိုးပဲ တွေ့ဖူးသေးသည်။ စနစ်တစ်ခုအနေဖြင့် မိမိတို့သည် ပျင်းရိငြီးငွေ့စရာကောင်းကြောင်း ဝန်ခံမည့်အစား သူတို့က သင့်ကလေးတွေ 'သင်ယူစွမ်းချို့တဲ့' နေသည်ဟု ပြောကြ၏။ ကျွန်တော် ပြောခဲ့သည့်တိုင်း မိမိ၏ မအောင်မြင်မှုအတွက် မိမိ၏ဖောက်သည်များအပေါ် အပြစ်ပုံချသည့်လုပ်ငန်းဟူ၍ သည်လုပ်ငန်းတစ်ခုသာ ရှိပါသည်။

ဤစနစ်သည် ကြီးမားသော ဟာကွက်၊ ချွတ်ယွင်းချက်များရှိသည့် စနစ်တစ်ခုဖြစ်ကြောင်း လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ကျွန်တော့်ဖေဖေ သိမြင်ခဲ့သည်။ အင်္ဂလိပ်စကားပြောနိုင်ငံအများစုတွင် အသုံးပြုသည့် ပညာရေးစနစ်သည် လွန်ခဲ့သောနှစ်ရာပေါင်းများစွာကတည်းက ပရပ်ရှားတွင် စတင်အကောင်အထည်ဖော်ခဲ့သည့် စနစ်ဖြစ်နေမှန်း သိရသောအခါ ဖေဖေသည် ပိုပြီး စိတ်အနှောင့်အယှက် ဖြစ်ခဲ့လေသည်။ ဤစနစ်သည် ကလေးများကို ပညာသင်ပေးဖို့ ထွင်ထားသည့်စနစ်မဟုတ်ဘဲ အမှုထမ်းတွေ ပေါ်လွင်လာအောင် ဖန်တီးထားသည့်စနစ်ဖြစ်ကြောင်း သိမြင်လာတော့ ဖေဖေ ပိုပြီး စိတ်ဆင်းရဲခဲ့ရ၏။ တစ်နေ့တွင် သူကျွန်တော့်ကို ပြောပြခဲ့၏။

"ဒို့ကျောင်းတွေမှာ 'ကင်ဒါဂါတင်' (Kindergarten) ဆိုတဲ့ စကားလုံးမျိုးတွေ သုံးစွဲနေတာ ဘာကြောင့်လဲဆိုတော့ အဲ့ဒီစနစ်ဟာ လွန်ခဲ့တဲ့နှစ်ရာပေါင်းတော်တော်ကြာကြာတုန်းက ပရပ်ရှားဆိုတဲ့နိုင်ငံမှာ စပြီး ကျင့်သုံးခဲ့လို့ပဲ။" 'ကင်ဒါ(Kinder) ဆိုတဲ့ ပရပ်ရှား စကားလုံး၊ အဓိပ္ပာယ်က 'ကလေးများ' တဲ့။ 'ဂါတင်း' (Garten) ဆိုတာကတော့ 'ဥယျာဉ်'ပေါ့။ တစ်နည်းပြောရရင် နိုင်ငံတော်က ပညာသင်ပေးရမယ့်၊ ဒါမှမဟုတ် သဘောတရားရေး သွတ်သွင်းပေးရမယ့် ကလေးဥယျာဉ်တစ်ခုလို့ အဓိပ္ပာယ်ရတယ်။ ဒီစနစ်က ပညာသင်ပေးရေးကို မိဘတွေဆီက ရုတ်သိမ်းပြီး နိုင်ငံတော်ရဲ့ လိုအပ်ချက်တွေနဲ့ အကိုက်ညီဆုံးဖြစ်မယ့် ကလေးတွေ ဖြစ်ထွန်းလာအောင် ပညာသင်ပေးတဲ့စနစ်ပဲကွ'

## အခြေခံဆိုသည့်စကားလုံး ဘယ်က ပေါ်လာသလဲ

ဖေဖေနောက်ထပ်ပြောသည့် စကားရှိသေးသည်။ "စောစောပိုင်းနှစ်တွေက စာသင်ကျောင်းကို 'အခြေခံ' လို့ ခေါ်တဲ့အကြောင်းအရင်းတစ်ခုရှိသေးတယ်။

အဲ့ဒါကတော့ ပညာရေး အာဏာပိုင်တွေက သင်ယူမှုထဲကနေ စိတ်ဝင်စားတဲ့ အကြောင်းအရာ ဆိုတာကို ဆွဲထုတ်ပြီး အခြေခံအကြောင်းအရပ်ကလေးတွေ အဖြစ် ခွဲခြမ်းစိတ်ဖြာပစ်လိုက်တာပဲ။ သင်ယူမှုဆိုတဲ့ လုပ်ငန်းစဉ်ထဲကနေ စိတ်ဝင်စားတဲ့အကြောင်းအရာကို ဖယ်ထုတ်ပစ်လိုက်တော့ သင်ယူဆည်းပူးရတာ ငြီးငွေ့စရာကောင်းလာတာပေါ့။ ဥပမာ၊ ကလေးတစ်ယောက်က အိမ်တစ်လုံးကို စိတ်ဝင်စားနေမယ် ဆိုပါတော့။ အဲ့ဒီအိမ်ဆိုတဲ့ အကြောင်းအရာကို ဖယ်ထုတ်ပြီး အခြေခံအကြောင်းရင်းတွေအဖြစ် ခွဲထုတ်ပစ်လိုက်ကြတယ်။ ဆိုပါစို့… သင်္ချာ၊ သိပ္ပံ၊ အရေးနဲ့ ပန်းချီတို့လိုပေါ့။ ဒီတော့ ကျောင်းမှ စာတော်တယ်ဆိုတဲ့ စာသင်သားတွေဆိုတာ သင်္ချာ၊ ဒါမှမဟုတ် စာရေးခြင်း၊ ဒါမှမဟုတ် သိပ္ပံပညာ စတာတွေကို ဘာသာရပ်တစ်ခုစီအဖြစ် စိတ်ဝင်စားတဲ့ ကျောင်းသားတွေပေါ့။

"ဒါပေမဲ့ ဒီ့ထက်ပိုကြီးတဲ့အကြောင်းအရာဖြစ်တဲ့ အိမ်လိုဟာမျိုးကို စိတ်ဝင်စားတဲ့ စာသင်သားကတော့ စောစောက ပြောတဲ့ ဘာသာရပ်တစ်ခုစီဟာ ငြီးငွေ့စရာဖြစ်နေတော့တာပေါ့။ သူစိတ်ဝင်စားတဲ့အကြောင်းအရာကို ဖယ်ထုတ်ခံရတယ်၊ ပြီးတော့ ဘာသာရပ်အဖြစ် ခွဲထုတ်ထားတာတွေကိုပဲ သင်ယူခွင့်ရတော့တယ်။ အဲဒီမှာ *အခြေခံစာသင်ကျောင်း* (ဒါမှမဟုတ်) အခြေခံပညာရေး ဆိုတဲ့ အခေါ်အဝေါ်ဖြစ်လာပြီး စာသင်သား တော်တော်များများဟာ ကျောင်းတက်ရတာ ငြီးငွေ့စရာကြီး ဖြစ်လာတော့တာပေါ့။ သူတို့စိတ်ဝင်စားတဲ့ အကြောင်းအရာမှ မပါဝင်တော့ပဲကိုး"

ဤကား အိမ်မှာစာသင်ကြားခြင်းနှင့် ကိုယ်ပိုင်ကျောင်းများ တိုးပွားလာရခြင်း၏ အကြောင်းရင်းတချို့ဖြစ်သည်ဟု ကျွန်တော် ယူဆပါသည်။ သူတို့သည် ပညာသင်သည့် အခွင့်အာဏာကို နိုင်ငံတော်ထံမှ မိဘနှင့်သားသမီးထံသို့ ပြန်လည်လွှဲပြောင်းယူနေကြခြင်း ဖြစ်လေသည်။

## ဆာမူရိုင်းများမှသည် ဆရာဝန်များမှသည် ကျောင်းဆရာများအဖြစ်သို့

ကျွန်တော့်ဖေဖေဘက်က မျိုးနွယ်များသည် ဂျပန်ဒေသရာဇ်ခေတ်က စစ်သည်တော် လူတန်းစား (သို့မဟုတ်) ဆာမူရိုင်း လူတန်းစားများ ဖြစ်၏။ သို့သော် အနောက်တိုင်းနှင့် ကုန်သွယ်မှု စတင်ပြုလုပ်ပြီးနောက်ပိုင်း ပဒေသရာဇ်စနစ်သည် တဖြည်းဖြည်း ယိုယွင်းပျက်စီးလာသည်။ ဖေဖေ့ဘက်က မိသားစုဝင်များသည် ဆာမူရိုင်းဖြစ်ဖို့ မကြိုးစားတော့ဘဲ ဆရာဝန်များဖြစ်ဖို့ ကြိုးစားလာကြသည်။

ကျွန်တော့်ဖေဖေ၏ ဖခင်သည်ဆရာဝန်ဖြစ်လာဖို့အကြောင်းရှိသည်။ သို့သော် သူက ဟာဝိုင်ယီသို့ ထွက်ပြေးခြင်းဖြင့် အနှောင်အဖွဲ့ကို ဖြတ်ပစ်ခဲ့သည်။ ဘိုးဘိုးသည် ဆရာဝန် မဖြစ်ခဲ့သော်လည်း ဖေဖေကတော့ ဆေးကျောင်း တက်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြ၏။ သို့သော် သူကလည်း ကွင်းဆက်ကို ဖြတ်ခဲ့ပြန်သည်။

ဖေဖေ ဘာကြောင့် ဆေးကျောင်းမတက်ခဲ့သည့်အကြောင်း ကျွန်တော် မေးကြည့်တော့ သူက အောက်ပါအတိုင်း ပြန်ပြောပြခဲ့သည်။

ဖေဖေ အထက်တန်းကျောင်း တက်နေတုန်းက ငါ့သူငယ်ချင်းတွေ ဘာဖြစ်လို့ ရုတ်တရက် ပျောက်ပျောက်သွားကြပါလိမ့်လို့ အံ့သြနေခဲ့တယ်။ ဒီနေ့ကျောင်းမှာ ငါ့သူငယ်ချင်းရှိနေတယ်၊ မနက်ဖြန်မရှိတော့ဘူး။ အဲဒါ သိချင်စိတ်ပြင်းပြလာတာနဲ့ ကျောင်းအုပ်ချုပ်ရေးပိုင်းက လူတွေဆီမှာ မေးမြန်းစုံစမ်းကြည့်တာပေါ့။

"မကြာမီအတွင်း ဖေဖေ သိလာရတာက အာရှတိုက်ကနေ လာရောက်အခြေချနေထိုင်သူတွေရဲ့ သားသမီးတွေကို တို့ကျောင်းတွေက ထိန်းမထားနိုင်ဘူး။ အဲဒီကလေးတွေထဲက အနိမ့်ဆုံး ၂၀ ရာခိုင်နှုန်းလောက်ကို သကြားစိုက်ခင်းနဲ့ နာနတ်စိုက်ခင်းတွေက အလုပ်လုပ်ဖို့ ခေါ်နေတာကိုး။ ဒါမှ စိုက်ခင်းတွေက ပညာမတတ်တဲ့ အလုပ်ကြမ်းသမားတွေ ပုံမှန်ရနေမယ်လေ။ အဲဒီအကြောင်းသိရတော့ ဖေဖေ သွေးပွက်ပွက်ဆူအောင် ဒေါသထွက်မိတယ်။ ဒါကြောင့် ဆေးလောကကို မဝင်ဘဲ ပညာရေးလောကကို ဝင်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒီကျောင်းပညာရေးစနစ်က ကလေးတိုင်းကို ပညာကောင်းကောင်း သင်ပေးမယ်လို့ အာမခံချက်ပေးစေချင်တယ်လေ။ ကလေးတိုင်း အကောင်းဆုံး ပညာသင်ကြားခွင့်ရရေးအတွက် ဖေဖေက စီးပွားရေး လုပ်ငန်းကြီးတွေနဲ့ အစိုးရကို တိုက်ခိုက်ချင်တာကွ"

ဖေဖေက ထိုစနစ်ကြီးကို ပြုပြင်ပြောင်းလဲပစ်ဖို့ သူ့တစ်သက်လုံး ကြိုးစားခဲ့၏။ တိုက်ခိုက်ခဲ့၏။ သူသည် ထိုသို့ တိုက်ခိုက်ရင်း၊ ကြိုးစားရင်းနှင့်ပင် ရှုံးနိမ့်သွားခဲ့လေသည်။ သူ့ဘဝ နေဝင်ချိန်လောက်အရောက်တွင် ဟာဝိုင်ယီ၏ ပြည်သူ့ပညာရေးသက်တမ်း နှစ်ပေါင်း ၁၅၀ အတွင်း ပေါ်ပေါက်ခဲ့သည့် ထိပ်တန်းကျောင်းဆရာနှစ်ဦးအနက် တစ်ဦးဖြစ်ကြောင်း အသိအမှတ်အပြုခံခဲ့ရလေသည်။

ဤစနစ်ထဲမှာ ကျင်လည်နေရသူများက ဖေဖေ့သတ္တိကို အသိအမှတ်ပြု ချီးကျူးကြ၏။ သို့ပေမဲ့ စနစ်ကြီးကတော့ နဂိုမူလအတိုင်း ကျန်ရှိနေခဲ့ပါသည်။ ကျွန်တော်က ယခုလို ပြောနေခြင်းသည် သည်စနစ်က လူအများကို ကောင်းကျိုးမပေးဟု မဆိုလိုပါ။ သည်စနစ်က စနစ်နှင့် အံဝင်ခွင်ကျနေနိုင်သူ ၃၀ ရာခိုင်နှုန်းလောက်ကို အကောင်းဆုံး အကျိုးပြု၏။ ပြဿနာက ဤစနစ်သည် မော်တော်ကားတွေ၊ လေယာဉ်တွေ၊ ရေဒီယိုတွေ၊ ရုပ်မြင်သံကြားတွေ၊ ကွန်ပျူတာတွေ၊ အင်တာနက်တွေ မပေါ်မီ နှစ်ပေါင်းရာချီကြာနေသော ခေတ်ကာလက ဖန်တီးခဲ့သော စနစ်ဖြစ်နေခြင်းပင်။ ဤစနစ်က နည်းပညာပြောင်းလဲမှုများ၊ လူမှုရေးပြောင်းလဲမှုများဖြင့် အပြောင်းလဲကြီးပြောင်းလဲလာသော ခေတ်နှင့်အညီ လိုက်ပြောင်းလဲဖို့ ပျက်ကွက်နေသော စနစ်ဖြစ်လေသည်။ ဤစနစ်သည် ဒိုင်နိုဆောကြီးတစ်ကောင်ထက် ကြောက်စရာကောင်းပြီး မိကျောင်းတစ်ကောင်လို အကြမ်းမခံနိုင်သော စနစ်ဖြစ်၏။

ထို့ကြောင့် ဖေဖေက ကျွန်တော်တို့၏ပညာရေးကို အိမ်မှာထိန်းကျောင်း လမ်းညွှန်ပေးဖို့ အားထုတ်ခဲ့ခြင်းဖြစ်ပေမည်။ "ကျောင်းမှာ အဆင့်ကောင်းကောင်းရတာဟာ မင်းတို့ရဲ့ ပါရမီထူးချွန်မှုကို ရှာဖွေတာလောက် အရေးမကြီးဘူး" ဟု ကျွန်တော်တို့ကို မကြာခဏ ပြောခဲ့၏။ တစ်နည်းပြောရလျှင် ကလေးတိုင်း ကလေးတိုင်းသည် ကွဲပြားခြားနားစွာ သင်ယူဆည်းပူးတတ်ကြပါသည်။ ကိုယ့်ကလေးအတွက် အသင့်တော်ဆုံး သင်ယူနည်းများကို လေ့လာ အကဲခတ်ရန်မှာ မိဘများ ဝီရိယကောင်းကောင်းဖြင့် အားထုတ်ရမည့်တာဝန် ဖြစ်ပါသည်။ ထိုသို့ လေ့လာအကဲခတ်ပြီး သူတို့၏ အောင်နိုင်သော သင်ယူမှုကျင့်စဉ်ပုံ ပေါ်လာရေးကို အကူအညီပေးရမည် ဖြစ်၏။

မွေးကင်းစကလေးများကို ကျွန်တော်မြင်တွေ့ရတိုင်း သင်ယူဆည်းပူးဖို့ တက်ကြွနေသည့်ပါရမီရှင်ကလေးများအဖြစ် မြင်ရတွေ့ရ၏။ နောင်နှစ်အနည်းငယ်အကြာတွင် ထိုကလေးများကိုပင် မြင်တွေ့ရသောအခါ ကျောင်းမှာ ပျင်းရိငြီးငွေ့နေသည့် ပါရမီရှင်ကလေးများကိုသာ တွေ့ရတော့၏။ သူတို့ကြည့်ရတာ သူတို့နဲ့ ဘာမျှမဆိုင်တာတွေကို ဘာကိစ္စ ဇွတ်အတင်း သင်ယူခိုင်းနေပါလိမ့်ဟု အံ့သြနေကြပုံရ၏။ သူတို့စိတ်မဝင်စားသည့် ဘာသာရပ်များကို သင်ယူကျက်မှတ်နိုင်းပြီး မရသည့်အခါ သူတို့ကို စာမတော်၊ စာညံ့

သည်ဟု တံဆိပ်တပ်ခံရခြင်းသည် သူတို့ကို စော်ကားရာရောက်ကြောင်း စာသင်သားတော်တော်များများက တင်ပြကြသည်။

"ကျွန်တော် စာမတော်တာ မဟုတ်ဘူး။ ကျွန်တော် စိတ်မဝင်စားတာပါ။ အဲဒီဘာသာရပ်ကို ဘာအကြောင်းကြောင့် စိတ်ဝင်စားရမလဲဆိုတာရယ်၊ အဲဒီဘာသာကို ဘယ်လို အသုံးချလို့ရတယ်ဆိုတာရယ်ကို အရင်ပြောပြကြပါဦး၊ အဲဒီအခါကျ ကျွန်တော် သင်ချင်သင်မှာပေါ့"

ဤကား လူငယ်လေးတစ်ယောက်က ကျွန်တော့်အား ပြောပြသည့်စကားဖြစ်သည်။

ပြဿနာက အဆင့်နိမ့်နိမ့်တွေရခြင်းထက် ပိုသည်။ ကျောင်းက ပေးသည့်အဆင့်တွေသည် စာသင်သား၏ အနာဂတ်ကို ကောင်းသောသက်ရောက်မှုဖြစ်ပေါ်နိုင်သလို ဆိုးသောသက်ရောက်မှုလည်း ဖြစ်ပေါ်စေနိုင်ကြောင်း ကျွန်တော့်ဖေဖေကျောင်းဆရာက သဘောပေါက်ခဲ့၏။

"ကလေး တော်တော်များများဟာ သင်ယူဆည်းပူးလိုက်မယ်ဟဲ့ ဆိုပြီး တက်တက်ကြွကြွနဲ့ ကျောင်းတက်လာကြတယ်။ ဒါပေမဲ့ များမကြာခင်မှာပဲ ကျောင်းဆိုရင် မုန်းတီးစိတ်နဲ့ ကျောင်းထွက်သွားတာ တွေ့ရတတ်တယ်"

ဤကား ဖေဖေ မကြာခဏ ပြောလေ့ရှိသည့် စကား။ ထိုသို့ ဖြစ်လာလျှင် မိဘများ ဘာလုပ်သင့်သည် ဆိုသည်ကိုလည်း သူက အကြံပေးခဲ့၏။

"ကိုယ့်မှာ အဲဒီလို ကျောင်းမုန်းတဲ့ကလေးတစ်ယောက် ရှိနေပြီ ဆိုရင် မိဘတစ်ဦးရဲ့ အရေးကြီးဆုံးအလုပ်က ကိုယ့်ကလေးကို ဒီအသက်အရွယ်မှာ အဆင့်ကောင်းကောင်းတွေရအောင် တွန်းအားပေးနေဖို့ မဟုတ်ဘူး။ မိဘရဲ့ အရေးကြီးဆုံးအလုပ်က ဘုရားပေးထားတဲ့ သင်ယူဆည်းပူးချင်စိတ်ကလေး ပျက်စီးမသွားအောင် ထိန်းပေးဖို့ပဲ။ သူတို့ ဘာတွေ သင်ယူဖို့ စိတ်ဝင်စားသလဲဆိုတာ ဖော်ထုတ်ရမယ်။ ပြီးတော့ ကျောင်းမှာ မဟုတ်တောင် သူတို့ စိတ်ပါလက်ပါ သင်ယူဆည်းပူးချင်စိတ် မပြတ်ရှိနေအောင် ထိန်းကျောင်းပေးရမယ်"

တကယ်တော့ ထိုကလေးမျိုးသည် ကျွန်တော်တို့ သင်ယူခဲ့ဖူးသည်ထက် များစွာ သင်ယူရပေလိမ့်မည်။ သူတို့ ထိုသို့ မသင်ယူလျှင် ယခု ကျွန်တော် ဖော်ပြမည့် အောင်နိုင်ရေးကျင့်စဉ်နှစ်သွယ်ကို အမိလိုက်နိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ကျွန်တော့်အယူအဆအရဆိုလျှင် သင့်ကလေးတွေ

ကျောင်းမှာ အဆင့်ကောင်းတွေရခြင်းထက် သူတို့၏ အောင်နိုင်သော သင်ယူမှု ကျင့်စဉ် ဖွံ့ဖြိုးပီပြင်အောင် အိမ်မှာ လေ့ကျင့်ပေးခြင်းက များစွာ ပို၍ အရေးကြီးပါသည်။ ကျွန်တော့်ဖေဖေ ကျောင်းဆရာနှင့် ဖေဖေချမ်းသာ မကြာမကြာ ပြောခဲ့ဖူးသည့် "မင်းကျောင်းထွက်ပြီး လက်တွေ့ကမ္ဘာထဲ ဝင်ချိန်ကျမှ မင်းရဲ့ တကယ့်ပညာရေး အစပြုတာ" ဆိုသော စကားအတိုင်းပင် ဖြစ်ပါတော့သည်။

□

# အခန်း(၆)

# သင့်ကလေး အသက်သုံးဆယ်အရွယ်တွင် ခေတ်နောက်ကျန်သူ ဖြစ်နေမည်လား

ကျွန်တော်ကလေးဘဝတုန်းက ကျွန်တော့်မိဘများ၏ မှတ်ယူချက်မှာ ကျွန်တော် ဘွဲ့ရမည်။ အလုပ်အကိုင် တစ်ခုရမည်။ သစ္စာရှိ အမှုထမ်းတစ်ဦး ဖြစ်မည်။ ရာထူး အဆင့်ဆင့် တိုးမည်။ အမြင့်ဆုံးရာထူးတွင် အလုပ်ခွင်မှ အနားယူချိန်အထိ ရှိနေလိမ့်မည်။ လုပ်ငန်းခွင်မှ အနားယူသောအခါ ကျွန်တော် ရွှေလက်ပတ်နာရီတစ်လုံး လက်ဆောင်ရမည်။ ပြီးတော့ ပင်စင်စား အသိုက် အဝန်းထဲတွင် ဂေါက်သီးရိုက်မည်။ နောက်တော့ ကျွန်တော်၏ ဂေါက်ကွင်း သုံး လှည်းကလေးကို ညနေဆည်းဆာထဲသို့ မောင်းဝင်သွားမည်။

## သင်အသက်ကြီးလာလေ တန်ဖိုးလျော့လာလေ

တစ်သက်တွင် အလုပ်တစ်ခုပဲ စွဲစွဲမြဲမြဲလုပ်မည်ဆိုသော စိတ်ကူးသည် စက်မှု လုပ်ငန်းခေတ်က အတွေးအခေါ်ဖြစ်၏။ ၁၉၈၉ ခုနှစ်၊ ဘာလင်တံတိုင်းကြီး ပြိုကျသွားပြီး ကမ္ဘာကွန်ရက်တွေ ထွန်းကားလာသောအခါ အလုပ်ခန့်ထားခြင်း ဆိုင်ရာ ဥပဒေသတွေမှာ ပြောင်းသွားတော့၏။ ပြောင်းလဲသွားသော ဥပဒေသ တွေထဲမှ တစ်ခုမှာ 'သင်အသက်ကြီးလာလေ (လုပ်ငန်းအတွက်) ပိုမိုတန်ဖိုး ရှိလာလေ' ဆိုသည့် ဥပဒေသဖြစ်၏။ ၎င်းအယူအဆသည် စက်မှုလုပ်ငန်း ခေတ်တုန်းက မှန်ကောင်းမှန်ပါမည်။ သို့ပေမဲ့ ယခုခေတ် ယခုအခါမှာတော့ ဥပဒေသက လုံးဝဉသုံ ပြောင်းပြန်ဖြစ်နေလေပြီ။ သတင်းခေတ်တွင် လူ

တော်တော်များများအတွက် သင်အသက်ကြီးလာလေ တန်ဖိုးလျော့လာလေ ဖြစ်နေလေပြီ။

ထို့ကြောင့် ပေါ်ပေါက်လာမည့်အပြောင်းအလဲများကို အမီလိုက်နိုင်အောင် သင့်ကလေး၏ အောင်နိုင်သော သင်ယူမှုကျင့်စဉ်သည် အံဝင်ခွင်ကျအသင့်ဖြစ်နေဖို့ လိုအပ်ခြင်းဖြစ်၏။ ကလေးတစ်ဦး၏ အောင်နိုင်သော သင်ယူမှု ကျင့်စဉ်သည် သေသေချာချာ လေ့ကျင့် ဇာတ်တိုက်ထားသည့် ကျင့်စဉ် ဖြစ်ရပါမည်။ သို့မှ သူ၏ သင်ယူမှုကျင့်စဉ်သည် ပြောင်းလဲသွားသော ဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ကျင့်စဉ်များနှင့် လိုက်လျောညီထွေဖြစ်အောင် လိုက်ပြောင်းနိုင်ပါမည်။ တစ်နည်းဆိုရသော် သင့်ကလေးသည် အသက်သုံးဆယ် အရောက်တွင် ခေတ်နောက်ကျန်နေသူတစ်ဦး ဖြစ်သွားနိုင်၏။ ထိုအခါ ဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အပြောင်းအလဲများနှင့် အံဝင်ခွင်ကျဖြစ်အောင် ဝမ်းကျောင်းကျင့်စဉ် အသစ်တစ်မျိုး ထပ်မံ သင်ယူဖို့ လိုအပ်နေပေလိမ့်မည်။ နောက်တစ်နည်းပြောရလျှင် သင့်ကလေးသည် တစ်သက်တွင် အလုပ်တစ်ခုပဲလုပ်မည်ဟူသော အယူအဆကို စွဲကိုင်ထားပြီး လျှင်လျှင်မြန်မြန် ပြောင်းလဲတတ်အောင်နှင့် လျှင်လျှင်မြန်မြန် သင်ယူတတ်အောင် လေ့ကျင့်ဆည်းပူးမထားလျှင် သင့်ကလေးသည် တစ်နှစ်ကုန်သွားတိုင်း ခေတ်နောက်မှာ ဝေး၍ဝေး၍ ကျန်ခဲ့ဖို့ အလားအလာများ၏။

## အောင်မှတ်တွေ ကောင်းခြင်းသည် အရာ မရောက်

အောင်မှတ်ကောင်းကောင်းတွေ၊ အဆင့်ကောင်းကောင်းတွေ ပွေ့ပိုက်ပြီး ကျောင်းထွက်လာသည့်ကလေးသည် အနာဂတ်ကာလတွင် နေရာရှိမည် မဟုတ်။ အနာဂတ်ကာလတွင် နေရာရှိမည့်ကလေးမှာ အကောင်းဆုံးသင်ယူကျင့်စဉ်နှင့် အလတ်ဆတ်ဆုံး နည်းစနစ်ဆိုင်ရာ စိတ်ကူးစိတ်သန်းများရှိနေသည့် ကလေးမျိုးဖြစ်၏။

စာမေးပွဲတွင် အမှတ်တွေ ကောင်းကောင်းရအောင် စာမေးပွဲ ဘယ်လိုဖြေမလဲဟု လေ့လာဆည်းပူးခြင်းထက် အရေးကြီးသည်မှာ ပညာရပ်များကို ဘယ်ပုံဘယ်နည်းဖြင့် သင်ယူဆည်းပူးမည်လဲဟူသော နည်းလမ်းကို ရှာဖွေဖော်ထုတ်ခြင်းဖြစ်၏။ သူ့အနေဖြင့် ဘယ်ပုံဘယ်နည်းပြုပြင်ပြောင်းလဲမည်ဆိုတာ လေ့လာဆည်းပူးရမည်။ သူ့အတန်းဖော်များ၊ သူ့သူငယ်ချင်းများထက်ပိုပြီး လျှင်မြန်သွက်လက်စွာ အလိုက်သင့်နေတတ်အောင် လေ့လာဆည်းပူးရမည်။

ဘာကြောင့်လဲ။

ဘာကြောင့်ဆို အနာဂတ်ကာလတွင် အလုပ်ရှင်များနှင့် စီးပွားရေး လုပ်ငန်းများက ငွေတွေ စိုစိုပိုပိုပေးမည့် ကျွမ်းကျင်မှုများကို ယနေ့စာသင် ကျောင်းများတွင် သင်မပေးသောကြောင့်ဖြစ်၏။

ယနေ့စီးပွားရေးလုပ်ငန်းရာသီဥတုကိုပဲ ကြည့်ပါ။ ယနေ့လူကြိုက် အများဆုံးလူများသည် ကွန်ရက်အကြောင်းသိနားလည်သူများ ဖြစ်နေ၏။ ကွန်ရက်ဆိုသည်မှာ လွန်ခဲ့သည့်နှစ်အနည်းငယ်လောက်အထိ ကျောင်းတွေ မှာ မသင်သည့်ဘာသာရပ်ဖြစ်ပေသည်။ လူကြိုက်အနည်းဆုံး လူတွေကတော့ ကျွန်တော်တို့ မျိုးဆက်မှ လူတွေဖြစ်၏။ သူတို့က လခတွေသာ တနင့်တပိုး လိုချင်ပြီး သတင်းခေတ်နှင့် အထိအတွေ့ မရှိသူများ ဖြစ်နေပေသည်။

## အလုပ်သမားရှားပါးမှု

အလုပ်သမားများ ရှားပါးလာသောအခါ လူတွေ ခေတ်နောက်ကျလာသည့် အကြောင်းပြောရတာ ကြောင်စီစီနိုင်သလိုဖြစ်နေ၏။ ကျွန်တော့် မိတ်ဆွေ တချို့ ရှိ၏။ သူတို့က ခပ်အေးအေးပင်။ အပူအပင်အကြောင့်အကြ ဘာမျှ မရှိ။ “ငါ တဖြည်းဖြည်း အသက်ကြီးလာမယ်ကွာ၊ ကွန်ပျူတာပညာကို လည်း မတောက်တခေါက်ပဲ တတ်မယ်။ အဲဒီတော့ ဘာဖြစ်သေးလဲ။ အလုပ် တွေ ပြည့်လို့။ ငါလုပ်ချင်တဲ့နေရာ ဘယ်နေရာမှာမဆို ကြိုက်ဈေးခေါ်ပြီး အလုပ်လုပ်လို့ ရပါတယ်ကွာ” ဟု သူတို့က ပြောကြသည်။

တကယ်တော့ ကျွန်တော်တို့ အလုပ်သမားများ ရှားပါးလာခြင်းမှာ စီးပွားရေးစန်းပွင့်ချိန်ဖြစ်နေသောကြောင့်ပါ။ စကားအဖြစ်ပြောရမည်ဆိုလျှင် နှစ်နှစ်သုံးနှစ်အတွင်းပြုတ်သွားမည့် စီးပွားရေးလုပ်ငန်းများပေါ်တွင် ဒေါ်လာ တွေ ကုဋေချီပြီး ပုံအောနေကြသည်။ စွန့်စားနေကြသည်။ နည်းပညာအသစ် ဖြင့် ခနော်နီခနော်နဲ့ တည်ထောင်ထားသော ကုမ္ပဏီတွေ ငွေကြေးပြတ်လပ် ပြီး စတင်ယိုင်လဲပြီဆိုသောအခါ ဈေးကွက်ထဲတွင် အလုပ်သမားတွေ အလျှံ ပယ် ပေါ်များလာပေလိမ့်မည်။ ကုမ္ပဏီတွေ စတင်ပြိုလဲပြီဆိုသောအခါ အခြား စီးပွားရေးလုပ်ငန်းတွေလည်း ပြိုလဲကုန်တော့၏။

## စီးပွားတက်ခြင်းနှင့် စီးပွားပျက်ခြင်းများ

ယခု ကျွန်တော်တို့ တစ်ဟုန်ထိုးစီးပွားတက်သည့် ခေတ်ထဲရောက်နေသည်။

နောက်ပြီး အလုပ်အကိုင်ရှားပါးနေသည်။ ထိုသို့ဖြစ်ရခြင်းအကြောင်း သဘော ပေါက်အောင် လွန်ခဲ့သည့်နှစ်များအတွင်း ဖြစ်ပေါ်ခဲ့သော စီးပွားတက်မှုများ နှင့် စီးပွားပျက်မှုများကို ပြန်ကြည့်လျှင် အသင့်မြတ်ဆုံး ဖြစ်ပေမည်။

၁။ ၁၉၀၀ ပြည့်နှစ်တွင် မော်တော်ကား ထုတ်လုပ်သူ ၄၈၅ ဦး ရှိ၏။ ၁၉၀၈ တွင် တစ်ဝက်ပဲ ကျန်တော့သည်။ ယခုဆိုလျှင် အဆိုပါ ၄၈၅ ဦးတွင် ဥပဒေသတ်မှတ်ချက်အရ ကျန်ရှိနေသူ ၃ ဦးသာ ရှိတော့၏။

၂။ ၁၉၈၃ ခုနှစ်တွင် အမေရိကား၌ကွန်ပျူတာ ထုတ်လုပ်ရောင်းချသူ လေးဆယ်ခန့်ရှိသည်။ ယခု လေးဦးပဲ ရှိသည်။

၃။ ၁၉၈၃ ခုနှစ်တွင် ထွန်းသစ်စ ကွန်ပျူတာနည်းပညာသုံး ထိပ်တန်း ကုမ္ပဏီတွေထဲတွင် ဘားရိုး၊ ကော်လီဘို၊ ကိုမိုဒိုနှင့် ဖင်းနစ်တို့ ပါဝင်၏။ ယနေ့ ကွန်ပျူတာလောကတွင် အလုပ် လုပ်နေသည့် လူငယ်တော်တော်များများသည် ထိုနာမည်များကို တစ်ခါမျှ မကြား ဖူးခဲ့ကြချေ။

၄။ အင်တာနက် ထောင်သည့် လုပ်ငန်းများသည် လောလောဆယ် ဈေး ကွက်ထဲသို့ ငွေတွေ ပုံအောထည့်နေကြ၏။ အကယ်၍ သူတို့ လုပ်ငန်းမအောင်မြင်ဘဲ ငွေကြေးပြုတ်လပ်သွားပြီဆိုလျှင် ဘယ်လို လုပ်မည်လဲ။ အလုပ်သမား ရှားပါးပြီး လခများသည့် အလုပ်အကိုင် တွေ ဖော်ခြင်းသောခြင်းဖြစ်နေသည့် အနေအထားမျိုးကို ကျွန်တော် တို့ ဆက်လက်ကြုံနေရဦးမည်လား။

၅။ နည်းပညာက ကမ္ဘာ့တိုက်ကြီးများကို ခုန်ကျော် ကူးသန်းသွားလိမ့် မည်။ ယနေ့ ကျွန်တော်သွားရောက်ဖူးသည့် တိုင်းပြည်တိုင်းလိုလို တွင် 'ဆီလီကွန်တောင်ကြား' ဆိုသည့် နယ်မြေတစ်ခု ရှိနေကြပြီ။ အလုပ်အကိုင်တစ်ခုရဖို့ သင့်ကလေး၏ ပြိုင်ဘက်များသည် သင့်နိုင်ငံ တွင်းမှာပဲ ပြိုင်ချင်မှ ပြိုင်တော့မည်။ နောက်ပြီး သူတို့တောင်းသည့် လခတွေ မတူတော့မှာ သေချာသည်။

## သင်ဘယ်အသက်အရွယ်တွင် အရွယ်လွန်နေပြီလဲ

များမကြာမီက ကျွန်တော်သြစတြေးလျမှာရှိနေခိုက် ကျွန်တော့်မိတ်ဆွေကယ်လီ ရစ်ချီက 'ဝက်စ်သြစတြေးလျန်း' သတင်းစာတစ်စောင်ကို ပြသည်။

"ဟောဒီမှာ၊ ဒီဆောင်းပါးက ခင်ဗျား ဟိုးတုန်းကတည်းက လူတွေကို ပြောပြဖို့ ကြိုးစားနေတဲ့ သင် ဘယ်အသက်အရွယ်ရောက်ရင် သိပ်အရွယ်လွန်နေပြီလဲဆိုတဲ့ အကြောင်းကို အကျဉ်းချုပ်တင်ပြထားတယ်လေ။ ခင်ဗျား ဝမ်းကျောင်းပညာနဲ့နွယ်ပြီး စဉ်းစားရင် ခင်ဗျားဘယ်လောက် အရွယ်လွန်နေပြီလဲ၊ အရွယ်မလွန်သေးဘူးလဲဆိုတာ ရှင်းပြထားတယ်ဗျ" ဟု ကယ်လီက ပြောသည်။

နှစ်ထောင်ပြည့်နှစ် ဧပြီလ(၈)ရက်နေ့ထုတ် သတင်းစာပါ ဆောင်းပါးကို "သင် အရွယ်လွန်သွားပြီလား" ဟု ခေါင်းစဉ်တပ်ထား၏။ နောက်ပြီး ဂရပ်ဖစ်ဒီဇိုင်းဆွဲသူ လူငယ်တစ်ဦး၊ ကျွမ်းဘားသမားတစ်ဦး၊ ရှေ့နေတစ်ဦးနှင့် ကိုယ်ဟန်ပြမယ်တစ်ဦး၏ ပုံများကို ရောင်စုံဓာတ်ပုံများဖြင့် ဖော်ပြထားသည်။ ပုံတစ်ပုံစီအောက်တွင် သူတို့၏ ဝမ်းကျောင်းပညာများကို ဖော်ပြထားပြီး ၎င်းပညာဖြင့် ဝမ်းကျောင်းရင်း အရွယ်လွန်သွားနိုင်သည့် နှစ်အတိုင်းအတာများကို ဖော်ပြထားသည်။

| | | |
|---|---|---|
| ၁။ | ဂရပ်ဖစ်ဒီဇိုင်းပညာရှင် | သက်တမ်းကုန်သည့်နှစ် ၃၀ နှစ် |
| ၂။ | ကျွမ်းဘားပညာရှင် | သက်တမ်းကုန်သည့်နှစ် ၁၄ နှစ် |
| ၃။ | ရှေ့နေ | သက်တမ်းကုန်သည့်နှစ် ၃၅ နှစ် |
| ၄။ | ကိုယ်ဟန်ပြမယ် | သက်တမ်းကုန်သည့်နှစ် ၂၅ နှစ် |

တစ်နည်းဆိုရသော် အထက်ဖော်ပြပါ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ရင်း ယှဉ်လျက်ဖော်ပြထားသည့် အသက်များသို့ ရောက်ပြီဆိုလျှင် အရွယ်လွန်သွားပြီ ဆိုရပါမည်။ ဆောင်းပါးကို နိဒါန်းပျိုးထားသည်မှာ တစ်ပတ်လျှင် ဒေါ်လာ ၂,၀၀၀ ရသည့် ကိုယ်ဟန်ပြမယ်တစ်ဦး (ထိပ်တန်း ကိုယ်ဟန်ပြမယ် မဟုတ်) သည် အသက် ၂၈ နှစ်တွင် အလုပ်မရှိတော့ကြောင်း ဖော်ပြထားသည်။

ထိုသို့ အရွယ်လွန်နှစ်များကို ဘယ်ရွှေ့ဘယ်မျှ သတ်မှတ်သည် ဖြစ်စေ ၎င်းအသက်များသည် အငြိမ်းစားယူရမည့် အသက်ထက် များစွာ စောနေသည်ချည်း ဖြစ်သည်ဟု ဆောင်းပါးရှင်က ဆိုသည်။ ထိုသို့အရွယ်လွန်သွားခြင်းသို့မဟုတ် မိမိလုပ်ကိုင်နေသည့် ဝမ်းကျောင်းလုပ်ငန်းကို ဆက်လုပ်လို့ မရတော့ခြင်းမှာ ရုပ်ပိုင်းအရ အားနည်းလာသောကြောင့် ဖြစ်နိုင်၏။ ကိုယ်ဟန်ပြမယ်၏ ရုပ်ရည်အလှပြယ်လာခြင်း၊ အားကစားသမားများ၏ ကိုယ်ခန္ဓာများက ယခင်လုပ်နေကျအလုပ်များ မလုပ်နိုင်တော့ခြင်း၊ စိတ်ပိုင်းအရ

အားနည်းလာခြင်း ဖြစ်နိုင်၏။ သင်္ချာပညာရှင်များ ခဏခဏ မှားလာခြင်း၊ ကြော်ငြာ (သို့မဟုတ်) ဒီဇိုင်းပညာရှင်တို့၏ စိတ်ကူးများ ထက်ထက်မြက်မြက် မရှိတော့ခြင်း၊ ခံနိုင်ရည် နည်းလာသောကြောင့် ဖြစ်နိုင်၏။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ၊ ရှေ့နေများသည် အသက် ၄၀ အရွယ်ဆိုလျှင် ခြေကုန် လက်ပန်းကျနေမည်။ မိမိလုပ်ငန်းနှင့် ကင်းကွာသွားမည်။ မီးစာကုန်ဆီခန်း ဖြစ်သွားမည်။ (သုံးမျိုးစလုံးလည်း ဖြစ်နိုင်သည်) ဆိုလိုသည်မှာ ထိုလောက မှာ သင် ဘယ်တော့မျှ အလုပ်ပြန်လုပ်တော့မည် မဟုတ်ဟူ၍တော့ မဆိုလိုပါ။ သို့သော် ထိုလောကတွင် ထိပ်တန်းရောက်ဖို့ အခွင့်အလမ်းသည် ကျော်လွန် သွားပြီဟူ၍ ဖြစ်ပါသည်။ အဓိပ္ပာယ်ကတော့ သင်သည် လူတစ်လုံး သူတစ်လုံး ဖြစ်လာလိမ့်မည် မဟုတ်ဟူ၏။

ဆောင်းပါးကို ဆက်ရေးထားသည်မှာ...

သင်သည် ဝမ်းကျောင်းလုပ်ငန်းတစ်ခုကို အသက် ၂၀ မှာ စလုပ် သည်။ နှစ်ပေါင်းတော်တော်ကြာကြာ အားစိုက်ခွန်စိုက်လုပ်သည်။ ထိုကာလ အတွင်း ရာထူးတဖြည်းဖြည်း တိုးလာသည်။ အသက် ၅၅ နှစ်ရောက်တော့ ထိပ်ဆုံးရာထူးနားသို့ ရောက်နေ၏။ ထိုသို့ခေတ်များ မရှိတော့ပါ။ ထိုခေတ် မျိုး ကုန်ဆုံးသွားသည်မှာ ကြာပါပြီ။

ယနေ့ကြုံနေရသည့် အမှန်တရားမှာ သင့် အသက် ၄၀ တွင် ထိပ်ဆုံး သို့ မရောက်လျှင် ဘယ်တော့မှ ရောက်တော့မည် မဟုတ်။ တချို့လုပ်ငန်း များတွင် သင့်အသက် ၂၀ (သို့မဟုတ်) ၂၅ ဆိုလျှင် နောက်ထပ် လုပ်ငန်းသစ် စလုပ်ဖို့ လိုမလို သိနေလောက်ပြီဖြစ်၏။ တောမြို့ကလေးများတွင် ဂရစ်ဖစ် ဒီဇိုင်းဆရာအိုကြီးတွေ တစ်ပုံကြီးရှိသည်။ သူတို့သည် ဒီဇိုင်းကလေး တို့တိ တို့တိ ဆွဲမည်။ သို့မဟုတ် ပန်းအိုးဖုတ်လုပ်ငန်းကို အနည်းအကျဉ်းလုပ်မည်။ သို့မဟုတ် မုန့်ဖုတ်ဆိုင်တစ်ဆိုင် ထောင်ချင်ထောင်ထားမည်။

မဲလ်ဘုန်းတက္ကသိုလ်၊ ဝမ်းကျောင်းလုပ်ငန်းများဌာန မန်နေဂျာဒိုင်ရေ ချင်ဂျာက ပြောသည်မှာ ဝမ်းကျောင်းလုပ်ငန်းတစ်ခုတွင် ထိပ်ဆုံးသို့ တရိပ်ရိပ် တက်သွားပြီး အသက် ၄၀ တွင် ပြန်ကျလာသည့် ခေတ်ပေါ်လမ်းကြောင်း အရဆိုလျှင် လူတွေသည် အလုပ်အကိုင်အသစ်တစ်ခု ပြောင်းလုပ်ဖို့ ထာဝစဉ် ပြင်ဆင်နေရမည့် သဘောရှိသည် ဟူ၏။ ဂရပ်ဖစ်ဒီဇိုင်းအပါအဝင် အချို့ ဝမ်းကျောင်းပညာများကို လတ်ဆတ်နေရမည်၊ ခေတ်အမီဆုံးဖြစ်နေရမည်ဟု သတ်မှတ်ကြ၏။ သည်တော့ သည်ပညာနှင့် ဝမ်းကျောင်းသူတွေထဲတွင် အသက် ၄၀ ကျော်များကို ထည့်သွင်း မစဉ်းစားကြတော့ချေ။

သည်တော့ ထိုသို့သော အလုပ်သမားအိုကြီးတွေ ဘာဖြစ်ကုန်မည်လဲ။ သည်အကြောင်းကို ဆောင်းပါးရှင်က ဆက်လက် ဖော်ပြထားသည်။

သို့သော် တုန်လှုပ်ချောက်ချားစရာ ကောင်းပြီး ခေတ်ကို အမီလိုက်နေရသည့် ဤလုပ်ငန်းမျိုးများတွင် ဝမ်းကျောင်းပညာရှင် တစ်ဦးသည် မယ်လစ်ဆာလို ပြုကျင့်ရပေလိမ့်မည်။ မယ်လစ်ဆာ ဆိုသည့် မိန်းကလေးက ငယ်ရွယ်သည်၊ ရည်မှန်းချက် မြင့်မားသည်။ နောက်ပြီး တစ်နေ့လျှင် ၁၂ နာရီ အလုပ်လုပ်ဖို့ အသင့်ဖြစ်နေသည်။

အလုပ်သမားအိုကြီးတွေထဲက အတော်ဆုံးဆိုသူတွေကတော့ ရှေ့ဆက်လှမ်းကြမည်။ အထက်ဘက် အုပ်ချုပ်ရေးပိုင်းသို့ တိုးဝင်ကြဖို့ စိတ်အားသန်ကြသည်။ ကျန်သူတွေကတော့ စည်းပိုင်းအပြင်သို့ တွန်းအထုတ်ခံရလေ့ရှိ၏။ လွန်ခဲ့သည့် စက်တင်ဘာလက နိုင်ငံပိုင်ကွန်ပျူတာကုမ္ပဏီက အစီအစဉ်များ ပြစ်ချက်ရှာ ပြင်ဆင်ပေးရမည့် ကျွမ်းကျင်အလုပ်သမားများ ခေါ်ယူသည်။ လျှောက်လွှာရှင်အားလုံး သူတို့၏ ကျွမ်းကျင်မှုအသီးသီးကို ဖော်ပြလျှောက်ထားကြ၏။

ပြောရမည်ဆိုလျှင် လျှောက်လွှာရှင်အားလုံး အရည်အချင်းမီသူတွေချည်း ဖြစ်၏။ ပေးအပ်မည့်တာဝန်ကို သူတို့အားလုံး လုပ်ကိုင်နိုင်ကြမှာ သေချာသည်။ သည်တော့ လူတွေ့စစ်ဆေးသူများက ဆန်ခါများနှင့်စပါးလုံးများကို ဘယ်ပုံဘယ်နည်း ခွဲထုတ်လိုက်ကြသလဲ။

ရှင်းရှင်းကလေးပါ။ လျှောက်လွှာပေါ်မှာ ဖော်ပြထားသည့် မွေးသက္ကရာဇ်များကို စစ်ဆေးကြည့်သည်။ ပြီးတော့ ၃၅ နှစ်အထက်များကို အုပ်စုခွဲလိုက်သည်။ ပြီးတော့ ၃၅ နှစ်အထက်များကို အပယ်ခံအုပ်စုထဲ ထည့်လိုက်တော့၏။ ဤလုပ်ရပ်သည် တရားမဝင်။ သို့ပေမဲ့ ဒါဝင်၏ ရိုးရှင်းသော သဘောတရားအငွေ့ကလေးတော့ ပါဝင်နေ၏။

အကြံ့ခိုင်ဆုံးတွေ ရှင်ကျန်ပြီး အအိုမင်းဆုံးတွေ ကျဆုံးရလေသည်။

## ကျွန်တော့်ဖေဖေ ကျောင်းဆရာ၏ တိုက်ကြိုး

ကျွန်တော် ရေးခဲ့သည့် ယခင်စာအုပ်တွေထဲတွင် 'တိုက်ကြိုး' (Trip Wire) အကြောင်း ဖော်ပြဖူး၏။ ဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ တိုက်ကြိုးကို ကျွန်တော် အလွန်ကြောက်ကြောင်းလည်း ဖော်ပြခဲ့ပါပြီ။ ကျွန်တော့်ဖေဖေ ကျောင်းဆရာ

သည် ပညာရေးဌာနအကြီးအကဲဖြစ်၏။ ပညာကောင်းကောင်းတတ်သည်။ ရိုးသားဖြောင့်မတ်သည်။ အလုပ်ကြိုးစားသည်။ နောက်ပြီး ဟာဝိုင်ယီပြည်နယ်၏ ပညာရေးစနစ်ကို တိုးတက် ကောင်းမွန်အောင်ပြုပြင်ဖို့ ဘဝကို ပုံအပ်ထားသူဖြစ်သည်။ သို့သော် သူသည် အသက်ငါးဆယ်အရွယ်တွင် ဝမ်းကျောင်းလုပ်ငန်းတိုက်ကြီးကို ဝင်တိုက်မိခဲ့သည်။ သို့ဖြင့် အသက်ငါးဆယ်အရွယ်တွင် အလုပ်လက်မဲ့ဘဝဖြင့် အတိဒုက္ခရောက်ခဲ့သည်။ ပညာရေးတံတိုင်းများ၏ ပြင်ပရှိ လက်တွေ့လောကတွင် ရှင်သန်ရပ်တည်နိုင်ဖို့ ကျွမ်းကျင်မှုများ မရှိ။ သူသည် အလွန်ကောင်းသော သင်ယူမှုကျင့်စဉ် စွဲကိုင်ထားသည့် အလွန်တော်သော ကျောင်းသားတစ်ဦးဖြစ်လင့်ကစား သူ၏ သင်ယူမှုကျင့်စဉ်က ပြင်ပလောကတွင် ရှင်သန်ရပ်တည်နိုင်ဖို့ သူ့ကို ထပ်ဆင့်ပညာသင်ပေးနိုင်စွမ်း မရှိတော့ချေ။

## ထိပ်ပိတ်အလုပ်အကိုင်တွင် ကြိုးစားပမ်းစား အလုပ်လုပ်ခြင်း

ကျွန်တော့်မိတ်ဆွေ ကယ်လီရစ်ချီက *သင် အရွယ်လွန်သွားပြီလား* ဟူသော ဆောင်းပါးပါသည့် "ဝက်စ်ဩစတြေးလျန်း" သတင်းစာ ကျွန်တော့်ကို ပေးခဲ့၏။ ဘာကြောင့်ဆို လွန်ခဲ့သည့် နှစ်ပေါင်းတော်တော်ကြာကတည်းက ကျွန်တော့်သင်တန်းများတွင် ဟောပြောခဲ့သည့် ကျွန်တော့် ဟောပြောပို့ချချက်များကြောင့်ဖြစ်၏။

"ကျောင်းတက်၊ အောင်မှတ်တွေ ကောင်းအောင် ကြိုးစား၊ အာမခံချက်ရှိတဲ့ အလုပ်တစ်ခုမှာ ဝင်လုပ်" ဆိုတဲ့ မိဘတွေရဲ့ လမ်းညွှန်ချက်ကို လူများစု လိုက်နာကျင့်ကြံခဲ့ကြတယ်။ အဲဒါဟာ အယူအဆအဟောင်းကြီး။ အဲဒါဟာ စက်မှုလုပ်ငန်းခေတ်က အယူအဆ။ ပြဿနာက အဲဒီလမ်းညွှန်ချက်အတိုင်း လိုက်နာကျင့်ကြံတဲ့ လူများစုဟာ တစ်ဖက်ပိတ် အလုပ်အကိုင်တစ်ခုမှာ ပိတ်မိနေကြတာပဲ။ သူတို့ကျောင်းမှာ အောင်မှတ်တွေ မြင့်ခဲ့ကောင်းမြင့်ခဲ့မယ်။ စိတ်ချရတဲ့ အလုပ်တစ်ခု ရကောင်းရခဲ့မယ်။ လခတွေ အများကြီး ရကောင်းရခဲ့မယ်။ ဒါပေမဲ့ ပြဿနာက အဲဒီအလုပ်အကိုင်မှာ တိုးတက်စရာ လမ်းကြောင်းမရှိတာပဲ"

ယခုထိတိုင် လခကောင်းကောင်းရသည့် အလုပ်အကိုင် လုပ်နေသူတွေ ရှိနေသေးသည်။ သို့ပေမဲ့ သူတို့၏ စိတ်နှင့်ကိုယ်များသည် နုံးချည့်နေကြပြီ။ တော်တော်များများက မီးစာကုန်ဆီခန်းဖြစ်နေကြပြီ။ နောက်ပြီး သူတို့မှာ

ထိပ်ဆုံးသို့ရောက်ဖို့ တက်လမ်းမရှိ။ သူတို့သည် ရှည်လျားသော လမ်းကြောင်းကြီးအတိုင်း လျှောက်လှမ်းလာရင်း တိုက်ကြီးတစ်ချောင်းကို ခလုတ်တိုက်မိလိုက်၏။ ထိုသို့ တိုက်မိသည်ကို သူတို့ မသိ။ သူတို့မှာ အလုပ်အကိုင်ဆက်ရှိနေသေးသော်လည်း (သို့မဟုတ်) သူတို့၏ စီးပွားရေးလုပ်ငန်းတွေဆက်ရှိနေသေးသော်လည်း ဝမ်းကျောင်းလုပ်ငန်း လမ်းမကြီးအတိုင်း လျှောက်လာရင်း တစ်နေ့ရာရောက်တော့ သိလိုက်ရသည်မှာ တိုးတက်မှု လှေကားရှင်ပျောက်ကွယ်သွားပါပြီကောဟူ၍...

ကျွန်တော့်သူငယ်ချင်း တော်တော်များများ ရှိသည်။ သူတို့ကျောင်းမှာ စာတော်ကြ၏။ တက္ကသိုလ်တက်ပြီး ဘွဲ့ယူကြ၏။ အသက် ၄၀ လောက်ရောက်တော့ တစ်စုံတစ်ရာ အတိုင်းအတာအထိ အောင်မြင်မှုတွေ ရနေပြီ။ သို့သော် ဝမ်းကျောင်းလုပ်ငန်း တိုးတက်မှုလမ်းကြောင်းကြီး ရပ်တန့်သွားသည်။ နောက်တော့ ကုန်းဆင်းလမ်းနှင့် ကြုံရတော့၏။

သူတို့ဖြစ်စဉ်များတွင် ဝမ်းကျောင်းလုပ်ငန်းကျင့်စဉ် အလုပ်မဖြစ်တော့ခြင်းမှာ သူတို့စွဲကိုင်ထားသည့် သင်ယူမှုကျင့်စဉ်က ဆက်ပြီး အသုံးမတည့်တော့သောကြောင့် ဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။ တစ်နည်းဆိုရသော် ကျွန်တော့်သူငယ်ချင်းများသည် သင်ယူမှုကျင့်စဉ်တစ်မျိုးတည်းကိုသာ ကိုင်စွဲကျင့်သုံးခဲ့ကြ၏။ ၎င်းကျင့်စဉ်ကပင် ဝမ်းကျောင်းလုပ်ငန်းကျင့်စဉ်ကို ရပ်ဆိုင်းအောင် ပြုလုပ်ပစ်ခဲ့လေသည်။

## အသက်လေးဆယ်တွင် သူဌေးဖြစ်ပြီး အသက်လေးဆယ့်ခုနစ်နှစ်တွင် လူမွဲဖြစ်ခြင်း

ကျွန်တော့် ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးရှိ၏။ သူက အတန်းထဲမှာ အရမ်းစာတော်သည်။ အရှေ့ဘက်ကမ်းခြေရှိ ဂုဏ်သတင်းကြီးသော ကျောင်းတစ်ကျောင်းသို့ သွားတက်သည်။ ထို့နောက် ဟာဝိုင်ယီသို့ ပြန်လာသည်။ ချက်ချင်းလိုပင် သူ့ဖခင်ပိုင် ကျေးလက်အပန်းဖြေကလပ်အသင်းတွင် အလုပ်ဝင်လုပ်သည်။ ထို့နောက် ထိုကလပ်အဖွဲ့ဝင်တစ်ဦး၏ သမီးကလေးနှင့် အိမ်ထောင်ပြုသည်။ သားသမီးတွေ မွေးစီးသည်။ သားသမီးတွေကိုလည်း သူတက်ခဲ့သည့် နာမည်ကြီးကျောင်းသို့ပင် ပို့လွှတ်သည်။

နှစ်အနည်းငယ်လောက် အလုပ်လုပ်ပြီး အတွေ့အကြုံကလေး နည်းနည်းရလာပြီး တွဲသင့်သူများနှင့် ဂေါက်သီးကစားပြီးနောက် အိမ်မြေအရောင်း

အဝယ်လုပ်ငန်းကို ကြီးကြီးကျယ်ကျယ် လုပ်ကိုင်တော့၏။ သူ၏ အပြုံးမျက်နှာကို ဒေသထုတ် မဂ္ဂဇင်းများတွင် ဖော်ပြခံရပြီး အနာဂတ်တွင် ထွန်းတောက်လာမည့် ထိပ်တန်းစီးပွားရေးသမားများထဲတွင် တစ်ဦးအပါအဝင်အဖြစ် ဝိုင်းဝန်းချီးပခြင်း ခံရ၏။ ၁၉၈၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းတွင် ဂျပန်တွေက ဟာဝိုင်ယီတွင် ရင်းနှီးမြှုပ်နှံထားသော သူတို့အရင်းအနှီးများကို ပြန်ထုတ်ယူသွားသည်။ ထိုအခါ ဟာဝိုင်ယီ၏ အိမ်မြေဈေးကွက်ပျက်သွားသည်။ ကျွန်တော့်သူငယ်ချင်းလည်း တော်တော်စီးပွားပျက်သွားသည်။ သူက မိန်းမပွေသည့်အတွက် လင်မယားကွဲသွားသည်။ ယခုတော့ သူသည် အိမ်ထောင်နှစ်ခုကို ကျွေးမွေးထောက်ပံ့နေရ၏။ သူသည် အသက်လေးဆယ့်ခုနစ်နှစ်တွင် လူမွဲဖြစ်နေပြီး ပေးဆပ်စရာ အကြွေးတွေထဲမှာ နစ်မြုပ်နေ၏။

လွန်ခဲ့သည့် လအနည်းငယ်ကပင် ကျွန်တော် သူနှင့်တွေ့သေးသည်။ အသက်ငါးဆယ်ထဲ ဝင်စဖြစ်သည့် သူသည် အကြီးအကျယ် စီးပွားပျက်သည့်ဒဏ်မှ နာလန်ထူခါစရှိသေးသည်။ သူက ကောင်မလေး အသစ်တစ်ယောက်နှင့်ပင် တွဲနေပြီ။ သူက အခြေအနေကောင်းနေပြီဖြစ်ကြောင်း ရွှန်းရွှန်းဝေအောင် ပြောနေသော်လည်း သူ့မျက်လုံးတွေ ဟိုတုန်းကလို အရောင်တဖျပ်ဖျပ် လက်မနေတော့တာကို ကျွန်တော် သတိပြုမိ၏။ သူ့ရင်တွင်းမှာ တစ်ခုခု ပြောင်းလဲသွားပြီ။ နောက်ပြီး ဟိုတစ်ချိန်က ထူထောင်ခဲ့သော သူ့ပုံရိပ်ကို ထိန်းထားနိုင်ဖို့ အလုပ်ကို ကျုံးရုန်းလုပ်နေရလေသည်။ သူ့ကြည့်ရတာ ဟိုတုန်းကထက် ပိုပြီး အထိတ်ထိတ်အပျာပျာနှင့် အဆိုးမြင်တတ်သလိုဖြစ်လာ၏။

တစ်ညတွင် ကျွန်တော်တို့ ညစာအတူစားနေစဉ် သူ့ကောင်မလေးကသူ စတင် ထူထောင်နေသည့် အင်တာနက်လုပ်ငန်းအကြောင်း ပြောပြသည်။ ကောင်မလေးက အရမ်းတက်ကြွနေသည်။ သူ့လုပ်ငန်းအောင်မြင်နေကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးမှ အော်ဒါတွေလာနေကြောင်း ပြောသည်။ ထိုအခိုက် ကိုယ်တော်ချောက ဒေါသူပုန်ထတော့၏။ ကြည့်ရတာ ရေချိန်လွန်သွားပုံရသည်။ နောက်ပြီး ရင်တွင်းမှာ ဖိနှိပ်မြှိုသိပ်ထားရတာ ဝေဒနာတွေ ပေါက်ကွဲထွက်ပြီး အေးချမ်းသော ပြင်ပသွင်ပြင် ကျိုးပျက်သွားဟန် ရှိ၏။ သူသည်သူ့ကောင်မလေး၏ လတ်လတ်ဆတ်ဆတ် အောင်မြင်မှု (သို့မဟုတ်) မအောင်မြင်သော သူ့အခြေအနေကို စိတ်တိုဒေါသထွက်သွားတာ သိသာ၏။

"မင်းက ဘယ်လိုလုပ်ပြီး အဆင်ပြေနိုင်မှာလဲ။ မင်း ထိုက်သင့်တဲ့ ကောလိပ်ကို မတက်ခဲ့ရဘူး။ မင်းဟာ မဟာဝိဇ္ဇာဘွဲ့ မရခဲ့ဘူး။ ဒါ့အပြင် မင်း သိသင့်သိထိုက်သူတွေနဲ့လည်း ငါ သိသလို မသိဘူး"

ထိုညက ကင်နှင့်ကျွန်တော် ကားမောင်းပြန်လာတော့ ကင်က ဟိုကောင် စိတ်မထိန်းနိုင်ဖြစ်ရခြင်းကို ဝေဖန်တော့၏။

"ကြည့်ရတာ သူ့ရဲ့အောင်မြင်ရေးကျင့်စဉ်အဟောင်းကို အသက်သွင်း နေပုံရတယ်။ ခက်တာက အဲဒီကျင့်စဉ်ဟောင်းကြီးကလည်း အလုပ်ဖြစ်ပုံ မရဘူး"

ကျွန်တော်ခေါင်းညိတ်ပြပြီး ဩစတြေးလျသတင်းစာထဲက ဆောင်းပါးမှာ ဖော်ပြထားသည့် တိုက်ကြိုးအကြောင်း တွေးမိ၏။ အလုပ်လျှောက်လွှာ များကို အသက်အပိုင်းအခြားအရ အုပ်စုနှစ်စု ခွဲပစ်လိုက်တာ ပြန်တွေးကြည့် မိ၏။ လူလျှော့သည့်အထဲ ပါသွားပြီး ခရီးသွားအေဂျင်စီ ထူထောင်ခဲ့သည့် အက်ဒရီယံသည် ယခုအခါ ဥပဒေကျောင်း ပြန်တက်နေရပြီး အသက် ငါးဆယ့်ခုနစ်နှစ်တွင် ဘွဲ့ရဖို့ မျှော်မှန်းထားသည့်အကြောင်း တွေးမိ၏။ နောက်ပြီး ကျွန်တော့်ဖေဖေ ကျောင်းဆရာအကြောင်း၊ သူ၏ အဆင့်မြင့် ပညာရေးက သူ့အား မကယ်နိုင်ခဲ့ပုံ၊ နောက်ဆုံး ကျွန်တော့် ပုဂ္ဂလိကအတွေး များထဲက ပြန်ထွက်လာနိုင်ပြီး ကင်ကို ပြောလိုက်မိ၏။

"ကြည့်ရတာ စီးပွားရေးအယူအဆအဟောင်းတွေနဲ့ စီးပွားရေး အယူအဆသစ်တွေ အားပြိုင်ကြတာပဲကွ"

"ကောင်မလေးမှာ စီးပွားရေးအယူအဆအသစ်တွေ ရှိနေပြီး ဟိုလူ မှာ စီးပွားရေးအယူအဆအဟောင်းတွေ ရှိနေတာကို ရှင် ပြောနိုင်တယ် ဆိုတဲ့ သဘောလားဟင်"

ကျွန်တော် ခေါင်းညိတ်လိုက်၏။

"ကိုယ်တို့ စီးပွားရေးဆိုတဲ့ စကားလုံးကိုတောင် ဖြုတ်ထားလို့ ရတယ် ကွ။ ကောင်မလေးမှာ အယူအဆသစ်တွေ ရှိနေပြီး ဒီကောင်ကတော့ အထက် တန်းကျောင်းတုန်းက ထူထောင်ခဲ့တဲ့ အယူအဆတွေနဲ့ အလုပ်လုပ်နေတုန်း လေ။ သူတို့နှစ်ယောက် အသက်သိပ်မကွာပါဘူး။ ဒါပေမဲ့ အမျိုးသမီးရဲ့ စိတ်ကူးတွေက သစ်လွင်နေတယ်။ သူ့မူပိုင် မဟုတ်ဘူး။ ဒါပေမဲ့ သူ့အတွက် ဒီစိတ်ကူးတွေက သစ်ဆန်းနေတယ်။ လတ်ဆတ်နေတယ်။ တက်ကြွစရာ ကောင်းနေတယ်။ ဒီတော့ သူကိုယ်တိုင်လည်း သစ်လွင်ပြီး လတ်ဆတ်

သလို ဖြစ်နေတယ်။ ဟိုကောင့်စိတ်ကူးတွေကတော့ မသစ်ဆန်းဘူး၊ မူပိုင်မဟုတ်ဘူး။ ပြီးတော့ ဒီစိတ်ကူးတွေကို သူ ဖက်တွယ်ထားတာ နှစ်ပေါင်းလေးဆယ် ရှိနေပြီ။ ကိုယ်တို့ ချာတိတ်ဘဝကတည်းက ဆိုပါတော့"

"ဒါဆို လူတွေက ခေတ်နောက်ကျလာတာ မဟုတ်ဘူး။ သူတို့ရဲ့ စိတ်ကူးတွေက ခေတ်နောက်ကျန်နေနိုင်တာပေါ့နော်"

"ဟုတ်တယ်။ အဲဒီပုံစံအတိုင်း ဖြစ်နေပုံပဲ။ သူတို့ရဲ့ အယူအဆတွေပဲပေါ့။ ဒါပေမဲ့ ပိုပြီး တိတိကျကျ ပြောရရင် သူတို့ရဲ့ အောင်နိုင်ရေးကျင့်စဉ်က ခေတ်နောက်ကျလာတာ။ မနက် အိပ်ရာက နိုးတာနဲ့ အလုပ်သွားတယ်။ ဒါပေမဲ့ မြို့ထဲမှာ စိတ်ကူးသစ်တွေနဲ့ ရှာဖွေလေ့လာပြီး ခြေလှမ်းသစ်တွေ လှမ်းလိုက်မဟုတ်၊ စိတ်ကူးသစ်တွေနဲ့ လူတွေအံ့အားတသင့်ဖြစ်သွားအောင် ဆွဲလှုပ်ယမ်းပစ်လိုက်မဟုတ်ဆိုတဲ့ ချာတိတ်မဟုတ်တော့ဘူး။ ခုချိန်မှာ သူဟာ အသက်ငါးဆယ်ပဲ ရှိသေးပေမဲ့ အယူအဆဟောင်းတွေ ကိုင်စွဲထားတဲ့ အဘိုးကြီး ဖြစ်နေပြီ။ ပြဿနာက သူဟာ လွန်ခဲ့တဲ့ဆယ်နှစ်ကတည်းက အိုမင်းရင့်ရော်ပြီး ခေတ်နောက်ကျန်နေတာပဲ။ ဒါကို သူ မသိခဲ့ဘူးလေ။ သူဟာ ခုထိ အောင်နိုင်ရေးကျင့်စဉ် အဟောင်းတွေနဲ့ အလုပ်လုပ်နေတယ်။ ခက်တာက သူ့ကျင့်စဉ်ကို ပြုပြင်ပြောင်းလဲဖို့ ဆန္ဒ မရှိတာပဲ။ ခုဆိုရင် သူဟာ လက်ထဲမှာ သူ့ကိုယ်ရေးရာဇဝင်ကို ကိုင်ပြီး မြို့ထဲ လျှောက်လှည့်နေတယ်။ သူ့သားအရွယ်လောက်ရှိတဲ့ ချာတိတ်တွေနဲ့ ပြိုင်ပြီး အလုပ်လျှောက်နေတယ်လေ"

"ဒီတော့ 'ကျောင်းတက်၊ စာကြိုးစား၊ အလုပ်ကောင်းတစ်ခုရအောင်လုပ်' ဆိုတဲ့ အကြံပေးချက်ဟာ သူ ချာတိတ်ဘဝတုန်းကအတွက်ပဲ ကောင်းတဲ့ အကြံပေးချက်ဖြစ်နေပြီး လူကြီးဖြစ်လာတဲ့အခါမှာတော့ မကောင်းတဲ့ အကြံပေးချက် ဖြစ်နေတာပေါ့နော်" ဟု ကင်က ပြောသည်။

"ခက်တာက သူဟာ သူ့ရဲ့အောင်နိုင်ရေးကျင့်စဉ်ထဲမှာ ချောင်ပိတ်မိနေပြီး အဲဒါကို မသိတာဘဲ။ ဟိုတုန်းက ကောင်းခဲ့တဲ့အကြံပေးချက်ဟာ အခုမကောင်းတော့ဘူးဆိုတာကို သူ သဘောမပေါက်ရှာဘူး။ ဒီတော့ သူ့အနာဂတ်ဟာ အားရစရာ မကောင်းဘူးပေါ့ကွာ"

"ချောင်ပိတ်မိနေပြီး အဲဒါကို မသိတာ ဟုတ်လား"

ကင်က မေးသည်။

"ကိုယ့်ဖေဖေလည်း အသက်ငါးဆယ်မှာ အဲဒီအတိုင်း ဖြစ်ခဲ့တယ်လေ။ 'ကျောင်းတက်၊ စာကြိုးစား၊ အလုပ်ကောင်းကောင်းရအောင် ရှာ' ဆိုတာ သူ ကလေးဘဝတုန်းက ကောင်းခဲ့တဲ့ အကြံပေးချက်ပဲ။ သိပ်ကောင်းတဲ့ လမ်းညွှန်ချက်ပေါ့။ ဖေဖေဟာ အောင်မှတ်တွေ ကောင်းကောင်းရခဲ့တယ်။ အလုပ်ကောင်းကောင်းရခဲ့တယ်။ ထိပ်ဆုံးအထိ တရွေ့ရွေ့ တက်ခဲ့တယ်။ အဲဒီအချိန်မှာ အဲဒီကျင့်စဉ်ဟာ အလုပ်မဖြစ်တော့ဘူး။ ဒီတော့ သူဟာ အကျဘက်ကို စရောက်တော့တာပေါ့"

"ဒါကို သူက ကျင့်စဉ်ဟောင်းကြီးကိုပဲ ဆက်သုံးခဲ့တယ်ပေါ့"

"ဆက်သုံးနေရုံ ဘယ်ကမလဲ၊ အဲဒီကျင့်စဉ်ကြီးက အလုပ်မဖြစ်လေ သူ ပိုပြီးချောက်ချားလာလေ၊ သူ့အကြံပေးချက်အတိုင်း လိုက်လုပ် ဖို့ တခြားလူတွေကို ဖိပြောလေပေါ့ကွာ။

"ကိုယ်ထင်တာတော့ သူဟာ နေရာနှစ်နေရာမှာ တွယ်ကပ်နေတာကွ။ သူဟာ အလုပ်မဖြစ်တော့တဲ့ ကျင့်စဉ်ကြီးကို တွယ်ကပ်နေတာ။ ဒီတော့ မချင့်မရဲဖြစ်ပြီး ပင်ပန်းနွမ်းနယ်လာ... ဒါလည်း ဒီအတိုင်း ဆက်လုပ်နေတာပဲ။ နောက်တစ်ခုကတော့ အတိတ်မှာ တွယ်ကပ်နေတာ။ သူ့ဘဝမှာ သူ့ကျင့်စဉ် အလုပ်မဖြစ်ခဲ့တဲ့ ကာလထဲက ရုန်းမထွက်နိုင်တာ။ ဟိုတုန်းက အလုပ်ဖြစ်ခဲ့တဲ့အတွက် ခုလည်း အလုပ်ဖြစ်လိမ့်မယ်လို့ သူထင်ခဲ့တာပေါ့။ ဒီတော့ လူတိုင်းကို အဲဒီအတိုင်း လုပ်ဖို့ လမ်းညွှန် အကြံပေးတော့တယ်လေ"

"သူ့အတွက် အလုပ်မဖြစ်တော့တာကို သိပြီး ကျင့်စဉ်အသစ်ကို ရှာတွေ့ရင်လည်း အဲဒီကျင့်စဉ်အသစ်ကို သူလျှောက်ပြောမှာပါ" ဟု ကင်က ခပ်ပြုံးပြုံး တွေးတွေးပြီး ပြောသည်။

"ကျင့်စဉ်အသစ်ကို ရှာတွေ့ခဲ့ရင်ပေါ့လေ။ မင်း ကျောင်းပြီးလာတဲ့အခါ မင်းကို ဘယ်သူကမှ အောင်မြင်ရေး လမ်းညွှန်မြေပုံ မပေးလိုက်ဘူး။ အောင်မြင်ရေးနောက်ကိုလိုက်ရင်း လမ်းပျောက်သွားတာနဲ့ ကိုယ်တို့ဟာ ဘာကြီးမျက်မည်းထဲကို နောက်ကြောင်းပြန်ဆုတ်ကြတော့တာပဲ။ နောက်ဆုံ လမ်းကြောင်းတစ်ခု တွေ့လိုတွေ့ငြားဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့။ အဲဒီအခါ ဘချို့လည်း တွေ့သွားတယ်။ တချို့ကတော့ မတွေ့ဘူး။ လမ်းကြောင်းအသစ်ကို မတွေ့တဲ့အခါကျ မင်းရောက်တဲ့နေရာမှာထိုင်ပြီး လမ်းကြောင်းဟောင်းအကြောင်း တွေးနေကြတယ်လေ။ အဲဒါ တကယ့်ဘဝပဲပေါ့"

## အထက်တန်းကျောင်း ဇာတ်လိုက်များ

စောစောပိုင်းက ကျွန်တော် တင်ပြခဲ့သည့် ရုပ်သံဇာတ်လမ်းတွဲထဲမှ အယ်လ်ဘန်ဒီသည် သူ့အောင်နိုင်ရေး ကျင့်စဉ်ကို မပြောင်းချင်ဘဲ အတိတ်အောင်ပွဲတွေထဲမှာ ယစ်မူးနေသည့် အထက်တန်းကျောင်း ဇာတ်လိုက်တစ်ဦး ဖြစ်ပေသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကျွန်တော်တို့အားလုံး အယ်လ်ဘန်ဒီလို ဖြစ်သွားနိုင်၏။ လှုပ်ကုလားထိုင်ကြီးပေါ်မှာထိုင်၊ တစ်ချိန်က အောင်မြင်မှုများအကြောင်း စားမြုံ့ပြန်။ သို့သော် ထိုသို့ခြသေ့်လည်ပြန်ကြည့်ဖို့ အဆင်သင့် မဖြစ်မီမှာပင် ပြဿနာတွေက တက်လာတော့၏။ သင်က သင့်ဘဝနှင့် ပတ်သက်ပြီး နောက်ထပ်စွမ်းဆောင်ချင်တာကလေးတွေ ရှိနေသေးသည်လေ။ သင်သည် ပစ္စုပ္ပန်မှာ နေထိုင်ရင်း အတိတ်၏ကြည်နူးဖွယ်ရာများကို ပြန်လည်တူးဖော်နေရင်း ပြဿနာတွေ တက်လာတော့၏။ ရပ်တန်းက ရပ်ရမည့်အချိန်မှာ မရပ်နိုင်သူများသည် လက်ဝှေ့ချန်ပီယံဟောင်းကြီးများနှင့်တူ၏။ ချန်ပီယံဟောင်းကြီးများသည် လက်ဝှေ့ထိုးခြင်း ရပ်ရမည့်အချိန်မှာ မရပ်ဘဲ ကြိုးဝိုင်းထဲပြန်ဝင်သောအခါ ငယ်ငယ်ရွယ်ရွယ်ပြိုင်ဘက်၏ သဲအိတ်ဘဝသို့ ရောက်ရတော့၏။ သူတို့က အောင်နိုင်ရေး ကျင့်စဉ်ဟောင်း အသုံးပြုပြီး ထိုးသတ်ကြ၏။ အတိတ်ဟောင်း၏ အောက်မေ့ဖွယ်များ ပြန်လည်အသက်ဝင်လာအောင် ထိုသို့ ပြုလုပ်ကြခြင်း ဖြစ်လေသည်။

လူတော်တော်များများသည် ကျောင်းမှာတုန်းက စာတော်ကောင်းတော်ခဲ့မည်။ သို့ပေမဲ့ သူတို့ဆက်ပြီး တော်မနေနိုင်တော့။ တစ်စုံတစ်ခုက သူတို့ကို ရပ်တန့်သွားအောင် ပြုလုပ်ခဲ့လေသည်။ အထက်တန်းကျောင်း ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံပွဲများသည် အမှတ်တရနေရာဌာနများ ဖြစ်၏။ ထိုပွဲများတွင် ရှေ့ဆက်ပြီး မအောင်မြင်တော့သည့် ဘောလုံးသမား အကျော်အမော်များကို မြင်တွေ့ရမည်။ သို့မဟုတ် လူရည်ချွန် အကြိမ်ကြိမ်ဖြစ်ခဲ့ပြီး လက်တွေ့ကမ္ဘာမှာ ဘာမျှ ဖြစ်မလာသူများကို ကြုံရဆုံရမည်။ သူတို့ကို ဆယ်နှစ်၊ အနှစ်နှစ်ဆယ် သို့မဟုတ် အနှစ်သုံးဆယ်အကြာတွင် ပြန်လည်တွေ့ဆုံသောအခါ သူတို့၏ တန်ခိုးဣဒ္ဓိပါဒ်တွေ ကွယ်ပျောက်သွားပြီဖြစ်ကြောင်း တွေ့ရလိမ့်မည်။

ထိုသို့ဖြစ်ရသည့်အတွက် သူတို့ စိတ်မချမ်းသာဘူးဆိုရင် ထိုအချိန်သည် သူတို့၏ ဝမ်းကျောင်းလုပ်ငန်းကျင့်စဉ်ဟောင်းကို ပြောင်းလဲရမည့်

အချိန်ဖြစ်ပေမည်။ နောက်ပြီး သူတို့၏ သင်ယူမှုကျင့်စဉ်ပုံစံ ဟောင်းကိုလည်း ပြောင်းလဲဖို့လိုကြောင်း အသိအမှတ်ပြုရမည့် အချိန်ဖြစ်ပေသည်။

ယနေ့ သင်ကလေးများကို နားလည်သဘောပေါက်အောင် ပြောပြထားဖို့ အရေးကြီးသည်မှာ အပြောင်းအလဲသည် သူတို့အနာဂတ်ဘဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်နေကြောင်းပင်။ နောက်ပြီး အပြောင်းအလဲများနှင့် လိုက်လျောညီထွေဖြစ်အောင်လိုက်ပြီး ပြောင်းလဲနိုင်စွမ်းရှိခြင်းနှင့် အပြောင်းအလဲအကြောင်း လျှင်မြန်စွာ သင်ယူဆည်းပူးနိုင်ခြင်းသည် ယနေ့ သူတို့ ကျောင်းမှာ သင်ယူဆည်းပူးနေတာတွေထက် အရေးကြီးကြောင်းလည်း အသိပေးထားဖို့ လိုအပ်ပါလိမ့်မည်။

## မိဘများအတွက် စိတ်ကူးများ

လွန်ခဲ့သည့်နှစ်နှစ်လောက်က ရုပ်မြင်သံကြားအစီအစဉ်တစ်ခု ကြည့်ဖြစ်ခဲ့၏။ မိခင်များက လုပ်ငန်းခွင်တွင် သူတို့ ဘာတွေလုပ်ရကြောင်း သိရမြင်ရအောင် သူတို့သမီးများကို လုပ်ငန်းခွင်သို့ ခေါ်သွားသည်ကို ရိုက်ပြထား၏။ နောက်ခံစကားပြောသူက ထိုစိတ်ကူးကို အရမ်းနှစ်သက် သဘောကျနေသည်။

"မိခင်တွေက သူတို့ရဲ့သမီးတွေကို အနာဂတ်ကာလရဲ့ အမှုထမ်းကောင်းတွေဖြစ်အောင် သင်ပေးနေခြင်းဖြစ်ပါတယ်။ ဒါဟာဆိုရင် ရဲရင့်ပြောင်မြောက်တဲ့ စိတ်ကူးသစ်တစ်ခု ဖြစ်ပါတယ်"

ကျွန်တော့်ကိုယ်ကျွန်တော် ပြောနိုင်တာကတော့ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ စိတ်ကူးအိုကြီး ဟူ၍သာ ဖြစ်၏။

ယနေ့ အရွယ်ရောက်ပြီး လူငယ်များနှင့် စကားပြောခွင့်ကြုံတိုင်း ကျွန်တော် သူတို့ကို မေးကြည့်လေ့ရှိသည်။ သူတို့ ဘယ်သူ့အောင်နိုင်ရေး ကျင့်စဉ်ဖြင့် အလုပ်လုပ်နေသလဲ။ သူတို့၏ကျင့်စဉ်လား…၊ သူတို့မိဘများ၏ ကျင့်စဉ်လားဟူ၍။

၁၉၆၀ ပြည့်လွန်နှစ်များ၊ ကျွန်တော် ကလေးဘဝတွင် မိဘအများစုသည် သူတို့ကလေးများအား "ပညာကောင်းကောင်းတတ်အောင် သင်၊ ဒါမှ အလုပ်ကောင်းကောင်းရမယ်" ဟု တုန်လှုပ်ချောက်ချားသံဖြင့် ပြောတတ်ကြ၏။ တုန်လှုပ်ချောက်ချားကြခြင်းမှာ သူတို့သည် စီးပွားပျက်ကပ်ဆိုးကြီး ကျရောက်သည့်ကာလအတွင်း မွေးဖွားလာသူများဖြစ်သောကြောင့်ပင်။

ထိုခေတ်ကား အလုပ်အကိုင်မရှိသောခေတ်တည်း။ ကျွန်တော့်မိဘများခေတ်၊ ယေဘုယျအားဖြင့် ၁၉၀၀ နှင့် ၁၉၃၅ အတွင်း မွေးလာသူများသည် အလုပ်မရမှာ ကြောက်စိတ်၊ ငွေကြေး မဖူလုံမှာ ကြောက်စိတ်များနှင့် နပန်းလုံးနေရသူများ ဖြစ်၏။ သို့ဖြစ်ရာ သူတို့အတွေးများ၊ စကားလုံးများနှင့် ဆောင်ရွက်ချက်များကို ၎င်းကြောက်စိတ်က များစွာ အကျိုးသက်ရောက်စေခဲ့၏။

ယနေ့ သင့်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ပါ။ 'အလုပ်သမားအလိုရှိသည်' ဆိုသော ဆိုင်းဘုတ်များ နေရာတကာမှာ တွေ့နိုင်၏။ မိမိဝန်းကျင်တွင် အလုပ်တွေ တစ်ပုံကြီး ရှိနေသည့်တိုင် လူငယ်လူရွယ်များက သူတို့၏ကလေးများအား "ပညာကောင်းကောင်းအောင်သင်၊ ဒါမှ အလုပ်ကောင်းကောင်းရမယ်" ဆိုသော စကားကို ထပ်တလဲလဲ ပြောနေကြတုန်းဖြစ်၏။

"ဒါပေမဲ့ လူတစ်ယောက်မှာ အလုပ်တစ်ခုတော့ ရှိနေမှ ဖြစ်တော့မှာပေါ့" ဟု တစ်ယောက်ယောက်ပြောသံကို ကြားရတိုင်း ကျွန်တော်က ပြန်ပြောလေ့ရှိသည်မှာ "ဖြည်းဖြည်းပေါ့ဗျာ၊ စိတ်အေးအေးထား၊ ခဏလေးနားလိုက်၊ ဟိုဟိုဒီဒီ လိုက်ကြည့်လိုက်၊ အလုပ်အကိုင်တွေကို ပြည့်လို့။ စီးပွားပျက်ကပ်က ပြီးသွားပါပြီ။ အရင်းရှင်စနစ်က အနိုင်ရသွားပြီ။ ကွန်မြူနစ်ဝါဒက သေသွားပြီ။ အင်တာနက်တွေ ထူထောင်ပြီး အလုပ်လုပ်နေပြီ။ ဒီတော့ ကျောက်ခေတ်သမိုင်းပေါ်မှာ အခြေပြုထားတဲ့ အကြံပေးချက်ကြီးဆက်ပြီး လက်ဆင့်ကမ်းနေတာ ရပ်ပစ်တော့။ ဒီခေတ်မှာ ခင်ဗျား အာမခံချက်ရှိတဲ့ အလုပ်တစ်ခု လိုချင်ရင် အလုပ်တစ်ခုတော့ ရှာလို့ရတယ်။ ဒီတော့ ခဏတစ်ဖြုတ်ရပ်ပြီး စဉ်းစားစမ်းပါ" ဟူ၍ ဖြစ်၏။

တချို့က စိတ်တည်တည်ငြိမ်ငြိမ် ဖြစ်သွားသည်။ တော်တော်များများကတော့ မဖြစ်။ လူအများစုသည် သူတို့မိဘများ လက်ဆင့်ကမ်းပေးသွားသည့် ကြောက်စိတ်များ၏ ဖိစီးမှုကို ခံနေကြရသည်။ သူတို့သည် အကျိုးသင့် အကြောင်းသင့် စဉ်းစားဆင်ခြင်ခြင်း မပြုနိုင်ကြ။

မိဘတစ်ဦးအနေဖြင့် လုပ်လို့ရသည့် အရေးအကြီးဆုံး အလုပ်တစ်ခုမှာ အတိတ်ကာလဖြစ်ရပ်များပေါ် အခြေပြုထားသည့် အကြံပေးချက်ဟောင်းကြီးကို လက်ဆင့်ကမ်းနေတာ ရပ်လိုက်ပါ။ ပြီးတော့ တစ်ဖြုတ်လောက်နား၊ စဉ်းစား၊ အနာဂတ်ကာလကို လှမ်းကြည့်ပါ။

ကလေးတော်တော်များများ ကျောင်းထွက်နေကြသည်။ သို့မဟုတ် ပညာကို လေးလေးစားစား သင်ယူခြင်း မပြုကြ။ အဘယ်ကြောင့်ဆိုသော် အာမခံချက်ရှိသော အလုပ်မရဘဲ နေမည်ဆိုသော ခြောက်လုံးသည် အလုပ်မဖြစ်တော့သောကြောင့်ပင်။ သူတို့ အလုပ်တစ်ခုတော့ ရနိုင်ကြောင်းကို ကျောင်းက ကလေးတွေ သိနေကြသည်။ ယခုခေတ်တွင် ကျောင်းစာတော်သူများကို ဒေါ်လာတွေ တနင့်တပိုး မပေးတော့ကြောင်း ကလေးတွေက သိနေကြပြီ။ ယနေ့ ငွေတွေ သောက်သောက်လဲ ရနေသူများသည် အားကစားသမား၊ ဂီတသမား သို့မဟုတ် ရုပ်ရှင်သရုပ်ဆောင် အကျော်အမော်များ ဖြစ်ကြောင်း ကလေးတွေက သိနေကြပြီ။

ထို့ပြင် သူတို့မိဘတွေ အလုပ်သွားကြသည်၊ ကြိုးစားပမ်းစား အလုပ်လုပ်သည်၊ အိမ်မပြန်ကြ၊ ပြီးတော့ ကလေးထိန်းတွေ ငှားကြသည် ဆိုတာတွေကို သူတို့ မြင်တွေ့နေကြသည်။ ထို့နောက် ထိုကလေးများက ပြောကြသည်။

"နောက်ဆုံး တစ်နေ့ကျ ဖေဖေတို့ မေမေတို့ လုပ်သလို ကျွန်တော်တို့ကိုလည်း လိုက်လုပ်ဖို့အတွက် ကျွန်တော်တို့ စာသင်နေရတာလား။ ကျွန်တော့်ဘဝအတွက် ကျွန်တော်ဖြစ်စေချင်တာ အဲဒီအဖြစ်မျိုးလား။ ကျွန်တော့်ကလေးတွေကို ကျွန်တော်ပေးချင်တဲ့ အမွေဟာ ဒီအဖြစ်မျိုးလား" တဲ့။

## ကျွန်တော် ကျွမ်းကျင်သောအလုပ်ကို မလုပ်ဘဲ ရပ်ထားမှ ဖြစ်မည်။

ကျွန်တော် အသက် လေးဆယ့်ခုနစ်နှစ်အရွယ် ၁၉၉၄ ခုနှစ်တွင် အနားယူသောအခါ "ငါ့လက်ကျန် သက်တမ်းတစ်လျှောက်လုံး ဘာလုပ်နေရမလဲ" ဆိုသော မေးခွန်းကြီးက ရင်ထဲမှာ လေးလံစွာ တွဲခိုနေသည်။ အများသူငါ လုပ်လေ့ရှိသလို တစ်နှစ်လောက် ဘာမျှမလုပ်ဘဲ ထိုင်နေမည့်အစား ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် 'တီထွင်ဖန်တီး' ခဲ့၏။ အဓိပ္ပာယ်ကတော့ ကျွန်တော့် သင်ယူမှုကျင့်စဉ်နှင့် ဝမ်းကျောင်းလုပ်ငန်းကျင့်စဉ်တို့ကို ပြုပြင်ပြောင်းလဲဖို့ လိုအပ်လာခြင်းပင်။ ထိုသို့ မပြုလုပ်လျှင် တစ်နှစ်လောက် အနားယူပြီးမှ ကြိုးဝိုင်းထဲပြန်ဝင်သည့် လက်ဝှေ့ချန်ပီယံလို ဖြစ်သွားပေမည်။

မိမိကိုယ်မိမိ ပြန်လည်တီထွင်ဖန်တီးခြင်းအားဖြင့် ကျွန်တော် ကျွမ်းကျွမ်းကျင်ကျင်နှင့် ပျော်ပျော်ရွှင်ရွှင် လုပ်နေသောလက်ရှိအလုပ်ကို

ရပ်ဆိုင်းပစ်ရမည်။ အဓိပ္ပာယ်ကတော့ ကျွန်တော်လုပ်နေသည့် သင်ကြားပို့ချခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲများကို ရပ်ပစ်ရမည်။ မိမိကိုယ်မိမိ ပြန်လည်တီထွင်ဖန်တီးသောအားဖြင့် သင်ယူဖို့ လိုအပ်တာ တစ်ခုခုကို စတင်သင်ယူရမည်။ သို့မှ ကျွန်တော်အလုပ်လုပ်ပုံလုပ်နည်းတွေ ပြောင်းလဲလို့ရမည်။ ထိုသို့ပြုလုပ်ဖို့အတွက် ကျွန်တော်သင်ပေးနေသည့် အကြောင်းအရာများကို သင်ကြားပေးလို့ရသည့် ကစားနည်းဖြစ်၏။ နောက်ပြီး စာရေးဖို့ လေ့လာဆည်းပူးသည်။ စာရေးခြင်းဘာသာရပ်ကို အထက်တန်းကျောင်းမှာတုန်းက နှစ်ကြိမ်တိတိ ကျရှုံးဖူးသည်။

ယခုအခါမှာတော့ အတိတ်ကာလတုန်းက လုပ်ခဲ့ဖူးသည့် အလုပ်တွေထက် စာရေးဆရာတစ်ဦးအဖြစ် ကျွန်တော့်ကို လူသိများနေကြပြီး ကျွန်တော့်မှာသာ သင်ယူမှုကျင့်စဉ်၊ ဝမ်းကျောင်းလုပ်ငန်းကျင့်စဉ်နှင့် ငွေကြေးဆိုင်ရာကျင့်စဉ်အသစ်တစ်ခု ရှိမနေလျှင် ဘဝခရီးကို ဆက်လျှောက်ရသည့် ခံစားခွင့်ရမည် မဟုတ်ပါ။ ဘဝခရီးကို ဆက်မလျှောက်တော့ဘူးဆိုလျှင်လည်း အသက်လေးဆယ့်ခုနစ်နှစ်အရွယ်တွင် ခေတ်နောက်ကျပြီး အတိတ်ကာလ အောင်မြင်မှုများအကြောင်း သတိရ တမ်းတ စားမြုံ့ပြန်နေသည့် အဘိုးအိုပေါက်စကလေး ဖြစ်နေပေလိမ့်မည်။

## အလုပ်အကိုင်နိုင်မြဲမှုက မိသားစုဘဝကို ဘာဖြစ်စေသလဲ

ယခုခေတ်တွင် မိဘများသည် ဟိုတုန်းကထက် ပိုတော်နေရပါမည်။ အကြောင်းမှာ သူတို့၏ကလေးတွေက ပို၍ပို၍ တော်လာကြသောကြောင့် ဖြစ်၏။ မိဘများအနေဖြင့် စာသင်ကျောင်းကို ကျော်လွန်၍ ကြည့်မြင်နိုင်ရပါမည်။ ဘာကြောင့်ဆို ကလေးတွေက ထိုအတိုင်းအတာလောက်အထိကို ကြည့်နိုင်မြင်နိုင်ကြသောကြောင့်ပင်။ အလုပ်အကိုင် နိုင်မြဲမှုက သူတို့၏ မိသားစုဘဝကို ဘယ်လိုအကျိုးသက်ရောက်စေသလဲဆိုတာကို ချာတိတ်တွေ မြင်တွေ့နေကြရပြီ။ ချာတိတ်တော်တော်များများ လိုလားသည်မှာ သည်အဖြစ်မျိုးတွေ မဟုတ်။

မိမိကလေးနှင့် အပေးအယူတည့်ပြီး အောင်မြင်သော မိဘတစ်ဦးဖြစ်ရေးအတွက် မိဘတစ်ဦးသည် အနာဂတ်ကြည့် ဖန်လုံးကို ကြည့်ရပါမည်။ သို့သော် မိမိတို့၏ ဖန်လုံးကိုတော့ မဟုတ်။ ယနေ့ခေတ်တွင် မိဘတစ်ဦးသည် သူတို့ကလေး၏အနာဂတ်ဖန်လုံးကို မပြတ်ကြည့်နေရပါမည်။ ယနေ့

ခေတ်တွင် မိဘတစ်ဦးသည် သူတို့ကလေး၏အနာဂတ်အတွက် ထားရှိသော အမြော်အမြင်ကို စာနာ နားလည်တတ်ရပါမည်။ မိမိကလေးကို မိမိ၏ အနာဂတ်အမြင်အတိုင်း ကြည့်တတ်မြင်တတ်အောင် ဖွတ်အတင်း မခိုင်းသင့်ပါ။ မိမိတို့ မိဘတွေ၏အနာဂတ်အမြင်ဆိုသည်မှာ များသောအားဖြင့် အတိတ် အတွေ့အကြုံများအပေါ်မှာ အခြေပြုထားတတ်ကြသည် မဟုတ်လား။

မိဘနှင့်ကလေးအကြား ဖြစ်ပွားသည့် ပဋိပက္ခတော်တော်များများသည် မိဘ၏အောင်နိုင်ရေးကျင့်စဉ်နှင့် ကလေး၏အောင်နိုင်ရေးကျင့်စဉ် ထိပ်တိုက်တွေ့ခြင်းဖြစ်ကြောင်း ဤစာအုပ်ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပါပြီ။ ဥပမာမိဘတစ်ဦးက "မင်း ကျောင်းသွားရမယ်" ဟု ပြောသည်။ ထိုအခါ ကလေးက "ကျွန်တော် ကျောင်းထွက်တော့မယ်" ဟု ပြောသည်။ ဤကား အောင်နိုင်ရေး ကျင့်စဉ်ချင်း ထိပ်တိုက် တွေ့ခြင်းဖြစ်၏။ မိဘနှင့် သားသမီးအကြား ဆက်ဆံရေး အဆင်ပြေစေဖို့အတွက် မိဘများသည် သားသမီးများ မြင်တာ၊ တွေ့တာကို မိမိတို့လည်း မြင်နိုင်၊ တွေ့နိုင်အောင် အစွမ်းကုန် အားထုတ်ရပါမည်။ အကြောင်းမှာ ကလေးဖြစ်သူက ဖွာစ်ခုခုကို မြင်တွေ့နေတာတော့ သိသာသည်။ သို့ပေမဲ့ သူမြင်တွေ့နေတာထဲတွင် ပညာ ကောင်းကောင်း တတ်မြောက်ရေးဆိုတာ ပါချင်မှပါမည်ဖြစ်သောကြောင့်ပင်။

သည်နေရာတွင် မိဘများက အလုံးစုံ အလျှော့ပေးပြီး ကလေးတွေ ကြိုက်ရာလုပ်ဖို့ လွှတ်ပေးထားရမည်ဟု ကျွန်တော် မဆိုလိုပါ။ ကျွန်တော်က မိဘများသည် အောင်နိုင်ရေးကျင့်စဉ်ချင်း ထိပ်တိုက်တွေ့ခြင်းကို ကျော်လွှန်ပြီး ကြည့်ရမည်။ ပြီးတော့ ကိုယ့်ကလေး၏ဦးခေါင်းထဲမှာရှိနေသည့် အမြော်အမြင်ကို ဖော်ထုတ်သိမြင်နိုင်အောင် အစွမ်းကုန်ကြိုးစားရမည်ဟု ပြောခြင်းသာ ဖြစ်၏။ သည်လိုလုပ်ဖို့မလွယ်ကြောင်း ကျွန်တော် သိပါသည်။ သို့သော် ယင်းသို့ အားထုတ်ခြင်းသည် ရန်ဖြစ်နေရတာထက်တော့ ပိုကောင်းသည် ထင်ပါသည်။

မိမိ၏ကလေး ဘာကို မြင်နေသလဲ၊ နောက်ပြီး သူ ဘယ်ကို သွားချင်နေတာလဲဆိုသည်ကို မိဘက မြင်ပြီ၊ တွေ့ပြီဆိုသည်နှင့် မိဘနှင့်သားသမီး ဆက်ဆံရေး အဆင်ပြေပြီး ထိန်းကျောင်းဖို့၊ လမ်းညွှန်ဖို့ အခွင့်အရေး ရလာနိုင်၏။ ဤအခြေအနေမျိုးရလာဖို့ အလွန်အရေးကြီး၏။ ဘာကြောင့်ဆို မိဘက သူ့ကလေးအား "မင်းဒီဟာတော့ မလုပ်စေချင်ဘူး" ဟု ပြောလိုက်

ချိန်တွင် ကလေးက ထိုဟာကို လုပ်ကိုလုပ်တော့မည် (သို့မဟုတ်) လုပ်ထားပြီး ဖြစ်၏။

ဆက်ဆံရေးအခြေအနေ ကောင်းလာပြီဆိုသည်နှင့် မိဘများက မိမိတို့ကလေးအား တစ်သက်တာတွင် အလုပ် တစ်ခုတည်း လုပ်ခြင်းထက် ဝမ်းကျောင်းလုပ်ငန်း တစ်ခုထက်မက လုပ်ကိုင်ခြင်းက ပိုကောင်းကြောင်း စတင်ရှင်းပြဖို့ တိုက်တွန်းလိုပါသည်။ ထိုစိတ်ကူးကို ကလေးက နားလည်သဘောပေါက်ပြီဆိုလျှင် သူသည် ပညာရေးကို ပိုပြီး တန်ဖိုးထား လေးစားလာပေမည်။ ကလေးတစ်ဦးသည် ရာသက်ပန် သင်ယူဆည်းပူးခြင်းနှင့် ပညာရေးကို တန်ဖိုးထား လေးစားတတ်လာပြီဆိုသောအခါ သူနှင့် ပြောဆိုဆက်ဆံရလွယ်ကူလာပြီ ဖြစ်၏။ နောက်ပြီး ကိုယ်ပိုင်သင်ယူမှုကျင့်စဉ် ဖော်ဆောင်ခြင်းနှင့် ကျောင်းဆက်နေခြင်းတို့ ဘယ်လောက်အရေးကြီးကြောင်း ရှင်းပြစည်းရုံးဖို့ တော်တော်ကလေး လွယ်လာမည် ဖြစ်၏။ ထိုသို့ စည်းရုံး သိမ်းသွင်းနိုင်ဖို့ တော်တော်ကလေး လွယ်လာမည်ဖြစ်၏။ ထိုသို့ စည်းရုံး သိမ်းသွင်းနိုင်ဖို့ အရေးကြီးသည်ဟု ကျွန်တော် ထင်သည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့၏ကလေးတွေ တက်လမ်းပိတ်၊ အလုပ်အကိုင် တစ်ခုထဲတွင် ပိတ်မိနေမှာ၊ နောက်ပြီး အသက်ကြီးလာလေ တန်ဖိုးကျလာလေ ဖြစ်လာမှာကို ဘယ်မိဘမျှ လိုလားမည်မဟုတ်ဟု ကျွန်တော်ထင်သောကြောင့် ဖြစ်သည်။

## အယူအဆများ နှိုင်းယှဉ်ကြည့်ခြင်း

| စက်မှုခေတ် | သတင်းခေတ် |
|---|---|
| အလုပ်အကိုင်ခိုင်မြဲမှု၊ အမြဲတမ်းဝန်ထမ်းဖြစ်ရေး။ | လွတ်လပ်သောကိုယ်စားလှယ်၊ ကုမ္ပဏီဖြစ်လုနီး လုပ်ငန်းများ။ |
| လုပ်သက်ရင့်ခြင်း။ | ရလဒ်များအလိုက် လုပ်ခပေးခြင်း။ |
| အလုပ်တစ်ခုတည်း။ | ဝမ်းကျောင်းလုပ်ငန်းများစွာ။ |
| ခြောက်ဆယ့်ငါးနှစ်အထိ အလုပ်လုပ်။ | ငယ်ငယ်ရွယ်ရွယ်နှင့်အငြိမ်းစားယူ။ |
| အချိန်မှတ်ပြီး အလုပ်လုပ်။ | အလုပ်ထဲမှာစိတ်ဝင်စားလျှင် အလုပ်လုပ်။ |

| | |
|---|---|
| စာသင်ကျောင်းများ။ | သုတေသနအဖွဲ့များ။ |
| ဘွဲ့များ၊ ဂုဏ်ထူးများ။ | အဓိကကျသော ပင်ကိုစွမ်းရည်များ။ |
| အသိပညာဟောင်းများ။ | စိတ်ကူးသစ်များ။ |
| ကုမ္ပဏီ၏အငြိမ်းစားယူချိန် စီမံချက်။ | ကိုယ့်အားကိုယ်ကိုး ရင်းနှီးမြှုပ်နှံမှုများ |
| အစိုးရ၏အငြိမ်းစားယူချိန် စီမံချက် | မလို။ |
| အစိုးရ၏ဆေးဝါးကုသမှု စီမံချက်။ | မလို။ |
| ကုမ္ပဏီတွင် အလုပ်လုပ်။ | အိမ်တွင် အလုပ်လုပ်။ |

အကျဉ်းချုပ်လိုက်သော် သင်နှင့်သင့်ကလေးသည် သင့်မိဘများ ရခဲ့ဖူးသည့် ရွေးချယ်ခွင့်များထက် ပိုများသော ရွေးချယ်ခွင့်များ ရပါလိမ့်မည်။ အထက်တွင် ဖော်ပြထားသည့် စက်မှုခေတ်ရွေးချယ်မှုများသည် အထက်ဖော်ပြပါ သတင်းခေတ် ရွေးချယ်မှုများထက် သာလည်း မသာ၊ ညံ့လည်း မညံ့ပါ။ ဆိုလိုရင်းမှာ ယခုခေတ်တွင် ရွေးချယ်စရာတွေ ပိုများလာကြောင်း၊ ထိုအနေအထားကို ကလေးတွေက သိနေကြောင်း ဖြစ်ပါသည်။ ယနေ့စိန်ခေါ်ချက်မှာ ကျွန်တော်တို့၏ စာသင်ကျောင်းစနစ်နှင့် မိဘများက ကျွန်တော်တို့၏ ကလေးများတွင် ရွေးချယ်ခွင့်တွေ များနိုင်သလောက် များလာစေရန် သင်ယူမှုဆိုင်ရာ ကျွမ်းကျင်မှုများ ပြည့်ဝအောင် ပြင်ဆင် သင်ကြားပေးဖို့ ဖြစ်၏။

မိမိ၏ကလေးသည် သူ့မိဘ၏အကြံပေးချက်ဖြစ်သော "ကျောင်းတက်၊ စာသင်၊ ဒါမှအလုပ်တစ်ခုရမယ်" လမ်းစဉ်ကို လိုက်နာမိသည့်အတွက် ဖိနပ်ဆိုင်တစ်ဆိုင်မှာ ခြေချုပ်မိနေသည့် အဖြစ်မျိုး ဖြစ်စေချင်သည့် မိဘမျိုး ရှိမည်ဟု ကျွန်တော် မထင်ပါ။ ယခုခေတ်တွင် ကလေးတွေကို သည့်ထက် ပိုတော်၊ ပိုတတ်အောင် ပညာပေးဖို့ လိုပါသည်။

## အပြီးသတ်မှတ်စု

ကျွန်တော်က လူကြီးတွေကို ပညာ သင်ပေးသည်။ "ကျောင်းတက်၊ ပြီးရင် အလုပ်တစ်ခုဝင်လုပ်" ဆိုသော အကြံပေးချက်သည် သူတို့ကို နဖားကြိုးတပ်

ရာရောက်ကြောင်း ကျွန်တော်ပြောတော့ သင်တန်းသားများ လက်တွေ့ထောင်ကြသည်။ ထပ်ရှင်းပြဖို့ တောင်းဆိုကြသည်။

"ဒါပေမဲ့ အလုပ်အကိုင်ကောင်းကောင်းတစ်ခုက ဘယ်လိုလုပ်ပြီး နဖားကြိုးထိုးရာ ရောက်စေမှာလဲ ဆရာ" ဟု သင်တန်းသားတစ်ယောက်က မေးသည်။

"သိပ်ကောင်းတဲ့ မေးခွန်းပေါ့။ ခင်ဗျားကို နဖားကြိုးထိုးတာ အလုပ်အကိုင်က မဟုတ်ဘူး။ ခင်ဗျားတို့ကို နဖားကြိုးတပ်နေတာက 'ကျောင်းတက်၊ ပြီးရင် အလုပ်တစ်ခုဝင်လုပ်' ဆိုတဲ့ အကြံပေးချက်ရဲ့ နောက်ဆက်တွဲ စာတမ်းကလေးဗျ"

"နောက်ဆက်တွဲစာတမ်းဟုတ်လား၊ ဘာစာတမ်းလဲခင်ဗျ"

"အလုပ်လုပ်ရင် ခြေနိုင်လက်နိုင်လုပ်၊ အမှားအယွင်းတွေ မလုပ်မိစေနဲ့" ဆိုတဲ့ စာတမ်းကလေးပေါ့ဗျာ"

❐

# အခန်း (၇)

# သင့်ကလေး အသက်သုံးဆယ်မတိုင်မီ အငြိမ်းစားယူနိုင်မည်လား

တစ်နေ့တွင် ဖေဖေချမ်းသာအား သူဘယ်လိုကြောင့် သည်လောက်ချမ်းသာနေသလဲဟု ကျွန်တော် မေးမိ၏။ သူ့အဖြေမှာ "ဘာဖြစ်လို့လဲဆိုတော့ ငါက ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ်ကနေ အငြိမ်းစားယူခဲ့လို့ပေါ့။ မင်း အလုပ်သွား လုပ်မနေရတော့ဘူး ဆိုတဲ့အခါကျတော့ မင်း ချမ်းသာအောင်လုပ်ဖို့ အချိန်တွေ အများကြီးရလာတာပေါ့" ဟူ၏။

## ကြည့်မှန်ထဲမှ ကြည့်ခြင်း

စောစောကအခန်းတွင် "မင်း အလုပ်မှာ မချမ်းသာဘူး၊ အိမ်မှာမှ ချမ်းသာမယ်။ ဒါကြောင့် မင်းတို့ အိမ်အလုပ် လုပ်ရမယ်ပြောတာပေါ့" ဟူသော ဖေဖေချမ်းသာ၏အဆုံးအမကို ကျွန်တော် ဖော်ပြခဲ့၏။ ဖေဖေချမ်းသာက ကြီးပွားချမ်းသာအောင် ကြံဆောင်နည်းကို မိုနိုပိုလီ ကစားပြီး ကျွန်တော့်အား သင်ပေးခြင်းဖြင့် သူ့၏အိမ်အလုပ်ကို လုပ်ခဲ့၏။ သူက သူ့သားနှင့်ကော ကျွန်တော်နှင့်ပါ မိုနိုပိုလီကစားခြင်းဖြင့် လူအနည်းငယ်သာ သိမြင်သည့် ကမ္ဘာသို့ ကျွန်တော်တို့ကို ခေါ်သွားခဲ့လေ၏။ အသက်ကိုးနှစ်နှင့် ဆယ့်ငါးနှစ်အကြား တစ်ချိန်ချိန်တွင် ကျွန်တော်သည် ဖေဖေနွမ်းပါး၏ ကမ္ဘာမှဖေဖေချမ်းသာ၏ကမ္ဘာသို့ စိတ်ပိုင်းအရ ကျော်ဖြတ်ကူးသန်းသွားခဲ့လေသည်။

ထိုကမ္ဘာကား ရုပ်ပိုင်းအားဖြင့် လူတိုင်းမြင်တွေ့နိုင်သည့် ကမ္ဘာဖြစ်၏။ ကွာခြားသည်မှာ အသိအမြင်သာ ဖြစ်၏။ ယခင်က ကျွန်တော် လုံးဝ မသိမမြင်ခဲ့သော အရာများကို ကျွန်တော် သိခဲ့မြင်ခဲ့လေသည်။

လူးဝစ်ကာရိုးလ်၏ "ထူးဆန်းကမ္ဘာထဲက အဲလစ်" တွင် အဲလစ်သည် ကြည့်မှန်ထဲမှတစ်ဆင့် ခြားနားသော ကမ္ဘာတစ်ခုထဲသို့ ရောက်သွားသည်။ ဖေဖေချမ်းသာက မိုနိုပိုလီ ကစားရင်း သူ၏ကြည့်မှန်ကို ကျွန်တော် ကြည့်တတ်လာအောင် အားထုတ်သည်။ ကမ္ဘာကြီးကို သူ့မျက်လုံးများမှ တစ်ဆင့် ကြည့်စေမြင်စေသည်။ ဆိုလိုသည်မှာ ကမ္ဘာကြီးကို သူ မြင်သလို မြင်တတ်အောင်၊ သူ ကြည့်သလို ကြည့်တတ်အောင် ကျွန်တော့်အား သင်ကြားပေးခြင်းဖြစ်၏။

သူက "ကျောင်းသွား၊ စာကြိုးစား၊ အာမခံချက်ရှိတဲ့ အလုပ်တစ်ခုဝင်လုပ်" ဟု သူကိုယ်ကိုယ် ပြောနေကျ ဆုံးမစကားကို မပြော။ ထိုအစား သူ ထပ်တလဲလဲ ပြောတတ်သည်မှာ "အစိမ်းရောင် အိမ်ကလေး လေးလုံးဝယ်၊ ပြန်ရောင်းပစ်၊ ပြီးတော့ အနီရောင်ဟိုတယ် တစ်လုံးဝယ်၊ အဲဒီကျင့်စဉ်ဟာ မင်း ကြီးပြင်းလာရင် မင်းကို သူဌေးဖြစ်အောင် ဖန်တီးပေးမယ့် ကျင့်စဉ်ပေါ့" ဟူ၏။ သူ ကျွန်တော့်ကို ဘာတွေ မြင်တွေ့စေချင်မှန်း ကျွန်တော် မသိခဲ့။ သို့ပေမဲ့ ထိုစဉ်က ကျွန်တော် မသိမမြင်သေးတာ တစ်ခုခုကို သိမြင်လာအောင် သူ ကြိုးစားနေမှန်းတော့ ကျွန်တော် ရိပ်မိခဲ့ပါသည်။

ချာတိတ်တစ်ဦးအဆင့်ပဲရှိသေးသည့် ကျွန်တော်သည် သူ ဘာလုပ်ဖို့ ကြိုးစားနေမှန်း မသိခဲ့။ အစိမ်းရောင်အိမ် လေးလုံး ရအောင်ဝယ်၊ ပြန်ရောင်းပစ်၊ ပြီးတော့ အနီရောင်ဟိုတယ်တစ်လုံး ဝယ် ဆိုသည်မှာ အလွန်အရေးကြီးသော စိတ်ကူးဟု ဖေဖေချမ်းသာ ယူဆထားကြောင်းတော့ ကျွန်တော် သိသည်။ ကျွန်တော်သည် ဖေဖေချမ်းသာနှင့် တစိုက်မတ်မတ် မိုနိုပိုလီ ကစားခဲ့သည်။ ထိုသို့ကစားခြင်းသည် သာမန်အပျင်းပြေ ကစားခြင်း မဟုတ်ဘဲ အရေးကြီးတာတစ်ခု လုပ်နေသည်ဟု သဘောထားခဲ့သည်။ သို့ဖြင့် ကျွန်တော့် အတွေးတွေ တဖြည်းဖြည်း ပြောင်းလာခဲ့သည်။ အကြောင်းကိစ္စများကို ယခင်နှင့်မတူ မူကွဲစွာ ကြည့်တတ်မြင်တတ်လာသည်။ တစ်နေ့ ကျွန်တော်တို့ ဘဏ်မန်နေဂျာ၏ရုံးခန်းထဲမှာ ရှိနေခိုက်တွင် ကျွန်တော့်စိတ်သည် အသွင်ပြောင်းသွားသည်။ ကျွန်တော်သည် ဖေဖေချမ်းသာ၏ စိတ်ထဲသို့တဒင်္ဂမျှ

ဝင်ကြည့်လို့ ရလိုက်၏။ နောက်ပြီး ကမ္ဘာကြည့်မှန်ထဲမှတစ်ဆင့် ကြည့်တတ်သွားလေပြီ။

## ကိုယ့်ကိုယ်ကိုယ် အမြင်အပြောင်းအလဲ

တစ်နေ့တွင် ဖေဖေချမ်းသာက သူ့ဘဏ်မန်နေဂျာ၊ သူ့အိမ်မြေပွဲစားတို့နှင့် အစည်းအဝေးလုပ်သည်။ ပြီးတော့ အသေးစိတ်ကိစ္စကလေးတွေ ညှိနှိုင်းသည်။ စာရွက်စာတမ်းတချို့ကို လက်မှတ်ထိုးသည်။ ချက်လက်မှတ်တစ်စောင်ကို ဖေဖေချမ်းသာက ဘဏ်မန်နေဂျာအား လှမ်းပေးသည်။ ထို့နောက် အိမ်မြေပွဲစားက အပ်နှံသည့် သော့ချောင်းတွေကို ယူလိုက်၏။ သည်တော့မှ ကျွန်တော်သိလိုက်သည်။ ဖေဖေချမ်းသာ နောက်ထပ် အစိမ်းရောင် အိမ်တစ်လုံး ဝယ်လိုက်ပြန်ပါပြီကော။

ထို့နောက် ကားပေါ်တက်ကြသည်။ ဖေဖေချမ်းသာ၊ ဘဏ်မန်နေဂျာ၊ အိမ်မြေပွဲစား၊ မိုက်နှင့် ကျွန်တော်တို့ ဖေဖေချမ်းသာ၏ အစိမ်းရောင် အိမ်သစ်ကို သွားကြည့်ကြသည်။ ကားပေါ်မှာ ထိုင်လိုက်သွားရင်း ကျွန်တော် အတွေးပေါက်လာသည်။ လက်တွေ့ကမ္ဘာမှာ မိုနိုပိုလီ ကစားနေသည်ကို ကျွန်တော်မျက်စိဖြင့် တပ်အပ်မြင်နေတာပါကလား။ ကားပေါ်က ဆင်းကြသည်။ သော့တံဖြင့် အိမ်ရှေ့တံခါးကို ဖွင့်သည်။ အိမ်ထဲ လှမ်းဝင်သည်။ ပြီးမှ "ဒါ ငါ့အိမ်" ဟု ပြောသည်။

ကျွန်တော်တင်ပြခဲ့သည့်အတိုင်း ကျွန်တော်က ကိုယ်တိုင်မြင်ရ၊ ထိတွေ့ရ၊ လုပ်ကိုင်ကြည့်ရမှ အမြန်ဆုံး တတ်မြောက်လွယ်သည်။ တစ်နေရာတည်းမှာ ထိုင်ပြီး၊ နားထောင်ပြီး၊ စာဖတ်ပြီး၊ စာရွက်ပေါ်မှာ ရေးဖြေခြင်းဖြင့် အစမ်းသပ်အစစ်ဆေးခံယူသည့်နည်းကို ကျွန်တော်မကြိုက်။ ကျွန်တော့်စရိုက်နှင့် မကိုက်ညီ။ မိုနိုပိုလီကစားပွဲမှာ ပါရှိသည့် အစိမ်းရောင်အိမ်ကလေးနှင့် ယခု ဖေဖေချမ်းသာဝယ်လိုက်သည့်အိမ်ကို ဆက်စပ်ယှဉ်တွဲအဓိပ္ပာယ်ကောက်လို့ ရလာသောအခါ ကျွန်တော့်စိတ်ပြောင်းသွားသည်။ ကျွန်တော့် ကမ္ဘာပြောင်းသွားသည်။ ဘာကြောင့်ဆို ကျွန်တော့်ကိုယ် ကျွန်တော် သိမြင်သည့် အသိအမြင်ပြောင်းသွားသောကြောင့်ပင်။ ကျွန်တော် တစ်နေ့နေ့မှာ ချမ်းသာလာပါစေဟု ဆုတောင်းမနေတော့။ ကျွန်တော် သူဌေးကလေးဖြစ်နေပြီ။ ငွေကြေးအကျပ်အတည်းများကြုံနေရသည့် မိသားစုထဲက ကောင်လေး မဟုတ်တော့။ ကျွန်တော် ချမ်းသာသူကလေးဖြစ်ကြောင်း ကိုယ့်ဘာသာကိုယ် ကံသေ

ကံမ သိနေပြီ။ ဘာကြောင့်ဆို ကျွန်တော်က ကမ္ဘာလောကကြီးကို ဖေဖေချမ်းသာ၏ မျက်လုံးများမှတစ်ဆင့် ကြည့်တတ်မြင်တတ်လာပြီ ဖြစ်သောကြောင့်တည်း။

ဖေဖေချမ်းသာ ချက်လက်မှတ်တစ်စောင် ရေးသည်။ စာရွက်စာတမ်းတွေ လက်မှတ်ထိုးသည်။ ပြီးတော့ သော့တွေ ယူသည်။ ဒါတွေ တွေ့တော့ မိုနိုပိုလီကစားနည်းကို ပြင်ပကမ္ဘာမှာလည်း ကစားလို့ရကြောင်း အထာပေါက်သွားသည်။ သည်တော့ ဒီလောက်တော့ ငါလည်း လုပ်လို့ရတယ်ဟု ကိုယ့်ကိုယ်ကိုယ် ပြောမိသည်။ သည်အလုပ်က သည်လောက် ခဲရာခဲဆစ်ကြီးမှ မဟုတ်ဘဲ။ ငါ သူဌေးဖြစ်လာဖို့ သည်လောက်ကြီး ထူးချွန်ထက်မြက်နေဖို့ မလို။ အောင်လက်မှတ်ကောင်းကောင်းတွေ၊ အဆင့်ကောင်းကောင်းတွေလည်း ရထားဖို့ မလို။

သို့ပေမဲ့ သည်ကမ္ဘာထဲ ဝင်ရောက်ခြင်းသည် နောက်မှာ ချန်ထားရစ်ခဲ့သည့် ကမ္ဘာနှင့် ပြဿနာလေးတွေ ဖြစ်ပေါ်စေ၏။ ကျွန်တော် အောင်နိုင်ရေးကျင့်စဉ်ကို ရှာဖွေတွေ့ရှိလိုက်ပြီ။ ဤကျင့်စဉ်ကိုတွေ့လိုက်ခြင်းအားဖြင့် ကျွန်တော့်မှာ သင်ယူမှုကျင့်စဉ်၊ ဝမ်းကျောင်းလုပ်ငန်းဆိုင်ရာကျင့်စဉ်နှင့် ငွေကြေးဆိုင်ရာကျင့်စဉ် လိုအပ်လာမည်ဖြစ်၏။ ဤကျင့်စဉ်ကားကျွန်တော့်ဘဝ လက်ကျန်သက်တမ်းတွင် ကျင့်သုံးသွားမည့် ကျင့်စဉ်ဖြစ်၏။ ထိုအချိန် ထိုအခိုက်အတန့်ကလေးတွင် ကျွန်တော် လူချမ်းသာဖြစ်လာမည်ဆိုတာ သိလိုက်ပြီ။ သည်ကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်မှာ ယုံမှားသံသယတွေ မရှိ။ မိုနိုပိုလီကစားနည်းကို ကျွန်တော် နားလည်သည်။ ကျွမ်းသည်။ မိုနိုပိုလီကစားနည်းကို ကျွန်တော် ကြိုက်သည်။ သဘောကျသည်။ ဖေဖေချမ်းသာက မိုနိုပိုလီကစားနည်းကို တကယ့်ငွေဖြင့် ကစားနေတာ ကျွန်တော်မြင်တွေ့နေရ၏။ သူတောင် သည်ကစားနည်းကို သည်လို ကစားနိုင်လျှင်ကျွန်တော်လည်း ကစားလို့ရမည်ဆိုတာ ကျွန်တော် သိနေပါသည်။

## ကမ္ဘာ့နှစ်ခုအကြားမှာ ခေါက်တုံ့လူးလာ

ကျွန်တော့်စိတ်သည် ကြည့်မှန်ထဲမှာ ကြည့်လို့ရသည့်ကမ္ဘာနှင့် လက်ရှိကျင်လည်နေရသည့်ကမ္ဘာအကြား ခေါက်တုံ့လူးလာ သွားလာနေမိ၏။ ခက်တာက ကျွန်တော်သွားရောက်နေသည့် ဖေဖေချမ်းသာ၏ ကမ္ဘာက ကျွန်တော့်အတွက် အဓိပ္ပာယ်ရှိနေခြင်းပင်။

ကျွန်တော်ထားရစ်ခဲ့သည့် ကမ္ဘာကတော့ အဓိပ္ပာယ် မရှိသည့် ကမ္ဘာဖြစ်နေ၏။ ၎င်းကမ္ဘာကား တနင်္လာနေ့ရောက်သည်နှင့် ကျွန်တော်ပြန်သွားရသည့်ကမ္ဘာ၊ ကျောင်းပြန်တက်ရသည့်ကမ္ဘာ၊ တနင်္လာနေ့များတွင် ဆရာမက ကျွန်တော်တို့အိမ်စာတွေ ပြီး၊ မပြီး စစ်ဆေးကြည့်ဖို့ တောင်းသည်။ နောက်ပြီး ကျွန်တော်တို့ လေ့လာဖို့ နောက်ထပ် စာတွေ ပေးသည်။ ကျွန်တော်ကြည့်လို့၊ တို့ထိလို့ (သို့မဟုတ်) ခံစားကြည့်လို့ မရသည့် စာတွေ။ ပကတိဘဝတွင် ကျွန်တော် ဘယ်တော့မှ အသုံးမပြုမှန်း သိနေသည့် အကြောင်းအရာများ။

ဖေဖေချမ်းသာ အစိမ်းရောင် အိမ်တစ်လုံးဝယ်ဖို့ ဘာတွေ ဘယ်လိုတွက်ချက်သည်ကို ကျွန်တော် မြင်တွေ့နေရသည်။ သူ တွက်သည့် ချက်သည့်အထဲတွင် ရှုပ်ရှုပ်ထွေးထွေး အက္ခရာသင်္ချာ ပုံသေနည်းများ မပါ။ သူတွက်ချက်သည်မှာ ရိုးရိုးရှင်းရှင်း အပေါင်း၊ အနုတ်ကလေးတွေသာ ဖြစ်၏။ သည်တော့ အဆိုပါ အစိမ်းရောင်အိမ်တွေဝယ်ဖို့ သည်လောက်ကြီးမခက်ခဲမှန်း ကျွန်တော် သိနေပြီ။ အစိမ်းရောင် အိမ် လေးလုံး ရသည်နှင့်ပြန်ရောင်းပြီး အနီရောင်ဟိုတယ်တစ်လုံး ဝယ်ရတာ လွယ်ပုံရသည်။ အကြောင်းအကျိုးဆီလျော်သည်ပင် ထင်ရသည်။ သို့သော် သင် တကယ်ချမ်းသာလာပြီး လွတ်လပ်သော အချိန်ပို လိုချင်စိတ်ရှိပါမှသာ အဓိပ္ပာယ်ရှိသည် ထင်ရမည်။ ဟိုတယ်ကြီးတစ်လုံးက အားထုတ်မှုနည်းနည်းနှင့် ဝင်ငွေပိုရသည်။

ကျွန်တော် ဦးနှောက်ခြောက်နေသည်။ အဘယ်ကြောင့်ဆိုသော် ကြည့်မှန်ထဲမှာ တစ်ကြိမ်ကြည့်မိတိုင်း တစ်ခုသောကမ္ဘာက တခြားကမ္ဘာတစ်ခုထက်ပိုအဓိပ္ပာယ်ရှိပြီး ပို၍ကြောင်းကျိုးဆီလျော်သလို ဖြစ်နေသောကြောင့်ပင်။

ကျွန်တော် ဘယ်လိုမှ နားမလည်နိုင်သည်မှာ ကျွန်တော်တို့ ဘယ်တော့မှ အသုံးပြုမည် မဟုတ်မှန်း သိနေသည့် ဘာသာရပ်များကို ဘာကြောင့်များ ကျွန်တော်တို့ သင်ယူကျက်မှတ်နေကြပါလိမ့်ဆိုတာ ဖြစ်၏။ အဆိုပါ ကျွန်တော် စိတ်မဝင်စားသည့် ဘာသာရပ်များကိုပင် တတ်၊ မတတ်တော်၊ မတော် စစ်ဆေးခံရသည်။ ပြီးတော့ ထိုစာမေးပွဲများကို ကျွန်တော်ဘယ်လိုဖြေသလဲဆိုတာပေါ် အခြေပြုပြီး ကျွန်တော့်ကို တော်သည် (သို့မဟုတ်) ညံ့သည်ဟု တံဆိပ် အတပ်ခံရလေသည်။ ထိုဘာသာရပ်တွေ

သင်ယူနေရခြင်းသည် ကျွန်တော့်အတွက်တော့ "ထူးခြားကမ္ဘာထဲရောက်သည့် အဲလစ်" ဖြစ်နေလေသည်။

## ဤဘာသာရပ်တွေကို ဘာဖြစ်လို့ ကျွန်တော် လေ့လာနေရသလဲ

တစ်နေ့တွင် ကျွန်တော် နှစ်ပေါင်းများစွာ အဖြေ ရှာမရသည့် မေးခွန်းကို မေးကြည့်ဖို့ ဆုံးဖြတ်လိုက်၏။ နောက်ဆုံးတော့ သတ္တိတွေ မွေးပြီး ဆရာမ ကို မေးကြည့်ရသည်။

"ကျွန်တော် စိတ်မဝင်စားတဲ့ ဘာသာရပ်တွေ၊ နောက်ပြီး ကျွန်တော် ဘယ်တော့မှ အသုံးမပြုမယ့် ဘာသာရပ်တွေကို ဘာဖြစ်လို့ ကျွန်တော် သင်ယူပြီး စာမေးပွဲတွေ အစစ်ခံနေရတာလဲ ဆရာမ"

သူ့အဖြေမှာ "ဘာဖြစ်လို့လဲဆိုတော့ မင်း အမှတ်တွေ ကောင်းကောင်း မရရင် မင်း အလုပ်ကောင်းကောင်း မရမှာကြောင့်ပေါ့" ဟူ၏။

သည်အဖြေကား ကျွန်တော့်အဖေအရင်းထံမှ ကြားရသည့် အဖြေ အတိုင်းပင်ဖြစ်၏။ သူ့အဖြေကို ကြားရတာ ဖေဖေ့အဖြေ၏ပဲ့တင်သံကို ကြားနေရသည့်နှယ်ရှိ၏။ ခက်တာက သည်အဖြေသည် သိပ်ပြီး အဓိပ္ပာယ် မရှိသလို ဖြစ်နေခြင်းပင်။ ကျွန်တော် စိတ်မပါသည့်ဘာသာရပ်များကို သင်ယူ ပြီး ဘယ်တော့မျှ ပြန်အသုံးမပြုခြင်းနှင့် အလုပ်တစ်ခုရခြင်း ဘာဆိုင်လို့လဲ။ ယခုဆို ကျွန်တော့်အတွက် အောင်နိုင်ရေးကျင့်စဉ်ကို တွေ့ထားပြီ။ ထိုအခါ ကျောင်းသွားပြီး ကျွန်တော် အလုပ်ရဖို့အတွက် အသုံးမချမည့် ဘာသာရပ် တွေ သင်နေရခြင်းသည် ပို၍ပင် အဓိပ္ပာယ်မဲ့လာတော့၏။

"ဒါပေမဲ့ ကျွန်တော်က အလုပ်တစ်ခု ဝင်မလုပ်ချင်ဘူးဆိုရင်ကော" ခဏမျှ စဉ်းစားပြီးမှ ကျွန်တော် ပြန်မေးလိုက်၏။

ထိုအခါမှာတော့ မာမာထန်ထန် သတိပေးသံကို ကျွန်တော် ကြားလိုက် ရပါသည်။ "ခုချက်ချင်းထိုင်၊ ပြီးရင် ကျောင်းစာကို ဆက်လုပ်" ဟူသတည်း။

## စာသင်ကျောင်း အရေးကြီး၏

ယခု ကျွန်တော်ပြောနေတာတွေသည် သင့်ကလေးအား ကျောင်းထုတ်ပြီး မိုနိုပိုလီကစားပွဲတစ်စုံ ဝယ်ပေးလိုက်ပါဟု အဆိုပြုနေခြင်း မဟုတ်ပါ။ ခိုင်ခိုင် မြဲမြဲရှိသော ပညာရေးသည် အလွန် အရေးကြီးပါသည်။ စာသင်ကျောင်းက အခြေခံပညာနှင့် သင်ယူမှုကျွမ်းကျင်မှုများကို သင်ကြားပေးလေ၏။ ထို့နောက် ဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများကို သင်ကြားပေးလေ၏။ ပညာရေးစနစ်က ဘာတွေကို ဘယ်လိုသင်ကြားပေးနေသည်ကို ကျွန်တော်

ပတ်ပတ်နပ်နပ် မသိ။ ကျွန်တော် လုံးလုံးလျားလျား သဘောမတူ။ လက်မခံ။ သို့ဖြစ်သည့်တိုင် ကျောင်းတက်ပြီး ကောလိပ်မှ ဘွဲ့ရဖို့ (သို့မဟုတ်) စီးပွားရေး တက္ကသိုလ်မှ ဘွဲ့ရဖို့ဆိုသည်မှာ ယနေ့ဘဝ အောင်မြင်မှု အများစု၏ အခြေခံ အဖြစ် ရှိနေပါသေးသည်။

ပြဿနာဖြစ်နေသည်မှာ စာသင်ကျောင်းက ငွေကြေးဆိုင်ရာ ကျွမ်းကျင်မှုများ သင်မပေးခြင်းဖြစ်၏။ ၎င်းကျွမ်းကျင်မှုများ သင်မပေးလိုက်သည့်အတွက် စာသင်သားများသည် အောင်နိုင်သော ငွေကြေးဆိုင်ရာကျင့်စဉ် တစ်ခု မတတ်မြောက်ဘဲ ကျောင်းထွက်လာခဲ့ကြရ၏။ တကယ်တော့ စာသင်သားတော်တော်များများသည် ရှုံးနိမ့်သော ငွေကြေးဆိုင်ရာ ကျင့်စဉ်တစ်ခုနှင့်ပင် ကျောင်းထွက်လာကြပါသေးသည်။ လူငယ်တော်တော်များများဆိုလျှင် ကျောင်းမှာကတည်းက အကြွေးတွေ တင်လာကြ၏။ တော်တော်များများကတော့ ကျောင်းက ထွက်ပြီးသည်နှင့် ကားတွေ၊ အိမ်တွေ၊ လှေတွေ စသည်တို့ကို စတင် ဝယ်ကြတော့၏။ တော်တော်များများက သူတို့ သေလွန်သောအခါ သားစဉ်မြေးဆက်အား အမွေအဖြစ် အကြွေးတွေ လက်ဆင့်ကမ်းခဲ့ကြလေသည်။

တစ်နည်းဆိုရသော် စာသင်သားတော်တော်များများသည် စာတွေ ကောင်းကောင်းတတ်ပြီး ကျောင်းထွက်လာကြ၏။ သို့သော် သူတို့တွင် အလွန်အရေးကြီးသည် ကျင့်စဉ်တစ်ခု မတတ်ဘဲလည်း ကျောင်းထွက်လာကြ၏။ ၎င်းကျင့်စဉ်ကား သူတို့ဘဝတစ်သက်တာ အသုံးပြုရမည့် အောင်နိုင်သော ငွေကြေးဆိုင်ရာကျင့်စဉ် ဖြစ်ပါသည်။

## ဖအေနှစ်ဦးစလုံး ရတက်မအေးကြ

ကျွန်တော့်ဖေဖေ ကျောင်းဆရာက လက်ရှိသင်ကြားပေးနေသော ပညာရေးတွင် တစ်ခုခု လစ်ဟာနေကြောင်း သဘောပေါက်သည်။ သို့ပေမဲ့ လစ်ဟာနေတာ ဘာဖြစ်ကြောင်း အတိအလင်း မဖော်ထုတ်ခဲ့ချေ။

ဖေဖေချမ်းသာက ဘာလစ်ဟာနေကြောင်း သိသည်။ စာသင်ကျောင်းများက ငွေကြေးအကြောင်း သင်သည်ဆိုလျှင်ပင် ဘာမျှ ဟုတ်တိပတ်တိ သင်မပေးကြောင်း သိနေသည်။ အောင်နိုင်သော ငွေကြေးဆိုင်ရာကျင့်စဉ် တစ်ရပ် မရှိသည့်အတွက် လူတော်တော်များမှာ အလုပ်ကို ကျုံးရုန်းလုပ်နေကြရကြောင်း၊ အလုပ်အကိုင် ခိုင်မြဲမှုကို တွယ်ဖက်ထားရကြောင်း၊ နောက်ပြီး ဘယ်တော့မျှ ငွေရေးကြေးရေး မပြေလည်ကြကြောင်းကို ဖေဖေချမ်းသာ သိနေလေသည်။

လူများစုသည် ငွေကြေးဆိုင်ရာ အခြေခံပညာကို မတတ်မြောက် မကျွမ်းကျင်ကြကြောင်း၊ ထို့ကြောင့် အကြွေးပင်လယ်ထဲမှာ နစ်မျောနေကြရကြောင်း သိနေသည့်အတွက် ဖေဖေချမ်းသာသည် ရတက်မအေး စိတ်မချမ်းမသာ ဖြစ်ခဲ့ရလေသည်။

## ဖေဖေချမ်းသာ၏ သင်ကြားနည်း

ဖေဖေချမ်းသာထံမှ ကျွန်တော်ပညာတွေ အများကြီးရခဲ့၏။ အဘယ်ကြောင့်ဆိုသော် သူ့မှာ ထူးခြားကောင်းမွန်သော သင်ကြားပို့ချနည်း တစ်နည်းရှိနေသောကြောင့်ပင်။ သူ့သင်နည်းသည် ကျွန်တော်နှင့်အကိုက်ညီဆုံး သင်ကြားနည်းလည်း ဖြစ်၏။

ဖေဖေချမ်းသာသည် ကျွန်တော့်ကို သူဌေးဖြစ်နည်း သင်ပေးမည်ဟု ကတိပေးပြီးနောက် တစ်နာရီ ဆယ်ဆင့်ဖြင့် အလုပ်လုပ်ခိုင်းခဲ့ကြောင်း ချမ်းသာတဲ့ ဖေဖေနှင့် နွမ်းရှာတဲ့ ဖေဖေ စာအုပ်ထဲတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ စနေနေ့တိုင်း တစ်နေ့ သုံးနာရီနှုန်းဖြင့် စနေ သုံးရက် အလုပ် လုပ်ပေးခဲ့သော်လည်း ကျွန်တော့်ထံ သူတစ်ခေါက်မျှ မရောက်လာခဲ့။ ထို့ကြောင့် သူ့ရုံးခန်းသို့သွားပြီး စိတ်ဆိုးမာန်ဆိုးဖြင့် ငိုယိုကာ ရန်တွေ့ခဲ့၏။

ဖေဖေချမ်းသာက တစ်မိနစ်လောက် ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ပြီးမှ ပြုံးလျက်ပြောသည်။ "ငါ မင်းကို တစ်စုံတစ်ရာ သင်ပေးနေပါတယ်ကွ။ မင်း ချမ်းသာချင်ရင် မင်း သင်ယူရမယ့် တန်ဖိုးအရှိဆုံး သင်ခန်းစာတစ်ခု မင်းကို သင်ပေးနေပါတယ်။ လူများစုဟာ သူတို့ တစ်သက်လုံး အလုပ်သာ လုပ်သွားတယ်။ ခု မင်းရလိုက်တဲ့ သင်ခန်းစာ... မင်း ရလိုက်တယ်ဆိုရင်ပေါ့လေ... သူတို့ ရမသွားကြဘူးကွယ့်"

"မင်းရလိုက်တယ်ဆိုရင် ဆိုတာ ဦးက ဘာအဓိပ္ပာယ်နဲ့ပြောတာလဲ။ ကျွန်တော်က ဘာကို ရရမှာလဲ။ တခြားလူတွေ ဘယ်တော့မှ မရကြတဲ့ ဘာသင်ခန်းစာကို ကျွန်တော်က သင်ယူရမှာလဲ"

ထိုစဉ်ကတော့ ကျွန်တော် မျက်ရည်တွေကို တီရှပ် လက်မောင်းဖြင့် သပ်ရင်း ဖေဖေချမ်းသာကို ရန်တွေ့ခဲ့၏။ နောင်နှစ်ပေါင်းအတော်ကြာကြာ အတွင်း ထိုသင်ခန်းစာသည် ဘယ်လောက်တန်ဖိုးရှိကြောင်း ကျွန်တော် သိမြင်လာခဲ့သည်။ လူများစုသည် အလုပ်အကိုင်ခိုင်မြဲရေးနှင့် ငွေရရေး နောက်သို့ လိုက်ပြီး အလုပ်ကို ကြိုးစားပမ်းစားလုပ်ကြ၏။ ထိုသို့ ကျုံးရုန်း

လုပ်ရုံဖြင့် ချမ်းသာလာမည်မဟုတ် ဆိုသော သင်ခန်းစာ။ ငွေရရေးအတွက် အလုပ်လုပ်ခြင်းနှင့် ငွေကို ကျွန်တော့်အတွက် အလုပ်လုပ်ခိုင်းခြင်း၏ ခြားနားချက်ကို သိမြင် သဘောပေါက်လာသည်နှင့် ကျွန်တော့်အတွေးအမြင်တွေ နည်းနည်းပါးပါးပိုပြီး ဉာဏ်ရည်ပါလာတော့သည်။

ကျွန်တော်တို့ ငွေရရေးအတွက် အလုပ်လုပ်ဖို့ စာသင်ကျောင်းတွေက သင်ပေးကြောင်း ကျွန်တော် သဘောပေါက်နေပြီ။ လူချမ်းသာဖြစ်လိုလျှင် ငွေက ကျွန်တော့်အတွက် အလုပ် လုပ်ပေးလာအောင် ဘယ်လိုခိုင်းမည်လဲ ဆိုတာ သင်ယူဖို့လိုကြောင်းလည်း သိနေပြီ။ ခြားနားချက်ကလေးက မသိမသာလေးပါ။ သို့ပေမဲ့ သည်ကွာခြားချက်ကလေးက ပညာရေးနှင့် ပတ်သက်သည့် ကျွန်တော့်ရွေးချယ်မှုတွေကို ပြောင်းလဲသွားစေ၏။ နောက်ပြီး ကျွန်တော့် အချိန်တွေကို ဘာတွေလေ့လာဖို့ အသုံးပြုမည်လဲဆိုတာ ချင့်ချိန်စဉ်းစားလာစေ၏။ စောစောပိုင်းက တင်ပြခဲ့သလိုပင် ဉာဏ်ရည်ဆိုသည်မှာ ပို၍အနုစိတ်သော ခြားနားချက်များကို ခွဲထုတ်သိမြင်နိုင်စွမ်းရှိခြင်း ဖြစ်ပါသည်။ ကျွန်တော် လေ့လာဆည်းပူးဖို့လိုအပ်သည့် ခြားနားချက်များကို ခွဲထုတ်သိမြင်နိုင်စွမ်း ရှိခြင်း ဖြစ်ပါသည်။ ကျွန်တော် လေ့လာဆည်းပူးဖို့ လိုအပ်သည့် ခြားနားချက်မှာ ချမ်းသာသူဖြစ်လိုလျှင် ကိုယ့်မှာရှိသည့်ငွေက ကိုယ့်အတွက် အလုပ်လုပ်ပေးအောင် ဘယ်လိုခိုင်းမည်လဲဆိုသည့် ခြားနားချက်ဖြစ်၏။ ကျွန်တော့် ကျောင်းနေဖက်များက အလုပ်အကိုင်တစ်ခု ရရေးအတွက် ကြိုးစားပမ်းစား စာသင်နေချိန်တွင် ကျွန်တော်က အလုပ်အကိုင်တစ်ခုဝင်လုပ်ဖို့ မလိုအပ်ရေးအတွက် ကြိုးစားအားထုတ်နေပါသည်။

"လူများစုဟာ အဲဒီသင်ခန်းစာကို တတ်မသွားကြဘူး" ဟု ဖေဖေချမ်းသာ ပြောစဉ်က သူ ဘာဆိုလိုကြောင်း ကျွန်တော် သဘောမပေါက်ခဲ့။ နောင်တွင် သူက ရှင်းပြခဲ့သည်။ လူများစုသည် လခရရေးအတွက် အလုပ်သို့ သွားကြောင်း၊ ထို့နောက် အလုပ်သွား၊ လခထုတ်၊ အလုပ်သွား၊ လခထုတ်၊ အလုပ်သွား... သက်ဆုံးတိုင် သည်လုပ်ငန်းစဉ်ကြီးကို လုပ်နေတော့ကြောင်း၊ သင်ခန်းစာတော့ မရကြောင်း...။

ဤကား ဖေဖေချမ်းသာ၏သင်ကြားနည်း။ သူ့သင်ကြားနည်းမှာ ဦးစွာ လုပ်ရှားဆောင်ရွက်၊ ဒုတိယ အမှားများ၊ တတိယ သင်ခန်းစာယူ။ ထို့နောက် သူက ကျွန်တော့်ကို ပေးနေသည့် တစ်နာရီ ဆယ်ဆင့်နှုန်းကိုပင် ပြန်လည် ရုပ်သိမ်းသွားသည်။ ကျွန်တော် အခမဲ့ အလုပ်လုပ်ပေးရမည်တဲ့။ ဒုတိယ

သင်ခန်းစာ စလေပြီ။ သို့သော် ကျွန်တော်လိုလားမှ သင်ပါဟု သူက ပြောခဲ့လေသည်။

## စားပွဲခုံ၏ ဟိုဘက်ခြမ်းမှာ

ကျွန်တော့်ကို အကြီးအကျယ် ဩဇာလွှမ်းခဲ့သည့် သင်ခန်းစာတစ်ခုမှာ 'စားပွဲခုံ၏ ဟိုဘက်ခြမ်းမှာ' ဟု နာမည်ပေးထားသည့် သင်ခန်းစာဖြစ်၏။ အသက်ကိုးနှစ်အရွယ်တွင် ပထမဆုံးသင်ခန်းစာကို ဆည်းပူးပြီးသောအခါ ကျွန်တော်၏ ဆည်းပူးချင်စိတ်ပြင်းပြမှုကို သိသွားသော ဖေဖေချမ်းသာက သူအလုပ်လုပ်သည့်နေရာများသို့ ကျွန်တော့်ကို ခေါ်ခေါ်သွားတော့၏။

အသက်ဆယ်နှစ်ဝန်းကျင်လောက်ရောက်တော့ သူ ကုမ္ပဏီများအတွက် လူခေါ်သောအခါ လူတွေ့မေးမြန်းပွဲများသို့ ကျွန်တော့်ကို ခေါ်သွားတော့၏။ ကျွန်တော်က ဖေဖေချမ်းသာ နံဘေးမှာ ထိုင်သည်။ စားပွဲ၏ ဟိုဘက်ခြမ်းမှာတော့ အလုပ်လာလျှောက်သူများ။ ဖေဖေချမ်းသာက လျှောက်လွှာရှင်များ၏ ကိုယ်ရေးရာဇဝင်နှင့် သူတို့၏စိတ်သဘောထားများ ပေါ်လွင်အောင် မေးခွန်းများ မေးသည်။ အထက်တန်းပညာရေး မအောင်မြင်ဘဲ တစ်နာရီ တစ်ဒေါ်လာမပြည့်သော လုပ်ခဖြင့် အလုပ်လုပ်လိုသူများကို ကျွန်တော် တွေ့ရမြင်ရ၏။ တစ်နေ့လျှင် တစ်ဒေါ်လာရလျှင်ပင် မိသားစုတစ်စုကို ထောက်ပံ့ကျွေးမွေးဖို့ မလွယ်ကြောင်း ကျွန်တော် သိနေသည်။ သည်တော့ သူတို့ကိုယ်ရေးအကျဉ်းချုပ်များကို ကြည့်သည်။ သူတို့မှာ ကလေးတွေ ဘယ်နှယောက်ရှိနေကြသလဲ။ ဒါတွေ သိလာရတော့ ကျွန်တော့်ရင်တွေ လေးလံလာသည်။ ငွေရေးကြေးရေး ကျပ်တည်းနေသည်မှာ ကျွန်တော့်မိသားစု တစ်စုတည်း မဟုတ်ပါကလား။ ကျွန်တော့် မိသားစုကို ကူညီချင်သလို သူတို့ မိသားစုတွေကိုလည်း ကူညီဖေးမလိုလှပါသည်။ သို့ပေမဲ့ ဘယ်လိုကူညီရမည်မှန်း ကျွန်တော် မသိသေးပါချေ။

## ပညာကောင်းကောင်းတတ်ခြင်း၏ တန်ဖိုး

ဖေဖေချမ်းသာနံဘေးမှာ ထိုင်ပြီး ရလာသည့်သင်ခန်းစာတွေထဲတွင် လခနှုန်းထား ကွာခြားတာတွေ တွေ့ရခြင်းသည် အရေးကြီးသော သင်ခန်းစာတစ်ခုဖြစ်၏။ အထက်တန်းကျောင်းပညာ မပြီးဆုံးသည့် အလုပ်သမားတစ်ဦးနှင့် ကောလိပ်မှ ဒီဂရီတစ်ခုရပြီးသား အလုပ်သမားတစ်ဦးရသည့် လခနှုန်းထား

မှာ ကွာခြားလှ၏။ ဤကား ကျွန်တော် ကျောင်းဆက်နေချင်အောင် တွန်းအား ပေးနေသည့် မက်လုံးတစ်ခုဖြစ်ပါသည်။ ထိုနောက်ပိုင်းတွင် ကျောင်းထွက် တော့မည်ကြံလိုက်တိုင်း အခြေခံလစာနှုန်းထား ကွာခြားမှုကို အမှတ်ရလာ သည်။ ၎င်းအမှတ်သညာများက ပညာကောင်းကောင်း တတ်ခြင်းသည် ဘာ့ကြောင့် အရေးကြီးသလဲဆိုတာ သတိပေးနေပါသည်။

တစ်ခါတစ်ခါတွင် မဟာဘွဲ့တစ်ဘွဲ့ (သို့မဟုတ်) ပါရဂူဘွဲ့ ရထားသူ တစ်ဦးတလေသည် မဖြစ်စလောက် လခကလေးရသည့်အလုပ်ကို လာ လျှောက်နေတာ တွေ့ရသည်။ သူတို့မှာ ဘာအကြောင်းတွေရှိသလဲဆိုတာ ကျွန်တော် သိပ်မသိ။ သို့သော် ဖေဖေချမ်းသာ၏ ဝင်ငွေအရပ်ရပ် စုလိုက် သောအခါ အဆိုပါ ပညာထူးချွန်သူများထက် ဝင်ငွေ ပိုကောင်းနေတာတော့ သိသည်။ ကျွန်တော် သဘောအကျဆုံးမှာ ဤအချက်ဖြစ်၏။ ဖေဖေ ချမ်းသာသည် အထက်တန်းကျောင်းပင် မအောင်ခဲ့မှန်းလည်း ကျွန်တော် သိသည်။ ပညာ ကောင်းကောင်းတတ်သူများနှင့် အထက်တန်းကျောင်း တက်ရင်း ကျောင်းထွက်ထားသူများရသည့် လခနှုန်းထား ကွာခြားကြောင်း သိနေချိန်မှာပင် ကောလိပ်မှ ဘွဲ့ရပညာတတ်များ မသိသည့် အရာတချို့ကို ဖေဖေချမ်းသာက သိနေကြောင်းလည်း ကျွန်တော် သဘောပေါက်နေပါသည်။

ဤသို့ စားပွဲခုံတစ်ဘက်ခြမ်းတွင် ချမ်းသာဖေဖေနှင့်တွဲတိုင်နေသည့် အလုပ်ကို ငါးကြိမ်လောက် လုပ်ပြီးသောအခါ ကျွန်တော့်ကို ဘာကြောင့် ထိုသို့ ထိုင်ခိုင်းသလဲဟု မေးမိပါတော့သည်။

"မင်း ဘယ်တော့မှ မေးတော့မှာ မဟုတ်ဘူးလို့တောင် ငါက ထင် နေတာကွ။ မင်းကို ခုလို ငါ့နံဘေးမှာထိုင်ပြီး အလုပ်လျှောက်သူတွေကို ကြည့်ခိုင်းတာ ဘာဖြစ်လို့လို့ မင်း ထင်သလဲ"

"ကျွန်တော် မသိဘူးခင်ဗျ၊ ဦး အဖော်ရအောင် ခေါ်ထားတယ်ပဲ ထင်ခဲ့တာ"

ဖေဖေချမ်းသာ ရယ်မောပါသည်။ "ငါ မင်း အချိန်ကို အဲဒီလို ဘယ်တော့မှ မဖြုန်းခိုင်းပါဘူးကွာ။ မင်း လူချမ်းသာဖြစ်လာအောင် သင်ပေး မယ်လို့ ငါ ကတိပေးထားတယ်လေ။ ခု မင်းတောင်းဆိုတာကို ငါ ပေးနေ တယ်။ ဒီတော့ ခုချိန်ထိ မင်း ဘာတွေလေ့လာဆည်းပူးလို့ရသလဲ"

လျှောက်လွှာရှင်တွေ မရှိတော့သည့် အခန်းထဲတွင် ဖေဖေချမ်းသာ ၏ နံဘေးမှာထိုင်ရင်း သူ့မေးခွန်းတွေကို တွေးဆကြည့်မိ၏။

"မပြောတတ်ဘူး။ ဒီလိုလုပ်တာ သင်ခန်းစာပေးနေတာလို့ကို မထင်ခဲ့တာခင်ဗျ"

ဖေဖေချမ်းသာ ဟက်ခနဲရယ်ပြီးပြောသည်။

"မင်း သိပ်ကို အရေးကြီးတဲ့ သင်ခန်းစာတစ်ခုကို သင်ယူနေရတာကွ၊ အဲ... မင်း ချမ်းသာချင်သပါ့ဆိုရင်ပေါ့လေ။ ငါ ထပ်ပြီး ပြောလိုက်ဦးမယ်။ ခု ငါ မင်းကို ဆည်းပူးစေချင်တဲ့ သင်ခန်းစာကို လူများစု ဆည်းပူးခွင့် ဘယ်တုန်းကမှ မရခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူများစုဟာ လောကကြီးကို စားပွဲရဲ့ ဟိုဘက်ခြမ်းကပဲ ကြည့်ခွင့်ရကြတာကွ"

ဖေဖေချမ်းသာက ကျွန်တော်တို့ရှေ့တည့်တည့်၊ စားပွဲခုံ၏တစ်ဘက်ခြမ်းကို ညွှန်ပြသည်။

"လောကကို စားပွဲခုံရဲ့ ဒီဘက်ခြမ်းက ကြည့်ခွင့်ရတာ လူနည်းစုကလေးပဲ ရှိတယ်။ မင်း တကယ့်လက်တွေ့ကမ္ဘာလောကကို မြင်နေရတာ၊ လူတွေကျောင်းထွက်လာတာနဲ့ တွေ့မြင်ရတဲ့ တကယ့်ကမ္ဘာလေ။ ဒါပေမဲ့ မင်းကြတော့ ကျောင်းက မထွက်သေးမီမှာပဲ ဒီကမ္ဘာ စားပွဲခုံရဲ့ ဒီဘက်ခြမ်းကနေ ကြည့်ခွင့်မြင်ခွင့် ရနေပြီလေ"

"ဒီတော့ ကျွန်တော် ချမ်းသာချင်တယ်ဆိုရင် စားပွဲခုံရဲ့ ဒီဘက်ခြမ်းမှာ ထိုင်ရဖို့ လိုတယ်ပေါ့"

ဖေဖေချမ်းသာ ခေါင်းခါသည်။ ပြီးမှ ဖြည်းဖြည်းလေးလေး စပြောသည်။

"စားပွဲခုံရဲ့ ဒီဘက်ခြမ်းမှာ ထိုင်ရုံလောက်တော့ မကဘူးကွ။ စားပွဲခုံရဲ့ ဒီဘက်ခြမ်းမှာထိုင်ရဖို့ ဘာတွေလိုသလဲဆိုတာ လေ့လာရမယ်၊ သင်ယူရမယ်... တစ်ခုရှိနေတာက အချိန်အများစုမှာ အဲဒီဘာသာရပ်တွေကို ကျောင်းမှာ သင်မပေးဘူး။ ကျောင်းက သင်ပေးတာက မင်း စားပွဲခုံရဲ့ ဟိုဘက်ခြမ်းမှာ ထိုင်ဖို့ပဲ သင်ပေးတာကွ"

"ဟုတ်လား" ဟု ကျွန်တော် တွေတွေဝေဝေ မေးလိုက်၏။

"ဘယ်လို သင်ပေးလို့လဲဟင်"

"အဲ... မင်း ဘာကြောင့် ကျောင်းနေရမယ်လို့ မင့်ဖေဖေက ပြောသလဲ"

"ဒါမှ ကျွန်တော် အလုပ်တစ်ခု ရှာလို့ရအောင်လေ။ ဒီတော့ ဒီလူတွေ ရှာနေတာ အဲဒါပဲပေါ့။ မဟုတ်ဘူးလား"

ဖေဖေချမ်းသာ ခေါင်းညိတ်ပြပြီးမှ ပြောသည်။

"အေး... အဲဒါကြောင့် သူတို့ဟာ စားပွဲခုံရဲ့ ဟိုဘက်ခြမ်းမှာ ထိုင်ကြရတာပေါ့။ တစ်ခြမ်းက ကျန်တဲ့တစ်ခြမ်းထက် သာတယ်လို့ ငါမပြောဘူးနော်။ ငါ ထောက်ပြချင်တာက အဲဒီနှစ်ခြမ်းမှာ ကွာခြားချက်ရှိတယ်ဆိုတာပဲ။ လူများစုဟာ အဲဒီကွာခြားချက်ကို မမြင်ကြ မတွေ့ကြဘူး။ ငါ မင်းကို ပေးတဲ့ သင်ခန်းစာဟာ အဲဒါပဲ။ ငါ မင်းကို ကမ်းလှမ်းချင်တာက နောက်ဆုံးတစ်နေ့မှာ မင်း ဘယ်ဘက်ခြမ်းမှာထိုင်ဖို့ ရွေးချယ်မလဲ ဆိုတာပဲ။

"မင်း ငယ်ငယ်ရွယ်ရွယ်နဲ့ ချမ်းသာချင်သပါ့ဆိုရင် စားပွဲရဲ့ ဒီဘက်ခြမ်းမှာထိုင်မှ အဲဒီပန်းတိုင်ကိုရောက်ဖို့ လမ်းသာမယ်။ မင်း ချမ်းသာဖို့နဲ့ တစ်သက်လုံး ပင်ပန်းတကြီး အလုပ် မလုပ်ရဖို့ကို လေးလေးနက်နက် သဘောထားမယ်ဆိုရင် ဘယ်လို လုပ်ရမလဲဆိုတာ ငါ သင်ပေးမယ်။ မင်း စားပွဲရဲ့ ဟိုဘက်ခြမ်းမှာပဲ ထိုင်ချင်တယ်ဆိုရင်တော့ မင့်ဖေဖေရဲ့အကြံပေးချက်အတိုင်းသာ လိုက်လုပ်ပေတော့"

## သင်ယူမှတ်သားခဲ့သော သင်ခန်းစာများ

ဂျင်းသင်ခန်းစာကား ဘဝလမ်းညွှန်သင်ခန်းစာတစ်ခုဖြစ်၏။ ဖေဖေချမ်းသာက ကျွန်တော့်ကို စားပွဲခုံ၏ ဘယ်ဘက်ခြမ်းမှာထိုင်ရမည်ဟု မပြော။ မညွှန်ကြား။ သူက ရွေးချယ်ခွင့်တစ်ခု ကမ်းလှမ်းသည်။ ဆုံးဖြတ်ချက်များကို ကိုယ့်ဘာသာကိုယ် ပြုလုပ်ရမည်။ ကျွန်တော် သင်ယူဖို့လိုသည်ဆိုသော ဘာသာရပ်များကို သင်ယူဖို့ ဆန့်ကျင်တိုက်ခိုက်မနေဘဲ မိမိသင်ယူလိုသည်များကို ကိုယ့်ဘာသာဆုံးဖြတ်ရွေးချယ်ရသည်။ ဤကား နှစ်ကာလများစွာအတွင်း ဖေဖေချမ်းသာ သင်ခဲ့ပုံ သင်ခဲ့နည်း ဖြစ်၏။ သူ့သင်ရိုးမှာ ဆောင်ရွက်ချက်တွေက ပထမ၊ အမှားများက ဒုတိယ၊ သင်ခန်းစာများက တတိယဖြစ်၏။ သင်ခန်းစာယူသည့် ကဏ္ဍအပြီးမှာတော့ ကျွန်တော်ရလိုက်သည့် သင်ခန်းစာပေါ်မူတည်ပြီး ကျွန်တော်ဘာလုပ်မလဲဆိုသည့် ရွေးချယ်ခွင့်တစ်ခု ပေးတော့၏။

## မကြာခဏဆိုသလို သင့်ရှေ့တည့်တည့်မှာရှိနေသည့်အရာကို မတွေ့နိုင် မမြင်နိုင်ဖြစ်တတ်သည်။

'စားပွဲခုံ၏ ဟိုဘက်ခြမ်း' သင်ခန်းစာထဲတွင် အခြားအခြားသော ဘဝအပြောင်းအလဲဖြစ်စေမည့် သင်ခန်းစာများလည်း ပါဝင်နေသည်။ ဤဏ

ရည်ညာဏ်သွေးဆိုသည်မှာ ပိုမိုအနုစိတ်သော ခြားနားချက်များကို ပြုလုပ်နိုင်စွမ်းရှိခြင်း (သို့မဟုတ်) စားပြီး မြှောက်နိုင်စွမ်း ရှိခြင်းဖြစ်၏။

ကျွန်တော်သည် စားပွဲခုံမှာထိုင်ပြီး ကျွန်တော့်ရှေ့မှာ ဖြစ်ပျက်နေသည်များကို ကြည့်ကာ လေ့လာမှတ်သားခြင်းအားဖြင့် ခြားနားချက်များ ပိုမိုပြုလုပ်နိုင်လာ၏။ သို့မဟုတ် သင်ခန်းစာသစ်များ သင်ယူနိုင်လာ၏။

ကျွန်တော် ထိုစားပွဲတွင် နာရီပေါင်းများစွာကြာအောင် ထိုင်ခဲ့၏။ ထိုင်ရုံသာ ထိုင်နေခဲ့ခြင်းပါ။ ဘာသင်ခန်းစာမျှ မရခဲ့။ ဖေဖေချမ်းသာက စားပွဲခုံတွင် သည်ဘက်ခြမ်းနှင့် ဟိုဘက်ခြမ်းဟူ၍ နှစ်ဘက်ရှိကြောင်း ထောက်ပြလိုက်သည်နှင့် စားပွဲ၏ ဟိုဘက်ခြမ်းသည်ဘက်ခြမ်းမှ ဖြစ်ပေါ်လာသော ကမ္ဘာနှစ်ခုကို ကျွန်တော် တွေ့မြင်လာ၏။ တစ်ဘက်တစ်ခြမ်းမှာရှိနေသူများ ထားဖို့လိုသည့် မိမိကိုယ်မိမိအမြင်များသည် မဆိုစလောက်ကလေး ကွဲပြားနေသည်ကို ရေးရေးမျှ သိလာသည်။ နှစ်ကာလများစွာအတွင်း ကျွန်တော့်ရှေ့တစ်ဘက်ခြမ်းမှာ ထိုင်နေသူများသည် သူတို့အား ပြုလုပ်ခိုင်းသည်ကိုသာ ပြုလုပ်နေကြကြောင်း ကျွန်တော် သဘောပေါက်လာသည်။ သူတို့အား ပြုလုပ်ခိုင်းထားသည်မှာ အပြင်ထွက်ပြီး အလုပ်အကိုင်တစ်ခု ရှာဖွေဖို့။ 'အလုပ်ရှင်များလိုချင်သည့် ကျွမ်းကျင်မှုများ ရှိနေစေဖို့' သူတို့ကို ကျောင်းများက သင်ပေးလိုက်သည်။

စားပွဲတစ်ခြမ်းမှာထိုင်လို့ရမည့် ကျွမ်းကျင်မှုများ တတ်မြောက်နေအောင် ပြုလုပ်ဖို့ ကျောင်းများက သူတို့ကို သင်မပေးလိုက်ကြချေ။ အဆိုပါ ငယ်ရွယ်စဉ်က ညွှန်ကြားချက်များကြောင့်ပင် လူများစုသည် သူတို့တစ်သက်လုံး စားပွဲခုံ၏ဟိုဘက်ခြမ်းမှာ ထိုင်သွားကြရလေသည်။ အကယ်၍ သူတို့အား "ငွေကြေးဆိုင်ရာ ကျွမ်းကျင်မှုတွေ တတ်အောင်သင်။ ဒါမှ လူရွေးတဲ့ စားပွဲကို မင်းတို့ပိုင်မှာ" ဟု သင်ပေးလိုက်လျှင် သူတို့ဘဝတွေ တစ်မျိုးတစ်မည် ပြောင်းလဲသွားပေမည်။

## လူတွေသည် သူတို့ရှာတာကိုပဲ တွေ့သည်

လူတွေသည် အကြောင်းအမျိုးမျိုးကို ရှာဖွေကြကြောင်းလည်း ကျွန်တော် သိမှတ်ခဲ့ရသည်။ "လူများစုဟာ ကျောင်းကထွက်လာတာနဲ့ အလုပ်အကိုင်တစ်ခု ရှာကြတာပဲ။ ဒါကြောင့်လည်း သူတို့ အလုပ်အကိုင်တစ်ခု ရသွားကြတာပေါ့" ဟု ဖေဖေချမ်းသာက ပြောသည်။ သင် ဘာကိုရှာမည်ဟု

စိတ်ထဲ တေးမှတ်ထားသည်ကိုသာ လက်တွေ့လောကတွင် မြင်တွေ့ကြောင်း ဖေဖေချမ်းသာက ရှင်းပြသည်။

"အလုပ်လိုက်ရှာတဲ့သူတွေ အလုပ်ရသွားတတ်တယ်။ ငါက အလုပ်မရှာဘူး။ လခစားလုပ်ဖို့ မကြိုးစားဘူး။ ငါက စီးပွားရေးလုပ်ဖို့ အခွင့်အရေးတွေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ အနေအထားတွေ ရှာဖွေဖို့ ငါ့စိတ်ငါ လေ့ကျင့်ပေးထားတာ။ လူတစ်ယောက်ဟာ သူ့စိတ်ကို လေ့ကျင့်ပေးထားတာပဲ မြင်တယ်၊ တွေ့တယ်ဆိုတာ ဖေဖေ လေ့လာသိမှတ်ထားတာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ ဒီတော့ မင်း ချမ်းသာချင်သပါ့ဆိုရင် မင်းကို ချမ်းသာလာအောင် ဖန်တီးပေးမယ့်အရာတွေကို ရှာတတ်မြင်တတ်အောင် မင်းဦးနှောက်ကို လေ့ကျင့်သင်ကြားပေးထားရမယ်။ တစ်ခုရှိတာက အလုပ်အကိုင်တစ်ခုကတော့ မင်းကို ချမ်းသာလာအောင် ဖန်တီးပေးမှာ မဟုတ်ဘူး။ ဒီတော့ အလုပ်တစ်ခုရဖို့ ထွက်ရှာမနေနဲ့"

ကျွန်တော်တို့အနောက်နိုင်ငံများ၏ ပညာရေးစနစ်သည် ပရပ်ရှားနိုင်ငံမှာ သန္ဓေတည်ခဲ့သည့်စနစ်ဖြစ်ကြောင်း ကျွန်တော် ပြောသည့်အခါ လူတော်တော်များများက အလေးမထား၊ အရေးမစိုက်ကြ။ သို့သော် ၎င်းပညာရေးစနစ်၏ရည်မှန်းချက်မှာ အမှုထမ်းများနှင့် စစ်သားများ မွေးထုတ်ဖို့ဖြစ်ကြောင်း ပြောသောအခါမှ အာရုံပြုလာကြသည်။ ကျွန်တော့်စကားများကို အဆိုးမြင်အကြည့်များဖြင့် တုံ့ပြန်ကြသည်။ တစ်ခါတစ်ရံတွင် ရန်စကားပြောကြသည်။ သံသယစကားများ ပြောကြသည်။ စိတ်ဆိုးမာန်ဆိုးအဖြစ်ဆုံးသူများကတော့ သည်စနစ်ထဲတွင် အတော်ဆုံးဖြစ်နေသူများပေတည်း။ သူတို့က ကျွန်တော့်အယူအဆ၏ ခိုင်မာမှုကို ဓောင်းဆိုသောအခါ ကျွန်တော်က သူတို့ကို မေးခွန်းတစ်ခု ပြန်မေးတတ်သည်။

"စာသင်သားတွေ ကျောင်းပြီးလို့ ကျောင်းထွက်ပြီဆိုတာနဲ့ အရင်ဦးဆုံး ရှာဖွေတဲ့အရာ ဘာလဲ" ဟူ၍။ ထိုအခါ ကြားနေကျအဖြေမှာ "အလုပ်အကိုင်တစ်ခု" ဟူ၏။ ဘာ့ကြောင့်ဆို သူတို့ဦးနှောက်ထဲတွင် အစီအစဉ်ထည့်ပေးထားသည်မှာ အလုပ်ရှာဖို့ဖြစ်သောကြောင့်ပင်။ သူတို့ကလည်း အမိန့်နာခံသော စစ်သားကလေးများလို ထိုအတိုင်း တစ်သဝေမတိမ်းလိုက်နာဆောင်ရွက်လေသည်။ သည်စကားတွေ ကျွန်တော့်ဘာ့ကြောင့်ပြောသလဲဆို ပရပ်ရှားနိုင်ငံဆိုတာ ကမ္ဘာပေါ်မှာ မရှိတော့သော်လည်း သူ၏ ရာစုနှစ်

ပေါင်းများစွာ အိုမင်းရင့်ရော်နေသော အယူအဆများကတော့ ရှင်ကျန်နေသေးသောကြောင့် ဖြစ်ပါသည်။

ယခုအခါ ကျွန်တော်တို့သည် သတင်းခေတ်ထဲ ရောက်နေကြပြီ။ သည်တော့ အာမခံချက်ရှိသော အလုပ်တစ်ခု ရှာဖွေရေးဆိုသော အယူအဆကို ကျော်လွန်ပြီး ကြည့်တတ်အောင် လူတွေကို သင်ကြားပေးဖို့ အချိန်တန်နေပြီဖြစ်၏။ သတင်းခေတ်တွင် အလုပ်ရှင်များလိုချင်သည့် ကျွမ်းကျင်မှုများရှိအောင် သင်ယူထားခြင်းထက် ကျော်လွန်ပြီး ပညာတတ်အောင် သင်ယူကြရတော့မည်။ သတင်းခေတ်တွင် သင့်ကလေးများသည် အသက်သုံးဆယ်အရွယ်တွင် နည်းပညာပိုင်းအရ ခေတ်နောက်ကျန်နေလိမ့်မည်ဖြစ်၏။ အကယ်၍ ထိုအနေအထားမျိုး ဖြစ်နိုင်ခြေရှိသည်ဆိုလျှင် သူတို့ကို ဘာကြောင့် ငွေကြေးဆိုင်ရာ ကျွမ်းကျင်မှုများ သင်ကြားမပေးရမည်လဲ။ သို့မှ သူတို့ အသက်သုံးဆယ် မတိုင်မီ အငြိမ်းစားယူလို့ ရပါလိမ့်မည်။

## သင် မမြင်နိုင်တာကို ပြုပြင် ပြောင်းလဲလို့ မရ

ဝန်ထမ်းတစ်ဦးဖြစ်ခြင်း (သို့မဟုတ်) စစ်သားတစ်ဦးဖြစ်ခြင်းသည် ကောင်းသည်၊ ဆိုးသည် (သို့မဟုတ်) မှန်သည်၊ မှားသည်ဟု ကျွန်တော် ပြောနေခြင်းမဟုတ်။ ကျွန်တော် နှစ်မျိုးစလုံး ဖြစ်ခဲ့ဖူးသည်။ ကျွန်တော် တကယ်ပြောနေတာက တစ်မျိုး၊ ဖေဖေကျောင်းဆရာသည် ပညာရေးစနစ်နှင့် ပတ်သက်၍ တစ်ခုခု မှားနေပြီဆိုတာ သဘောပေါက်ခဲ့သည်။ ထိုအခါ သူက သည်စနစ်ကြီးကို စတင်ပြုပြင်တော့၏။ စာသင်သားများ ကျောင်းက ထွက်သောအခါ လက်တွေ့ကမ္ဘာကြီးကို မျက်နှာပန်းလှလှဖြင့် ရင်ဆိုင်နိုင်အောင် ယခုလက်ရှိ သင်ကြားမှုထက် သာလွန်ကောင်းမွန်သော နည်းလမ်းများ တပ်ဆင်ပေးချင်သည်။ ထို့ကြောင့် သာလွန်ကောင်းမွန်သော နည်းလမ်းများကို ရှာဖွေဖော်ထုတ်ချင်သည်။

ခက်နေတာက သူ ပြုပြင်ပြောင်းလဲချင်သည့် သည်စနစ်အောက်မှာ သူကိုယ်တိုင် ကြီးပြင်းလာပြီး သည်စနစ်ဖြင့် ပညာတတ်လာခဲ့သူတစ်ဦးဖြစ်နေခြင်းပင်။ နောက်ပြီး သူ မမြင်နိုင် မတွေ့နိုင်သည့် အရာကို သူကြည့်လို့ မြင်လို့ မရခြင်းပင်။ ဖေဖေချမ်းသာကတော့ မတူခြားနားသော မျက်လုံးများဖြင့် ကြည့်သည်။ သည်တော့ ခြားနားချက်ကို သူ မြင်နိုင်တွေ့နိုင်သည်။ ထိုသို့ဖြစ်ရခြင်းမှာ သူက သည်စနစ်ကို မွေးထုတ်ပေးလိုက်သူ

မဟုတ်သောကြောင့်ပင်။ သူက အသက်ဆယ့်သုံးနှစ်ကတည်းက ကျောင်းထွက်ခဲ့သူ။ ဘာကြောင့်ဆို သူ့ဖခင်ကွယ်လွန်သွားပြီး မိသားစုပိုင် စီးပွားရေးကို လွှဲပြောင်းဦးဆောင်ရမည်ဖြစ်သောကြောင့်။ သူသည် အသက်ဆယ့်သုံးနှစ်တွင် စားပွဲခုံ၏ သည်ဘက်ခြမ်းမှာ ထိုင်လို့ရအောင် လိုအပ်သည့်ကျွမ်းကျင်မှုများကို ဆည်းပူးနေခဲ့ပြီဖြစ်၏။

## စားပွဲခုံ၏ တစ်ဖက်ခြမ်းတွင်ထိုင်နိုင်အောင် ကျွန်တော်ပိုမိုဆည်းပူးဖို့ လိုသေးသည်

စားပွဲတစ်လုံးတွင်ထိုင်ဖို့ နှစ်ဖက်နှစ်ခြမ်းရှိသည်ဆိုတာ သဘောပေါက်သွားသည်နှင့် ကျွန်တော့်ကိုယ်ကျွန်တော် ပညာတတ်တစ်ယောက်ဖြစ်အောင် ပြုလုပ်ဖို့ ပိုပြီး စိတ်အားသန်လာ၏။ သို့မှ စားပွဲခုံတွင် ဖေဖေချမ်းသာထိုင်သည့်ဘက်တွင် ထိုင်လို့ရမည်မဟုတ်ပါလား။ စားပွဲတစ်လုံးတွင် ထိုင်ဖို့ နှစ်ဖက်နှစ်ခြမ်းရှိသည်ဆိုတာ သဘောပေါက်ပြီးနောက် သိပ်များများ မကြာလိုက်ပါ။ ကျွန်တော် ဘယ်အတိုင်းအတာအထိ လေ့လာဆည်းပူးရမည်ဆိုတာ သိမြင်လာပါသည်။

နောက်ပြီး ကျောင်းကသင်ပေးသည့် ဘာသာရပ်များကို သင်ယူဆည်းပူးရုံဖြင့် မလုံလောက်သေးဘဲ ကျောင်းမှာ မသင်သည့် ဘာသာရပ်များကိုပါ လေ့လာဆည်းပူးဖို့ လိုအပ်ကြောင်းလည်း သိမြင်လာသည်။ ကျွန်တော် ပညာရေးကို ပိုပြီး စိတ်ဝင်စားလာသည်။ ပညာသင်ယူရေးထဲတွင် စိတ်ကို ပိုပြီး မြှုပ်နှံလာသည်။ စားပွဲတစ်လုံးတွင် ကျောင်းစာလောက်ပဲ သင်ယူခဲ့သူများနှင့် မျက်နှာချင်းဆိုင်အခြမ်းတွင် ထိုင်ခွင့်ရလိုလျှင် ကျောင်းမှာ သင်တာတွေထက် ပိုပြီး ဆည်းပူးဖို့ လိုအပ်ပါလိမ့်မည်။ စားပွဲခုံတွင် ကျွန်တော်ထိုင်ချင်သည့်အခြမ်းမှာ ထိုင်ခွင့်ရရေးအတွက် ကျောင်းမှာ စာတော်သည့် ချာတိတ်တွေထက် ကျွန်တော်က ပိုပြီးတော်၊ ပိုပြီး ထက်မြက်နေဖို့ လိုမည်ဆိုတာ ကျွန်တော် သိနေသည်။ အလုပ်ရှင်တွေ လိုချင်သည့် လုပ်ငန်းကျွမ်းကျင်မှုများထက်သာသော ကျွမ်းကျင်မှုများ ရှိနေဖို့ လို၏။

နောက်ဆုံးမှာတော့ ကျွန်တော့်ကို စိန်ခေါ်လိုက်သည့် အရာတစ်ခုကို တွေ့ခဲ့ရ၏။ ကျွန်တော် သင်ယူဆည်းပူးဖို့ စိတ်ဝင်စားသည့်အရာ။ အသက်ကိုးနှစ်နှင့် ဆယ့်ငါးနှစ်အကြားတွင် ကျွန်တော်၏ ပညာရေးအစစ်အမှန်ကို စတင်သင်ယူခဲ့၏။ ကျွန်တော့်အနေဖြင့် ကျောင်းထွက်ပြီးနောက်ပိုင်းကာလ

များစွာ ကြာသည့်တိုင် ပညာ ဆက်သင်နေရဦးမည်ဆိုတာ သိနေသည့် ရာသက်ပန် ကျောင်းသားဖြစ်နေမည်ဖြစ်ကြောင်း ကျွန်တော်သိနေ၏။

ကျွန်တော်က ဖေဖေကျောင်းဆရာ ရှာမတွေ့ခဲ့သည့်အရာကိုလည်း ရှာတွေ့ခဲ့၏။ လက်ရှိပညာရေးစနစ်၏ ဟာကွက်ကြီး။ လက်ရှိပညာရေးစနစ်က အာမခံချက်ရှိသည့် အလုပ်တစ်ခု ရအောင်ရှာမည့် အလုပ်သမားတွေ တသွင်သွင် မွေးထုတ်နိုင်အောင် ဖော်ဆောင်ထားသည့် ပညာရေးစနစ်။ သို့သော် ချမ်းသာသော၊ စားပွဲခုံ၏ ဟိုဘက်ခြမ်းမှထိုင်သောသူများ တတ်သိနားလည်သည်များကို ဘယ်တုန်းကမျှ သင်မပေးသည့် ပညာရေးစနစ်ကြီးပါတည်း။

## သင်ယူမှုပိရမစ်

ပညာရေးနှင့် သင်ယူမှုအကြောင်း ပြောဖြစ်တိုင်း ဤပုံကို မကြာမကြာ အသုံးပြုဖြစ်သည်။ ဤပုံကို ကျွန်တော်က 'သင်ယူမှုပိရမစ်' ဟု နာမည်ပေးထားသည်။ ကျွန်တော့်ပိရမစ်သည် တိကျသေချာသော သိပ္ပံပညာပေါ်မှာ အခြေပြုထားသည် မဟုတ်သော်လည်း ဤပုံကို ညွှန်းပြီး ဆွေးနွေးဖို့ အသုံးတည့်ပါလိမ့်မည်။

ကျွန်တော်တစ်ဦးတစ်ယောက်ချင်းအနေဖြင့် မိုနိုပိုလီ ကစားခြင်းကို တော်တော်ကြီး သင်ယူဆည်းပူးခဲ့၏။ ဘာ့ကြောင့်ဆို ဤကစားနည်းသည် ကျွန်တော့်အတွက် ဉာဏ်ရော၊ စိတ်ခံစားချက်ရော ရုပ်ပိုင်းဆိုင်ရာအရပါ အားစိုက်ရသောကြောင့် ဖြစ်၏။ ဤကစားနည်းကို ကစားပြီဆိုလျှင် ကျွန်တော် ဉာဏ်သုံးရသည်။ စိတ်ခံစားချက်အရ စိတ်လှုပ်ရှား တက်ကြွနေသည်။ နောက်ပြီး ကျွန်တော်ရုပ်ပိုင်းအရ တစ်စုံတစ်ရာ လှုပ်ရှားဆောင်ရွက်ရသည်။ ဤကစားပွဲက ကျွန်တော့်စိတ်အာရုံကို ဖမ်းစားထားတတ်၏။ အကြောင်းမှာ ကျွန်တော် အားထုတ်မှု အများကြီး လုပ်ရသောကြောင့်ပင်။ အထူးသဖြင့် ကျွန်တော်က အများနှင့်ပြိုင်လျှင် နိုင်လိုက်ရမှ ကျေနပ်သူဖြစ်သောကြောင့်ပင်။



စာသင်ခန်းထဲမှာ စာသင်နေရပြီဆိုလျှင် ငြိမ်ငြိမ်ကလေး ထိုင်နေဖို့ လို၏။ ပြီးတော့ တစ်ဦးတစ်ယောက်က ကျွန်တော် စိတ်မဝင်စားသည့် ဘာသာရပ်တစ်ခုအကြောင်း ပြောသည်ကို နားထောင်ဖို့ လို၏။ သို့မဟုတ် ကျွန်တော် နားမလည်သော ဘာသာရပ် (သို့မဟုတ်) ကျွန်တော်နှင့် ဘယ်လိုမျှ ဆက်စပ်ပတ်သက်လို့ မရသည့် ဘာသာရပ်တစ်ခုအကြောင်းလည်း နားထောင်ဖို့ လို၏။ ကြာတော့ ကျွန်တော့် စိတ်လှုပ်ရှားမှုသည် စိတ်ဆိုးရာမှ ငြီးငွေ့ခြင်းသို့ ဆက်တိုက် ကူးပြောင်းသွားတော့၏။ ရုပ်ပိုင်းအရတော့ ကျွန်တော် စတင် တွန့်လိမ်လာပြီ။ သို့မဟုတ် ခံစားနေရသော စိတ်ဝေဒနာများမှ လွတ်မြောက်ရေးအတွက် အိပ်ချင်အိပ်ပစ်လိုက်မည်။ ကျွန်တော်က ငြိမ်ငြိမ်ကလေးထိုင်နေရတာ မကြိုက်။ သတင်းအချက်အလက်များကို ကြိုးစားပြီး ဦးနှောက်ထဲ ထည့်သည့်ဘက်တွင် မတော်။ အထူးသဖြင့် ကျွန်တော် စိတ်မဝင်စားလျှင် (သို့မဟုတ်) ဟောပြောသူက ငြီးငွေ့စရာကောင်းလျှင်။ မျောက်ရှုံးအောင် ဆော့သော ကလေးများကို ငြိမ်သွားအောင် မိဘများက ဆေးတိုက်ထားခြင်းသည် သည်အကြောင်းကြောင့်များလား မသိ။ ထိုကလေးများသည် သူတို့အား သင်ယူကျက်မှတ်နိုင်းသည့် အကြောင်းအရာများကို စိတ်မဝင်စား၊ သူတို့သည် ရုပ်ပိုင်းအရ ဆည်းပူး လေ့လာတတ်သူများဖြစ်ဖို့ အလားအလာများသည်။ သည်တော့ သူတို့ ဂျစ်ကန်ကန် လုပ်လာကြသောအခါ သူတို့ငြိမ်သွားအောင် ဤပညာရေးစနစ်ကများ ငြိမ်ဆေးတိုက်ကျွေးနေပေသလား မသိ။

သက်ဝင်ယုံကြည်မှုနှင့် ပတ်သက်၍တော့ သမားရိုးကျ ဘာသာရေးသဘောသက်ဝင်ခြင်းလည်း မရှိပါ။ သက်ဝင်ယုံကြည်မှုဆိုသည်မှာ ကျွန်တော်တို့ အထူးအိုလံပစ်ပြိုင်ပွဲများ သွားကြည့်သောအခါ ဖြစ်ပေါ်လာသော ခံစားချက်မျိုးကို ဆိုလိုပါသည်။ ရုပ်ပိုင်းအရ စိန်အခေါ်ခံရသော ကလေးများ ညှစ်အားထုတ် ပြေးလွှားကြသောအခါ (သို့မဟုတ်) သူတို့၏ ဘီးတပ်ကုလားထိုင်များကို သူတို့၏ ကိုယ်ခန္ဓာအရ၊ စိတ်ပိုင်းအရ နောက်ပြီး ယုံကြည်သက်ဝင်မှုအရ ပုံအော သွန်ထုတ်ပြီး ယှဉ်ပြိုင်သည်ကို တွေ့ရသောအခါ ခံစားရသည့် တက်ကြွအားမာန်များကို ဆိုလိုပါသည်။ သူတို့၏ စိတ်ဓာတ်အားမာန်များသည် ကျွန်တော်တို့လည်း အားမာန်တွေ တက်ကြွလာသည်။ သူတို့ကို ကြည့်ပြီး ကြက်သီးမွေးညင်း တဖြန်းဖြန်း ထလာသည်။ ဤသို့ခံစားရပြီး သင်ယူဆည်းပူးခြင်းမျိုးကို သက်ဝင်ယုံကြည်မှုဖြင့် သင်ယူခြင်းဟု ကျွန်တော် ဆိုလိုပါသည်။

ဗီယက်နမ်စစ်တုန်းက သေအံ့မူးမူးဖြစ်နေသော လူငယ်လူရွယ်ကလေးတွေ နောက်ဆုံးထွက်သက် ရှူထုတ်နိုင်သည်အထိ ဆက်တိုက် တိုက်ပွဲဝင်သွားသည်ကို ကျွန်တော် မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရ၏။ သူတို့ကို မာန်သွင်းပေးသွားသည်မှာ သူတို့၏ စိတ်ဓာတ် (သို့မဟုတ်) သူတို့၏ သက်ဝင်ယုံကြည်မှု။ သူတို့သည် သူတို့အဖွဲ့ ရှင်သန်နိုင်ရေးအတွက် သူတို့၏အသက်ကို ပေးအပ်သွားကြ၏။ ကျွန်တော် ပြန်ပြောမပြချင်လောက်တော့သည်ထက်ဆိုးသည့် အနိဋ္ဌာရုံ မြင်ကွင်းများကို ဗီယက်နမ်စစ်ပွဲမှာ ကြုံခဲ့၊ တွေ့ခဲ့ရပါသေးသည်။ မည်သို့ဖြစ်စေ စိတ်ပိုင်းအရ၊ ခံစားမှုအရ၊ ရုပ်ပိုင်းအရ ဘယ်လိုမျှဖြစ်နိုင်ခြေ မရှိသည့် လုပ်ရပ်မျိုးတွေကို လူငယ်လူရွယ်တွေ လုပ်ပြသွားသည်ကို ကျွန်တော် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည့် အခါများလည်း ရှိ၏။ ဤကား ကျွန်တော်ပြောနေသည့် သက်ဝင်ယုံကြည်မှု၏ စွမ်းပကားဖြစ်ပါသည်။

ကျွန်တော်တို့ မင်္ဂလာဆောင်တစ်ခုသို့ သွားသည်။ ကျွန်တော့် စိတ်အမြင်မှာတော့ သတို့သမီးနှင့် သတို့သားဟူသော သက်ရှိသတ္တဝါနှစ်ဦးသည် ဘုရားသခင်ရှေ့မှောက်မှာ သစ္စာဆိုပြီး တစ်ဦးကိုတစ်ဦး ယုံကြည်သက်ဝင်စွာ လက်တွဲကြခြင်းပင် ဖြစ်၏။ ဤလုပ်ရပ်သည် ဝိဉာဉ်နှစ်ခုပေါင်းစပ်ပြီး ကမ္ဘာလောကကြီးထဲ တိုးဝင်ဖို့ ကတိကဝတ်ပြုသည့် လုပ်ရပ်ဖြစ်၏။

စိတ်ဆင်းရဲစရာကောင်းသည်မှာ ယနေ့ကမ္ဘာပေါ်တွင် လင်မယားကွာရှင်းပြတ်စဲနှုန်းတွေ အရမ်းမြင့်တက်နေခြင်းပင်။ ကြည့်ရတာ လူတော်တော်များများသည် စိတ်ပိုင်းအရ၊ ခံစားချက်အပိုင်းအရ၊ ရုပ်ပိုင်းအရ ပေါင်းစပ်နေကြသော်လည်း ယုံကြည်သက်ဝင်မှုအရ မပေါင်းစပ်ကြသောကြောင့် ဖြစ်ပေမည်။ ထို့ကြောင့် အခက်အခဲ အကျပ်အတည်းတွေကြုံလာသောအခါ သူတို့ ကွဲကြကွာကြခြင်းဖြစ်ပေသည်။ မည်သို့ရှိစေကာမူ စံပြသဘောအရပြောရလျှင် ကျွန်တော် ပြောနေသည်မှာ အထက်ဖော်ပြပါ ယုံကြည်သက်ဝင်မှုပိုင်းဆိုင်ရာ ပညာရေးဖြစ်ပါသည်။ ဤသို့ ပြောနေခြင်းသည် တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့၏ ဘာသာရေးအမြင်များကို လွှမ်းမိုးစေဖို့ လုံးဝ မရည်ရွယ်ပါ။ ကျွန်တော်ပြောနေခြင်းမှာ စိတ်ပိုင်း၊ ခံစားမှုအပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အကန့်အသတ်များကို ကျော်လွှန်သွားအောင် စွမ်းဆောင်အားရှိသည့် ယုံကြည်သက်ဝင်မှု အကြောင်းသာ ဖြစ်ပါသည်။

## မိမိကိုယ်မိမိ အမည်ပြောင်းခြင်း

မှတ်မိနေပါသေးသည်။ ကျွန်တော် အသက်ကိုးနှစ်နှင့် ဆယ်နှစ်နှစ်ကြားတွင် ကျွန်တော့် ပုဂ္ဂလိက သင်ယူမှု ပိရမစ်သည် အခြေခံကျကျ ပြောင်းလဲလာခဲ့၏။ ကျွန်တော်၏ မိမိကိုယ်မိမိမြင်သော အမြင်သည် စိတ်ပိုင်းအရ၊ ခံစားချက်အရ၊ ရုပ်ပိုင်းအရ ယုံကြည်သက်ဝင်မှုအရပါ ပြောင်းလဲခဲ့ကြောင်း ကျွန်တော် သိနေသည်။

ကျွန်တော်ဖေဖေချမ်းသာ၏ လုပ်ရှားမှုများကို တွေ့မြင်နေရ၏။ သူက စာရွက်စာတမ်းများ လက်မှတ်ထိုးသည်။ ချက်လက်မှတ် လှမ်းပေးသည်။ ပြီးတော့ သော့များကို လက်ခံရယူလိုက်၏။ သည်လှုပ်ရှားမှုအဆင့်ဆင့်ကို တွေ့မြင်ရသောအခါ ကျွန်တော့် ရင်တွင်းတွင် တစ်စုံတစ်ရာ ပြောင်းလဲသွားခဲ့၏။ ထိုသို့ဖြစ်သွားသောအခါ မိုနိုပိုလီကစားနည်းနှင့် တကယ့်ကမ္ဘာလောက၏ ဆက်နွယ်မှုသည် အမှန်တကယ် ဖြစ်လာတော့၏။

တကယ်တော့ ကိုယ့်ကိုယ်ကိုယ် အားမလို အားမရ ဖြစ်နေခဲ့တာ နှစ်ပေါင်းတော်တော်ကြာကြာရှိခဲ့ပြီ။ ဘာကြောင့်ဆို ကျွန်တော့်ဖေဖေ ကျောင်းဆရာလောက်၊ အတန်းထဲက အင်ဒရူးလောက် မတော်မတတ်သောကြောင့်။ သို့ပေမဲ့ ဖေဖေချမ်းသာ၏ လှုပ်ရှားမှုအဆင့်ဆင့်ကို တွေ့မြင်လိုက်ရတော့ ထိုအမြင်တွေ၊ ထိုခံစားချက်တွေ ပြောင်းလဲသွားတော့၏။ ကျွန်တော့်ကိုယ် ကျွန်တော် အားရလာသည်။ ကျွန်တော့်ဘဝမှာလည်း ဖေဖေချမ်းသာလို လှုပ်ရှားလို့ရမည်ဆိုတာ သိနေသည်။ ကမ္ဘာလောကကြီးထဲမှာ ကျွန်တော် ရှင်သန်ရပ်တည်နိုင်မည်ဆိုတာ သိနေသည်။ ကျွန်တော်ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အောင်မြင်နိုင်မည်ဆိုတာ သိနေသည်။ ကျွန်တော့်အတွက် လခကောင်းသည့် အလုပ်အကိုင်တစ်ခု မလိုအပ်၊ သို့မဟုတ် စီးပွားရေးအဆင်ပြေဖို့ ငွေကြေးပင် မလိုအပ်ဆိုတာ ကျွန်တော် သိနေသည်။ ခုတော့ ကျွန်တော် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ချင်သည့် အလုပ်တစ်ခုကို တွေ့မြင်ထားရပြီ။ နောက်ပြီး သည်အလုပ်ကို ကျွန်တော် ပိုင်နိုင်ကျွမ်းကျင်စွာ လုပ်နိုင်မည်ဆိုတာ သိနေသည်။ နောက်ဆုံးတော့ ကျွန်တော် သင်ယူဆည်းပူးလိုသည့် တစ်စုံတစ်ခုကို တွေ့ရမြင်ရပါပြီကော။

စောစောက ပြောခဲ့သည့်အတိုင်း ကျွန်တော်သည် ယုံကြည်သက်ဝင်မှုအရ တစ်စုံတစ်ရာ ပြောင်းလဲသွားသည်။ ကျွန်တော့်ကိုယ်ကျွန်တော် ယုံကြည်

လာသည်။ စိတ်ဓာတ်တက်ကြွ ထက်သန်လာသည်။ နောက်ပြီး ကိုယ့်ကိုယ်ကိုယ် ကျေနပ်အားရဖြစ်လာသည်။ ကျွန်တော် ကျောင်းတက်နေတုန်း ဒီလိုတစ်ခါမျှ မခံစားဖူးခဲ့။ စားဖိုဆောင်ထဲက စားပွဲပေါ်မှာ အထပ်လိုက်တင်နေသည့် ငွေတောင်းခံလွှာများကို ကြည့်ပြီး ငိုနေသော မေမေ့ကို တွေ့မြင်နေရသည့် ကျွန်တော့်အိမ်မှာ ကျွန်တော်တစ်ခါမျှ သည်လို ကျေနပ်အားရမှုမျိုး မခံစားရဘူးခဲ့။ ကျွန်တော့် နှလုံးသားနှင့် ကျန်တစ်ကိုယ်လုံးတွင် နွေးထွေးသော ခံစားချက်တွေ ပြည့်လျှံနေ၏။ ခုတော့ ကျွန်တော် ဘယ်လိုလူစားလဲဆိုတာနှင့် ဘယ်လိုလူစားဖြစ်လာမည်ဆိုတာ တိကျရေရာ သိနေပြီ။ ကျွန်တော့်ဖေဖေနှင့် မေမေကို ကူညီဖို့ နည်းလမ်းတစ်လမ်းတော့ တွေ့လိမ့်မည်ဆိုတာ ကျွန်တော် သိနေသည်။ သည်လိုထွက်ရပ်လမ်းကို တွေ့မည်ဆိုတာ ကျိန်းသေသိနေသည်။ သို့ပေမဲ့ ဘယ်လိုတွေ့မည် ဆိုတာတော့ မသိ။ ကျွန်တော် တကယ်အောင်အောင်မြင်မြင် ဖြစ်ချင်သည့်ဘက်တွင် အောင်မြင်မည်ဖြစ်ကြောင်း ကျွန်တော် သိနေသည်။ တခြားတစ်စုံတစ်ဦးက ကျွန်တော် အောင်မြင်လိမ့်မည်ဟု ဟောကိန်းထုတ်သည့်ဘက်မှာ အောင်မြင်ခြင်းမျိုး မဟုတ်။ ခုတော့ ကျွန်တော်၏ ကိုယ်ပိုင်သရုပ်လက္ခဏာအသစ်ကို ဖော်ထုတ်တွေ့ရှိလိုက်ပြီ ဖြစ်၏။

## ကိုးနှစ်အရွယ် ပြောင်းလဲမှု

ဤစာအုပ်အရှေ့ပိုင်းတွင် ကိုးနှစ်အရွယ် ပြောင်းလဲမှုအကြောင်း ဖော်ပြခဲ့ပါပြီ။ ကိုးနှစ်အရွယ်သည် ကလေးတွေ မိမိ၏ ကိုယ်ပိုင်သရုပ် လက္ခဏာ (identity) ကို ထူထောင်သော အရွယ်ဖြစ်၏။ သူတို့သည် ထိုအရွယ်တွင် မိဘနှစ်ပါး၏ ကိုယ်ပိုင်သရုပ်လက္ခဏာအောက်မှ ခွဲထုတ်ဖို့ ကြိုးစားကြလေသည်။ ထိုအရွယ်ကား သူတို့ဘဝတွင် အဖီးကျန်ဆန်သော ကာလလည်းဖြစ်၏။ မကြာမကြာဆိုသလို ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော ကာလဖြစ်၏။ မသေမချာ မရေမရာနှင့် စမ်းတဝါးဝါး လမ်းရှာနေသော ကာလလည်း ဖြစ်၏။ ကလေးတစ်ဦးသည် သည်အရွယ်တွင် သူ၏ သရုပ် အစစ်အမှန်ကို ရှာဖွေဖော်ထုတ်ဖို့ မိမိမသိသည့် နယ်ပယ်ထဲသို့ ခြေလှမ်းဝင်လေသည်။ သူတို့သည် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ကြောင်းကို စိတ်ပိုင်းအရ၊ ရုပ်ပိုင်းအရ၊ စိတ်ပိုင်းခံစားမှုအရနှင့် သက်ဝင်ယုံကြည်မှုအရ သင်ယူသိမှတ်ထားဖို့ လိုအပ်၏။ ကလေးက ထားရှိသော မိမိကိုယ်မိမိ အမြင်အတွက် ထိုသို့သိမှတ်ထားရန် အလွန် လိုအပ်ပါသည်။

စတိန်နှာ ဖော်ထုတ်တွေ့ရှိခဲ့သည့် ဤကိုးနှစ်အရွယ် ပြောင်းလဲမှုကို ပညာရေးသမား တော်တော်များများက သဘောမတူ လက်မခံကြောင်း သိရ၏။ ယခုသည် အကြောင်းပြောနေခြင်းမှာ ၎င်းပညာရေးသမားတွေ စိတ်ပြောင်းလာအောင် ပြောနေခြင်း မဟုတ်။ ကျွန်တော်၏ အတွေ့အကြုံများကို ရိုးသားစွာ တင်ပြနေခြင်းဖြစ်၏။

ကျွန်တော်အသက် ကိုးနှစ်အရွယ်တွင် ထူးခြားမှု တစ်ခုခုကို စတင်ရှာဖွေနေပြီဖြစ်ကြောင်း ကျွန်တော် သိသည်။ ဖေဖေနှင့်မေမေ၏ လုပ်ဆောင်ချက်တွေ မအောင်မြင်ကြောင်း ကျွန်တော် သိနေသည်။ သည်တော့ ကျွန်တော် သူတို့လျှောက်သည့်လမ်းအတိုင်း လိုက်မလျှောက်ချင်။ ကျွန်တော့်ကို အိမ်တွင် ငွေအကြောင်း ပြောဆိုဆွေးနွေးတိုင်း ဖြစ်ပေါ်လာသော ကြောက်စိတ်များကို ယခုထိတိုင် မှတ်မိနေသေးသည်။ ဖေဖေနှင့် မေမေ ပိုက်ဆံနှင့် ပတ်သက်ပြီး ငြင်းကြခုံကြ အချေအတင်စကားများကြတာတွေ မှတ်မိနေသေးသည်။ "ငါငွေကို စိတ်မဝင်စားဘူး၊ ငါတတ်နိုင်သလောက် ကျုံးရုန်းအလုပ်လုပ်နေတာပဲ။ ဒါ့အပြင် ငါလည်း ဘာလုပ်ရမှန်း မသိတော့ဘူး" ဟူသော ဖေဖေ့စကားလုံးများကို မှတ်မိနေသေးသည်။

ယုတ်စွအဆုံး ငွေရေးကြေးရေးအရဖြစ်ဖြစ် ကျွန်တော့်မိဘနှစ်ပါး ကြုံသလို မကြုံရအောင် လုပ်ဆောင်လို့ရမည့်နည်းကို ကျွန်တော် ရှာချင် ဖော်ထုတ်ချင်သည်။ ထိုသို့ပြုချင်ခြင်းမှာ အခြားအခြားသော ဆန္ဒတွေထက် မေမေကို ကူညီချင်သည့် ဆန္ဒက ပိုကြောင်း ကျွန်တော့်ရင်ထဲ အသည်းထဲက သိနေပါသည်။ ဘာမဟုတ်သည့် ငွေတောင်းခံလွှာ အထပ်ကြီးကို ကြည့်ပြီး ငိုကြွေးနေသော မေမေ့ကိုမြင်ရလျှင် ကျွန်တော် ရင်နင့်ရသည်။ ကြေကွဲသည်။ နာကြည်းရသည်။ "မင်းစာကြိုးစားဖို့လိုတယ်။ ဒါမှ အလုပ်အကိုင်ကောင်းကောင်းရမှာ" ဟု ဖေဖေပြောတိုင်း ကျွန်တော့်ရင်ထဲမှ တစ်ခုခုက ငြင်းပယ်နေကြောင်းနှင့် ဖေဖေ့အကြောင်းပြချက် အကြံပြုချက်တွင် တစ်ခုခု လစ်ဟာနေကြောင်း ကျွန်တော် သိနေ၏။ ထို့ကြောင့် ကျွန်တော် အဖြေသစ်များနှင့် ကျွန်တော်၏ ကိုယ်ပိုင်ဘဝကို ရှာဖွေနေခြင်းဖြစ်သည်။

ကျွန်တော်က ဖေဖေချမ်းသာထံမှ သင်ခန်းစာများ သင်ယူခဲ့သည်။ ရုပ်ပိုင်းအရ မိုနိုပိုလီကစားပွဲများကို အထပ်ထပ်အခါခါ ကစားခဲ့သည်။ တစ်နှစ်လျှင် အကြိမ်ငါးဆယ်လောက် ကစားဖြစ်ခဲ့၏။ ဤသို့ဖြင့် ကျွန်တော့်စိတ် အလုပ်လုပ်ပုံ ပြောင်းလဲလာခဲ့သည်။ ကျွန်တော်သည် ကြည့်မှန်ထဲတွင်

ကြည့်ပြီး ဖေဖေနှင့် မေမေ မမြင်ရ မတွေ့ရသည့် ကမ္ဘာကြီးကို ကျွန်တော် မြင်စပြုလာသည်ဟု ခံစားရသည်။ တကယ်တော့ ဖေဖေတို့ မေမေတို့ မမြင်မယ့်သာ မမြင်သည်၊ မတွေ့မယ့်သာ မတွေ့သည် သည်ကမ္ဘာကြီးက သူတို့ရှေ့မှာ ဘွားဘွားကြီး ရှိနေပြီးသား။ ခုနေပြန်စဉ်းစားကြည့်တော့ ဖေဖေ ချမ်းသာမြင်သည့်ကမ္ဘာကို သူတို့မမြင်ကြသည်မှာ သူတို့အား စိတ်ပိုင်းအရ အလုပ်တစ်ခုရှာဖို့ပဲ သင်ပေးထားသောကြောင့်၊ စိတ်ခံစားချက်အရ လုံခြုံ စိတ်ချရမှုကို ရှာဖို့ပဲ သင်ပေးထားသောကြောင့် ရုပ်ပိုင်းအရ အလုပ်ကို ကြိုးစားပမ်းစားလုပ်ဖို့ပဲ သင်ပေးထားသောကြောင့်ဟု ကျွန်တော် ယုံသည်။ နောက်ပြီး သူတို့မှာ အောင်နိုင်သော ငွေကြေးကျင့်စဉ် မရှိ။ ထိုအခါ ငွေကြေးဆိုင်ရာ ကိုယ့်ကိုယ်ကိုယ်အမြင်သည် ယုံကြည်သက်ဝင်မှုအရ အားပျော့လာတော့သည်။ သည်တော့ သူတို့အတွက် ငွေတောင်းခံလွှာတွေ တစ်ထပ်ကြီး ပုံလာတော့၏။

ဖေဖေကတော့ အလုပ်ကို ကြိုးစားသည်ထက် ကြိုးစားပြီး လုပ်သည်။ လခတွေလည်း တစ်ကြိမ်ပြီးတစ်ကြိမ် တိုးသည်။ သို့ပေမဲ့ ငွေရေးကြေးရေးအရ သူတစ်ပါးထက် နှာတစ်ဖျားသာသည့်အနေအထားမျိုး တစ်ကြိမ်တစ်ခါမျှ မဖြစ်ခဲ့စဖူး။ သူ၏ ဝမ်းကျောင်းလုပ်ငန်း တက်လမ်းသည် သူ့အသက်ငါးဆယ်အရွယ်တွင် အထွတ်အထိပ်သို့ ရောက်သွားသည်။ နောက်တော့ တက်လမ်းမရှိတော့။ အကျဘက်သို့ ရောက်သွားသည်။ ထိုအခါ သူအကြီးအကျယ် စိတ်ဓာတ်ကျပြီး သူ့စိတ်ဓာတ်ပြန်ပြီး နာလံမထူနိုင်တော့။ နောက်ဆုံးတော့ သူ၏သက်ဝင်ယုံကြည်မှုသည် အစိတ်စိတ်အမြွှာမြွှာ ကြေကွဲသွားသည်ဟု ကျွန်တော် ယုံကြည်ပါသည်။

**စာသင်သားများ ကြိုတင်ပြင်ဆင်မှုမရှိဘဲ ကျောင်းထွက်လာကြသည်**

ယနေ့ကမ္ဘာကြီးအတွက် လိုအပ်သော ရှင်သန်ရေးအတတ်ပညာများကို စာသင်ကျောင်းများက သင်ကြားမပေးချေ။ စာသင်သားအများစုသည် ငွေရေးကြေးရေး မပြည့်မစုံနှင့် လုံခြုံစိတ်ချရမှုကို ရှာဖွေရင်း ကျောင်းထွက်လာကြ၏။ သူတို့က ရှာမယ့်သာ ရှာနေသည်၊ လုံခြုံစိတ်ချရမှုဆိုတာက... ပြင်ပကမ္ဘာမှာ မရှိ။ အတွင်းမှာပဲ တွေ့နိုင်သည်။

စာသင်သားတော်တော်များများသည် စိတ်ပိုင်းအရ၊ ခံစားချက်အရ၊ ရုပ်ပိုင်းအရ၊ ပြီးတော့ ယုံကြည်သက်ဝင်မှုအရ ကြိုတင်ပြင်ဆင်မှုမရှိဘဲ

ကျောင်းထွက်လာကြသည်။ စာသင်ကျောင်းစနစ်က ဝန်ထမ်းများ၊ စစ်သားများ တသွင်သွင် အဆက်မပြတ် မွေးထုတ်ပေးခြင်းဖြင့် သူ့တာဝန်သူထမ်းသည်။ သူမွေးထုတ်ပေးလိုက်သူများက စီးပွားရေးလုပ်ငန်းကြီးများနှင့် စစ်တပ်များတွင် အလုပ်အကိုင်တစ်ခု လိုက်ရှာကြသည်။ သည်အချက်ကို ကျွန်တော့်ဖအေနှစ်ဦးစလုံးက သတိပြုမိသည်။ သို့ပေမဲ့ သည်ဖြစ်စဉ်က အဖေတစ်ဦးစီက သူ့ရှု့ထောင့်မှသူ ကြည့်ကြသည်။ ဖအေတစ်ဦးက စားပွဲခုံ၏တစ်ဖက်ခြမ်းမှ ကြည့်ပြီး ကျန်ဖအေတစ်ဦးက စားပွဲခုံ၏ ကျန်တစ်ဖက်မှ ကြည့်သည်။

"အလုပ်မြဲရေးအပေါ် အားမထားနဲ့၊ ခင်ဗျားတို့ ငွေရေးကြေးရေး ပြေလည်ရေးအတွက် ကုမ္ပဏီကို အားမကိုးနဲ့။ ခင်ဗျားတို့ အငြိမ်းစားယူတဲ့အခါ ခင်ဗျားတို့ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ အစိုးရကို မမှီခိုနဲ့"

သည်စကားတွေ ကျွန်တော်ပြောတိုင်း လူတွေ တွန့်သွားသည်။ မျက်နှာမှုန်သွားကြသည်။ သည်စကားတွေကြားလိုက်ရသောအခါ စိတ်အားထက်သန်ပြီး တက်တက်ကြွကြွ ဖြစ်လာရမည့်အစား သူတို့မျက်နှာပေါ်တွင် ကြောက်ရွံ့မှုကိုသာ မြင်ရ၏။ လူတွေက သူတို့၏ ကိုယ်စွမ်းကိုယ်စများကို ယုံကြည်အားထားရမည့်အစား အလုပ်ခိုင်မြဲရေးအတွက် ဖက်တွယ်ထားကြ၏။ သူတို့၏ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်စွမ်းရှိခြင်းကို မယုံ။ စိတ်မချ။ သည်တော့ သူတို့မိဘများ လှမ်းခဲ့သည့်ခြေလှမ်းများအတိုင်း လိုက်လှမ်းသည်။ ပြီးတော့ "ကျောင်းတက်၊ စာကြိုးစား၊ အလုပ်ရှင်တွေ လိုလားတဲ့ ကျွမ်းကျင်မှုတွေ တတ်အောင်သင်" ဆိုသော မိဘများ၏ လမ်းညွှန်ချက်အတိုင်း လိုက်လုပ်ကြ၏။ အများစုက အလုပ်တစ်ခုတော့ ရကြပါသည်။ သို့သော် မိမိအမှန်တကယ်ရှာနေသည့် အာမခံချက်မျိုး တွေ့သွားသူ အလွန်နည်းပါသည်။ သူတစ်ပါးအပေါ် မှီခိုနေရမည်ဆိုကတည်းက စစ်မှန်သော ဘဝလုံခြုံစိတ်ချရမှုကို ရရှိဖို့ မလွယ်ပါ။

များမကြာသေးမီကပြုလုပ်သော လူတွေ့မေးမြန်းခန်းတစ်ခုတွင် ကျွန်တော်ပြောသော စကားနှင့်ပတ်သက်၍ သတင်းထောက်တစ်ဦးသည် အလွန်အမင်း စိတ်တိုဒေါသထွက်သွားသည်။ သူက ကျောင်းမှာ စာတော်ခဲ့သူ။ ပြီးတော့ လခကောင်းပြီး အာမခံချက်ရှိသော အလုပ်တစ်ခု ရထားသူ။ သူက ကျွန်တော့်ကို ဒေါသတကြီး ပြောသည်။

"ဆရာက လူတွေ အမှုထမ်း မလုပ်သင့်ဘူးလို့ ပြောနေတာလား။ အလုပ်သမားတွေမရှိရင် ဘာတွေဖြစ်ကုန်မလဲ။ ကမ္ဘာကြီးရပ်တန့်သွားမှာပေါ့"

ကျွန်တော်၏ သူ့စကားကို လက်ခံလိုက်၏။ အသက်ပြင်းပြင်း တစ်ချက်ရှူပြီးမှ ပြန်ပြောလိုက်၏။

"ကမ္ဘာပေါ်မှာ အလုပ်သမားတွေ ရှိဖို့လိုတယ်ဆိုတာ ကျွန်တော် သဘောတူပါတယ်။ အလုပ်သမားတိုင်းက တန်ဖိုးရှိတဲ့ တာဝန်တွေ ထမ်းဆောင်နေကြတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ကုမ္ပဏီ အဆောက်အဦ အစောင့်တွေ သူတို့တာဝန်ကို မထမ်းဆောင်ရင် ကုမ္ပဏီရဲ့ ဥက္ကဋ္ဌဟာ သူ့တာဝန်သူ တာဝန်ထမ်းဆောင်နိုင်မှာ မဟုတ်ပါဘူး။ ဒီတော့ ကျွန်တော် အလုပ်သမားတွေအပေါ် အမျက်မသို ရန်မလိုပါဘူး။ ကျွန်တော်လည်း ဝန်ထမ်းတစ်ယောက်ပါပဲ"

"ဒီတော့ စာသင်ကျောင်းစနစ်က လူတွေကို ဝန်ထမ်းတွေ (ဒါမှမဟုတ်) စစ်သားတွေ ဖြစ်လာအောင် သင်ပေးနေတာမှာ… ဘာ ရေးကြီးခွင်ကျယ် ဖြစ်နေရတာလဲ။ ကမ္ဘာက ဝန်ထမ်းတွေ လိုအပ်နေတာပဲဟာ"

"ဟုတ်ကဲ့၊ ကမ္ဘာက ပညာတတ်ဝန်ထမ်းတွေ လိုအပ်နေပါတယ်။ ကမ္ဘာက ပညာတတ် ကျွန်တွေ မလိုပါဘူး။ အခုချိန်ဟာ စီးပွားရေးလုပ်ငန်းကြီးတွေနဲ့ စစ်တပ်က လိုချင်တဲ့ လူတော်ကလေးဖြစ်လာအောင် သင်ကြားပေးရုံသာ မဟုတ်ဘဲ စာသင်သားအားလုံး လွတ်မြောက်မှုရစေမယ့် ပညာတွေ သင်ကြားပေးဖို့ အချိန်တန်နေပြီ ထင်ပါတယ်"

## လခတိုးပေးဖို့ မတောင်းဆိုပါနှင့်

လခတိုးပေးဖို့ တောင်းဆိုခြင်းသည် အခက်အခဲပြေလည်စေသည်ထင်လျှင် ကျွန်တော့်အလုပ်သမားအားလုံးအား လခတိုးပေးဖို့ တောင်းဆိုခိုင်းမည် ဖြစ်ပါသည်။ သို့သော် ကုမ္ပဏီအတွက် အလုပ်လုပ်ပေးနေသော အလုပ်သမားတစ်ဦးက ငွေကြေးတောင်းဆိုမှု သိပ်များလာသောအခါ စားပွဲခုံဟိုဘက်ခြမ်းမှလူက အလုပ်သမားအသစ်ကို ရှာတော့မည်သာ ဖြစ်၏။ အကယ်၍ ကုန်ကျစရိတ်တွေ မြင့်မားလွန်းနေလျှင် ကုမ္ပဏီ၏ အနာဂတ်ဘဝကို ခြိမ်းခြောက်ရာရောက်နေပေသည်။ ကုမ္ပဏီတော်တော်များများကို မမြင်ရတော့ခြင်းမှာ သူတို့သည် အလုပ်သမားစရိတ်ကို မထိန်းနိုင်ကြသောကြောင့် ဖြစ်၏။

စီးပွားရေးလုပ်ငန်းများသည် အလုပ်သမားခသက်သာသည့် နေရာဒေသများသို့ သွားနေကြသည်။ နည်းပညာတွေ တိုးတက်ထွန်းကားလာသောကြောင့် အလုပ်အကိုင် တော်တော်များများကို စက်ဖြင့် အစားထိုးလုပ်ကိုင်

နေကြပြီ။ သည်တော့ အလုပ်သမားများ အလုပ်ပြုတ်မှာ ကြောက်လာသည်။ လခအများကြီးတောင်းလျှင် အလုပ်အာမခံချက်မရှိမှာ တုန်လှုပ်လာသည်။ ထို့ကြောင့် အလုပ်သမားတွေ လခအများကြီး မတောင်းဝံ့ကြတော့။

သို့ပေမဲ့ 'လခတိုးပေးဖို့ မတောင်းဆိုပါနှင့်' ဟု ကျွန်တော် ပြောသည့် အကြောင်းအရင်းမှာမူ သာဓကအများစုတွင် ပိုက်ဆံပိုရတိုင်း အခက်အခဲတွေ ပြေလည်မသွားကြောင်း တွေ့ရသောကြောင့်ပင်။ လူတွေ လခတိုးရသောအခါ အစိုးရကလည်း အခွန်တိုးကောက်သည်။ ထို့နောက်မှာတော့ သူတွေသည် ဆင်းရဲတွင်းမှာ နစ်သည်ထက် ပိုနစ်သွားတော့၏။ ကျွန်တော့် အအုပ်များနှင့် ကစားနည်းများ ရေးခဲ့၊ တီထွင်ခဲ့သည်မှာ လူတစ်ဦး၏ မိမိကိုယ်မိမိအမြင်ကို ပြောင်းလဲစေလိုသောကြောင့် ဖြစ်၏။

လူတစ်ဦးသည် ငွေကြေးခိုင်မာတောင့်တင်းမှုကို အမှန်တကယ် လိုလားသည်ဆိုလျှင် သူသည် စိတ်ပိုင်းအရ၊ ရုပ်ပိုင်းအရ၊ ခံစားချက်ပိုင်းအရ ပြောင်းလဲဖို့ လို၏။ နောက်ပြီး ယုံကြည်သက်ဝင်မှုအရပါ ပြောင်းလဲဖို့ လိုကောင်းလိုပါလိမ့်မည်။ လူတွေသည် ပြည့်စုံလောက်သော ငွေကြေးပညာကို လေ့လာဆည်းပူးဖို့ စိတ်ပိုင်းအရ ပြောင်းလဲလာသည်ဆိုလျှင် သူသည် ခံစားချက်အရရော၊ စိတ်ပိုင်းအရရော၊ ယုံကြည်သက်ဝင်မှုအရပါ စတင်ပြောင်းလဲလာတော့၏။ သူတို့ ကိုယ့်ကိုယ်ကိုယ် အမြင်တိုးတက် ကောင်းမွန်လာပြီဆိုသောအခါ သူတို့အနေဖြင့် လခစားအလုပ်လုပ်ဖို့ လိုအပ်မှု လျော့နည်းလာသည်ကို တွေ့ရပါသည်။ ထိုအခါ သူတို့သည် သူတို့၏ အိမ်အလုပ် (သို့မဟုတ်) ကြိုတင်ပြင်ဆင်မှုကို စတင်လုပ်ကြပေလိမ့်မည်။ ဘာကြောင့်ဆို ဖေဖေချမ်းသာပြောသည့် "မင်းအလုပ်ခွင်မှာ မချမ်းသာနိုင်ဘူး၊ အိမ်မှာမှ ချမ်းသာနိုင်တယ်" ဟူသော စကားက မှန်နေသောကြောင့်ပင်။ နောက်တစ်ချက် ကျွန်တော် တွေ့သိထားတာ ရှိပါသေးသည်။ သင်၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မြင့်မားလာသည်။ ထိုသို့ တိုးတက်မှုမျိုး သင့်ထံတွင် တွေ့ရှိသောအခါ အလုပ်ရှင်များက လခတိုးပေးဖို့ လိုလိုချင်ချင် ဖြစ်လာတတ်ပါသည်။ ထို့ကြောင့် အိမ်အလုပ် (သို့မဟုတ်) ကြိုတင်ပြင်ဆင်မှုသည် အလွန် အရေးကြီးနေရခြင်း ဖြစ်ပါသည်။

## သင်၏ အိမ်အလုပ်

ကလေးများအား မိဘများက အိမ်မှာ သင်ကြားပေးခြင်းသည် သူတို့အား

စာသင်ကျောင်းများက သင်ကြားပေးသလောက်ပင် အရေးကြီးကြောင်း မိဘများအား ကျွန်တော် ပြောပါသည်။

မိဘများအား ကျွန်တော်အဆိုပြုချင်သည်မှာ သူတို့၏ကလေးများကို အသက်သုံးဆယ်အရွယ်တွင် အငြိမ်းစားယူနိုင်အောင် နည်းလမ်းရှာဖို့ စတင်အားပေးအားမြှောက်ပြုရန် ဖြစ်ပါသည်။ အသက်သုံးဆယ်အရွယ်တွင် အငြိမ်းစားယူရေးသည် သည်လောက်ကြီး အရေးမပါလှပါ။ သို့သော် ယုတ်စွအဆုံး သူတို့ကလေးတွေ စဉ်းစားတွေးခေါ်ပုံ နည်းနည်းကလေးတော့ ကွဲပြားခြားနားသွားစေပါလိမ့်မည်။ သူတို့ နှစ်ပေါင်းအနည်းငယ်လောက်ပဲ အလုပ်လုပ်ဖို့ အချိန် ရှိတော့သည်။ ပြီးလျှင် အငြိမ်းစားယူရတော့မည်ဆိုတာ သဘောပေါက်ထားလျှင် "ကျွန်တော် ကျွန်မ အသက်သုံးဆယ်မှာ ဘယ်လိုလုပ်ပြီး အငြိမ်းစားယူဖို့ ရနိုင်မလဲ" ဆိုသော မေးခွန်းမျိုးကို မေးလာကြမည်။ သည် မေးခွန်းကို မေးလာပြီဆိုလျှင် လူတို့သည် ကြည့်မှန်ထဲမှတစ်ဆင့် စတင် ကြည့်ရှုတော့မည်ဖြစ်၏။

ထိုအခါ သူတို့သည် ကျောင်းထွက်ပြီး အာမခံချက်ရှိသည့် အလုပ်တစ်ခု ရှာဖွေရေးလောကသို့ ဝင်ရောက်မည့်အစား ငွေကြေးအမှီအခို ကင်းမဲ့သော လောကကို ရှာဖွေကြပေမည်။ သူတို့၏ အိမ်အလုပ်ကို သူတို့လုပ်လျှင် ထိုလောကကို သူတို့တွေ့ကောင်း တွေ့ကြပါလိမ့်မည်။

## နောက်ဆုံးရလဒ်များ

လူတစ်ဦးသင်ယူတတ်မြောက်ထားသည့် ပညာတန်ဖိုးကို သူ၏ပညာရည်စစ်ဆေးမှုမှတ်တမ်းတွင် မတွေ့နိုင်ပါ။ ကျောင်းမှာတုန်းက 'အေ' အဆင့်အမြဲရနေသည့် စာသင်သားများသည် သူတို့သက်တမ်းအကုန်တွင် 'အက်ဖ်' အဆင့်သာရှိတော့ သူ တော်တော်များများကို ကျွန်တော်တို့အများစု မြင်ဖူးတွေ့ဖူးကြပါသည်။

လူတစ်ဦး၏ ပညာရေးအဆင့်အတန်းကို တန်ဖိုးဖြတ်သည့် နည်းပေါင်းများစွာ ရှိ၏။ ထိုအထဲမှ အကောင်းဆုံးတိုင်းထွာနည်းတစ်ခုမှာ သူတို့ ကျောင်းထွက်ပြီး နောက်ပိုင်းငွေရေးကြေးရေးအခြေအနေ ဘယ်လိုရှိသလဲ ဆိုတာ ကြည့်ဖို့ ဖြစ်၏။

ဤစာအုပ်ရှေ့ပိုင်းတွင် အမေရိကန်ပြည်ထောင်စု၊ ပညာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အစီရင်ခံစာတစ်စောင်ကို ဖော်ပြခဲ့၏။ ၎င်းအစီရင်ခံစာ

အရဆိုလျှင် ကျောင်းနေ စာသင်ခဲ့ပြီး အသက်ခြောက်ဆယ့်ငါးနှစ်အရွယ်ရောက်နေသူ တစ်ရာဦးတွင် တစ်ဦးသာ ချမ်းသာသည်။ လေးဦးကသက်သောင့်သက်သာနေနိုင်သည်။ ငါးဦးကတော့ အလုပ်ဆက်လုပ်နေဆဲရှိ၏။ ငါးဆယ့်ခြောက်ဦးသည် အစိုးရအထောက်အပံ့ သို့မဟုတ် မိသားစု၏အထောက်အပံ့လိုအပ်နေ၏။ ကျန်သုံးဆယ့်လေးဦးကတော့ ကွယ်လွန်ကြပြီဟု ဆိုသည်။

ကျွန်တော့်အမြင်အရ ဆိုလျှင်တော့ ဤမှတ်တမ်းသည် အလွန်ကောင်းမွန်သော ပညာရည်စစ်ဆေးမှု မှတ်တမ်းတစ်ခု မဟုတ်ပါချေ။ လူတွေကို ပညာသင်ပေးဖို့ ကျွန်တော်တို့ အချိန်တွေ အများကြီးပေးပြီး ဒေါ်လာတွေကုဋေပေါင်းသောင်းချီသုံးစွဲခဲ့ကြသည် မဟုတ်လား။ အဓိပ္ပာယ်ကတော့ကျွန်တော် ဘွဲ့ရလာသောအတန်းတွင် စာသင်သား ခုနစ်ရာရှိ၏။ ထိုအထဲက ခုနစ်ဦးသည် ချမ်းသာကြွယ်ဝကြပြီး ၃၉၂ ဦးက အစိုးရ (သို့မဟုတ်) မိသားစု၏အထောက်အပံ့လိုနေပြီဖြစ်၏။ မနိုပ်ပါ။ နောက်ပြီး ထိုကိန်းဂဏန်းများကိုပင် အသေးစိတ်ခွဲခြမ်းလို့ ရသေးသည်။ ချမ်းသာကြွယ်ဝသူခုနစ်ဦးအနက် ပျမ်းမျှနှစ်ဦးသည် သူတို့၏ အစွမ်းအစကြောင့်မဟုတ်ဘဲ အမွေကြောင့်ချမ်းသာလာသူများဖြစ်နိုင်၏။

၁၆–၈–၂၀၀၀ ထုတ် ယူအက်စ်အေတူဒေး သတင်းစာတွင် "သိပ်မလွယ်တဲ့ ပိုက်ဆံ" ဟု ခေါင်းစဉ်တပ်ထားသည့် ဆောင်းပါးတစ်ပုဒ်ပါလာသည်။ ထိုဆောင်းပါးတွင် လေ့လာဆန်းစစ်သူ ဒင်နီ ရှယ်ရိဒန်က ဒေါ်လာတစ်သန်းခန့် ချမ်းသာနိုင်ဖို့ အခြေအနေပေးမှု အလားအလာများကို တွက်ပြထား၏။

| | |
|---|---|
| စီးပွားရေးလုပ်ငန်းအသေးတစ်ခုပိုင်ဆိုင်သူ | ၁,၀၀၀ တွင် ၁ ဦး |
| အများပိုင်ဒေါ်ကွန်လုပ်ငန်းလုပ်သူ | ၁၀,၀၀၀ တွင် ၁ ဦး |
| တစ်လဒေါ်လာ ၈၀၀ ကို နှစ် ၃၀ | |
| စုဆောင်းခဲ့သူ | ၁,၅၀၀,၀၀ တွင် ၁ ဦး |
| ကစားပွဲတစ်ပွဲတွင် အနိုင်ရသူ | ၄,၀၀၀,၀၀၀ တွင် ၁ ဦး |
| ကက်စီနိုလောင်းကစားတွင် နိုင်သူ | ၆,၀၀၀,၀၀၀ တွင် ၁ ဦး |
| ထီပေါက်သူ | ၁၂,၀၀၀,၀၀၀ တွင် ၁ ဦး |
| ဒေါ်လာတစ်သန်းအမွေရသူ | ၁၂,၀၀၀,၀၀၀ တွင် ၁ ဦး |

အထက်ပါ စာရင်းဇယားများက အမွေဆက်ခံပြီး သန်းကြွယ်သူဌေး ဖြစ်နိုင်သည့် အရေအတွက် နည်းသည်ထက် နည်းလာပြီဖြစ်ကြောင်း ဖော်ပြနေ၏။ သို့ဖြင့်ရာ သင့်ကလေးသန်းကြွယ်သူဌေးဖြစ်လာဖို့ အကောင်းဆုံးနည်းလမ်းမှာ ကိုယ်ပိုင်လုပ်ငန်းလုပ်ပြီး အောင်မြင်မှုရအောင်ထူထောင်ခြင်းသာ ဖြစ်၏။

အကယ်၍ သင့်ကလေးအား ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ရှင်သန်နိုင်အောင် ကြိုးစားလို့ရကြောင်း၊ ငွေကြေးအမှီအခိုကင်းအောင် စွမ်းဆောင်လို့ရကြောင်း၊ လခစားအလုပ်တစ်ခုလုပ်ဖို့ မလိုဘဲ အကြွေးသံသရာမှာ လည်မနေအောင် ကြိုးစားလို့ရကြောင်း သင်ကြားပေးထားသည်ဆိုလျှင် သင်သည် ရောက်လာတော့မည့် ကမ္ဘာအတွက် သင့်ကလေးအား အသင့်ပြင်ပေးထားရာ ရောက်ပါသည်။

လူတွေ သူတို့သက်တမ်း၏ နောက်ဆုံးအဆင့်တွင် မှီခိုသူဖြစ်စေမည့် ပညာရေးစနစ်သည် ယနေ့လက်တွေ့ကမ္ဘာတွင် အသင့်ပြင်ပေးသည့် ပညာရေးစနစ်မဟုတ်ပါ။ သင့်ဘဝ၏ နေညိုချိန်ကို ကုမ္ပဏီ သို့မဟုတ် အစိုးရက တာဝန်ယူမည်ဟူသော အယူအဆသည် ရှေးပဝေသဏီက စိတ်ကူးဖြစ်နေပါပြီ။ သင့်ကလေးများသည် သူတို့ အနာဂတ်ဘဝတွင် လိုအပ်မည့် ငွေကြေးဆိုင်ရာ ကျွမ်းကျင်မှုများ တတ်မြောက်လာဖို့ သင့်အကူအညီကို လိုအပ်၏။

## အပိုင်းတစ်ကို နိဂုံးချုပ်သော်

ဤစာအုပ်၏ အပိုင်းတစ်သည် ငွေဆိုသည်မှာ စိတ်ကူးတစ်ခုသာ ဖြစ်သည် ဆိုသည့်အကြောင်း ဖြစ်၏။ ပညာရေးနှင့် ပတ်သက်လို့လည်း သည်အတိုင်း ပြောလို့ရ၏။ ကလေးတွေ၏ ကိုယ့်ကိုယ်ကိုယ် အမြင်များ (သို့မဟုတ်) အယူအဆများက သူတို့ဘဝတစ်လျှောက်မှာ သူတို့ဘယ်လိုလုပ်မည်ဆိုသည်ကို ပြဋ္ဌာန်းပါသည်။ ထို့ကြောင့် မိဘတစ်ဦး၏ အရေးကြီးဆုံးတာဝန်မှာ ကိုယ့်ကလေး၏ ကိုယ့်ကိုယ်ကိုယ်မြင်သော... ကိုယ်ပိုင်အမြင်ကို စစ်ဆေးဖို့၊ ကူညီလမ်းညွှန်မှုနှင့် ကာကွယ်စောင့်ရှောက်ဖို့ပင် ဖြစ်ပါသည်။

❒

## အပိုင်း(၂)

## ငွေက သင့်ကို ချမ်းသာအောင် လုပ်မပေး

ကျွန်တော့်ဖေဖေချမ်းသာက ပြောခဲ့သည်။ "ငွေက မင်းကို ချမ်းသာအောင် လုပ်မပေးဘူး" တဲ့။ သူ ဆက်ပြောသည်ကတော့ ငွေတွင် သင့်အား ချမ်းသာအောင်ရော ဆင်းရဲအောင်ပါ ဖန်တီးပေးနိုင်သည့် စွမ်းအားရှိသည်။ လူများစုအတွက်တော့ ပိုက်ဆံ များများရလေ သူတို့တတွေ ဆင်းရဲလာလေ ဆိုပါသည်။ သူ့ဘဝ နှောင်းပိုင်းတွင် ထီတွေ ခေတ်စားလွန်းသည်ကို မြင်ရတွေ့ရ သောအခါ "ငွေက လူတွေကို ချမ်းသာအောင် လုပ်ပေးတယ် ဆိုရင် ထီပေါက်သူ တော်တော်များများက ဘာဖြစ်လို့ မွဲပြာကျ သွားကြတာလဲ" ဟု ပြော ပါသည်။

ဖေဖေကျောင်းဆရာကလည်း အောင်မှတ်ကောင်းတွေနှင့် ပတ်သက်၍ ထိုနည်းနှင်နှင်ပင် ပြောခဲ့၏။

အကယ်၍ ကလေးတစ်ယောက်သည် အောင်မှတ် ကောင်းစွာဖြင့် ကျောင်းထွက်လာသည်ဆိုလျှင် တကယ့် လက်တွေ့ဘဝတွင် ထိုကလေး အောင်မြင်လိမ့်မည်ဟု ပြောလို့ ရပါမည်လား။ ဤစာအုပ်၏ အပိုင်းတစ်သည် စာသင် ကျောင်းနှင့် ဘဝအစောပိုင်းတွင် ဖြစ်ပေါ်လာမည့် အပြောင်းအလဲ များအတွက် သင့်ကလေးအား စိတ်ပိုင်းအရ ကြိုတင် ပြင်ဆင် ထားနိုင်ရေးအတွက် ရေးသားပါသည်။

အပိုင်းနှစ်ကတော့ လက်တွေ့ကမ္ဘာလောကကြီးတွင် သင့်ကလေး အောင်မြင်မှုရရှိရေးအတွက် ရည်စူးရေးသားပါသည်။

❒

## အခန်း(၈)

## ကျွန်တော့်ဘဏ်မန်နေဂျာက ကျွန်တော့်ပညာရည်စစ်ဆေးမှု မှတ်တမ်းကို ဘယ်တုန်းကမျှ မမေး

ကျွန်တော်အသက် ဆယ့်ငါးနှစ်အရွယ်တွင် အင်္ဂလိပ်စာဘာသာ၌ ကျသည်။ ကျွန်တော်အောင်မှတ်မရ။ အကြောင်းမှာ မရေးနိုင်သောကြောင့်၊ သို့မဟုတ် ကျွန်တော်ရေးတာကို အင်္ဂလိပ်စာဆရာမက မကြိုက်သောကြောင့် ဖြစ်မည်။ ပြီးတော့ ကျွန်တော့်စာလုံးပေါင်းတွေ အမှားကြီး မှားနေသောကြောင့်လည်း ဖြစ်မည်။ အဓိပ္ပာယ်ကတော့ ဒုတိယနှစ်ကို ပြန်တက်ရမည်။ စိတ်ဆင်းရဲစရာတွေ အရှက်ရစရာတွေ ဘက်ပေါင်းစုံမှ ဖြစ်ပေါ်လာတော့သည်။

အဦးဆုံးပြောရမည်ဆိုလျှင် ကျွန်တော့်ဖေဖေက ပညာရေးဌာန အကြီးအကဲတစ်ဦး။ ဟာဝိုင်ရီကျွန်း၏ ပညာရေးဌာနတာဝန်ခံ။ နောက်ပြီး စာသင်ကျောင်းပေါင်း လေးဆယ်ကျော်ကို အုပ်ချုပ်နေရသူ။ ပညာရေးဌာနအကြီးအကဲတစ်ဦး၏ သားဖြစ်သူ စာမေးပွဲကျသည့် သတင်းပျံ့နှံ့သွားတော့ လှောင်စရာတွေ၊ ရယ်သွမ်းသွေးစရာတွေ ဖြစ်လာတော့၏။ ဒုတိယအချက်မှာ ကျွန်တော့်ညီမလေးနှင့် တစ်တန်းတည်း စာသင်ရတော့မည်။ ဘာ့ကြောင့်ဆို ညီမလေးက သူ့စာမေးပွဲအောင်ပြီး တစ်တန်းတက်လာမည်။ ကျွန်တော်က ကျွန်တော့်စာမေးပွဲကျပြီး သည်အတန်းမှာပဲ ပြန်တက်ရမည်။ သူက ရှေ့တိုးလာသူ။ ကျွန်တော်က နောက်ဆုတ်သွားသူ။ တတိယအချက်မှာ တက္ကသိုလ်ဘောလုံးအသင်းမှာ ကစားခွင့်ရဖို့ အားကစားထူးချွန်ကြောင်း ထောက်ခံစာ ရတော့မည် မဟုတ်တော့ချေ။

ပညာရည်စစ်ဆေးမှုမှတ်တမ်းလက်ခံရရှိပြီး အင်္ဂလိပ်စာတွင် 'အက်ဖ်' အဆင့်သာရကြောင်း သိနေသည့်နေ့က ဓာတုဗေဒ ဓာတ်ခွဲခန်းရှိသည့် အဆောက်အအုံနောက်မှာ တစ်ယောက်တည်း သွားနေခဲ့သည်။ ပြီးတော့ နင့်နင့်နည်းနည်း ငိုလိုက်မိသည်။ ဤ 'အက်ဖ်' အဆင့်ကို ကျွန်တော် မျှော်လင့်ထားသည်မှာ လပေါင်းများစွာကတည်းကပါ။ သို့ပေမဲ့ စာရွက်ပေါ်မှာ မျက်စိနှင့် တပ်အပ် တွေ့လိုက်ရတော့ ကျွန်တော့် စိတ်ဝေဒနာမှာ ထိန်းမနိုင် သိမ်းမရဖြစ်သွားရတော့သည်။

ကျွန်တော့်အချစ်ဆုံးသူငယ်ချင်း ဖေဖေချမ်းသာ၏သားဖြစ်သူ မိုက်သည်လည်း 'အက်ဖ်' ပဲရမည်။ သူ့ပါ စာမေးပွဲကျတာ သိပ်တော့ မကောင်း။ သို့သော် ယခုလို စိတ်ဆင်းရဲရမည့်အချိန်တွင် ကျဖော်ကျဖက် တစ်ဦးတလေ ရှိနေတော့ နည်းနည်းတော်သေးတာပေါ့။ သူ့အိမ်ပြန်ဖို့ စောင့်နေသည့် မော်တော်ကားရှိရာသို့ ကျောင်းပရဝဏ်ကို ဖြတ်လျှောက်သွားသည်။ ကျွန်တော် သူ့ကို လက်ပြနှုတ်ဆက်သည်။ သူက လမ်းဆက်လျှောက်ရင်း ခေါင်းကိုသာ တွင်တွင်ယမ်းခါသွားသည်။

ထိုညက တခြားကလေးတွေ အိပ်ရာဝင်သွားမှ ဖေဖေနှင့် မေမေကို ကျွန်တော် အင်္ဂလိပ်စာကျကြောင်းနှင့် ဆယ်တန်းပါ ကျကြောင်း သတင်းပေးရသည်။ အင်္ဂလိပ် (သို့မဟုတ်) လူမှုရေးဘာသာ ကျရှုံးလျှင် မူလအတန်းတွင် တစ်နှစ်လုံး ပြန်သင်ရမည်ဟူသော မူက ရှိနေသည်။ ဖေဖေကတော့ ဤမူဝါဒနှင့် ရင်းနှီးပြီးဖြစ်၏။ သည်သတင်းမျိုးကြားရမည်ဆိုတာ သူတို့နှစ်ယောက်စလုံး မျှော်လင့်ထားပြီးသား။ သို့သော် တကယ်တမ်း တိတိကျကျကြားရတော့ လက်မခံချင်သော အရှိတရားတစ်ခုဖြစ်နေ၏။ ဖေဖေက မတုန်မလှုပ် ငုတ်တုတ်ထိုင်နေသော်လည်း မေမေ့မျက်နှာပေါ်မှာတော့ ကြေကွဲရိပ်တွေ၊ ဒေါသတွေ ထင်ဟပ်နေ၏။

"ဒီတော့ ဘာတွေဖြစ်မှာလဲ။ သားကို ဒီအတန်းမှာပဲ တစ်နှစ်ထပ်ထားရမှာလား" ဖေဖေက သိပ်ထွေထွေထူးထူးမဖြေ။

"အဲဒါ မှုပဲလေ။ ဒါပေမဲ့ ဆုံးဖြတ်ချက် မချခင် ဒီကိစ္စကို စုံစမ်းစစ်ဆေးလိုက်ပါဦးမယ်"

နောက်ရက်အနည်းငယ်အတွင်း ဖေဖေက ထိုကိစ္စကို စုံစမ်းစစ်ဆေးသည်။ ကျွန်တော်တို့အတန်းတွင် စာသင်သား ၃၂ ယောက်ရှိသည့်အနက် ၁၅ ယောက်ကို ဆရာက စာမေးပွဲချပစ်ထားကြောင်း တွေ့ရသည်။ သူက ရှစ်ယောက်ကို 'ဒီ' အဆင့်တွေ ပေးထားသည်။ 'အေ' အဆင့်ရသူမှာ

တစ်ယောက်။ 'ဘီ' ရသူမှာ လေးယောက်။ ကျန်အတန်းသားအားလုံး 'ဒီ' တွေချည်းရသည်။ သည်တော့ သည်ကိစ္စကို ဖေဖေဝင်ရောက် အရေးယူဆောင်ရွက်ခြင်း။ ဦးစွာစုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့ပြီး စုံစမ်းစစ်ဆေးဖို့ ကျောင်းအုပ်ကြီးကို တာဝန်ပေးသည်။ ကျွန်တော်တို့အတန်းထဲက စာသင်သားတော်တော်များများကို စတင်စစ်ဆေးသည်။ စုံစမ်းစစ်ဆေးမှုပြီးပြတ်သွားသောအခါ ကျွန်တော်တို့၏ ဆရာကို အခြားကျောင်းတစ်ကျောင်းသို့ ပြောင်းပစ်လိုက်သည်။ ကျွန်တော်တို့ စာမေးပွဲကျသူများအတွက် နွေသင်တန်း ဖွင့်ပေးသည်။ စာသင်သားတွေ အဆင့်တက်ချင်လျှင် ထပ်မံကြိုးစားဖို့ အခွင့်အရေးပေးလိုက်ခြင်း။ နွေသင်တန်းတက်ပြီး ၃ ပတ်အကြာတွင် ကျွန်တော် 'ဒီ' အဆင့်သို့ တက်လာသည်။ သည်တော့ အခြားအခြားသော အတန်းသားများနှင့်အတူ ကျွန်တော် ဆယ့်တစ်တန်းသို့ တက်ခွင့်ရသွားပြီဖြစ်၏။

ဖေဖေ၏ နောက်ဆုံး ဆုံးဖြတ်ချက်မှာ စာသင်သားတွေဘက်မှာရော ကျောင်းဆရာတွေဘက်မှာပါ အမှားတွေ အမှန်တွေရှိသည်ဆို၏။

"ခုလို စာမေးပွဲကျတာကို မင့်ဘဝမှာ သိပ်အရေးကြီးတဲ့ သင်ခန်းစာ တစ်ခုအဖြစ် ယူဆပါ။ ဒီဖြစ်ရပ်ကနေ မင်းသင်ခန်းစာတွေ တစ်ပုံကြီး ထုတ်ယူလို့ရပါတယ်။ ဒါမှမဟုတ် သင်ခန်းစာနည်းနည်းလေးပဲ ယူလို့လည်း ရတယ်။ မင်း ဒေါသထွက်လို့ရတယ်။ မင်းဆရာကို အပြစ်တင်ပြီး အာဃာတ ထားလို့လည်းရတယ်။ ဒါမှမဟုတ် မင်းအပြုအမူတွေကို မင်းပြန်လေ့လာဆန်းစစ်။ ပြီးတော့ မင်းအကြောင်း မင်းပိုသိလာအောင်လုပ်။ ပြီးတော့ ဒီအတွေ့အကြုံကနေ ရင့်ကျက်မှုကိုရအောင်ယူ။ ဒါပေမဲ့ မင်းနဲ့ မင်းသူငယ်ချင်းတွေဟာ ဒီထက်ပိုပြီး ကြိုးစားအားထုတ်တဲ့ စာသင်သားတွေ ဖြစ်လာဖို့ လိုတယ်လို့ ဖေဖေ ထင်တယ်။ မင်းတို့ စာသင်သားတွေရော... ကျောင်းဆရာဖြစ်သူပါ ဒီအတွေ့အကြုံကြောင့် ရင့်ကျက်လာပါစေလို့ ဖေဖေမျှော်လင့်တယ် ကွာ"

ထိုကျောင်းဆရာအပေါ် ကျွန်တော် အာဃာတ ထားခဲ့ကြောင်း ဝန်ခံရပါမည်။ ထိုဖြစ်ရပ်ပေါ်ပေါက်ပြီး နောက်ပိုင်း ကျွန်တော် ကျောင်းတက်ချင်စိတ် မရှိတော့။ ကျွန်တော် စိတ်မဝင်စားသည့် ဘာသာရပ်တွေ (သို့မဟုတ်) ကျောင်းထွက်သွားလျှင် ဘယ်တော့မျှ ပြန်သုံးမည် မဟုတ်မှန်းသိနေသည့် ဘာသာရပ်တွေကို သင်ယူရတာ ကျွန်တော် လုံးဝမနှစ်မြို့ခဲ့။ ကျွန်တော် ခံစားလိုက်ရသည့် စိတ်ဝေဒနာ ဒဏ်ရာဒဏ်ချက်များက နက်ရှိုင်းလှသော

လည်း ကျွန်တော် မခံချင်စိတ်ဖြင့် ကြိုးစားအားထုတ်မှုကလေး ပိုလုပ်လိုက်သည်။ ကျွန်တော့် စိတ်သဘောထားပြောင်းသွားသည်။ ကျွန်တော်၏ စာကျက်ကျင့်ကလေး တိုးတက်လာသည်။ နောက်ပြီး အထက်တန်းကျောင်း စာမေးပွဲကို အောင်ရမည့်အချိန်မှာ အောင်ခဲ့၏။

အရေးအကြီးဆုံးကတော့ ဖေဖေ့အကြံပေးချက်ကို နာယူပြီး ဆိုးရွားသော အခြေအနေထဲမှ အကောင်းဆုံးရအောင် ထုတ်ယူနိုင်ခဲ့ခြင်းဖြစ်၏။ ခုနေ ပြန်စဉ်းစားကြည့်တော့ ဆယ်တန်းစာမေးပွဲကျလိုက်ခြင်းသည် ကောင်းဖို့အတွက် အဆိုးဖြစ်လာခြင်းပင်ဖြစ်ပါသည်။ အကယ်၍ ဆယ်တန်းတုန်းက ဖော်ပြပါ ပြုပြင်မှုများ မလုပ်ခဲ့လျှင် ကျွန်တော် ကောလိပ်ဘွဲ့ကို ရသည်အထိ တက်ဖြစ်မည် မဟုတ်ကြောင်း သိမြင်လာသည်။

## မေမေ အကြီးအကျယ် စိတ်သောက ရောက်ရပြီ

ထိုကာလအတွင်း မေမေသည် အလွန့်အလွန်စိတ်ဆင်းရဲနေခဲ့သည်။ "သားရဲ့ အောင်မှတ်တွေ အရမ်းအရေးကြီးတယ်ကွဲ့။ မင်းရတဲ့အောင်မှတ်တွေ မကောင်းရင် ကောလိပ်ကောင်းကောင်းကို တက်ခွင့်မရဘူး။ အဲဒီအခါ မင်း အလုပ်ကောင်းကောင်း မရတော့ဘူး။ အောင်မှတ်ကောင်းကောင်းတွေဟာ သားရဲ့ ဘဝအတွက် အရေးကြီးတယ်" ဟူသော စကားကိုသာ မေမေတစ်ပြောတည်းပြောနေတော့၏။

ဤကာလသည် ကျွန်တော့်အတွက်လည်း စိတ်ဆင်းရဲရသည့်ကာလဖြစ်၏။ လက်ရှိအတန်းမှာ နောက်တစ်နှစ် ထပ်မနေရရေးအတွက် နွေသင်တန်း တက်ရတော့မည်။ နွေကျောင်းကို ကျွန်တော် မုန်းသည်။ ပူရအိုက်ရသည့်အထဲ သင်ရသည့်ဘာသာရပ်တွေက ငြီးငွေ့စရာ။ အိပ်ငိုက်ချင်စရာ။ ကျွန်တော့်စိတ်ကတော့ ပင်လယ်ကမ်းခြေမှာ လှိုင်းစီးနေမည့် သူငယ်ချင်းများဆီသို့သာ ရောက်နေသည်။ သည်ကြားထဲ သည်ကောင်တွေနှင့် မျက်နှာချင်းဆိုင်မိလျှင် နောက်ကြ၊ ပြောင်ကြ၊ လှောင်ကြဦးမည်။ ကျွန်တော်တို့ကို 'ငတုံး၊ ငအတွေ' ဟု အခေါ်ခံရခြင်းသည်လည်း စိတ်ဆင်းရဲစရာကောင်းလှပါသည်။

"ငါတို့သူငယ်ချင်းတွေကတော့ ဝိုင်းဟားနေကြပြီကွ။ သူတို့က တို့ထက် အောင်မှတ်ကောင်းတွေ ရထားတာကိုး။ ဒါဆို သူတို့က တို့တက်ချင်တဲ့ ကောလိပ်ထက် ပိုကောင်းတဲ့ကောလိပ်တွေ တက်ခွင့်ရကြမှာပေါ့နော်" ဟု မိုက်က ပြောသည်။

"ငါလည်း အဲဒီလိုပဲ ကြားတယ်ကွ။ ငါတို့ စာမေးပွဲကျပြီး တို့ဘဝတွေ ကသောင်းကနင်းဖြစ်ကုန်မယ်လို့ မင်းထင်လားဟင်"

ကျွန်တော်ပြန်ပြောမိ၏။ အသက်ဆယ့်ငါးနှစ်ထဲ နင်းစရှိသေးပြီး လက်တွေ့လောကအကြောင်း ဘာမျှ ဟုတ်တိပတ်တိ မသိသေးသည့် ကျွန်တော်တို့နှစ်ယောက်သည် 'ငတုံးတွေ၊ ငအတွေ' ဟု တံဆိပ်အတပ်ခံရခြင်းကို မခံမရပ်နိုင်ဖြစ်ကြရသည်။ နာကြည်းခံပြင်းမှုတွေက အမှတ်သညာထဲမှာ ကြီးထွားသည်ထက် ကြီးထွားလာသည်။ စိတ်ခံစားချက်အရ ကျွန်တော်တို့ ထိခိုက်ဒဏ်ရာရကြသည်။ စိတ်ပိုင်းအရ ကျွန်တော်တို့၏ ပညာသင်စွမ်းရည်များကို သံသယဝင်လာသည်။ နောက်ပြီး ကျွန်တော်တို့၏ အနာဂတ်ဘဝသည် တော်တော်ကလေး မှုန်မှိုင်းဝေဝါးနေသည်။ အားတက်စရာ နည်းနည်းမျှ မရှိ။ သည်ကြားထဲ ကျွန်တော်တို့နှင့် ခံစားချက်တူနေသူမှာ ကျွန်တော့်မေမေ ဖြစ်ပါသည်။

**ဖေဖေချမ်းသာ၏ ဝေဖန်ချက်**

ကျွန်တော်တို့နှစ်ယောက်ကျောင်းစာမေးပွဲကျခြင်းကို ဖေဖေချမ်းသာ ကောင်းကောင်း အာရုံ သွင်းထားသည်။ သူ့သာ 'အက်ဖ်' ရခြင်းကို သူစိတ်မကောင်း။ စာမေးပွဲကျသူများ ပြန်ဖြေလို့ရအောင် ကျွန်တော့်ဖေဖေက နွေသင်တန်းဖွင့်ပေးလိုက်ခြင်းကို သူက ကျေးဇူးတင်နေသည်။ ဖအေနှစ်ဦးစလုံးသည် အကောင်းကို ရှာဖွေကြည့်တတ်သူများ ဖြစ်၏။ ဤအတွေ့အကြုံမှ ကျွန်တော်တို့ သင်ခန်းစာကောင်းကောင်းရနိုင်ကြောင်း သူတို့နှစ်ယောက်စလုံး သိနေသည်။ တစ်ခုတော့ ရှိသည်။ သူတို့နှစ်ယောက်သင်ခန်းစာယူပုံချင်းတော့ မတူညီကြ။

ယခုအချိန်အထိ ဖေဖေချမ်းသာက ဆိုးသည်၊ ကောင်းသည် သိပ်မပြောသေး။ ရင်ဆိုင်နေရသော အနေအထားကို ကျွန်တော်တို့ ဘယ်လိုတုံ့ပြန်မည်လဲဆိုတာ စောင့်ကြည့်နေပုံရပါသည်။ ယခု ကျွန်တော်တို့နှစ်ယောက်၏ အတွေးခံစားချက် သူကြားရတော့မှ သူဝေဖန်ထောက်ပြဖို့ အချိန်တန်ပြီဟု ယူဆပုံရ၏။ သူ့အခန်းထဲတွင် ထိုင်ပြီးမှ သူက စပြောသည်။

"အောင်မှတ်ကောင်းတွေဟာ အရေးကြီးတယ်။ ကျောင်းမှာ မင်းတို့ စာလိုက်နိုင် မလိုက်နိုင်ဆိုတာ အရေးကြီးတယ်။ မင်းတို့ ဘယ်လောက်တတ်သလဲ၊ ဘယ်လောက်တော်သလဲဆိုတာလည်း အရေးကြီးတာပဲ။ ဒါပေမဲ့

မင်းတို့ ကျောင်းထွက်လိုက်ပြီဆိုတာနဲ့ အောင်မှတ်ကောင်းကောင်းတွေဟာ ဒီလောက်ကြီး အရေးမပါတော့ဘူး”

သူ ထိုသို့ပြောသည်ကို ကြားလိုက်ရတော့ ကျွန်တော် ကုလားထိုင် ကျောမှီကို တောင့်တောင့်ကြီးမှီချလိုက်မိ၏။ ကျွန်တော့်ဖေဖေကစပြီး သူ့ညီတွေ၊ ညီမတွေအဆုံး ဤပညာရေးစနစ်က အလုပ်အကိုင်ပေးထားသည် ဖြစ်ရာ ဖေဖေချမ်းသာ၏ စကားကိုသာ သူတို့ကြားရလျှင် စော်ကားမော်ကား ပြောသည်ထင်ကြပေမည်။

“ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အောင်မှတ်တွေကို ဘယ့်နှယ်လုပ်မလဲ အဲဒီအမှတ်တွေက ကျွန်တော်တို့နဲ့အတူ တစ်သက်လုံးပါလာတော့မှာ မဟုတ်လား” ဟု ကျွန်တော် ငိုညည်းလိုက်၏။

“ဒီမယ် မိုက်နဲ့ရောဘတ်ရဲ့၊ မင်းတို့နှစ်ယောက်စလုံးကို ရောမလျှို့ဝှက်ချက်ကြီးတစ်ခု ပြောပြမယ်”...၊ ကျွန်တော်တို့နှစ်ယောက် တလေးတစား နားထောင်လာအောင် သူ့စကားကို ခဏနားထားလိုက်၏။ ပြီးမှ ဆက်ပြောသည်။ “ငါ့ဘဏ်မန်နေဂျာက ငါ့ရဲ့ပညာရည်စစ်ဆေးမှု မှတ်တမ်းကို ဘယ်တုန်းကမှ မတောင်းဘူးကွ”

အဆိုပါ ထောက်ပြချက်က ကျွန်တော့်ကို တုန်လှုပ်သွားစေ၏။ မိုက်နှင့် ကျွန်တော့်မှာ သည်အောင်မှတ်များကိစ္စနှင့်ပတ်သက်ပြီး စိတ်ဆင်းရဲနေခဲ့ရသည်မှာ လနှင့်ချီပြီးဖြစ်၏။ ကျောင်းမှာတော့ အောင်မှတ်များသည် အစစအရာရာ ဖြစ်ပါသည်။ ကျွန်တော့်မိဘတွေ၊ ကျွန်တော့်ဆွေမျိုးတွေနှင့် သူငယ်ချင်းများအတွက်တော့ အောင်မှတ်ကောင်းကောင်းများသည် အရာခပ်သိမ်းဖြစ်နေ၏။ ယခုဖေဖေချမ်းသာ၏ စကားလုံးများက ကျွန်တော်၏ အတွေးစဉ်ကို ဖျက်ပစ်လိုက်၏။ အောင်မှတ်ညံ့ညံ့များကြောင့် ကျွန်တော်တို့ဘဝများ ပျက်စီးပါပြီဆိုသော အတွေးစဉ်။

“ဦး ဘာတွေပြောနေတာလဲ”

သူဘာရည်ရွယ်ပြီးပြောနေကြောင်း ကျွန်တော် ပတ်ပတ်နပ်နပ် နားမလည်။

“ငါပြောတာ မင်းတို့ကြားတယ် မဟုတ်လား”

သူ့ကုလားထိုင် ကျောမှီကိုမှီပြီး လှုပ်ယမ်းရင်းပြော၏။ သူ့စကားကို ကျွန်တော်တို့ ကြားမှန်းသူသိ၏။ ယခု သူက သူ့စကား ကျွန်တော်တို့ ခေါင်းထဲစွဲနေအောင် အချိန်ယူနေခြင်းသာဖြစ်၏။

"ဦးရဲ့ ဘဏ်မန်နေဂျာက ဦးရဲ့ပညာရည်စစ်ဆေးမှုမှတ်တမ်းကို ဘယ်တော့မှ မတောင်းဘူး... ဟုတ်လား။ ဦးက အောင်မှတ်ကောင်းကောင်းတွေ အရေးမပါဘူးလို့ ဆိုလိုတာလား"

"ငါ အဲဒီစကား ပြောခဲ့လို့လား။ အောင်မှတ်ကောင်းကောင်းတွေဟာ အရေးမပါ အရာမရောက်ဘူးလို့ ငါပြောလိုက်လို့လား"

"ဟင့်အင်း၊ ဦး မပြောခဲ့ပါဘူး"

ကျွန်တော် ရှက်ကိုးရှက်ကန်း ဖြေလိုက်ရ၏။

"ဒီတော့ ငါဘာပြောခဲ့သလဲ"

"ဦးက 'ငါ့ဘဏ်မန်နေဂျာဟာ ဦးရဲ့ပညာရည်စစ်ဆေးမှု မှတ်တမ်းကို ဘယ်တော့မှ မတောင်းဘူး' လို့ ပြောခဲ့တာပါ"

သည်စကားကို ပြန်ရွတ်ပြရတာပင်လျှင် ကျွန်တော့်အတွက် တော်တော်ကြီး နှုတ်တွန့်လှပြီ။ အဘယ်ကြောင့်ဆိုသော် ပညာရေးနယ်ပယ်မှာချည်း အလုပ်လုပ်နေသည့် ကျွန်တော့် မိသားစုဝင်များအတွက်တော့ အောင်မှတ်ကောင်းများနှင့် ပညာရည်စစ်ဆေးမှု မှတ်တမ်းကောင်းကောင်းများသည် အရာခမ်းသိမ်းဖြစ်နေသောကြောင့်ပင်။

'ငါ ဘဏ်မန်နေဂျာကို သွားတွေ့တဲ့အခါ 'ခင်ဗျားအောင်မှတ်တွေပြပါ' လို့ မပြောဘူးကွ၊ ဒီတော့ ငါ့ဘဏ်မန်နေဂျာက မေးသလား၊ ခင်ဗျား ကျောင်းတုန်းက 'အေ' အဆင့်ချည်း တောက်လျှောက်ရခဲ့သလားလို့။ ငါ့ရဲ့ ပညာရည်စစ်ဆေးမှု မှတ်တမ်းကို ပြပါလို့ သူက မေးသလား။ 'အို၊ ခင်ဗျား အောင်လက်မှတ်တွေက အရမ်းကောင်းတာကိုး။ ဒီတော့ ခင်ဗျားကို ကျွန်တော် ဒေါ်လာတစ်သန်းချေးပါရစေ' လို့ ပြောသလား။ အဲဒီလူ အဲဒီစကားမျိုးတွေ ပြောသလား"

"ကျွန်တော်တော့ မထင်ပါဘူး။ ယုတ်စွအဆုံး သူ့ရုံးခန်းထဲမှာ ဖေဖေနဲ့အတူ ရှိနေချိန်မှာတော့ မမေးခဲ့ဘူး။ နောက်ပြီး ဖေဖေ့အောင်လက်မှတ်ကို ကြည့်ပြီး ငွေမချေးတာတော့ ကျွန်တော် သိတယ်" ဟု မိုက်က ဝင်ပြောသည်။

"ဒီတော့ သူက ဘာကို တောင်းသလဲ"

"သူက ဖေဖေရဲ့ ငွေစာရင်းတွေပဲ တောင်းတယ်။ သူအမြဲတမ်း တောင်းတာက ဖေဖေရဲ့ နောက်ဆုံးငွေစာရင်းပဲ။ သူကြည့်ချင်တာက ဖေဖေရဲ့ အရှုံးအမြတ်စာရင်းနဲ့ ငွေလက်ကျန်ရှင်းတမ်းပဲ"

**ကျောင်းထွက်ပြီးနောက်ပိုင်း သင်၏ ပညာရည်စစ်ဆေးမှု မှတ်တမ်း**

ဖေဖေချမ်းသာ ခေါင်းတညိတ်ညိတ်ဖြင့် ဆက်ပြောသည်။

"ဘဏ်သမားတွေဟာ... ဘယ်တော့မဆို လူတိုင်းကို သူ့တို့ရဲ့ ငွေစာရင်းရှင်းတမ်းတွေပဲ တောင်းတယ်။ မင်းတို့ ဆင်းရဲသလား၊ ချမ်းသာသလား၊ ပညာတတ်လား၊ ပညာမဲ့လားဆိုတာ ဂရုမစိုက်ဘူး။ မင်းဘာကောင်ပဲ ဖြစ်နေဖြစ်နေ... သူတို့ ကြည့်ချင်တာ... မင်းတို့ရဲ့ ငွေစာရင်း ရှင်းတမ်းပဲ။ ဘဏ်သမားတွေ ဘာဖြစ်လို့ အဲဒီလို လုပ်တယ်ထင်သလဲ"

မိုက်နှင့် ကျွန်တော် နှုတ်ဆိတ်စွာ ခေါင်းခါကြသည်။ ပြီးတော့ အဖြေကို ငံ့လင့်နေကြသည်။

"အဲဒီအကြောင်း ကျွန်တော် တစ်ခါဆို တစ်ခါမှ မတွေးခဲ့ဖူးဘူး။ ဖေဖေက ပြောပြပါလား"

မိုက်က တောင်းဆိုသည်။

"ဘာဖြစ်လို့လဲဆိုတော့ မင်းတို့ ကျောင်းထွက်ပြီးတာနဲ့ မင်းတို့ရဲ့ ငွေစာရင်းရှင်းတမ်းဟာ မင်းတို့ရဲ့ ပညာရည်စစ်ဆေးမှု မှတ်တမ်းဖြစ်နေလို့ပဲ။ ခက်တာက လူအများစုဟာ ကျောင်းသာ ထွက်လာကြတယ်၊ ငွေစာရင်း ရှင်းတမ်းဆိုတာ ဘာမှန်းမသိကြတာပဲ"

"ကျောင်းထွက်ပြီးနောက်ပိုင်း ကျွန်တော့်ငွေစာရင်းရှင်းတမ်းဟာ ကျွန်တော့်ပညာရည်စစ်ဆေးမှုမှတ်တမ်းဖြစ်သွားတယ်... ဟုတ်လား။ ငွေစာရင်းရှင်းတမ်းဟာ လူကြီးတွေရဲ့ ပညာရည်စစ်ဆေးမှုမှတ်တမ်းပဲလို့ ဦး ဆိုလိုတာလားဟင်"

ဖေဖေချမ်းသာ ခေါင်းညိတ်၏။

"အဲဒါဟာ အရွယ်ရောက်ပြီးသူတွေရဲ့ ပညာရည်စစ်ဆေးမှုမှတ်တမ်းပဲ။ နောက်ထပ်ခက်နေတာက အရွယ်ရောက်ပြီးသူ အများစုဟာ ငွေစာရင်း ရှင်းတမ်းဆိုတာ ဘာမှန်းမသိကြတာပဲ"

"လူကြီးတွေအတွက် ပညာရည်စစ်ဆေးမှုမှတ်တမ်းက ဒီတစ်မျိုးပဲ ရှိသလားဟင်။ တခြားမှတ်တမ်းတွေကော မရှိဘူးလား"

"အင်း၊ တခြားမှတ်တမ်းတွေ ရှိတာပေါ့။ မင်းရဲ့ ငွေစာရင်းရှင်းတမ်း က သိပ်အရေးကြီးတဲ့ မှတ်တမ်းပေါ့။ ဒါပေမဲ့ မင်းအတွက် တစ်ခုတည်း သော မှတ်တမ်း မဟုတ်ဘူး။ တခြားမှတ်တမ်းတွေက တစ်နှစ်တစ်ကြိမ်

ကျန်းမာရေး စစ်ဆေးမှုမှတ်တမ်း။ ဒီမှတ်တမ်းက မင်းရဲ့ ကျန်းမာရေး အခြေအနေကို ပြမယ်။ ကျန်းမာရေးကောင်းအောင် ဘာတွေ လုပ်ရမယ်ဆို တာ ပြမယ်။ နောက်မှတ်တမ်းတစ်ခုကတော့ မင်းရဲ့ ဂေါက်ရိုက်မှတ်တမ်း၊ ဒါမှမဟုတ် တိုင်ထောင် ဘောလိုမ့် (ဘိုးလင်း) ကစားပွဲမှတ်တမ်း။ ဘဝမှာ ပညာရည်စစ်ဆေးမှုမှတ်တမ်းတွေ အမျိုးမျိုးရှိတယ်။ အဲဒီအထဲမှာ ပုဂ္ဂလိက ငွေစာရင်းရှင်းတမ်းဟာ လူတစ်ယောက်အတွက် အရေးကြီးတဲ့ မှတ်တမ်းပေါ့”

“ဒါဆို လူတစ်ယောက်ဟာ ကျောင်းတုန်းက ‘အေ’ တွေချည်း တောက်လျှောက်ရခဲ့ပြီး လက်တွေ့ဘဝရဲ့ ငွေစာရင်းရှင်းတမ်းမှာ ‘အက်ဖ်’ တွေ ရနိုင်သလား။ ဦးပြောနေတာ အဲဒီသဘောလားဟင်”

ဖေဖေချမ်းသာ ခေါင်းညိတ်သည်။

## အဆင့်ကောင်းတွေ ကျောင်းမှာ အရေးကြီးသည်
## ငွေစာရင်းရှင်းတမ်းတွေ ဘဝမှာ အရေးကြီးသည်

ဆယ့်ငါးနှစ်သားအရွယ်တွင် အင်္ဂလိပ်ဘာသာရပ်တွင် ရှုံးနိမ့်လိုက်ခြင်းသည် ကျွန်တော့်အတွက် အလွန်တန်ဖိုးရှိသော အတွေ့အကြုံတစ်ရပ် ဖြစ်သွား သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သည် စာသင်ကျောင်းကို အဆိုး မြင်နေပြီး ကျွန်တော်သင်ယူနေရသည့် ပညာများအပေါ် အထင်သေးအမြင် သေးဖြစ်နေကြောင်း သိမြင်သဘောပေါက်လာသောကြောင့် ဖြစ်၏။ ထိုသို့ စာမေးပွဲကျလိုက်ခြင်းသည် ကျွန်တော့်စိတ်သဘောထားနှင့် ကျွန်တော့် စာ ကျက်ကျင့်များကို ပြုပြင်ရန် တပ်လှန့်နှိုးဆော်လိုက်သည်သို့ ရှိ၏။ ထို့ပြင် အဆင့်များသည် ကျောင်းနေစဉ် အရေးကြီးပြီး ကျောင်းထွက်ပြီးသည်နှင့် ငွေစာရင်းရှင်းတမ်းများသည် ကျွန်တော်၏ ပညာရည်စစ်ဆေးမှုမှတ်တမ်း ဖြစ်သည်ဆိုတာ ငယ်ငယ်ရွယ်ရွယ်နှင့် အထာပေါက်ခဲ့ရတော့၏။

“ကျောင်းမှာ စာသင်သားတွေကို သုံးလတစ်ကြိမ် ပညာရည်စစ်ဆေး မှု မှတ်တမ်းတွေ ထုတ်ပေးပါတယ်။ တကယ်လို့ ကလေးတစ်ယောက် စာမလိုက်နိုင်ဘူးဆိုရင် ဒီကလေးကလည်း ပြုပြင်ချင်စိတ်ရှိရင် အချိန်မီ ဂရုတစိုက်ပြုပြင်ဖို့ အချိန်ရတာပေါ့။ လက်တွေ့ဘဝမှာတော့ လူကြီးတွေကို ငွေစာရင်းစစ်ဆေးမှုမှတ်တမ်းကို ဘယ်သူကမှ သုံးလတစ်ကြိမ် ထုတ်မပေးဘူး။ အဲဒါကြောင့် လူတော်တော်များများဟာ ငွေရေးကြေးရေးအရ ယက်ကန်ယက် ကန် ဖြစ်နေကြတာပေါ့။ လူကြီး တော်တော်များများဟာ သူတို့ အလုပ်

မပြုတ်မချင်း၊ မတော်တဆ ထိခိုက်ဒဏ်ရာ မရမချင်း၊ အငြိမ်းစားယူဖို့ မစဉ်းစားမချင်း၊ ဒါမှမဟုတ် အချိန် သိပ်မနှောင်းမချင်း... သူတို့ရဲ့ ငွေကြေး အခြေအနေကို ဟုတ်တိပတ်တိ ပြန်ကြည့်ဖော်မရကြဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ လူကြီးအများစုမှာ သုံးလတစ်ကြိမ် ငွေစာရင်းစစ်ဆေးမှုမှတ်တမ်း မရှိကြဘူး။ ဒီတော့ လူကြီး တော်တော်များများဟာ ငွေရေးကြေးရေး အာမခံချက်ရှိအောင် လိုအပ်တဲ့ ငွေကြေးဆိုင်ရာပြုပြင်မှုတွေ မလုပ်ဖြစ် တော့ဘူးပေါ့။

"သူတို့မှာ လခကောင်းတဲ့ အလုပ်တစ်ခု၊ အိမ်ကြီးရခိုင်တစ်လုံး၊ ကားအကောင်းစားတစ်စီး ရှိကောင်းရှိမယ်။ နောက်ပြီး လုပ်ငန်းခွင်မှာ လုပ် ရည်ကိုင်ရည် ကောင်းချင်ကောင်းမယ်။ ဒါပေမဲ့ ငွေကြေးဆိုင်ရာ အောင်မှတ် အရတော့ စာမေးပွဲကျတဲ့အမှတ်တွေ ရနေတယ်။ ကျောင်းမှာတုန်းက အောင်မှတ်ကောင်းကောင်းတွေ ရခဲ့တဲ့ ကျောင်းသားတော်တော်များများဟာ သူ့တို့သက်တမ်းတစ်လျှောက် ငွေရေးကြေးရေးပိုင်းမှာ စာမေးပွဲကျတဲ့ အမှတ် တွေနဲ့ချည်း နပန်းလုံးနေရလိမ့်မယ်။ အဲဒါဟာ အနိမ့်ဆုံးအားဖြင့် သုံးလ တစ်ကြိမ် ငွေစာရင်း စစ်ဆေးမှုမှတ်တမ်း မရှိတဲ့အတွက် ပေးရတဲ့ တန်ဖိုးပဲ။ ငါဆိုရင် ငါ့ရဲ့ ငွေစာရင်းရှင်းတမ်းကို ကြည့်ချင်တယ်။ ဒါမှ ငါ ဘယ်နေရာ မှာ အဆင်ချောနေပြီး ဘယ်နေရာမှာ အဆင်မပြေဘူးလဲဆိုတာ သိရမယ်။ နောက်ပြီး တိုးတက်မှုရှိအောင် ဘာတွေ ပြုပြင်ရမယ်ဆိုတာ သိမယ်လေ"

## ဘယ်နေရာမှာ တိုးတက်ဖို့ လိုအပ်ကြောင်းကို ပညာရည်စစ်ဆေးမှုမှတ်တမ်းက ထောက်ပြသည်

အဆိုပါ စာမေးပွဲသည် ရေရှည်အကျိုးအတွက် ကောင်းသွားသည်။ ဘာ့ကြောင့် ဆို... မိုက်ကော ကျွန်တော်ပါ စာသင်သား အကျော်အမော်ကြီးများ ဖြစ် မလာသော်လည်း ကြိုးစားအားထုတ်မှုကလေး ပိုထည့်လာကြသောကြောင့် ဖြစ်၏။ ကျွန်တော်က နယူးယောက်၊ ကင်းပွိုင့်ရှိ ကုန်သွယ်ရေကြောင်းတက္က ခွင့်ရပြီး ၁၉၆၉ ခုနှစ်တွင် အောင်မြင်ခဲ့၏။ မိုက်ကတော့ သူ့ဖခင်၏လုပ်ငန်း တွင် အလုပ်သင်အဖြစ် တာဝန်ယူရင်း ဟာဝိုင်ယီတက္ကသိုလ်တွင်တက်ကာ ကျွန်တော်နှင့် တစ်နှစ်တည်းအတူ ဘွဲ့ရခဲ့၏။

ရေကြောင်းသိပ္ပံမှာ တက်နေရင်း စာရေးရမှာကို ကြောက်သည့် ကြောက်စိတ်ကို ကျော်လွှားနိုင်ခဲ့ရုံမက စာရေးရတာကိုပင် မွေ့ပျော်လာ

မိပါသည်။ ကျွန်တော်သည် နည်းစနစ်ပိုင်းအရ စာရေးညံ့နေဆဲဖြစ်သော်လည်း ယခုအခါ အရောင်းစံချိန်တင်ရသည့် စာအုပ်နှစ်အုပ် ရေးသားပြုစုနိုင်ခဲ့ပြီ ဖြစ်၏။ တစ်ခါတစ်ရံ ကျွန်တော် စဉ်းစားမိပါသည်။ ဆယ့်ငါးနှစ်သား အရွယ်တွင် စာမေးပွဲ မကျခဲ့လျှင်၊ နောက်ပြီး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ကာလတွင် မိသားစု၏ အထောက်အကူသာ မရခဲ့လျှင် ကျွန်တော်ဘဝတွင် ပြုပြင်ပြောင်းလဲမှုများ ပြုခဲ့မည်မဟုတ်။ သို့ဆိုလျှင် ရောင်းအကောင်းဆုံး စာအုပ်များရေးသည့် စာရေးဆရာလည်း ဖြစ်လာမည်မဟုတ်။ ထို့ကြောင့် ပညာရည် စစ်ဆေးမှုမှတ်တမ်းများ၊ အထူးသဖြင့် ခပ်ညံ့ညံ့မှတ်တမ်းများသည် အလွန် အရေးကြီးသည်ဟု ကျွန်တော်ပြောပြခြင်း ဖြစ်ပါသည်။

နောက်ဆုံးတော့ ပညာရည်စစ်ဆေးမှုမှတ်တမ်းများသည် ကျွန်တော် တို့ တတ်သိသည်ကို တိုင်းထွာခြင်းမဟုတ်ဘဲ ကျွန်တော်တို့ ဘဝများတွင် တိုးတက်ကောင်းမွန်အောင် ပြုပြင်ဖို့ လိုအပ်သည်များကို ထောက်ပြခြင်းဖြစ် ကြောင်း ကျွန်တော်သဘောပေါက်လာပါသည်။ သင်၏ ပုဂ္ဂလိက ငွေစာရင်း စစ်ဆေးမှုမှတ်တမ်းသည်လည်း ထို့နည်းတူ ဖြစ်၏။ ဤမှတ်တမ်းသည် သင်ငွေရေးကြေးရေးအရ ဘယ်လောက် ကြံ့ခိုင်ဖန်ရည်ကောင်းသလဲဆိုတာ ညွှန်ပြနေသည့် မှတ်တမ်းဖြစ်၏။ ဤပညာရည်စစ်ဆေးမှုမှတ်တမ်းသည် သင့်တစ်သက်တာအတွက် ဖြစ်ပါသည်။

## သင့်ကလေးအတွက် ငွေစာရင်းစစ်ဆေးမှုမှတ်တမ်းတစ်ခု ယခုပင် လိုအပ်သည်

ကျွန်တော်သည် ကိုးနှစ်သားအရွယ်တွင် ငွေကြေးပညာကို သူသူငါငါ အခြား ကလေးများထက် ပိုတတ်နေပြီ။ ဖေဖေချမ်းသာက ငွေစာရင်း စစ်ဆေးမှု မှတ်တမ်းနှင့် မိတ်ဆက်ပေးသည်မှာ ထိုနှစ်က ဖြစ်၏။ ဖေဖေချမ်းသာ သင်ပေးသည့် သင်ခန်းစာ အမှတ်နှစ်မှာ ငွေကြေးအခြေခံပညာ၏ အရေး ပါ အရာရောက်မှု (သို့မဟုတ်) ကျောင်းထွက်ပြီးဆိုသည်နှင့် ငွေစာရင်းရှင်းတမ်း များကို ဖတ်နိုင်စွမ်းရှိဖို့ပင် ဖြစ်သည်။

သို့ဖြစ်ရာ ယေဘုယျအားဖြင့် စာသင်ကျောင်းတွေမှာ သင်မပေးခဲ့သည့် ငွေကြေးအခြေခံပညာကို ဖေဖေချမ်းသာက ကျွန်တော်တို့အား သင်ပေးခဲ့၏။ ငွေစာရင်းရှင်းတမ်း၏ အခြေခံကို နားလည်သဘောပေါက်လာသည့်အတွက် ကျွန်တော့်မှာ ငွေရေးကြေးရေးနှင့် ပတ်သက်သည့် ယုံကြည်စိတ်ချမှု မြင့်မား

ခိုင်မာလာသည်။ ရင့်ကျက်လာသည်။ ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ ခြားနားမှု ဝင်ငွေနှင့် အသုံးစရိတ်များ၏ ခြားနားမှုတို့ကို ကျွန်တော် နားလည်ခဲ့၏။ နောက်ပြီး ငွေသားစီးဆင်းမှု၏ အရေးပါအရာရောက်ပုံကို သဘောပေါက်ခဲ့၏။

ငွေစာရင်း အလုပ်လုပ်ပုံကို သိနားလည်သည့်အတွက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုရခြင်းထက်ပိုသည့် တစ်စုံတစ်ရာကိုလည်း ရရှိခဲ့၏။ ၎င်းတစ်စုံတစ်ရာကား ယုံကြည်စိတ်ချမှု၊ ထိန်းချုပ်မှုနှင့် ပြုပြင်မှုတို့ ဖြစ်၏။

"မင်းတို့ ငွေစာရင်းရှင်းတမ်းတစ်ခု ဘယ်လို အလုပ်လုပ်သလဲဆိုတာ တကယ်တမ်း သဘောပေါက်လာပြီဆိုရင် မင်းတို့ရဲ့ ငွေကြေးကိစ္စတွေပေါ်မှာ ပိုပြီး ထိန်းချုပ်တတ်လာမယ်။ အရေးအကြီးဆုံးအချက်ကတော့ မင်းတို့ ငွေရေးကြေးရေး ထင်တိုင်းမပေါက်ရင် ပြုပြင်မှုတွေ လုပ်နိုင်လာမယ်။ ငွေကြေးအခြေခံပညာ မတတ်သူတွေဟာ ငွေကြေးဆိုင်ရာ ယုံကြည်စိတ်ချမှု နည်းမှာပဲ။ ဒီတော့ သူတို့ ထိန်းချုပ်မှုမရှိဘဲ ပြုပြင်မှုတွေ မလုပ်သလောက် ရှိကြတယ်။ အဲ... နောက်တော့ သူတို့ အချိန် သိပ်နောက်ကျနေတာ တွေ့ရတော့တယ်။

## ကျွန်တော်၏ ပထမဆုံး ပုံကြမ်းများ

ဖေဖေချမ်းသာက ရိုးရိုးရှင်းရှင်းပုံကြမ်းများဖြင့် စတင်ရှင်းပြခဲ့၏။ ရိုးရိုးရှင်းရှင်း ပုံကြမ်းများကို ရေးချပြီးသည်နှင့် သူက စကားလုံးများ၊ အဓိပ္ပာယ်ဖွင့်ချက်များနှင့် ဆက်နွယ်မှုများအကြောင်း ကျွန်တော်တို့နားလည်အောင် ရှင်းပြသည်။ စကားလုံးများနှင့် ပုံကြမ်းများ ဘယ်လို ဆက်နွယ်နေသည်ကို ကျွန်တော် လေ့လာဆည်းပူးသည်။ ကျောင်းမှာတုန်းက ငွေစာရင်းပညာသင်ယူခဲ့သော်လည်း စကားလုံးများအကြား ဆက်နွယ်မှုကို မှန်မှန်ကန်ကန် နားမလည်သူများ ကျွန်တော် တွေ့ရကြုံရ၏။

ဖေဖေချမ်းသာ ပြောခဲ့သည့်အတိုင်း ပြောရလျှင် "တကယ်တော့ ဆက်နွယ်မှုတွေဟာ အရေးအကြီးဆုံးပဲ" ဟူ၍ ဖြစ်ပါသည်။



## ငွေကြေးပြဿနာများ အစပြုရာ

ဖေဖေနှမ်းပါး မကြာခဏ ပြောလေ့ရှိသည်မှာ "ငါတို့အိမ်ဟာ ငါတို့ရဲ့ ရပိုင်ခွင့်ပဲပေါ့" ဟူ၏။ ဤနေရာကား ငွေကြေးပြဿနာ အများဆုံး စတင် ပေါ်ပေါက်ရာ ဖြစ်ပေသည်။ ဤရိုးရိုးရှင်းရှင်း နားလည်မှုကလေး၊ သို့မဟုတ် အမိပ္ပာယ်ဖွင့်ရာတွင် ပိုမို အနုစိတ်သော ခွဲခြားချက်ကလေး မပါဝင်မှုကပင် ကျွန်တော့်ဖေဖေနှင့် လူများစုကို ငွေကြေး အကျဉ်းအကျပ်များ ပေါ်ပေါက် စေခြင်း ဖြစ်၏။

ရေကန်တစ်ကန်ထဲသို့ ကျောက်စရစ်ခဲကလေးတစ်လုံး ပစ်ချလိုက်ပါ။ ထိုအခါ ကျောက်စရစ်ခဲထိသည့် နေရာကစပြီး လှိုင်းတွန့်ကလေးတွေ ဖြာ သွားတယ်။ လူတစ်ဦးသည် ရပိုင်ခွင့်နှင့် ပေးရန်တာဝန်၏ ခြားနားချက်ကို မသိဘဲ ဘဝ စသောအခါ လှိုင်းတွန့်ကလေးများက သူ့တစ်သက်လုံးအတွက် ငွေကြေးပြဿနာများ ဖြစ်ပေါ်စေတော့၏။ ထို့ကြောင့်ပင် "ဆက်နွယ်မှုတွေ ဟာ အရေးအကြီးဆုံးပဲ" ဟု ဖေဖေချမ်းသာ ပြောခဲ့ခြင်းဖြစ်ပေသည်။

ကျွန်တော်ရေးခဲ့သော အခြားစာအုပ်များတွင် သည်အကြောင်းကို ဖော်ပြဆွေးနွေးခဲ့ပြီးဖြစ်သော်လည်း သည်အကြောင်း နောက်တစ်ကြိမ် ထပ် ဆွေးနွေးဖို့ အရေးကြီး၏။ ဤကား ကလေးအား သူ့ဘဝတွင် ငွေကြေး အသိပညာကြွယ်ဝစေဖို့ အရေးပါအရာရောက်သော ပထမဆင့်ဖြစ်ပါသည်။

## ရပိုင်ခွင့် (သို့မဟုတ်) ပေးရန် တာဝန်ကို ဘယ်အရာက ပြဋ္ဌာန်းသလဲ

ရပိုင်ခွင့်ကို ဘယ်အရာက သတ်မှတ်သလဲ။ ပေးရန်တာဝန်ကို ဘယ်အရာက သတ်မှတ်သလဲ။ သည်ဝေါဟာရနှစ်လုံးကို ဝေါဟာရအဘိဓာန်ထဲ ရှာကြည့် သောအခါ ကျွန်တော် ပိုပြီး ဦးနှောက်ခြောက်သွားသည်။ အကြောင်းအရာ များကို သင်ယူဆည်းပူးရာ၌ ရုပ်ပိုင်းအရ သင်ယူမှုမပါဘဲ စိတ်တစ်မျိုး တည်းဖြင့် သင်ယူရသည့် ပြဿနာမှာ ဒါပဲဖြစ်၏။ ငွေစာရင်းရှင်းတမ်း အကြောင်း ရိုးရိုးရှင်းရှင်း ပုံကြမ်းကလေးတစ်ခုက အဓိပ္ပာယ်သတ်မှတ်ချက် ကို ရုပ်ပိုင်းအရ လေ့လာရာတွင် အထောက်အကူရ၏။

ကျွန်တော့်ဆိုလိုရင်းကို ဖော်ပြရန်အတွက် ရပိုင်ခွင့်ဆိုသည့် ဝေါဟာရ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျွန်တော့်ဝေါဟာရ အဘိဓာန်တွေထဲမှာ ထုတ်နုတ် ဖော်ပြလိုက်ပါသည်။

**ရပိုင်ခွင့်**။ ။(က) ကွယ်လွန်သူတစ်ဦး ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာ။ (ခ) လူတစ်ဦး၊ အဖွဲ့တစ်ဖွဲ့၊ ကော်ပိုရေးရှင်းတစ်ခုက ပိုင်ဆိုင်သည့်ပစ္စည်း ဥစ္စာအဝဝ။ (ဂ) လက်ကျန်ရှင်းတမ်းတွင် ဖော်ပြထားသော ပိုင်ဆိုင်ပစ္စည်း များ၏ စာရင်းတန်ဖိုး (Book Value) အစုစု။

နှုတ်ပြောဘာသာစကားတွင် ထူးချွန်ပြီး ဉာဏ်ရည်ညွှန်းကိန်းမြင့်သူ များအတွက်တော့ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်လောက်ဆိုလျှင် လုံလောက်နေပြီ။ သူတို့သည် စကားလုံးများကို ဖတ်ကြည့်ပြီး ရပိုင်ခွင့်၏ အဓိပ္ပာယ်အစစ် အမှန်ကို ထိုးထွင်းသိမြင်ကောင်း သိမြင်ကြပါလိမ့်မည်။ သို့ပေမဲ့ ကိုးနှစ်သား ကလေးတစ်ယောက်အတွက်တော့ သည်စကားလုံးများက သိပ် အဓိပ္ပာယ် မရှိလှ။ သူဌေးဖြစ်ဖို့ လေ့လာဆည်းပူးနေသည့် ကိုးနှစ်သားကလေးအတွက် ဝေါဟာရအဘိဓာန် အဓိပ္ပာယ်ဖွင့်ဆိုချက်သည် လုံလောက်မှုမရှိ။ နောက်ပြီး နားလည်မှုလွဲမှားစေသည်။ ဉာဏ်ရည်ဉာဏ်သွေးသည် ပိုမို အနုစိတ်သော ခြားနားမှုများ ပြုလုပ်ဖို့ဟု အဓိပ္ပာယ်ရလျှင် ကျွန်တော်ချမ်းသာလာဖို့အတွက် ဖော်ပြသော အဓိပ္ပာယ်လောက်ဖြင့် မလုံလောက်။ ထိုအရာများကို ဝေါဟာရ အသွင်ဖြင့် ဖော်ပြခြင်းထက် ပိုမို လိုအပ်၏။

ဖေဖေချမ်းသာကတော့ စာရွက်ပိုင်းကလေး တစ်ရွက်ပေါ်တွင် ပုံကြမ်း တွေ ရေးဆွဲပြီး ဝင်ငွေထွက်ငွေစာရင်းရှင်းတမ်းနှင့် လက်ကျန်စာရင်းရှမ်းတမ်း တို့၏ ဆက်နွှယ်မှုကို ရှင်းပြခဲ့၏။ သူက "ရပိုင်ခွင့်ဆိုတာ မင်းရဲ့ ငွေ လက်ကျန်ရှင်းတမ်းမှာ ဖော်ပြထားတဲ့ တိုလီမုတ်စ စာရင်းတစ်ခုလောက် မကဘူး။ ရပိုင်ခွင့် အစစ်အမှန်ကို ပြဋ္ဌာန်းတာက ငွေသားစီးဆင်းမှုပဲ။ ငွေကြေးလောကမှာ ငွေသားစီဆင်းမှုဆိုတာ အရေးအပါဆုံး စကားလုံးတစ်ခု ပဲ။ အဲဒီလိုအနေအထား ရှိနေတဲ့ကြားထဲကပဲ လူတွေ သဘော မပေါက် နားမလည်ဆုံးစကားလုံးဟာ အဲဒီစကားလုံး ဖြစ်နေတယ်ကွ။ မင်း ငွေသား ကို မြင်နိုင်တယ်။ ဒါပေမဲ့ လူအများစုဟာ စီးဆင်းမှုကို မမြင်ကြဘူး။ ဒီတော့ တစ်စုံတစ်ခုဟာ စာရင်းဖော်ထားတဲ့ အပရိက ပစ္စည်းတစ်ခုလား၊ ဒါမှမဟုတ် ပေးရန်တာဝန်တစ်ရပ်လား၊ ဒါမှမဟုတ် ရပိုင်ခွင့်အစစ်အမှန်လား ဆိုတာကို ပြဋ္ဌာန်းတာက ငွေသားစီးဆင်းမှုပဲကွ" ဟု ရှင်းပြခဲ့ပါသည်။

## ဆက်နွှယ်မှု

"ဘယ်ဟာက ရပိုင်ခွင့်လဲ၊ ဘယ်ဟာက ပေးရန်တာဝန်လဲဆိုတာကို အစစ် အမှန် အဓိပ္ပာယ်ဖွင့်ပေးတာက ဝင်ငွေထွက်ငွေ စာရင်းရှင်းတမ်းနဲ့ ငွေ

လက်ကျန် စာရင်းရှင်းတမ်းကြားမှာ စီးဆင်းနေတဲ့ ငွေသားပဲ” ဟု ဖေဖေ ချမ်းသာက ထပ်တလဲလဲ ပြောခဲ့၏။

သင့်ကလေးကို ငွေရေးကြေးရေးအရ ခေါင်းတစ်လုံးမြင့်စေချင်သည် ဆိုလျှင် ဤအကြောင်းကလေးကို အလွတ်ကျက်ထားပါ။ ပြီးတော့ သင့်ကလေးကို အကြိမ်ကြိမ်အခါခါ ပြောပေးပါ။ ဤစာရင်း၏ သဘောသဘာဝကို သင့်ကလေး နားလည်ရပါမည်။ အကယ်၍ သင့်ကလေးခေါင်းထဲမှာ စွဲနေစေချင်သည်ဆိုလျှင် ခဏခဏ ထပ်ပြောပြပါ။ သင့်ကလေးသည် ဤစာရင်းရှင်းတမ်းအကြောင်း မသိနားမလည်လျှင်တော့ သူက အပြင်ထွက်ပြီး ဂေါက်ရိုက်တံတွေ ဝယ်လိမ့်မည်။ ကားဂိုဒေါင်ထဲမှာ သိမ်းထားလိမ့်မည်။ ပြီးတော့ ဘဏ်မှ ငွေချေးရန်အတွက် ဘဏ်သို့ တင်ပြမည့် ငွေစာရင်းရှင်းတမ်းထဲတွင် ၎င်းဂေါက်ရိုက်တံများကို ရပိုင်ခွင့်ကော်လံ၌ ထည့်သွင်းထားလိမ့်မည်။

ဖေဖေချမ်းသာ၏ ကမ္ဘာမှာတော့ မော်တော်ကားဂိုဒေါင်ထဲမှာ ထောင်ထားသည့် ဂေါက်ရိုက်တံများသည် ရပိုင်ခွင့် မဟုတ်ပါချေ။ သို့သော် ငွေချေးလျှောက်လွှာ တော်တော်များများ၌ ၎င်းဂေါက်ရိုက်တံများကို ရပိုင်ခွင့်ခေါင်းစဉ်အောက်မှာ ထည့်လို့ရသည်။ သူတို့က ‘တစ်ကိုယ်ရေ အသုံးအဆောင်ပစ္စည်းများ’ ခေါင်းစဉ်အောက်မှာ ထည့်ကြ၏။ ဤကော်လံထဲတွင် သင်အသုံးပြုသည့် ရှူးဖိနပ်များ၊ ပိုက်ဆံအိတ်များ၊ လည်စည်းများ၊ ပရိဘောဂများ၊ ပန်းကန်ခွက်ယောက်များနှင့် တင်းနစ်ရိုက်တံ အဟောင်းများကို စာရင်းဖော်ကြ၏။ သူတို့သည် ဝင်ငွေထွက်ငွေ ရှင်းတမ်းနှင့် ငွေလက်ကျန်စာရင်းရှင်းတမ်း၏ ဆက်နွှယ်မှုကို နားမလည်ကြချေ။

သည်တော့ ရပိုင်ခွင့်တစ်ခု၏ ငွေသားစီးဆင်းမှုပုံစံမှာ အောက်ပါအတိုင်း ဖြစ်၏။




တစ်နည်းပြောရလျှင် ရပိုင်ခွင့်ဆိုသည်မှာ ဝင်ငွေကော်လံထဲသို့ **စီးဝင်**သွားသည့် ပိုက်ဆံဖြစ်၏။ အောက်တွင် ပေးရန်တာဝန်တစ်ရပ်၏ **ငွေသားစီးဆင်းမှု**ပုံစံကို တွေ့ရပါမည်။




တစ်နည်းပြောရလျှင် ပေးရန်တာဝန်တစ်ရပ်သည် အသုံးစရိတ်ကော်လံမှတစ်ဆင့် အပြင်သို့ ***စီးထွက်***သွားသည့် ပိုက်ဆံဖြစ်၏။

ကိုယ့်အိတ်ထဲဝင်လာသည့် ငွေနှင့် ကိုယ့်အိတ်ထဲမှ ထွက်သွားသည့် ငွေနှစ်ရပ်အကြားတွင် ခြားနားမှုတစ်ခုရှိကြောင်း သိနားလည်ဖို့ သင်သည် ဒုံးပျံတည်ဆောက်ရေး သိပ္ပံပညာရှင်ဖြစ်နေဖို့ မလိုပါ။ ဤအခြေခံ အယူအဆကို အားဖြည့်ပေးရန်အတွက် ဖေဖေချမ်းသာက “ရပိုင်ခွင့်တွေက မင်းတို့အိတ်ထဲကို ပိုက်ဆံထည့်ပေးတယ်။ ပေးရန်တာဝန်များကတော့ မင်းတို့အိတ်ထဲက ပိုက်ဆံကို ထုတ်ယူသွားတာ” ဟု မိုက်နှင့် ကျွန်တော့်ကို ရှင်းပြခဲ့၏။ ကိုးနှစ်သားတစ်ယောက်ဖြစ်သော ကျွန်တော်က သည်အကြောင်းကို သိခဲ့သည်။ သို့သော် လူကြီးတော်တော်များများက သည်အကြောင်းကို မသိကြချေ။

ကျွန်တော် အသက်ကလေးရလာပြီး လူတော်တော်များများသည် အလုပ်အကိုင်မြဲရေးကို ဖက်တွယ်ထားကြကြောင်း နားလည်သောအခါ ဖေဖေချမ်းသာက သူပြောခဲ့သည့်စကားကို နောက်တစ်ဆင့်မြှင့်ပြီး ပြောပြန်သည်။

“မင်းတို့ အလုပ်ပြုတ်သွားပြီဆိုရင် ရပိုင်ခွင့်တွေက မင်းတို့ကို ထမင်းကျွေးပြီး ပေးရန်တာဝန်များက မင်းတို့ကို ဝါးစားသွားလိမ့်မယ်” ဟူ၏။

“ငါ့အလုပ်သမားအများစုဟာ အလုပ်မလုပ်ဘဲ ရပ်ထားလို့ မရကြဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့က ပေးရန်တာဝန်များကို ဝယ်နေကြလို့။ ဒီတော့ ရပိုင်ခွင့်တွေလို့ သူတို့ ယူဆထားတဲ့ ပေးရန်တာဝန်တွေဘက်က တက်လာတဲ့ ငွေတောင်းခံလွှာတွေကို ပေးချေဖို့ ကြိုးစားရင်း သူတို့ဟာ လစဉ်လတိုင်း အစိမ်းလိုက် ဝါးအစားခံနေရတာကလား”

မဆိုစလောက်ကလေး ပိုပြီး ဆန်းပြားရှုပ်ထွေးသော အဓိပ္ပာယ်ဖွင့်ချက် ဖြစ်နေပြန်သည်။ သို့သော် စားပွဲတစ်ဖက်ခြမ်းမှာ ထိုင်ပြီး အလုပ်တစ်ခုရဖို့ ပုံစံတွေ ဖြည့်နေရတာတွေ၊ အလုပ်ပြုတ်သောအခါ ငိုယိုတောင်းပန်နေတာတွေ တွေ့ရဖန်များသောအခါ ဘာကြောင့် ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်

များ၏ ခြားနားချက်ကို နားလည်သဘောပေါက်ဖို့ သိပ်အရေးကြီးကြောင်းကို သိမြင်လာပါသည်။ အထက်ပါအဓိပ္ပာယ်ဖွင့်ချက်များ အရေးပါအရာရောက်မှုကို ကျွန်တော် အသက်ငါးဆယ့်ငါးနှစ်မတိုင်မီကပင် သိမြင် သဘောပေါက်ခဲ့၏။ ဤကား ကျွန်တော့်ဘဝအတွက် ငွေကြေးအသိပညာအရ ကြီးမားစွာ တစ်ပန်းသာခဲ့ခြင်း ဖြစ်ပေသည်။

သည်တော့ အဆင့်တစ်ကို ရိုးရှင်းသော ပုံကြမ်းကလေးများဖြင့် စခဲ့၏။ ထို့နောက် နှစ်အတန်ကြာအောင် အကြိမ်ကြိမ်အခါခါ အားဖြည့်ရှင်းပြမှုတွေ ရှိခဲ့၏။ ယနေ့ဆိုလျှင် လူတွေက သူတို့၏ အိမ်သည် ရပိုင်ခွင့်တစ်ရပ်ပါဟု ဖွတ်ငြင်းနေကြဆဲရှိသေးသည်။ ခေတ်မီဆန်းပြားသော ငွေကြေးကိစ္စများ၏ အဆင့်တစ်ဆင့်အထိတော့ ထိုအဆို မှန်နိုင်ပါသည်။ သို့သော် ဉာဏ်ရည်ဉာဏ်သွေးသည် ပိုမိုအနုစိတ်သော ခြားနားချက်များ ပြုလုပ်ရန်ဆိုလျှင် ချမ်းသာလိုသူတစ်ဦးသည် ငွေစာရင်းရှင်းတမ်းများအပေါ် အခြေခံပြီး တိကျသော ထူးခြားချက်များကို သိနားလည်နေဖို့ အရေးကြီးပါသည်။ ထို့အပြင် ငွေသားစီးဆင်းပုံ စီးဆင်းနည်းကို သဘောပေါက်နေဖို့လည်း အရေးကြီးပါသည်။ ယခုမူ လူတွေသည် အလုပ်အကိုင်မြဲရေးအတွက် အသည်းအသန် အားထုတ်နေပြီး သူတို့စိတ်ထဲမှာ ရပိုင်ခွင့်များဟု ထင်မှတ်သည့် ပေးရန်တာဝန်များကို ဝယ်ယူစုဆောင်းနေကြလေသည်။

သင့်ကလေးတွေသည် ရပိုင်ခွင့်များဟု သူတို့ထင်သည့် ပေးရန်တာဝန်များကို ဝယ်ယူစုဆောင်းနေလို့ကတော့ အသက်သုံးဆယ် မတိုင်မီ အငြိမ်းစားယူနိုင်မည် မဟုတ်ချေ။ ထိုသို့ ပေးရန်တာဝန်များကိုသာ တစ်ဝယ်တည်းဝယ်နေလျှင် သူတို့ ဘယ်ကျောင်းကပဲ ဆင်းလာလာ၊ သူတို့၏ အောင်မှတ်အဆင့်တွေ ဘယ်လောက်ပဲကောင်းကောင်း၊ ဘယ်လောက်ပဲ အလုပ်ကြိုးစားကြိုးစား (သို့မဟုတ်) လခ ဘယ်လောက်ပဲ ကောင်းကောင်း သူတို့ စီးပွားရေး ပြေလည်မည် မဟုတ်ပါ။ ထို့ကြောင့် ငွေကြေးပညာ အခြေခံများ အလွန်အရေးကြီးခြင်း ဖြစ်၏။ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်အကြား ခြားနားချက်ကဲ့သို့သော ရိုးရိုးရှင်းရှင်းအချက်ကလေးကို သိခြင်း၊ မသိခြင်းသည် ကျောက်စရစ်ခဲကလေး ရေမျက်နှာပြင်ကို ထိခြင်းနှင့်တူ၏။ လှိုင်းတွန့်အကျိုးဆက်သက်ရောက်မှုသည် သင့်ကလေး၏ ဘဝတစ်လျှောက်လုံး ဆက်လက်ရိုက်ခတ်နေတော့မည်သာ ဖြစ်၏။

ကျွန်တော်က အိမ်တစ်လုံး မဝယ်နှင့်ဟု ပြောနေခြင်းမဟုတ်။ နောက်ပြီး သင်၏ အိမ်ပေါင်အကြွေးများကို အကြေပေးဆပ်လိုက်ဟု ပြောနေခြင်းလည်း မဟုတ်။ ကျွန်တော်ပြောနေသည်မှာ ချမ်းသာကြွယ်ဝနေသူများအနေဖြင့် ပိုမို အနုစိတ်သော ငွေကြေးအသိပညာရှိဖို့ လိုအပ်ကြောင်း၊ ပိုမို အနုစိတ်သော ငွေကြေးပညာဆိုသည်မှာ ပိုမို အနုစိတ်သော ကွဲပြားခြားနားချက်များကို သာမန် သူလိုကိုယ်လို လူတစ်ဦးထက်ပိုပြီး သိနားလည်နိုင်စွမ်းရှိကြောင်းသာ ဖြစ်၏။

## ကျွန်တော့် ဘဏ်မန်နေဂျာက ကျွန်တော်ဘယ်လောက် ထက်မြက်သလဲ သိချင်သည်

လက်တွေ့ကမ္ဘာနှင့် ရင်ဆိုင်ဖို့ ကျွန်တော့်အား ကြိုတင် ပြင်ဆင်ပေးသည့် ပထမအဆင့်သည် ငွေစာရင်းရှင်းတမ်းနှင့် မိတ်ဆက်ပေးခြင်း ဖြစ်သည်။

"ငါ့ဘဏ်မန်နေဂျာက ဘယ်တုန်းမှ ငါ့ပညာရည် စစ်ဆေးမှုမှတ်တမ်းကို မတောင်းဘူး။ ဘဏ်မန်နေဂျာ ကြည့်ချင်တာက ငါ့ရဲ့ ငွေစာရင်းရှင်းတမ်းပဲကွ။ ငါ့ဘဏ်မန်နေဂျာက ကျောင်းမှာ ငါဘယ်လောက် စာတော်သလဲဆိုတာ မသိချင်ဘူး။ သူသိချင်တာက ငွေရေးကြေးရေးအရ ငါ ဘယ်လောက်တော်သလဲ၊ တတ်သလဲဆိုတာပဲ ရှိတယ်" ဟု ဖေဖေချမ်းသာ ခဏခဏ ပြောသည့်အတိုင်း ဖြစ်ပါသည်။

နောက်အခန်းများတွင် လက်တွေ့ကမ္ဘာထဲသို့ သင့်ကလေး မဝင်ရောက်မီ ငွေကြေးပညာကို ပိုတတ်၊ ပိုတော်လာအောင် သင်ပေးလို့ရမည့် တိကျသောနည်းလမ်းများကိုလည်း ဖော်ပြပါဦးမည်။

❒

# အခန်း (၉)

## ကလေးများက ဆော့ကစားပြီး သင်ယူသည်

တစ်နေ့သည်၌ ကျွန်တော်တို့ သားအဖနှစ်ယောက် ကြောင်ပေါက်စကလေး နှစ်ကောင် ဆော့ကစားသည်ကို ကြည့်နေမိကြ၏။ ကြောင်ကလေးနှစ်ကောင်က တစ်ကောင်ကို တစ်ကောင်ကိုက်ကြသည်။ လည်ပင်းကို၊ နားရွက်ကို။ နောက်ပြီး တစ်ကောင်ကို တစ်ကောင် ကုတ်သည်။ မာန်ဖီသည်။ ကြုံလျှင် ကြုံသလို တွန်းကြကန်ကြသည်။ သူတို့ကစားနေမှန်းသာ မသိလျှင် သူတို့ ကြည့်ရတာ ရန်ဖြစ်ပြီး အသေအလဲ သတ်ပုတ်နေသည့်နှယ်။

ဖေဖေကျောင်းဆရာက ပြောသည်။ "ကြောင်ကလေးတွေဟာ တစ်ကောင်နဲ့ တစ်ကောင် သူတို့ဗီဇထဲမှာ ပါလာပြီးဖြစ်တဲ့ ရှင်သန်ရေး ပညာတွေ သင်ပေးနေတာကွ။ တကယ်လို့ ဒီကြောင်တွေကို အစာ မကျွေး တော့ဘူး။ နောက်ပြီး တောထဲ သွားပစ်ထားမယ်ဆိုရင် သူတို့ အခုသင်ယူ နေတဲ့ ရှင်သန်ရေးကျွမ်းကျင်မှုတွေက သူတို့ကို အရိုင်းကမ္ဘာထဲမှာ ရှင်သန် နေနိုင်အောင် ထိန်းကျောင်းထားလိမ့်မယ်။ ဒီကျွမ်းကျင်မှုတွေကို သူတို့က ဆော့ကစားရင်းနဲ့ သင်ယူတာကွ။ လူသားတွေကလည်း အဲဒီနည်းအတိုင်း သင်ယူဆည်းပူးကြတာပဲ"

ကျွန်တော့်တစ်သက်မှာ ကြုံရသည့် စိတ်ဆင်းရဲစရာ အကောင်းဆုံး အလုပ်မှာ ကျွန်တော့်စက်ရုံကို ပိတ်ပြီး သစ္စာရှိသော အမှုထမ်း ၃၅ ယောက် ကို အလုပ်ဖြုတ်လိုက်ရခြင်းဖြစ်၏။ ကျွန်တော့်စက်ရုံ ဆက်လက်ဖွင့်နိုင်ရန် အတွက် အလုပ်သမားစရိတ်သက်သာသည့် အာရှတိုက်သို့ ပြောင်းပြီး စက်ရုံ

ဖွင့်ခဲ့ရ၏။ ထိုသို့ လုပ်လိုက်သည့်အတွက် ကျွန်တော် အောင်မြင်သွားသည်။ သို့ပေမဲ့ ကျွန်တော့် အလုပ်သမားတွေကတော့ အလုပ်ပြုတ်သွားသည်။

ကျွန်တော့် စက်ရုံပိတ်လိုက်ရစဉ်က ကျွန်တော့်အလုပ်သမားများကို ပေးနေသည့်လုပ်ခမှာ တစ်နာရီလျှင် ၃.၅၀ ဒေါ်လာ မပြည့်။ နောင် နှစ်ပေါင်း နှစ်ဆယ်ကြာလာသော် ယနေ့အချိန်တွင် ၎င်းအလုပ်သမားများ တစ်နာရီလျှင် ၅ ဒေါ်လာ သာသာကလေး ရပေမည်။ သူတို့ လုပ်ခတွေ တိုးရကောင်း ရမည်။ သို့သော် လုပ်ခတိုးခြင်းက သူတို့ကို သိပ်ကောင်းကျိုးပေးနိုင်မည် မဟုတ်ဟု ကျွန်တော်ယူဆသည်။ သည်ကာလအတွင်း သူတို့ တတ်လာသည့် ရှင်သန်ရေးပညာများမှာ အလုပ်တစ်ခုမှ နောက်တစ်ခုသို့ ပြောင်းခြင်း၊ ကြိုးစားပမ်းစား အလုပ်လုပ်၊ ငွေပိုရအောင် အားထုတ်၊ သည်လောက်ပါပဲ။ ဖေဖေချမ်းသာ ကျွန်တော့်ကို သင်ပေးထားသည်ကတော့...

"ငွေတစ်မျိုးတည်းကတော့ မင်းကို ချမ်းသာလာအောင် လုပ်မပေးနိုင်ဘူး။ အာမခံချက်ရှိတဲ့အလုပ်က မင်းကို လုံခြုံစိတ်ချတဲ့ ခံစားချက်မျိုး မပေးနိုင်သလိုပေါ့ကွာ" ဟူ၏။

ငွေကြေးအရ ရှင်သန်ရပ်တည်နိုင်ရန်နှင့် ငွေရေးကြေးရေးအရ စိတ်ချလက်ချ နေနိုင်ရန်အတွက် လူတွေသည် လက်တွေ့ကမ္ဘာကြီးထဲသို့ မဝင်မီကပင် ငွေကြေးဆိုင်ရာ ရှင်သန်ရေး ကျွမ်းကျင်မှုများ တတ်မြောက်ဖို့ လို၏။ သည်တော့ သင့်ကလေးသည်လည်း လက်တွေ့ကမ္ဘာထဲသို့ ခြေမချမီ ငွေကြေးပညာ တတ်မြောက်ကျွမ်းကျင်နေအောင် သင်ပေးထားဖို့ အရေးကြီးပါသည်။ အဆိုပါကျွမ်းကျင်မှုများ သင်ပေးရန် အကောင်းဆုံးနည်းမှာ သင့်ကလေးများနှင့် ဆော့ကစားခြင်းဖြစ်၏။ ဘာ့ကြောင့်ဆို သဘာဝတရားက ကလေးသူငယ်များအား သင်ယူဆည်းပူးစေလိုသောကြောင့် ဖြစ်၏။

## သင့်ကလေးအား ချမ်းသာအောင် သင်ပေးပြီး ပျော်မြူးပါ

ကျွန်တော်သည် ဖေဖေချမ်းသာထံမှ ငွေကြေးပညာတွေ အများကြီးရခဲ့၏။ အကြောင်းမှာ သူက သင်ယူခြင်းကို ပျော်စရာဖြစ်အောင် လုပ်တတ်သောကြောင့်ပင်။ သူက ဘယ်တော့မဆို ကစားပွဲများ ကစား၏။ ကျွန်တော့်ခေါင်းထဲသို့ သတင်းတွေ အတင်း ရိုက်မသွင်း။ တစ်ခုခုကို ကျွန်တော် မသင်ချင်ဘူးဆိုလျှင် ကျွန်တော်စိတ်ဝင်စားသည့် တခြားတစ်ခုခုကို သင်ယူခွင့်

ပေးသည်။ သို့မဟုတ်ပါကလည်း သူသင်ပေးဖို့ ကြိုးစားနေသည့် အကြောင်းအရာကို စိတ်ဝင်စားစရာကောင်းလာအောင် ဖန်တီးတတ်သည်။

လက်တွေ့ကမ္ဘာမှ လက်ဆုပ်လက်ကိုင်ပြစရာ တစ်ခုခုတော့ သူ့မှာ ရှိနေလေ့ရှိသည်။ သူသင်ပေးနေသည့် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကျွန်တော် ကြည့်လို့၊ ထိလို့၊ ခံစားလို့ရသည့် ရုပ်ဝတ္ထုတစ်ခုခု ပြလေ့ရှိသည်။ အရေးကြီးဆုံးကတော့ ကျွန်တော့်စိတ်ဓာတ်ကို ချေဖျက်မှုမျိုး မပြုခြင်းပင်။ ထိုသို့ပြုမည့်အစား သူက ကျွန်တော့်စိတ်ဓာတ်တွေ ကြံ့ခိုင်လာအောင် အားပေးသည်။

ကျွန်တော် အမှားတစ်ခု ပြုမိပြီဆိုလျှင် သူက ကျွန်တော့်အတွက် ***အဖြေမှန်*** တစ်ခု ဘယ်တော့မှ ရှာမပေး။ အဖြေမှန်ကို ရှာလို့ရအောင် ကျွန်တော့်ကို စိန်ခေါ်စမြဲ ဖြစ်သည်။ သူက ကျွန်တော့်ကို မေတ္တာအတိဖြင့် သင်ကြားပေးနိုင်လောက်အောင် စိတ်ရှည်သည်းခံသည်။ သူက ကျွန်တော့်ကိုယ်တွင်းမှာ ရှိနေသည့် မောင်ထက်မြက်ကလေးကို ဆွဲခေါ်ထုတ်ယူနိုင်ဖို့ အစွမ်းကုန် ကြိုးစားသည်။ တစ်ခုခုကို နားလည်ဖို့ အချိန်ကြာတတ်သော ကျွန်တော့်ကို စွမ်းရည် မပြည့်သူ၊ ထုံသူ၊ ထိုင်းသူ၊ သင်ယူအားနည်းသူဟူ၍ ဘယ်တော့မှ တံဆိပ်မတပ်။

သူက ကျွန်တော်သင်ယူသည့်နှုန်းအတိုင်း သင်ပေးသည်။ ကျွန်တော်သင်ယူချင်သည့် ဆန္ဒရှိမှ သင်ပေးသည်။ သင်ပေးနေသည်မှာ စာမေးပွဲတစ်ခုအောင်မြင်ဖို့မဟုတ်။ ကျွန်တော် တခြားချာတိတ်တွေနှင့် သူနိုင်ငါနိုင် အပြိုင်နွှဲပြီး အမြင့်ဆုံးအဆင့်တွေ ရရေးအတွက် သင်ပေးနေခြင်း မဟုတ်ပါချေ။

## ဆရာတွေ အကူအညီလိုသည်

လက်ရှိပညာရေးစနစ်က ကျွန်တော့်ကို ဖေဖေချမ်းသာ သင်ကြားပေးသည့်နည်းမျိုးဖြင့် သင်ကြားခွင့် မပြု။ သို့မဟုတ် ကလေးတစ်ယောက်ချင်းကို အချိန်ယူပြီး အလေးထား ဂရုစိုက်ဖို့ ဆရာများကို ခွင့်မပြု။ သည်စနစ်က စက်ရုံတစ်ရုံမှ ထုတ်ကုန်များကို အလုံးအရင်းဖြင့် ထုတ်လုပ်သလို စာသင်သားများကို ကျောင်းမှ မွေးထုတ်ပေးစေလိုသည်။ စက်ရုံတစ်ရုံက စက်ရုံ၏ ထုတ်လုပ်မှုစီမံချက်အတိုင်း စံချိန်မီအောင် ထုတ်လုပ်ဖို့ စီမံသလို **စာသင်**ကျောင်းကလည်း စီမံချက်အတိုင်း သင်ကြားပေးသည်။ **ကလေးတစ်ဦး၏** သင်ယူမှုစီမံချက်ကို ထည့်သွင်း မစဉ်စား။

ကျောင်းဆရာတော်တော်များများက သည်စနစ်ကြီးကို ပြုပြင်ပြောင်းလဲဖို့ အားထုတ်ခဲ့ကြ၏။ သို့သော် ကျွန်တော်ပြောခဲ့သလိုပင် သည်ပညာရေးစနစ်က မိကျောင်းနှင့် တူသည်။ ပြောင်းလဲဖို့ မဟုတ်၊ ရှင်ကျန်ဖို့ ပုံဖော်ထားသည့် သတ္တဝါတစ်ကောင်နှင့် တူသည်။ ထို့ကြောင့် မိဘနှင့်ကလေး ပူးပေါင်းပြီး အိမ်အလုပ် လုပ်ခြင်းသည် အလွန်အရေးကြီးခြင်း ဖြစ်၏။ သင့်ကလေးအိမ်သို့ သယ်လာသည့် ကျောင်းစာများထက်ပင် ပို၍ အရေးကြီးပါသည်။

အမိကရတက္ကသိုလ်တစ်ခုမှ ပါမောက္ခတစ်ဦးပြောသည်ကို ကျွန်တော်နားထောင်ခဲ့ရဖူး၏။

“ကလေးတစ်ယောက် ကိုးနှစ်အရွယ်ရောက်ပြီဆိုရင် သူဟာ ကျွန်တော်တို့ရဲ့ စနစ်နဲ့ အဆင်ပြေ၊ မပြေကို ကျွန်တော်တို့ သိနေပြီ။ ကျွန်တော်တို့စနစ်ရဲ့ ပြင်းထန် တင်းကျပ်မှုဒဏ်တွေကို တောင့်ခံနိုင်တဲ့ အရည်အချင်းတွေ ဒီကလေးမှာ ရှိ၊ မရှိ ကျွန်တော်တို့ သိနေပြီ။ စိတ်ပျက်စရာကောင်းတာက ကျွန်တော်တို့ရဲ့စနစ်နဲ့ အံ့မဝင်တဲ့ ကလေးတွေအနေနဲ့ ရွေးချယ်ဖို့ တခြားစနစ်တစ်ခု မရှိတာပဲ”

ကလေးဘဝတုန်းက ကျွန်တော့်အိမ်တွင် ပညာရေးလောကသားများဖြင့် ပြည့်နေသည်။ အလွန်တော်၊ အလွန်ကောင်းသူတွေပါ။ ဖေဖေချမ်းသာအိမ်သို့ ကျွန်တော်ရောက်သည့်အခါ သူ့အိမ်တွင် စီးပွားရေးလောကသားတွေပြည့်နေသည်။ သူတို့သည်လည်း အလွန်တော်၊ အလွန်ကောင်းသူတွေပါပဲ။ သို့သော် ထိုသို့ အလွန်ကောင်းသူတွေပင်လျှင် သည်လူတွေချည်း ဖြစ်နေဖို့ မလိုကြောင်း ကျွန်တော်ပြောလို့ရနေပါသည်။

## သင့်ကိုယ်သင်လည်း တစ်ကျော့သာအောင် ကြံဆောင်ပါ

ကျွန်တော် တစ်စတစ်စ အသက်ကလေးလာသောအခါ ကျွန်တော်သည် ကျွန်တော့်ဖေဖေ၏ ခြေရာကို နင်းမည်လားဟု လူတော်တော်များများက မေးကြ၏။ အမိပွာယ်ကတော့ ကျွန်တော်ရော ကျောင်းဆရာအလုပ်ကို လုပ်မည်လားဆိုသည့် သဘော။ ချာတိတ်ဘဝပဲရှိသေးသည့် ကျွန်တော်ပြန်ဖြေခဲ့သည်ကို သတိရနေမိ၏။

“မဖြစ်နိုင်ပါဘူး၊ ကျွန်တော်က စီးပွားရေးလောကထဲ ဝင်မှာ”

နှစ်တွေကြာလာတော့ စာသင်ရသည်ကို နှစ်သက်မြတ်နိုးနေမိကြောင်း ကျွန်တော် တွေ့လာရသည်။ ၁၉၈၅ ခုနှစ်တွင် ဗွန့်ဦးတီထွင် လုပ်ငန်းရှင်များ အတွက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုသင်တန်း စတင် သင်ကြားပို့ချပေးခဲ့ဖူး သည်။ သည်လို သင်ရတာကိုလည်း မြတ်နိုးသည်။ သင်ကြားပို့ချရတာ ကို ပျော်ရွှင်နှစ်သက်နေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် တတ်မြောက် လွယ်ဆုံး နည်းကို သုံးပြီး သင်ကြားပေးသောကြောင့်ပင်။ ကျွန်တော်က ကစားပွဲများ၊ စုပေါင်းသင်းဖွဲ့ပြိုင်ဆိုင်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးပွဲများနှင့် သင်ခန်းစာများမှ တစ်ဆင့် သင်ယူရလျှင် အတတ်မြောက်လွယ်ဆုံး ဖြစ်နေ လေ၏။

ပြုလုပ်မိသော အမှားများအတွက် အပြစ်ပေးမည့်အစား ကျွန်တော်က အမှားများကို အားပေးသည်။ သင်ယူသူများကို သူတို့ကိုယ်သူတို့ စစ်ဆေး ဖို့ ခိုင်းမည့်အစား အဖွဲ့တစ်ခုဖွဲ့ပြီး စစ်ဆေးမှုများ ပြုလုပ်စေသည်။ သင်တန်း တွင် တိတ်ဆိတ်ငြိမ်သက်နေရမည့်အစား ဆွေးနွေးသံများဖြင့် တစ်ခန်းလုံး တဝေါဝေါ ဖြစ်နေစေသည်။ ထိုအသံတွေ၏ နောက်ဘက်တွင် ရော့အင်ရိုးလ် တေးသံက ဖွင့်ထားလိုက်သေး။ တစ်နည်းဆိုရသော် ဆောင်ရွက်မှုများက ပထမ၊ အမှားများက ဒုတိယ၊ သင်ခန်းစာများက တတိယ၊ ရယ်မောခြင်း များက စတုတ္ထ ဖြစ်ပါသည်။

တစ်မျိုးပြောရလျှင် ကျွန်တော်က စာသင်ကျောင်းက သုံးသည့်စနစ် နှင့် ပြောင်းပြန်ဖြစ်သည့် စနစ်ကို အသုံးပြုခဲ့၏။ ဖေဖေနှစ်ဦးက ကျွန်တော့် ကို အိမ်မှာ သင်ပေးသည့်နည်းနှင့် တော်တော်ကြီး တူသည့်နည်းဖြင့် သင်ပေး ခဲ့သည်။ သည်ပုံစံဖြင့် သင်ရသည်ကို ပိုမိုနှစ်သက်သူ တော်တော်များများ ရှိကြောင်း ကျွန်တော်တွေ့ရသည်။ နောက်ပြီး ဆရာအဖြစ်ဖြင့် ကျွန်တော် အရမ်း ဝင်ငွေကောင်းခဲ့သည်။ မကြာမကြာဆိုသလို သင်တန်းသားတစ်ဦးလျှင် ဒေါ်လာ ထောင်ချီပြီး တောင်းခဲ့သည်။

ကျွန်မတော်က ဖေဖေနှစ်ဦး၏ သင်ကြားဟန်ကို အသုံးချသည်။ ပြီး တော့ ဖေဖေချမ်းသာ၏ ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သင်ခန်းစာ များကို သင်ပေးသည်။ နောက်ဆုံးကျတော့ ကျွန်တော် ဘယ်တော့မျှ မဝင်ပါ ဟု သစ္စာဆိုထားသည့် ဝမ်းကျောင်းလုပ်ငန်းတစ်ခုကို လုပ်ကိုင်နေမိတော့၏။ ကျွန်တော်သည် ပညာရေးဆိုင်ရာ ဝမ်းကျောင်းပညာတစ်ခုကို လုပ်ကောင်း

လုပ်နေမိမည်။ သို့ပေမဲ့ ကျွန်တော်က ကျွန်တော်လို သင်ယူတတ်သူများကို သာ သင်ပေးခြင်းဖြစ်၏။ စီးပွားရေးလောကတွင် ဆိုရိုးတစ်ရပ်ရှိ၏။ "ဟာ ကွက်ကိုရှာ၊ အဲဒီဟာကွက်ကို ဖြည့်" ဟူ၍။ ကျွန်တော်က ရောမ ဟာကွက် ကြီးကို တွေ့ခဲ့၏။ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွနှင့် ဟားလားဝါးလား ပညာရှာလိုသူများဆိုသည့် ဟာကွက်ကြီး။

ဤပညာရေးကုမ္ပဏီကို ထူထောင်ရာ၌ ကျွန်တော်တို့ ဇနီးမောင်နှံ သည် ၁၉၈၀ ပြည့်လွန်နှစ်များ အလယ်လောက်တွင် ကျွန်တော့်ပုံစံမျိုးဖြင့် သင်ကြားဖို့ ဝါသနာပါသည့် အခြား သင်တန်းဆရာများကို ရှာဖွေခဲ့ကြ၏။ ပထမဆုံး လိုအပ်ချက်မှာ သင်တန်းဆရာသည် လက်တွေ့ကမ္ဘာတွင် အောင် မြင်နေသူဖြစ်ရမည်။ ပြီးတော့ သင်ကြားခြင်းကို ဝါသနာပါသူ ဖြစ်ရမည်။ တစ်ခါတစ်ခါကျတော့ ထိုအရည်အချင်းနှစ်မျိုးဖြင့် ပြည့်စုံသူများကို ရှာဖွေ တွေ့ရှိဖို့ မလွယ်။ စာသင်ပေးရတာ ဝါသနာပါသူ အများကြီးရှိသည်။ သို့သော် သူတို့သည် လက်တွေ့ကမ္ဘာမှာ အောင်မြင်သူများ မဟုတ်ကြ။ ငွေကြေးနှင့် စီးပွားရေးလုပ်ငန်းမှာတော်ပြီး အသင်အပြ မကောင်းသူတွေလည်း ရှိသည်။ အဓိကသော့ချက်မှာ နှစ်မျိုးစလုံး ထူးချွန်သူများကို တွေ့အောင် ရှာဖို့။

## စာသင်သား ပါရမီရှင်များ

ကျွန်တော်သည် ဒေါက်တာ အာရ် ဘတ်မင်စတာ ဖူလာ ဆိုသော ပုဂ္ဂိုလ်ကြီး တစ်ဦးထံတွင် လေ့လာဆည်းပူးဖို့ အခွင့်ထူးရခဲ့၏။ သူကား ကျွန်တော်တို့ အမေရိက သမိုင်းကြောင်းတစ်လျှောက်တွင် ဂုဏ်ထူးပြဘွဲ့အမျိုးမျိုး အပေး ခံရပြီး ထင်ပေါ်ကျော်ကြားသူကြီး ဖြစ်၏။

သူ့ထံတွင် ပညာယူနေသည့် သီတင်းတစ်ပတ်တွင် ဒေါက်တာဖူလာ က ပြောသည်မှာ "တကယ်လို့ သင်ပေးနေတဲ့ဆရာက သူ ဘာပြောနေတယ် ဆိုတာ နားလည်ရင် စာသင်သားတွေဟာ ပါရမီရှင်ကလေးတွေ ဖြစ်ကုန် လိမ့်မယ်" ဟူ၍။ ကျွန်တော်တို့အလုပ်ကား ဆရာတစ်ဦး ရှာဖွေဖို့ မဟုတ်။ ကျွန်တော်တို့အလုပ်ကား သူတို့ ဘာပြောနေသည်ကို သိသူများဖြစ်ပြီး သူတို့ က သင်ကြားပေးချင်စိတ် ပေါက်လာအောင် အားပေးအားမြှောက်ပြုဖို့ရန်သာ ဖြစ်၏။

## သင်ကြားခြင်း တော်တတ်လာပါစေ

ပညာသင်ပေးရတာကို ပျော်ရွှင်ကြည်နူးသည်။ ငွေတွေ သောက်သောက်လဲ ရသည်။ ထိုနှစ်မျိုးထက် သာလွန်ပြီး ကျွန်တော့်အတွက် အကျိုးရှိသော တစ်စုံတစ်ခုကိုလည်း တွေ့ရှိခဲ့၏။ ယင်းကား ပညာသင်ပေးရင်း ပိုတော် ပိုတတ်လာခြင်း ဖြစ်၏။ ကျွန်တော် ပညာသင်ပေးသောအခါ သင်တန်းသား တွေအတွက် လိုအပ်သော သင်ခန်းစာများ ရှာတွေ့နိုင်ရန် ကိုယ့်ရင်ထဲကိုယ် နက်နက် နှိုက်ကြည့်ရ၏။ ကျွန်တော်တို့က သင်တန်းသား၊ သင်တန်းသူများ ၏ ကိုယ်ပိုင်ထိုးထွင်းသိမြင်မှုများ၊ ဖော်ထုတ်တွေ့ရှိချက်များကို လွတ်လွတ် လပ်လပ် တင်ပြခွင့်၊ ဆွေးနွေးခွင့် ပြုထားသည်။ သည်တော့ သင်တန်းသား များအကြား အပြန်အလှန် ဆွေးနွေးချက်များ၊ တင်ပြချက်များမှ ပညာအများ ကြီး ရသည်။

ဤအတွေ့အကြုံကြောင့် မိဘများအနေဖြင့် မိမိ၏ကလေးများကို သင်ကြားပေးဖို့ အချိန်ယူသင့်ကြောင်း ကျွန်တော် ထောက်ခံ တင်ပြနေခြင်း ဖြစ်သည်။ အကြောင်းမှာ ကလေးများနှင့် စကားပြောရင်း၊ ဆွေးနွေးရင်းက မိဘအတွက်လည်း ပညာ ရတတ်သောကြောင့်ပင်။ နောက်ပြီး မိဘက သူ၏ ကိုယ်ပိုင်ငွေကြေးအခြေအနေ တိုးတက်ကောင်းမွန်လိုသည်ဆိုလျှင် မိမိတို့ကလေးများကို ငွေအကြောင်း သင်မပေးမီ ငွေကြေးဆိုင်ရာ စိတ်ကူး စိတ်သန်းအသစ်များ ရှာဖွေသင့်၏။ ထိုနောက် မိမိတို့၏ ကလေးများကို ငွေကြေးဆိုင်ရာ အယူအဆဟောင်းများကို သင်မပေးထားဘဲ အယူအဆအသစ် များကိုသာ သင်ပေးပါလေ။

လူတော်တော်များများ ငွေကြေးပြဿနာ ပေါ်ခြင်းမှာ သူတို့သည် ငွေကြေးဆိုင်ရာ အယူအဆဟောင်းများကို အသုံးချနေသောကြောင့်သာ ဖြစ်၏။ ၎င်းအယူအဆများကို သူတို့မိဘများထံမှ ရခဲ့ခြင်းပင် ဖြစ်သည်။ တစ်ဖန် သူတို့က သူတို့၏ သားသမီးများကို ဖြန့်ဝေ လက်ဆင့်ကမ်းကြ ပြန်သည်။ သည်ဖြစ်စဉ်က ဆင်းရဲသားတွေ ဆင်းရဲတွင်းနက်နေစေပြီး လူ လတ်တန်းစားတွေက အလုပ်ကို ကျုံးရုန်းလုပ်ရင်းက အကြွေးသံသရာ လည်နေခြင်းကို အဖြေထုတ်ပြနေ၏။ သူတို့သည် သူတို့မိဘများထံမှ သင် ယူတတ်မြောက်ထားသည်များကို လုပ်ဆောင်နေကြခြင်းကြောင့်ပင်တည်း။

သည်တော့ တစ်စုံတစ်ရာ သင်ယူဆည်းပူးနိုင်ရန် အကောင်းဆုံး နည်းလမ်းတစ်ခုမှာ မိမိတတ်မြောက်ချင်သည့် အကြောင်းအရာကို အခြားသူများအား သင်ကြားပေးခြင်းသာ ဖြစ်၏။ တနင်္ဂနွေ ဓမ္မကျောင်းတွင် "ပေးအပ်ပါ။ ထိုအခါ သင်ရရှိလိမ့်မည်" ဟု သင်ကြားပေးသည့်အတိုင်း ဖြစ်ပါသည်။ သင့်ကလေးများကို ငွေအကြောင်း သင်ကြားပေးဖို့ သင့်ကိုယ်ပိုင်အချိန်တွင် များများမြှုပ်နှံလေ၊ သင်သည်လည်း ပို၍ ပို၍ တော်လာတတ်လာလေ ဖြစ်ပါလိမ့်မည်။

## သင်ယူဆည်းပူးရန် အဆင့်သုံးဆင့်

ငွေအကြောင်း သင်ယူဆည်းပူးရန် အဆင့်သုံးဆင့်ရှိကြောင်း ဖေဖေချမ်းသာက ကျွန်တော့်ကို သင်ပေးခဲ့၏။

***အဆင့်တစ်။ ရိုးရိုးရှင်းရှင်း ပုံကြမ်းများ။*** ကျွန်တော့်ပညာရေးသည် ရိုးရိုးရှင်းရှင်း မျဉ်းဖြောင့်ပုံကြမ်းများဖြင့် စတင်ခဲ့ပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်များကို နားလည်သဘောပေါက်ဖို့ အလေးပေးခဲ့၏။

| |
|---|
| ဝင်ငွေ |
| အသုံးစရိတ် |

| | |
|---|---|
| ရပိုင်ခွင့်များ | ပေးရန်တာဝန်များ |

***အဆင့်နှစ်။ ကစားခြင်း။*** ကျွန်တော်ပြောခဲ့သည့်အတိုင်း ကျွန်တော်ဟာ ကိုယ်တိုင်လုပ်ရမှ အမြန်ဆုံးတတ်မြောက်သူ။ သည်တော့ ဖေဖေချမ်းသာက နှစ်ပေါင်းအတန်ကြာအောင် ငွေစာရင်းရှင်းတမ်းများ ဖြည့်စွက်သည့်နည်းဖြင့် ကစားစေသည်။ တစ်ခါတစ်ခါတွင် မိုနိုပိုလီ ကစားရင်း ကျွန်တော်တို့၏ အစိမ်းရောင် အိမ်လေးလုံးနှင့် အနီရောင် ဟိုတယ်တစ်လုံးကို ကျွန်တော်တို့၏ ငွေစာရင်းရှင်းတမ်းထဲတွင် ထည့်သွင်းဖော်ပြစေခဲ့၏။

***အဆင့်သုံး။ လက်တွေ့ဘဝ။*** မိုက်နှင့် ကျွန်တော့်အတွက် လက်တွေ့ဘဝသည် အသက်ဆယ့်ငါးနှစ်လောက်တွင် အစပြုခဲ့၏။ ထိုစဉ်က ကျွန်တော်တို့ ငွေစာရင်းရှင်းတမ်းထဲတွင် ဖြည့်စွက်ပြီး ဖေဖေချမ်းသာထံ တင်ပြကြရသည်။ ဖေဖေချမ်းသာသည်လည်း အခြားဆရာကောင်းများနည်းတူ ကျွန်တော်တို့ တင်ပြသည့် ရှင်းတမ်းများကို အဆင့် သတ်မှတ်ပေးသည်။ ကျွန်တော်တို့ ဘယ်နေရာမှာ တော်ကြောင်း ထောက်ပြသည်။ ဘယ်နေရာတွေ

မှာတော့ တိုးတက်အောင် ကြိုးစားဖို့ လိုသေးကြောင်းကိုလည်း ထောက်ပြသည်။ ကျွန်တော့်ပညာရေးကို ဆက်ခဲ့ပြီး လက်တွေ့ဘဝတွင် ငွေကြေးဆိုင်ရာ မှတ်တမ်းတွေ ပြုစုခဲ့သည်မှာ ယခုဆို နှစ်ပေါင်း လေးဆယ်နီးပါး ရှိပြီဖြစ်၏။

## သင့်ကလေးကို ငွေအကြောင်း ဘယ်လိုသင်ပေးမည်လဲ

မိဘအများစုအနေဖြင့် အဆင့်နှစ်က စတင်သင့်ကြောင်း ကျွန်တော် ထောက်ခံပါသည်။ ဖေဖေချမ်းသာက ကျွန်တော့်အား အဆင့်တစ်က စသင်ခဲ့သော်လည်း ကလေးအများစုကို ဝင်ငွေ စာရင်းရှင်းတမ်းများ၊ ငွေလက်ကျန်ရှင်းတမ်းများလို ဒြပ်မဲ့စိတ်ကူးများအကြောင်း ပြောပြဖို့ သတိကြီးကြီး ထားရပါလိမ့်မည်။

တိတိကျကျပြောရလျှင် ကိုယ့်ကလေးသည် ထိုသဘောတရားများကို စိတ်ဝင်စားနေပြီဆိုမှ (သို့မဟုတ်) သင်ယူဖို့ အသင့်ဖြစ်နေပြီဆိုမှ အဆင့်တစ်အကြောင်း ပြောပြသင့်ပါသည်။ ဖေဖေချမ်းသာကတော့ ကျွန်တော့်ကို သည်အစီအစဉ်တိုင်း သင်ပေးခဲ့သည်။ ဘာကြောင့်ဆို ကျွန်တော်က သိချင်စိတ်၊ တတ်ချင်စိတ် ပြင်းပြနေသောကြောင့် ဖြစ်၏။

ကျွန်တော်ကတော့ မိုနိုပိုလီ ကစားနည်းဖြင့် စတင်ဖို့ အကြံပေးလိုပါသည်။ တချို့ကလေးများက သည်ကစားနည်း စွဲမက်နှစ်ခြိုက်ကြပြီး တချို့ကလေးကတော့ သည်အကြောင်းအရာကို ဟုတ်တိပတ်တိ စိတ်မဝင်စားကြောင်း တွေ့ရ၏။ ရင်းနှီးမြှုပ်နှံသူများနှင့် စွန့်ဦးတီထွင် လုပ်ငန်းရှင်များဖြစ်သော ကျွန်တော့်မိတ်ဆွေ တော်တော်များများသည် မိုနိုပိုလီ ကစားပွဲကို သဲကြီးမဲကြီးကစားကြောင်း ပြောကြသည်။ ထိုသို့သော စွဲမက်နှစ်ခြိုက်မှုမျိုး မတွေ့ရလျှင် ကျွန်တော်ကတော့ လူငယ်လူရွယ်များအား ငွေအကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအကြောင်းများကို ဇွတ်အတင်း သင်ပေးလိမ့်မည် မဟုတ်ပေ။ ငွေစာရင်းရှင်းတမ်းများအကြောင်းဆိုလျှင် ပို၍ပင် လက်ရှောင်ထားမည်သာ ဖြစ်ပါသည်။

## အဆင့်နှစ် အကျဉ်းချုပ်

အဆင့်နှစ်၏ အဓိကအချက်မှာ ပျော်ဖို့၊ ကစားဖို့နှင့် ငွေအကြောင်း သင်ယူချင်စိတ်ကလေး ပေါ်လာဖို့ဖြစ်၏။ ငွေအကြောင်းဆိုသည်မှာ ငွေကြေးစီမံခန့်ခွဲမှုနှင့် ငွေစာရင်းရှင်းတမ်းများ ဖြစ်သည်။ အောက်တွင် ဖော်ပြထားသော သင်ယူမှု ပိရမစ်ကို ကြည့်ခြင်းဖြင့် သင်ယူမှုသည် ဘယ်နည်းဖြင့် ပိုမို ထိရောက်လာနိုင်ကြောင်း တွေ့ရပါလိမ့်မည်။

ကစားပွဲတစ်ပွဲသည် လက်ဆုပ်လက်ကိုင် ပြလို့ရသည့် သင်ထောက်ကူပစ္စည်းဖြစ်ရာ ကစားပွဲတွင် သင်ယူမှုပိရမစ်မှာ ပါဝင်သည့် အဓိကအချက်လေးချက်စလုံး အကြုံးဝင်နေပေသည်။ ကစားပွဲများက ရုပ်ပိုင်းအရ သင်ယူသူများကို စိတ်ပိုင်းအရ သင်ယူမှုတွင် ထူးချွန်သူများနှင့် တန်းတူအခွင့်အရေးရစေ၏။ ဤနည်းတွင် စိတ်လှုပ်ရှားမှုလည်း အကျုံးဝင်စေ၏။ အကြောင်းမှာ ဤနည်းက ပျော်စရာကောင်းပြီး စိတ်အားထက်သန်မှု ဖြစ်စေသောကြောင့်ပင်။ ကစားပွဲများတွင် တကယ့်ငွေအစစ် မသုံးဘဲ ကစားစရာ ပိုက်ဆံကို အသုံးပြုသည်ဖြစ်ရာ အမှားအယွင်းများ ပြုလုပ်မိခြင်းသည် စိတ်ခံစားချက်အရ ထိခိုက်မှုနည်းပါးသည်။

အရွယ်ရောက်ပြီးသူ တော်တော်များများသည် အမှားတွေ ပြုလုပ်မိမှာ စိုးရိမ်နေပြီး အကြောက်ကြောက် အလန့်လန့်ဖြင့် ကျောင်းထွက်လာကြ၏။ အထူးသဖြင့် ငွေကြေးဆိုင်ရာ အမှားများ ဖြစ်၏။ ကစားပွဲများက အသက်အရွယ် မျိုးစုံရှိသည့် စာသင်သားအားလုံးကို ငွေကြေးဆိုင်ရာ အမှားများကို ကျူးလွန်မိစေနိုင်၏။ နောက်ပြီး တကယ့်ပိုက်ဆံအစစ် ဆုံးရှုံးသလို စိတ်မဆင်းရဲရဘဲ ထိုအမှားများမှ သင်ခန်းစာ ထုတ်ယူနိုင်ခွင့်လည်း ရစေနိုင်ပေသည်။

အရေးကြီးဆုံးကတော့ ငွေကြေးစီမံခန့်ခွဲမှုကို သင်ယူတတ်မြောက်ပြီး ငွေစာရင်းရှင်းတမ်းများ ဘယ်လို အလုပ်လုပ်ကြောင်း သိလာခြင်းအားဖြင့် ကလေး၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု မြင့်မားလာတော့သည်။ သူ့အားလက်တွေ့ကမ္ဘာကြီးကို ရင်ကော့ခေါင်းမော့ပြီး ရင်ဆိုင်ဖို့ ကြိုတင်ပြင်ဆင်ပေးပြီးသား ဖြစ်သွားတော့၏။

**သင်ယူမှု ပိရမစ်**




**ကစားပွဲများကို ရာစုနှစ်ပေါင်း များစွာကတည်းက အသုံးချခဲ့ကြသည်**

ယခုခေတ် စတိုးဆိုင်များမှာ ဝယ်လို့ရသည့် ကစားနည်းအများစုသည် အပျော်တမ်းကစားနည်းများသာ ဖြစ်၏။ သို့ဖြစ်စေကာမူ ကစားပွဲများကို ပညာရေးအတွက် အသုံးချခဲ့သည်မှာ ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပေပြီ။ မင်းနှင့် မင်းမျိုးမင်းနွယ်တို့သည် သူတို့၏ သားတော်၊ သမီးတော်များကို မဟာဗျူဟာကျကျ စဉ်းစားတွေးခေါ်တတ်ဖို့ စစ်တုရင် ကစားနည်းကို အသုံးချခဲ့ကြသည်။ သည်ကစားနည်းကို ကစားခိုင်းခြင်းဖြင့် သူတို့၏သားတော်များ စစ်ပွဲတစ်ပွဲတွင် မိမိ၏စစ်တပ်ကို ဦးဆောင်နိုင်စွမ်းရှိအောင် လေ့ကျင့်ခဲ့ကြ၏။ ဘက်ဂမွန် ကစားနည်းသည်လည်း မဟာဗျူဟာကျကျ တွေးခေါ်တတ်အောင် သင်ပေးရာ၌ အသုံးချခဲ့လေသည်။

ဘုရင်များနှင့် မင်းမျိုးမင်းနွယ်များဟာ ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုများ လိုအပ်သလို စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုများလည်း လိုအပ်ကြောင်း အသိအမှတ်ပြုခဲ့သည် ဆို၏။ ထို့ကြောင့် ကစားပွဲများ ကစားစေခြင်းသည် သူတို့၏စိတ်များကို လေ့ကျင့်နည်းဖြစ်ပေသည်။ သူတို့က သူတို့၏ ရင်သွေးများကို အဖြေများ အလွတ်ကျက်ခြင်း မပြုစေဘဲ စဉ်းစားတွေးခေါ်စေလိုကြ၏။

ယခုခေတ်တွင် ကျွန်တော်တို့သည် မိမိတို့၏ ကလေးများကို စစ်ပွဲအတွက် လေ့ကျင့်သင်ကြားပေးဖို့ မလိုတော့သော်လည်း ငွေနှင့်ပတ်သက်လာလျှင် မဟာဗျူဟာကျကျ စဉ်းစား တွေးခေါ်တတ်အောင် သင်ပေးဖို့တော့

လိုအပ်ပေသည်။ စစ်တုရင်ကစားနည်းသည် အဖြေ မပါသော ကစားနည်းဖြစ်၏။ သည်ကစားနည်းမျိုးက သင့်အား မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်ပြီး အနာဂတ်အတွက် စီမံကိန်းချတတ်စေသည်။ သည်ကစားနည်းမျိုးကသင် တစ်ခါကစားတိုင်း အဖြေတစ်မျိုးထွက်သည့် ကစားနည်းမျိုးလည်းဖြစ်၏။ တစ်ကွက်ရွှေ့ပြီးသည်နှင့် လက်ရှိမဟာဗျူဟာကို ပြောင်းရသည်။ သို့မှ ရေရှည်စီမံကိန်း အထမြောက်အောင်မြင်မည် ဖြစ်၏။

## ကစားပွဲများက သင့်ကလေးအား အနာဂတ်ကို လှမ်းမြင်အောင် အထောက်အကူပြုသည်

တစ်နေ့တွင် မိုနိုပိုလီကစားနေရင်း ဖေဖေချမ်းသာက စိတ်ဝင်စားစရာ စကားတစ်ခွန်း ပြောခဲ့၏။ ကျွန်တော်တစ်သက်လုံး မေ့မရသည့် စကားတစ်ခွန်းဖြစ်ပါသည်။ သူက မိုနိုပိုလီ ကစားသည့် ဘုတ်ပြားတစ်ခြမ်းလုံးကို ညွှန်ပြပြီး "ဒီဘက်ခြမ်းမှာရှိတဲ့ အိမ်ခြံမြေတွေ အားလုံးဝယ်ပြီး အဲဒီနေရာတွေမှာ အနီရောင် ဟိုတယ်ကြီးတွေ တည်ဆောက်နိုင်အောင် မင်းတို့ ဘယ်လောက်ကြာကြာ အချိန်ယူရမယ် ထင်သလဲ"... ဟု မေးပါတော့သည်။

မိုက်နှင့် ကျွန်တော်မှာ ပခုံးတွန့်လိုက်ကြ၏။ သူ့ဆိုလိုရင်းကို ကျွန်တော်တို့ သဘောမပေါက်။

"ဒီပွဲမှာလား"

"မဟုတ်ဘူး၊ မဟုတ်ဘူး။ ငါပြောတာ တကယ့်ဘဝမှာ။ ငါတို့ကစားနေတာ ခုဆို နှစ်နာရီလောက် ကြာသွားပြီ။ နောက်ဆုံးကြတော့ ငါက ဒီဘက်တစ်ခြမ်းလုံးမှာရှိတဲ့ အိမ်ခြံမြေတွေ အားလုံး ပိုင်နေပြီ။ ဒီအပေါ်မှာ အနီရောင်ဟိုတယ်တွေလည်း တည်ထားပြီ။ ငါ့မေးခွန်းက အဲဒီလိုဖြစ်အောင် အချိန် ဘယ်လောက်ကြာမယ်လို့ မင်းတို့ထင်သလဲလို့ မေးတာ"

မိုက်နှင့် ကျွန်တော် ပခုံးတွန့်လိုက်ကြပြန်သည်။ ဆယ့်တစ်နှစ်သားကျွန်တော်တို့နှစ်ယောက်သည် လက်တွေ့ဘဝတွင် ဘာတွေအတွက် အချိန်ဘယ်လောက် ကြာတတ်ကြောင်း အတွေ့အကြုံ နည်းလွန်းသေးသည်။ ကျွန်တော်တို့နှစ်ယောက်စလုံး ဖေဖေချမ်းသာ၏ အခြမ်းကို ကြည့်လိုက်

သည်။ သူ့ဘက်ခြမ်းတစ်ခြမ်းလုံးကို အနီရောင်ဟိုတယ် ခြောက်လုံးက လွှမ်းမိုးနေသည်။ ဖြစ်နိုင်ခြေရှိတာက ကျွန်တော်တို့ တစ်ချိမဟုတ် တစ်ချိ သူ့နယ်ပယ်ထဲ ရောက်သွားနိုင်သည်။ ပြီးတော့ နင့်ခနဲ့နေအောင် ငွေပေးရလိမ့်မည်။

"ကျွန်တော်တော့ မသိဘူး" ဟု မိုက်က ဖြေသည်။

"နှစ်ပေါင်းနှစ်ဆယ်လောက်လို့ ငါထင်တယ်ကွ" ဟု ဖေဖေချမ်းသာက ပြောသည်။

"နှစ်ပေါင်းနှစ်ဆယ်"

မိုက်နှင့် ကျွန်တော် ရေရွတ်လိုက်ကြ၏။ ဆယ်ကျော်သက်ရွယ် ကောင်ကလေးနှစ်ယောက်အတွက်တော့ နှစ်ပေါင်းနှစ်ဆယ်ဆိုသော ကာလသည် မှန်းဆလို့ မရနိုင်လောက်သည့် ကာလရှည်ကြီး ဖြစ်နေ၏။

"နှစ်တွေဟာ ကုန်လွန်လွယ်လွန်းပါတယ်။ လူအများစုဟာ အဲဒီနှစ်တွေကို တရိပ်ရိပ် ကုန်လွန်စေတယ်။ သူတို့ ဘယ်တော့မှ အစပျိုးမပေးတတ်ကြဘူး။ ဟော... နောက်တော့ ရုတ်တရက်ဆိုသလို သူတို့ဟာ အသက်လေးဆယ်ကျော်နေရော... ကြွေးတွေ လည်ပင်းခိုက်နေပြီ... ကလေးတွေကလည်း ကောလိပ်တက်ရတော့မယ်။ တော်တော်များများဟာ တစ်ခါမှ စဖို့ ဟန်မပြင်လိုက်ရဘူး။ သူတို့ဘဝရဲ့ အချိန်အများစုမှာ သူတို့ဟာ ငွေရဖို့ ကျုံးရုန်း အလုပ် လုပ်ကြရတယ်။ ကြွေးတွေတင်ပြီး ကြွေးတွေပဲ ထိုးဆပ်နေကြရတာပဲ"

"နှစ်ပေါင်းနှစ်ဆယ်တောင်" ကျွန်တော် ထပ်မံရေရွတ်လိုက်၏။

ဖေဖေချမ်းသာက ခေါင်းညိတ်သည်။ သူ့စိတ်ကူး ကျွန်တော်တို့ ခေါင်းထဲ စွဲသွားအောင် အချိန်ယူလိုက်၏။ နောက်ဆုံးတွင်မှ သူပြောသည်။

"မင်းတို့ရဲ့ အနာဂတ်ဘဝ ဒီနေ့က စမယ်" နောက်ပြီး ကျွန်တော့်ကို ကြည့်ပြီး ပြောသည်။ "မင်းဟာ မင့်ဖေဖေလုပ်သလို ကြွေးတွေ ဆပ်ဖို့ အလုပ်ကို ကျုံးလုပ်နေမယ်ဆိုရင် နောင်နှစ်နှစ်ဆယ်ကြာတဲ့အခါမှာ မင်းဟာ မင်းအဖေရဲ့ လက်ရှိဘဝမျိုးကိုသာ ရောက်နေတော့မှာပဲ"

"ဒါပေမဲ့ နှစ်နှစ်ဆယ်တောင်ဆိုတော့... ကျွန်တော်က မြန်မြန်သူဌေးဖြစ်ချင်တာ ခင်ဗျ"

"အင်း... လူအများစုကလည်း... ဒီအတိုင်းပါပဲ။ ခက်နေတာက လူများစုဟာ သူတို့ကို သင်ထားတာကိုပဲ လုပ်နေကြတယ်ကွ။ အဲဒါက ကျောင်းတက်၊ ပြီးရင် အလုပ်တစ်ခု ဝင်လုပ်။ အဲဒါဟာ သူတို့ရဲ့ အနာဂတ်ဖြစ်သွားတော့တာပေါ့။ အများစုဟာ နှစ်ပေါင်းနှစ်ဆယ် အလုပ်လုပ်ပြီး

သူတို့ အလုပ်လုပ်ခဲ့ပါတယ်ဆိုတာ ပြစရာ ဘာမှ အဖတ်တင် မကျန်ခဲ့ကြတော့ဘူး"

"ဒါမှမဟုတ်... ဒီကစားပွဲကို နှစ်နှစ်ဆယ် ကစားနေတာပေါ့" မိုက်က ထောက်သည်။

ဖေဖေချမ်းသာ ခေါင်းညိတ်လိုက်သည်။

"သားတို့... ဒါကတော့ မင်းတို့ရဲ့ ရွေးချယ်မှုပဲ။ ဒါဟာ နှစ်နာရီကြာတဲ့ ကစားပွဲ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ နောင်နှစ်နှစ်ဆယ်ကြာ ဆက်ကစားသွားရမယ့် မင်းတို့ရဲ့ အနာဂတ်လည်း ဖြစ်သွားနိုင်တယ်"

"ကျွန်တော်တို့ရဲ့ အနာဂတ်က ဒီနေ့ပဲပေါ့"... ဖေဖေချမ်းသာ၏ အနီရောင်ဟိုတယ် ခြောက်လုံးကို လှမ်းကြည့်ရင်း ကျွန်တော်ပြောလိုက်၏။

ဖေဖေချမ်းသာ ခေါင်းညိတ်သည်။ "ဒါဟာ ကစားပွဲသက်သက်လား၊ ဒါမှမဟုတ် မင်းတို့ရဲ့ အနာဂတ်လား"...။

## ငါးနှစ် နှောင့်နှေးခြင်း

Rich Dad's Guide to Investing စာအုပ်တွင် ကျွန်တော် ဗီယက်နမ်မှ ပြန်လာခြင်းဖြင့် အခန်းဖွင့်ခဲ့၏။ ၁၉၇၄ ခုနှစ်တွင် ကမ်းတက် တပ်ဖွဲ့မှ နုတ်ထွက်ခွင့်ရခဲ့၏။ ကျွန်တော်က နှစ်နှစ်ဆယ်စီမံကိန်းကို ၁၉၆၉ ခုနှစ်တွင် စတင်ဖို့ စီမံခဲ့၏။ ထိုနှစ်ကား ရေကြောင်းသိပ္ပံမှ ကျောင်းဆင်းသည့်နှစ်။ သို့သော် ဗီယက်နမ်စစ်ပွဲက ကျွန်တော့်စီမံကိန်းကို ငါးနှစ် နှောင့်နှေးသွားစေခဲ့၏။

နောင်နှစ်ပေါင်း နှစ်ဆယ်တိတိအကြာ... ၁၉၉၄ ခုနှစ်ကျမှ တကယ့်ဘဝ ကစားပွဲတွင် ကျွန်တော်တို့ ဇနီးမောင်နှံသည် အကြီးဆုံး အနီရောင်ဟိုတယ်တွေထဲမှ တစ်လုံးကို ထူထောင်နိုင်ခဲ့၏။ ထိုစဉ်ကစပြီး ကျွန်တော်တို့ နှစ်ယောက်စလုံး အငြိမ်းစားယူခဲ့ကြသည်။ ကျွန်တော်က အသက်လေးဆယ့်ခုနစ်နှစ်နှင့် ကင်မ်က အသက် သုံးဆယ့်ခုနစ်နှစ်။

မိုနိုပိုလီကစားပွဲက ကျွန်တော့်အား မိမိအနာဂတ်ကို လှမ်းမျှော်ကြည့်ခွင့်ပြုခဲ့၏။ ထိုကစားပွဲက နှစ်ပေါင်းနှစ်ဆယ်ကြာ သင်ယူရသည့် ပညာကို နှစ်နာရီကြာ အတွေ့အကြုံအဖြစ် ချုံ့ပစ်ခဲ့လေသည်။

## ကျွန်တော့်မှာရှိသော သာရည်

မိုနိုပိုလီ ကစားသူချင်းအတူတူ အခြားကလေးများထက် ကျွန်တော်က တစ်ပန်းသာနေခြင်းမှ ကျွန်တော်က ဝင်ငွေထွက်ငွေ စာရင်းနှင့် ငွေလက်ကျန်စာရင်းရှင်းတမ်းအကြောင်းများကို သူ့ဘောပေါက်နေခြင်းကြောင့်သာ ဖြစ်၏။ ကျွန်တော်က ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ ခြားနားချက်ကို သိသည်။ စီးပွားရေးလုပ်ငန်းတွေ၊ စတော့တွေ၊ စာချုပ်တွေအကြောင်းကိုလည်း သိသည်။

၁၉၉၆ ခုနှစ်မှာတော့ ကျွန်တော် "ငွေသားစီးဆင်းမှု" Cash Flow ကစားနည်းကို တီထွင်ခဲ့၏။ မိုနိုပိုလီ ကစားနည်းနှင့် လက်တွေ့ကမ္ဘာကြားတံတားထိုးပေးသည့် ကစားနည်းဖြစ်ပါသည်။ သင် (သို့မဟုတ်) သင့်ကလေးက မိုနိုပိုလီ ကစားနည်းကို သဘောကျသည်။ ပြီးတော့ စီးပွားရေးလုပ်ငန်းများ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ဖို့ စိတ်ဝင်စားသည်ဆိုလျှင် ကျွန်တော် တီထွင်ထားသည့် ကစားနည်းသည် ပညာပေးလုပ်ငန်းစဉ်တွင် ဒုတိယအဆင့် ဖြစ်ပေလိမ့်မည်။ ကျွန်တော်၏ ပညာပေးကစားနည်းများက မဆိုစလောက်ကလေးတော့ ပိုခက်ပြီး ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ဖို့ အချိန်နည်းနည်းကြာနိုင်သည်။ သို့သော် သင်ယူတတ်မြောက်သွားပြီဆိုသည်နှင့် သင်လည်း သင့်အနာဂတ်ကို နာရီပိုင်းကလေးအတွင်းမှာပင် မြင်ရတွေ့ရနိုင်ပါသည်။

## သင့်ငွေစာရင်း ရှင်းတမ်းသည် သင်၏ လက်တွေ့ဘဝ ပညာရည်စစ်မှတ်တမ်း ဖြစ်သည်

"ငါ့ ဘဏ်မန်နေဂျာက... ဘယ်တုန်းကမှ ငါ့ ပညာရည် စစ်ဆေးမှု မှတ်တမ်းကို တောင်းမကြည့်ခဲ့ဘူး" ဟု ဖေဖေချမ်းသာ ခဏခဏ ပြောတတ်သည်။ သူက "လူတွေ ငွေရေးကြေးရေးအရ ယက်ကန်ယက်ကန်ဖြစ်နေတဲ့ အကြောင်းရင်းတွေထဲက တစ်ခုကတော့ သူတို့ဟာ ငွေစာရင်းရှင်းတမ်းဆိုတာ ဘာမှန်းမသိဘဲ ကျောင်းထွက်လာခဲ့ကြလို့ပဲ" ဟုလည်း ပြောတတ်ပါသေးသည်။

## ငွေစာရင်းရှင်းတမ်းများသည် ချမ်းသာကြွယ်ဝခြင်း၏ အခြေခံဖြစ်သည်

အကြီးအကျယ် ချမ်းသာကြွယ်ဝလာအောင် ဖန်တီးရေးနှင့် ၎င်းစနစ်များကို ထိန်းထားရေးအတွက် အခြေခံလိုအပ်ချက်မှာ ငွေစာရင်းရှင်းတမ်းများသာ ဖြစ်၏။ သင်သိသည် ဖြစ်စေ၊ မသိသည်ဖြစ်စေ သင့်မှာ ငွေစာရင်း

ရှင်းတမ်း တစ်စောင် ရှိကို ရှိနေပါသည်။ မြေတစ်ကွက်မှာပင် ငွေစာရင်းရှင်းတမ်း တစ်စောင် ရှိသည်။ စီးပွားရေးလုပ်ငန်းတစ်ခုတွင်လည်း ငွေစာရင်းရှင်းတမ်းတစ်စောင် ရှိသည်။ ကုမ္ပဏီတစ်ခု၏ စတော့ရှယ်ယာတစ်ခုကို ဝယ်တော့မည်ဆိုလျှင် မဝယ်မီ ကုမ္ပဏီ၏ ငွေစာရင်းရှင်းတမ်းကို လေ့လာပါဟု အကြံပေးတတ်ကြသည်။

ငွေစာရင်းရှင်းတမ်းများသည် ငွေဖြင့် အလုပ်လုပ်သော အလုပ်ကိစ္စတိုင်း၏ အခြေခံပဲဖြစ်သည်။ ကံမကောင်း အကြောင်းမလှချင်တော့ လူများစုသည် ငွေစာရင်းရှင်းတမ်းဆိုတာ ဖြူသလား၊ မည်းသလား မသိဘဲ ကျောင်းထွက်လာကြခြင်း ဖြစ်၏။ ထို့ကြောင့်ပင် လူများစုအတွက် မိုနိုပိုလီကစားနည်းသည် တစ်ခုတည်းသော ပညာပေး ကစားနည်းဖြစ်နေခြင်း ဖြစ်၏။ ငွေစာရင်းရှင်းတမ်းဆိုတာ ဘာလဲ၊ ထိုရှင်းတမ်းကို ဘယ်လို အသုံးချသလဲ၊ ထိုရှင်းတမ်းများက မိမိအနာဂတ်ကို ဘယ်လို ထိန်းချုပ်သွားနိုင်သလဲဆိုတာကို လူတွေ စိတ်ဝင်စားလာအောင် သင်ပေးဖို့ လိုပါသည်။

## နိဂုံးချုပ်ရသော်

သင်ယူခြင်းတွင် အဆင့်သုံးဆင့်ရှိသည့်အနက် အဆင့်နှစ်သည် အရေးအကြီးဆုံး ဖြစ်၏။ စိတ်နှလုံးရွှင်လန်းမြူးပျော်ရင်း သင်ယူဆည်းပူးနိုင်ဖို့ အရေးကြီးပါသည်။ ငွေအကြောင်း သင်ယူရာတွင် ငွေဆုံးရှုံးမှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် သင်ယူရခြင်းထက် ပေါ့ပေါ့ပါးပါး ပျော်ရွှင်ရင်း သင်ယူရတာက များစွာ ပိုကောင်းပါသည်။ ငွေနှင့် ပတ်သက်လာလျှင် ပျော်ရွှင်ပြီး အားတက်သရော ဖြစ်နေရမည့်အစား မိဘများက ကြောက်စိတ်နှင့် အဆိုးမြင် သဘောထားကို ဖိပြောတတ်ကြကြောင်း မကြာခဏ ကြားရ၊ တွေ့နေရ၏။

အိမ်တွေထဲတွင် နံပါတ်တစ် အငြင်းပွားမှုသည် ငွေနှင့် ပတ်သက်နေသည်။ ကလေးတစ်ယောက်သည် ငွေကို ကြောက်စိတ်၊ ဒေါသတို့ဖြင့် တွဲဖက် မှတ်ယူထားတတ်ကြ၏။ အိမ်ထောင်စု တော်တော်များများတွင် ကလေးတစ်ယောက် သင်ယူသိမှတ်ထားသည်မှာ...ငွေဆိုတာ ရှားပါးကြောင်း၊ ရဖို့ မလွယ်ကြောင်း၊ ငွေရဖို့ ပင်ပင်ပန်းပန်း အလုပ်လုပ်ရမည် ဖြစ်ကြောင်းပင်။ ကျွန်တော့်အိမ်တွင် ကျွန်တော့်မိဘများနှင့် အတူရှိနေချိန်တွင် မကြာခဏ သင်ယူမှတ်သားရသည်မှာ အထက်ပါအတိုင်းပင် ဖြစ်၏။ ဖေဖေချမ်းသာနှင့်

အတူရှိနေချိန်တွင်မူ ငွေရှာခြင်းဆိုသည်မှာ ကစားပွဲတစ်ပွဲ ကစားခြင်းသာ ဖြစ်သည်ဟု သင်ယူသိမှတ်ရပါတော့သည်။ ကျွန်တော်က ငွေရှာခြင်းကို ကစားပွဲတစ်ပွဲ ကစားခြင်းသာဖြစ်ပြီး ထိုကစားပွဲကို ပျော်ပျော်ပါးပါး ကစားရမည်ဆိုသည့် လမ်းစဉ်ကိုသာ ရွေးချယ်ခဲ့လေသည်။

နောက်အခန်းများတွင် အဆင့်သုံးကို ရှင်းပါမည်။ ထိုအထဲတွင် လက်တွေ့ဘဝ (သို့မဟုတ်) တကယ့်ငွေအကြောင်း ပိုမို ပါဝင်လာပါလိမ့်မည်။ အဆင့်သုံးတွင် ပါဝင်သည့် လေ့ကျင့်ခန်းများကို လက်တွေ့ကမ္ဘာဝင်ဖို့ ပြင်ဆင်နေသည့် သင့်ကလေးများအား လေ့ကျင့်ပေးရာ၌ အသုံးချ၍ ရပါလိမ့်မည်။

❑

## အခန်း(၁၀)

## ငွေစုသူများသည် ဘာကြောင့် အရှုံးသမားများဖြစ်ရသလဲ

များမကြာသေးမီက ကျွန်တော့်ထံတွင် ငွေရေးကြေးရေး အကြံဉာဏ်တစ်ခု တောင်းခံလာသည့် မိတ်ဆွေတစ်ဦး ရှိ၏။ သူ့ပြဿနာကို ကျွန်တော်က မေးသောအခါ သူပြောပြသည်မှာ "ကျွန်မမှာ ငွေအများကြီး ရှိတယ်။ ဒါပေမဲ့ အဲဒီငွေကို ရင်းနှီးမြှုပ်နှံလိုက်ဖို့ ကြောက်နေတယ်ရှင့်" ဟူ၏။ သူသည် တစ်သက်လုံး အလုပ်ကို ကျိုးလုပ်လာသည်။ ပြီးတော့ ငွေစုသည်။ ယခု သူ့လက်ထဲမှာ ဒေါ်လာ ၂၅၀၀၀၀ လောက်ရှိနေပြီ။

ရင်းနှီးမြှုပ်နှံရမှာ ဘာကြောင့်ကြောက်နေသလဲဟု ကျွန်တော်က မေးမိသည်။ သည်တော့ သူက... "ဘာဖြစ်လို့လဲဆိုတော့ အဲဒီငွေတွေ ရှုံးသွားမှာ ကြောက်တယ်လေ။ ကျွန်မ နှစ်ပေါင်းများစွာ အလုပ်လုပ်ပြီး စုဆောင်းလာရတဲ့ ငွေတွေရှင့်။ ခုဆို ကျွန်မ အငြိမ်းစားယူဖို့ အသင့်ဖြစ်နေပြီ။ ကျွန်မရဲ့လက်ကျန် သက်တမ်းတစ်လျှောက်လုံး ဒီငွေလောက်နဲ့ မနေချင်ဘူးဆိုတာ ကျွန်မ သိပါတယ်။ ဒီတော့ ဒီထက် ဝင်ငွေကလေးကောင်းအောင်... ဒီငွေတွေနဲ့ ရင်းနှီးမြှုပ်နှံဖို့လိုတယ်ဆိုတာလည်း သိတယ်ရှင့်။ ဒါပေမဲ့ ဒီအသက် ဒီအရွယ်ကြီး ရောက်မှ ဒီရှိစုမဲ့စုငွေကလေး ရှုံးသွားရင် ဒီငွေလောက် ပြန်ရအောင် အလုပ်လုပ်နိုင်တော့မှာ မဟုတ်ဘူး... အချိန်က လင့်နေပြီလေ...တဲ့။"

### အောင်ရေးကျင့်စဉ် အဟောင်းကြီး

တစ်နေ့က ကျွန်တော် ရုပ်မြင်သံကြားကြည့်နေသည်။ အစီအစဉ်တွင် ကလေး စိတ်ပညာရှင်တစ်ဖြစ်လဲ ငွေရေးကြေးရေး အကြံပေးပုဂ္ဂိုလ်တစ်ဦးက "ခင်ဗျား တို့ရဲ့ ကလေးကို ငွေစုတတ်အောင် သင်ပေးဖို့ အရေးကြီးပါတယ်" ဟု ပြောသွားသည်။ တွေ့ဆုံမေးမြန်းခန်းကို ထုံးစံအတိုင်း အာလာပသလ္လာပ

စကားများဖြင့် စသည်။ ပြီးတော့ "စုမိတဲ့ တစ်ပဲနိပ်ဟာ... ဝင်ငွေ တစ်ပဲနိပ်ပဲ"၊ မိုးသည်းတဲ့နေ့အတွက် ငွေစုထားပါ" ကဲ့သို့သော ရှေးဆိုရိုးစကားများပြော ပြီး ငယ်ငယ်ရွယ်ရွယ်ကတည်းက ငွေကြေးဆိုင်ရာ အကျင့်ကောင်းတွေ ထူ ထောင်ဖို့ ဆက်ပြောသွားသည်။

မေမေဆိုလျှင် သူ့ကလေး လေးယောက်ကို ပြောလေ့ရှိသည်မှာ... "ဘယ်တော့မှ ငွေချေးသူလည်း မဖြစ်စေနဲ့၊ ငွေထုတ်ချေးသူလည်း မဖြစ်စေနဲ့" ဟူ၏။ ဖေဖေပြောလေ့ရှိသည် စကားကတော့... "မင်းတို့မေမေ ငွေထုတ် ချေးသူတွေဆီက ငွေချေး ချေးနေတာ ရပ်တန်းက ရပ်စေချင်ပြီကွာ။ ဒါမှ တို့လည်း စုငွေစာရင်းထဲ ငွေကလေးနည်းနည်းပါးပါး စုလို့ရအောင်"... ဟူ၏။

ကျွန်တော် ကြားကြားနေရသည့် မိဘတော်တော်များများ၏ အကြံ ပေးလမ်းညွှန်ချက်မှာ "ကျောင်းတက်၊ အောင်မှတ်ကောင်းကောင်းရအောင် ကြိုးစား၊ အလုပ်ကောင်းကောင်းတစ်ခု ရအောင်လုပ်၊ အိမ်တစ်လုံးဝယ်ပြီး တော့ ငွေစု"... ဟူ၍သာ ဖြစ်နေပါသည်။ ဤကား ကောင်းမွန်သော အောင်နိုင်ရေးကျင့်စဉ်တစ်ရပ် ဖြစ်၏။ သို့သော် စက်မှုလုပ်ငန်းခေတ်၏ အောင်နိုင်ရေးကျင့်စဉ်မျှသာ ဖြစ်နေပေသည်။ ထိုခေတ်အတွက် ကောင်းမွန် သော အောင်နိုင်ရေး ကျင့်စဉ်သည်ပင် သတင်းခေတ်အတွက်တော့ ရှုံးနိမ့်နိုင် သော အောင်နိုင်ရေးကျင့်စဉ် ဖြစ်နေလေ၏။

ဘာကြောင့်လဲ။

ရှင်းရှင်းကလေးပါ။ သတင်းခေတ်တွင် သင့်ကလေးသည် ပို၍ ခေတ်မီ ဆန်းသစ်သော ငွေကြေးသတင်းများရရန် လိုအပ်မည် ဖြစ်သောကြောင့်ပင်။ အငြိမ်းစားယူချိန်အတွက် စုဆောင်းငွေ (သို့မဟုတ်) ဘဏ်စုငွေစာရင်းမှာ ငွေစုတာလောက်ထက် ပို၍ ခေတ်မီဆန်းသစ်သော ငွေရှာနည်းတွေ လိုအပ် လာပြီဖြစ်သောကြောင့် ဖြစ်၏။

## ငွေစုခြင်းနှင့် ပတ်သက်၍ ဖေဖေချမ်းသာ သင်ပေးသည့် သင်ခန်းစာ

"ငွေစုသူတွေဟာ အရှုံးသမားတွေပဲ" ဟု ဖေဖေချမ်းသာ ပြောတတ်သည်။ ထိုသို့ပြောခြင်းမှာ ငွေစုဆောင်းခြင်းကို ဆန့်ကျင် ကန့်ကွက်ခြင်း မဟုတ်။ ထိုသို့ပြောရသည့် အကြောင်းရင်းမှာ သူက မိုက်နှင့် ကျွန်တော့်ကို ငွေစုခြင်း သက်သက်လောက်ကို ကျော်လွန်ပြီး ကြည့်စေချင်သောကြောင့်ပင်။ ချမ်းသာ

ဖေဖေ ဆင်းရဲဖေဖေ စာအုပ်တွင် ဖေဖေချမ်းသာ၏ သင်ခန်းစာ အမှတ်တစ်မှာ "ချမ်းသာသူတွေက ဝင်ငွေရဖို့ အလုပ်လုပ်ခြင်း မဟုတ်"...ဟူ၍ ဖြစ်၏။ မိုက်နှင့် ကျွန်တော့်ကို ဝင်ငွေရဖို့ အလုပ်လုပ်ခြင်းထက် ကျွန်တော်တို့အတွက် ကြိုးစားပမ်းစား ငွေရအောင် ဘယ်လို ရှာမည်လဲဟု ဖေဖေချမ်းသာက လေ့လာဆည်းပူးစေလိုသည်။ ငွေစုပြီး စုငွေပေါ်က ရသည့် အတိုးဖြင့်သာ ခြိုးခြံချွေတာ နေထိုင်ခြင်းသည် အရှုံးသမားများ လုပ်ရပ်ဟု ဖေဖေချမ်းသာ ယူဆသည်။ သူ့အယူအဆမှန်ကြောင်းလည်း သက်သေထူနိုင်ပေသည်။

သည်အကြောင်းကို ယခင်စာအုပ်များတွင် ဖော်ပြခဲ့ပြီးဖြစ်သော်လည်း ဤအကြောင်းသည် ထပ်ပြောရလောက်အောင် အရေးပါနေပါသည်။ ဤအကြောင်းက "ငွေစုသူတွေဟာ အရှုံးသမားတွေပဲ" ဟု ဖေဖေချမ်းသာ ဘာကြောင့် ပြောခဲ့သည်ကို ထောက်ပြပါသည်။ သင့်ကလေးများအား ငယ်ငယ်ရွယ်ရွယ်ကတည်းက ငွေစာရင်းရှင်းတမ်းများအကြောင်း နားလည်အောင် သင်ပေးထားရန် အလွန်အရေးကြီးသည်ဆိုသည့် အယူအဆကိုလည်း အားဖြည့်ပေးပါလိမ့်မည်။

## ကျွန်တော့်ဘဏ်မန်နေဂျာကို ကျွန်တော်က သိပ်ချစ်

တခြားအကြောင်း ကိစ္စတွေထက် အရင်ဦးဆုံး ပြောလိုတာကတော့ ကျွန်တော့် ဘဏ်မန်နေဂျာကို ကျွန်တော်ချစ်ကြောင်းပင် ဖြစ်ပါသည်။ သည်အကြောင်း အရာနှင့် ပတ်သက်သည့် ကျွန်တော်၏ ယခင်ပို့ချချက်များ နောက်ပိုင်းတွင် လူတော်တော်များများက ကျွန်တော်သည် ဘဏ်တွေကို ဆန့်ကျင်တိုက်ခိုက် သူဟု ထင်မြင်နေကြသောကြောင့် သည်စကားကို ပြောရခြင်းဖြစ်ပါသည်။ သည်ထက်ပိုပြီး အမှန်တရားနှင့် နီးစပ်တာ မရှိနိုင်။ ကျွန်တော့်ဘဏ် မန်နေဂျာကို ကျွန်တော်ချစ်သည့် ဖြစ်ရပ်မှန်မှာ ဘဏ်မန်နေဂျာသည် ကျွန်တော့်အတွက် ငွေထုတ်ပေးသူဖြစ်ပြီး ကျွန်တော်ချမ်းသာအောင် ကူညီသူ ဖြစ်သောကြောင့်ပါ။ ကျွန်တော်က ကျွန်တော် သည့်ထက်ပိုပြီး ချမ်းသာအောင် ကူညီသူများကို သိပ်ချစ်တတ်သည်လေ။ ကျွန်တော် ဆန့်ကျင်တိုက်ခိုက်နေ သည်မှာ ငွေကြေးပညာ ခေါင်းပါးမှုကိုသာ ဖြစ်၏။ ဘာ့ကြောင့်ဆို ငွေကြေး ပညာခေါင်းပါးမှုက... လူတော်တော်များများအား သူတို့ဘဏ်မန်နေဂျာကို လုပ်ဖော်ကိုင်ဖက်တစ်ဦးအဖြစ် အသုံးချစေသောကြောင့် ဖြစ်၏။ လုပ်ဖော်

ကိုင်ဖက်တစ်ဦး ဆိုသည်မှာ ဆင်းရဲသည်ထက် ဆင်းရဲအောင်လုပ်သည့် လုပ်ဖော်ကိုင်ဖက်ကို ဆိုလိုပါသည်။

ဘဏ်မန်နေဂျာတစ်ယောက်က သင့်အိမ်သည် ရပိုင်ခွင့်ဖြစ်သည်ဟု ပြောလာသည်ဆိုလျှင် မေးရမည့် မေးခွန်းမှာ သင့်ဘဏ်မန်နေဂျာ မုသားစကားပြောနေသလား (သို့မဟုတ်) အမှန်တရားပြောနေသလားဟူ၍ ဖြစ်၏၊ သင့်အိမ်သည် ဘယ်သူ၏ ရပိုင်ခွင့် အမှန်အကန်ဖြစ်သလဲ ဆိုတာကို သူထည့်ပြောမသွားခဲ့ပေ။ တကယ်က... သင့်အိမ်သည် ဘဏ်၏ ရပိုင်ခွင့်သာ ဖြစ်သည်။ သင်သာ ငွေစာရင်းရှင်းတမ်း တစ်စောင်ကို ဖတ်ကြည့်နိုင်မည်ဆိုလျှင် ဤအချက် ဘာ့ကြောင့် မှန်သည်ဆိုတာကို သိဖို့လွယ်သွားပါပြီ။

လူအများစုအတွက် သူတို့ အိမ်သည်... ဘဏ်၏ ရပိုင်ခွင့်သာ ဖြစ်ကြောင်း မှန်မှန်ကန်ကန် ဖော်ပြနေသည့် ပုံကြမ်းတစ်ခုကို လေ့လာကြည့်ရအောင်။

သင်




သင် မြို့ထဲရှိ ဘဏ်သို့သွားပါ။ နောက်ပြီး ဘဏ်၏ ငွေစာရင်းရှင်းတမ်းကို ကြည့်ပါ။ ထိုအခါ ငွေစာရင်းရှင်းတမ်းများ ဘယ်လို အလုပ်လုပ်သလဲဆိုသည့် သဘောတရား အစစ်အမှန်ကို သင် စတင်တွေ့မြင်ပြီး စတင် သဘောပေါက်လာပါလိမ့်မည်။

သင့်ဘဏ်၏ ငွေစာရင်းရှင်းတမ်းမှာ အောက်ပါအတိုင်းဖြစ်၏။

ဘဏ်




သင့်ဘဏ်၏ ငွေစာရင်းရှင်းတမ်းကို စစ်ဆေးကြည့်ခြင်းအားဖြင့် သင်၏ ပေးရန်တာဝန် ကော်လံမှာ စာရင်းသွင်းထားသည့် သင်၏ အိမ်ပေါင်ချေးငွေကို ဘဏ်က သူ၏ ရပိုင်ခွင့်ကော်လံမှာ ထည့်ထားကြောင်း တွေ့ရလိမ့်မည်။ သည်အဆင့်ရောက်လျှင် ငွေစာရင်းရှင်းတမ်းတွေက ဘယ်အကြောင်းအရာတွေကို ဘယ်လို ဖော်ပြတတ်သလဲဆိုတာကို သင် စတင် သဘောပေါက်လာမည် ဖြစ်ပါသည်။

## မြင်ကွင်း အပြည့်အစုံ

လူတွေက ပြောကြသည်။ သည်ရှင်းတမ်းက ဘာမျှ ခိုင်လုံသော အထောက်အထား မပြနိုင်ဟု။ သူတို့၏အိမ်သည်သာ သူတို့၏ ရပိုင်ခွင့်ဖြစ်သည်ဟု ဖွတ်ငြင်းတတ်ကြသည်။ ထိုအခါ ကျွန်တော်က စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အရေးအကြီးဆုံး စကားလုံးဖြစ်နိုင်ဖွယ်ရှိသည့် ငွေသားစီးဆင်းမှုဆိုတာဖြင့် သက်သေပြရတော့၏။ အဓိပ္ပာယ်ဖွင့်ဆိုချက်က ပြောထားသည် မဟုတ်လား၊ သင့်အိတ်ထဲသို့ ငွေစီးဝင်လာလျှင် သင်ပိုင်ဆိုင်ထားသည်မှာ ရပိုင်ခွင့်ဖြစ်ပြီး သင့်အိတ်ထဲမှ ငွေထွက်သွားသည်ဆိုလျှင် သင်ပိုင်ဆိုင်ထားသည်မှာ ပေးရန်တာဝန်တစ်ခုမျှသာ ဖြစ်သည်…ဟူ၍။

ငွေသားစီးဆင်းမှုလည်ပတ်ပုံ အပြည့်အစုံကို ကြည့်ပါ။ ထိုကားချပ်သည် စကားလုံးပေါင်း ထောင်သောင်းလောက် တန်ဖိုးရှိပါသည်။




## သည်တော့ စုငွေများက ဘာတွေလဲ

နောက်ထပ် မေးခွန်းတစ်ခုမှာ... အဲဒါနဲ့... စုငွေတွေဟာ အရှုံးသမားတွေအတွက်ပဲဆိုတာ ဘာဆိုင်လို့လဲဟူ၍ ဖြစ်ပါသည်။

သည်တစ်ချီလည်း ငွေစာရင်းရှင်းတမ်း ဖတ်ကြည့်ခြင်းဖြင့် အဖြေကို တွေ့နိုင်ပါသည်။

သင်၏ ငွေစာရင်းရှင်းတမ်းမှာ အောက်ပါအတိုင်း ဖြစ်၏။

**သင်**




မှန်ပါသည်၊ သင့်စုငွေများသည် ရပိုင်ခွင့်တစ်ခု ဖြစ်ပါသည်။ သို့သော် မြင်ကွင်းအမှန်ကို ရဖို့ရန် ကျွန်တော်တို့ ငွေသားစီးဆင်းမှု လမ်းကြောင်းကို ခြေရာခံလိုက်ကြည့်ရပါမည်။ သို့မှ သင့်ငွေကြေးဆိုင်ရာ ဉာဏ်ရည်တိုးတက်လာပါမည်။

သင့်ဘဏ်၏ ငွေစာရင်းရှင်းတမ်းကို ကြည့်လိုက်ပါဦး။

ဘဏ်




သည်တစ်ချီလည်း ငွေသားစီးဆင်းရာ လမ်းကြောင်းကို ကြည့်သည့် စစ်ဆေးမှုကို အသုံးပြုရပါမည်။ ထိုအခါ ရပိုင်ခွင့်ဆိုတာ ဘာလဲ၊ ပေးရန်တာဝန်ဆိုတာ ဘာလဲဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မှန်ကန်နေကြောင်း တွေ့ရပါလိမ့်မည်။




## ငွေစုခြင်းကြောင့်ရသော ဆုလာဘ်

ဖေဖေချမ်းသာ တစ်ခါက ပြောခဲ့သည်။

"မင်းတို့ရဲ့ စုငွေတွေအတွက် ၄ ရာခိုင်နှုန်း အတိုးပေးတယ်။ ဒါပေမဲ့ ငွေဖောင်းပွမှုနှုန်းက ၄ ရာခိုင်နှုန်းအထိ တက်နေတယ်။ ဒီတော့ မင်းတို့ ဘာမှ တိုးပွားမလာဘူး။ အဲဒီနောက် မင်းတို့ရတဲ့ အတိုးအပေါ်မှာ အစိုးရက ဝင်ငွေခွန် ကောက်တယ်။ ဒီတော့ အသားတင်ရလဒ်က မင်းတို့ရဲ့ စုငွေတွေအပေါ်မှာ မင်းတို့ငွေတွေ အရှုံးပေါ်နေတော့တာပဲပေါ့။ ဒါ့ကြောင့် "ငွေစုသူတွေဟာ အရှုံးသမားတွေ" လို့ ပြောတာ... ဟူ၍ ဖြစ်သည်။

ထိုမှတ်ချက် ပြောပြီးနောက်ပိုင်း ဖေဖေချမ်းသာသည် ငွေစုခြင်း အကြောင်း သိပ်မပြောတော့။ ထိုသို့ပြောမည့်အစား ကျွန်တော်တို့အတွက် သဲကြီးမဲကြီး အလုပ်လုပ်ပေးမည့်ငွေကို ရအောင်ရှာဖို့ သူက စတင် သင်ကြား ပေးခဲ့တော့သည်။ ကျွန်တော်တို့အတွက် သဲကြီးမဲကြီး အလုပ်လုပ်ပေးမည့် ငွေဆိုသည်မှာ ရပိုင်ခွင့်များ ဝယ်ယူစုဆောင်းထားဖို့ သို့မဟုတ် "ငွေကို ချမ်းသာကြွယ်ဝမှုအဖြစ်သို့ ပြောင်းလဲပစ်ဖို့"ပဲ ဖြစ်ပါသည်။

ကျွန်တော့်ဖေဖေနှင့် မေမေကတော့ သူတို့၏ငွေတွေကို ရပိုင်ခွင့် များဟု သူတို့ထင်သည့် အကြွေးများအဖြစ်သို့သာ ပြောင်းပစ်ခဲ့လေသည်။ ထိုအခါ သူတို့မှာ စုဆောင်းဖို့ တစ်ပြားတစ်ချပ်မျှ မကျန်တော့။ သူတို့သည် ကြိုးစားပမ်းစား အလုပ်လုပ်သည်။ ပြီးတော့ စုဆောင်းဖို့ပင် ငွေမကျန်။ သို့ဖြစ်သည့်တိုင် သူတို့ကလေးများအား တစိုက်မတ်မတ် ပြောခဲ့သည်မှာ... "အလုပ်တစ်ခု ဝင်လုပ်၊ အလုပ်ကြိုးစားပြီးတော့ ငွေစု"... ဟူ၏။

ထိုစကားသည် စက်မှုစီးပွားရေးခေတ်တုန်းက ကောင်းမွန်သော အကြံပေးချက် ဖြစ်ကောင်းဖြစ်ပါမည်။ သို့သော် သတင်းခေတ်မှာတော့ ဆိုးရွားသော အကြံပေးချက်ဖြစ်နေပေသည်။

## သင့်ငွေ ဘယ်လောက်မြန်မြန် လည်ပတ်နေသလဲ

ဖေဖေချမ်းသာက ငွေစုခြင်းကို မဆန့်ကျင်ပါ။ သို့ပေမဲ့ ကြောင်းကျိုးမဲ့ ငွေစုဖို့ အကြံပေးမည့်အစား သူက ငွေ၏ **အလျင်** အကြောင်းသာ ခဏခဏ ပြောတတ်ပါသည်။ ကိုယ့်ငွေကို သူများလက်ထဲ အပ်ထားပြီး အငြိမ်စား ယူချိန်ထိ စုထားဖို့ အကြံပေးမည့်အစား သူက 'ရင်းနှီးမြှုပ်နှံမှုအပေါ်မှရသည့် အမြတ်' အကြောင်း ခဏခဏ ပြောသည်။ ထိုစကားလုံးများသည် "မင်းငွေ မင်းဆီကို ဘယ်လောက်မြန်မြန် ပြန်လာသလဲ"... ဆိုသည်ကို တစ်ဖက်လှည့် ပြောခြင်းပင် ဖြစ်၏။

အလွန်ရိုးရှင်းသော ဥပမာတစ်ခုကို ကြည့်ပါ။

ဆိုပါစို့၊ ငှားထားသည့် အခန်းများပါသည့် အိမ်တစ်လုံးကို ကျွန်တော် ဒေါ်လာ (၁၀၀, ၀၀၀) ဖြင့် ဝယ်သည်။ လက်ငင်းပေးချေငွေအဖြစ် ကျွန်တော့် စုငွေများမှ ဒေါ်လာ (၁၀,၀၀၀) ထုတ်ပြီး ချေလိုက်၏။ တစ်နှစ်ကြာသော အခါ အခန်းငှားခများထဲမှ အိမ်ပေါင်ချေးငွေ၊ ပေးဆပ်ငွေ၊ အခွန်များနှင့် အခြားအသုံးစရိတ်များ နုတ်ပြီး အသားတင် ဒေါ်လာ ၁၀,၀၀၀ ရှာပေး

နေသေးသည်။ ယခုဆိုလျှင် ၎င်းအပိုဝင်ငွေ ဒေါ်လာ ၁၀,၀၀၀ ကိုင်ပြီး နောက်ထပ် အိမ်တစ်လုံး (သို့မဟုတ်) စတော့ (သို့မဟုတ်) လုပ်ငန်းတစ်ခု ထပ်ဝယ်လို့ရသွားပြီ။

ဤကား တချို့လူတွေပြောသည့် 'ငွေ၏အလျင်' ဖြစ်၏။ ဖေဖေ ချမ်းသာပြောသလို ပြောရလျှင်တော့ "ငါ့ငွေ ငါ့ဆီကို ဘယ်လောက် မြန်မြန် ပြန်ဝင်လာသလဲ" (သို့မဟုတ်) "ငါ့ရင်းနှီးမြှုပ်နှံမှုအပေါ်မှာရတဲ့ အမြတ်အစွန်းက ဘယ်လောက်လဲ" ဟူ၍ ဖြစ်ပါသည်။

ငွေကြေးအတွေးအခေါ် ခေတ်မီဆန်းသစ်သူတွေက သူတို့ငွေ ပြန်ပေါ်စေချင်သည်။ သို့မှ ရှေ့ဆက်လှမ်းပြီး အခြားရပိုင်ခွင့် တစ်ခုခုထဲတွင် ရင်းနှီးမြှုပ်နှံနိုင်မည် ဖြစ်၏။ ဤကား ချမ်းသာသူတွေ ပိုမို ချမ်းသာရခြင်းအကြောင်းအရင်း တစ်ခုဖြစ်ပါသည်။ ထိုအချိန်တွင် လူတကာက မိုးသည်းမည့်နေ့အတွက် စုဆောင်းဖို့ ကြိုးစားနေကြသည် (သို့မဟုတ်) မူးစုပဲစု စုနေကြသည် (သို့မဟုတ်) အလုပ်မှ အငြိမ်းစားယူချိန်အတွက် စုဆောင်းနေကြလေသည်။

## တကယ့်ငွေဖြင့် ကစားခြင်း

ဤအခန်းအစတွင် အလုပ်မှ အငြိမ်းစားယူကာနီးအရွယ်ရှိ မိတ်ဆွေတစ်ဦး သူ့စုငွေဒေါ်လာ ၂၅၀,၀၀၀ ဖြင့် ဘာလုပ်ရမှန်းမသိဖြစ်နေကြောင်း ကျွန်တော် ပြန်ပြောပြခဲ့၏။ သူ့စားဝတ်နေရေးအတွက် တစ်နှစ်လျှင် ဒေါ်လာ ၃၅,၀၀၀ လောက် လိုမည်မှန်း သူသိနေသည်။ ဒေါ်လာ ၂၅၀,၀၀၀ ကို ထုတ်ချေးလိုက်လည်း အတိုးက သူလိုအပ်သည့် ငွေပမာဏလောက် ရမည် မဟုတ်။

ကျွန်တော်က စုငွေထဲမှ ဒေါ်လာ ၁၀,၀၀၀ ထုတ်ယူပြီး အိမ်ဝယ်သည့် ရိုးရိုးရှင်းရှင်း ဥပမာကိုသာ ပြောပြသည်။ သူ၏ လိုအပ်ငွေပြဿနာကို သည်နည်းဖြင့် ရှင်းလို့ရကြောင်း ပြောပြသည်။ ဘာပဲဖြစ်ဖြစ်... သူ့အနေဖြင့် အိမ်မြေ အရောင်းအဝယ်လုပ်ငန်းကို လေ့လာဖို့တော့ လိုသည်။ နောက်ပြီး ရောင်းမည့် အိမ်မြေကို ရှာရမည်။ သူ့ကို ငွေ၏ အလျင်အကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအပေါ်မှရသည့် အမြတ်အစွန်းအကြောင်းတွေ ရှင်းပြသည်။ ထိုအခါမှာတော့ သူသည် အကြောက်လွန်ပြီး ကြက်သေသေနေတော့၏။ ကျွန်တော်ပြောတာတွေ သူသဘောပေါက်သည်။ အခိပ္ပာယ်ရှိမှန်း သိသည်။ သို့သော် ကြိုးစားပမ်းစား ရှာဖွေစုဆောင်းထားသော ချွေးနဲ့စာကလေး ကုန်သွားမှာကြောက်စိတ်က သူ့စိတ်ကို တံခါးပိတ်ထားလိုက်လေသည်။ အောင်နိုင်ရေးဘျှင်

စဉ်အသစ်၏ ဖြစ်နိုင်ခြေကိုလည်း လက်သင့်မခံတော့။ သူ့တစ်သက်လုံး သိခဲ့သည်မှာ အလုပ်ကျိုးလုပ်ပြီး ငွေစုဖို့သာဖြစ်၏။

ယနေ့တော့ သူ့ငွေတွေသည် ဘဏ်ထဲမှာ အိပ်နေဆဲ။ မကြာသေးမီက သူနှင့် ကျွန်တော် ထပ်ဆုံမိကြသည်။ သူက "ကျွန်မအလုပ်ကို ကျွန်မ မြတ်နိုးတယ်။ ဒီတော့ နောက်ထပ် သုံးလေးနှစ်လောက် ဆက်လုပ်လိုက်ဦးမယ် စိတ်ကူးတယ်။ ဒါမှ ကျွန်မလည်း သက်ဝင်လှုပ်ရှားနေမယ်လေ" ဟု ပြောသည်။ သူကျောခိုင်းထွက်ခွာသွားတော့ ဖေဖေချမ်းသာ ပြောတတ်သည့် စကားတစ်ခွန်းကို ကျွန်တော် ပြန်လည်ကြားယောင်နေမိ၏။

"လူတွေ အလုပ်ကို မတရား ကျိုးလုပ်နေကြတဲ့ အဓိက အကြောင်းရင်းကြီးတွေထဲမှာ တစ်ခုက သူတို့အတွက် ကျိုးရုန်းအလုပ်လုပ်ပေးမယ့် ငွေရှိအောင် ရှာဖို့ ဘယ်တုန်းကမှ မတတ်မြောက်ခဲ့လို့ပဲ။ ဒီတော့ ငွေကို နာနာမခိုင်းဘဲ သူတို့ကပဲ တစ်သက်လုံး နာနာ ကျိုးလုပ်သွားကြတော့တယ်။ အဲ… သူတို့ငွေတွေကိုတော့… စင်ပေါ်တင်ပြီး ကိုးကွယ်ထားကြတယ်လေ"

## သင့်ကလေးများအား သူတို့ငွေကို နာနာခိုင်းတတ်အောင် သင်ပေးခြင်း

သင့်ကလေးများအား သူတို့ငွေကို သူတို့အတွက် နာနာခိုင်းတတ်အောင် သင်ကြားပေးရာ၌ သင်အသုံးချကောင်း အသုံးချချင်မည့် စိတ်ကူးတချို့ကို ဖော်ပြလိုက်ပါသည်။ အကယ်၍ ကလေးတွေက သင်ယူဖို့ စိတ်မပါလျှင် ဇွတ်အတင်းမခိုင်းဖို့ မိဘများအား နောက်တစ်ကြိမ် ထပ်ပြီး သတိပေးပါရစေ။ မိမိတို့၏ကလေးကို မြေတောင်မြှောက်ပေးသည့် နည်းပရိယာယ်တစ်ခုမှာ သူတို့အား ဇွတ်အတင်း မခိုင်းဘဲ သူတို့ လိုလိုချင်ချင်ဖြစ်လာစေမည့် နည်းလမ်းများ ရှာဖွေခြင်းသာ ဖြစ်၏။

## စဘူး သုံးဘူး စနစ်

ကျွန်တော်ချာတိတ်ဘဝက ဖေဖေချမ်းသာက ကျွန်တော့်ကို တစ်ခုနှင့် တစ်ခု မတူသော စဘူး သုံးဘူး ဝယ်ဖို့ ပြောခဲ့၏။ ၎င်းဘူးများကို အောက်ပါအတိုင်း တံဆိပ်ကပ်ခဲ့၏။

## အလှူငွေ

ဖေဖေချမ်းသာက အလှူဒါနပြုခြင်းကို ယုံကြည်သူဖြစ်၏။ သူက သူ၏ စုစုပေါင်းဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ဖယ်ထားပြီး အလှူဒါနပြုသည်။

"ဘုရားသခင်အနေနဲ့တော့ လက်ခံရယူဖို့ မလိုအပ်ပါဘူး။ ဒါပေမဲ့ လူတွေကတော့ ပေးဆပ်ဖို့ လိုတယ်"... ဟု မကြာမကြာ ပြောတတ်သည်။ နှစ်ကာလများစွာအတွင်း ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်တော်တော်များများသည် ဆယ်ဖို့တစ်ဖို့ လှူဒါန်းခြင်းဖြင့် သူတို့ဘဝများ စခဲ့ကြောင်း တွေ့ရ၏။ ဖေဖေချမ်းသာက သူ၏ ဆယ်ဖို့တစ်ဖို့ လှူဒါန်းကျင့်ကြောင့် သူ ကြွယ်ဝချမ်းသာလာသည်ဟု ယုံကြည်သည်။ "ဘုရားသခင်က ငါ့စီးပွားဖက်ကွ။ မင်း ဘာမှ မပေးဘဲနေရင်... မင့်စီးပွားဖက်က ဘာမှမလုပ်ဘဲ နေတော့မှာပေါ့။ အဲဒီအခါကြ မင်းအလုပ်ကို ဆယ်ဆ ပိုပြီး လုပ်ရရော"... ဟုလည်း ပြောတတ်ပါသေးသည်။

## စုငွေ

စုဘူးအမှတ်နှစ်ကတော့ စုငွေများ စုဖို့ဖြစ်၏။ အကြမ်းဖျင်းနည်းလမ်းအဖြစ် သူက စုငွေ တစ်နှစ်စာ အသုံးစရိတ်လောက် လုံလောက်အောင် စုသည်။ ဥပမာ... သူ၏ တစ်နှစ် အသုံးစရိတ် စုစုပေါင်း ဒေါ်လာ ၃၅,၀၀၀ ဆိုလျှင် သူ့စုဘူးထဲတွင် ဒေါ်လာ ၃၅,၀၀၀ ရှိနေဖို့ အရေးကြီးသည်ဟု သူက ယူဆသည်။ ထိုငွေပမာဏပြည့်ပြီဆိုလျှင် နောက်ထပ်ဝင်ငွေများကို အလှူဒါနပြုတော့၏။ အကယ်၍ သူ၏ အသုံးစရိတ် မြင့်တက်လာလျှင် သူစုငွေကိုလည်း ပိုတိုးပြီး စုလေသည်။

## ရင်းနှီးမြှုပ်နှံငွေ

ကျွန်တော့်အမြင်အရတော့ ကျွန်တော်ဘဝမှာ အကြီးအကျယ် အသာစီးရစေသည်မှာ ဤစုဘူးပင်ဖြစ်၏။ ဤစုဘူးက ကျွန်တော် စွန့်စားမှုများပြုလုပ်နိုင်အောင် ငွေစုပေးလေသည်။

ဒေါ်လာ ၂၅၀,၀၀၀ စုငွေရှိသော ကျွန်တော့်မိတ်ဆွေသည် သူ ကိုးနှစ်သမီးလောက်ကတည်းက ဤစုဘူးမျိုးထားသင့်၏။ စောစောပိုင်းက ကျွန်တော် ဖော်ပြခဲ့သည့်အတိုင်း ကလေးတစ်ယောက်သည် ကိုးနှစ်အရွယ် ရောက်ပြီဆိုလျှင် သူသည် သူ့ပင်ကိုစရိုက်လက္ခဏာကို ရှာဖွေပါတော့သည်။ ကျွန်တော့်အတွက်တော့ သင်ယူဆည်းပူးဖို့အတွက် ငွေမလို။ အလုပ်တစ်ခု ရှိနေဖို့မလို။ ထိုအသက်အရွယ်တွင် ရင်းနှီးမြှုပ်နှံသည့် အလုပ်လုပ်ဖို့ မလို။ ထိုအရာများက ကျွန်တော့်ကိုယ်ပိုင် စရိုက်လက္ခဏာ ဖော်ဆောင်ရေးတွင် အထောက်အကူပြုခဲ့၏။ ကျွန်တော်သည် ငွေရေးကြေးရေး အာမခံချက်ကို ရှာဖွေတောင့်တနေရမည့်အစား ငွေရေးကြေးရေး ယုံကြည်စိတ်ချမှုကို ရခဲ့၏။

တစ်နည်းဆိုရသော် ဤတတိယစဘူးမှ ကျွန်တော် တကယ့်ငွေရခဲ့၏။ ၎င်းငွေဖြင့် အရဲကိုးစွန့်စားမှုတွေ ပြုလုပ်ခဲ့သည်။ အမှားတွေ ဖြစ်ခဲ့သည်။ သင်ခန်းစာတွေ ရခဲ့သည်။ နောက်ပြီး လက်ကျန်သက်တမ်းတစ်လျှောက်လုံးတွင် အရေးကြုံလျှင် သက်လုံကောင်းစေမည့် အတွေ့အကြုံများစွာလည်း အမြတ်ထွက်လာခဲ့၏။

၎င်းနီးမြှုပ်နှံမှုလုပ်ငန်း စတင်ရာတွင် ပထမဦးဆုံး ရှားပါး ဒင်္ဂါးစေ့များ စုဆောင်းသည်။ ၎င်းဒင်္ဂါးပြားများ ယနေ့ထက်တိုင် ကျွန်တော့်ထံတွင် ရှိနေသေးသည်။ ဒင်္ဂါးပြားများ ပြီးတော့ စတော့တွေ ဝယ်သည်။ နောက်တော့ အိမ်၊ ခြံ၊ မြေ။ သို့သော် ကျွန်တော် ၎င်းနီးမြှုပ်နှံနေသည်မှာ ရပိုင်ခွင့်များထက် ပညာသင်ဖို့က ပိုများသည်။ ယခုတော့ ငွေ၏ အလျင်အကြောင်းနှင့် ၎င်းနီးမြှုပ်နှံမှုမှ ရမည့် အမြတ်အစွန်းအကြောင်း ပြောပြီဆိုလျှင် ကျွန်တော်က နှစ်ပေါင်းလေးဆယ်ကျော် အတွေ့အကြုံအရ ပြောခြင်းသာ ဖြစ်နေပြီ။

ဒေါ်လာ ၂၅၀,၀၀၀ ပိုက်ပြီး အငြိမ်းစားယူရမည့်ဆဲဆဲ ဖြစ်နေသော ကျွန်တော့်မိတ်ဆွေဆိုလျှင် ယခုမှ အတွေ့ကြုံရှာရပေတော့မည်။ ဤသို့ အတွေ့အကြုံမရှိခြင်းကပင်လျှင် သူ့ချွေးနဲ့စာကလေး ကုန်သွားမှာ အကြောက်ကြီး ကြောက်နေစေခြင်း ဖြစ်၏။ ဤဘာသာရပ်တွင် မိမိက တစ်ပန်းသာနေခြင်းမှာ အဆိုပါ နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့သော အတွေ့အကြုံများကြောင့် ဖြစ်ပါသည်။

သင့်ကလေးများအား စဘူး သုံးဘူး ဝယ်ပေးခြင်းအားဖြင့် ငယ်ငယ်ရွယ်ရွယ်ဖြင့် တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံတစ်ရပ်ရသွားအောင် ကနဦးမတည်ငွေ ထုတ်ပေးလို့ရ၏။ သူတို့မှာ စဘူး သုံးဘူး ရပြီး ငွေစုသည့် အကျင့်ကောင်းကလေးတွေ ရလာပြီဆိုသည်နှင့် သင့်ကလေးများကို အကျိုးဆောင် လုပ်ငန်းတစ်ခုသို့ ခေါ်သွားချင်ပေမည်။ ထိုဌာနတွင် သူတို့အမည်ဖြင့် စာရင်းတစ်ခု ဖွင့်ခိုင်းပါ။ ပြီးတော့ အကျိုးတူရန်ပုံငွေစာချုပ်များ (သို့မဟုတ်) စတော့များကို သူတို့စုငွေဆိုသည့် စဘူးထဲမှာ လက်ကျန်ငွေ မရှိအောင် ထုတ်ယူလာသည့်ငွေဖြင့် ဝယ်ခိုင်းပါ။ ကလေးတွေကို ထိုသို့ လုပ်ခွင့်ပြုခြင်းအားဖြင့် သူတို့သည် ဤလုပ်ငန်းစဉ်မှ စိတ်ပိုင်းအရ၊ စိတ်ခံစားချက်အရ၊ ရုပ်ပိုင်းအရ အတွေ့အကြုံ အမြတ်များ ရလာနိုင်ပေသည်။

သည်အလုပ်ကို ကလေးများကိုယ်စား ဝင်လုပ်ပေးနေသည့် မိဘတွေ မြောက်မြားစွာရှိကြောင်း ကျွန်တော်သိပါသည်။ သူတို့သည် သူတို့၏ ကလေး

များ ငွေစုဘူးကလေးတစ်ဘူး ရလာအောင် ကူညီဖေးမနေတာ မှန်သည်။ သို့ပေမဲ့ သည်လုပ်ရပ်က သူတို့ကလေးတွေ အတွေ့အကြုံမရှိအောင် လုပ်ရာ ကျနေသည်။ တကယ်တော့ လက်တွေ့ကမ္ဘာထဲတွင် အတွေ့အကြုံသည် ပညာကဲ့သို့ပင် အရေးပါအရာရောက်လှပါသည်။

## သင့်ကိုယ်သင် အရင်ဆုံးပေးပါ

မကြာသေးမီက အိုပရာဝင်းဖရေး၏ ဟောပြောပွဲသို့ ကျွန်တော်ရောက်ခဲ့၏။ ဟောပြောပွဲသို့ တက်ရောက်လာသည့် ပရိသတ်တွေမေးသည့် အဓိကမေးခွန်း တွေထဲမှ တစ်ခုမှာ... "ဘယ်လိုလုပ်ပြီး သင့်ကိုယ်သင် အရင်ဆုံးပေးသလဲ" ဟူ၏။ အရွယ်ရောက်ပြီးသူ တော်တော်များများအတွက် သင့်ကိုယ်သင် အရင်ဆုံးပေး... ဆိုသော စိတ်ကူးသည် သစ်ဆန်းနေပြီး လက်တွေ့အကောင် အထည်ဖော်ဖို့ခက်နေကြောင်း သိလိုက်ရသည့်အတွက် ကျွန်တော် အံ့သြ တုန်လှုပ်သွားခဲ့ရသည်။

ခက်နေရသည့်အကြောင်းမှာ လူကြီးတော်တော်များများသည် လည်ပင်း ခိုက်အောင် ကြွေးတင်နေကြသောကြောင့် ဖြစ်၏။ သည်တော့ သူတို့ကိုယ် သူတို့ အရင်ဆုံးငွေပေးဖို့ဆိုတာ မဖြစ်နိုင်တော့။ ပြပွဲမှ ပြန်လာသောအခါ ဖေဖေချမ်းသာသည် ကျွန်တော့်အား စုဘူး သုံးဘူး စနစ်ကို ကျင့်သုံးစေခြင်း အားဖြင့် မိမိကိုယ်မိမိ အရင်ဆုံး ငွေပေးတတ်အောင် သင်ပေးခဲ့တာပါကလား ဟု သဘောပေါက်လာပါသည်။ ယခုအခါ လူကြီးတစ်ယောက်ဖြစ်နေသည့် ကျွန်တော့်မှာရော... ကျွန်တော့်ဇနီးမှာပါ စုဘူး သုံးဘူးစီ ထောင်ထားဆဲဖြစ် ၏။ ကျွန်တော်တို့၏ မှန်တင်ခုံပေါ်မှာ သူ့စုဘူးများနှင့် ကျွန်တော့်စုဘူးများ ရှိနေသည်။ ကျွန်တော်တို့သည် ယနေ့ထိ ဆယ်ဖို့တစ်ဖို့ လှူဆဲ၊ စုဆဲ၊ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ဆဲပါ။

အလွန့်အလွန် ချမ်းသာသူများ၏ ဘဝများကို ကျွန်တော်လေ့လာ သောအခါ သင့်ကိုယ်သင် အရင်ဆုံးငွေပေးသည့် အယူအဆသည် သူတို့ စိတ်ထဲတွင် အဓိက ဦးစားပေးဖြစ်ကြောင်း တွေ့ရ၏။ ဤအတွေးအမြင် သည် သူတို့ဘဝများ၏ အခြေခံဖြစ်၏။ မကြာသေးမီက ရင်းနှီးမြှုပ်နှံမှု ပညာတွင် ဂုရုကြီးတစ်ပါးဖြစ်သည့် ဆာဂျွန်တင်ပယ်လ်တန်၏ ဟောပြောပွဲ သို့ ရောက်ခဲ့၏။ သူက သူ၏ စုစုပေါင်းဝင်ငွေ၏ ၂၀ ရာခိုင်နှုန်းဖြင့် နေထိုင်နိုင်အောင် အားထုတ်ကြိုးစားပြီး ကျန် ၈၀ ရာခိုင်နှုန်းဖြင့် လှူဒါန်း

ခြင်း၊ စုဆောင်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းတို့ ပြုလုပ်သည်ဆို၏။ လူတော်တော်များများကတော့ သူတို့၏ စုစုပေါင်းဝင်ငွေ၏ ၁၀၅ ရာခိုင်နှုန်းပေါ်မှာ နေထိုင်နေကြလေသည်။ သည်တော့ သူတို့ကိုယ်သူတို့ အရင်ဆုံးပေးဖို့ရန် ခြူးတစ်ပြားမှ မကျန်တော့ချေ။ သူတို့ကိုယ်သူတို့ အရင်ဆုံးပေးရမည့်အစား သူတို့က အခြားသူတိုင်းကို အရင်ဆုံး ပေးနေကြလေသည်။

## မှတ်တမ်းပြုစုခြင်း

ဖေဖေချမ်းသာက စုဘူး သုံးဘူး စိတ်ကူးကို နောက်တစ်ဆင့် ထပ်လှမ်းခဲ့သည်။ သူက မိုက်နှင့် ကျွန်တော့်ကို စုဘူးသုံးဘူးနှင့် ကျွန်တော်တို့၏ ငွေစာရင်းရှင်းတမ်းများကို ဆက်စပ် နားလည်စေချင်သည်။ စုဘူးတွေထဲတွင် ဆက်ပြီး ငွေစုနေချိန်တွင် သူက စုဘူးတွေနှင့် ပတ်သက်သည့် စာရင်းကို ငွေစာရင်းရှင်းတမ်း အကြမ်းတွေထဲတွင် ထည့်သွင်းဖော်ပြစေ၏။ ကျွန်တော်တို့၏ စုဘူးများ စာရင်းဖွင့်ပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။




ကျွန်တော်တို့၊ ကျွန်တော်တို့၏ စာရင်း (သို့မဟုတ်) စုဘူးထဲမှ ငွေထုတ်ယူပြီဆိုလျှင် ကျွန်တော်တို့ စာရင်းသွင်းရ၏။ ဥပမာ– ကျွန်တော်က အလှူငွေစုဘူးထဲမှ ဒေါ်လာ ၁၅ ထုတ်ယူပြီး ဘုရားကျောင်းသို့ လှူဒါန်းသည်ဆိုလျှင် ကျွန်တော်၏ လစဉ်ငွေစာရင်းရှင်းတမ်းတွင် ဖော်ပြရ၏။

ကျွန်တော့် ငွေရေးကြေးရေး အခြေအနေသည် သည်လအတွက် အောက်ပါအတိုင်း ရှိပါလိမ့်မည်။




ကျွန်တော့်မှာ စုဘူး သုံးဘူးရှိသည်။ နောက်ပြီး ကျွန်တော့်ငွေအတွက် ငွေစာရင်းရှင်းတမ်းပေါ်မှာ ဖော်ပြခြင်းဖြင့် တာဝန်ယူထားသည်။ သည်တော့ ငွေကြေးပညာနှင့် အတွေ့အကြုံကို နှစ်ပေါင်းများစွာရရှိခဲ့၏။ ၎င်းပညာနှင့် အတွေ့အကြုံကို ကလေးများ မဆိုထားနှင့်…၊ လူကြီးအများစုသည်ပင် ဘယ်တုန်းကမျှ မရခဲ့ကြချေ။ ဖေဖေချမ်းသာက ပြောသည်မှာ "စာရင်းသွင်းခြင်း (Accounting) ဆိုတဲ့စကားလုံးဟာ *တာဝန်ခံမှု* (Accountability) ဆိုတဲ့ စကားလုံးက ဆင်းသက်လာတာ။ မင်းတို့ ချမ်းသာချင်သပါ့ဆိုရင် မင်းတို့ရဲ့ ငွေအတွက် မင်းတို့တာဝန်ခံနိုင်သူတွေ ဖြစ်ဖို့လိုတယ်" ဟူ၍ ဖြစ်ပါသည်။

တာဝန်ခံမှုနှင့် စာရင်းသွင်းခြင်းဆိုသော အတွေးအမြင်သည် လက်ရှိ ကျွန်တော့်ဘဝအတွက် ဘယ်လောက်အထိ အရေးပါအရာရောက်ကြောင်း ပြောပြနိုင်စွမ်းပင် မရှိပါ။ ဤအတွေးအမြင်သည် လူတိုင်းအတွက်လည်း အရေးကြီးပါသည်။ ဘဏ်တစ်ခုက သင်လျှောက်ထားသည့် ချေးငွေကို ယဉ်ယဉ်ကျေးကျေး ပယ်ချလိုက်ခြင်းသည် သင့်ငွေအပေါ် သင် တာဝန်ခံမှု မရှိခြင်းကို သူတို့ စိုးရိမ်ကြောင်း နည်းပေါင်းစုံ၍ဖြင့် ပြောပြလိုက်ခြင်း ဖြစ်ပေသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က နိုင်ငံတစ်နိုင်ငံသည် လိုအပ်သလောက် 'ပွင့်လင်းမှု' မရှိဟု ပြောလာပြီဆိုလျှင် သူတို့က ထိုနိုင်ငံ၏ ပိုမို ရှင်းလင်းပြတ်သားသော ငွေစာရင်းရှင်းတမ်းများကို တောင်းဆိုနေပြီ ဖြစ်ပေသည်။ 'ပွင့်လင်းမှု' (Transparency) ဆိုသည်မှာ ကြည်လင်ပြတ်

သားမှု ဖြစ်ပါသည်။ အဓိပ္ပာယ်ကတော့ စိတ်ဝင်စားသူ မည်သူမဆို သည် ငွေသား ဘယ်ကို စီးဆင်းသွားသည်၊ ဘယ်သူ့ဆီ စီးဆင်းသွားသည်ကို ရှင်လင်းပြတ်သားစွာ မြင်နိုင်ရမည်ဆိုသည့် သဘောဖြစ်ပါသည်။

သည်တော့ သင်သည် ကလေးငယ်တစ်ယောက်ပဲဖြစ်ဖြစ်၊ မိသားစု တစ်စု၊ စီးပွားရေးလုပ်ငန်းတစ်ခု၊ ဘုရားကျောင်းတစ်ကျောင်း (သို့မဟုတ်) နိုင်ငံကြီးတစ်နိုင်ငံဖြစ်ဖြစ် ဘာပဲဖြစ်နေဖြစ်နေ သင့်ငွေကို စီမံခန့်ခွဲနိုင်စွမ်း ရှိရေးနှင့် တာဝန်ခံနိုင်သူဖြစ်ရေးသည် အရေးကြီးသော ကျွမ်းကျင်မှုများ ဖြစ်ပါသည်။ ၎င်းကျွမ်းကျင်မှုများသည်လည်း အလေးထား လေ့လာဆည်းပူးဖို့ ထိုက်တန်သော ကျွမ်းကျင်မှုများပဲ ဖြစ်ပါသည်။

## ဤကား အဦးအစ ဖြစ်သည်

မိုနိုပိုလီကစားပွဲ၊ စုဘူးသုံးဘူးနှင့် ငွေစာရင်းရှင်းတမ်းများဆိုသော ရိုးရိုးရှင်း ရှင်း အတွေးအခေါ်ကို အသုံးပြုခြင်းသည် ဖေဖေချမ်းသာက သူ့သားနှင့် ကျွန်တော့်အား လက်တွေ့ ငွေကမ္ဘာကြီးထဲသို့ စတင် ဝင်ခိုင်းပုံ ဝင်ခိုင်းနည်း ဖြစ်ပေသည်။

မူလအယူအဆက ရိုးရှင်းသည်။ သို့သော်... ရိုးရှင်းတိုင်း မပြတ် ဆက်လက် ကျင့်သုံးနေဖို့ကတော့ လွယ်သည် မဟုတ်ပါ။ ဤလုပ်ငန်းစဉ်မှ ကျွန်တော်သင်ယူရရှိသည့် အရေးကြီးဆုံး သင်ခန်းစာတစ်ခုမှာ ငွေရေးကြေး ရေးအရ စည်းကမ်းရှိခြင်း၏ တန်ဖိုးကို သိလာခြင်းပင်ဖြစ်၏။

ကျွန်တော်၏ ငွေကြေးအခြေအနေကို တစ်လတစ်ကြိမ် ဖေဖေချမ်းသာ ထံ တင်ပြရမည်ဆိုတာ ကျွန်တော်သိနေသည်။ ကျွန်တော့်ငွေအားလုံးအတွက် တစ်လတစ်ကြိမ် တာဝန်ခံသူဖြစ်ရမည်ဆိုတာ ကျွန်တော်သိနေသည်။ ကျွန်တော် ထွက်ပြေးပြီး ပုန်းနေချင်သည့် လတွေ သေချာပေါက်ရှိခဲ့ပါသည်။ သို့တိုင် ယခုနေ ပြန်စဉ်းစားကြည့်တော့ အခြေအနေ အဆိုးဆုံးလများသည် ကျွန်တော် ပညာအများဆုံးရသော လများ ဖြစ်နေတတ်ပေသည်။ အဘယ့် ကြောင့်ဆိုသော် ကိုယ့်အကြောင်းကိုယ် အများဆုံး သိလာသောကြောင့်ပင်။ ဤစည်းကမ်းသေဝပ်ခြင်းသည် ကျွန်တော့်အား ကျောင်းမှာလည်း အထောက် အကူ ပြုခဲ့၏။ အဘယ့်ကြောင့်ဆိုသော် ကျောင်းစာမေးပွဲများတွင် အများဆုံး ဒုက္ခတွေ့ရသည်မှာ ကျွန်တော့်ဉာဏ်ရည် ညံ့ဖျင်းသောကြောင့် မဟုတ်ဘဲ စည်းကမ်းမရှိသောကြောင့်သာ ဖြစ်၏။

ဤကား လက်တွေ့ကမ္ဘာထဲတွင် ငွေကို ဘယ်လို ကိုင်တွယ်ထိန်းသိမ်းရမည်ဖြစ်ကြောင်း မိုက်နှင့် ကျွန်တော့်အား ဖေဖေချမ်းသာ သင်ပေးသွားပုံဖြစ်ပါသည်။ နောက်အခန်းများတွင် သည့်ထက်အဆင့်မြင့်သော လေ့ကျင့်ခန်းများနှင့် မိတ်ဆက်ပေးပါမည်။ ထိုသို့လေ့ကျင့်ရင်း စမ်းကြည့်လို့ရမည့် အခြားသင်ခန်းစာများလည်း ပါဝင်ပါလိမ့်မည်။ ယခု ဆက်လက်ဖော်ပြမည့် သင်ခန်းစာများ တတ်မြောက်ထားဖို့ အရေးကြီးပါသည်။ ဘာကြောင့်ဆို ယနေ့ခေတ်တွင် မိုးသည်းသောနေ့အတွက် ငွေစုရုံ စုနေခြင်းသည် ငွေရေးကြေးရေးအရ သူများနောက်က လိုက်ရမည့် နည်းလမ်း ဧကန်အမှန်ဖြစ်နေသောကြောင့်ပင်။

ငွေစုခြင်းသည် စက်မှုစီးပွားခေတ်တုန်းကတော့ အိုကေသော အမြော်အမြင်တစ်ရပ်ပါ။ ယခုကာလ သတင်းခေတ်မှာတော့ ငွေစုခြင်းသည် သတင်းအပြောင်းအလဲများကြောင့် ဖြစ်ပေါ်လာသော အပြောင်းအလဲများ၏ အမြန်နှုန်းကို လိုက်၍ မီနိုင်တော့မည် မဟုတ်ပါ။ သတင်းခေတ်တွင် သင့်ငွေ ဘယ်လောက် လျင်လျင်မြန်မြန် လည်ပတ်နေသလဲဆိုတာနှင့် ထိုငွေက သင့်အတွက် ဘယ်လောက် စွမ်းစွမ်းတမံ အလုပ်လုပ်ပေးနေသလဲဆိုတာကိုသာ သင် သိချင်ပေလိမ့်မည်။

❑

## အခန်း(၁၁)

## ကြွေးကောင်းနှင့် ကြွေးဆိုး ခြားနားချက်

ကျွန်တော့် ဖေဖေနှင့် မေမေသည် သူတို့ဘဝ၏ အချိန်အများစုကို ကြွေးတွင်းထဲက ရုန်းထွက်နိုင်အောင် ကြိုးစားရင်း ကုန်လွန်ခဲ့ရပေသည်။

တစ်ဖက်တွင် ဖေဖေချမ်းသာကတော့ ကြွေးတွေ တင်သည်ထက်တင်အောင် ကြိုးစားရင်း သူ့ဘဝ၏ အချိန်အများစုကို ကုန်လွန်စေခဲ့၏။ မိုက်နှင့် ကျွန်တော့်ကို ကြွေးမတင်အောင်နေဖို့နှင့် ပေးဆပ်စရာ ရှိသည်များပေးဆပ်ပစ်ဖို့ ပြောမည့်အစား သူပြောတတ်သည့်စကားမှာ "မင်းတို့ ချမ်းသာချင်သပ၊ဆိုရင် မင်းတို့ ကြွေးကောင်းနဲ့ ကြွေးဆိုးအကြား ခြားနားချက်ကို သိနေရမယ်ကွ"... ဟူ၏။ ဖေဖေချမ်းသာ အရမ်းစိတ်ဝင်စားသည်မှာ အကြွေးဆိုသော အကြောင်းအရာ မဟုတ်။ ကျွန်တော်တို့ကို သူသိစေချင်သည်မှာ ငွေရေးကြေးရေးအရ ကောင်းမွန်ခြင်းနှင့် ဆိုးဝါးခြင်းအကြား ခြားနားချက်ကိုသာ ဖြစ်၏။ ဖေဖေချမ်းသာ စိတ်ဝင်စားသည်မှာ ကျွန်တော်တို့၏ ငွေကြေးဆိုင်ရာ ပါရမီကို ဖော်ထုတ်ရေးသာ ဖြစ်ပါသည်။

**အကောင်းနှင့် အဆိုးအကြား ခြားနားချက်ကို သင်သိသလား**

ကျောင်းတွင် ကျောင်းဆရာတွေက သူတို့၏ အချိန်အများစုကို အဖြေမှန်များနှင့် အဖြေမှားများအပေါ် အာရုံစိုက်ရင်း ကုန်လွန်စေကြ၏။ ဘုရားကျောင်းတွင် ဆွေးနွေးချက်အများစုသည် ကုသိုလ်နှင့် အကုသိုလ်အကြား ခွဲခြားခြင်း အကြောင်းမျှသာဖြစ်၏။ ငွေကြေးနှင့် ပတ်သက်လာသောအခါ ဖေဖေ

ချမ်းသာက သူ့သားနှင့် ကျွန်တော့်ကို အကောင်းနှင့် အဆိုးတို့၏ ခြားနား ချက်ကို သိမြင်အောင် သင်ပေးခဲ့လေသည်။

## ဆင်းရဲသားများနှင့် ဘဏ်များ

ကျွန်တော်ကလေးဘဝက ဘဏ်များနှင့် ဘဏ်မန်နေဂျာများကို အယုံအကြည် မရှိသော ဆင်းရဲသားမိသားစု တော်တော်များများကို သိကျွမ်းခဲ့၏။ ဆင်းရဲ သား တော်တော်များများသည် ဝတ်စုံပြည့် ဝတ်ဆင်ထားသော ဘဏ်မန်နေဂျာ တစ်ဦးနှင့် စကားပြောလျှင် စိတ်ကျဉ်းကျပ်ကြသည်။ သည်တော့ ဘဏ် သို့ မသွားကြဘဲ သူတို့ငွေကို ဖျာအောက်မှာ (သို့မဟုတ်) လုံခြုံသည့် တစ်နေရာရာမှာ ဖွက်ထားကြတော့သည်။ သူတို့ငွေ ဘဏ်မှာ မရှိလျှင် ပြီးရော။

အကယ်၍ တစ်ယောက်ယောက်က ငွေလိုလာလျှင် သူတို့ လူတွေ စုသည်။ သူတို့ပိုင်ငွေကို စုပေါင်းစပ်ပေါင်း ထည့်ဝင်ပြီး ငွေလိုသူကို ချေးလိုက် ကြ၏။ သူတို့ကို ငွေချေးနိုင်မည့် မိတ်ဆွေတစ်ဦး (သို့မဟုတ်) မိသားစုဝင် တစ်ဦးဦး ရှာလို့မရဘူးဆိုလျှင် သူတို့က အပေါင်ဆိုင်ကို ဘဏ်လို သဘော ထားပြီး ပြေးမည်သာ။ သူတို့၏အိမ်ကို အပေါင်ပစ္စည်းအဖြစ် ထားမည့်အစား သူတို့၏ သံကြိုးလွှ၊ သို့မဟုတ် ရုပ်မြင်သံကြားစက်ကို ပေါင်ပြီး အတိုးနှုန်း ကြီးစွာတောင်းခြင်းကို ခံကြလေသည်။

ယခုအခါ အမေရိကပြည်ထောင်စု၏ ပြည်နယ်အချို့တွင် ဆင်းရဲ သားများကို အတိုးနှုန်း ၄၀၀ ရာခိုင်နှုန်းကျော် တောင်းပြီး ကာလတိုငွေချေး နေကြသည်။ ထိုသို့ချေးခြင်းကို 'လက်ကုန်ပေး ချေးငွေများ' ဟု ခေါ်ဝေါ်ကြ ၏။ ပြည်နယ် တော်တော်များများတွင် အမြင့်ဆုံးယူနိုင်သည့် အတိုးနှုန်း ကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ခဲ့ကြ၏။ သို့တိုင် ၎င်းအတိုးနှုန်းသည်လည်း မြင့်လွန်းနေဆဲ ဖြစ်ပါသည်။ ထို့ကြောင့်ပင် ဆင်းရဲသားများက ကြော့ကြော့ မော့မော့ ဝတ်စုံပြည့် ဝတ်ဆင်ထားသူများကို မယုံခြင်းဖြစ်ကြောင်း ကျွန်တော် သဘောပေါက်ခဲ့သည်။ သူတို့က ဘဏ်များနှင့် ဘဏ်သမားများသည် သူ တို့ကို ခေါင်းပုံဖြတ်သည့် လူဆိုးများဟု ခံယူကြပြီး ဘဏ်သမားများက လည်း ထိုအတိုင်း သဘောထားကြလေသည်။

## လူလတ်တန်းစားများနှင့် ဘဏ်များ

တစ်ဘက်တွင် ကျွန်တော့်မိဘများသည် အခြားအခြားသော လူလတ်တန်းစားများနည်းတူ ဘဏ်ကို ငွေအပ်နှံထားဖို့ လုံခြုံစိတ်ချရသည့် နေရာဌာနဟု သဘောထားကြသည်။ သို့သော် ငွေအများကြီးချေးခြင်းသည် မကောင်းဟု ရှုမြင်ကြသည်။ ထို့ကြောင့် ဖေဖေနှင့် မေမေတို့သည် ဆပ်စရာရှိသည့် ကြွေးများကို စောစောစီးစီး မြန်မြန်ဆန်ဆန် ဆပ်ပစ်ကြခြင်း ဖြစ်မည်။ သူတို့၏ ရည်မှန်းချက်တွေထဲက တစ်ခုမှာ သူတို့ အိမ်ပေါင်ကြွေးကို မြန်မြန်ရှင်းပစ်ပြီး ၎င်းအိမ်ကို အနှောင်အဖွဲ့ ကင်းကင်းရှင်းရှင်း သန့်သန့် ပိုင်ဆိုင်ရေးဖြစ်၏။ သူတို့၏အမြင်ကို အကျဉ်းချုပ်ရသော် ဘဏ်တွေရှိတာ ကောင်းသည်။ ငွေစုတာ ကောင်းသည်။ ငွေချေးတာတော့ မကောင်းဟု ရှုမြင်ကြသည်။ ထို့ကြောင့် မေမေက ထပ်ကာတလဲလဲ ပြောခြင်းဖြစ်မည်။ "ငွေချေးသူလည်း မဖြစ်စေနဲ့…၊ ငွေထုတ်ချေးသူလည်း မဖြစ်စေနဲ့"… ဟူ၍။

## လူချမ်းသာများနှင့် ဘဏ်များ

အခြားတစ်ဘက်တွင် ဖေဖေချမ်းသာကတော့ မိုက်နှင့် ကျွန်တော့်ကို ငွေရေးကြေးရေးအရ ပိုမို ဉာဏ်ရည် တက်လာအောင် သင်ပေးခဲ့၏။ ဤစာအုပ်ရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဉာဏ်ရည်ဆိုသည်မှာ ပိုမို အနုစိတ်သော ထူးခြားချက်များ ဖန်တီးနိုင်စွမ်း (သို့မဟုတ်) ပြီးမြောက်နိုင်စွမ်း ဖြစ်ပါသည်။ ပို၍ တိတိကျကျပြောရလျှင် ဖေဖေချမ်းသာက ငွေစုတာ ကောင်းသည်။ သို့မဟုတ် ကြွေးတင်တာ မကောင်းဟု ကြောင်းကျိုးမဲ့ မယူဆ။ ထို့အစားသူက အချိန်များစွာ အကုန်ခံပြီး ကျွန်တော်တို့ကို သင်ကြားပေးခဲ့သည်မှာ ကောင်းသောစုငွေများနှင့် ဆိုးသောစုငွေများ၊ ကောင်းသော အသုံးစရိတ်များနှင့် ဆိုးသော အသုံးစရိတ်များ၊ ကြွေးကောင်းနှင့် ကြွေးဆိုး၊ အရှုံးကောင်းနှင့် အရှုံးဆိုး၊ ဝင်ငွေကောင်းနှင့် ဝင်ငွေဆိုး၊ အခွန်ကောင်းနှင့် အခွန်ဆိုး၊ ကောင်းသော ရင်းနှီးမြှုပ်နှံမှုနှင့် ဆိုးသော ရင်းနှီးမြှုပ်မှုတို့၏ ခြားနားချက်များဖြစ်ပေသည်။ ဖေဖေချမ်းသာက ကျွန်တော်တို့အား ပိုမို အနုစိတ်သော ထူးခြားချက်များ ဖော်ထုတ်ခြင်းဖြင့် ကျွန်တော်တို့ တွေးခေါ်တတ်လာအောင် လေ့ကျင့်ပေးခဲ့၏။

တစ်နည်းဆိုရသော် သင်သည် ကြွေးကောင်းနှင့် ကြွေးဆိုး (ကြွေးဆုံး)၊ စုငွေကောင်းနှင့် စုငွေဆိုးတို့၏ ခြားနားချက်များကို ပိုသိလာလေ သင်၏

ငွေကြေးဆိုင်ရာ ဉာဏ်ရည်ပြကိန်း တိုးတက် မြင့်မားလာလေဖြစ်ပါသည်။ သင်သည် အကြွေးလို အကြောင်းအရာမျိုးကို ကောင်းသည်၊ သို့မဟုတ် ဆိုးသည်ဟုသာ ရှုမြင်မည်ဆိုလျှင် သင်၏ ငွေကြေးဆိုင်ရာ ဉာဏ်ရည် ဉာဏ်ကဲ တိုးမြင့်အောင် အားထုတ်ရဦးမည် ဖြစ်ပါသည်။

ဤစာအုပ်တွင် အကောင်းများနှင့် အဆိုးများ၏ ခြားနားမှုများကို တိတိကျကျ ခွဲခြားဖော်ပြနေဖို့ မရည်ရွယ်ပါ။

ဤစာအုပ်ရည်ရွယ်ရင်းမှာ မိဘများ ဆိုဆုံးမပုံများကို သတိပေးဖို့ ဖြစ်၏။ မိဘများ ဆိုဆုံးမလေ့ရှိသည့် စကားလုံးများမှာ...

"အကြွေးတွေ ကျေအောင်ဆပ်ပစ်"

"ငွေစု"

"ပေးရမယ့် ငွေတောင်းခံလွှာတွေကို ပေးပစ်"

"မင်းတို့ရဲ့ ကြွေးဝယ်ကပ်ပြားတွေကို အဆက်ဖြတ်ပစ်"

"ငွေမချေးနဲ့"

စသည်တို့ ဖြစ်၏။

စောစောက ပြောခဲ့သည်ကို ထပ်ပြောရမည်ဆိုသော် ဆင်းရဲသားများ က ဘဏ်တွေကို မကောင်းထင်ပြီး ရှောင်ရှားကြသည်။ လူလတ်တန်းစား များက ဘဏ်တွေ၏ ဝန်ဆောင်မှုတချို့က ကောင်းပြီး ဝန်ဆောင်မှုတချို့က မကောင်းဟု ယူဆကြသည်။ ဖေဖေချမ်းသာက ကျွန်တော်တို့ကို ကြွေးကောင်း နှင့် ကြွေးဆိုး၏ ခြားနားချက်ကို ကြည့်တတ်မြင်တတ်အောင် သင်ပေးသည်။ ငွေကြေးကိစ္စအများစုတွင် အကောင်းအဆိုးကို ခွဲခြားသိမြင်တတ်အောင် အားပေးခြင်းဖြင့် ကျွန်တော်တို့အား ပိုမိုအနုစိတ်သော ခွဲခြားချက်များ ဖော် ထုတ်နိုင်စွမ်း မြင့်အောင် ဖန်တီးပေးခဲ့၏။ သို့ဖြင့် ကျွန်တော်တို့၏ ငွေကြေး ဆိုင်ရာ ဉာဏ်ရည်ကို တိုးမြှင့်ခဲ့ကြလေသည်။

## သင့်ကလေး၏ ငွေကြေးဆိုင်ရာ ပါရမီဖွံ့ဖြိုးအောင် ကြံဆောင်ပေးခြင်း

ဖေဖေချမ်းသာ ကျွန်တော်တို့ကို သင်ပေးသွားသည့် အရေးပါ အရာရောက်ဆုံး သင်ခန်းစာတွေထဲမှ တစ်ခုမှာ... "ဘဏ်သမားတစ်ယောက်လို စဉ်းစား"... ဆိုသည့် သင်ခန်းစာ ဖြစ်၏။ သည်သင်ခန်းစာကို "ငွေအဖြစ် အဂ္ဂိရတ်ပညာ၊ ခဲကို ရွှေဖြစ်အောင်လုပ်နည်း" ဆိုပါတော့။

ချမ်းသာတဲ့ ဖေဖေနှင့် နွမ်းရှာတဲ့ ဖေဖေ စာအုပ်ဖတ်ဖူးသူများသည် မိုက်နှင့် ကျွန်တော်တို့၏ ရုပ်ပြစာအုပ်ငှားခြင်း ဇာတ်လမ်းကို မှတ်မိကြပါလိမ့်မည်။ ထိုဇာတ်လမ်းကား ကျွန်တော်က ဘဏ်သမားတစ်ဦးလို (သို့မဟုတ်) အဂ္ဂိရတ်ဆရာတစ်ဦးလို စဉ်းစားသည့် ဇာတ်လမ်းဖြစ်၏။ အဂ္ဂိရတ်ဆရာဆိုတာက ခဲကို ရွှေဖြစ်အောင် ပြောင်းလဲနိုင်သူ မဟုတ်ပါလား။

ဆင်းရဲသား တော်တော်များများ ယူဆသကဲ့သို့ ဘဏ်တွေက ဆိုးရွားသည်ဟု ယူဆရမည့်အစား၊ လူလတ်တန်းစား တော်တော်များများ ယူဆသကဲ့သို့ ဘဏ်၏ တချို့အစိတ်အပိုင်းတွေက ကောင်းပြီး တချို့အစိတ်အပိုင်းတွေက မကောင်းဟု ယူဆမည့်အစား ဖေဖေချမ်းသာက မိုက်နှင့် ကျွန်တော့်ကို ဘဏ်များ လည်ပတ်အလုပ်လုပ်ပုံကို သဘောပေါက် နားလည်စေချင်ခဲ့၏။ ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်ဆဲ ကာလများအတွင်း ဖေဖေချမ်းသာက အခါအခွင့်သင့်သလို ကျွန်တော်တို့နှစ်ယောက်အား ဘဏ်သို့ ခေါ်သွားလေ့ရှိသည်။ ပြီးတော့ ဧည့်ခန်းမကြီးတွင် ထိုင်ပြီး လူတွေ ဝင်ထွက်သွားလာသည်ကို ကြည့်စေသည်။ ထိုသို့ စောင့်ကြည့်သည့် အကြိမ်တော်တော်များများပြုလုပ်ပြီးသောအခါ သူက မေးသည်။

"ကဲ မင်းတို့ ဘာတွေတွေ့သလဲ"

ဆယ့်လေးနှစ်ဝန်းကျင်သာ ရှိသေးသည့် ကျွန်တော်တို့နှစ်ယောက်သည် ဘာမျှ ဟုတ်တိပတ်တိ မမြင်။ မိုက်နှင့် ကျွန်တော် ပခုံးတွန့်လိုက်ကြသည်။ မေးခွန်းတစ်ခု အမေးခံရသည့် ဆယ်ကျော်သက်များ ဖြစ်လေ့ရှိသည့်အတိုင်း စိတ်ပျက်ငြီးငွေ့နေသည်။

"လူတွေ ဝင်လိုက်၊ ထွက်သွားလိုက်ပဲ" ဟု မိုက်က ဖြေသည်။

"ဟုတ်တယ်၊ ကျွန်တော်လည်း အဲဒါပဲ မြင်တယ်" ဟု ကျွန်တော်စကားထောက်သည်။

"ကောင်းပြီ" ဖေဖေချမ်းသာပြောပြီး ကျွန်တော်တို့ကို ငွေသွင်းငွေထုတ် ကောင်တာတစ်ခုသို့ ခေါ်သွားသည်။ ပြီးတော့ မိန်းမတစ်ယောက်ငွေအပ်နေသည်ကို ပြသည်။ "အဲဒါကို ကြည့်"

ကျွန်တော်တို့ ခေါင်းညိတ်လိုက်ကြသည်။

"ကောင်းပြီ" ပြောပြီး ဘဏ်အရာရှိတစ်ဦး ထိုင်နေသည့် စားပွဲတစ်လုံးဆီသို့ ခေါ်သွားသည်။ "မင်းတို့ ဒီမှာ ဘာတွေ့လဲ"

ဝတ်စုံပြည့် ဝတ်ထားသော လူတစ်ယောက်က ငွေစာရင်းရှင်းတမ်း တစ်စောင်ကို ဖြည့်ပြီး ဘဏ်အရာရှိနှင့် စကားပြောနေသည်ကို မိုက်နှင့် ကျွန်တော် ကြည့်နေသည်။

"ကျွန်တော် တိတိကျကျတော့ မသိဘူးခင်ဗျ။ ဒါပေမဲ့ မှန်းပြီး ပြောရမယ်ဆိုရင်တော့ ဒီဦးလေးကြီး ငွေချေးနေတာလို့ပဲ ပြောရလိမ့်မယ်" ဟု ကျွန်တော် ပြန်ပြောလိုက်၏။

"ကောင်းပါလေ့ကွာ"... ဖေဖေချမ်းသာက ပြောပြီး ကျွန်တော်တို့ သွားဖို့ အချိန်တန်ပြီဖြစ်ကြောင်း အချက်ပြသည်။ "မင်းတို့ မြင်စေချင်တာကို နောက်ဆုံးတော့ မင်းတို့ မြင်သွားပါပြီ"

ဟာဝိုင်ယီ နေမင်းအောက်တွင် ပူလောင်နေသည့် သူ့ကားပေါ် တက် ကြသည်။ သည်တော့မှ မိုက်က မေးသည်။ "ကျွန်တော်တို့ ဘာမြင်လို့လဲ ဖေဖေရဲ့"

"သိပ်ကောင်းတဲ့ မေးခွန်းပဲ။ ကဲ မင်းတို့ ဘာတွေမြင်လဲ"

"လူတွေ ဝင်လာပြီး ဘဏ်မှာ ငွေသွင်းကြတယ်။ နောက်ပြီး တခြား လူတွေက ဘဏ်ထဲဝင်လာပြီး ငွေတွေ ချေးပြီး အပြင်ထုတ်သွားကြရတယ်။ ကျွန်တော်မြင်တာတော့ အဲဒါအားလုံးပဲ" ဟု ကျွန်တော် ဖြေလိုက်၏။

"သိပ်ဟုတ်တာပေါ့။ နောက်ပြီး အဲဒီငွေတွေက ဘယ်သူ့ငွေတွေလဲ။ အဲဒါ ဘဏ်ကပိုင်တဲ့ ငွေတွေလား"

"ဟင့်အင်း" ဟု မိုက် ဖြေသည်။ "အဲဒါ လူတွေရဲ့ ငွေ။ ဘဏ်က တခြားလူတွေရဲ့ ငွေနဲ့ ဝင်ငွေရှာနေတာ။ သူတို့က ငွေတွေ အသွင်းခံပြီး ပြန်ထုတ်ချေးနေတာ။ ဒါပေမဲ့ ဒီငွေတွေဟာ သူတို့ငွေ မဟုတ်ဘူး"

"ဟုတ်လိုက်လေကွာ" ဖေဖေချမ်းသာ ချီးမွမ်းလိုက်ပြန်၏။ ထို့နောက် ကျွန်တော့်ဘက်လှည့်ပြီး "မင်း မိဘတွေ ဘဏ်ကို သွားပြီဆိုတိုင်း ဘာလုပ် လေ့ရှိသလဲ" ဟု မေးသည်။

ကျွန်တော် တစ်ဖြုတ်မျှ စဉ်းစားပြီးမှ ဖြေလိုက်သည်။

"သူတို့ ငွေစုဖို့ အစွမ်းကုန် ကြိုးစားကြတယ်ခင်ဗျ။ သူတို့ ငွေချေး ရင်လည်း ချေးလို့ရတဲ့ ငွေထဲကနေ တင်နေတဲ့ကြွေးတွေကို ဆပ်ပစ်လိုက်ဖို့ အစွမ်းကုန်ကြိုးစားကြတာပဲ။ သူတို့က စုငွေတွေက ကောင်းတယ်၊ အကြွေး တွေက မကောင်းဘူးလို့ ယူဆကြတယ်လေ"

"သိပ်တော်တယ်... မင်းအရမ်း မြင်တတ်တယ်ကွ" ဟု ဖေဖေချမ်းသာ ချီးကျူးသည်။

ကျွန်တော့်ဘော့စ်ဘောကက်ဦးထုပ်ကို နောက်သို့ တွန်းလှန်ပြီး ပခုံးတွန့်ရုံပဲ တွန့်လိုက်သည်။ ဖေဖေချမ်းသာ၏ ရုံးခန်းသို့ ကားစီးလာရင်း ကိုယ့်ကိုယ်ကိုယ် ပြောမိလိုက်၏ "ဒါလေးများ" ဟူ၍။ သူ့စားပွဲမှာ ထိုင်ပြီး ဖေဖေချမ်းသာက အဝါရောင် စာရေးစက္ကူကတ်ကို ထုတ်ယူသည်။ ပြီးတော့ အောက်ဖော်ပြပါ ပုံကြမ်းကို ဆွဲပြသည်၊ ငွေစာရင်းရှင်းတမ်း ပုံကြမ်း။

**ဘဏ်**

ဝင်ငွေ

အသုံးစရိတ်

| ရပိုင်ခွင့် ချေးငွေများ ၆ % | ပေးရန်တာဝန် စုငွေများ ၃ % |
| --- | --- |

"ဒီစာရင်းရှင်းတမ်းက ဖော်ပြနေတာကို မင်းတို့ နားလည်ရဲ့လား"

စာရေးစက္ကူကတ်ကို ကျွန်တော်တို့ရှေ့ တွန်းပေးပြီး မေးသည်။

မိုက်နှင့် ကျွန်တော် ရှင်းတမ်းကို ခဏမျှလေ့လာသည်။ "ဟုတ်ကဲ့၊ ကျွန်တော်နားလည်တယ်" ဟု မိုက်ပြောတော့ ကျွန်တော်လည်း ခေါင်းညိတ်ပြလိုက်။ ယခုဆို ကျွန်တော်တို့ မြင်ရတွေ့ရသည့် ငွေကြေးဇာတ်ညွှန်းတွေ တော်တော်များနေပြီ။ သည်ဇာတ်ညွှန်းတွေက ဖေဖေချမ်းသာ ဘယ်ပုံဘယ်နည်း စဉ်းစားတွေးခေါ်ကြောင်း သဘောပေါက်ဖို့ လွယ်ကူစေသည်။ မိုက်က ဆက်ဖြေသည်။ "ဘဏ်က ငွေချေးတယ်။ ဒါမှမဟုတ် သွင်းတဲ့ငွေတွေကို ကိုင်ထားပြီး ငွေစုသူတွေကို ၃ ရာခိုင်နှုန်း အတိုးပေးတယ်။ ပြီးတော့ သူတို့ဆီမှာ ငွေချေးသူကို ၆ ရာခိုင်နှုန်းအတိုးနဲ့ ပေးတယ်"

ဖေဖေချမ်းသာ ခေါင်းညိတ်ရင်း မေးသည်။ "ဒီတော့ အဲဒီငွေက ဘယ်သူ့ငွေတွေလဲ"

"အဲဒါ ငွေစုသူတွေရဲ့ ငွေပေါ့" ကျွန်တော် ဖျိုးဖျိုးဖျတ်ဖျတ် ဝင်ဖြေလိုက်သည်။ "ဒီငွေတွေ ဝင်လာလာချင်း ဘဏ်သမားက ပြန်ထုတ်ချေးချင်နေပြီ"

ဖေဖေချမ်းသာ ခေါင်းညိတ်သည်။ သူနားလည်စေချင်သည့် အကြောင်းကို ကျွန်တော်တို့ ကြေကြေညက်ညက် ဖြစ်လောက်သည့်တိုင် နှုတ်ဆိတ်စွာ စောင့်နေပြီးမှ သူပြောသည်။

"ငါ မင်းတို့နဲ့ မိုနိုပိုလီကစားတဲ့အခါ ငါ ခဏခဏ ပြောတယ်လေ။ မင်းတို့ဟာ ကျိုကျိုတက် ချမ်းသာကြွယ်ဝရေး ကျင့်စဉ်ကို ကြည့်နေတာလို့။ ဟုတ်တယ် မဟုတ်လား"

ကျွန်တော်တို့ ခေါင်းညိတ်ပြသည်။ "အစိမ်းရောင် အိမ်လေးလုံး အနီရောင်ဟိုတယ်တစ်လုံး" ဟု ကျွန်တော် တိုးတိတ်စွာ ပြောလိုက်၏။

"ဟုတ်ပါ့။ အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းရဲ့ ကောင်းကွက်တစ်ခုက မင်းတို့မျက်စိနဲ့ မြင်နိုင်တွေ့နိုင်တာပဲ။ ဒါပေမဲ့ ခုတော့ မင်းတို့အရွယ်ကလေးတွေ ရလာပြီ၊ ဒီတော့ မင်းတို့ မျက်စိနဲ့ မမြင်နိုင် မတွေ့နိုင်တာကို မြင်တွေ့နိုင်စေချင်တယ်"

"မျက်စိနဲ့ မမြင်မတွေ့နိုင်တာ ဟုတ်လား" ကျွန်တော်မေးလိုက်၏။ ခုတော့ ကျွန်တော် ဦးနှောက်ခြောက်သွားပြီ။

ဖေဖေချမ်းသာ ခေါင်းညိတ်သည်။ "ခုလို မင်းတို့ အသက်ကြီးလာပြီ။ မင်းတို့ရဲ့ ဦးနှောက်တွေလည်း ပိုပြီး ဖွံ့ဖြိုးလာပြီ။ ဒီတော့ ဆင်းရဲသားတွေ၊ လူလတ်တန်းစားတွေ မြင်ခဲ့တွေ့ခဲ့တာတွေကို မင်းတို့ ဦးနှောက်နဲ့ ကြည့်တတ်အောင် စပြီး သင်ပေးချင်တယ်။ သူတို့တွေ မမြင်တာ မတွေ့တာတော့ ပြောမနေနဲ့၊ သူတို့က ငွေစာရင်းရှင်းတမ်းတွေနဲ့ ကျွမ်းကျွမ်းဝင်ဝင် မရှိကြဘူးလေ။ နောက်ပြီး အဲဒီရှင်းတမ်းတွေ ဘယ်လို အလုပ်လုပ်သလဲဆိုတာ သူတို့ မသိကြဘဲကိုး"

မိုက်နှင့် ကျွန်တော် ငြိမ်ငြိမ်ကလေးထိုင်ပြီး စောင့်နေသည်။ သူက ရိုးရှင်းသော်လည်း နက်နဲသိမ်မွေ့တာတစ်ခုခုတော့ ပြပေတော့မည်။ သို့သော် ရိုးရှင်းမှုကို ကျော်လွန်ကြည့်နိုင်မှသာ နက်နဲသိမ်မွေ့ခြင်းကို တွေ့မည်ဆိုတာကိုတော့ ကျွန်တော်တို့ သိနေသည်။

ထို့နောက် ဖေဖေချမ်းသာက သူ့စာရေးစက္ကူကတ်ကို ပြန်ယူပြီး နောက်ထပ်ပုံကြမ်းတစ်ခု ဆွဲပြန်သည်။

ဖေဖေချမ်းသာ၏ ငွေစာရင်းရှင်းတမ်းမှာ အောက်ပါအတိုင်း ဖြစ်၏။

**ဖေဖေချမ်းသာ**

| ဝင်ငွေ |
| --- |
| အသုံးစရိတ် |

| ရပိုင်ခွင့် စားသုံးသူချေးငွေ ၁၂ % | ပေးရန်တာဝန် ဘဏ်ချေးငွေ ၆ % |
| --- | --- |

မိုက်နှင့် ကျွန်တော် ထိုင်ပြီး ပုံကြမ်းကို အကြာကြီး ငေးကြည့်နေမိကြသည်။ ကျွန်တော်ပြောခဲ့သည့်အတိုင်း ပုံကြမ်းက ရိုးရိုးရှင်းရှင်းကလေးပါ။ သို့သော် ရိုးရှင်းမှုကို ကျော်လွန်ပြီး သင်ခန်းစာ ထုတ်ယူတတ်လျှင် ဤပုံသည် လေးနက်သိမ်မွေ့လာပေမည်။ နောက်ဆုံးတွင် ကျွန်တော် ပြောလိုက်၏။

"ဒါဆို ဦးက ဘဏ်တွေလုပ်သလို ငွေချေးပြီး ပြန်ထုတ်ချေးတာပေါ့နော်"

"အဲဒါ အမှန်ပဲ။ မင့်မိဘတွေ မကြာမကြာပြောတတ်တာ သိလား။ 'ငွေချေးသူလည်း မဖြစ်စေနဲ့၊ ငွေထုတ်ချေးသူလည်း မဖြစ်စေနဲ့" ဆိုတာလေ။

ကျွန်တော် ခေါင်းညိတ်လိုက်၏။

"အဲဒါကြောင့် သူတို့ ငွေရဖို့ ရုန်းကန်နေကြရတာပေါ့။ ပထမဦးဆုံး သူတို့က ငွေစုဖို့ပဲ အာရုံစိုက်တယ်။ သူတို့ ငွေချေးတယ်ဆိုရင်လည်း ရပိုင်ခွင့်တွေကို သူတို့ထင်နေတဲ့ ပေးရန်တာဝန်တွေ ဝယ်ဖို့ပဲ။ အိမ်တွေလို၊ ကားတွေလိုဟာမျိုးတွေလေ။ ငွေမဝင်ဘဲ ငွေထွက်မယ့် ပစ္စည်းတွေ။ အဲဒီနောက်တော့ 'ဒီပစ္စည်းကို ငါတို့ လွတ်လွတ်လပ်လပ် ရှင်းရှင်းလင်းလင်း ပိုင်ပြီ' လို့ ပြောရအောင် အလုပ်ကို ကျုံးလုပ်၊ အကြွေးကို ကျုံးဆပ်ရတော့တာပေါ့"

"သူတို့ အဲဒီလို လုပ်တာ မကောင်းဘူးလား"

"ဟင့်အင်း...၊ ဒီလုပ်ရပ်ကို အကောင်းအဆိုးခွဲခြားဖို့ အဓိက မဟုတ်ဘူး။ အဓိကက ပညာကွ"

"ပညာဟုတ်လား...၊ ဒီလုပ်ရပ်နဲ့ ပညာနဲ့ ဘာသက်ဆိုင်လို့လဲ ခင်ဗျ"

"အင်း... မင်းမိဘတွေက ငွေနဲ့ ပတ်သက်လာရင် ပညာ သိပ်မတတ်ကြတော့ သူတို့အနေနဲ့ ငွေစုပြီး တင်နေတဲ့ကြွေးကို မြန်မြန်ထိုးဆပ်ပစ်တာ အကောင်းဆုံးပေါ့ကွာ။ သူတို့ တတ်ထားတဲ့ ငွေကြေးပညာလောက်နဲ့တော့ အဲဒီလို ငွေကို စီမံခန့်ခွဲနည်းဟာ သူတို့အတွက် အကောင်းဆုံးပါပဲ"

"ဒါပေမဲ့ သူတို့က ဖေဖေလုပ်နေသလို လုပ်ချင်ရင် သူတို့ရဲ့ ငွေကြေးပညာ ပိုတတ်လာအောင် လုပ်ရမှာပေါ့နော်" ဟု မိုက်က ပြောသည်။

ဖေဖေချမ်းသာ ခေါင်းညိတ်သည်။ "အင်း မင်းတို့နှစ်ယောက် ကျောင်းမထွက်မီ ကြိုးစားစေချင်တာ အဲဒါပဲပေါ့။ ငါသင်ပေးတဲ့ သင်ခန်းစာတွေကို မင်းတို့ ကျောင်းမထွက်မီ တတ်အောင် သင်ယူမထားဘူးဆိုရင် ဖြစ်နိုင်တဲ့ အလားအလာက မင်းတို့ ဘယ်တော့မှ တတ်မှာမဟုတ်တော့ဘူး။ ဒီပညာ မတတ်ဘဲ ကျောင်းထွက်သွားရင် လောကကြီးက မင်းတို့အပေါ် မတရား အသာစီးယူသွားဖို့ အလားအလာရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့က ငွေအကြောင်း ဟုတ်တိပတ်တိမှ မသိကြဘဲကိုး"

"လက်တွေ့ကမ္ဘာကြီးက ကျွန်တော်တို့ကို ပညာပေးလိမ့်မယ်လို့ ဦး ဆိုလိုတာလား"

ဖေဖေချမ်းသာ ခေါင်းပဲ ညိတ်ပြသည်။

"ဒါဆို ဦးဝင်ငွေရအောင် ငွေချေးယူတာပေါ့"

"အမှန်ပေါ့ကွာ"

"ကျွန်တော့် မိဘတွေကတော့ ဝင်ငွေရအောင် အလုပ်လုပ်ပြီး ငွေစုဖို့ ကြိုးစားကြရတယ်။ ငွေတော့ မချေးကြဘူး"

ဖေဖေချမ်းသာ ခေါင်းညိတ်သည်။ "အဲဒါကြောင့် သူတို့ ချမ်းသာဖို့ မလွယ်တာပေါ့"

"ဘာဖြစ်လို့ဆိုတော့ ငွေအတွက် အလုပ်ကို ကျုံးလုပ်ကြတယ်"

ကျွန်တော် ဖြည့်ပြောရှင်းလင်းချက်ကို စောင့်နေမိ၏။

"မင်း ကြိုးစားပမ်းစား ကျုံးရုန်းလုပ်လို့ပဲရမယ်။ နောက်ပြီး မင်း ကျုံးရုန်းလုပ်သလောက်ပဲ လုပ်ခရမယ်။ လူများစုအတွက် အလုပ်ကြိုးစားမှုကနေ ဘယ်လောက် ပိုက်ဆံများများရမလဲဆိုတာ အတိုင်းအတာ အကန့်အသတ်ရှိတယ်ကွ"

"ဒီတော့ ဘယ်လောက် စုဆောင်းမယ်ဆိုတာမှာလည်း အတိုင်းအတာ ရှိတာပေါ့နော်" မိုက် ဖြည့်ပြောသည်။ "ဖေဖေပြောခဲ့သလိုပဲ အမှုထမ်းတွေ

လခတောင် မရသေးခင် အခွန်အကောက်တွေက သူတို့လခအများစုကို ဖြတ်တောက်ယူပြီးသား ဖြစ်နေတယ်ပေါ့”

ဖေဖေချမ်းသာ တိတ်ဆိတ်စွာ သူ့ကုလားထိုင်ကျောမှီကို မှီပြီး ထိုင်နေ၏။ သူသင်ပေးသည့် သင်ခန်းစာကို ကောင်ကလေးနှစ်ယောက် သိနေ၊ မြင်နေပြီ ဖြစ်ကြောင်း သူသိနေသည်။

ဖေဖေချမ်းသာ၏ စာရေးစက္ကူကတ်ဘက်လှည့်ပြီး ကျွန်တော်က ရပိုင်ခွင့်နှင့် ပေးရန်တာဝန် ကော်လံကို ထောက်ပြလိုက်သည်။

**ဖေဖေချမ်းသာ**

| ဝင်ငွေ |
|---|
| အသုံးစရိတ် |

| ရပိုင်ခွင့် စားသုံးသူချေးငွေ ၁၂ % | ပေးရန်တာဝန် ဘဏ်ချေးငွေ ၆ % |
|---|---|

“ဒီတော့ ဦးဟာ ဘဏ်တစ်ခု အလုပ်လုပ်တဲ့အတိုင်း လိုက်လုပ်တာပေါ့နော်။ ဘဏ်ကနေ ငွေချေးယူသည်။ နောက်ပြီး အဲဒီ ချေးယူထားတဲ့ငွေတွေ ပွားလာစေမယ့် နည်းလမ်းတစ်ခု ရှာတယ်ပေါ့”

ဖေဖေချမ်းသာက ကျွန်တော့်ကို စိုက်ကြည့်ပြီး ပြောသည်။

“အခု တို့တတွေ မင်းမိဘတွေရဲ့ ငွေစာရင်းရှင်းတမ်းကို ကြည့်ကြရအောင်”

သူ့စကားကြားရတော့ ကျွန်တော် ကုလားထိုင်ကို မှီပြီး လှုပ်ယမ်းနေလိုက်၏။ သူ ဘာကို ရည်ရွယ်ပြီး ပြောနေကြောင်း ကျွန်တော်သိနေပြီ။ ရှင်းလိုက်သမှ လယ်ပြင်မှာ ဆင်သွားသလိုပါပဲ။ စာရေးစက္ကူကတ်ပေါ်တွင် ကျွန်တော့်မိဘများ၏ ငွေစာရင်းရှင်းတမ်းကို ဆွဲလိုက်၏။

**ဖေဖေနွမ်းပါး**

| | |
|---|---|
| ဝင်ငွေ | |
| အသုံးစရိတ် | |
| ရပိုင်ခွင့်<br>စငွေများ ၃% | ပေးရန်တာဝန်<br>အိမ်ပေါင်ချေးငွေ<br>အတိုး ၆ % |

ဖေဖေချမ်းသာ၊ မိုက်နှင့် ကျွန်တော်တို့သည် ငွေစာရင်း ရှင်းတမ်းနှစ်စောင်အကြား ခြားနားချက်များကို ထိုင်ကြည့်နေကြ၏။ ဤရိုးရိုးရှင်းရှင်းသင်ခန်းစာကလေးက ကျွန်တော့်ဘဝအတွက် ဘယ်လောက် နက်နဲသိမ်မွေ့သော အတွေးအမြင်တစ်ရပ် ပေးမည်ဆိုတာ ထိုစဉ်က ကျွန်တော် တကယ်ပင် မသိခဲ့။ သို့ဖြစ်စေကာမူ ထိုနေ့ကစပြီး နောက်ပိုင်းတွင် ကမ္ဘာကိုကြည့်သော ကျွန်တော့်ကြည့်နည်းတွေကို အကျိုးသက်ရောက်စေခဲ့လေသည်။ ဤရိုးရိုးရှင်းရှင်း သင်ခန်းစာကလေးမှ သိမြင်နိုင်သည့် သင်ခန်းစာတွေ အများကြီးရှိသည်။ ကျွန်တော် ဆက်လက် သင်ယူလေ့လာနေပါသည်။

သင်ခန်းစာ တော်တော်များများသည် မြုပ်ကွယ်နေသည်။ ဘဝသက်တမ်းတစ်လျှောက်တွင် အကျိုးသက်ရောက်မှုပြုစေမည့် ခြားနားချက်သိမ်သိမ်မွေ့မွေ့ကလေးများကို မိတ်ဆွေများနှင့် ဝိုင်းထိုင်ပြီး ဆွေးနွေးကြည့်ပါဟု ကျွန်တော် အကြံပြုလိုပါသည်။ အောက်ပါအချက်များကို အချိန်ယူပြီး ဆွေးနွေးဖို့ အကြံပေးတိုက်တွန်းပါသည်။

- လူတွေ၏ သက်တမ်းတစ်လျှောက်တွင် ရပိုင်ခွင့်များမှ ဝင်ငွေသည် ပေးရန်တာဝန်များထက် လျော့နည်းနေသည်ကို ထပ်ကာတလဲလဲ ကြုံရ၏။ ဒါကို ခွင့်ပြုထားသူတွေ ရှိ၏။ ထိုလူတွေ ဘာဖြစ်ကုန်မည်လဲ။
- ငွေမချေးဘဲ ငွေစုမည်ဆိုလျှင် အချိန်ဘယ်လောက်ကြာမည်လဲ။ ဥပမာ သင့်မှာ ကျွေးမွေးစောင့်ရှောက်ရမည့် မိသားစုရှိ၏။ သင့်လက်ထဲမှာ ဒေါ်လာ ၅၀,၀၀၀ ရှိ၏။ သင့်လက်ထဲမှာ ဒေါ်လာ ၁၀၀, ၀၀၀ ရှိလာအောင် မချေးဘဲ စုဆောင်းလျှင် အချိန်ဘယ်လောက်ကြာကြာ စုရမည်လဲ။

- ❖ သင်အလုပ် ကြိုးစားမည်။ ငွေစုမည်။ ထို့နောက် စုဆောင်းရငွေဖြင့် ဝင်ငွေရအောင် ကြိုးစားမည်။ ထိုသို့ မလုပ်ဘဲ ငွေချေးယူပြီး ချေးငွေကို ရင်းပြီး ငွေရှာမည်ဆိုလျှင် ငွေရေးကြေးရေးအသာစီးရမှုကို ဘယ်လောက် ပိုပြီး မြန်မြန်ရနိုင်မည်လဲ။
- ❖ အဖေတစ်ဦးက ရပိုင်ခွင့်တစ်ခုနှင့် သူ့စုငွေများကို ပေးရန်တာဝန်များ ဖြစ်သွားအောင် ဘယ်လိုလုပ်ခဲ့သလဲ (ငွေစုသူများသည် အရှုံးသမားများ ဖြစ်သည်) ထိုအချိန်တွင် အခြားအဖေတစ်ဦးက အကြွေးတင်ခံပြီး ၎င်းအကြွေးကို ရပိုင်ခွင့်ဖြစ်အောင်ဘယ်လို လုပ်ခဲ့သလဲ။
- ❖ ကာလရှည်နှင့် ကာလတို အရဲကိုးစွန့်စားမှု နှစ်မျိုးစလုံးကိုဖော်ပြသည့် ငွေစာရင်းရှင်းတမ်းများသည် ဘာတွေလဲ။
- ❖ ကျွန်တော်တို့ ကလေးများကို ဘာတွေသင်ပေးကြမည်လဲ။

ဤမေးခွန်းများကို ဆွေးနွေးအဖြေရှာဖို့ အချိန်ပေးမည်ဆိုလျှင် ဘာကြောင့် လူတချို့က ချမ်းသာလာပြီး ဘာ့ကြောင့် လူအများစုက ငွေရေးကြေးရေးအရ တစ်သက်လုံး ရုန်းကန်နေကြရကြောင်း သင် သိမြင်လာမည်ထင်ပါသည်။ ဘဝ၏ ငွေရေးကြေးရေး ရုန်းကန်မှုနှင့် ငွေရေးကြေးရေးအောင်မြင်မှုအများစုသည် ငွေ၊ စုငွေများနှင့် အကြွေးပူသော အကြောင်းရပ်များ ပတ်လည်တွင်သာ ချာချာလည်နေပါတော့သည်။

**သတိပေးစကား**
**နည်းနည်းဖြင့် စပါ**

"အကြွေးအားလုံးကို ကျည်ထိုးထားတဲ့ သေနတ်တစ်လက်လို သဘောထားပါ"... ဟု ဖေဖေချမ်းသာပြောခဲ့သည့် အကြောင်းအရင်းမှာ အကြွေးတွင်သင့်အား ချမ်းသာအောင်ရော ဆင်းရဲအောင်ပါ လုပ်နိုင်သည့် စွမ်းအားရှိသောကြောင့် ဖြစ်၏။ ကျည်ထိုးပြီးသား သေနတ်တစ်လက်သည် သင့်အသက်အား ကာကွယ်စောင့်ရှောက်နိုင်သလို သင့်ကို အသေလည်း သတ်နိုင်၏။

အကြွေးသည်လည်း ထိုနည်းလည်းကောင်း ဖြစ်၏။ ယနေ့ အမေရိကတွင် ကြွေးဝယ်ကဒ်ပြား အကြွေးသည် မိသားစုတော်တော်များများ၏ အသက် ဓိဝိန်တွေကို ခြွေပစ်နေ၏။ ထိုအထဲတွင် ပညာတတ် မိသားစုများပင် ပါဝင်နေ၏။

ဤအခန်း၏ အဓိကအချက်မှာ အကြွေးအကြောင်း သင့်ကလေးတွေ အား သင်ပေးနေသည်ကို အချိန်နည်းနည်းယူပြီး စဉ်းစားဖို့ဖြစ်၏။ သင့် ကလေး ကြီးထွားရှင်သန်လာပြီး အချိန်တိုတိုအတွင်း ချမ်းသာကြွယ်ဝသူ ဖြစ်လာခွင့် ရစေလိုသည်ဆိုလျှင် သင်သည် မိဘတစ်ဦးအနေဖြင့် သင့် ကလေးကို အကြွေးနှင့်ပတ်သက်သည့် အခြေခံကျွမ်းကျင်မှုများ ရှိလာအောင် နှင့် အကြွေးစီမံခန့်ခွဲမှု တတ်မြောက်လာအောင် သင်ပေးဖို့ လိုအပ်ပါသည်။ ထိုပညာရေးသည် ငွေစာရင်းရှင်းတမ်းဖြင့် အစပြု၏။

အကယ်၍ သင်က သင့်ကလေးအား အကြွေးအကြောင်း အနည်း အကျဉ်းကလေး (သို့မဟုတ်) ဘာမျှ သင်ပေးမထားဘူးဆိုလျှင် သင့်ကလေး သည် သူ့ဘဝ၏ အချိန်အများစုတွင် ငွေကြေးနှင့် ပတ်သက်၍ အသေအလဲ ရုန်းကန်လှုပ်ရှားနေရဖို့ အလားအလာများ၏။ သူတို့သည် ကြိုးစားပမ်းစား အလုပ်လုပ်မည်။ ငွေစုမည်။ ပြီးတော့ ကြွေးဝဲဩဃထဲမှ လွတ်အောင် ရုန်းထွက်ဖို့ အားထုတ်မည်။

နောက်အခန်းများတွင် မိဘများအနေဖြင့် မိမိတို့ ကလေးများ၏ ငွေကြေးဉာဏ်ရည်ပြကိန်း တိုးမြှင့်ပေးနည်းများကို ဖော်ပြထား၏။ ငွေကြေး ဉာဏ်ရည်ပြကိန်း မြင့်မားသော ကလေးတစ်ဦးသည် အကြွေးထဲမှ ရှိနေသည့် အခွံမခန်းစွမ်းအားကို ထိန်းချုပ်အသုံးချနိုင်စွမ်း ရှိပါသည်။ ဖေဖေချမ်းသာ ပြောခဲ့သလို… “အကြွေးကို ကျည်ထိုးထားတဲ့ သေနတ်တစ်လက်လို အမြဲ သဘောထားပါ” လေ။ နောက်ပြီး “သင့်အနေဖြင့် ကြွေးဟောင်းနှင့် ကြွေး ဆိုး၏ ခြားနားချက်ကို သိနေရပါမည်”

သင့် ကလေးအား ကြွေးကောင်းနှင့် ကြွေးဆိုးအကြောင်း၊ ကောင်း သော အသုံးစရိတ်နှင့် ဆိုးသော အသုံးစရိတ်အကြောင်း စတင် သင်ကြားပေး ပြီဆိုလျှင် သင်သည် သင့်ကလေး၏ ငွေကြေးဆိုင်ရာ ပါရမီကို စတင် ဖော်ထုတ်နေပြီ ဖြစ်ပါသည်။

❑

## အခန်း (၁၂)
## တကယ့်ငွေဖြင့် သင်ယူဆည်းပူးခြင်း

ကျွန်တော့် ဖေဖေနှင့် မေမေက ကျွန်တော့်အား ကောလိပ်သို့ ပို့ဖို့ ငွေ မရှိ ဟု ပြောသောအခါ ကျွန်တော် ပြန်ပြောခဲ့သည့် စကားမှာ... "အဲဒါ ကိစ္စ မရှိပါဘူး။ ကျွန်တော် ကျောင်းတက်ဖို့ ဖေဖေတို့၊ မေမေတို့ရဲ့ ငွေ မလိုပါဘူး။ ကျွန်တော့်ပညာရေးစရိတ်အတွက် ကျွန်တော့်နည်း ကျွန်တော်ဟန်နဲ့ ရှာပါ့ မယ်" ဟူ၍သာ ဖြစ်၏။ ထိုစကားကို ကျွန်တော် ယုံကြည်စိတ်ချစွာ ပြော ခဲ့၏။ ဘာကြောင့်ဆို ထိုအချိန်က ကျွန်တော့်ဝင်ငွေ ကျွန်တော်ရှာနိုင်နေပြီ ဖြစ်သောကြောင့်ပင်။ သို့သော် ကျွန်တော် ကောလိပ်တက်နိုင်သည်မှာ ကျွန်တော် ရှာလို့ရနေသော ဝင်ငွေကြောင့် မဟုတ်။ ကျွန်တော် ကောလိပ် တတ်နိုင်သည်မှာ ကျွန်တော် သင်ယူဆည်းပူးထားသော ငွေရှာနည်းများကြောင့် သာ ဖြစ်သည်။ ငွေရှာနည်း သင်ခန်းစာ စခဲ့သည်မှာ ဖေဖေချမ်းသာက ကျွန်တော့်ကို ပေးထားသည့် တစ်နာရီ ၁၀ ဆင့်ကို ရပ်သိမ်းလိုက်ခြင်း ဖြစ်ပါသည်။ အသက်ကိုးနှစ်အရွယ်တွင် ကျွန်တော် ကိုယ့်အားကိုယ်ကိုးပြီး ရှင်သန်ရပ် တည်နိုင်ကြောင်း သင်ယူနေခဲ့ပါပြီ။

**ကျွန်တော့်သားကို အကူအညီရပ်ဆိုင်းပြီး စတင်သင်ကြားပေးသည်** များမကြာသေးမီက ကလေးအဖေတစ်ဦး ရောက်လာပြီး ကျွန်တော့်ကို ပြော သည်။

"ကျွန်တော့်သားကတော့ နောက်ထပ် ဘီလ်ဂိတ် ဖြစ်နိုင်တယ် ထင် ဘယ်ဗျ။ ဘရိုင်ယန်က ဆယ့်လေးနှစ်သားပဲ ရှိသေးတယ်။ ဒါပေမဲ့ သူဟာ

ခုကတည်းက စီးပွားရေးလုပ်ငန်းနဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကို စိတ်ဝင်စား နေပြီ။ ခင်ဗျားစာအုပ်တွေ ဖတ်ပြီးတဲ့အခါ ကျွန်တော့်သားကို ကျွန်တော် အကျင့်ဖျက်နေမိပါကလားလို့လည်း သဘောပေါက်လာတယ်။ ကျွန်တော် သူ့ကို ကူညီချင်တာက သူ့တက်လမ်းကို ကာဆီးကာဆီး လုပ်သလို ဖြစ်နေ တယ်လေ။ ဒီတော့ သူ ကျွန်တော့်ဆီလာပြီး ဂေါက်ရိုက်တံသစ်တွေ လိုချင် ကြောင်းပြောတော့ ကျွန်တော် သူ့ကို စိန်ခေါ်ချက်အသစ်တစ်ခု ကမ်းလှမ်း လိုက်တာပေါ့"

"ခင်ဗျားက ဘယ်လိုဖြစ်ပြီး သူ့ရှေ့မှာ ကာဆီးကာဆီး ဖြစ်နေရတာ လဲ"

"ကျွန်တော်က ငွေရအောင် အလုပ်လုပ်ဖို့ သင်ကြားပေးနေတာလေ။ ပုံမှန်အားဖြင့်ဆိုရင် အလုပ်သွားလုပ်လို့ ပြောမိမှာပဲ။ ခင်ဗျားစာအုပ်တွေ ဖတ်ပြီးတော့ ကျွန်တော်ဟာ သူ့ကို အလုပ်ကြိုးစားတဲ့ စားသုံးသူတစ်ဦး ဖြစ်အောင် ပုံသွင်းနေမိပါကလားဆိုတာ သိမြင်လာတယ်။ သူ့ခမျာ သူ့ငွေကို နာနာခိုင်းတတ်တဲ့ သူဌေးတစ်ယောက်ဖြစ်လာအောင် မဟုတ်ဘဲ အလုပ်ကို ကျုံးရုန်းလုပ်သူတစ်ဦး ဖြစ်လာအောင် ပုံအသွင်းခံနေရရှာတာလေ"

"ဒီတော့ တစ်မူခြားသွားအောင် ခင်ဗျား ဘာလုပ်လိုက်သလဲ"

"အဲ... နီးနားပတ်ဝန်းကျင်ကို လှည့်ပတ်ပြီး လေ့လာ၊ မင်းလုပ်ဖို့ လိုမယ့် အလုပ်တွေ လိုက်ရှာလို့ ပြောလိုက်တယ်။ ပုံမှန်ဆိုရင်တော့ သူကို ပေးနေကျ အသုံးစရိတ်ကို ပိုပေးလိုက်မှာပဲ။ ပြီးတော့ မင်းဂေါက်ရိုက်တံ တွေ ဝယ်လို့ရတဲ့အထိ ငွေစုလို့ ပြောလိုက်မှာပဲ"

"အင်း၊ စိတ်ဝင်စားစရာပဲ။ သူလိုနေတဲ့ ငွေကို သူ လက်တင် အသင့် ခံစားထိုက်တယ်လို့ ပြောမယ့်အစား လုပ်ငန်းကိုင်ငန်းခွင်တွေ လိုက် ရှာပြီး ငွေရအောင်ရှာလို့ ခင်ဗျားပြောလိုက်တယ်ပေါ့"

ဖအေကြီး ဂုဏ်ယူဝင့်ကြွားစွာ ခေါင်းညိတ်ပြီး ပြောသည်။ "ဒီကောင် စိတ်ဆိုးလိမ့်မယ်လို့ ကျွန်တော်တွက်ထားတာဗျ။ ဒါပေမဲ့ သူက ကျွန်တော့် ဆီက လက်ဖြန့်တောင်းနေမယ့်အစား သူ့ကိုယ်ပိုင်လုပ်ငန်းကလေး တစ်ခု စပြီး ထူထောင်ရမှာကို အားတက်သရော ဖြစ်နေတာကလား။ ဒါနဲ့ သူအပြင် ထွက်ပြီး နွေတစ်နွေလုံး မြက်ခင်းတွေ လိုက်ရိတ်တယ်။ သိပ် မကြာလိုက်ပါ ဘူး။ ဒေါ်လာ ၅၀၀ ရလာတယ်။ အဲဒီငွေဆို သူလိုချင်တဲ့ ဂေါက်ရိုက်တံ

တွေရဲ့ တန်ဖိုးထက်တောင် ပိုနေသေးတယ်လေ။ ဒါပေမဲ့ ကျွန်တော်က တစ်မူထူးတာကလေးတစ်ခု လုပ်လိုက်တယ်ဗျ"

"ဘာလုပ်လိုက်လို့လဲ"

"ကျွန်တော် သူ့ကို စတော့ ရှယ်ယာပွဲရုံတစ်ခုကို ခေါ်သွားတယ်။ အဲဒီမှာ သူက လုပ်ငန်းအရှိန်ကောင်းနေတဲ့ အကျိုးတူ ရန်ပုံငွေရှယ်ယာ ဒေါ်လာ ၁၀၀ ဖိုး ဝယ်လိုက်တယ်။ ဒီငွေဟာ သူရဲ့ ကောလိပ်ပညာရေးစရိတ်ပဲလို့ ကျွန်တော်သူ့ကို ပြောပြလိုက်တယ်"

"အဲဒါ ကောင်းတာပေါ့။ အဲဒီနောက် သူ့ကို ဂေါက်ရိုက်တံတွေ ဝယ်ခွင့်ပြုလိုက်ရောလား"

"ဘယ်ကလာ"ဟု မော်မော်ကြွားကြွား ဖအေကြီး ဝင့်ထည်စွာ ပြုံးပြီး ပြောသည်။

"အဲဒီအခါမှာ ခင်ဗျားရဲ့ ဖေဖေချမ်းသာလုပ်မယ့် အလုပ်မျိုး ကျွန်တော် လုပ်လိုက်တာပေါ့"

"ဆိုစမ်းပါဦး"

"သူ့ဒေါ်လာ ၄၀၀ ကို ကျွန်တော် ယူလိုက်တယ်။ သူ့ကို ဂေါက်ရိုက်တံတွေ ဝယ်ပေးမယ့် ရပိုင်ခွင့်တစ်ခု ရှာလို့တွေ့တဲ့အထိ ဒီငွေကို ကျွန်တော် ထိန်းပေးထားမယ်လို့ ပြောလိုက်တယ်"

"ဗျာ... ရပိုင်ခွင့်တစ်ခု သွားဝယ်ဖို့ သူ့ကို ပြောလိုက်တယ်၊ ဟုတ်လား... ဒါဆို... သူ့ရဲ့ အားရကျေနပ်မှုကလေးကို နောက်ကျသွားအောင် အချိန် ဆွဲထားလိုက်တဲ့ သဘောပေါ့"

"ဟုတ်တယ်လေ။ အချိန်ဆိုင်းထားတဲ့ အားရကျေနပ်မှုဟာ ဖွံ့ဖြိုးလာအောင် ပျိုးထောင်ရမယ့် အရေးပါတဲ့ စိတ်လှုပ်ရှားမှုဉာဏ်ရည်ပဲလို့ ခင်ဗျားပဲ ပြောခဲ့တယ်လေ။ ဒီတော့ သူဒေါ်လာ ၄၀၀ ကို သိမ်းထားပြီး သူ့ရဲ့ အားရကျေနပ်မှု နှောင့်နှေးသွားအောင် အချိန်ဆွဲထားလိုက်တယ်လေ"

"အဲဒီနောက် ဘာတွေ ဖြစ်လာသလဲ"

"အင်း...သူ နာရီဝက်လောက်တော့ စိတ်ဆိုးမာန်ဆိုးဖြစ်သွားတယ်ဗျ။ ဒါပေမဲ့ ကျွန်တော် ဘာလုပ်နေတယ်ဆိုတာ သူ သဘောပေါက်သွားတယ်။ သူ့ကို တစ်ခုခု သင်ပေးနေပြီဆိုတာ သဘောပေါက်သွားတာနဲ့ သူ စပြီး စဉ်းစားတော့တာပေါ့။ နောက်ပြီး ကျွန်တော် ဘာလုပ်နေတယ်ဆိုတာ နားလည်သွားတာနဲ့ သူသင်ခန်းစာကို ရသွားတော့တာပဲ"

"နေပါဦး... အဲဒီ သင်ခန်းစာက... ဘာတဲ့လဲ"

"သူ ကျွန်တော့်ဆီ ပြန်လာပြီး မေးတယ်လေ။ 'ဖေဖေက ကျွန်တော့်ငွေကို ပျောက်ပျက်မသွားအောင် ထိန်းပေးဖို့ ကြိုးစားနေတာ မဟုတ်လား။ ဖေဖေက ဂေါက်ရိုက်တံ တစ်စုံဝယ်ပြီး ကျွန်တော့်ငွေကို မဖြုန်းပစ်စေချင်ဘူးလေ... ဟုတ်တယ်မဟုတ်လား။ ဖေဖေက ကျွန်တော့်ကို အဲဒီပညာရစေချင်တာ မဟုတ်လား' တဲ့လေ။ ကျွန်တော်ပေးချင်တဲ့ သင်ခန်းစာကို သူ ရသွားတယ်။ သူ့ရဲ့ ချွေးနဲ့စာကလေး မပျောက်ပျက်ဘဲ ဂေါက်ရိုက်တံတွေလည်း ရနိုင်တယ်ဆိုတာ သူသဘောပေါက်သွားပြီလေ။ သားအတွက် ကျွန်တော်ကတော့ အရမ်းဂုဏ်ယူတာပဲဗျို့"

"ဟုတ်ဟား" ကျွန်တော် ဒါပဲ ကြွေးကြော်နိုင်သည်။ "အသက်ဆယ့်လေးနှစ်မှာ လက်ထဲကငွေ မပျောက်ပျက်ဘဲ ဂေါက်ရိုက်တံတွေရနိုင်တယ်ဆိုတာ သူသဘောပေါက်သွားတယ်ပေါ့"

"အဲဒါအမှန်ပဲ။ နှစ်မျိုးစလုံး ရနိုင်တယ်ဆိုတာ အထာပေါက်သွားပြီလေ"

"ဟုတ်ဟား" ဟုသာ နောက်တစ်ကြိမ် ကြွေးကြော်လိုက်ရသည်။ "အဲဒီ သင်ခန်းစာကို လူကြီးအများစု မတတ်ကြဘူး။ ဒီတော့ သူဘယ်လိုလုပ်လိုက်သလဲ"

"သတင်းစာထဲမှာပါတဲ့ အလိုရှိသည် ကြော်ငြာတွေကို သူလိုက်ကြည့်တော့တာပဲ။ အဲဒီနောက် ဂေါက်ရိုက်ပစ္စည်း အရောင်းဆိုင်တစ်ဆိုင်ကို သွားတယ်။ ပြီးတော့ သူတို့ ဘာလိုအပ်သလဲ၊ ဘာလိုချင်သလဲဆိုတာ စုံစမ်းတယ်။ အဲဒီနောက် တစ်နေ့မှာတော့ ကျွန်တော့်ဆီလာပြီး ပြောတယ်။ သူ့ငွေကို သုံးဖို့လိုပြီတဲ့။ သူ့ငွေကော ဂေါက်ရိုက်တံတွေပါ ထိန်းထားနိုင်မယ့် နည်းလမ်းတစ်ခု သူတွေ့သွားပြီလေ"

"ဒီတော့ ပြောပြစမ်းပါဦး" ... ကျွန်တော် သိချင်နေပြီ။

"သကြားချောင်းရောင်းစက်တွေ ရောင်းချင်တဲ့ လူတစ်ယောက်နဲ့ သူ တွေ့သွားတယ်ဗျ။ အဲဒီနောက် သူဂေါက်ပစ္စည်းဆိုင်ကို သွားပြီး သကြားချောင်း ရောင်းစက် နှစ်လုံး ထားလို့ရမလားဆိုတာ မေးကြည့်တယ်။ ဟိုက ရတယ်လို့ ပြောလိုက်တော့ ကျွန်တော့်ဆီလာပြီး သူ့ငွေ သူတောင်းတော့တာပဲ။ ကျွန်တော်တို့ သကြားချောင်းရောင်းစက်တွေကို သွားကြည့်တယ်။ စက်

နှစ်လုံးရယ်၊ သစ်ချသီးနဲ့ သကြားချောင်းတွေရယ် အားလုံးစုစုပေါင်း ဒေါ်လာ ၃၅၀ ဖိုးလောက် ဝယ်ခဲ့ကြတယ်။ သားက ဂေါက်ပစ္စည်းဆိုင်ကို တစ်ပတ် တစ်ခါ သွားတယ်။ စက်တွေထဲက ပိုက်ဆံတွေ သိမ်းတယ်။ လျှော့နည်းသွား တဲ့ သရေစာတွေကို အစားဖြည့်ဖြည့်တယ်။ နှစ်လကျော်သွားတော့ သူ ရလိုက်တဲ့ ငွေဟာ ဂေါက်ရိုက်တံဖိုးထက် ပိုနေပြီ။ ခုတော့ သူ့မှာ ဂေါက်ရိုက် တွေ ရှိနေပြီ။ ပြီးတော့ စက်ခြောက်လုံးက ဝင်တဲ့ ပုံမှန်ငွေလည်း ရှိနေပြီ"

"စက်ခြောက်လုံး၊ သူ နှစ်လုံးပဲဝယ်တယ်လို့ ကျွန်တော်ထင်နေတာ"

"ဟုတ်တယ်။ ဒါပေမဲ့ သူ့စက်တွေဟာ ရပိုင်ခွင့်တွေပါလားဆိုတာ လည်း သဘောပေါက်သွားရော ရပိုင်ခွင့်တွေ ထပ်ဝယ်တော့တာပဲ။ ခုဆိုရင် သူရဲ့ ကောလိပ်စုငွေက ပုံမှန်တိုးနေတယ်။ သကြားချောင်းရောင်းစက်တွေ များသထက် များလာတယ်။ နောက်ပြီး သူ ကစားချင်တဲ့ ဂေါက်သီးကို ကစားဖို့ သူ့မှာ အချိန်ရော၊ ငွေပါ အလုံအလောက်ရှိနေပြီ။ ဘာဖြစ်လို့လဲ ဆိုတော့ ဂေါက်ပွဲတွေ ဝင်နွှဲဖို့ ဝင်ကြေးကို အလုပ်လုပ်ပြီး ရှာနေဖို့မှ မလို တော့တာ။ သူက တိုက်ဂါးဝုဒ် လက်သစ်ဖြစ်ဖို့ စီမံကိန်းချထားတာဗျို့။ အဲဒီအတွက် ကျွန်တော် ငွေကုန်ကြေးကျခံစရာ မလိုဘူး။ အရေးအကြီးဆုံးက တော့ သူ့ကို ကျွန်တော် ငွေထုတ်ပေးလိုက်တာထက် အများကြီး ပိုပြီး ပညာတတ်သွားတာပဲ"

"ကြည့်ရတာ ခင်ဗျားမှာ တိုက်ဂါးဝုဒ်နဲ့ ဘီလ်ဂိတ်သွေးပါတဲ့ သား တစ်ယောက် ရလာတဲ့ပုံပဲဗျ"

ဝင့်ဝင့်ကြွားကြွား ဖအေကြီး ရယ်မောသည်။ "သိတယ် မဟုတ်လား၊ အဲဒါ ဒီလောက်ကြီး အရေးကြီးပါဘူး။ အရေးကြီးတာက သူဖြစ်ချင်တဲ့ လူမျိုးဖြစ်လာအောင် ဖန်တီးယူလို့ ရနေပြီဆိုတာ သူ့ကိုယ်သူ သိနေတာပဲဗျို့"

## သူဖြစ်ချင်သူမျိုး ဖြစ်လာအောင် ထုထောင်လို့ရပြီ

ကျွန်တော့်မိတ်ဆွေ၏သားသည် သူဖြစ်ချင်သူမျိုး ဖြစ်လာအောင် သူ့ကိုသူ ထုထောင်လို့ ရနေပြီဆိုတာ သိနေခြင်း၏ အရေးပါမှုအပေါ်... ကျွန်တော်တို့ နှစ်ယောက် ဆွေးနွေးခဲ့ကြသည်။

"ကျွန်တော့်ဖေဖေက ပြောတယ်ဗျ၊ 'အောင်မြင်မှုဆိုတာ ကိုယ်ဖြစ် ချင်သူမျိုး ဖြစ်လာခြင်းပဲ' တဲ့ဗျ။ ခုကြည့်ရတာ ခင်ဗျားသားဟာ အောင်မြင် မှု ရနေပုံပဲ"

"အဲ သူပျော်နေတယ်။ သူဟာ ကျောင်းလာတက်တဲ့ သူလိုကိုယ်လို ကျောင်းသားအုပ်စုထဲမှာ မပါဘူး။ သူက တစ်မျိုးတစ်ဘာသာ ကွာခြားနေတယ်လေ။ ခုဆို သူ့မှာ သူ့ကိုယ်ပိုင်လုပ်ငန်းရှိနေပြီ။ သူ့ကိုယ်ပိုင်ငွေ ရှိနေပြီ။ နောက်ပြီး သူ့ကိုယ်ပိုင်စရိုက်လက္ခဏာ ရှိနေပြီ။ သူ့တစ်ကိုယ်အတွက်တော့ လုံခြုံစိတ်ချရတဲ့ သဘောပေါ့။ တခြား သူလိုကိုယ်လို ကျောင်းသားထုထဲမှာ ဘယ်လောက်ကျော်ကြားမှု ရနိုင်မလဲဆိုတာ ကြည့်မနေတော့ဘူး။ သူ့ကိုယ်ပိုင်စရိုက်လက္ခဏာကို ထိန်းထားဖို့ အာမခံချက် ရှိနေပြီဆိုတော့ သူဘယ်လိုလူစား ဖြစ်ချင်သလဲဆိုတဲ့ ကိစ္စကို ပိုပြီး စဉ်းစားလာနိုင်တာပေါ့။ သူ့သူငယ်ချင်းတွေရဲ့ ထင်ကြေးတွေကို သူ ဂရုမစိုက်တော့ဘူးလေ။ ဒီဖြစ်စဉ်ကို ဖြတ်သန်းရင်း သူဟာ ကိုယ့်ကိုယ်ကိုယ် အများကြီး ယုံကြည်မှုတွေ ရလာခဲ့တယ်"

ကျွန်တော်၏ အထက်တန်းကျောင်းနေ့ရက်များကို ပြန်တွေးရင်း ခေါင်းညိတ်လိုက်မိတယ်။ ကျွန်တော်သည် *စည်းဝိုင်းထဲကလူ* မဖြစ်ခဲ့ဘဲ *စည်းပြင်ကလူ* ဖြစ်ခဲ့သည်ကို နာကြည်းစွာ သတိရမိ၏။

"ဒီတော့ ကျွန်တော့်ကို ပြောပြစမ်းပါဗျာ" ဖအေကြီးက ကျွန်တော့်အား အထက်တန်းကျောင်း အမှတ်တရတွေထဲမှ ဆွဲထုတ်လိုက်၏။ "ကျွန်တော့်သားရဲ့ ပညာရေးမှာ ခင်ဗျားတို့ ဘာတွေ ထပ်ဖြည့်ပေးမလဲ။ သူ ကျွန်တော်ပြောတဲ့ အခြေအနေထိ ရောက်နေပြီ။ အခြေအနေလည်း ကောင်းနေတယ်။ ဒါပေမဲ့ နောက်ထပ် သင်ယူစရာတွေ အများကြီးရှိနေဦးမယ်ဆိုတာ ကျွန်တော် သိနေတယ်ဗျ။ ခင်ဗျား ဘာတွေ အကြံပေးမလဲ"

"အိုး တကယ့်မေးခွန်းပဲ... သူ့စာရွက်စာတမ်း အလုပ်တွေရော ဘယ်လိုနေလဲ"

"စာရွက်စာတမ်း အလုပ်၊ ဟုတ်လား"

ဟုတ်တယ်။ သူ့မှတ်တမ်းတွေ... သူ့ငွေစာရင်းရှင်းတမ်းတွေ။ အဲဒီမှတ်တမ်းတွေ ဒီနေ့ဒီရက်ထိ ပြည့်ပြည့်စုံစုံ ရှိရဲ့လား"

"မရှိဘူး။ သူက တစ်ပတ်တစ်ကြိမ် ပါးစပ်နဲ့ပဲ သတင်းပို့တာဗျ။ သူ့စက်တွေက ရတဲ့ငွေတွေ ကျွန်တော့်ကို ပြတယ်။ စက်ထဲမှာ ပြန်ဖြည့်ဖို့ သကြားချောင်းဝယ်တဲ့ ပြေစာတွေ ပြတယ်။ ဒါပေမဲ့ ထုံးတမ်းစဉ်လာငွေစာရင်းရှင်းတမ်းတွေတော့ မရှိဘူး။ ဒါတွေလုပ်ရတာ လက်မဝင်ဘူးလား"

"လက်ဝင်စရာအကြောင်း မရှိပါဘူး။ တကယ်တော့ တော်တော်ကြီးကို လွယ်တာဗျ။ အစကနဦးကတည်းက ရိုးရိုးရှင်းရှင်း... ဆွဲထားရင် ပိုကောင်းတာပေါ့။ အရေးကြီးဆုံးက ငွေစာရင်းရှင်းတမ်းတွေက ဘာတွေဖော်ပြသလဲဆိုတာ သူသိမြင်သွားဖို့ပဲ။ အဲဒီနောက်မှာမှ ဖြည်းဖြည်းချင်း ပိုပြီး အသေးစိတ်တွေ ဖြည့်သွားလို့ရတယ်။ ပိုပြီး အနုစိတ်တဲ့ ကွာခြားချက်တွေပေါ့။ သူအဲဒီလို လုပ်တဲ့အခါ သူရဲ့ ငွေကြေးဉာဏ်ရည်ပြကိန်းဟာ မြင့်ပြီးရင်း မြင့်သွားလိမ့်မယ်။ ပြီးတော့ သူ့ရဲ့ ငွေရေးကြေးရေး အောင်မြင်မှုဟာ ဆထက်ထမ်းပိုး တိုးလာလိမ့်မယ်"

"ကျွန်တော်တို့ လုပ်ချင်လုပ်နိုင်ပါတယ်။ ကျွန်တော်တို့ ဆွဲတဲ့ ပထမဦးဆုံး ငွေစာရင်းရှင်းတမ်း မိတ္တူတစ်စောင် ခင်ဗျားဆီ ပို့ပေးလိုက်မယ်လေ"

ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ပြီး ကိုယ့်လမ်းကိုယ်သွားခဲ့ကြ၏။ တစ်ပတ်လောက်ကြာတော့ သူ့သားတော်မောင်၏ ငွေစာရင်းရှင်းတမ်း မိတ္တူတစ်စောင်ကို စာတိုက်မှတစ်ဆင့် လက်ခံရရှိသည်။ သူ့စာရင်းမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

**<u>ရွှန်လအတွက် ဘရိုင်ယန်၏ လုပ်ငန်းငွေစာရင်းရှင်းတမ်း</u>**

| | |
|---|---|
| ဝင်ငွေ | |
| သကြားချောင်းရောင်းစက် | |
| ၆ လုံးမှ ဝင်ငွေ | $ ၄၆၅ |
| အသုံးစရိတ် | |
| သကြားချောင်းနှင့် သစ်ချသီး | $ ၈၅ |
| ဘရိုင်ယန်၏ လစာ | $ ၁၀၀ |
| ကောလိပ်ရန်ပုံငွေ | $ ၁၅၀ |
| စုငွေ | $ ၁၃၀ |

| ရပိုင်ခွင့် | | ပေးရန်တာဝန် |
|---|---|---|
| စုငွေ | $ ၆၈၀ | $ ၀ |
| ကောလိပ်ရန်ပုံငွေ | $ ၃၇၀၀ | |
| စက် ၆ လုံး | $ ၁၀၀၀ | |

ကျွန်တော့်ဝေဖန်ချက်များနှင့်အတူ ချီးကျူးစာရေးပြီး ပြန်ပို့ပေးလိုက်၏။ ကျွန်တော့်မှတ်ချက်များမှာ "သူ့ရဲ့ ကိုယ်ရေးကိုယ်တာ အသုံးစရိတ်တွေ ဘယ်ရောက်နေသလဲ" ဖြစ်၏။ သူ့ဖအေက အီးမေးလ်ဖြင့် ပြန်ကြားသည်။ "သီးခြားငွေစာရင်းရှင်းတမ်း တစ်စောင်နဲ့ ပုဂ္ဂလိက အသုံးစရိတ်စာရင်း ဖွင့်ထားပြီးပါပြီ။ သူက လုပ်ငန်းအသုံးစရိတ်တွေနဲ့ ပုဂ္ဂလိက အသုံးစရိတ်တွေ မရောထွေးစေချင်ဘူး"

ကျွန်တော် အီးမေးလ် ပြန်ပို့လိုက်၏။ "အရမ်းကောင်းတဲ့ အလေ့အကျင့်ပဲ။ ပုဂ္ဂလိက ငွေရေးကြေးရေးနဲ့ လုပ်ငန်းဆိုင်ရာ ငွေရေးကြေးရေးရဲ့ ခြားနားချက်ကို သိဖို့ အရေးကြီးပါတယ်" ဒါပေမဲ့ အခွန်ကိစ္စ ဘယ်လိုလုပ်ထားသလဲ"

ဖအေကြီး အကြောင်းပြန်သည်။ "လောလောဆယ် သူ့ကို တုန်လှုပ်မသွားစေချင်သေးဘူး။ အဲဒီကိစ္စကို နောက်နှစ်ကြမှ အာရုံစိုက်တော့မယ်။ လောလောဆယ်တော့ သူ အောင်မြင်နေပါစေဦး။ မကြာမီအတွင်း သူအခွန်ကောက်တွေအကြောင်း လေ့လာဆည်းပူးလာမှာပါ"

## ရှစ်လကြာသောအခါ

နောက်ရှစ်လကြာသောအခါ ဘရိုင်ယန့်အဖေက သူ့သား၏ နောက်ဆုံးငွေစာရင်းရှင်းတမ်းကို မိတ္တူကူးပြီး ပို့ပေးလိုက်၏။

"ဘရိုင်ယန်ရဲ့ တိုးတက်မှုအခြေအနေကို အသိပေးချင်တာသက်သက်ပါ။ ကောလိပ်ရန်ပုံငွေမှာ ထည့်ဝင်ထားတဲ့ အကျိုးတူစုငွေကလည်း ခုဆိုလည်း တော်တော်ကြီး အောင်မြင်ပါတယ်။ ဈေးကွက်အခြေအနေ ဆိုးနေပေမဲ့ ခုဆို သူဒေါ်လာ ၆,၀၀၀ ပိုက်မိနေပြီ။ သကြားချောင်းရောင်းစက်ကကိုးလုံးရှိသွားပြီ။ ခုတော့ သူ စီးပွားရေးလုပ်ငန်းတစ်ခုဝယ်ဖို့ စဉ်းစားနေတယ်။

အကြွေစေ့နဲ့ လည်ပတ်တဲ့ လုပ်ငန်းမျိုးပေါ့။ သူ့မှတ်တမ်းတွေက ရှုပ်ထွေးလွန်းလာတဲ့အတွက် အချိန်ပိုင်း စာရင်းကိုင် စာရေးမတစ်ယောက် ငှားထားရတယ်။ သူ ခုမှ ဆယ့်ငါးနှစ်ထဲ ဝင်ရုံရှိသေးတယ်။ ဒါပေမဲ့ လက်တွေ့ကမ္ဘာထဲ ခြေချဖို့ အသင့်ဖြစ်နေလောက်ပြီ ထင်တာပဲ။ ခုချိန်ဟာ သူ့ကို အခွန်အကောက်တွေအကြောင်း ပြောပြဖို့ အချိန်တန်ပြီ။ ဒီတော့ သူ့ကို စာရင်းကိုင်နဲ့ မိတ်ဆက်ပေးရမှာပဲ။ သူ့ရဲ့ ငွေကြေးဉာဏ်ရည်စစ်ဆေးမှုမှတ်တမ်းက လက်မ ထောင်လို့ ရသလို သူ့ရဲ့ ကျောင်းစာဉာဏ်ရည်စစ်ဆေးမှုမှတ်တမ်းကလည်း ကောင်းနေပါတယ်။ သူ့ရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုတွေ မြင့်တက်လာသလို သူ့ရဲ့ အောင်မှတ်အဆင့်တွေလည်း မြင့်နေပါတယ်”

စာ၏ အောက်ခြေတွင် နောက်ဆက်တွဲ မှတ်ချက်ကလေး ရေးထားပေးသည်။

“ဘရိုင်ယန်မှာ ရည်းစားတောင် ရနေပြီဗျ။ ဘရိုင်ယန်က သူ သင်ယူတတ်မြောက်ထားတာတွေကို သူ့ကောင်မလေးကို ပြန်ပြီး သင်ပေးနေတယ်။ ကောင်မလေးက ပြောတယ်လေ။ သူ ဘရိုင်ယန်ကို သဘောကျတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူက တခြားကောင်လေးတွေနဲ့ မတူလို့တဲ့။ နောက်ပြီး သူ့မှာ အနာဂတ်ဘဝတစ်ခု ရှိနေတယ် ထင်လို့တဲ့ဗျား။ ပြောသာ ပြောရတယ်... ကောင်မလေးက ဒီကောင်ကို စိတ်ဝင်စားတာထက် လုပ်ငန်းကို ပို စိတ်ဝင်စားတယ်လို့ ကျွန်တော်ထင်တာပဲ။ ဒီကောင်ရဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားစိတ်နဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ကတော့ မိုးထိမြင့်နေလေရဲ့။ အရေးအကြီးဆုံးကတော့ သူဘယ်လိုလူစား ဖြစ်သင့်တယ်လို့ သူ့သူငယ်ချင်းတွေထင်တာထက် သူဖြစ်ချင်သူမျိုး ဖြစ်လာနိုင်အောင် သင်ယူဆည်းပူးနေတာဗျို့။ ကျေးဇူးအနန္တပါ။ ဘရိုင်ယန်ရဲ့ ဖအေကြီး”

## ကျွန်တော့်အလုပ်၏ ကျေနပ်အားရစရာ အကောင်းဆုံးအပိုင်း

အီးမေးလ်ဖြင့် ဖြစ်စေ၊ ရိုးရိုးစာတိုက်မှ ဖြစ်စေ ကျွန်တော်တို့ဆီ ရောက်လာသော စာအများစုသည် အပြုသဘောဆောင်နေပြီး တော်တော်ကြီး အားရှိစရာကောင်းပါသည်။ ကျွန်တော်တို့ဆီရောက်လာသော စာတွေ၏ ၉၉ ရာခိုင်နှုန်းသည် အကောင်းမြင်စာများ ဖြစ်သော်လည်း အဆိုးမြင်သည့် စာများလည်း လာပါသည်။ “ခင်ဗျား မှားတယ်။ ခင်ဗျားပြောတာ ကျုပ်သဘောမတူဘူး” သို့မဟုတ် “ကျွန်မရဲ့ယုံကြည်ချက်တွေကို ရှင်က တိုက်ခိုက်လိုက်

တာပဲ” ဆိုသော မှတ်ချက်ပါသည့် စာများလည်း ရောက်ရောက်လာတတ်ပါသည်။ ဘာပဲဖြစ်ဖြစ် ရောက်လာသည့်စာများ၏ အများစုကြီးမှာ အကောင်းမြင်စာများ ဖြစ်သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောပါရစေ။ ကျွန်တော်တို့ပြုပြင်ဖို့ စာဖတ်ပရိသတ်များက အမှားထောက်ပြသည်ကို ကျွန်တော်တို့ မလေးမစား သဘောမထားပါ။ လေးစားပါသည်။ တန်ဖိုးထားပါသည်။ သည်တော့ အကောင်းမြင်တာရော… အဆိုးမြင်တာတာပါ ဆက်လက်ပေးပို့ကြပါ။ ကျေးဇူးတင်ပါသည်။

ကျွန်တော့်အလုပ်၏ ကျေနပ်အားရစရာ အကောင်းဆုံးအပိုင်းမှာ မိဘများ၏ တုံ့ပြန်အားပေးမှုများပင် ဖြစ်၏။ သူတို့က သူတို့၏ကလေးတွေသည် ငွေရေးကြေးရေး ခိုင်မာအောင်၊ ငွေရေးကြေးရေး အမှီခိုကင်းအောင်၊ ငွေရေးကြေးရေးအရ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုရှိအောင် သင်ယူဆည်းပူးနေကြကြောင်း သတင်းကောင်းပါးကြပါသည်။ ငွေရေးကြေးရေး ခိုင်မာမှုနှင့် ငွေရေးကြေးရေးအရ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုကို တစ်စုံတစ်ရာ အတိုင်းအတာအထိ ငယ်ငယ်ရွယ်ရွယ်နှင့် ရသွားသည်ဆိုလျှင် သူတို့ နေချင်သည့်ဘဝမျိုးဖြင့် နေထိုင်ချင်အောင် ဖန်တီးဖို့ အခွင့်အရေးကြီး တစ်ရပ် ရသွားခြင်းပင် ဖြစ်ပါသည်။

## အနာဂတ်၏ လူငယ်လူကြွယ်များ

ချမ်းသာတဲ့ ဖေဖေနှင့် နွမ်းရှာတဲ့ ဖေဖေ စာအုပ်ထုတ်ဝေပြီးကတည်းက ဂုဏ်ယူမဆုံးဖြစ်နေသော မိဘတွေ ပို၍များပြားစွာ ကျွန်တော့်ဆီ ရောက်လာကြ၏။ ပြီးတော့ အောက်ဖော်ပြပါ ဇာတ်လမ်းသုံးပုဒ်လို ဇာတ်လမ်းတွေ ပြောပြခဲ့၏။ ဇာတ်လမ်းတစ်ပုဒ်ချင်းက ဖော်ပြသည့် လူငယ်ကလေးတွေ၏ ကိုယ်စွမ်းကိုယ်စနှင့် တီထွင်နိုင်စွမ်းများက ကျွန်တော့်အား ပါးစပ်အဟောင်းသား ဖြစ်စေပါသည်။

ဩစတြေးလျနိုင်ငံ၊ အက်ဒီလေ့ဒ်မြို့မှ ၁၆ နှစ်သားကလေးတစ်ဦး ကျွန်တော့်ဆီ ရောက်လာသည်။ ဆရာကြီးရဲ့စာအုပ်ကို ဖတ်ပြီးတဲ့နောက်ပိုင်း ကျွန်တော်ရဲ့ ပထမဦးဆုံး မြေတစ်ကွက်ဝယ်လိုက်တယ်။ အဲဒီမြေရဲ့ တစ်စိတ်တစ်ပိုင်းကို ပြန်ရောင်းပြီး ကျွန်တော့်အိတ်ထဲမှာ ဒေါ်လာ ၁၀၀,၀၀၀ ထည့်လိုက်တယ်”

သူက ဆက်ပြောသည်မှာ ရွေ့နေတစ်ဦးဖြစ်သော သူ့ဖခင်၏ အကူအညီဖြင့် အပေးအယူတစ်ခု လုပ်လိုက်၏။ ထိုအပေးအယူကို သူ့ကျောင်းရှိ စာကျက်သည့်ခန်းမထဲမှာ ရှိနေခိုက် ဆယ်လူလာတယ်လီဖုန်းဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်၏။

“ဒီငွေကြောင့် ကျွန်တော်စိတ်ကြီးဝင်သွားမှာ မေမေကတော့ စိုးရိမ်တာပေါ့ဗျာ။ ဒါပေမဲ့ အဲဒီလို မဖြစ်ပါဘူး။ ကျွန်တော်က ရပိုင်ခွင့်တွေနဲ့ ပေးရန်တာဝန်တွေရဲ့ ကွာခြားချက်ကို သိပါတယ်။ ဒါကြောင့် ဒေါ်လာ ၁၀၀,၀၀၀ ကို နောက်ထပ်ရပိုင်ခွင့်တွေ ဝယ်ဖို့ စီစဉ်ထားပါတယ်။ ပေးရန်တာဝန်တွေ ဝယ်မှာ မဟုတ်ပါဘူး”

ဩစတေးလျနိုင်ငံ၊ ပါ့သ်မြို့မှ ဆယ့်ကိုးနှစ်သာရှိသည့် မိန်းကလေးတစ်ဦးသည် ကျွန်တော့်စာအုပ်ကို ဖတ်ပြီးနောက် သူ့မေမေနှင့် အစုစပ်ပြီး အငှားချထားသည့် အိမ်များကို လိုက်ဝယ်သည်။ သူက ကျွန်တော့်ကို ပြောပြသည်။ “ကျွန်မ လက်လီအရောင်းဆိုင်မှာ အရောင်းစာရေးမ လုပ်လို့ရတဲ့ ဝင်ငွေထက် ကျွန်မရတဲ့ အိမ်ငှားခတွေက ပိုများတယ်ရှင့်။ ကျွန်မ ဒီအလုပ်ကို ရပ်လိုက်ဖို့ စိတ်မကူးပါဘူး။ ကျွန်မရဲ့ သူငယ်ချင်းအများစုက ဘီယာဆိုင်မှာ ဘီယာသောက်နေကြချိန်မှာ ကျွန်မကတော့ နောက်ထပ် ရင်းနှီးမြှုပ်နှံရမယ့် ခွင်တွေကို ရှာနေတယ်လေ”

နယူးဇီလန်၊ အော့ကလန်ကျွန်းတွင် ကျွန်တော့်စာအုပ်တွေကို လက်မှတ်ထိုးပေးပွဲ ပြုလုပ်နေရာသို့ အသက် နှစ်ဆယ့်ခြောက်နှစ်အရွယ်ရှိ အိမ်ထောင်မဲ့ ကလေးအမေတစ်ဦး ရောက်လာသည်။

“ကျွန်မမိတ်ဆွေ ဆရာဝန်မတစ်ယောက်က ဆရာရေးတဲ့ စာအုပ်ကို ယူလာပေးပြီး ‘ဒီစာအုပ်ကို ဖတ်’ လို့ ပြောပါတယ်။ အဲဒီအချိန်ထိ ကျွန်မဟာ လူမှုဖူလုံရေး ထောက်ပံ့ငွေပေါ်မှာ မှီခိုနေရပါတယ်။ ဆရာ့စာအုပ်ဖတ်လို့လည်း ပြီးရော ကျွန်မမိတ်ဆွေဆီကို သွားပြီး ‘ငါတို့ နှစ်ယောက်တွဲပြီး တစ်ခုခုလုပ်ကြရအောင်’ လို့ ပြောလိုက်တယ်။ သူနဲ့ ကျွန်မ ပေါင်းပြီး သူ အလုပ်လုပ်နေတဲ့ ဆေးခန်းကို လက်ငင်း ဒေါ်လာ ၁,၀၀၀ ပထမအရစ် ပေးပြီး ဝယ်လိုက်ကြတယ်။ ကျန်တဲ့ ကုန်ကျစရိတ်တွေအတွက် ဆေးခန်းက

ရတဲ့ ငွေသားထဲက ကျခံတယ်။ အဲဒီလုပ်ငန်းတစ်ခုတည်းနဲ့ ကျွန်မဟာ လူမှုဖူလုံရေးကို မှီခိုနေရတဲ့ အိမ်ထောင်မဲ့ မိခင်တစ်ဦးဘဝကနေ ငွေကြေး အမိုကင်းတဲ့ အိမ်ထောင်မဲ့ မိခင်တစ်ဦး ဖြစ်လာတယ် ဆရာရေ့။

"ဒီကနေ့ဆိုရင် ကျွန်မရဲ့ဆေးခန်းမှာ အလုပ်ဆင်းဖို့သွားတဲ့ ဆရာဝန် တွေကို ကျွန်မစောင့်ကြည့်နေတယ်။ အဲဒီအချိန်မှာ ကျွန်မက ကျွန်မအိမ်မှာ ကျွန်မကလေးတွေကို ရင်အုပ်မကွာ စောင့်ရှောက်လို့လေ။ ကျွန်မသူငယ်ချင်းနဲ့ ကျွန်မတို့ ရင်းနှီးမြှုပ်နှံရမယ့် တခြားလုပ်ငန်းတွေ လိုက်ကြည့်နေတယ် ဆရာရဲ့။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို လိုက်ကြည့်လို့ရအောင် ကျွန်မတို့မှာ အချိန်ရနေပြီလေ"

## သင့်ကလေး၏ တီထွင်စွမ်းကို အားပေးပါ၊ ကာကွယ်စောင့်ရှောက်ပါ

အထက်ဖော်ပြပါ လူငယ်အများသည် အကြွေးကို အသုံးချပြီး ချမ်းသာအောင် လုပ်ဖို့ မကြောက်မရွံ့ကြကြောင်း သင်လည်း သတိပြုမိပါလိမ့်မည်။ သူတို့က 'ခြေနိုင်လက်နိုင် လုပ်၊ အရဲမကိုးနဲ့ မစွန့်စားနဲ့' ဟု မပြောကြပါ။ သူတို့သည် အမှားလုပ်မိမှာ ကြောက်စိတ် (သို့မဟုတ်) ရှုံးနိမ့်မှာ ကြောက်စိတ်ကို မွေးမထားကြ။ ထိုအစား သူတို့က အရဲကိုး စွန့်စားမှုတွေ ပြုလုပ်ပြီး သင်ခန်းစာယူဖို့ အားသန်နေကြ၏။

ကလေးတစ်ဦးက အမှားလုပ်မိမှာကို ကြောက်တတ်အောင် သင်ကြား ပေးလျှင် ထိုကလေး၏ တီထွင်စွမ်းသည် ချည့်နဲ့သွားတတ်၏။ ကျိုးကြေ သွားခြင်းပင် ဖြစ်နိုင်၏။ မိဘများ 'ငါလုပ်သလိုလုပ်' ဟု ပြောသည့်အခါတွင် လည်း အထက်ပါရလဒ်အတိုင်း ဖြစ်ပေါ်သွား၏။ သူတို့ဘာသာ သူတို့ စဉ်းစားဖို့၊ တွေးခေါ်ဖို့၊ စွန့်စားဖို့နှင့် ကိုယ်ပိုင်အဖြေများ ရှာကြံဖို့ အားပေး အားမြှောက် ပြုပေးသည့်အခါ ကလေးတွေ၏ ပါရမီသည် နိုးကြွအားကောင်း လာ၏။ နောက်ပြီး သူတို့၏ တီထွင်စွမ်းသည် ထက်မြက်လာပြီး ကာကွယ် စောင့်ရှောက်ပြီးသား ဖြစ်သွားတော့၏။

လူငယ်တွေ ဘယ်လောက် တီထွင်စွမ်းရှိသည်ကို ကျွန်တော် အံ့ဩ တကြီး တွေ့ရလေ့ရှိ၏။ အထက်ပါ ဇာတ်လမ်းသုံးပုဒ်သည် သူတို့၏ တီ

ထွင်စွမ်းကို မြေတောင်မြှောက် အားပေးပါ။ သူတို့ကို ဘာတွေ ဘယ်လိုလုပ် ဟု ပြောမည့်အစား သူတို့၏ မွေးရာပါ တီထွင်စွမ်းကိုသာ အသုံးပြုပါစေ။ ငွေရေးကြေးရေးပြဿနာများကို ဖြေရှင်းဖို့ ကိုယ်ပိုင်နည်းလမ်းများ ရှာဖွေခွင့်ပြုပါ။ ပြီးတော့ သူတို့ဖြစ်ချင်သည့် ဘဝမျိုးအတိုင်း ပီပီပြင်ပြင်ဖြစ်လာအောင် ဖန်တီးခွင့်ပေးပါလေ။

## အကြီးမားဆုံး အန္တရာယ်

မိဘများထံမှ ကျွန်တော်ထံသို့ ကြိမ်ဖန်များစွာ ရောက်လာသော ဝေဖန်သုံးသပ်ချက်များမှ သူတို့ကလေးတွေနှင့် ကစားပွဲကစားလျှင် ကလေးတွေက သူတို့ကို အမြဲတမ်းနိုင်လေ့ရှိကြောင်းနှင့် 'သူတို့က ကျွန်တော်/ကျွန်မတို့ ထက်ပိုပြီး အရမ်းအတတ်မြန်တာပဲ' ဟူ၍ ဖြစ်သည်။ ဘာကြောင့် သည်လိုဖြစ်ရသလဲဆိုတာတွင် အကြောင်းရင်းများစွာ ရှိပါသည်။ အကြောင်းရင်းတစ်ခုမှာ ကလေးတွေကို ကြောက်စိတ်က ပြုပြင်ဖန်တီးမှု မပြုသေးသောကြောင့်ဖြစ်၏။ သူတို့က ငယ်သည်။ နုပျိုလန်းဆန်းသည်။ သူတို့ လဲကျလျှင် သူတို့ ပြန်ကုန်းပြီး ထလိမ့်မည်။ ကျွန်တော်တို့ တော်တော်များများအတွက်တော့ အသက်အရွယ်တွေ ရင့်အိုလာလေ လဲကျမှာ ကြောက်သလိုဖြစ်လာလေပင်။

တကယ်တော့ ကျွန်တော်တို့ သင်ယူဆည်းပူးသည့် ပုံစံကိုက အမှားတွေလုပ်ပြီး အမှားပြင်သည့်နည်း မဟုတ်ပါလား။ အမှားအယွင်းတွေ အားလုံးထဲမှာ အန္တရာယ်အကြီးမားဆုံး အမှားကတော့ ထိုသို့အမှားတွေ စတင်ပြုလုပ်ဖို့ကို အချိန်အကြာကြီး စောင့်နေခြင်းဖြစ်၏။ ဖန်တစ်ရာတေအောင် ပြုမူထားသည့် အပြုအမူတစ်ရပ်ကို နှစ်ပေါင်းနှစ်ဆယ်ကြာအောင် ထပ်ကာတလဲလဲ ပြုမူနေဆဲဖြစ်သည့် မိတ်ဆွေတွေ ကျွန်တော့်မှာ ရှိသည်။ ထိုမိတ်ဆွေတွေထဲက တော်တော်များများသည် ငွေရေးကြေးရေးအရ ဒုက္ခရောက်နေကြသည်။ သူတို့ ထိုသို့ ဒုက္ခရောက်ရခြင်းအကြောင်းမှာ သူတို့ငယ်ရွယ်စဉ်က အမှားတွေ လုပ်သင့်သလောက် မလုပ်ခဲ့သောကြောင့်ပင်။

ခုတော့ သူတို့ တော်တော်များများတွင် အချိန်မရှိတော့။ ငွေမရှိတော့။ သည်နှစ်မျိုးတွင် အချိန်က အများကြီးပို၍ အရေးကြီးသည်။ သည်တော့ သင့်ကလေးတွေကို တကယ့်ငွေဖြင့် စတင် ကစားကြဖို့ အားပေးပါ။ သို့မှ သူတို့တွင် ငွေရေးကြေးရေး အလေ့အကျင့်တွေ ရလာမည်။ အသက်တလေး

တွေ ရသည်နှင့်အမျှ ရင်းအလေ့အကျင့်များက သူတို့၏ ငွေရေးကြေးရေး အောင်မြင်မှုကို တိုးမြှင့်ပေးသွားပါလိမ့်မည်။ အမှားတွေ အားလုံးထဲတွင် အန္တရာယ်အကြီးမားဆုံးအမှားမှာ သင် ငယ်စဉ်က အရဲစွန့်မှုတွေ ပြုလုပ်ပြီး အမှားများမှ သင်ခန်းစာ မယူခြင်းပဲ ဖြစ်ပေသည်။ သင် အသက်ကြီးလာလေ အမှားတွေက ပိုကြီးလာလေဖြစ်၏။

❑

## အခန်း(၁၃)

## သင့်ကလေး၏ ငွေကြေးဆိုင်ရာ ဉာဏ်ရည်ပြကိန်း တိုးမြင့်စေမည့် အခြားနည်းလမ်းများ

နှစ်ထောင်ပြည့်နှစ် ဖွန်လထဲတွင် အရီဇိုးနားပြည်နယ်၊ ဖီးနစ်မြို့၌ ဒေသခံ သတင်းထောက်တစ်ယောက်က ကျွန်တော့်အား လူတွေ့မေးမြန်းခန်း ပြု လုပ်ခဲ့သည်။ သူက ရည်ရည်မွန်မွန်ပါပဲ။ သို့ပေမဲ့ သံသယကြီးပြီး အပျက် မြင်သမားနီးပါး ဖြစ်နေသူ။ ကျွန်တော်တို့နှစ်ယောက် သက်တူရွယ်တူဖြစ် ပြီး လူမှုရေးနောက်ခံလည်း တူညီခဲ့သည်။ သူ့ဖခင်က သူကြီးပြင်းလာရာ ဒေသဖြစ်သော ဘော့စတွန်တွင် လူရိုသေ၊ ရှင်ရိုသေ တရားသူကြီးတစ်ဦး။ ကျွန်တော်တို့နှစ်ယောက် အသက်တူ၊ လူမှုရေးနောက်ခံတူပြီး ကျောင်းပညာ နောက်ခံပါ တူညီနေသော်လည်း ငွေကြေးပြေလည်မှု အနေအထားကျတော့ မတရားကြီး ကွာခြားနေသည်။ အသက်ငါးဆယ့်သုံးနှစ်ရှိပြီဖြစ်သည့် သူသည် အငြိမ်းစားယူရလောက်အောင် သူ့မှာ အားထားစရာ ဘာမျှ လောက်လောက် လားလား မရှိသေး။ သူက ကျွန်တော့်ကို ပြောသည်။

"ကျွန်တော် အငြိမ်းစားယူတာနဲ့ ကျွန်တော့်ရဲ့ မဟာဝတ္ထုကြီးကို ရေးဖို့ စီစဉ်ထားတာဗျ။ ဒါပေမဲ့ဗျာ... အိမ်ပေါင်ချေးငွေဆပ်ပြီး ထမင်းနပ် မှန်အောင် စားနိုင်ဖို့အတွက် ဒီအလွတ်သတင်းထောက်အလုပ်ကို တစ်သက် လုံး ဆက်လုပ်ဖို့ လိုနေမယ့်ပုံပဲ"

"ခင်ဗျား ဘာဖြစ်လို့ ရင်းနှီးမြှုပ်နှံမှုကလေးတွေ စ မလုပ်သေးတာလဲ။ ဒီဖီးနစ်မှာပဲရှိတဲ့ အငှားချအိမ်ကလေး တစ်လုံး၊ နှစ်လုံးလောက် ဘာဖြစ်လို့

မဝယ်တာလဲ။ အဲဒီလိုဝယ်ပြီးနောက်ပိုင်း အချိန်ယူပြီး ခင်ဗျားရင်ထဲမှာ ကိန်းအောင်းနေတဲ့ မဟာဝတ္ထုကြီးကို ချရေးတော့ပေါ့”

“ဒီ ဗီးနစ်မြို့မှာ လုပ်ငန်းကိုင်ငန်းတွေက မကောင်းတော့ပါဘူးဗျာ။ ဟိုးဆယ်နှစ်လောက်ကတော့ လုပ်လို့ကိုင်လို့ ကောင်းတယ်ဗျ။ ဒါပေမဲ့ ခုတော့ မနိုပ်တော့ပါဘူး။ ဈေးကွက်က အန္တရာယ်ကြီးလွန်းတယ်။ ဒီတော့ စတော့ဈေးကွက် ပြိုလဲသွားရင် အိမ်ခြံမြေဈေးကွက်လည်း လိုက်ပြိုမှာပဲ။ ကျွန်တော်ထင်တယ်ဗျ။ အိမ်မြေလုပ်ငန်းက ရင်းနှီးမြှုပ်နှံဖို့ အန္တရာယ်ကြီးလွန်းတယ်လို့”

ထိုသုံးသပ်ချက်အရဆိုလျှင် သည်လူတစ်သက်လုံး အလုပ်လုပ်ရင်း ဓာတ်သိမ်းရလိမ့်မည်ဆိုတာ ကျွန်တော်သိလိုက်ပြီ။ သူ့လက်ကျန်သက်တမ်း တစ်လျှောက်လုံး သူ၏ အောင်နိုင်ရေးကျင့်စဉ်ကိုပဲ ဆက်သုံးသွားလိမ့်မည် ဆိုတာ ကျွန်တော်ရိပ်မိနေပြီ။ သူသုံးနှုန်းနေသည့် စကားလုံးများအရကို ကျွန်တော် အတပ်ပြောနိုင်နေ၏။ အကယ်၍ သူစကားလုံးများကို မပြောင်းဘူးဆိုလျှင် သူ့ဘဝကို ပြောင်းလဲလိမ့်မည် မဟုတ်ပေ။

## ဝေါဟာရ ကြွယ်ဝခြင်း

ဖအေနှစ်ဦးရှိနေသည့်အတွက် သူတို့နှစ်ယောက်အကြား ဆင်တူမှုတွေနှင့် ခြားနားမှုတွေကို ကျွန်တော်နှိုင်းယှဉ်ကြည့်လို့ရ၏။ ကျွန်တော့်အဖေ နှစ်ဦး စလုံး အင်္ဂလိပ်စကားပြောကြသော်လည်း သူတို့နှစ်ယောက် ပြောသည့်ဘာသာ စကားချင်း မတူကြောင်း စတင် သတိပြုမိချိန်တွင် ကျွန်တော် အသက် ဆယ့်လေးနှစ်လောက် ရှိလေပြီ။ တစ်ဦးက ကျောင်းဆရာပြောသည့် ဘာသာ စကားကို ပြောပြီး အခြားတစ်ယောက်က စီးပွားရေးသမားပြောသည့် ဘာသာ စကားကို ပြော၏။ သို့သော် သူတို့ပြောတာတွေက တစ်ဦးနှင့်တစ်ဦး သွင်သွင် ခြားနားနေပါသည်။

ကျွန်တော်က လူတစ်ဦးသုံးနှုန်းသည့် ဝေါဟာရများကို အထူးတလည် သတိထားတတ်သူ ဖြစ်၏။ သူတို့၏ စကားလုံးများကို နားထောင်ရုံဖြင့် လူတွေအကြောင်း အများကြီးသိနိုင်၏။ ဥပမာ ကျွန်တော့်မှာ မိတ်ဆွေ တစ်ဦးရှိသည်။ သူက အားကစားပွဲများကို နှစ်နှစ်ကာကာ နှစ်သက်မြတ်နိုးသူ။ သို့ဖြစ်စေကာမူ သူ့ကို ကျွန်တော်က “ခင်ဗျား အကြွေးနဲ့ ခင်ဗျားအိမ်ရဲ့

သာ၊ နာညီမျှတန်ဖိုးအချိုး ဘယ်လောက်ရှိသလဲ”ဟု မေးမည်ဆိုလျှင် သူ့မျက်လုံးတွေ ယကွင်းကြီးလို ဝိုင်းစက် ပြူးကျယ်သွားပေမည်။ တကယ်တော့ မေးခွန်းက ရိုးရိုးကလေး ဖြစ်၏။ သည်မေးခွန်းကိုပဲ တစ်မျိုးပြောင်းမေးလျှင် သူပိုနားလည်မည် ဖြစ်၏။ သူ့ကို အကြွေးနှင့် သူ့အိမ်၏ သာနာညီမျှတန်ဖိုးအချိုးကို မေးမည့်အစား “ခင်ဗျား အိမ်နဲ့ ပတ်သက်ပြီး ဘယ်လောက်အကြွေးတင်နေသလဲ။ နောက်ပြီး ခင်ဗျားအိမ်က တန်ဖိုးဘယ်လောက်ရှိမယ်ထင်သလဲ” ဟု မေးလို့ရ၏။ ထိုစကားလုံးများ သုံးပြီး မေးခြင်းသည်လည်း ပထမမေးခွန်းနှင့် အဓိပ္ပာယ်တူပင် ဖြစ်၏။ အဖြေမှာလည်း အတူတူပင် ဖြစ်ပါမည်။ ကွာခြားချက်မှာ စကားလုံး အတွဲတစ်တွဲကို အသုံးပြုပြီး မေးသောအခါ သူနားလည်သဘောပေါက်ပြီး အခြားစကားလုံးတစ်တွဲကို သုံးပြီး မေးသောအခါ သူ နားမလည်၊ သဘောမပေါက်ခြင်း ဖြစ်၏။

ဤအခန်းတွင် သည်အကြောင်း ပြောပါမည်။ စကားလုံးများ၏ စွမ်းအားအကြောင်း။

## ရိုးရိုးစကားလုံးများ သုံးလျှင် ဘယ်အကြောင်းအရာမျှ ခက်ခဲရှုပ်ထွေးခြင်း မရှိ

ကျွန်တော် နားမလည်သည့် စကားဆိုလျှင် တစ်လုံးတလေမျှပင် မသိကျိုးကျွန် လုပ်မနေမိဖို့ ကျွန်တော့်ဖေဖေနှစ်ဦးစလုံးက သင်ကြားပေးခဲ့၏။ ကျွန်တော် နားမလည်သည့် စကားတစ်လုံး သို့မဟုတ် စကားလုံးများ ပါဝင်နေလျှင် တစ်ဖက်လူအား စကားတစ်ဝက်မှာပင် ဖြတ်ပြီး အဓိပ္ပာယ်ရှင်းပြရန် ပြောဖို့ ကျွန်တော့်ဖေဖေ နှစ်ဦးစလုံးက အားပေးခဲ့၏။ ဥပမာ– ကျွန်တော်သည် ဖေဖေချမ်းသာနှင့်အတူ သူ့ရှေ့နေရုံးခန်းထဲမှာ ရှိနေ၏။ ရှေ့နေက ဖေဖေချမ်းသာ နားမလည်သော စကားလုံးတွေ ပြောသောအခါ ဖေဖေချမ်းသာ အေးဆေးတည်ငြိမ်စွာ ပြောသည်။

“နေဦးဗျ၊ ခုနက ခင်ဗျားပြောလိုက်တာကို နားမလည်ဘူး။ အဲဒီစကားလုံးရဲ့ အဓိပ္ပာယ်ကို ကျွန်တော် နားလည်တဲ့စကားနဲ့ ရှင်းပြစမ်းပါဗျာ”

ဖေဖေချမ်းသာက ဤအလေ့အကျင့်ကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားသည်။ တစ်ဖက်လူက စကားလုံးကြီးကြီးကျယ်ကျယ်တွေ သုံးလာပြီး သူက နားမလည်လျှင် အချိန်မဆိုင်းဘဲ ကောက်ကာငင်ကာ အဓိပ္ပာယ် ရှင်းခိုင်းတတ်သည်မှာ ဖေဖေချမ်းသာ၏ အကျင့်။

ဖေဖေကျောင်းဆရာပြောပုံကတော့ "လူတော်တော်များများက ဘယ်သူမှ နားမလည်တဲ့ ကြီးကြီးကျယ်ကျယ်စကားလုံးတွေ သုံးရင် အရမ်းတော်အရမ်းတတ်တဲ့ လေသံပိုပေါက်တယ်လို့ ထင်ကြတယ်။ အဲဒီ လေသံမျိုး ပေါက်ကောင်းပေါက်လိမ့်မယ်။ ဒါပေမဲ့ သူတို့ပြောတာ တခြားလူတွေ နားမလည်တာက ပြဿနာပဲ" ဟူ၏။

ငွေကြေးဆိုင်ရာ စကားလုံးအသုံးအနှုန်းများဖြင့် ကျွန်တော် ဦးနှောက်ခြောက်နေရတိုင်း ဖေဖေချမ်းသာ ပြောခဲ့သည်မှာ "ရိုးရိုးစကားလုံးတွေ သုံးရင် ဘယ်လို အကြောင်းအရာမျိုးမှ ခက်ခဲတယ်၊ ရှုပ်ထွေးတယ်ဆိုတာ မရှိဘူး" ဟူ၍ ဖြစ်၏။

လူတော်တော်များများသည် ငွေရေးကြေးရေးနှင့် ပတ်သက်၍ အခက်အခဲ တွေ့နေကြ၏။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် သူတို့ နားမလည်သော စကားလုံးများကို ပြောဆိုသုံးနှုန်းနေကြသောကြောင့် ဖြစ်၏။

စံပြဥပမာနှစ်ခုမှာ ရပိုင်ခွင့်များ (Assets) နှင့် ပေးရန်တာဝန်များ (Liabilities) ဆိုသော စကားလုံးနှစ်လုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ဖြစ်၏။ ဖေဖေချမ်းသာက ၎င်းစကားလုံးနှစ်လုံး၏ အဓိပ္ပာယ်ကို သူလိုကိုယ်လို ဝေါဟာရအဘိဓာန်ထဲက ထုတ်ယူမပေးဘဲ ကျွန်တော် အသုံးချလို့ရမည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုသာ ပြောပြခဲ့၏။ သူပြောခဲ့သည့် ရိုးရိုးရှင်းရှင်း အဓိပ္ပာယ်ဖွင့်ချက်မှာ... "ရပိုင်ခွင့်များက မင်းအိတ်ထဲကို ငွေထည့်ပေးတယ်။ ပေးရန်တာဝန်များက မင်းအိတ်ထဲက ငွေကို နှိုက်ယူသွားတယ်"... ဟူ၏။ ပို၍ ပေါ်လွင်အောင် ဖြည့်စွက်ပြောခဲ့သည်ကတော့ "မင်းအလုပ် မလုပ်တော့ဘူးဆိုရင် ရပိုင်ခွင့်တွေက မင်းကို ထမင်းကျွေးလိမ့်မယ်။ ပေးရန်တာဝန်တွေက မင်းကို ဝါးစားပစ်လိမ့်မယ်" ဟူ၍ ဖြစ်၏။

ဖေဖေချမ်းသာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပိုပြီး စေ့စေ့စပ်စပ် လေ့လာကြည့်လျှင် သူက သူ့အဓိပ္ပာယ်ဖွင့်ဆိုချက် သိသာပေါ်လွင်စေရန် ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုကို အသုံးပြုထားကြောင်း တွေ့ရ၏။ ဝေါဟာရအဘိဓာန် အဓိပ္ပာယ်ဖွင့်ဆိုချက်ကတော့ စိတ်ပိုင်းဆိုင်ရာ (သို့မဟုတ်) နှုတ်ပြောအဓိပ္ပာယ်ဖွင့်ဆိုချက်သာပါ၏။ 'ဝက်ဘ်စတာ' အဘိဓာန်တွင် ဖော်ပြထားသော ကိုယ်ပိုင်ပစ္စည်းဥစ္စာများ" ဟု ဆိုပါသည်။

ဝေါဟာရ အဘိဓာန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်သောအခါ လူတွေ သူတို့အိမ်ကို ရပိုင်ခွင့်ဟု ယူဆနေခြင်းသည် အံ့ဖွယ်တစ်ပါး မဟုတ်တော့ချေ။ ပထမအချက်အနေဖြင့် ပြောရလျှင် လူတွေက ထိုစကားလုံး အဓိပ္ပာယ်ကို အဘိဓာန်ထဲမှာ ရှာကြည့်ဖို့ကိုပင် ဘယ်တော့မျှ အရေးမထားခဲ့ကြ။ ဒုတိယအချက်မှာ လူတွေက ဩဇာကြီးသူဟု သူတို့ သတ်မှတ်ထားသူ တစ်ဦးဦးကပြောလျှင် ထိုသူ၏စကားကို ပေဖန်ပိုင်းခြားမနေဘဲ မျက်စိမှိတ် နားထောင်တတ်ခြင်းဖြစ်၏။ ဥပမာ– ဘဏ်မန်နေဂျာ (သို့မဟုတ်) စာရင်းကိုင်က "ခင်ဗျားအိမ်ဟာ ရပိုင်ခွင့်ပဲ" ဟု ပြောသည့်အခါမျိုး။

ကျွန်တော်ပြောခဲ့သည့်အတိုင်း ဘဏ်မန်နေဂျာက သင့်အိမ်သည် ရပိုင်ခွင့်တစ်ခုဟု ပြောလျှင် သူလိမ်ပြောနေခြင်း မဟုတ်ပါ။ သူက ဘယ်သူ့ရပိုင်ခွင့်လဲဆိုတာကိုသာ ခွဲခြားမပြောခြင်းသာ ဖြစ်၏။ တတိယအချက်မှာ စကားလုံး တစ်လုံးနှင့် ပတ်သက်၍ သင်ကိုယ်တိုင် (သို့မဟုတ်) ရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံရှိထားလျှင် ထိုစကားလုံး၏ အဓိပ္ပာယ်ကို ပိုပြီးနားလည်သဘော ပေါက်လွယ်ခြင်းဖြစ်ပါသည်။

တစ်ဘက်စာမျက်နှာတွင် ဖော်ပြထားသည့် သင်ယူမှုပိရမစ်ကို ကြည့်လျှင် လူတွေ တော်တော်များများသည် ဘာကြောင့် စိတ်ပိုင်းအရ အဓိပ္ပာယ်ဖွင့်ချက်များကို မျက်စိမှိတ် လက်ခံနေသလဲဆိုတာကို စတင် သဘောပေါက်လာပါလိမ့်မည်။

လက်ရှိပညာရေးစနစ်အရ ကလေးတစ်ဦးသည် တတိယတန်းရောက်ချိန် (သို့မဟုတ်) အသက်ကိုးနှစ်လောက်ရောက်ချိန်၏ နောက်ပိုင်းတစ်လျှောက်လုံး စိတ်ဖြင့် သင်ယူခြင်းသက်သက်သာ ရှိတော့၏။ စာသင်သားများစိတ်ဖြင့် စတင် သင်ယူကျက်မှတ်ပြီဆိုသည်နှင့် သင်ထောက်ကူ ဘလောက်တုံးကလေးတွေ၊ အရုပ်ကလေးတွေကို ဖယ်ရှားပစ်လိုက်ကြတော့၏။ ထို့နောက် မြန်မြန်တတ်မြောက်ရေးအတွက် ဆရာ၊ ဆရာမကဲ့သို့ တာဝန်ခံပုဂ္ဂိုလ်ထံမှ ကြားရသည်များကို အချက်အလက်ဖြင့် မျက်စိမှိတ်လက်ခံဖို့ ကလေးများကို မှာကြားထားသည်။ ပညာရေးစနစ်သည် စိတ်ဖြင့် သင်ယူကျက်မှတ်ဖို့ အလေးထားလေသည်။

စိတ်လှုပ်ရှားမှုအရ ပြောရလျှင် ကလေးကို အမှားပြုမိမှာ ကြောက်တတ်အောင် သင်ပေးထား၏။ ထိုမျှ မဟုတ်သေး။ ဆရာ/ဆရာမ၏ ပြောဆို

ချက်ကို မေးခွန်းထုတ်ရမှာ ကြောက်တတ်အောင် (သို့မဟုတ်) စိန်ခေါ်ရမှာ ကြောက်တတ်အောင် လေ့ကျင့်ပေးထား၏။ ပန်းချီပညာကလွဲလျှင် ရုပ်ပိုင်း အရ သင်ယူရသည့် သင်ခန်းစာ မရှိ။ အားကစားရုံထဲ (သို့မဟုတ်) အားကစား ကွင်းထဲတွင် လေ့ကျင့်ရင်း သင်ယူရသည့် ရုပ်ပိုင်းပညာရေးဆိုတာ မရှိ သလောက်ပင်။ ဤပညာရေးစနစ်အရဆိုလျှင် နှုတ်ပြောဘာသာစကားဘက် တွင် အားသန်သည့်ကလေးများ အောင်မြင်သည်။ ရုပ်ဖြင့် နွယ်ပြီး သင်ယူ ခြင်း (သို့မဟုတ်) အနုပညာဖြင့် နွယ်ပြီး သင်ယူခြင်းကို အားသန်သည့် ကလေးများကတော့ နောက်တန်းရောက်နေတော့၏။ ဤအဆင့်တွင် ရုပ်ပိုင်း ဆိုင်ရာ အထောက်အထား ဘာမျှမပြဘဲ ဆရာသင်ပေးသရွေ့ကို အချက် အလက်အဖြစ် လက်ခံဖို့ ကလေးတွေအား သွန်သင်ထားလေသည်။

ထို့ကြောင့် ဘဏ်အရာရှိတစ်ဦးက "ခင်ဗျားအိမ်ဟာ ရပိုင်ခွင့်ပဲ" ဟူသော စကားမျိုးပြောလာလျှင် လူတွေ ခေါင်းညိတ်လက်ခံနေတတ်ခြင်း ဖြစ်ပေမည်။ နောက်ဆုံးတော့ ကျွန်တော်တို့ အသက်ကိုးနှစ်လောက်ကတည်း က ဤသို့ ပြုမူကျင့်ကြံတတ်အောင် သင်ကြားပေးခြင်းခံခဲ့ကြရသည် မဟုတ် ပါလား။

## သင်ယူမှုပိရမစ်



## နာမ်များနှင့် ကြိယာများ၏ စွမ်းအား

ဖေဖေချမ်းသာက စကားလုံးအသစ်တစ်လုံး (သို့မဟုတ်) အယူအဆ အသစ်တစ်ခုအကြောင်း ပြောပြီးဆိုတိုင်း ရုပ်တွေဖြင့် ဆက်နွယ်ပြီး ပြောပြဖို့ အစွမ်းကုန် ကြိုးစားလေ့ရှိ၏။ ထို့ကြောင့် 'ရပိုင်ခွင့်များ' နှင့် 'ပေးရန်တာဝန်များ' ဆိုသည့် စကားလုံးများကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ 'ငွေ' နှင့် 'အိတ်' ဆိုသည့် ရုပ်ဝတ္ထုများကို အသုံးပြုသွားခြင်းဖြစ်မည်။ နောက်ပြီး လှုပ်ရှားလုပ်ဆောင်မှုအဖြစ် "မင်းတို့အိတ်ထဲကို ငွေထည့်ပေးတယ်" ဟုလည်း ပြောခဲ့၏။ သူက နာမ်များအဖြစ် ငွေနှင့်အိတ်ကို သုံးပြီး ကြိယာအဖြစ် 'ထည့်' ကို သုံးထားသည်။ သူအသုံးပြုသွားသည့် နာမ်များနှင့် ကြိယာများသည် မိုက်နှင့် ကျွန်တော့်လို ချာတိတ်တွေ လက်လှမ်းမီသည့် နားလည်လွယ်သည့် စကားလုံးများ ဖြစ်ပါသည်။

သင်သည် သင့်အချိန်တွေ အကုန်ခံပြီး သင့်ကလေးအား ငွေကြေးအကြောင်း သင်ကြားပေးသောအခါ သူတို့နားလည်မည့် စကားလုံးများကို အသုံးပြုဖို့ သတိကြီးကြီးထားပါလေ။ အကယ်၍ သူတို့သည် ရုပ်ပိုင်းအရ သင်ယူခြင်းကို အားသန်သူများဖြစ်နေလျှင် သူ့တို့အသက်အရွယ် ဘယ်လောက်ပဲရှိရှိ သူတို့ မြင်နိုင်၊ တို့ထိနိုင်၊ ခံစားကြည့်လို့ ရနိုင်မည့် အဓိပ္ပာယ်ဖွင့်ချက်များကို အသုံးပြုဖို့ အထူးသတိထားစေချင်ပါသည်။ ကစားပွဲများသည် အလွန်အသင်အပြကောင်းသည့် ဆရာများ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သင့်ကလေးသင်ယူနေသည့် ငွေကြေးဆိုင်ရာ စကားလုံးအသစ်များအတွက် ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာများသည် ကစားပွဲထဲတွင် ပါရှိသောကြောင့် ဖြစ်၏။

## ငွေရအောင် ငွေရင်းဖို့ ဘာကြောင့် မလိုသလဲ

"ငွေရအောင်လုပ်ဖို့ ငွေရှိစရာ မလိုဘူးလား" ဆိုသော မေးခွန်းကို ကျွန်တော့်ကို မကြာခဏ မေးခဲ့ကြ၏။ ကျွန်တော်က "မလိုဘူး။ ငွေဆိုတာ စိတ်ကူးတစ်ခုပဲ။ နောက်ပြီး စိတ်ကူးတွေကို စကားလုံးတွေနဲ့ အဓိပ္ပာယ်ဖွင့်ကြတယ်။ ဒီတော့ ခင်ဗျားတို့ သုံးနှုန်းတဲ့ စကားလုံးတွေကို ပိုပြီး ဂရုတစိုက်ရွေးပြီး သုံးနှုန်းလေ... ခင်ဗျားတို့ရဲ့ ငွေကြေးအခြေအနေတိုးတက်လာဖို့ အလားအလာကောင်းလေပဲ" ဟု ပြောလေ့ရှိ၏။

၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ဒေါက်တာဘတ်မင်စတာ၏ သင်ကြားပို့ချချက်ကို ကျွန်တော် ပြန်တွေးမိ၏။ ပို့ချချက်တစ်ခုတွင် ဆရာကြီးက စကားလုံးများ၏ စွမ်းအားအကြောင်း ပြောပြခဲ့၏။

"လူသားတွေ တီထွင်ခဲ့တဲ့အထဲမှာ စကားလုံးတွေဟာ စွမ်းအားအကြီးဆုံး ကိရိယာတွေပဲ"

အထက်တန်းကျောင်းတုန်းက အင်္ဂလိပ်စာကျခဲ့သော ကျောင်းသားတစ်ဦးဖြစ်သည့် ကျွန်တော်သည် ဆရာကြီး၏ စကားကို ကြားရချိန်အထိ စကားလုံးများဖြင့် ဖွဲ့စည်းထားသည့် ဘာသာရပ်အပေါ် ကျွန်တော် အဆိုးမြင်နေခဲ့၏။ ဆရာကြီး၏ သွန်သင်ဆုံးမစကားကြောင့် ဖေဖေချမ်းသာနှင့် ဖေဖေကျောင်းဆရာတို့၏ ကွာခြားချက်သည် သူတို့ သုံးနှုန်းပြောဆိုသော စကားလုံးများမှ အစပြုကြောင်း ကျွန်တော် သဘောပေါက်ခဲ့သည်။ စောစောပိုင်းက ပြောခဲ့သည့်အတိုင်း ဖေဖေကျောင်းဆရာက ကျောင်းဆရာစကားပြောပြီး ဖေဖေချမ်းသာက စီးပွားရေးသမား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်စကားကို ပြောကြလေသည်။

## ချမ်းသာရေးအတွက် ပထမခြေလှမ်း

လူတွေက မေးကြသည်။ သူတို့ဘဝတွင် သူတို့၏ ငွေကြေးအခြေအနေ တိုးတက်ကောင်းမွန်အောင် ဘာလုပ်ရမည်လဲဟူ၍။ ထိုအခါ ကျွန်တော်က "ချမ်းသာရေးအတွက် ခင်ဗျားတို့ လှမ်းရမယ့် ပထမခြေလှမ်းက ခင်ဗျားတို့ရဲ့ ဝေါဟာရတွေထဲမှာ ငွေကြေးဆိုင်ရာ ဝေါဟာရတွေ ထပ်ဖြည့်ဖို့ပဲ။ တစ်နည်းပြောရရင် ခင်ဗျားတို့ ချမ်းသာချင်သပဲ့ဆိုရင် ဝေါဟာရကြွယ်ဝအောင် စပြီးကြိုးစား" ဟု ဖြေပါသည်။ ထို့အပြင် အင်္ဂလိပ်ဘာသာစကားတွင် စကားလုံးပေါင်း **နှစ်သန်းခန့်ရှိ**ကြောင်း၊ သူလိုကိုယ်လို လူတစ်ဦးသည် စကားလုံးပေါင်း ငါးထောင်လောက်သာ ပိုင်နိုင်ကျွမ်းကျင်စွာ သုံးနှုန်းတတ်ကြောင်းလည်း သူတို့ကို ပြောပြသည်။ နောက်ပြီး…

"ခင်ဗျားတို့ တကယ်ပဲ ချမ်းသာချင်ကြတယ်ဆိုရင် ခင်ဗျားတို့ရဲ့ ဝေါဟာရဘဏ်ထဲမှာ ငွေကြေးဆိုင်ရာ ဝေါဟာရပေါင်းတစ်ထောင် ထပ်ဖြည့်ဆည်းမယ်ဆိုတဲ့ ရည်မှန်းချက် ချထားလိုက်ပါ။ အဲဒါအခါကျ ခင်ဗျားတို့ သုံးနှုန်းတဲ့ စကားလုံးမျိုးတွေ မသုံးတတ်သူတွေထက် အများကြီး ပို

ချမ်းသာလာလိမ့်မယ်" ဟု ဆက်ပြီး ပြောခဲ့၏။ ထို့ပြင် နောက်ဆက်တွဲ သတိပေးစကားကလေးလည်း ပြောရသေးသည်။

"ဒါပေမဲ့ အဲဒီစကားလုံးတွေရဲ့ အဓိပ္ပာယ်ကို စိတ်နဲ့ သိရုံသိတဲ့ အဆင့်ကို ကျော်လွန်နိုင်အောင် အားထုတ်ပါ။ ခင်ဗျားတို့ရဲ့ နားလည်မှုထဲမှာ စကားလုံးတစ်လုံးချင်းကို စိတ်နဲ့ နားလည်အောင်၊ စိတ်လှုပ်ရှားမှုနှင့် နားလည်အောင်၊ ရုပ်နဲ့နွယ်ပြီး နားလည်အောင် ကြိုးစားပါ။ အဲဒီနောက်မှာ တော့ သက်ဝင်ယုံကြည်မှုအရပါ နားလည်အောင် အားထုတ်ကြပါ။ ခင်ဗျား တို့ရဲ့ ငွေကြေးဆိုင်ရာ စကားလုံးတွေကို ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် သုံးနှုန်းတတ်ရင် ခင်ဗျားတို့ရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု မြင့်မား လာစရာ ရှိတယ်။ နောက်ပြီး ခင်ဗျားတို့ အချိန်ကုန်ခံပြီး အားထုတ်ရကျိုး အနပ်ဆုံး ဖြစ်စေတာကတော့ စကားလုံးတွေကို အခမဲ့ရနိုင်တာပဲဗျ"

## စကားလုံးများက သင် မျက်စိဖြင့် မမြင်နိုင်သည်ကို စိတ်ဖြင့် မြင်စေနိုင်သည်

ဉာဏ်ရည်ဆိုသည်မှာ ပို၍ အနုစိတ်သော ထူးခြားချက်ကလေးများ ဖန်တီး နိုင်စွမ်းရှိခြင်း ဖြစ်၏။ စကားလုံးများက သင့်စိတ်ကို အဆိုပါ အနုစိတ် ထူးခြားချက်ကလေးများ ဖန်တီးခွင့်ပေး၏။ စကားလုံးများက သင့်မျက်စိ များဖြင့် မမြင်နိုင်သည့် အရာများကို စိတ်မျက်စိဖြင့် မြင်နိုင်ခွင့်ပေး၏။ ဥပမာ– ရပိုင်ခွင့်နှင့် ပေးရန်တာဝန်ဆိုသည့် စကားလုံးနှစ်လုံးအဓိပ္ပာယ်သည် အရှေ့နှင့် အနောက်လို အကွာကြီး ကွာခြား၏။ သို့သော် သူတော်တော် များများသည် ခြားနားချက်များကို ငွေကြေးအနေအထားကို အကြီးအကျယ် ပြုပြင်ပြောင်းလဲပစ်စေနိုင်ပါသည်။

ယခင် ထုတ်ဝေပြီးစာအုပ်များ၌ ဝင်ငွေသုံးမျိုးရှိကြောင်း၊ တစ်မျိုး နှင့်တစ်မျိုး မတူကြောင်းနှင့် ကွာခြားချက်များကို ဖော်ပြခဲ့ပါသည်။ ဝင်ငွေ သုံးမျိုးဆိုရာ၌ *အလုပ်လုပ်ပြီးရသော လုပ်ခ၊ အလုပ် မလုပ်ဘဲရသော ဝင်ငွေ* နှင့် *စာရွက်စာတမ်းများမှ တစ်ဆင့်ရသော ဝင်ငွေ* ဟူ၍ ဖြစ်၏။ သည်ငွေ အားလုံး ***ဝင်ငွေ*** ခေါင်းစဉ်အောက်မှာပဲ ရှိသော်လည်း **တစ်မျိုးနှင့် တစ်မျိုး** ခြားနားချက်ကား ကြီးမားလှလေသည်။ အလုပ်လုပ်ပြီးရသော **လုပ်ခနှင့်** ပတ်သက်သည့် ပြဿနာကြီးတစ်ခုမှာ ဤဝင်ငွေသည် **အခွန်ကောက်ခံနှုန်း**

အမြင့်ဆုံးဝင်ငွေဖြစ်နေခြင်းပင်။ နောက်ပြီး ဤဝင်ငွေနှင့် ပတ်သက်သည့် အခွန်အကောက်များကို မိမိဘက်က ထိန်းချုပ်ရမှု အနည်းဆုံးဝင်ငွေ ဖြစ်နေသည်။

ဖေဖေချမ်းသာကတော့ ကျွန်တော့်အား အလုပ် မလုပ်ဘဲရသော ဝင်ငွေမျိုးရအောင် ကြိုးစားရှာဖို့ အကြံပေးခဲ့သည်။ ဤဝင်ငွေမျိုးသည် အဓိက အားဖြင့် အိမ်မြေလုပ်ငန်းမှ ရပါသည်။ ဝင်ငွေသုံးမျိုးတွင် အခွန်အကောက်နှုန်း အနည်းဆုံးဝင်ငွေ အမျိုးအစားဖြစ်၏။ နောက်ပြီး အခွန်အကောက်များကို သင်ထိန်းချုပ်လို့အရဆုံး အမျိုးအစားလည်း ဖြစ်၏။ စာရွက်စာတမ်းများမှတစ်ဆင့် ရသောဝင်ငွေ သို့မဟုတ် ငွေစုစာချုပ်များ၊ စတော့နှင့် ရှယ်ယာများမှရသော ဝင်ငွေကတော့ ဒုတိယအကောင်းဆုံး အမျိုးအစား ဖြစ်သည်။ စကားလုံးများ၏ ခြားနားချက်မှာ သိပ်ကြီးကြီးကျယ်ကျယ်ကြီး မဟုတ်ကြောင်း သင်ပြောနိုင်ပါလိမ့်မည်။ သို့သော် လူတစ်ဦး၏ ငွေကြေးပညာရည်စစ်ဆေးမှုမှတ်တမ်းတွင် ပေါ်လာမည့် ရလဒ်ကွာခြားမှုကား အကြီးအကျယ် ကွာခြားပါသည်။

## ချမ်းသာသူ၏ ဝင်ငွေ

လူတစ်ဦး၏ ငွေစာရင်းရှင်းတမ်းကို ကြည့်လျှင် ထိုလူသည် ဘယ်လိုဝင်ငွေအမျိုးအစားကို အရေးကြီးသည်ဟု ယူဆကြောင်း အကဲခတ်လို့ လွယ်ပါသည်။ အောက်ပါ ဝင်ငွေ၊ ထွက်ငွေ ရှင်းတမ်းကို လေ့လာကြည့်ပါ။

အလုပ် လုပ်ပြီးရသောဝင်ငွေ သို့မဟုတ် လခသည် ဘယ်လောက်များပြားသည်ဖြစ်စေ သူဌေးဖြစ်လာဖို့ ခက်ခဲပါသည်။ သင်သည် အလုပ်မလုပ်ဘဲရသော ဝင်ငွေ (သို့မဟုတ်) စာရွက်စာတမ်းများမှ တစ်ဆင့်ရသော ဝင်ငွေ ဖြစ်လာအောင် ဘယ်လိုပြောင်းလဲရမည်ကို သင်ယူဆည်းပူးရမည် ဖြစ်၏။ ဤကား လူချမ်းသာများက သူတို့၏ကလေးများ လိုက်နာကျင့်ကြံဖို့ သင်ပေးသည့် သင်ကြားချက်ဖြစ်ပါသည်။

**လခ**

ဖေဖေနွမ်းပါးက ဤဝင်ငွေမျိုးရအောင် အလုပ်လုပ်ဖို့ အကြံပေး၏။

အလုပ် မလုပ်ဘဲရသော ဝင်ငွေနှင့် စာရွက်စာတမ်းများမှ တစ်ဆင့်ရသောဝင်ငွေ။ ဖေဖေချမ်းသာက ဤဝင်ငွေမျိုးရအောင် ကြိုးစားဖို့ အကြံပေး၏။

| ဝင်ငွေ |
|---|
| လခ<br><br>အတိုး<br>ရှယ်ယာအမြတ်ဝေစုများ<br>အိမ်မြေလုပ်ငန်း<br><br>စီးပွားရေးလုပ်ငန်းများ |

| အသုံးစရိတ်များ |
|---|
| အခွန်များ<br>အိမ်ပေါင်ချေးငွေဆပ်ခြင်း<br>ကျောင်းစရိတ်ချေးငွေဆပ်ခြင်း<br>ကားဝယ်ချေးငွေဆပ်ခြင်း<br>ကြွေးဝယ်ကဒ်ပြားဖိုးဆပ်ခြင်း<br>လက်လီဈေးဝယ်စရိတ်<br>အခြားအသုံးစရိတ်များ<br>ကလေးအသုံးစရိတ်များ<br>ဘဏ်ချေးငွေဆပ်ခြင်း |

## ကိန်းဂဏန်းများက ထူးခြားချက်များကို ပိုမိုပေါ်လွင်စေသည်

စကားလုံးများကို တိကျသော ကိန်းဂဏန်းများဖြင့် ပေါင်းစပ်လိုက်သောအခါ စိတ်စွမ်းအားသည် အထူး ထက်မြက် အားကောင်းလာ၏။ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံသူ အများစုသိသည့်အတိုင်း အစုရှယ်ယာတစ်ခု၏ အစုရှယ်ယာ ပေါက်ဈေးနှင့် အစုရှယ်ယာအမြတ်ဝေစု အချိုး (ပီအီးအချိုး Price Earning Ratio) ၁၀ ရှိသည့် ရှယ်ယာနှင့် ပီအီးအချိုး ၁၅ ရှိသည့် အစုရှယ်ယာ အကြား အကြီးအကျယ် ခြားနားမှုရှိ၏။

"ကျုပ်တို့လုပ်ငန်းက လွန်ခဲ့တဲ့လက အမြတ်ငွေတွေ အများကြီး ရခဲ့တယ်ဗျ" ဟု ပြောသူနှင့် "ကျုပ်တို့လုပ်ငန်းက လွန်ခဲ့တဲ့လက စုစု ပေါင်း ဒီအမြတ်ငွေ ဒေါ်လာ ၅၀၀,၀၀၀ ရပြီး အမြတ်နှုန်းက ၂၆ ရာခိုင်နှုန်း ရှိတယ်။ ဒီအမြတ်နှုန်းဟာ ဟိုအရင်တစ်လ အမြတ်နှုန်းထက် ၁၂ ရာခိုင်နှုန်း တိုးလာပြီး လုပ်ငန်းလည်ပတ်မှုစရိတ်က ၆ ရာခိုင်နှုန်း သက်သာသွားပါ တယ်" ဟု ပြောသူအကြား အကြီးအကျယ် ကွာခြားပါသည်။

ဤသတင်းအချက်အလက်က ထိုကုမ္ပဏီအကြောင်း ထဲထဲဝင်ဝင် သိမြင်သွားစေ၏။ ထိုသို့သိရသည့်အတွက် ထိုကုမ္ပဏီအကြောင်းတွင် ကျွန် တော် ရင်းနှီးမြှုပ်နှံမှု ပြုရေး၊ မပြုရေးကို ဆုံးဖြတ်နိုင်စွမ်းရှိလာ၏။ ဤ ဖြည့်စွက် သတင်းအချက်အလက်ကို ကုမ္ပဏီ၏ ပီအီးအချိုးနှင့် ပေါင်းစပ် လိုက်သောအခါ ကျွန်တော်၏ ရင်းနှီးမြှုပ်နှံမှုနှင့် စွန့်စားရနှုန်းလျော့သွား သည်။ နောက်ပြီး ရင်းနှီးမြှုပ်နှံသူ တစ်ဦးအနေဖြင့် အကျိုးအမြတ်ရဖို့ အလားအလာ များလာတော့၏။

## ပြောဆို ဆက်ဆံရေးစွမ်းအား

ငွေကြေးဆိုင်ရာ စကားလုံးများ ကြွယ်ဝခြင်းစွမ်းအားကို ကိန်းဂဏန်းများ အား သဘောကျနှစ်ခြိုက်ခြင်းနှင့် ပေါင်းစပ်လိုက်လျှင် သင့်ကလေးသည် သူ့ဘဝတွင် ငွေရေးကြေးရေးအရ တစ်ပန်းသာလာမည် ဖြစ်၏။ စာသင် ကျောင်းကို ကျွန်တော်က မကြိုက်။ စာသင်ရတာ ငြီးငွေ့သည်။ ထိုသို့ မြင်ရခြင်း၏ အကြောင်းရင်းတစ်ခုမှာ စကားလုံးများကို ကိန်းဂဏန်းများ မပါဘဲ သင်ယူရသောကြောင့် ဖြစ်၏။ အင်္ဂလိပ်စာသင်ခန်းတွင် စကားလုံး များကို ဘယ်လို သုံးနှုန်းရမည် ဖြစ်ကြောင်း သင်ရသည်။ သင်္ချာသင်တန်း

တွင် ဂဏန်းများကို ဘယ်လို သုံးနှုန်းရမည်ဖြစ်ကြောင်း သင်ကြရသည်။ ၎င်းဘာသာ နှစ်မျိုးသည် သီးခြားဘာသာရပ်များ ဖြစ်နေရာ ကျွန်တော်က ဘာသာရပ်နှစ်မျိုးစလုံးကို သင်ယူရတာ ငြီးငွေ့လာတော့၏။ ဤသဘာရပ်များနှင့် ကျွန်တော့်လက်တွေ့ဘဝ ဆက်စပ်မှုမရှိဟု ထင်မြင်လာတော့၏။

ဖေဖေချမ်းသာက ကျွန်တော့်အား မိုနိုပိုလီကစားနည်း သင်ပေးသော အခါ ကျွန်တော်သည် စကားလုံးအသစ်တစ်လုံး တတ်မြောက်လာ၏။ ပြီး တော့ ဂဏန်းတွက်ရတာကို သဘောကျလာသည်။ ကိန်းဂဏန်းများရှေ့တွင် ဒေါ်လာ သင်္ကေတကလေး ထည့်လိုက်ရုံမျှဖြင့် စကားလုံးများနှင့် ဂဏန်းများ အပေါ် ကျွန်တော်စိတ်ဝင်စားမှုသည် မိုးထိအောင် ထိုးတက်သွားတော့၏။

ကျွန်တော့်ဖေဖေ ကျောင်းဆရာက စကားလုံးများနှင့် ဂဏန်းများ ပေါင်းစပ်ခြင်းကို 'ပြောဆိုဆက်ဆံရေးစွမ်းအား' ဟုခေါ်သည်။ သူက ကျောင်းဆရာတစ်ဦးဖြစ်ရာ လူတွေ ပြောဆိုဆက်ဆံလာအောင် ဘာတွေက ဘယ်လိုဖန်တီးနေသလဲဆိုတာကို အမြဲစိတ်ဝင်စားခဲ့၏။ လူတွေသည် တူညီ သောစကားလုံးများကို သုံးနှုန်းလာပြီး စကားလုံးတစ်လုံးချင်းမှာ တွေ့ရသည့် ထူးခြားချက်များကို တိုင်းထွာလေ့လာဖို့ စိတ်ဝင်စားလာပြီဆိုလျှင် သူတို့ အချင်းချင်းကြားတွင် 'ပြောဆိုဆက်ဆံရေး' ရှင်သန်တိုးပွားလာကြောင်း တွေ့ရသည် ဆို၏။

"*ဆက်ဆံပြောဆိုမှု* (communication) ဆိုတဲ့ စကားလုံးဟာ *အသိုက်အဝန်း* (Community)ဆိုတဲ့ စကားလုံးမှာ အခြေပြုတယ်။ လူတွေ တူညီတဲ့ စကားလုံးတွေကို ခုံခုံမင်မင် ပြောလာကြတဲ့အခါ အသိုက်အဝန်း တစ်ခု ပေါ်ပေါက်လာတယ်။ တူညီတဲ့စကားလုံးတွေ မပြောဘူး။ ဒါမှမဟုတ် အဲဒီစကားလုံးတွေရဲ့ အတိုင်းအတာကို စိတ်မဝင်စားတဲ့ လူတွေကျတော့ အဲဒီသီးသန့် အသိုက်အဝန်းရဲ့ အပြင်ဘက်ရောက်သွားရော"

ယနေ့ဆိုလျှင် လူတွေသည် 'မီဂါဘိုက်' နှင့် 'ဂစ်ဂါဘိုက်' ကဲ့သို့ သော စကားလုံးများ သုံးပြီး ကွန်ပျူတာစကားတွေ ပြောနေကြပြီ။ 'ဘိုက်' တွေကို နှစ်သက်သဘောကျပြီး မီဂါနှင့် ဂစ်ဂါ၏ ကွာခြားမှုများကို တန်ဖိုး ထားတတ်သူများသည် သူတို့ အသိုက်အဝန်းထဲမှ လူများသာဖြစ်၏။ သင် သည် ထိုစကားလုံးများကို နှစ်သက်ခြင်း မရှိ။ ပြီးတော့ ထိုစကားလုံးများ ၏ ခြားနားချက်များကို တန်ဖိုး မထားတတ်သူ ဖြစ်နေလျှင် သင်သည်

ထိုအသိုက်အဝန်းတွင် ဝင်ဆန့်မည် မဟုတ်တော့။ ဤကား စကားလုံးများနှင့် ကိန်းဂဏန်းများ၏ စွမ်းအားဖြစ်၏။ သူတို့က သင့်အား အသိုက်အဝန်း တစ်ခုတွင် ဝင်ဆန့်စေနိုင်စွမ်း ရှိ၏။ သို့မဟုတ် မဝင်ဆန့်အောင် ပြုပြင်နိုင်စွမ်းလည်း ရှိ၏။

သင့်ကလေးအား ငွေရေးကြေးရေး အရေးသာမှုရအောင် ဆောင်ကြဉ်းပေးလို့ရသည့် နည်းတစ်နည်းမှာ သူတို့ကို ငွေနှင့်ပတ်သက်သည့် စကားလုံးများကို စတင်သင်ပေးပါ။ ပြီးတော့ ထိုစကားလုံးများ၏ ခြားနားချက်များကို တိုင်းတာရတာကို နားလည်သဘောကျလာအောင် လမ်းကြောင်းပေးပါ။ သင် ထိုသို့ပြုလုပ်ပေးလျှင် သူတို့သည် ငွေရေးကြေးရေး ခေတ်မီပြီး တီထွင်ဆန်းသစ်သော အသိုက်အဝန်းတွင် ဝင်ဆန့်လာမည် ဖြစ်၏။

"ရပိုင်ခွင့်နဲ့ ပေးရန်တာဝန်ဆိုတာ ရိုးရိုးစကားလုံးနှစ်လုံးပဲ။ ဒါပေမဲ့ အဲဒီစကားလုံးနှစ်လုံးရဲ့ ခြားနားချက်က အရမ်းကြီးမားတာ။ အဲဒီစကားလုံးနှစ်လုံး ကွာခြားမှုမရှိဘူးလို့ မင်းတို့ ထင်မြင်ရင် ကွာခြားချက်ဟာ မင်းတို့ရဲ့ ငွေစာရင်းရှင်းတမ်းမှာ ပေါ်လာလိမ့်မယ်။ နောက်ပြီး မင်းတို့ တစ်သက်လုံး ဘယ်လောက်ပင်ပင်ပန်းပန်း အလုပ်လုပ်ရမလဲဆိုတာကို ဖော်ပြနေလိမ့်မယ်"

ဤကား ကျွန်တော်တို့ မှတ်မှတ်ရရ ဖြစ်နေရမည့် ဖေဖေချမ်းသာ၏ အဆိုအမိန့် ဖြစ်ပါသည်။ ကျွန်တော်ကတော့ "ရပိုင်ခွင့်တစ်ခုနဲ့ ပေးရန်တာဝန်တစ်ခုရဲ့ ခြားနားချက်ကို သေသေချာချာ နားလည်သဘောပေါက်အောင် အားထုတ်ပါ။ အဲဒီအခါကျ သင့်ကလေးဟာ ဘဝမှာ အများသူငါရဲ့ ရှေ့မှာ အမြဲတမ်း တစ်ကျော့သာနေလိမ့်မယ်" ဟုသာ ပြောချင်ပါသည်။

❑

## အခန်း (၁၄)

## ပုံမှန် အသုံးစရိတ်သည် ဘာအတွက်လဲ

တစ်နေ့က ကျွန်တော့်မိတ်ဆွေတစ်ဦး သူ့သားအား ဒေါ်လာ ၁၀၀ ထုတ်ပေးသည်ကို ကြည့်နေမိ၏။ သားကလေးက ငွေကို ယူသည်။ သူ့အင်္ကျီအိတ်ထဲ ထည့်သည်။ နောက်ပြန်လှည့်သည်။ ပြီးတော့ ဘာတစ်ခွန်းမျှ ပြောဖော်မရဘဲ လမ်းလျှောက်ထွက်သွားသည်။

ထိုအခါ ကျွန်တော်မိတ်ဆွေက ပြောသည်။ "မင်း ဘာမှတောင် မပြောတော့ဘူးလား။ မင်း 'ကျေးဇူးတင်ပါတယ်' ဆိုတာလောက်တောင် မပြောတော့ဘူးလား"

ဆယ့်ခြောက်နှစ်သား ချာတိတ်က လှည့်ကြည့်ပြီး "ဘာအတွက် ကျေးဇူးတင်ရမှာလဲ ဖေဖေ" ဟု မေးသည်။

"ခုလေးပဲ မင်းကို ငါပေးလိုက်တဲ့ ဒေါ်လာ ၁၀၀ အတွက်လေကွာ"

"ဒါက ကျွန်တော့်မုန့်ဖိုးပဲဟာ။ ဒီပိုက်ဆံက ကျွန်တော်ရသင့်တယ်လေ။ ပြောရမယ်ဆိုရင် ကျောင်းက တခြားကောင်တွေဆို သူတို့ရတာဟာ ဒီထက်တောင် များသေးတယ်။ ဒါပေမဲ့ 'ကျေးဇူးတင်ပါတယ်' လို့ ပြောသင့်တယ်လို့ ဖေဖေယူဆရင် ကျွန်တော် ပြောပါ့မယ်။ 'ကျေးဇူးတင်ပါတယ် ဖေဖေ'"

ချာတိတ်က သူ့အိတ်ထဲ ပိုက်ဆံထိုးထည့်ပြီး တံခါးမှ ထွက်သွားသည်။

ဤကား 'ခံစားပိုင်ခွင့်' စိတ်သဘောထားနှင့် ပတ်သက်၍ ထင်ရှားသော ဥပမာ ဖြစ်၏။ ယခုခေတ်လူငယ်တွေ ခေါင်းထဲတွင် ဤသဘောထားရှင်သန်ဖွံ့ဖြိုးနေပြီ။ စိတ်ဆင်းရဲစရာကောင်းသည်မှာ ထိုအဖြစ်မျိုးတွေ အကြိမ်

ကြိမ်အခါခါ ခဏခဏ တွေ့နေရခြင်းပင်။ ရာရွှန်လက်စ်တာက ဤအဖြစ်မျိုးတွေ ရည်ညွှန်းပြီး "မိဘတွေဟာ သူတို့ကလေးတွေအတွက် အလိုအလျောက် ငွေထုတ်ပေးစက်တွေ (ATM machines) ဖြစ်လာနေပြီ" ဟု ပြောပါသည်။

## ငွေသည် သင်ထောက်ကူပစ္စည်းဖြစ်သည်

ဖေဖေချမ်းသာ ပြောလေ့ရှိသည့်စကားမှာ "ငွေဟာ သင်ထောက်ကူပစ္စည်းတစ်ခုပဲ။ လူတွေ အလုပ်တွေ အများကြီးလုပ်လာအောင် ငါ လေ့ကျင့်ပေးလို့ရတယ်။ ဒေါ်လာနည်းနည်းပါးပါးလောက်ကို လေထဲမှာ ဝှေ့ယမ်းပြလိုက်ရုံပဲ ငါလုပ်ရမယ်။ လူတွေ လှုပ်လှုပ်ရှားရှား ဖြစ်လာကြလိမ့်မယ်။ တိရစ္ဆာန်လေ့ကျင့်ရေးသမားတစ်ယောက်က သူ့တိရစ္ဆာန်တွေကို သူတို့ ကြိုက်တာကလေး ကျွေးပြီး သင်ကြားလေ့ကျင့်ပေးသလိုပေါ့။ လူသားတွေကျတော့ ငွေပေးပြီး အဲဒီအတိုင်း ခိုင်းကြတယ်လေကွာ" ဟူ၏။

"ငွေနဲ့ ပညာကို အဲဒီလိုကြီး ကြည့်တာ၊ မြင်တာ မရက်စက်လွန်းဘူးလား ဦး။ ဦးပြောပုံကြီးက အရမ်း ရုန့်ရင်းကြမ်းတမ်းပြီး လူသားမဆန်ရာ မရောက်လွန်းဘူးလား" ဟု ကျွန်တော်ပြန်မေးလိုက်၏။

"မင်း အဲဒီလို ပြောသံကြားရတာ ငါဝမ်းသာသကွာ။ ငါက အဲဒီစကားကို ရိုင်းပျပြီး လူသားမဆန်တဲ့ လေသံမျိုး ပေါက်စေချင်တာကွ"

"ဘာဖြစ်လို့လဲ ခင်ဗျ"

"ဘာဖြစ်လို့လဲဆိုတော့ ငွေရဲ့ တခြားမျက်နှာစာတစ်ခုကို မင်းသတိပြုမိစေချင်လို့။ ငွေမှာရှိတဲ့ စွမ်းအားကို မင်းမြင်အောင် ပြချင်လို့။ နောက်ပြီး အဲဒီစွမ်းပကားကို မင်း လေးစားစေချင်လို့။ အဲဒီစွမ်းအားကို မင်း လေးလေးစားစား ရှိလာပြီဆိုရင် မင်းမှာ ငွေရှိလာရင် အဲဒီငွေရဲ့စွမ်းအားကို တလွဲအသုံးမချတော့ဘူးလို့ မျှော်လင့်ရတာပေါ့ကွာ"

"ငွေရဲ့ တခြားမျက်နှာစာဆိုတာ ဘာကို ပြောတာလဲဟင်"

ယခုဆို ကျွန်တော့်အသက်က ဆယ့်ခုနှစ်ထဲရောက်ပြီး အထက်တန်းကျောင်း နောက်ဆုံးနှစ်ရောက်ပြီ။ ယခုအချိန်ထိ ဖေဖေချမ်းသာက ကျွန်တော့်အား ငွေဘယ်လိုရှာရမည်၊ ဘယ်လို ထိန်းထားရမည်၊ ဘယ်လို ရင်းနှီးမြှုပ်နှံရမည်ကို သင်ပေးနေ၏။ ခုတော့ သူ ကျွန်တော့်ကို ငွေနှင့် ပတ်သက်ပြီး အသစ်အဆန်းတစ်ခုခု သင်ပေးပေဦးတော့မည်။

ဖေဖေချမ်းသာက သူ့အိတ်ထဲမှ အကြွေတစ်စေ့ ထုတ်ယူသည်။ အကြွေစေ့ကလေးကို ထောင်ပြပြီး "အကြွေစေ့တစ်စေ့တိုင်းမှာ မျက်နှာစာ နှစ်ဖက်ရှိတယ်။ အဲဒါမှတ်ထား" အကြွေစေ့ကလေးကို အင်္ကျီအိတ်ထဲ ပြန်ထည့်ရင်း "လာ၊ ငါတို့ မြို့ထဲသွားကြရအောင်" ဟု ပြောသည်။

ဆယ်မိနစ်အကြာတွင် ကားရပ်ကွင်းတစ်ခုတွင် ကားရပ်ပြီး သူက ကားရပ်ခ မီတာတိုင်ထဲသို့ ငွေထည့်သည်။

"ငါးနာရီတောင် ထိုးကာနီးပြီ ငါတို့ မြန်မြန်သွားမှ"

"ဘာဖြစ်လို့ မြန်မြန်သွားရမှာလဲ ဟင်"

"လာ လာ မင်းတွေ့လိမ့်မယ်" ဖေဖေချမ်းသာက လမ်းဟိုဘက်သည်ဘက်ကို ကြည့်ပြီး အတင်းဖြတ်ပြေးသည်။

လမ်းဟိုဘက်ခြမ်းရောက်တော့ သူနှင့် ကျွန်တော် မတ်တတ်ရပ်ပြီး လမ်းဘေးပလက်ဖောင်းတစ်လျှောက်ကို ကြည့်နေကြသည်။ လက်လီအရောင်းဆိုင်များ တန်းစီနေသည့် ပလက်ဖောင်း။ ငါးနာရီထိုးပြီဆိုသည်နှင့် ရုတ်တရက်ဆိုသလို စတိုးဆိုင်တွေ တစ်ဆိုင်ပြီးတစ်ဆိုင် ပိတ်ကုန်တော့၏။ ဈေးဝယ်သူတချို့ ဝယ်စရာရှိတာ ဝယ်ဖို့ အပြေးအလွှား သွားကြသည်။ ဆိုင်ဝန်ထမ်းတွေကတော့ ဆိုင်ထဲမှ ထွက်လာကြသည်။ "သွားတော့မယ်နော်၊ မနက်မှ ပြန်တွေ့ကြတာပေါ့" ဟု ဆိုင်ရှင်ကို နှုတ်ဆက်စကား ဆိုကြသည်။

"ကောင်းကောင်း လေ့ကျင့်ပေးထားတယ်ဆိုတဲ့ အဓိပ္ပာယ်ကို တွေ့ပြီလား" ဟု ဖေဖေချမ်းသာပြော၏။

ကျွန်တော် ဘာမျှပြန်မပြော။ ဖေဖေချမ်းသာ ပေးချင်သည့် သင်ခန်းစာကို ကျွန်တော် ရနေပါပြီ။ သူ့သင်ခန်းစာကို ကျွန်တော် သဘောမကျ။

"ငွေဟာ 'သင်ထောက်ကူပစ္စည်းတစ်ခု' လို့ ငါပြောတဲ့ အဓိပ္ပာယ်ကို နားလည်ပြီလား" ဖေဖေချမ်းသာ ပြောရင်း ပိတ်ထားသည့် ဆိုင်များရှေ့မှ ဖြတ်လျှောက်သွားသည်။ တိတ်ဆိတ်ပြီး လူသူကင်းမဲ့နေသည့် လမ်းမများက ချမ်းစိမ့်စိမ့်နှင့် ဟာလာဟင်းလင်းခံစားချက်ကို ပေးနေသည်။ အဘိုးကြီးကတော့ မကြာခဏဆိုသလို သူစိတ်ဝင်စားသည့် ဆိုင်ရှေ့မှာ ရပ်လိုက်၊ ပြတင်းပေါက်မှတစ်ဆင့် အထဲသို့ ချောင်းကြည့်လိုက် လုပ်နေသည်။

ကျွန်တော်က နှုတ်ဆိတ်နေလိုက်၏။

ကားဖြင့် ပြန်လာကြတော့ သူက သူ့မေးခွန်းကိုပဲ ထပ်မေးသည်။

"မင်းနားလည်ရဲ့လား"

"ကျွန်တော် နားလည်ပါတယ်။ နေ့တိုင်း အိပ်ရာက ထပြီး အလုပ်သွားရတာ မကောင်းဘူးလို့ ဦးပြောနေတာလား"

"ဟင့်အင်း၊ ငါ အကောင်းအဆိုး ဘာမှမပြောဘူး။ ငါ မင်းကို နားလည်စေချင်တာက ငွေမှာရှိတဲ့ မဟာစွမ်းအားအကြောင်းပဲ။ နောက်ပြီး ငွေဟာ ဘာ့ကြောင့် သင်ထောက်ကူပစ္စည်းဖြစ်သလဲဆိုတာပဲ"

"သင်ထောက်ကူပစ္စည်းဆိုတာ ရှင်းပြပါ"

သူ တစ်ဖြုတ်မျှ စဉ်းစားသည်။ နောက်ဆုံး သူ စကားစသည်။

"ကမ္ဘာပေါ်မှာ ငွေဆိုတာ မရှိခင်က လူသားတွေဟာ မုဆိုးတွေ၊ အစားအစာ ရှာဖွေစုဆောင်းသူတွေအဖြစ်နဲ့ လှည့်ပတ်သွားလာနေကြတယ်။ သူတို့ဟာ အစားအစာကို မြေပေါ်မှာ ရှာတယ်။ ပင်လယ်ထဲမှာ ရှာတယ်။ ဘုရားသခင် ဒါမှဟုတ် သဘာဝတရားကြီးက သူတို့တစ်တွေ ရှင်သန်ရပ်တည်နိုင်အောင် လိုအပ်တာတွေ ဖြည့်ဆည်းပေးထားတယ်။ ဒါပေမဲ့ ငါတို့ ပိုပြီး ယဉ်ကျေးလာတော့ ကုန်ပစ္စည်းချင်းဖလှယ်ရတာ ဒုက္ခများလွန်းတယ် ထင်လာကြတယ်။ အဲဒီမှာ ဝန်ဆောင်မှုတွေနဲ့ ငွေက ပိုပိုပြီး အရေးပါအရာ ရောက်လာတော့တာပေါ့။ ဒီကနေ့ဆိုရင် ငွေကို ထိန်းချုပ်ထားနိုင်သူတွေက ကုန်ရောင်းကုန်ဝယ် လုပ်နေရသူတွေ၊ ဝန်ဆောင်မှုလုပ်ငန်း လုပ်နေရသူတွေ ထက်ပိုပြီး တန်ခိုးအာဏာရှိလာတယ်လေ။ တစ်နည်းပြောရရင် ဒီပွဲကို ငွေက လွှမ်းမိုးသွားပြီ"

"ဒီပွဲကို ငွေက လွှမ်းမိုးသွားပြီဆိုတာက ဘာသဘောလဲဟင်"

"ကဲ လွန်ခဲ့တဲ့ နှစ်ရာပေါင်း အနည်းငယ်လောက်အထိ လူသားတွေဟာ သူတို့ ရှင်သန်ရပ်တည်နိုင်ဖို့ ငွေကို တကယ်တမ်း မလိုခဲ့ဘူး။ သဘာဝတရားက တို့အတွက် ဖြည့်ဆည်းပေးခဲ့တယ်။ မင်း စားချင်သပါ့ဆိုရင် တောလည်ပြီး မုဆိုးလုပ်လို့ရတယ်။ ဒီကနေ့မှာတော့ မင်းကို အသက်ဆက်ပေးနေတာက ငွေဖြစ်နေတယ်။ ဒီကနေ့မှာတော့ မြို့ထဲက အိပ်ခန်းတစ်ခန်းသာပါတဲ့ အခန်းထဲမှာ ဒါမှမဟုတ် ဆင်ခြေဖုံးရပ်ကွက်က ခြံနောက်မှာ ဟင်းသီးဟင်းရွက်တစ်မျိုးတည်း စိုက်နေလို့ မင်းအသက်မရှင်နိုင်တော့ဘူး။

မင်းရဲ့ လျှပ်စစ်မီတာခကို ခရမ်းချဉ်သီးတွေနဲ့ ပေးချေလို့ မရဘူး။ နောက်ပြီး အစိုးရက သူစည်းကြပ်တဲ့ အခွန်အကောက်ကို မင်းပစ်လို့ရတဲ့ ဒရယ်သားနဲ့ ပေးချေတာကိုလည်း လက်မခံဘူးလေ"

"ဒီတော့ လူတွေဟာ ဘဝအတွက် အရေးတကြီးလိုအပ်တဲ့ ကုန်ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေနဲ့ လဲလှယ်ဖို့ ငွေလိုတော့တာမို့ ဒီပွဲကို ငွေက လွှမ်းမိုးသွားပြီလို့ ဦးပြောတာပေါ့နော်။ ခုဆို ငွေနဲ့ ဘဝက လက်ချင်းတွဲနေကြပြီပေါ့"

ဖေဖေချမ်းသာ ခေါင်းညိတ်သည်။ 'ဒီနေ့ ကမ္ဘာကြီးမှာ ငွေမရှိဘဲ ရှင်သန်ရပ်တည်နေနိုင်ဖို့ ခဲယဉ်းသွားပြီကွ။ ငွေနဲ့ ပုဂ္ဂလိက ရှင်သန်ရပ်တည်မှုက လက်တွဲမဖြုတ်ကြတော့ဘူး"

"ဒါ့ကြောင့် ငွေဟာ သင်ထောက်ကူပစ္စည်းလို့ ဦး ပြောခဲ့တာကိုး။ ဘာဖြစ်လို့လဲဆိုတာ ငွေဟာ ပုဂ္ဂလိက ရှင်သန်ရပ်တည်ရေးနဲ့ ချိတ်ဆက်နေတာကိုး။ ဦးမှာ ငွေရှိတယ်ဆိုရင် သူတို့မလုပ်ချင်တဲ့ အလုပ်တွေကိုပါ လုပ်လာအောင် သင်ပေးလို့တယ်။ နေ့စဉ်နေ့တိုင်း အိပ်ရာက ထပြီး အလုပ်သွားတဲ့ ကိစ္စမျိုးတွေပေါ့။

"ဒါမှမဟုတ် အလုပ်ကောင်းကောင်းတစ်ခု ရဖို့ စာကြိုးစားရတာမျိုးပေါ့" ဖေဖေချမ်းသာက လှောင်ပြုံးကလေးဖြင့် ဖြည့်ပြောသည်။

"ဒါပေမဲ့ ကျင့်သားရထားတဲ့ ပညာတတ် အလုပ်သမားတွေဟာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် အရေးမကြီးဘူးလား"

"သိပ်အရေးကြီးတာပေါ့။ ကျောင်းတွေက မွေးထုတ်ပေးတယ်လေ။ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ရဲတပ်သားတွေ၊ မီးသတ်သမားတွေ၊ အတွင်းရေးမှူးတွေ၊ အလှပြင်ပညာသည်တွေ၊ လေယာဉ်မှူးတွေ၊ စစ်သားတွေ။ နောက်ပြီး ငါတို့ရဲ့ ယဉ်ကျေးပြီး လူ့အဖွဲ့အစည်း ဆက်ပြီး ယဉ်ကျေးအောင် ထိန်းထားပေးထားနိုင်မယ့် ဝမ်းကျောင်းပညာတွေ အများကြီးသင်ပြီး မွေးထုတ်ပေးနေတာပဲ။ ဒါ့ကြောင့် မင်း မသွားချင်တောင်မှ ကောလိပ်ကို တက်ဖြစ်အောင် တက်စေချင်တာပေါ့။ ငါက ငွေဟာ သင်ထောက်ကူပစ္စည်း ဘယ်လိုဖြစ်နိုင်တယ်ဆိုတာ မင်းနားလည်သဘောပေါက်စေချင်တာ သက်သက်ပါ"

"ခုတော့ ကျွန်တော် နားလည်ပါပြီ"

"တစ်နေ့နေ့မှာ မင်းဟာ အရမ်းချမ်းသာသူတစ်ဦး ဖြစ်လာမှာပဲ။ မင်းငွေရှိလာတဲ့အခါမှာ ငွေရဲ့တန်ဖိုးနဲ့ တာဝန်ကို မင်း သတိပြုမိစေချင်တယ်။ မင်းရဲ့ ခနငွေကို အသုံးပြုပြီး လူတွေကို ငွေကျွန်ဘဝရောက်အောင် လုပ်မယ့်အစား မင်းရဲ့ ခနငွေကို အသုံးချပြီး လူတွေကို ငွေရဲ့ အရှင်သခင်တွေဖြစ်အောင် သင်ကြားပေးပါလို့ ငါမေတ္တာရပ်ခံချင်တယ်"

"ခု ကျွန်တော့်ကို ဦး သင်ပေးနေသလိုပေါ့"

ဖေဖေချမ်းသာ ခေါင်းညိတ်ပြသည်။

"ငါတို့ရဲ့ ယဉ်ကျေးတဲ့ လူအဖွဲ့အစည်းကြီးဟာ သူ့ဘဝအတွက် ငွေပေါ်မှာ ပိုပြီး မှီခိုလာရလေ တို့ဝိညာဉ်တွေပေါ်မှာ တန်ခိုးထွားလာလေပေါ့ကွာ။ ခွေးစားဘီစကွတ်တွေ ကျွေးပြီး ကိုယ့်အမိန့်နာခံလာအောင် ခွေးတစ်ကောင်ကို လေ့ကျင့်သင်ကြားပေးလို့ရသလို လူတစ်ယောက်ကိုလည်း ငွေရဖို့ သူ့တစ်သက်လုံး ပင်ပန်းတကြီး အလုပ်လုပ်လာအောင် လေ့ကျင့်သင်ကြားပေးလို့ရတာပဲ။ လူတော်တော်များများဟာ တို့ရဲ့ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းကြီး တိုးတက်ကောင်းမွန်လာအောင် ကုန်ပစ္စည်းတွေ ထုတ်လုပ်ဖို့ (ဒါမှမဟုတ်) ဝန်ဆောင်မှုတွေ ပြုလုပ်ဖို့ အာရုံမပြုဘဲ သူတို့ရဲ့ ရှင်သန်ရေးအတွက် ငွေရဖို့ပဲ အလုပ်လုပ်ကြတယ်လေ။ အဲဒါဟာ သင်ထောက်ကူပစ္စည်းဖြစ်တဲ့ ငွေမှာရှိတဲ့ တန်ခိုးပေါ့။ အဲဒီတန်ခိုးမှာ အကောင်းရော အဆိုးပါ မျက်နှာစာနှစ်ဖက် ရှိတယ်ကွဲ့။

## သင့်ကလေးအား ငွေဖြင့် ဘာတွေသင်မည်လဲ

မုန့်ဖိုး (သို့မဟုတ်) ပုံမှန်အသုံးစရိတ်ကို သူတို့ ခံစားခွင့်ရှိသည်ဟု အစွဲရှိနေသည့် လူငယ်တွေ ယနေ့ ဘယ်လောက် များပြားနေပြီလဲဆိုတာ တွေးပြီး ကျွန်တော် အံ့သြနေမိ၏။ သို့ပေမဲ့ သည်သဘောထားမျိုး စွဲကိုင်နေသူတွေ များလာကြောင်း ကျွန်တော်သတိပြုမိနေ၏။ မိဘတော်တော်များများက သူတို့၏ အပြစ်ဖြေဖို့ ငွေကို အသုံးချကြကြောင်းလည်း ကျွန်တော်သိနေသည်။ မိဘတော်တော်များများသည် အလုပ်လုပ်ပြီး တာဝန်ပိနေကြရာ သူတို့၏ ကလေးများအပေါ် ပျက်ကွက်ခဲ့သည့် မေတ္တာတရားနှင့် ပြုစုယုယမှုအစား ငွေဖြင့် အစားထိုးဖို့ ကြိုးစားချင်ကြ၏။ မိမိတို့၏ ရင်သွေးများကို အထူးသဖြင့် နွေရာသီတွင် လုပ်ငန်းခွင်သို့ ခေါ်သွားသည့် အိမ်ထောင်မဲ့သားသည် အမေတွေ အရေအတွက် များပြားလာသည်ကို တွေ့ရ၏။

သို့ဖြစ်စေကာမူ ဖေဖေတွေ၊ မေမေတွေ အလုပ်သွားနေသည့်အတွက် ကျောင်းမှပြန်လာပြီး အိမ်တွင် အုပ်ထိန်းသူ ကင်းမဲ့နေသည့် ကလေးတွေလည်း အများကြီးရှိပေသည်။ ဖေဖေတို့၊ မေမေတို့ကတော့ ထမင်းနပ်မှန်ရေးအတွက် ကျုံးရုန်း အလုပ်လုပ်နေကြရ၏။ ဖေဖေချမ်းသာပြောသည့် "ငွေဟာ သင်ထောက်ကူပစ္စည်းပဲ" ဆိုသည့် စကားအတိုင်းဖြစ်ပါသည်။

## လဲလှယ်ခြင်း၏ အရေးပါမှု

အလဲအလှယ်ဆိုသော အယူအဆကို မိဘများက သူတို့ကလေးများအား သင်ကြားပေးသည်ဆိုလျှင် သူတို့သည် အရေးကြီးသော သင်ခန်းစာတစ်ခုကို သင်ပေးရာရောက်ပါသည်။ ဖေဖေချမ်းသာအတွက်တော့ အလဲအလှယ်ဆိုသော စကားလုံးသည် အလွန်အရေးကြီးသော စကားလုံး ဖြစ်၏။

"မင်းလိုချင်တာ တစ်ခုခုကို သူ့တန်ရာတန်ဖိုးနဲ့ အလဲအလှယ်လုပ်ချင်စိတ်ရှိလို့ကတော့ မင်း ဘာမဆို ရနိုင်တယ်" ဟု သူက ပြောခဲ့၏။

လူတွေက သူတို့၏ ဩဝါဒဆရာအဖြစ် ဆောင်ရွက်ပေးဖို့ ကျွန်တော့်အား အကြိမ်ကြိမ် မေတ္တာရပ်ခံခြင်း ခံခဲ့ရ၏။ လွန်ခဲ့သည့် တစ်နှစ်ကျော်လောက်က လူငယ်တစ်ဦးက ကျွန်တော့်ကို နေ့လယ်စာ ဖိတ်ကျွေးသည်။ ကျွန်တော် ငြင်းသည်။ သို့သော် မရ။ လူငယ်က ဖွဲကောင်းသည်။ ဇွတ်ပေကပ်ပြီး ပြောသည်။ သို့ဖြင့် ကျွန်တော် လက်ခံလိုက်ရသည်။ နေ့လယ်စာ အတူစားနေခိုက် "ဆရာကြီးကို ကျွန်တော့်ရဲ့ ဩဝါဒဆရာ ဖြစ်စေချင်ပါတယ် ခင်ဗျာ" ဟု သူက ပြော၏။ ကျွန်တော် ငြင်းပယ်လိုက်၏။ သည်တစ်ခါလည်း သူက ဖွဲကောင်းသည်။ ပေကပ်ပြီး တောင်းဆိုသည်။ သို့ဖြင့်...

"ကဲ တကယ်လို့ ကျုပ်က မောင်ရင့် ဩဝါဒဆရာလုပ်ဖို့ လက်ခံမယ်ဆိုရင် ကျုပ်က မောင်ရင့်ကို ဘာတွေ လုပ်ပေးစေချင်သလဲ" ဟု မေးလိုက်သည်။

သူက ကျွန်တော်ပြုလုပ်သည့် အစည်းအဝေးများတွင် လိုက်ထိုင်ချင်ကြောင်း တစ်ပတ်လျှင် အနည်းဆုံး လေးနာရီလောက် သူနှင့်အတူ ရှိနေစေချင်ကြောင်း၊ အိမ်မြေရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအကြောင်း သင်ကြားပေးစေလိုကြောင်း ပြောသည်။

"ဒီတော့ အလဲအလှယ်အနေနဲ့ မောင်ရင်က ကျုပ်ကို ဘာပေးမှာလဲ"

လူငယ် တွန့်သွားသည်။ ကုလားထိုင်ပေါ်မှာ မတ်မတ်ပြင်ပြီး ထိုင်သည်။ နှစ်လိုဖွယ်ကောင်းသော အပြုံးကို သူ ပြုံးသည်။

"အဲ ဘာမှ မပေးနိုင်ပါဘူး။ ကျွန်တော့်မှာ ဘာမှမရှိဘူး ခင်ဗျ။ ဒါကြောင့် ကျွန်တော့်ကို ဆရာကြီးက သင်ပေးစေချင်တာပေါ့။ ဆရာကြီးရဲ့ ဖေဖေချမ်းသာက ဆရာကြီးကို သင်ပေးခဲ့သလိုပေါ့ခင်ဗျာ။ ဆရာကြီးသူ့ကို အခကြေးငွေ မပေးခဲ့ဘူး မဟုတ်လား"

ကျွန်တော် ကုလားထိုင်ကျောမှီကို မှီချလိုက်၏။ လူငယ်ကို စိုက်ကြည့်နေလိုက်၏။

"ဒီတော့ ကျုပ် သိထား၊ တတ်ထားသရွေ့ကို အချိန်ကုန်ခံပြီး မောင်ရင့်ကို အခမဲ့ သင်ပေးစေချင်တယ်ဆိုပါတော့။ မောင်ရင် ဖြစ်စေချင်တာ အဲဒီလိုလား"

"အင်း... အဲဒီအတိုင်းပါပဲ။ ကျွန်တော် ဘာလုပ်သင့်တယ် ထင်လို့လဲ ခင်ဗျ။ ကျွန်တော့်မှာမရှိတဲ့ ပိုက်ဆံကို ပေးရမလား။ ကျွန်တော့်မှာ ငွေရှိလို့ကတော့ ကျွန်တော် ခုလို ဘယ်ပြောနေပါတော့မလဲ။ ကျွန်တော် မေတ္တာရပ်ခံတာက ဆရာကြီး ကျွန်တော့်ကို တစ်ခုခု သင်ပေးဖို့လောက်ပါ။ သူဌေးဖြစ်လာအောင် သင်ပေးပါ"

ကျွန်တော့်မျက်နှာပေါ်တွင် အပြုံးရိပ်သန်းသွားသည်။ ဖေဖေချမ်းသာ၏ စားပွဲရှေ့မှာ ထိုင်ပြီး အချေအတင် ပြောနေသော ကျွန်တော့်ပုံရိပ်ကို ပြန်ပြီး မြင်ယောင်လာသည်။ သည်တစ်ကြိမ်တော့ ကျွန်တော်က ဖေဖေချမ်းသာနေရာ ရောက်နေပြီ။ နောက်ပြီး ဖေဖေချမ်းသာ ကျွန်တော့်ကို သင်ကြားပေးသည့် အခွင့်အရေးမျိုး ယခု ကျွန်တော် ရနေပြီ။ ကျွန်တော် မတ်တတ်ရပ်ရင်း ပြောလိုက်၏။

"နေ့လယ်စာကျွေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျုပ်ရဲ့ အဖြေကတော့ "ဟင့်အင်း" ပဲ။ ကျုပ် မောင်ရင့်ဩဝါဒဆရာလုပ်ဖို့ စိတ်မဝင်စားဘူး။ ဒါပေမဲ့ ကျုပ် မောင်ရင်တတ်ဖို့လိုနေတဲ့ သင်ခန်းစာတစ်ခု သင်ပေးနေတယ်။ တကယ်လို့ မောင်ရင်တတ်ဖို့လိုတဲ့ သင်ခန်းစာကို တက်သွားရင် မောင်ရင်ဖြစ်ချင်တဲ့အတိုင်း လူချမ်းသာတစ်ယောက် ဖြစ်လာလိမ့်မယ်။ အဲဒီသင်ခန်းစာကို ရအောင်ယူ။ အဲဒီအခါကျ မောင်ရင်ရှာနေတဲ့ အဖြေကို တွေ့လိမ့်မယ်"

စားပွဲထိုးက ကျသင့်ငွေတောင်းခံလွှာ ယူလာသည်။ ကျွန်တော်က လူငယ်ကို ညွှန်ပြပြီး အဲဒါသူ့အတွက်ဟု ပြောလိုက်သည်။

"ဒါပေမဲ့ အဖြေက ဘာလဲခင်ဗျ။ ပြောပါဦး။ ကျွန်တော့်ကို အဖြေကလေးပဲ ပြောပြပါ" ဟု လူငယ်က မေးသည်။

## တစ်ပတ်လျှင် တောင်းဆိုချက် ဆယ်ချက်

ကျွန်တော့်ကို တစ်စုံတစ်ဦး၏ ဩဝါဒဆရာအဖြစ် ဆောင်ရွက်ပေးဖို့ ခဏခဏ တောင်းဆိုကြသည်။ ၎င်းတောင်းဆိုချက်များနှင့် အတူတွဲပြီး ပါလာလေ့မရှိသည့် စကားလုံးကို ကျွန်တော် သတိထားမိနေတာကြာပြီ။ ၎င်းစကားလုံးကား စီးပွားရေးလောကတွင် အရေးပါဆုံး စကားလုံးတစ်ခု ဖြစ်သည့် အလဲအလှယ် ဆိုသည့် စကားလုံးဖြစ်၏။ တစ်နည်းပြောရပါက သင်က တစ်စုံတစ်ခု တောင်းဆိုသည်ဆိုလျှင် သင်က အလဲအလှယ်အဖြစ် ဘာပြန်ပေးဖို့ ဆန္ဒရှိသလဲဆို ဖြစ်၏။

*ချမ်းသာတဲ့ဖေဖေနှင့် နွမ်းပါးတဲ့ဖေဖေ* စာအုပ်ကို သင်ဖတ်ဖူးလျှင် ဖေဖေချမ်းသာက ကျွန်တော့်အား တစ်နာရီ ဆယ်ဆင့် လုပ်ခပေးနေသည်ကို ရုပ်သိမ်းကာ လုပ်ခမဲ့ အလုပ်လုပ်ခိုင်းခဲ့သည်ကို သတိရပါလိမ့်မည်။ ကျွန်တော် ပြောခဲ့သည့်အတိုင်း ကိုးနှစ်သား ချာတိတ်ကလေးအတွက် လုပ်ခမဲ့ အလုပ်လုပ်ပေးရခြင်းသည် ထိချက်ပြင်းသည့် သင်ခန်းစာတစ်ရပ် ဖြစ်၏။ ကျွန်တော့်ဘဝကို အမြဲတမ်း အကျိုးသက်ရောက်သွားစေသည့် သင်ခန်းစာပါ။ ဖေဖေချမ်းသာသည် တစ်နာရီ ဆယ်ဆင့်လုပ်ခကို ရုပ်သိမ်းခဲ့ခြင်းမှာ ရက်စက်ချင်သောကြောင့် မဟုတ်။ ချမ်းသာလိုလျှင် တတ်မြောက်ထားရမည့် အရေးအပါဆုံး သင်ခန်းစာတစ်ခု သင်ပေးလိုသောကြောင့်သာ ဖြစ်၏။ ၎င်းသင်ခန်းစာကား **လဲလှယ်ခြင်း**။ ဖေဖေချမ်းသာပြောခဲ့သည့်အတိုင်း "ငွေဟာ သင်ထောက်ကူပစ္စည်းတစ်ခု" ဖြစ်၏။ ငွေမရှိခြင်းသည်လည်း စွမ်းအားကြီးလှသော သင်ထောက်ကူပစ္စည်းဖြစ်သည်ဟုလည်း သူက ဆိုလိုဟန်ရှိပါသည်။

သူ့အတွက် နှစ်နှင့်ချီ လုပ်ခမဲ့ အလုပ်လုပ်ပေးခဲ့ပြီးနောက် ကျွန်တော်သာ လုပ်ခမဲ့ အလုပ်လုပ် မပေးခဲ့လျှင် သူ ကျွန်တော့်ကို ဆက်ပြီး ပညာသင်ပေးမှာလားဟု ကျွန်တော် မေးကြည့်ဖူးသည်။

"ဟင့်အင်း လုံးဝ သင်မပေးဘူး။ မင်းကို သင်ပေးဖို့ ပြောတုန်းက ငါ့သင်ခန်းစာတွေအတွက် မင်းအလဲအလှယ် ပေးချင်စိတ်ရှိရဲ့လားဆိုတာ ငါသိချင်တယ်လေ။ မင်းမှာ အလဲအလှယ်လုပ်လိုစိတ် မရှိဘူးဆိုရင်တော့ ငါ ငြင်းပယ်ပြီးနောက်ပိုင်း မင်းဘာသာမင်း ခန့်မှန်းကြည့်ရမယ့် ပထမဆုံး သင်ခန်းစာဟာ အဲဒါပဲ။ ကိုယ်က ဘာမှ မပေးချင်ဘဲ တစ်ခုခုကို အလကား လိုချင်သူတွေဟာ လက်တွေ့ဘဝမှာ ဘာမှ ရလေ့မရှိကြဘူး"

ဤကား ဖေဖေချမ်းသာ၏အဖြေ။

## သင်ခန်းစာ၏ နောက်ကွယ်က သင်ခန်းစာ

ဤစာအုပ်ကို ဖတ်နေသူ အများစုအတွက် လဲလှယ်ခြင်းသင်ခန်းစာသည် ရှင်းလင်းသိသာနေမည် ဖြစ်ပါသည်။ သို့သော် နောက်ထပ်သင်ခန်းစာတစ်ခု ရှိနေသေးသည်။ လဲလှယ်ခြင်းသင်ခန်းစာ၏ နောက်ကွယ်မှာ ရှိနေသည့် သင်ခန်းစာ။ ဤသင်ခန်းစာကား လူအများစု မတတ်မြောက်သည့် သင်ခန်းစာ။ ပြီးတော့ ချမ်းသာချင်သူ ဘယ်သူမဆိုအတွက် အရေးကြီးသော သင်ခန်းစာလည်း ဖြစ်၏။ သင့်ကလေးကို ငယ်ငယ်ရွယ်ရွယ်ကတည်းက သင်ပေးဖို့လည်း အရေးကြီးပါသည်။

ဤသင်ခန်းစာကို လူချမ်းသာ တော်တော်များများ သိကြ၏။ အထူးသဖြင့် သူတို့၏ စည်းစိမ်ချမ်းသာကို သူတို့ ကိုယ်စွမ်းကိုယ်စဖြင့် ထူထောင်ခဲ့သူများ သိကြ၏။ သို့သော် ပင်ပန်းတကြီး အလုပ်လုပ်နေသူ တော်တော်များများကတော့ သည်သင်ခန်းစာကို ဘယ်တော့မျှ သဘောမပေါက်ကြချေ။

"လူအများစု ချမ်းသာမလာတဲ့အကြောင်းက သူတို့ကို အလုပ်အကိုင်တစ်ခုရှာပြီး ဝင်လုပ်ဖို့ သင်ကြားပေးတာ ခံထားရလို့ကွ" ဖေဖေချမ်းသာ ဆက်ပြီး ရှင်းပြသည်။ သူ့ဆီသို့ လူတွေ လာရောက်ပြောလေ့ရှိသည်မှာ "ခင်ဗျားအတွက် ဒီအလုပ်လုပ်ပေးရင် ကျွန်တော့်ကို ဘယ်လောက်ပေးမှာလဲ" ဟူ၍ ဖြစ်ကြောင်း "အဲဒီအတွေးမျိုး တွေးပြီး အဲဒီစကားမျိုး ပြောသူတွေဟာ ဘယ်တော့မှ ချမ်းသာလာမှာ မဟုတ်ဘူး။ မင်းလုပ်တဲ့ အလုပ်အတွက် လုပ်ခပေးမယ့် လူတွေကို လှည့်ပတ်ရှာနေလို့ကတော့ မင်း ချမ်းချမ်းသာသာ ဖြစ်လာဖို့ မမျှော်လင့်လေနဲ့"

ချမ်းသာတဲ့ဖေဖေနှင့် နွမ်းရှာတဲ့ဖေဖေ စာအုပ်ထဲတွင် ဖော်ပြခဲ့သည့် တစ်နာရီလုပ်ခ ဆယ်ဆင့် ပြန်ရုပ်သိမ်းသည့် ဇာတ်လမ်းအပြီးတွင် ရုပ်ပြ စာအုပ်တွေဌားသည့် ဇာတ်လမ်း ဖော်ပြခဲ့၏။ ဤဇာတ်လမ်းမှာပါသည့် သင်ခန်းစာသည် လဲလှယ်ခြင်းသင်ခန်းစာ၏ နောက်ကွယ်မှာရှိပြီး ဖေဖေ ချမ်းသာ သင်ပေးလိုသည့် သင်ခန်းစာအစစ်အမှန် ဖြစ်ပေသည်။ လုပ်ခမဲ့ အလုပ်လုပ်ပေးနေရသည့်အခါ အကြောင်းကိစ္စတွေကို ကျွန်တော် ကွဲပြား ခြားနားစွာ မြင်တတ်လာသည်။ ကျွန်တော်က လုပ်ခစားအလုပ်တစ်ခုကို လိုက်ရှာမည့်အစား လုပ်ငန်းတစ်ခုလုပ်ဖို့ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံဖို့ အခွင့် အလမ်း တစ်ခုခုကို စတင်ရှာဖွေခဲ့သည်။ ဖေဖေချမ်းသာက လူအများစု မမြင်မတွေ့သည်များကို မြင်တတ်တွေ့တတ်အောင် ကျွန်တော့်ဦးနှောက် ကို လေ့ကျင့်ပေးထားခဲ့၏။ ကျွန်တော် လုပ်ခမဲ့ အလုပ်လုပ်ပေးနေသည့် ဖေဖေချမ်းသာ၏ စတိုးဆိုင်မှ လွှင့်ပစ်မည့် ရုပ်ပြစာအုပ်များကို ပြန်ပြီး ငှားရမ်းလို့ရအောင် ကြံဆောင်လိုက်နိုင်ကတည်းက ဖေဖေချမ်းသာ၏ ချမ်း သာကြွယ်ဝရေး မဟာသော့ချက်ကြီးကို စတင် သင်ယူသိမြင်ခဲ့၏။ ၎င်း လျှို့ဝှက်ချက်ကား ငွေရအောင် ပင်ပန်းတကြီး အလုပ်လုပ်ဖို့ မဟုတ်။ အလုပ်တစ်ခုလုပ်ပြီး လုပ်ခကို မျှော်လင့်နေဖို့ မဟုတ်။ နောင်တစ်ချိန်တွင် ဖေဖေချမ်းသာ ပြောပြခဲ့သည့် အတိုင်းပင်။

"လူအများစု ချမ်းသာမလာတဲ့ အကြောင်းရင်းတစ်ခုက သူတို့ လုပ် တဲ့ အလုပ်အတွက် လုပ်ခပေးရမယ်ဆိုတဲ့ အယူစွဲလာအောင် လေ့ကျင့်ပေး တာ ခံထားကြရလို့ပဲ။ မင်းချမ်းသာချင်သပဲဆိုရင် လူဘယ်လောက် များ များကို မင်း အလုပ်အကျွေးပြုနိုင်သလဲဆိုတဲ့ တန်းနဲ့ချိန်ပြီး စဉ်းစားတတ် ဖို့ လိုတယ်"

တစ်နာရီ ဆယ်ဆင့်ဖြင့် အလုပ်လုပ်ခြင်းကို ရပ်ဆိုင်းလိုက်သော အခါ ကျွန်တော်လုပ်သည့်အလုပ်ကို ရသည့်လုပ်ခနှင့် ချိန်ထိုးစဉ်းစားခြင်း ကို ရပ်ဆိုင်းလိုက်၏။ ပြီးတော့ လူများနိုင်သရွေ့ များများကို အလုပ်အကျွေး ပြုနိုင်မည့် နည်းလမ်းများကို စတင်ရှာဖွေကြည့်တော့၏။ ထိုနည်းအတိုင်း စတင် တွေးလာပြီဆိုသည်နှင့် ကျွန်တော်သည် ဖေဖေချမ်းသာလို စတင်တွေး ဘာတ်လာပြီ ဖြစ်ပေသည်။

## တစ်နေ့တာအတွင်း အချိန်ကုန်၍ ဤမျှသာရသည်

သနေ့လူငယ်အများစုသည် ကျောင်းတက်နေကြ၏။ ကျောင်းတက်ကြခြင်း ... ဝမ်းကျောင်းပညာတစ်ခု သင်ယူပြီး အလုပ်တစ်ခု ရှာဖို့ဖြစ်၏။ တစ်နေ့

တွင် နာရီ ဘယ်လောက်ပဲရှိသည်ကို ကျွန်တော်တို့အားလုံး သိကြသည်။ ကျွန်တော်တို့၏ လုပ်အားကို နာရီအပိုင်းအခြားဖြင့် ရောင်းလျှင် (သို့မဟုတ်) အခြားအချိန်တိုင်းနည်း တစ်ခုခုဖြင့် တွက်ချက်ပြီး ရောင်းလျှင် တစ်နေ့တာ အတွင်း ကျွန်တော်တို့ရသည့်အချိန်မှာ အကန့်အသတ်နှင့် ဖြစ်နေပါသည်။ အဆိုပါ အချိန်အကန့်အသတ်ရှိနေခြင်းကပင် တစ်နေ့လျှင် ကျွန်တော်တို့ အများဆုံးရနိုင်သည့် လုပ်ခကို ကန့်သတ်ပေးနေခြင်း ဖြစ်၏။ ဥပမာ လူ တစ်ဦးက သူ့အချိန်အတွက် တစ်နာရီလျှင် ဒေါ်လာ ၅၀ တောင်းသည်။ တစ်နေ့လျှင် ရှစ်နာရီ အလုပ်လုပ်မည်ဆိုပါက သူရမည့် အမြင့်ဆုံးလုပ်ခ မှာ တစ်နေ့ဒေါ်လာ ၄၀၀၊ ငါးရက်တစ်ပတ်အတွက် ဒေါ်လာ ၂,၀၀၀၊ တစ်လ ဒေါ်လာ ၈,၀၀၀ ရမည်။ ထိုငွေပမာဏထက် ပိုလိုချင်လျှင် အလုပ် ချိန်တိုးပြီး လုပ်ရပါမည်။ ထို့ကြောင့်ပင် အမေရိကန်အစိုးရ၏ စာရင်းအင်း များတွင် အမေရိကန် ၁၀၀ လျှင် တစ်ယောက်သာ အသက် (၆၅) နှစ် အရွယ်၌ ချမ်းသာလာသည်ဟု ဖော်ပြထားခြင်း ဖြစ်မည်။

လူများစုသည် သူတို့လုပ်သည့် အလုပ်တန်ဖိုးကို ရသည့်လုပ်ခဖြင့် တိုင်းပြီး စဉ်းစားတတ်အောင် လေ့ကျင့်ပေးခြင်း ခံထားကြရ၏။ သူတို့ လူဘယ်လောက်များများကို အလုပ်အကျွေးပြုလိုက်သလဲဆိုသည့် စံဖြင့် တိုင်း တတ်အောင် လေ့ကျင့်ပေးခြင်း မခံခဲ့ကြရ။ ဖေဖေချမ်းသာကတော့ "မင်း လူများများကို အလုပ်အကျွေးပြုလေ မင်းပိုပိုပြီး ချမ်းသာလေပေါ့ကွာ" ဟု သွန်သင်ခဲ့ပါသည်။

လူအများစုသည် အလုပ်ရှင်တစ်ဦး (သို့မဟုတ်) သီးသန့်အလုပ်ရှင် တချို့ကိုသာ အလုပ်အကျွေးပြုဖို့ လေ့ကျင့်ပေးခြင်း ခံထားကြရ၏။ "ငါ စီးပွားရေးသမား ဖြစ်လာတဲ့အကြောင်းရင်းက တတ်နိုင်သလောက် လူများ များကို အလုပ်အကျွေးပြုချင်လို့ပဲ" ဟု ဖေဖေချမ်းသာက ပြောလေ့ရှိ၏။ နောက်ပြီး အောက်ဖော်ပြပါ စက်ဝိုင်းလေးပုံကိုလည်း အခါအခွင့်ကြုံတိုင်း ဆွဲပြလေ့ရှိပါသည်။



ဖေဖေချမ်းသာက စက်ဝိုင်းလေးခြမ်း၏ ဘယ်ဘက်ကို ပြပြီး "ဒီဘက်ခြမ်းက အောင်မြင်ရေးအတွက် ကာယလုပ်အားကို အားထားတယ်" ဟု ပြောပြတတ်၏။ ထို့နောက် ညာဘက်ကို ပြပြီး "ဒီဘက်ခြမ်းကတော့ အောင်မြင်ရေးအတွက် ဘဏ္ဍာလုပ်အား လိုအပ်တယ်" ဟု ပြောသည်။ "ကာယလုပ်အားနဲ့ ဘဏ္ဍာလုပ်အား ကွာခြားမှုရှိတယ်ကွ" ဟုလည်း ပြောသည်။

တစ်နည်းဆိုရလျှင် ကာယအားကိုးပြီး အလုပ်လုပ်ခြင်းနှင့် သင့်ငွေသို့မဟုတ် သင့်စနစ်ကို အားကိုးပြီး ဘဏ္ဍာရေးအရ အလုပ်လုပ်ခြင်းအကြား အကြီးအကျယ် ကွာခြားသည်ဆိုရပါမည်။ ဖေဖေချမ်းသာက "ငါ့အနေနဲ့ ကာယအားနဲ့ အလုပ်လုပ်ရတာနည်းလေ လူများများကို အလုပ်အကျွေးပြုနိုင်လေပဲ။ အဲဒီအတွက် အလဲအလှယ်အနေနဲ့ ငါ့အတွက် ဝင်ငွေပိုကောင်းလေပဲ" ဟု ပြောပါသည်။

*ချမ်းသာတဲ့ဖေဖေနှင့် နွမ်းပါးတဲ့ဖေဖေ* စာအုပ်ကို ကျွန်တော်ရေးရခြင်း အဓိကရည်ရွယ်ချက်မှာ လူများနိုင်သလောက် များများကို အလုပ်အကျွေးပြုလို့ရသည့် နည်းလမ်းတစ်ရပ် ရှာဖွေဖို့ဖြစ်၏။ စာမရေးမီကဆိုလျှင် ဤဘာသာရပ်ကိုပင် ကိုယ်တိုင်ကိုယ်ကျ သင်ကြားပေးခဲ့ပြီး ဉာဏ်ပူဇော်ခအဖြစ် ဒေါ်လာထောင်ချီပြီး တောင်းခဲ့၏။ ကျွန်တော် ဝင်ငွေကောင်းသည်မှန်သော်လည်း ကျွန်တော် အလုပ်အကျွေးပြုနေသည်မှာ လူနည်းစုသာ ဖြစ်နေ၏။ ကြာတော့ အလွန်ပင်ပန်းငြီးငွေ့ပြီး ကိုယ်ရောစိတ်ပါ ချုံးချုံးကျလာတော့၏။ တတ်စွမ်းသလောက် လူများများအား အလုပ်အကျွေးပြုရမည်ဆိုတာ သဘောပေါက်လာသည်နှင့် ကျွန်တော်ဟောပြောမည့်အစား စာရေးရမည်ဆိုတာ သိလာသည်။

ယနေ့ဆိုလျှင် သည်သင်ခန်းစာကိုပင် သင်ယူလေ့လာဖို့ ကုန်ကျစရိတ်မှာ ဒေါ်လာ ၂၀ ပင် မပြည့်တော့ချေ။ ကျွန်တော် သန်းပေါင်းများစွာသော လူတွေကို အလုပ်အကျွေးပြုနေ၏။ နောက်ပြီး နည်းနည်းလုပ်ရင်း ငွေများများရလာတဲ့ သဘောဖြစ်၏။ သည်တော့ ဟိုးလွန်ခဲ့သည့် နှစ်ပေါင်းများစွာတုန်းက တစ်နာရီ ဆယ်ဆင့် လုပ်ခ ရပ်သိမ်းခံရသည့် သင်ခန်းစာသည် ယနေ့ထက်တိုင် အကျိုးပြုဆဲ ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ဖေဖေချမ်းသာ သင်ပေးသည့် ချမ်းသာရေးသင်ခန်းစာ၏ နောက်ကွယ်တွင် တတ်စွမ်းသလောက် လူများများကို အလုပ်အကျွေးပြုဟူသော သင်ခန်းစာ ရှိနေသောကြောင့်ပင်။ ဖေဖေချမ်းသာ ပြောသကဲ့သို့ပင် "လူများစုဟာ လူ

များနိုင်သလောက် များများကို အလုပ်အကျွေးပြုနိုင်မယ့် နည်းလမ်းတွေ ရှာဖို့ ကျောင်းက ထွက်လာကြတာ မဟုတ်ဘဲ လခကောင်းတဲ့ အလုပ်တစ်ခု ရှာဖို့ ကျောင်းထွက်လာကြတာ” ဟူ၍ ဖြစ်နေပါသည်။

သူက သူ့သားတော်မောင် မိုက်နှင့် ကျွန်တော့်အား “မင်းတို့ လူ သန်းပေါင်းများစွာကို အလုပ်အကျွေးပြုရင် မင်းတို့ သန်းကြွယ်သူဌေး ဖြစ်လာမှာပဲ။ မင်းတို့ လူကုဋေပေါင်းများစွာကို အလုပ်အကျွေးပြုရင် မင်းတို့ ကုဋေကြွယ်သူဌေး ဖြစ်လာလိမ့်မယ်။ ဒါဟာ ရိုးရိုးရှင်းရှင်း အလဲအလှယ် သဘောထားကလေးပါပဲ” ဟုလည်း ရှင်းပြခဲ့လေသည်။

## ကျွန်တော့်ကလေးကို မုန့်ဖိုး ဘယ်လောက်ပေးသလဲ

ကျွန်တော့်ကို အောက်ဖော်ပြပါ မေးခွန်းမျိုးတွေ ခဏခဏ အမေးခံခဲ့ရ၏။

- ကျွန်တော့်ကလေးကို မုန့်ဖိုးဘယ်လောက် ပေးသင့်သလဲ။
- ကျွန်မရဲ့ ကလေးတွေကို ကူညီအလုပ်လုပ်ပေးတဲ့အတွက် မုန့်ဖိုး ပေးတာကို ရပ်ထားသင့်သလား။
- အောင်မှတ်ကောင်းကောင်းရတဲ့အတွက် ကျွန်မရဲ့သားလေးကို ဆုချပါတယ်။ အဲဒါကို ဆရာ ထောက်ခံပါသလား။
- စတိုးဆိုင်မှာ အလုပ်တစ်ခု ဝင်မလုပ်ဖို့ ကျွန်မသမီးကို ပြောရမလား ဆရာ။

ထိုကဲ့သို့သော မေးခွန်းများအတွက် ကျွန်တော်ဖြေနေကျ အဖြေမှာ “ခင်ဗျားတို့ရဲ့ကလေးကို ခင်ဗျားတို့ ဘယ်လို အလျော်ပေးတယ်ဆိုတာတော့ ခင်ဗျားတို့သဘောပဲ။ ကလေးတိုင်း မတူကြပါဘူး။ အဲဒီလိုပဲ မိသားစုတိုင်း လည်း မတူကြပါဘူး” ဟူ၍ ဖြစ်ပါသည်။

သင်တို့အား ကျွန်တော် တကယ်တမ်း နှိုးဆော်ချင်တာကတော့ ဖေဖေ ချမ်းသာ၏ သင်ခန်းစာများကို သတိရနေဖို့နှင့် ငွေသည် အလွန် အရေးကြီး သော သင်ထောက်ကူပစ္စည်းဖြစ်သည်ဆိုတာ မမေ့ဖို့ ဖြစ်ပါသည်။ သင့်ကလေး တွေသည် ဘာမျှမလုပ်ဘဲ ငွေပဲလိုချင်သည်ဆိုလျှင် သူတို့ဘဝ ဘယ်လို နိဂုံးချုပ်လိမ့်မည်ဖြစ်ကြောင်း သင်သိကောင်း သိနေပါလိမ့်မည်။ သင့်ကလေး သည် သူ့ကို ပိုက်ဆံပေးသောကြောင့်သာ စာကျက်သည်ဆိုလျှင် သူ့ကို မုန့်ဖိုးပေးမည့် သင်မရှိတော့ဘူးဆိုလျှင် သည်ကလေး ဘာဖြစ်ကုန်မည်လဲ။

အဓိကကတော့ ငွေကို သင်ထောက်ကူပစ္စည်းတစ်ခုအဖြစ် အသုံးပြုရာ၌ သတိဝီရိယထားဖို့ပင် ဖြစ်၏။ အကြောင်းမှာ ငွေသည် အလွန် အစွမ်းထက်သော သင်ထောက်ကူပစ္စည်းတစ်ခုဖြစ်သည့်တိုင် သင့်ကလေး သင်ယူရမည့် ပိုမို အရေးကြီးသော သင်ခန်းစာများ ရှိနေပါသေးသည်။ ၎င်းသင်ခန်းစာများကား အရေးအကြီးဆုံး သင်ခန်းစာများနောက်ကွယ်မှာ ရှိနေသည့် သင်ခန်းစာများပါ။ ထိုသင်ခန်းစာများထဲမှ တစ်ခုမှာ အလုပ်အကျွေးပြုခြင်းနှင့် ပတ်သက်သည့် သင်ခန်းစာဖြစ်ပါသည်။

## အလှူဒါန အိမ်မှာ စသည်

ကျွန်တော့်ဖေဖေနှင့် မေမေသည် စေတနာသဒ္ဓါတရား ရက်ရော ကြီးမားသူများဖြစ်သည်။ သို့ပေမဲ့ သူတို့က ဖေဖေချမ်းသာတို့စုံတွဲ ရက်ရောပုံချင်းနှင့်မတူ။ ဖေဖေက ဟာဝိုင်ယီကျွန်းပညာရေးဌာန အကြီးအကဲအဖြစ်ဖြင့် အိမ်ပြန်လာမည်။ ကလေးများနှင့်အတူ ညစာစားမည်။ ပြီးတော့ ဆရာမိဘအသင်း အစည်းအဝေးများသို့ တစ်ပတ်နှစ်ကြိမ်၊ သုံးကြိမ်သွားမည်။ ထိုစဉ်က ချာတိတ်သာ ရှိသေးသော ကျွန်တော် သတိရနေပါသေးသည်။ ညစာစားအပြီး ခြံဝင်လမ်းအတိုင်း ကားကို နောက်ဆုတ်မောင်းသွားသော ဖေဖေ့ကို ကျွန်တော် စားဖိုဆောင် ပြတင်းပေါက်မှ လက်ပြနှုတ်ဆက်ခဲ့ပုံတွေ။ သူကတော့ များနိုင်သလောက် များသောမိသားစုများအား အလုပ်အကျွေးပြုဖို့ သွားခြင်း။ မိုင်တစ်ရာကျော်ခရီးသို့သွားပြီး အစည်းအဝေးတက်ကာ မနက်မိုးလင်းမှ သူ့ကလေးတွေကို နှုတ်ဆက်ရသည့် အကြိမ်တွေကလည်း အများကြီး။

မေမေက သူ့ကလေးတွေကို စည်းရုံးပြီး ဘုရားကျောင်း အလှူပွဲများတွင် ပါဝင်လုပ်အားပေးလေ့ရှိသည်။ သူက သူ့အချိန်တွေကို အခမဲ့ လှူဒါန်းရခြင်းကို မြတ်နိုးသူ။ ယုံကြည်သူ။ တရားဝင် သူနာပြုဆရာမဖြစ်သော မေမေက အမေရိကန် ကြက်ခြေနီ အသင်းအတွက်လည်း ပုံမှန်လုပ်အားပေးခဲ့သည်။ ရေကြီးခြင်း (သို့မဟုတ်) မီးတောင်ပေါက်ကွဲခြင်းကဲ့သို့သော ဘေးဆိုး၊ အန္တရာယ်ဆိုးများ ကြုံရသောအခါ ဖေဖေနှင့် မေမေသည် ဒုက္ခသည်များအား ကူညီစောင့်ရှောက်ဖို့ ရက်ပေါင်းများစွာကြာအောင် သွားနေတတ်သည်ကိုလည်း ကျွန်တော်မှတ်မိနေ၏။

ဖေဖေချမ်းသာတို့ ဇနီးမောင်နှံသည်လည်း ကျွန်တော့်ဖေဖေမေမေတို့နှင့် အမြင်တူ၊ အသွင်တူကြောင်း တွေ့ရသည်။ သူ့ဇနီးဆိုလျှင် **အမျိုးသမီး**

အဖွဲ့အစည်းများတွင် အမြဲပါဝင်ပြီး လောက်လောက်လားလား အကြောင်းကိစ္စများအတွက် ရန်ပုံငွေရှာပေးလေ့ရှိ၏။ ဖေဖေချမ်းသာကတော့ ဘုရားကျောင်းအတွက် အလှူငွေကို ပုံမှန် ထည့်ဝင်လှူဒါန်းသည်။ ကုသိုလ်ပွဲအမျိုးမျိုးအတွက်လည်း မပျက်မကွက် ရက်ရက်ရောရော ဒါနပြုသည်။ ထို့ပြင်စေတနာအဖွဲ့အစည်းနှစ်ခုတွင် ဘုတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

မိဘနှစ်စုံတွဲစလုံးဆီက ကျွန်တော်ရခဲ့သည့် သင်ခန်းစာမှာ သင်သည်ဆိုရှယ်လစ်ပဲဖြစ်ဖြစ်၊ အရင်းရှင်းပဲဖြစ်ဖြစ်၊ အလှူဒါနသည် အိမ်မှာစသည်ဆိုသည့် အချက်ဖြစ်၏။ သင်သည် သင့်ကလေးများအား ချမ်းသာကြွယ်ဝစေချင်သည်ဆိုလျှင် လူများချင်သလောက်များများကို အလုပ်အကျွေးပြုဖို့သင်ကြားပေးခြင်းသည် တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာတစ်ရပ် ဖြစ်ပါသည်။ ဖေဖေချမ်းသာ ပြောခဲ့သည့်အတိုင်း ဖြစ်ပါသည်။ "လူတွေကို ပိုပြီးအလုပ်အကျွေးပြုလေ မင်းပိုပြီး ချမ်းသာလာလေပဲ" ဟူ၏။

❑

## အပိုင်း (၃)

## သင့်ကလေး၏ ပါရမီကို ဖော်ထုတ်ခြင်း

*လူများနိုင်သလောက် များများကို အလုပ်အကျွေးပြုခြင်းဖြင့် မိမိတို့ ချမ်းသာကြွယ်ဝလာအောင် ပြုလုပ်ပါဟု ဖေဖေချမ်းသာက သူ့သားနှင့် ကျွန်တော့်ကို လေးလေးနက်နက် သွန်သင်ဆုံးမခဲ့၏။ "မင်းတို့ ငွေရဖို့လောက်ပဲ အာရုံစိုက်ထားရင် မင်းတို့ ချမ်းသာလာဖို့ ခက်ခဲတာ တွေ့ရလိမ့်မယ်။ မင်းတို့ မဖြောင့်မတ်ဘူး။ လောဘကြီးတယ်။ လူတွေကို ထိုက်သင့်တာထက် လျှော့ပေးတယ်ဆိုရင်လည်း မင်းတို့ ချမ်းသာလာဖို့ ခက်ခဲတာ တွေ့ရလိမ့်မယ်။ မင်းတို့ အဲဒီနည်းတွေနဲ့ ဥစ္စာစနေ ကြွယ်ဝလာနိုင်တယ်။ ဒါပေမဲ့ အဲဒီစနေဥစ္စာကို တန်ဖိုးကြီးကြီးပေးပြီးမှ ရလိမ့်မယ်။ မင်းတို့ရဲ့ လုပ်ငန်းကို တတ်နိုင်သလောက် လူများများကို အလုပ်အကျွေးပြုဖို့ ရည်စူးထားရင် သူတို့ဘဝတွေ နည်းနည်းကလေးဖြစ်ဖြစ် ပိုပြီး စိုပြည်လာရေး တစ်ခုကိုပဲ စဉ်းစားမယ်ဆိုရင် မင်းတို့ ကျိုကျိုတက် ချမ်းသာမှုနဲ့ စိတ်ချမ်းသာမှုကို ရကြလိမ့်မယ်"*

*ဖေဖေကျောင်းဆရာကတော့ ကျောင်းမှာ စာမတော်သည့် တိုင်အောင် ကလေးတိုင်း၏ ရင်တွင်းမှာ ပါရမီရှင်ကလေး တစ်ဦးရှိကြောင်း ယုံကြည်သည်။ ပါရမီရှင်ဆိုသည်မှာ စာသင်ခန်းထဲတွင် ထိုင်ပြီး အဖြေမှန်အားလုံးကို သိနေသူတစ်ဦးဖြစ်သည်*

ဟူ၍တော့ မယုံကြည်။ ပါရမီရှင်ဆိုသည်မှာ လူတကာထက် ပိုတတ် ပိုတော်သူတစ်ဦး ဟူ၍လည်း သူက မယုံကြည်။ သူ စွဲစွဲမြဲမြဲ ယုံကြည်သည်မှာ ကျွန်တော်တို့ တစ်ဦးတစ်ယောက် ချင်းစီတွင် လက်ဆောင်မွန်တစ်ခုစီ ရှိကြသည်။ ပါရမီရှင် ဆို တာကတော့ သူ့ကိုယ်တွင်းမှာရှိသည့် လက်ဆောင်မွန်ဖော်ထုတ် နိုင်ပြီး ၎င်းလက်ဆောင်မွန်ကို ပေးဝေပစ်ဖို့ နည်းလမ်းတစ်ခု ရှာတွေ့သွားသည့် လူတစ်ဦးမျှသာဖြစ်သည်ဟူ၍ ဖြစ်၏။

သူ၏ ပါရမီသင်ခန်းစာကို စိတ်ဝင်စားစဖွယ်ဖြစ်အောင် သူက ဇာတ်လမ်းတစ်ပုဒ်ပြောလေ့ရှိ၏။

"မင်းတို့ တစ်ဦးစီ မွေးမလာမီကတည်းက မင်းတို့ကို လက်ဆောင်မွန်တစ်ခုစီ ပေးအပ်ထားခဲ့သည်။ ခက်တာက မင်း တို့ကို အဲဒီလို လက်ဆောင်မွန် အပ်နှင်းထားတယ်ဆိုတာ မင်း တို့ကို ဘယ်သူကမှ ပြောပြမထားတာပဲ။ အဲဒီလက်ဆောင်မွန် ကို ဖော်ထုတ်တွေ့ရှိပြီးရင် ဘာလုပ်ရမယ်ဆိုတာလည်း မင်းတို့ ကို ဘယ်သူကမှ ပြောပြမထားဘူး။ မင်းတို့မွေးဖွားလာပြီးရင် မင်းတို့လုပ်ရမှာက အဲဒီလက်ဆောင်မွန်ကို တွေ့အောင်ရှာပြီးရင် ပေးဝေ၊ လူတိုင်းကို ပေးဝေပါ။ မင်းတို့ရဲ့ လက်ဆောင်မွန် ကို ပေးဝေပစ်တဲ့အခါ မင်းတို့ရဲ့ဘဝဟာ ထူးကဲအံ့ဖွယ်တွေနဲ့ ပြည့်နေလိမ့်မယ်"

ဖေဖေကျောင်းဆရာက ပါရမီ (Genius)ကို အောက်ပါ အတိုင်း ရေးပြသည်။

**GENI-IN-US**

အဓိပ္ပာယ်မှာ ကျွန်ုပ်တို့ ကိုယ်တွင်းမှာရှိသည့် မီးခွက်စောင့် နတ်သမီး ဟူ၏။

သူ့ဇာတ်လမ်းကို ဆက်ပြောတတ်သည်ကတော့ "ပါရမီ ရှင်ဆိုတာ သူ့ကိုယ်တွင်းမှာရှိတဲ့ မီးခွက်စောင့်နတ်သမီးကို ဖော် ထုတ်တွေ့ရှိသူပဲ။ အာလာဒင်က သူ့မီးခွက်ထဲက မီးခွက်စောင့် ဘီလူးကို တွေ့သွားသလို ငါတို့လည်း ငါတို့ကိုယ်တွင်းမှာရှိတဲ့ နတ်သမီးကို ရှာဖွေဖော်ထုတ်ကြရမယ်။ ပါရမီဆိုတဲ့ စကားလုံး

ဆင်းသက်လာတာ အဲဒီက ဆင်းသက်လာတာ။ ပါရမီရှင်ဆိုတာ သူ့ကိုယ်တွင်းမှာရှိတဲ့ မှော်နတ်သမီးကို တွေ့သွားသူ တစ်ဦးပါပဲ။ ပါရမီရှင်ဆိုတာ သူ့ကို အပ်နှင်းထားတဲ့ လက်ဆောင်မွန်ကို တွေ့သွားသူတစ်ဦးကို ပြောတာ"

ဖေဖေကျောင်းဆရာက သူ့စကားကို သတိပေးချက်က လေးဖြင့် ဖြည့်စွက်တတ်သည်။ "မင်းတို့ရဲ့ နတ်သမီးကို တွေ့တဲ့အခါ နတ်သမီးက မင်းတို့ရဲ့ ဆန္ဒ သုံးခုကို တောင်းခွင့်ပြုလိမ့်မယ်။ နတ်သမီးက ပြောလိမ့်မယ်။ ဆန္ဒနံပါတ်တစ်က 'သင့်လက်ဆောင်မွန်ကို သင့်ကိုယ်သင် ပြန်ပေးလိုတဲ့ဆန္ဒရှိ သလား။' ဆန္ဒနံပါတ်နှစ်က 'သင့်လက်ဆောင်မွန်ကို သင် ချစ်ခင်မြတ်နိုးသူများနှင့် သင်နှင့် နီးစပ်သူများကိုသာ ပေးလိုတဲ့ ဆန္ဒရှိသလား။' ဒါမှမဟုတ် ဆန္ဒနံပါတ်သုံးကတော့ 'သင့်လက်ဆောင်ကို ပေးဝေပစ်ချင်တဲ့ ဆန္ဒရှိသလား' တဲ့။

ကျွန်တော်တို့ ချာတိတ်များကို ပေးချင်သည့် သင်ခန်းစာကတော့ ဆန္ဒနံပါတ်သုံးကို ရွေးချယ်ဖို့ဖြစ်ကြောင်း ရှင်းပါသည်။ ဖေဖေကျောင်းဆရာက သူ့သင်ခန်းစာကို အဆုံးသတ်လေ့ရှိသည့်စကားမှာ "ကမ္ဘာကြီးပေါ်မှာ ပါရမီရှင်တွေ ပြည့်နေတယ်။ ငါတို့ တစ်ယောက်ချင်းစီဟာ ပါရမီရှင် တစ်ယောက်စီပါပဲ။ စက်နေတာက တို့တတွေအများစုဟာ ငါတို့ရဲ့ ပါရမီကို ငါတို့ကိုယ်ဆိုတဲ့ ပုလင်းထဲမှာ ထည့်ပြီး အသေ သော့ခတ်သိမ်းထားကြတာပဲ။ ငါတို့အထဲက တော်တော်များများဟာ ငါတို့ရဲ့ ပါရမီကို ငါတို့အတွက်သက်သက် (ဒါမှမဟုတ်) တို့ချစ်မြတ်နိုးသူတွေအတွက်ပဲ အသုံးပြုနေကြတယ်။ မှော်နတ်သမီးက တို့များ ဆန္ဒနံပါတ်သုံးကို ရွေးမှ ပုလင်းထဲက ထွက်လာတာကွဲ့။ တို့များရဲ့ လက်ဆောင်မွန်ကို ပေးဝေဖို့ ရွေးချယ်ပါမှ ထူးထူးကဲကဲ ပျော်စရာ ကြည်နူးစရာတွေ၊ အံ့စရာကောင်းလောက်အောင် ဖြစ်ပေါ်လာတာ"

ကျွန်တော့်ဖေဖေ နှစ်ယောက်စလုံး ပေးဝေခြင်း၏ တန်ခိုးအာနိသင်ကို ယုံကြည်ကြ၏။ ဖေဖေတစ်ဦးက ထတ်နိုင်

သလောက် လူများများကို အလုပ်အကျွေးပြုနိုင်မည့် စီးပွားရေး လုပ်ငန်းတစ်ခု ထူထောင်ခြင်းကို ယုံကြည်သည်။ အခြားဖေဖေ တစ်ဦးကတော့ ကျွန်တော်တို့ကို အပ်နှင်းထားသည့် လက်ဆောင် မွန်ကို ရှာဖွေဖော်ထုတ်ဖို့၊ ကျွန်တော်တို့ကိုယ်တွင်းရှိ မှော်နတ်သမီး ကို ဖော်ထုတ်ဖို့၊ ပြီးတော့ မှော်နတ်သမီးကို ပုလင်းထဲက ထွက်လာခွင့်ပြုဖို့ကို ယုံကြည်သည်။

ဖအေနှစ်ဦးစလုံး၏ သင်ခန်းစာများသည် ချာတိတ်က လေး ကျွန်တော့်အတွက် အကျိုးရှိလှသည်။ ဇာတ်လမ်းနှစ်ပုဒ် စလုံးက ကျွန်တော့်အား လောကမှာ နေဖို့အကြောင်းရင်း၊ သင် ယူဆည်းပူးဖို့ အကြောင်းရင်း၊ ပေးဝေဖို့အကြောင်းရင်းတို့ကို ညွှန်ပြခဲ့၏။ မိုက်မဲရာကျသလို ရယ်စရာကောင်းတာလည်း မှန်၏။ သို့သော် ကိုးနှစ်သား ချာတိတ်ငယ် ကျွန်တော်သည် ကျွန်တော်ကိုယ်တွင်းမှာ မှော်နတ်သမီးရှိနေနိုင်သည်ဟု ယုံကြည်ခဲ့ ၏။ နောက်ပြီး တန်ခိုးရှိကြောင်းလည်း ယုံကြည်ခဲ့၏။ ယခု ထိလည်း ယုံကြည်ဆဲပါ။ စဉ်းစားကြည့်လေ... စာ မရေး တတ်သောကြောင့် ကျောင်းမှာ စာမေးပွဲကျခဲ့သူတစ်ဦးသည် ဘယ်လို ဘယ်လိုဖြစ်ပြီး ကမ္ဘာ့ရောင်းအားအကောင်းဆုံး စာအုပ် နှစ်အုပ်ကို ရေးသားနိုင်မည်လဲ။

ဤစာအုပ်၏ နောက်ဆုံးအပိုင်းသည် သင့်ကလေး၏ ပါရမီကို ရည်ညွှန်းရေးသားပါသည်။

# အခန်း(၁၅)

## သင့်ကလေး၏ ပင်ကိုပါရမီကို ဘယ်လို ဖော်ထုတ်မည်လဲ

ကျွန်တော်တို့ အများစုကို အမေးခံရလေ့ရှိသည့် မေးခွန်းမှာ "ခင်ဗျားက ဘာရာသီဖွားလဲ" ဟူ၍ ဖြစ်၏။

အကယ်၍ သင်က တူရာသီဖွား ဖြစ်နေလျှင် "ကျွန်တော်က တူရာသီဖွား၊ ခင်ဗျားကရော" ဟု ဖြေပေမည်။

ကျွန်တော်တို့အများစုသည် မိမိ ဘာရာသီဖွားလဲဆိုတာ သိကြ၏။ ကမ္ဘာကြီးပေါ်တွင် မြေ၊ ရေ၊ လေ မီးဆိုသော ဓာတ်ကြီး လေးပါးရှိကြောင်း သိကြသကဲ့သို့ပင် မိမိ ဘာရာသီဖွားလဲဆိုတာတော့ သိနေကြ၏။ ကျွန်တော်တို့ အများစုသည် ရာသီခွင် (၁၂) ခွင်ရှိကြောင်း၊ ၎င်းတို့မှာ မိဿရာသီ၊ ပြိဿရာသီ၊ မေထုန်ရာသီ၊ ကရကဋ်ရာသီ၊ သိဟ်ရာသီ၊ ကန်ရာသီ၊ တူရာသီ၊ ဗြိစ္ဆာရာသီ၊ ဓနုရာသီ၊ မကာရရာသီ၊ ကုမ်ရာသီနှင့် မိန်ရာသီတို့ဖြစ်ကြောင်း လည်း သိထားကြ၏။ ကျွန်တော်တို့သည် နက္ခတ်ဗေဒင်ပညာ ကျွမ်းကျင်သူများ မဟုတ်လို့ကတော့ ရာသီခွင်ဆယ့်နှစ်ခွင်မှာရှိသည့် ကိုယ်ရည်ကိုယ်သွေး အင်္ဂါရပ်များကို သိကြမည်မဟုတ်ပါ။ ယေဘုယျအားဖြင့် ကျွန်တော်တို့ ဖွားမြင်သည့် ရာသီခွင်၏ ကိုယ်ရည်ကိုယ်သွေးအင်္ဂါရပ်များကို သိထားကြ၏။ ဥပမာ ကျွန်တော်က မိဿရာသီဖွား။ မိဿရာသီဖွားများတွင် ရှိတတ်သည့် အမူအကျင့်၊ စရိုက်လက္ခဏာအများစု ကျွန်တော့်တွင် ရှိ၏။ ကျွန်တော့် ဇနီးသည်ကတော့ ကုမ်ရာသီဖွား။ သူသည်လည်း ကုမ်ရာသီဖွားများမှာ ရှိသည်ဟု ဖော်ပြထားသည့် စရိုက်လက္ခဏာအများစုသည် သူ့ထံတွင် ရှိနေ၏။ ရာသီခွင်နှစ်ခု ခြားနားမှုကြောင့် စရိုက်လက္ခဏာခြားနားချက်များကို သိထား

သည့်အတွက် တစ်ဦးအကြောင်းတစ်ဦး သိနေခြင်းက ဆက်ဆံရေး အဆင်ပြေအောင် အထောက်အကူပြုလေသည်။

ကျွန်တော်တို့တွင် ခြားနားသော ကိုယ်ရည်ကိုယ်သွေး အင်္ဂါရပ်များ ရှိနေသလို ခြားနားသော သင်ယူမှုဉာဏ်များရှိနေကြောင်း သိသူ တော်တော်နည်းပါသည်။ လက်ရှိပညာရေးစနစ်က စာသင်သား တော်တော်များများကို ဒုက္ခရောက်စေသည့် အကြောင်းရင်းတစ်ခုမှာ ဤပညာရေးစနစ်ကို ကွဲပြားခြားနားသော သင်ယူမှုဉာဏ်အများကြီးထဲက အနည်းစုအတွက်သာ ဖန်တီးထားသောကြောင့် ဖြစ်၏။ ဘာနှင့်တူသလဲဆိုတော့ စာသင်ကျောင်းပညာရေးစနစ်သည် မီးခာတ်သမားများအတွက်သာ ရေးဆွဲထားပြီး အခြားရေဓာတ်၊ လေဓာတ်နှင့် မြေဓာတ်သမားများက ဘာ့ကြောင့် စာသင်ကျောင်းကို မကြိုက်ကြသလဲဆိုတော့ အံ့သြနေသည်သို့ ရှိပါသည်။

ဤအခန်းက ကွဲပြားခြားနားသော သင်ယူဟန်များအကြောင်း ဆက်လက် အလင်းဖွင့်ပေးပါလိမ့်မည်။ နောက်ပြီး သင်တို့ကလေးတွေ၏ သင်ယူဟန်များ ဖော်ထုတ်လေ့လာရာ၌ အထောက်အကူပြုပါလိမ့်မည်။ သင်ရှာဖွေဖော်ထုတ်ချင်သည်ဆိုလျှင် သင်၏ အထူးခြား အထက်မြက်ဆုံး သင်ယူဟန်နှင့် သင့်ပါရမီကိုပင် ရှာဖွေဖော်ထုတ်လို့ ရပါလိမ့်မည်။

တချို့လူတွေသည် ကျောင်းတုန်းက ထူးချွန်ထက်မြက်တော့ တကယ့်လက်တွေ့လောကထဲရောက်တော့ မထူးချွန်၊ မထက်မြက်တော့တာနှင့် အပြန်အလှန် ဖြစ်ရပ်မျိုးတွေ ဘာ့ကြောင့် ဖြစ်ပေါ်ရသလဲဆိုတာကိုလည်း ဤအခန်းက မီးမောင်းထိုးပြပါလိမ့်မည်။

## သန်ရာသန်ရာ

'သူ သန်ရာသန်ရာ ကိုယ် သန်ရာသန်ရာ' ဆိုသည့်စကားကို ကျွန်တော်တို့ အများစု ကြားဖူးကြပါသည်။ သည်ဆိုရိုးစကားအဓိပ္ပာယ်ကို ကျွန်တော် သဘောတူသည်၊ လက်ခံသည်။

ကျွန်တော် ငါးနှစ်သားလောက်တုန်းက ကျွန်တော်တို့မိသားစုသည် အိမ်နီးချင်းမိသားစုနှင့်အတူ နာမည်ကြီး ကမ်းခြေတစ်ခုခုသို့ သွားကြသည်။ ထိုစဉ်က ကျွန်တော်ခေါင်းမော့လိုက်သောအခါ ရုတ်တရက်မြင်ရသည်မှာ ကျွန်တော့်သူငယ်ချင်း ဝီလီ ရေထဲမှာ ရုန်းရင်းဆန်ခတ် ဖြစ်နေခြင်းပင်။ သူသည် ရေထဲဆင်းသွားရင်း ကလိုင်ပေါက်တစ်ခုထဲ ကျသွားပြီး ရေနစ်နေခြင်း

ဖြစ်၏။ သူက ရေကူးတတ်သူမဟုတ်။ ကျွန်တော် သံကုန်ကျူးအော်သည့်အတွက် အထက်တန်းကျောင်းသားတစ်ဦး ရောက်လာကာ ဝီလီကို ကယ်တင်လိုက်၏။

အသက်ဘေးနီးလှသည့် အဆိုပါ မတော်တဆမှုဖြစ်ပြီးနောက် ကျွန်တော်တို့ကလေးတွေ စနစ်တကျ ရေကူးသင်ဖို့ အချိန်တန်ပြီဖြစ်ကြောင်း မိသားစုနှစ်စုစလုံးက ဆုံးဖြတ်၏။ မကြာမီအတွင်း ကျွန်တော် ပြည်သူ့ရေကူးကန်သို့ရောက်ပြီး ရေကူးသင်တန်းတက်ရတော့၏။ ရေကူးသင်ရခြင်းကို ကျွန်တော် မုန်းလိုက်သည့်ဖြစ်ခြင်း။ သိပ်များများ မကြာလိုက်ပါ။ ကျွန်တော် ရေကူးကန်ထဲက ထွက်ပြီး အဝတ်လဲခန်းထဲမှာ ပုန်းနေတော့၏။ သွားပြီး အအော်အငေါက်ခံရမှာ စိုးသောကြောင့်ပင်။ ထိုအချိန်ကစပြီး ရေကူးကန်ရေထဲက ကလိုရင်းအနံ့ကို ကျွန်တော် အမုန်းကြီး မုန်းလာတော့၏။

နှစ်ပေါင်းများစွာအတွင်း ကျွန်တော်သည် ပင်လယ်ထဲမှာ ရေကူးတတ်လာသည်။ အကြောင်းမှာ ကျွန်တော်က ငါးကို မှိန်းဖြင့်ထိုးပြီး ဖမ်းရတာနှင့် ပုဇွန်တုပ်ကြီးတွေ ဖမ်းရတာ ဝါသနာပါသောကြောင့်ဖြစ်၏။ အသက်ဆယ့်နှစ်နှစ်ရောက်လာတော့ ကျွန်တော် ကိုယ်ဖော့ပြီး လှိုင်းစီးကစားနေပြီ။ နောက်ပြီး ပျဉ်ချပ်ဖြင့် လှိုင်းစီးကစားနည်းလည်း တတ်နေပြီ။ သို့ပေမဲ့ ကျွန်တော် နည်းမှန်လမ်းမှန်တော့ ရေမကူးတတ်ပေ။

တစ်ဘက်တွင် ဝီလီကတော့ ငါးတစ်ကောင်လို ရေကူးနေပြီ။ မကြာမီအတွင်း ဟာဝိုင်ယီပြည်နယ်တစ်ခွင်လုံးတွင် ကျင်းပသော ရေကူးပြိုင်ပွဲများမှာ ဝင်နွှဲတော့၏။ သူ ချန်ပီယံတော့ မရခဲ့။ သို့ပေမဲ့ ရေနစ်သေတော့မလို မတော်တဆမှုကို ပြောင်းပြန်လှန်ပြီး ရေကူးတော်သွားသည့်အကြောင်း သူ့ဇာတ်လမ်းက ဖော်ပြနေပါသည်။ သူ မတော်တဆဖြစ်မှုက ကျွန်တော့်ကို အတင်းအကျပ် ရေကူးသင်ခိုင်းဖို့ အကြောင်းဖန်လာသည်။ သို့ဖြစ်သည့်အတွက် ကျွန်တော်သည် ရေကူးကန်များကို အော့ကြောလန်လာသည်။ နောက်ပြီး တစ်သက်လုံး စနစ်တကျ ရေမကူးတတ်တော့။

ကျွန်တော် နယူးယောက်သို့ သွားပြီး ကျောင်းတက်တော့ ရေကူးကန်ထဲတွင် ရေကူးခြင်း အစစ်ဆေးခံရသည်။ ကျွန်တော်ကျသည်။ ကျွန်တော်နှင့် ငါးဖမ်းဖော်ငါးဖမ်းဖက်များ၊ စကပ်ဘာရေငုပ်ဖော်များနှင့် လှိုင်းစီးဖော်များထံ စာရေးပြီး ကျွန်တော်ပြန်ပြီး ရေကူးသင်နေရကြောင်း ပြောရသည်။

တော်ပါသေးသည်။ အချိန်တန်တော့ ရေကူးကန်ထဲတွင် စနစ်တကျ ခွေးကူး ကူးတတ်လာသည်။ ပြီးတော့ အလွတ်ကူးနည်းလည်း တတ်မြောက်လာသည်။

ဤနေရာတွင် ဆိုလိုရင်းကတော့ ကျွန်တော်သည် ရေကူးကန်ထဲတွင် တစ်ချက်ကလေးမျှ စနစ်တကျ ရေမကူးတတ်သော်လည်း လှိုင်းကြမ်း လေကြမ်း ပင်လယ်ပြင်ထဲမှာကျတော့ သက်သောင့်သက်သာကလေး ရေကူးနေနိုင်ခြင်း ဖြစ်၏။ ယခုထိတိုင် ကျွန်တော် ရေကူးကျွမ်းသူ မဟုတ်။ သို့သော် ပင်လယ်ထဲကျတော့ ကိုယ့်အိမ်ကိုယ့်ရာ ရောက်နေသလိုပါပဲ။ ရေကူးကန်ထဲတွင် ကျွမ်းကျင်ဖျတ်လတ်စွာ ရေကူးနိုင်သော်လည်း လှိုင်းလေကြမ်းကြမ်း ပင်လယ်ပြင်ကျတော့ ကြောက်ဒူးတုန်နေသူများကို ကျွန်တော်တွေ့ဖူးပါသည်။ မှန်ပါသည်၊ 'သူ့ သန်ရာသန်ရာ၊ ကိုယ် သန်ရာသန်ရာ' ဆိုသလိုပါပဲ။

## ကွဲပြားခြားနားသော သင်ယူပုံဟန်များ

သည်အကြောင်းတွေ ပြောနေခြင်းမှာ ရေကူးစွမ်းရည်အကြောင်း ပြောဖို့ အဓိက မဟုတ်ပါ။ သို့သော် ကျွန်တော်တို့ အားလုံး သင်ယူပုံဟန် ကွဲပြားကြပြီး လုပ်ဆောင်မှုဟန်လည်း ကွဲပြားကြောင်း ပြောလိုသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်က စနစ်တကျ ကူးခတ်ချက်များ တစ်ချက်မျှ တတ်သူ မဟုတ်။ သို့သော် ကိုယ့်နည်းကိုယ့်ဟန်ဖြင့်တော့ သက်သောင့်သက်သာကလေး ရေကူးနိုင်သည်။ ကျွန်တော်သည် ကျွန်တော့်သူငယ်ချင်း ဝီလီလို ပြိုင်ပွဲတွေ ဝင်ပြိုင်ပြီး ဆုတံဆိပ်တွေ ရမည်မဟုတ်။ ကျွန်တော့်ရေကူးဟန် ညက်ညော သိမ်မွေ့လွန်းလို့ဆိုပြီး ဘယ်သူကမျှ ချီးကျူးစကား ပြောလိမ့်မည်မဟုတ်။ သို့သော် အကြောင်းကိစ္စများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆောင်ရွက်ခြင်းသည် ကျွန်တော့်အတွက် အလုပ်ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံး သည်နည်းသည်ပုံပဲ ဖြစ်မည်ဟု ကျွန်တော် ထင်ပါသည်။ ဘာတွေလုပ်သင့်သည် ဆိုတာ ကျွန်တော်တို့ သိသည်။ သို့သော် လုပ်သင့်တာတွေကို ကျွန်တော်တို့ ကြိုက်သည့်ပုံစံဖြင့် လုပ်လိုကြသည်။

သင်ယူဆည်းပူးနှင့် ပတ်သက်လာလျှင် သင့်ကလေးတွေလည်း သည် အတိုင်းပါပဲ။

## သင့်ကလေး၏ ပါရမီကို ဘယ်လိုဖော်ထုတ်မည်လဲ

သင့်ကလေးများ၏ ပါရမီကို ဖော်ထုတ်ရေးအတွက် သင် ပထမဦးဆုံး အားထုတ်ရမည်မှာ သူတို့ အားသန်သည့် သင်ယူပုံဟန်ကို ဖော်ထုတ်ဖို့ဖြစ်၏။ နောက်ပြီး တစ်စုံတစ်ရာကို သူတို့ ဘာအကြောင်းကြောင့် သင်ယူနေသလဲ ဆိုတာကို ဖော်ထုတ်ရမည်ဖြစ်၏။ ဥပမာ– ကျွန်တော် ရေကူးမသင်ခဲ့။ ဘာ့ကြောင့်ဆို ရေကူးမသင်ချင်သောကြောင့် ဖြစ်၏။ ကျွန်တော် ရေကူး သင်သည်။ ဘာ့ကြောင့်ဆို လှိုင်းစီးချင်သောကြောင့်။ လှိုင်းစီးချင်သော ကြောင့်သာ မဟုတ်လျှင် ကျွန်တော် ရေကူးသင်ဖို့ စိတ်ဝင်စားမည် မဟုတ်။ သည်ကြားထဲက ကျွန်တော့်အား အတင်းအကျပ် ရေကူးသင်ခိုင်းခြင်းသည် ရေကူးခြင်းကို မုန်းသည်ထက် မုန်းသွားစေ၏။ တခြားကလေးများနှင့် ရေတိမ် ပိုင်းတွင် ခြေခတ်လက်ခတ်သင်ပေးတာမျိုး ကျွန်တော်မကြိုက်။ ထိုအစား ရေနက်ပိုင်းထဲ ခုန်ချပြီး အသက်ရှင်သန်ရေးအတွက် သင်ယူဆည်းပူးရတာ ကို ကျွန်တော် ပိုပြီး ပျော်ရွှင်နှစ်ခြိုက်သူ။

ငွေစာရင်းရှင်းတမ်းများ ဖတ်တတ်အောင် သင်ယူခြင်းသည်လည်း ထိုအတိုင်းပါပဲ။ ကျွန်တော် စာရင်းပညာကို မသင်ခဲ့။ အကြောင်းမှာ ကျွန် တော်ကိုယ်တိုင် စာရင်းကိုင်တစ်ယောက် မဖြစ်ချင်သောကြောင့်။ ကျွန်တော် အခြေခံစာရင်းပညာ သင်ယူခဲ့၏။ အကြောင်းမှာ ကျွန်တော် ချမ်းသာချင် သောကြောင့်။ ကျွန်တော့်ရေကူးဟန်သည် ကိုးရိုးကားရားနှင့် အရုပ်ဆိုး မည်ဟု သင်ထင်မြင်လျှင် သင် ကျွန်တော့်ငွေစာရင်းများကို ကြည့်သင့်ပါ သည်။

ကျွန်တော်သည် ကျောင်းစာတော်သူ့ည့် ကောင်မဟုတ်မှန်း ဖေဖေ ကျောင်းဆရာက သိသည်။ ထို့ကြောင့် ကျွန်တော်၏ ကိုယ်ပိုင်သင်ယူဟန် ကို ရှာဖွေဖို့ အားပေးခဲ့ခြင်း ဖြစ်၏။ သူက ကျွန်တော့်ကို ထုံးတမ်းစဉ်လာ သင်ယူနည်းအတိုင်း လိုက်ပြီး သင်ယူကျက်မှတ်ဖို့ ဖွတ်မခိုင်းခဲ့။ ထိုအစား “ရေနက်ပိုင်းသို့ ခုန်ချပြီး ကိုယ့်အသက်မသေအောင် အားထုတ်” ဖို့ သူက သင်ယူဟန်သည် ကျွန်တော့်သင်ယူဟန်သာ ဖြစ်ကြောင်း သူသဘောပေါက် သည်။ သူက ကျွန်တော် အားအသန်ဆုံးနည်းဖြင့် သင်ယူစေချင်သည်။ သည်တော့ ကျွန်တော့် ရေကူးနည်းက လှလှပပ မဟုတ်သလို ကျွန်တော့် သင်ယူနည်းသည်လည်း လှလှပပ မဟုတ်ပါချေ။

အခြားသူများကတော့ ပိုပြီး ထုံးတမ်းစဉ်လာကျသော သင်ယူနည်းများဖြင့် သင်ယူကြသည်။ လူတော်တော်များများက ကျောင်းတက်ကြသည်။ စာသင်ခန်းထဲတွင် စာသင်ရတာ ကြည်နူးကြသည်။ ကြိုတင်သတ်မှတ်ထားသော သင်ရိုးကို သင်ယူရတာ ကြည်နူးကြသည်။ သင်ရိုးအဆုံးတွင် ဆုလာဘ်တစ်ခုရမည်ဖြစ်ကြောင်း သိနေရတာကို နှစ်ခြိုက်ကြသည်။ သူတို့အားထုတ်မှုများအတွက် သူတို့ အောင်မှတ် သို့မဟုတ် ဘွဲ့တစ်ခုရမည်ဖြစ်ကြောင်း သိနေရတာကို နှစ်ခြိုက်ကြခြင်း ဖြစ်၏။ ကျွန်တော့်သူငယ်ချင်း ရေကူးတော်ခြင်းမှာ သူကိုယ်တိုင်က ရေကူးဝါသနာပါသောကြောင့် ဖြစ်သလို လူတော်တော်များများသည်လည်း ကျောင်းမှာ စာတော်ကြခြင်းမှာ သူတို့ကိုယ်တိုင်က ကျောင်းကို နှစ်သက်ကြသောကြောင့် ဖြစ်ပါသည်။

လူများ၏ အောင်မြင်ရေးသော့ချက်မှာ သူတို့ အားအသန်ဆုံး သင်ယူနည်းကို ဖော်ထုတ်ဖို့နှင့် သူတို့ အတတ်မြောက်အလွယ်ဆုံး သင်ယူနည်းဖြင့် သင်ယူခွင့်ပြုသည့် ခက်နေသည်မှာ ကျွန်တော်တို့ အတတ်မြောက်လွယ်ဆုံးနည်းကို တိတိကျကျ ဖော်ထုတ်ခြင်းနှင့် ကျွန်တော်တို့၏ ပင်ကိုစွမ်းရည်ကို ဖော်ထုတ်ခြင်းတို့သည် ပစ်လိုက်လွဲလိုက် ဖြစ်စဉ်ကြီး ဖြစ်နေတတ်ခြင်းပင်။ လူတော်တော်များများဆိုလျှင် သူတို့၏ ပင်ကိုစွမ်းရည်များကို တစ်သက်လုံး သိမသွားကြ။ တွေ့မသွားကြ။ သူတို့သည် ကျောင်းပြီးသည်နှင့် အလုပ်တွေဝင်လုပ်၊ ငွေကြေးကိစ္စများ၊ မိသားစုတာဝန်များထဲမှာ လုံးလည်ချာလည် လိုက်နေသည့်အတွက် ပင်ကိုစွမ်းရည်ဖော်ထုတ်ရေးဆိုသော ကိုယ်ရေးကိုယ်တာကိစ္စကို ဆက်မလုပ်နိုင်ကြတော့ချေ။

❑

# အခန်း(၁၆)

## အောင်မြင်ခြင်းဆိုသည်မှာ ကိုယ်ဖြစ်ချင်သူမျိုး ဖြစ်လာအောင် ဖန်တီးခွင့်ရခြင်းဖြစ်သည်

ကျွန်တော် ချာတိတ်ဘဝက ဆရာ၊ ဆရာမတွေ မကြာမကြာ ပြောလေ့ရှိသည့်စကားမှာ "မင်း ပညာကောင်းကောင်းတတ်ဖို့ လိုတယ်။ ဒါမှ အလုပ်ကောင်းကောင်းရမယ်" ဟူ၍။

တစ်ဘက်တွင် ဖေဖေချမ်းသာကတော့ စက်ပိုင်းလေးခြမ်းပုံကို ဆွဲပြမည်။ နောက်ပြီး အလုပ်တစ်ခုရအောင် ရှာဖို့ ပြောမည့်အစား သူက ရွေးစရာ စက်ပိုင်းခြမ်းတွေ ပြသည်။

ကျောင်းတွင် ကျွန်တော်ဒုက္ခရောက်နေတုန်း ဖေဖေကျောင်းဆရာသည် ကျွန်တော့်ကိုယ်ပိုင် သင်ယူပုံဟန်ကို ရှာဖွေဖော်ထုတ်ဖို့ အကြံပေးခဲ့၏။

### ရွေးချယ်ခွင့် များပြားခြင်းက အောင်မြင်ဖို့ အခွင့်အလမ်းပိုရစေသည်

ယနေ့ကမ္ဘာတွင် ကျွန်တော်တို့မှာ ရွေးချယ်ခွင့်တွေ ပို၍ပို၍ ရလာကြောင်း ဤအခန်း၌ အဓိက တင်ပြလို၏။ ကျွန်တော်တို့ လုပ်ငန်းအသစ်တစ်ခု၊ လေကြောင်းလုပ်ငန်း (သို့မဟုတ်) ကွန်ပျူတာလုပ်ငန်းတစ်ခုခု ထပ်တိုးလာတိုင်း ကျွန်တော်တို့ ရွေးချယ်ဖို့ ဝမ်းကျောင်းလုပ်ငန်းများနှင့် စိတ်ဝင်စားမှုများ ပိုမို ကျယ်ပြန့်လာတော့၏။ ယနေ့ကလေးများအား ပြုစုပျိုးထောင်ရာ၌ ကြုံတွေ့နေရသည့် ပြဿနာတွေထဲက တစ်ခုမှာ ရွေးချယ်ခွင့်တွေ သိပ်များနေခြင်း (သို့မဟုတ်) အာရုံပြန့်စရာတွေ များပြားလွန်းခြင်း ဖြစ်၏။ သို့ဖြစ်စေကာမူ ကျွန်တော်တို့တွင် ရွေးချယ်ခွင့် အများကြီးရှိလေ ကျွန်တော်တို့ အောင်မြင်ဖို့ အခွင့်အလမ်း ပိုများလေဖြစ်၏။

အကယ်၍ မိဘများက သူတို့၏ ကလေးများထံမှ ရွေးချယ်ခွင့်များ ရုပ်သိမ်းလိုက်လျှင် သူတို့အိမ်တွင် စည်းလုံးညီညွတ်မှု ပျက်ပြားခြင်း မသင့်မြတ်ခြင်းတွေ ဖန်တီးပေးရာရောက်နိုင်၏။ သင်က မိဘတစ်ဦးအဖြစ်ဖြင့် "ဒီဟာ မလုပ်နဲ့" သို့မဟုတ် "ဟိုဟာမလုပ်နဲ့" ဆိုတာမျိုးတွေ ပြောနေလျှင် သင့်ကလေးများသည် သင် မလုပ်စေချင်တာကို လုပ်ကြဖို့ အလားအလာများလာပြီ၊ သို့မဟုတ် သူတို့ လုပ်ပြီးသားဖြစ်နေဖို့ အလားအလာများနေပြီဖြစ်၏။

ကျွန်တော့်မိဘများကတော့ ကျွန်တော့်ရွေးချယ်ခွင့်များကို ကန့်သတ်ပစ်ခြင်း မပြု။ ထိုအစား သူတို့က ပို၍များသော ရွေးချယ်ခွင့်တွေပင် ပေးခဲ့၏။ ထိုလုပ်ရပ်သည် ချာတိတ်သာရှိသေးသည့် ကျွန်တော့်အတွက် များစွာ အကျိုးရှိခဲ့၏။ တစ်ခါတလေ လမ်းမှားသွားလျှင် ကျွန်တော့်ဖအေနှစ်ဦးက ကျွန်တော့်ကို စည်းကမ်းဖြင့် 'မကိုင်'။ သို့သော် ဘာလုပ်၊ ဘာကိုင်ဟု လုပ်ပိုင်ခွင့်တွေ ကန့်သတ်မပစ်ဘဲ ရွေးချယ်ခွင့်တွေ ပိုပေးခဲ့ကြ၏။

သည်တော့ ဤအခန်း၏ မျှော်မှန်းချက်မှာ မိဘများအနေဖြင့် သူတို့ကလေးများကို ရွေးချယ်ခွင့်များ ပိုပေးဖို့။ သို့မှ သူတို့ ကလေးတွေ အောင်မြင်ရေးလမ်းကြောင်းကို သူတို့ ဘာသာသူတို့ ရှာဖွေနိုင်ဖို့ ဖြစ်ပါသည်။ တကယ်တော့ 'အောင်မြင်ခြင်းဆိုသည်မှာ မိမိဖြစ်ချင်သူမျိုး ဖြစ်လာအောင် လွတ်လွတ်လပ်လပ် ဖန်တီးခွင့်ရခြင်းဖြစ်သည်' ဟူသော စကားအတိုင်း ဖြစ်ပါသည်။

## သင်ကြီးလာလျှင် ဘာဖြစ်ချင်သလဲ

"အလုပ်အကိုင်တစ်ခုရအောင် ကျောင်းတက်၊ စာသင်" ဟု သမားရိုးကျ ပြောမည့်အစား ဖေဖေချမ်းသာက ကျွန်တော့်အား အောက်ဖော်ပြပါ ရွေးချယ်ခွင့်များရှိကြောင်း ပြောပြခဲ့၏။ သူက သူဆွဲပြလေ့ရှိသည့် စက်ဝိုင်းလေးစိတ်ပုံကြမ်းကိုလည်း ဆွဲပြသည်။

| | |
|---|---|
| E | B |
| S | I |

ဖေဖေချမ်းသာက ရှင်းပြသည်မှာ...

E သည် လခစားဝန်ထမ်းကို ကိုယ်စားပြုသည်။

S သည် အသေးစား လုပ်ငန်းတစ်ခု (သို့မဟုတ်) ကိုယ်ပိုင် အလုပ်ကို ကိုယ်တိုင်လုပ်နေသူကို ကိုယ်စားပြုသည်။

B သည် စီးပွားရေးလုပ်ငန်းရှင်ကို ကိုယ်စားပြုသည်။

I သည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်ကို ကိုယ်စားပြုသည် ဆို၏။

ထိုသို့ ရွေးချယ်ခွင့်တစ်ခု ရသည့်အတွက် ကျွန်တော့်ဘဝလမ်းကြောင်းကို ကျွန်တော် ရွေးချယ်နိုင်သည်။ ကိုယ့်ဘဝကိုယ် ထိန်းချုပ်နိုင်သည်ဟု ခံစားချက်ဖြစ်ပေါ်စေ၏။ သို့ဖြစ်သည့်အတွက် မိမိဘယ်အရာတွေကို လေ့လာဆည်းပူးချင်သည်ဆိုတာကိုလည်း သိမြင်လာသည်။ ကိုယ့်ပညာရေးကိုယ် ရွေးချယ်နိုင်စွမ်းရှိလာသည်။ ထိုသို့ မိမိဘဝလမ်းကို မိမိ ရွေးချယ်ရင်း စက်ဝိုင်းစိတ် လေးစိတ်တွင် ဖော်ပြထားသည့်လုပ်ငန်းများနှင့် ပတ်သက်သည့် အခွန်စည်းကြပ်နှုန်းများမှာ တစ်ခုနှင့်တစ်ခုမတူကြောင်း သိလာရသည်။ ထိုသို့ သိလာသည့်အတွက် ကျွန်တော့် အနာဂတ်ဘဝလမ်းကြောင်း ရွေးချယ်ရာ၌ ပိုပြီး လွယ်လာသည်။ ပိုပြီး ပြတ်သားလာသည်။

ကျွန်တော်တို့ လူကြီးအများစု သိပြီးသည့်အတိုင်း အခွန်အကောက်များသည် ကျွန်တော်တို့ ရှောင်လွှဲမရသည့်၊ တစ်မျိုးတည်းဖြစ်သည့်၊ အများဆုံးပေးရသည့် တစ်သက်တာ အသုံးစရိတ်ဖြစ်ပါသည်။ ကံမကောင်းအကြောင်းမလှချင်တော့ စက်ဝိုင်းစိတ်လေးစိတ်မှာ ပါဝင်သည့် ဘဝလမ်းကြောင်း လေးခုတွင် လခစားဝန်ထမ်းနှင့် ကိုယ်ပိုင်အလုပ်ကို ကိုယ်တိုင်လုပ်သူများသည် ကျန်နှစ်ဦးထက်ပိုပြီး အခွန်အကောက်များ ပေးဆောင်နေကြရ၏။

သည်တော့ သင့်ကလေး၏ ဘဝလမ်းကြောင်းအကြောင်း တိုင်ပင်ဆွေးနွေးရာ၌ သင့်ကလေးအား "အလုပ်အကိုင်တစ်ခုရအောင် ကျောင်းတက်ပြီး စာသင်ကွာ" ဟု ပြောမည့်အစား သူ့အား စက်ဝိုင်းစိတ်လေးစိတ်မှာ ပါသည့် ရွေးချယ်ခွင့်ကို ချပြချင်ပေလိမ့်မည်။

ရွေးချယ်ခွင့်တစ်ခု ရထားခြင်းအားဖြင့် ကျွန်တော် သင်ယူဖို့ အသင့်မြတ်ဆုံး ဘာသာရပ်သည် ဘာဖြစ်မည်ကို ကျွန်တော်သိလာသည်။ ကျွန်တော် ရွေးလိုက်သည့် ထိုဘာသာရပ်က ကျွန်တော့်ကို စီးပွားရေးလုပ်ငန်းရှင်

(သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင် လမ်းကြောင်းဆီသို့ လမ်းပြခေါ်ဆောင်သွားမည် ဖြစ်ကြောင်း ကျွန်တော်သိလာသည်။ ကျွန်တော်ကြီးလာလျှင် ထိုလူမျိုးတွေလိုသာ ဖြစ်လာမည်ဖြစ်ကြောင်း ကျွန်တော်သိနေသည်။ သည်ခေတ် သည်ကာလမှာတော့ သင်သည် E ဖြစ်စေ၊ S ဖြစ်စေ၊ B ဖြစ်စေ၊ ဘယ်အလုပ်မျိုးကို ရွေးရွေး I (သို့မဟုတ်) ရင်းနှီးမြှုပ်နှံသူဖြစ်ဖို့ လိုအပ်နေလေပြီ။ နောက်ပြီး သင် အငြိမ်းစားယူပြီးနောက်ပိုင်း သင့်လူမှုဖူလုံရေးကို အစိုးရ (သို့မဟုတ်) သင့်အလုပ်ရှင် တာဝန်ယူရမည်ဟူသော အယူအဆမျိုးကိုလည်း သင် ဆက်ပြီး ကိုင်စွဲ မျှော်လင့်မနေတော့ဟု ခန့်မှန်းရပါသည်။

## ရွေးချယ်မှုများနှင့် အကျိုးဆက်များ

ဖေဖေချမ်းသာ၏ ကျေးဇူးကြောင့် ကျွန်တော်သည် အများသူငါနှင့် ယှဉ်လျှင် ငွေကြေးပညာပိုင်းတွင် အကြီးအကျယ် အသာစီးရခဲ့၏။ ထိုသို့ အသာစီးရရခြင်းမှာ ငွေစာရင်းရှင်းတမ်း တစ်စောင်ပေါ်မှာ မြင်တွေ့ရသည့် ရွေးချယ်မှုများနှင့် အကျိုးဆက်များအကြောင်း နားလည်သဘောပေါက်နေသောကြောင့် ဖြစ်၏။

ငွေစာရင်းရှင်းတမ်းတစ်စုံလုံးကို ကြည့်လျှင် သည်ပညာသည် ဘာကြောင့် ဘယ်လို အရေးကြီးကြောင်း သဘောပေါက်လာနိုင်ပါသည်။



ငွေကြေးပညာသင်ယူပြီး လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းအားဖြင့် မိုက်နှင့် ကျွန်တော်သည် ကျွန်တော်တို့လက်ထဲသို့ ရောက်လာသည့် တစ်ဒေါ်လာတိုင်းတွင် ရွေးချယ်ခွင့်တစ်ခု တွဲဖက်ပါရှိနေကြောင်း သဘောပေါက်လာ၏။ အဆိုပါ ရွေးချယ်ခွင့်သည် အသုံးစရိတ်ကော်လံတွင် ပေါ်နေ၏။ များမကြာမီအတွင်း ကျွန်တော်တို့ သိမြင်လာရသည်မှာ ကျွန်တော်တို့ ဒေါ်လာ ရှာလို့ရတိုင်း (သို့မဟုတ်) တစ်ဒေါ်လာ သုံးလိုက်တိုင်း သက်ရောက်မှုဂယက်တစ်ခုရှိကြောင်း (သို့မဟုတ်) ၎င်းလုပ်ဆောင်မှု၏ အကျိုးဆက်တစ်ခု ရှိကြောင်း ဖြစ်၏။ ရှာလို့ရသည့် တစ်ဒေါ်လာကို ယူပြီး မော်တော်ကားကဲ့သို့သော ပေးရန်တာဝန်တစ်ခုကို ဝယ်လိုက်ခြင်းအားဖြင့် ဖြစ်ပေါ်လာမည့် ရေရှည်အကျိုးဆက်မှာ ကျွန်တော်တို့ ပိုပြီး ချမ်းသာလာခြင်းမဟုတ်ဘဲ ပိုပြီး မွဲလာခြင်း ဖြစ်ပေမည်။

သုံးစွဲရန် ဆုံးဖြတ်ချက်များချခြင်း (သို့မဟုတ်) အောက်ဖော်ပြပါ ရွေးချယ်မှုမျိုးတွေ ပြုလုပ်ခြင်းအားဖြင့် ဖြစ်ပေါ်လာမည့် ရေရှည်အကျိုးဆက်များသည် ကွာခြားနေပေလိမ့်မည်။




သုံးစွဲခြင်းကို ရပိုင်ခွင့်များထဲတွင် အပ်နှံဖို့ ရွေးချယ်ခြင်းအားဖြင့် အထက်ဖော်ပြပါ ရေရှည်အကျိုးဆက်မျိုး ရနိုင်ကြောင်း ချာတိတ်များသာ ဖြစ်သော ကျွန်တော်တို့နှစ်ယောက် လွယ်လွယ်ကူကူ သဘောပေါက်ခဲ့သ

သည်။ မိုက်ရောကျွန်တော်ပါ ကိုးနှစ်သားအရွယ်ကတည်းက သဘောပေါက်နေသည်မှာ ကျွန်တော်တို့ ထိန်းသိမ်းပြုပြင်နိုင်သည်မှာ ကျွန်တော်တို့၏ ငွေကြေးလမ်းကြောင်းသာဖြစ်ကြောင်း၊ ဘယ်သူတစ်ဦးတစ်ယောက်၏ ငွေကြေးလမ်းကြောင်းကိုမျှ ကျွန်တော်တို့ ထိန်းသိမ်းတည့်မတ်ပေးလို့ မရနိုင်ကြောင်းပင် ဖြစ်ပါသည်။

အကယ်၍ ကျွန်တော်တို့သည် ဒုတိယငွေစာရင်းရှင်းတမ်းမှာပါသော ရွေးချယ်မှုကဲ့သို့သော တစ်သက်တာ ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ ပြုလုပ်ခဲ့လျှင် ကျွန်တော်တို့ အလုပ်ကောင်းကောင်း ရရ မရရ (သို့မဟုတ်) အဆင့်မြင့်ပညာတွေ တတ်တတ်၊ မတတ်တတ်... ကျွန်တော်တို့ ချမ်းသာမည်ဖြစ်ကြောင်း သိနေပါသည်။ ကျွန်တော်တို့၏ ငွေရေးကြေးရေးအောင်မြင်မှုသည် ကျောင်းစာအောင်မြင်မှု၏ အသီးအပွင့် မဟုတ်ကြောင်း ကျွန်တော်တို့ သိနေပါသည်။

တကယ်တော့ ကျောင်းစာတော်ခြင်းနှင့် စီးပွားရေးအောင်မြင်ခြင်းသည် ဆက်နွယ်ပတ်သက် မနေပါ။ ဒါကို သဘောပေါက်ဖို့ လွယ်ပါသည်။ ကျွန်တော်တို့ ပြန်လည်သုံးသပ်ဝေဖန်ဖို့ လိုသည်မှာ စောစောပိုင်းက ကျွန်တော်တင်ပြ ဆွေးနွေးခဲ့သည့် အချက်သာဖြစ်၏။ ၎င်းအချက်မှာ ကျွန်တော်တို့ကျင့်သုံးနေသည့် ကျောင်းသင်ပညာရေးက အာရုံစူးစိုက်သည်မှာ စာပေဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ဝမ်းကျောင်းပညာကျွမ်းကျင်မှုများသာ ဖြစ်နေခြင်းဖြစ်၏။ ကျွန်တော်တို့၏ ကျောင်းသင်ပညာရေးစနစ်တွင် သင်ကြားပေးဖို့ လစ်ဟင်းနေသည်မှာ ငွေကြေးဆိုင်ရာ ကျွမ်းကျင်မှုများ ဖြစ်ပါသည်။

ဤစာအုပ်အဖွင့်တွင် ဖော်ပြထားသည့်အတိုင်း သတင်းခေတ်တွင် ပညာရေးသည် အခြားအခြားသော ခေတ်တွေတုန်းကထက် ပိုပြီး အရေးပါအရာရောက်နေပါပြီ။ သည်တော့ အနာဂတ်ကာလအတွက် သင့်ကလေးအားရေရာခိုင်မာသော ငွေကြေးကျွမ်းကျင်မှုများ သင်ကြားပေးထားခြင်းသည် မလုပ်မဖြစ် အရေးပါသော အလုပ်ဖြစ်နေပေသည်။

သင်တို့၏ ကလေးများအား ငွေကြေးပညာအခြေခံများဖြစ်သည့် ငွေစာရင်းရှင်းတမ်းအကြောင်း သင်ပေးခြင်းအားဖြင့် သူတို့၏ ငွေကြေးလမ်းကြောင်းကို သူတို့ဘာသာ ရွေးချယ်ထိန်းချုပ်နိုင်လာမည် ဖြစ်၏။ သူတို့ဘယ်လိုဝမ်းကျောင်းအလုပ်ကိုပဲ လုပ်လုပ်၊ ဝင်ငွေကောင်းသည် ဖြစ်စေ၊

မကောင်းသည်ဖြစ်စေ၊ ကျောင်းမှာ စာတော်သည်ဖြစ်စေ စာမတော်သည်ဖြစ်စေ သူတို့မှာ အထက်ဖော်ပြပါစွမ်းအားကို ရနိုင်၏။ ထို့ကြောင့် "ငွေက မင်းကို သေချာပေါက် သူဌေးဖြစ်အောင် ဖန်တီးမပေးနိုင်ဘူး။ ဒီကနေ့ လူများစု ကျူးလွန်နေတဲ့ အကြီးမားဆုံးအမှားကတော့ ဝင်ငွေကောင်းလာရင် သူတို့ ပိုချမ်းသာလာမယ်လို့ ထင်ကြတာပဲ။ များသောအားဖြင့် လူတွေဟာ ဝင်ငွေ ကောင်းလာလေ အကြွေးထဲမှာ နစ်သထက်နစ်လေပဲ။ ဒါ့ကြောင့် ငွေတစ်မျိုး တည်းက မင်းကို ချမ်းသာလာအောင် ဖန်တီးမပေးနိုင်ဘူး" ဟု ဖေဖေချမ်းသာ ခဏခဏ ပြောခဲ့ခြင်း ဖြစ်ပေသည်။

ထို့ကြောင့်လည်း မိုက်နှင့် ကျွန်တော်တို့ သုံးလိုက်သည့် တစ်ဒေါ်လာ တိုင်းတွင် ရွေးချယ်မှုတစ်ခု ပါရှိနေကြောင်းနှင့် ၎င်းရွေးချယ်မှုတစ်ခုတိုင်း တွင် ရေရှည်အကျိုးဆက်တစ်ခု ရှိနေကြောင်း မိုက်နှင့် ကျွန်တော့်ကို ဖေဖေ ချမ်းသာ သင်ပေးခဲ့ခြင်း ဖြစ်မည်။

❑

## နိဂုံး
# ကမ္ဘာပေါ်မှာ အရေးအကြီးဆုံးအလုပ်

ကျွန်တော့် ဖေဖေကျောင်းဆရာ ပြောလေ့ရှိသည် စကားတစ်ခွန်းရှိ၏။ "လောကမှာ ကလေးနှစ်မျိုးရှိတယ်။ ဖောက်ပြီးသားလမ်းအတိုင်း လိုက်လျှောက်ပြီး အောင်မြင်သွားတဲ့ကလေးတွေက တစ်မျိုး၊ နောက်တစ်မျိုးကတော့ သူများဖောက်ထားတဲ့ လမ်းအတိုင်း လိုက်လျှောက်တာကို အလွန်မုန်းတယ်။ သူတို့ဟာ ကိုယ့်လမ်းကိုယ်ထွင်ပြီး လျှောက်ချင်သူတွေ။ ကျွန်တော်တို့ တစ်ဦးတစ်ယောက်ချင်းစီရဲ့ ရင်ထဲမှာ အဲဒီကလေးနှစ်မျိုး ရှိနေကြတယ်" ဟူ၏။

## မီးဖိုကို သွားမကိုင်နဲ့

ကျွန်တော်လျှောက်ရမည့်လမ်းကို ရှာဖွေရာ၌ ရိုးသားဖြောင့်မတ်ပြီး တည်ကြည်မှုရှိနေသရွေ့ ကာလပတ်လုံး အမှားမဟုတ်ကြောင်း ကျွန်တော့်ကို အသိပေးရာ၌ ဖေဖေက အထက်ပါအတိုင်း ပြောပြတတ်သည်။ ကျွန်တော် အချိန်ကြာမြင့်စွာ လမ်းမှားလိုက်နေမိသည် အခါများရှိ၏။ မည်သို့ဖြစ်စေ ဖေဖေက ကျွန်တော့်အတွက် အလင်းရောင်ဖွင့်ပေးထားပြီး ထာဝစဉ် လက်ကမ်းကြိုဆိုနေလေသည်။

ကျွန်တော့်လုပ်ရပ်ကို သူလက်မခံသည့်အကြိမ်တွေ ခဏခဏရှိ၏။ သူ ထိုသို့ လက်မခံကြောင်းလည်း အသိပေးသည်။ သို့သော် ကျွန်တော့်ကို ဟိုဟာ မလုပ်ရ၊ သည်ဟာ မလုပ်ရဆိုပြီး တားဆီးပိတ်ပင်လေ့ မရှိ။ "မီးဖိုပူပူကြီးကို သွားမကိုင်နဲ့ ဆိုတဲ့စကားကို ကလေးတစ်ယောက် သဘောပေါက်နိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းကတော့ အဲဒီပူနေတဲ့ မီးဖိုကို ကိုင်ကြည့်ဖို့ပဲ" ဟုသာ ပြောတတ်သည်။

တစ်ခါက မိဘဆရာအသင်း အစည်းအဝေးတွင် ဖေဖေမိန့်ခွန်းပြော သည်ကို စောင့်ကြည့်ဖူးသည်။ သူက သူသိပ်သဘောကျသည့် မီးဖိုပူပူ ဇာတ်လမ်းကို ထည့်ပြောသွားသည်။ ကျွန်တော်တို့ လူကြီးတွေအနေနဲ့ မီးဖို ပူပူဆိုတာ ဘာလဲဆိုတာ သိနေကြပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အားလုံး မီးဖိုပူပူကို တို့ကြည့် ကိုင်ကြည့်ဖူးနေကြလို့ပဲ။ မီးဖိုပူပူကို တို့ မကြည့်နဲ့၊ ကိုင်မကြည့်နဲ့လို့ ပြောထားပေမဲ့လည်း တို့ကြည့်၊ ကိုင်ကြည့်ခဲ့ ကြတယ်လေ။ ဒီတော့ မီးဖိုပူပူကို မကိုင်ဖူးတဲ့လူ ခင်ဗျားတို့အထဲ ပါလာရင် ကျွန်တော် အကြံပေးလိုက်ပါရစေ၊ မနှေးအမြန် ပြေးကိုင်ကြည့်ပါလို့။ ခင်ဗျား တို့ အဲဒီလို တစ်ခါမှ ကိုင်မကြည့်ဘူးသေးရင် လူလား မမြောက်သေးဘူး"

သူ့မှတ်ချက်ကို မိဘများ၊ ဆရာ ဆရာမများက ပွဲကျသွားသည်။ ထို့နောက် မိဘတစ်ဦးက လက်ထောင်ပြီး မေးသည်။

"ကျွန်တော်တို့ ကလေးတွေကို ကျွန်တော်တို့ စည်းကမ်းမကြပ်မတ် သင့်ဘူးလို့ ဆရာပြောနေတာလား ခင်ဗျ"

"ဟင့်အင်း။ ကျွန်တော် အဲဒီလို မပြောပါဘူး။ ကျွန်တော်ပြောနေ တာက ခင်ဗျားရဲ့ ကလေးဟာ ဘဝအတွေ့အကြုံတွေကနေ သင်ယူတတ် မြောက်သွားလိမ့်မယ်လို့ ပြောနေတာပါ။ ကျွန်တော်ပြောနေတာက မီးဖိုပူပူ ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို ကလေးတစ်ယောက် နားလည်သဘော ပေါက်နိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းက အဲဒီမီးဖိုပူပူကို ကိုင်ကြည့်ဖို့ပဲ လို့ ပြောနေတာပါ။ မီးဖိုကို ကိုင်မကြည့်နဲ့လို့ ပြောနေရင် ကျွန်တော်တို့ ရယ်စရာကြီး ဖြစ်နေမှာပေါ့။ ကလေးက မီးဖိုကို ကိုင်ကြည့်မှာပဲ။ ဒါဟာ ကလေးတစ်ယောက် သင်ယူဆည်းပူးဖို့ ဘုရားသခင်ရဲ့ အစီအမံပဲလေ။ ကလေးက လှုပ်ရှားဆောင်ရွက်မယ်၊ အမှားတွေ လုပ်မယ်၊ ပြီးရင် သင်ယူမယ်။ ကျွန်တော်တို့က လူကြီးတွေအနေနဲ့ ကလေးတွေကို ပညာပေးဖို့ အားထုတ်တဲ့ အနေနဲ့ သူတို့ကို အမှား မလုပ်ဖို့ ပြောမယ်။ နောက်ပြီး အမှားတွေ လုပ်မိရင် အပြစ်ပေးကြမယ်။ အဲဒါ အမှားပဲ"

ထိုစဉ်က ကျွန်တော့်အသက် ဆယ့်လေးနှစ်ပဲရှိသေးသည်။ သို့သော် မိဘနှင့် ဆရာဆရာမ တော်တော်များများသည် ဖေဖေ့အာဘော်ကို မနှစ်မြို့ကြကြောင်း ကျွန်တော် အကဲခတ်လို့ရနေသည်။ သူတို့ တော်တော်များများ အတွက်တော့ အမှားတွေ မပြုလုပ်ဖြစ်အောင် ရှောင်ရှားခြင်းသည် ဘဝနေ

နည်းတစ်ရပ်ပင် ဖြစ်၏။ နောက်ထပ် မိခင်တစ်ဦးလက်ထောင်ပြပြီး မေးသည်။

"ဒီတော့ အမှားတွေဟာ သဘာဝကျတယ်၊ အမှားတွေ ပြုလုပ်ပြီး ကျွန်မတို့ သင်ယူဆည်းပူးကြတယ်လို့ ဆရာပြောနေတာလား ရှင့်"

"ကျွန်တော်ပြောနေတာ အဲဒီအတိုင်းပါပဲ"

"ဒါပေမဲ့ အမှားတွေ လုပ်မိရင် ကျောင်းသင်ပညာရေးစနစ်က ကျွန်မတို့ရဲ့ ကလေးတွေကို အပြစ်ပေးနေတယ်လေ"... မတ်တတ်ရပ်လျက်က မထိုင်သေးဘဲ ထိုအမျိုးသမီးကပင် ဆက်ပြော၏။

"ပြောရမယ်ဆိုရင် အဲဒါကြောင့်ပဲ ကျွန်တော်... ဒီည ဒီနေရာမှာ ရောက်နေတာပေါ့။ ကျွန်တော် ဒီနေရာကို ရောက်နေတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ ဆရာ၊ ဆရာမတွေဟာ အမှားပြင်ပေးရေး လမ်းကြောင်းပေါ်ကနေ သွေဖည်နေကြပြီ။ နောက်ပြီး ကျွန်တော်တို့ဟာ အမှားပြုမိတဲ့ စာသင်သားတွေကို ရှာဖွေဖို့ အပြစ်ပေးဖို့ အာရုံစိုက်လွန်းနေကြတယ်။

"ကျွန်တော်တို့ရဲ့ ကလေးတွေကို အမှားကနေ သင်ခန်းစာယူပြီး အမှားပြင်ဖို့ သင်မပေးတဲ့ အပြစ်ဒဏ်တွေ များများပေးနေလေ ကျွန်တော်တို့ ပညာပေးရေးဆိုတဲ့ ဦးတည်ချက်နဲ့ ပိုဝေးလေပေါ့ဗျာ။ ဒီတော့ အမှားတွေ လုပ်မိလို့ ကလေးတွေကို အပြစ်ပေးမဲ့အစား အမှားတွေ ပိုလုပ်ဖို့ အားပေးကြရမယ်။ သူတို့ သင်ခန်းစာ ယူဖို့ အမှားတွေ များများလုပ်မိလေ သူတို့ ပိုတော် ပိုတတ်လာလေပေါ့"

"ဒါပေမဲ့ ဆရာတို့က အမှားသိပ်များတဲ့ စာသင်သားတွေကို အပြစ်ပေးတယ်။ စာမေးပွဲ ချပစ်ကြတယ် မဟုတ်လား" ဟု မိဘတစ်ဦးက ပြောသည်။

"ဟုတ်တယ်၊ ကျွန်တော်တို့ အဲဒီအတိုင်း လုပ်နေကြတယ်။ အဲဒါဟာ ကျွန်တော်တို့စနစ်ရဲ့ အားနည်းချက်ပေါ့။ ကျွန်တော်ကိုယ်တိုင်လည်း ဒီစနစ်ရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော် ဒီည ဒီကို ရောက်နေရတာပါ"

ကလေးတစ်ဦး၏ ပင်ကိုသိလိုစိတ်က ကလေးအား သင်ယူချင်စိတ်ပေါ်လာအောင် တွန်းအားပေးသွားကြောင်း ဖေဖေက ဆက်ရှင်းပြသည်။ သိလိုစိတ်ကြောင့် ကြောင်တစ်ကောင်ကို သတ်ပစ်နိုင်သလို သိလိုစိတ် ပြင်း

ထန်လွန်းခြင်းကလည်း ကလေးအတွက် ပျက်စီးရာပျက်စီးကြောင်း ဖြစ်သွားနိုင်၏။ ထိုညက ဖေဖေ အဓိကထားပြီး ပြောလိုသည်မှာ မိဘတစ်ဦးနှင့်ဆရာတစ်ဦး၏တာဝန်သည် ကလေး၏ ပင်ကိုဗီဇပါ သိလိုစိတ်ကို ဖျက်ဆီးမပစ်ဘဲ အမှားပြင်ပေးဖို့ ဖြစ်သည်။

"ဒီတော့ ကလေးရဲ့ ပင်ကိုဗီဇပါ သိလိုစိတ်ကို မပျက်စီးစေဘဲ ဘယ်လို အမှားပြင်ပေးရမှာလဲ ဆရာ" ဟု တစ်ယောက်က မေးသည်။

"ကျွန်တော့်မှာ အဖြေမရှိပါဘူး။ ဒါဟာ အနုပညာတစ်ရပ်ဖြစ်သလို အခြေအနေအရ ဆောင်ရွက်ရမယ့် လုပ်နည်းစဉ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒီတော့ အဖြေတစ်ခုတည်းရယ်လို့ ရှိချင်မှ ရှိမှာပါ။ ဒီည ဒီကို ကျွန်တော်ရောက်နေတာဟာ ခင်ဗျားတို့မိဘတွေကို သတိပေးနှိုးဆော်ဖို့ပါ။ ဘာသတိပေး နှိုးဆော်ချင်သလဲဆိုရင်... ကျွန်တော်တို့အားလုံးဟာ ပူနေတဲ့မီးဖိုဟာ ဘယ်လိုကြီးလဲဆိုတာကို ကိုယ်တိုင် ထိတွေ့ကြည့်ပြီး သိလာကြတဲ့အကြောင်း မမေ့ကြဖို့ပါပဲ။ အဲဒါကြီးကို မတို့မထိဖို့ မှာထားတဲ့ကြားထဲကပဲ ကျွန်တော်တို့ တို့ထိကြည့်ခဲ့ကြတယ်။ ဘာဖြစ်လို့ဆိုတော့ ကျွန်တော်တို့ သိလိုစိတ်ပြင်းပြလို့။ ပြီးတော့ ကျွန်တော်တို့ အသစ်အဆန်း တစ်စုံတစ်ရာကို သင်ယူတတ်မြောက်ချင်လို့"

"ခင်ဗျားတို့ရဲ့ ကလေးတွေရဲ့ ပင်ကိုဗီဇပါ သိလိုစိတ်နဲ့ သင်ယူတတ်မြောက်ချင်တဲ့ ဆန္ဒကို ကိုယ်စားပြုတင်ပြပေးဖို့ ကျွန်တော် ဒီည ဒီကို ရောက်နေတာပါ။ ကလေးအားလုံးမှာ မွေးကတည်းက သိလိုစိတ်ဆိုတာ ပါလာတယ်။ ကျွန်တော်တို့ရဲ့ တာဝန်က အဲဒီသိလိုစိတ်ကို ကာကွယ်စောင့်ရှောက်ဖို့ပဲ။ တစ်ချိန်တည်းမှာ ကလေးကိုပါ ကာကွယ်စောင့်ရှောက်ဖို့ ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားရပါမယ်။ အဲဒီသိလိုစိတ်ကို ကာကွယ်စောင့်ရှောက်ဖို့ အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ အဲဒီစိတ်ကြောင့် သင်ယူတတ်မြောက်လာကြတာမို့လို့ပါ။ အဲဒီသိလိုစိတ်ကို ချေဖျက်ပစ်လိုက်တာဟာ ကလေးရဲ့ အနာဂတ်ဘဝကို ချေဖျက်တာပါပဲ"

မိဘတစ်ဦး လက်ထောင်ပြီး မေးခွန်းမေးပြန်သည်။

"ကျွန်မက အိမ်ထောင်မဲ့ မိဘတစ်ဦးပါ။ ကျွန်မသားလေးဟာ လောလောဆယ် ထိန်းမနိုင်သိမ်းမရ ဖြစ်နေပါတယ်။ ညညဆို အပြင်မှာ ညဉ့်နက်

သန်းခေါင်နေပြီး ကျွန်မစကားကိုလည်း နားမထောင်ပါဘူး။ သူဟာ မပေါင်းသင့် မပေါင်းအပ်သူတွေနဲ့ အပေါင်းအသင်း လုပ်နေပါတယ်။ အဲဒါ ကျွန်မဘာလုပ်ရမလဲ။ သူရဲ့ သိလိုစိတ်ကို အားပေးရမလား (ဒါမှမဟုတ်) သူထောင်ထဲ ရောက်တဲ့နေ့ကို စောင့်နေရမလား"

"ခင်ဗျာ့သားက ဘယ်အရွယ်ရှိပြီလဲ"

"ဆယ့်ခြောက်နှစ်ထဲ ဝင်ရုံရှိသေးတယ်"

ဖေဖေခေါင်းယမ်းသည်။ "ကျွန်တော် ပြောခဲ့သလိုပဲ ကျွန်တော့်မှာ ထုတ်ပြီးသားအဖြေ မရှိပါဘူး။ ကလေးသူငယ် ပြုစုပျိုးထောင်ရေးနဲ့ ပတ်သက်လာရင် အခြေအနေအားလုံးနဲ့ ကိုက်ညီတဲ့ အဖြေတစ်ခုရယ်လို့ မရှိပါဘူး" သူက ညင်သာသိမ်မွေ့စွာ ပြောသည်။ "ခင်ဗျာ့သား ရှာနေတဲ့အဖြေကို ရဲအဖွဲ့မှာ ရှိကောင်းရှိနေပါလိမ့်မယ်။ ခင်ဗျာ့သားအတွက် ပြောရမယ်ဆိုရင် အဲဒီအဖြေ... သူတို့မှာ ရှိမနေပါနဲ့လို့ ကျွန်တော် ဆုတောင်းပါတယ်"

ထို့နောက် ဖေဖေက ကလေးနှစ်မျိုးနှစ်စားအကြောင်း ဆက်ပြောသည်။ ဖောက်ထားပြီးသား ဖြောင့်တန်းကျဉ်းမြောင်းသော လမ်းအတိုင်း လိုက်သည့်ကလေးနှင့် ကိုယ့်လမ်းကိုယ်ထွင်လျှောက်လိုသည့် ကလေးအကြောင်း။ မိဘတစ်ဦးအနေဖြင့် အစွမ်းကုန်လုပ်နိုင်သည်မှာ မီးအလင်းရောင် ဖွင့်ပေးထားပြီး ကိုယ့်ကလေး လမ်းမှန်ပေါ် ပြန်တက်ပါစေဟု ဆုတောင်းနေဖို့ ဖြစ်သည်ဟု ဖေဖေက ရှင်းပြသည်။

သူတို့ မိဘတွေ ဆရာဆရာမတွေထဲက တော်တော်များများသည်လည်း လမ်းမှန်ပေါ်မှ သွေဖယ်ခဲ့ကြဖူးသည်သာ ဖြစ်ကြောင်းလည်း ဖေဖေက သတိပေးသည်။ သူက ထပ်ဆင့်သတိပေးသည်မှာ ကျွန်တော်တို့ တစ်ဦးချင်းစီ၏ ရင်ထဲတွင် တစ်ခါတစ်ရံ ကိုယ့်လမ်း ကိုယ်ဖောက်ချင်သူတစ်ဦး ရှိနေသည် ဟူ၏။

"လောကမှာ လမ်းမှန်နဲ့ လမ်းမှားဆိုတာ ရှိတယ်လို့ ကျွန်တော်တို့ အားလုံး ယုံကြည်ထားကြတယ်။ ဒါပေမဲ့ တစ်ခါတလေကြတော့ ကျွန်တော်တို့ ရွေးထားတဲ့လမ်းဟာ လောလောဆယ်မှာ အကောင်းဆုံး လမ်းကြောင်း ဖြစ်နေတတ်တယ်။ အဲ တစ်ခါတလေကြတော့လည်း ကျွန်တော်တို့ရဲ့ လမ်းကြောင်းဟာ ကျွန်တော်တို့ကလေးရဲ့ လမ်းမဟုတ်ဘဲ ဖြစ်နေတတ်ပြန်ရော"

ဖေဖေ့အဖြေကို ကျေနပ်အားရမှုမရှိသော ထိုမိခင်ကပင် လက်ထောင်ပြပြီး မတ်တတ်ရပ်လိုက်၏။

"ဒါပေမဲ့ မှောင်ကြီးမည်းကြီးထဲမှာ မျက်စိလည်လမ်းမှား လျှောက်သွားနေပြီး ဘယ်တော့မှ ပြန်မလာရင်ရော ဘယ့်နှယ့်လုပ်မလဲ။ အဲဒီအခါကြကျွန်မ ဘာလုပ်ရမလဲဆရာ"

ဖေဖေ ခဏ နားနေသည်။ အမျိုးသမီး၏ သောကကို သူ စာနာနားလည်ကြောင်း သူ့မျက်လုံးများက ပြောပြနေသည်။ ထို့နောက် တိုးတိတ်အေးချမ်းစွာ ပြောလိုက်သည်။

"မီးအလင်းရောင်ကိုသာ ဆက်ဖွင့်ပေးထားပါ"

ထို့နောက် သူ့မှတ်စုစာရွက်များကို စုစည်းပြီး စင်မြင့်ပေါ်မှ ဆင်းသွားသည်။ တိတ်ဆိတ်ငြိမ်သက်နေသော အခန်းထဲမှ မထွက်မီ တစ်ချက်လှည့်ကြည့်ပြီး ဖေဖေပြောလိုက်သည့် စကားမှာ...

"မိဘတစ်ဦးရဲ့ တာဝန်၊ ဆရာ၊ ဆရာမတစ်ဦးရဲ့ တာဝန်ဟာ အလင်းရောင်ကို ဆက်ပြီး ထွန်းညှိထားဖို့ပါပဲ။ ဒါဟာ ကမ္ဘာပေါ်မှာ အရေးကြီးဆုံးအလုပ်ဖြစ်ပါတယ်" ဟူ၏။

***လူတစ်ဦးကို သင်ဘာတစ်ခုမျှ သင်ပေးလို့မရ။***
***သင်သည် သူ့ရင်တွင်းမှာရှိသည့် အရာကို ရှာဖွေတွေ့ရှိအောင် ကူညီလို့သာရ၏။***

**ဂယ်လီလီယို**

စာချစ်သူများအား လေးစားလျက်

**မြတ်ငြိမ်း**
**၂၂-၁၂-၂၀၀၃**

ဇေယျာမိုးစာအုပ်တိုက်မှ ထွက်ရှိပြီးစာအုပ်





# အနာဂတ်၏ လူငယ် သူကြွယ်များ ပျိုးထောင်ခြင်း

# မြတ်ငြိမ်း

သင့်မှာ သားသမီးရှိလျှင်၊
သားသမီးရှိဖို့ အလားအလာရှိသည်ဆိုလျှင်၊
မြေတောင်မြှောက်ပေးရမည့်
ကလေးသူငယ်များကို တာဝန်ယူထားရသည်ဆိုလျှင်
ဤစာအုပ်ကို ဖတ်ကြည့်ပါ။
အတွေးသစ်၊ အမြင်သစ်လေးတွေ
ဖျိုးခနဲ ဖျပ်ခနဲ ပေါ်လာပါလိမ့်မည်။
နောက်ဆုံး မိမိနှင့်ပတ်သက်ရာ ပတ်သက်ကြောင်း
ကလေးများအား ပြုပြင် သင်ကြားပေးရင်း
သင်ကိုယ်တိုင်ပါ
လူသစ်၊ စိတ်သစ်ဖြစ်သွားနိုင်ကြောင်း...